(*2*) Where an authority has been appointed for a local area under section 4A, no *tin hman* shall be used in such area in connection with any transaction mentioned in sub-section (*1*) after the expiry of six months from the date of such appointment unless it has been tested and stamped by such authority in accordance with rules made under section 5.

Relation of other measures to the *tin hman*.

9. Any transaction referred to in section 8 made with reference to any measure of paddy by volume other than the *tin hman* or its subdivisions shall be deemed to have been made with reference to the *tin hman* or its subdivisions. The transaction shall be void if it be impossible to relate the measure to the *tin hman* or its subdivisions.

Penalty for contravention of section 8.

10. Whoever contravenes the provisions of section 8 shall be punishable for a first offence with fine which may extend to five hundred rupees, and for a second or subsequent offence with fine which may extend to two thousand rupees, or with imprisonment for a term which may extend to six months, or with both.

Liability of employer for acts of agent or servant.

11. Where an offence under this Act is committed by any person when acting as the agent or servant of another, the employer of such person shall also be liable to punishment as if he had himself committed the offence if he failed to take reasonable precautions to prevent the commission of the said offence.

Power of local authority to appoint Inspectors of Measures.

12. (*1*) Notwithstanding anything contained in any of the enactments mentioned in the Schedule, any local body constituted under such enactments may, and if so required by the Government shall, appoint and pay Inspectors of Measures, and every such Inspector shall be a public servant, and shall have power at all reasonable times to enter into any place where he has reason to believe that receptacles which have been or are intended to be used in connection with any transaction referred to in section 8 are kept, and to test such receptacles or to remove them for testing, and he shall seize any receptacle which he finds to be false.

(*2*) For the purposes of this section a receptacle that does not conform to the *tin hman* or whose cubical capacity is in error by more than one per cent shall be deemed to be false.

(*3*) The President of the Union may invest such other qualified officers as he may consdier suitable with the powers of an Inspector appointed under sub-section (*1*).

Rules relating to exercise of powers by Inspectors.

13. The President of the Union may make rules providing for the manner in which Inspectors shall exercise their powers, and for the confiscating, destroying or otherwise disposing of receptacles seized under section 12.

Saving of other receptacles for measuring.

14. Notwithstanding anything contained in the foregoing sections, for a period of one year from the date on which the provisions of this Part have been extended to any area a receptacle of any material, size or shape may be used in the said area for measuring paddy by volume, provided it has the same cubical capacity as the *tin hman* or of one of its subdivision described in section 2, and references in the said sections to the *tin hman* shall be construed as references to a receptacle of any material, size or shape but having the same cubical capacity as the *tin hman*.

Application of Part II to dry goods.

15. The President of the Union may, by notification, apply the provisions of this Part to any form of dry goods other than paddy to which the provisions of Part I have already been applied.

Application of sections 4A and 8 (2) to subdivisions of *tin hman*.

16. The President of the Union may, by notification, apply the provisions of section 4A and sub-section (*2*) of section 8 to any subdivisions of the *tin hman*.

SCHEDULE.

The Burma Municipal Act, 1898.
The Burma Rural Self-Government Act, 1921.
The City of Rangoon Municipal Act, 1922.

THE MEASURES OF LENGTH ACT.

[INDIA ACT II, 1889.] (15th June, 1889.)

1. * * * *

Standard yard.

2. The imperial standard yard for the United Kingdom shall be the legal standard measure of length in the Union of Burma and be called the standard yard.

Measure for determining length of standard yard.

3. A copy, approved by the President of the Union, of the imperial standard for determining the length of the imperial standard yard for the United Kingdom shall be kept in such place as the President of the Union may prescribe, and shall be the standard for determining the length of the standard yard :

Provided that until such a copy has been approved by the President of the Union the copy kept in Calcutta under this section as in force in [India][1] shall be the standard.

[1] Substituted for the words "British India" by the Union of Burma (Adaptation of Laws) Order, 1948.

4. One-third part of the standard yard shall be called a standard foot, and one-thirty-sixth part of such a yard shall be called a standard inch. Standard foot and inch.

5. Any measure having stamped thereon or affixed thereto a certificate purporting to be made under the authority of the President of the Union or of any Government in India or Pakistan, and stating that the measure is of the length of the standard yard, or that a measure marked thereon as a foot or inch is of the length of the standard foot or standard inch, as the case may be, shall, when produced before any Court by any public servant having charge of the measure in pursuance of any direction published in the Gazette by order of the President of the Union, or by any person acting under the general or special authority of such a public servant, be deemed to be correct until its inaccuracy is proved. Presumption in favour of accuracy of certified measures.

6. A public servant having in pursuance of such a direction charge of such a measure as is mentioned in the last foregoing section shall allow any person to inspect it free of charge at all reasonable times and to compare therewith or with any measure marked thereon any measure which such person may have in his possession. Inspection of certified measures by the public.

THE UPPER BURMA RUBY REGULATION.[1]

[REG. XII, 1887.] (10th October, 1887.)

1. * * * *

2. In this Regulation, unless there is something repugnant in the subject or context,— Definitions.

(1) " precious stone " or " stone " means ruby, spinel or sapphire, and includes any other stone which the President of the Union may, by notification in the Gazette, declare to be a precious stone for the purposes of this Regulation ;

(2) " stone-tract " means a tract which the President of the Union has, by notification in the Gazette, declared to be a local area in which precious stones are found ;

(3) " native " used with reference to a stone-tract, means a person who was born, and during the five years immediately preceding the 10th October, 1887 [2] has habitually resided, in the stone-tract ;

(4) " transport " means to remove from one place to another within the territory to which this Regulation extends ; and

(5) " vessel " includes anything made for the conveyance by water of human beings or of property.

---

[1] As its name implies this Regulation applies to Upper Burma only.

[2] Date of commencement of this Regulation.

Prohibition of digging for, or dealing in stones except under rules.

3. Except as permitted by rules under this Regulation, no one shall—

(*a*) if he is not a native of a stone-tract, reside therein ;

(*b*) dig for or raise any precious stone in a stone-tract ;

(*c*) cut or dress any precious stone ;

(*d*) possess any precious stone in a stone-tract or, for the purposes of trade in any place beyond the limits of a stone-tract ;

(*e*) buy or sell, or be otherwise a party to the transfer of, any precious stone ; or

(*f*) transport any precious stone.

Power to make rules.

4. (*1*) The President of the Union may, by notification in the Gazette, make rules consistent with this Regulation to permit on such conditions and in consideration of such payments, if any, as he thinks fit, and to regulate, all or any of the following matters, namely :—

(*a*) the residence in a stone-tract of persons who are not natives thereof ;

(*b*) the digging for or raising of precious stones in a stone-tract ;

(*c*) the cutting or dressing of precious stones ;

(*d*) the possession of precious stones in a stone-tract or, for the purposes of trade, in any place beyond the limits of a stone-tract ;

(*e*) the purchase or sale of, or other mode of transferring, precious stones ; and

(*f*) the transport of precious stones.

(*2*) * * * *

Supplementary provisions respecting rules.

5. (*1*) Rules under the last foregoing section may provide for the following among other matters, namely :—

(*a*) the grant of licences to do anything permitted by the rules to be done ;

(*b*) the authority by which the licences may be granted ;

(*c*) the time and manner at and in which applications for the licences are to be made ;

(*d*) the authority by which the conditions of the licences, and the payments, if any, to be made therefor, are to be prescribed ;

(*e*) the powers which may be exercised for the purpose of enforcing any provision of this Regulation or the rules or securing the fulfilment of any condition of a licence, and the authority by which those powers may be exercised ;

(*f*) the period for which any licence is to remain in force ;

(*g*) the authority by which fees may be prescribed for services rendered to licensees and other persons under the rules, and the limitation of the amount of those fees ;

(*h*) the authority by which forms may be prescribed for any of the purposes of the rules ;

(*i*) the exemption, absolutely or subject to conditions, of any precious stones from the operation of this Regulation or the rules ; and

(*j*) any other matter for which it is, in the opinion of the President of the Union, necessary to make rules in the interests of the public or of the public revenue.

(*2*) A licence to dig for or raise precious stones in a stone-tract may impose on the holder thereof the condition that he shall, at the option of the authority granting the licence, or of some other authority appointed by the President of the Union in this behalf, or of some person upon whom the right of exercising the option has been conferred by the President of the Union by lease or other appropriate instrument under this Regulation, either—

(*a*) sell at his own valuation to that authority or person all or any stones which he or any person permitted by the licence to work under him finds or raises, or

(*b*) pay on that valuation to that authority or person such duty in respect of the stones as the President of the Union directs and in accordance with such conditions, if any, as to the time, place and mode of payment as he may direct.

Offences.

6. (*1*) If any person, in contravention of this Regulation or of any rule duly made thereunder, digs for or raises any precious stone, he shall, on conviction before a Magistrate of the first class, or, in a stone-tract, before a Magistrate of the second class specially empowered by the President of the Union in this behalf, be punished for each such offence with imprisonment for a term which may extend to one year for the first offence, and to two years for any subsequent offence, or with fine, or with both.

(*2*) In either of the following cases, namely :—

(*a*) if any person, in contravention of this Regulation or of any rule duly made thereunder, resides within a stone-tract, or possesses any precious stone in a stone-tract or for the purposes of trade in any place beyond the limits of a stone-tract, or buys or sells, or is otherwise a party to the transfer of, any precious stone, or transports any precious stone, or

(*b*) if any licensee fails or refuses to comply with any provision of any rule duly made under this Regulation, or commits a breach of any condition of his licence,

he shall, on conviction before a Magistrate of the first class, or, in a stone-tract, before a Magistrate of the second class specially empowered by the President of the Union in this behalf, be punished for each such offence with imprisonment for a term which may extend to one month for the first offence, and to six months for any subsequent offence, or with fine, or with both.

Presumption in prosecutions.

7. Subject to any rule under this Regulation, it shall be presumed in a prosecution under section 6, until the contrary is proved, that any stone for which the accused person is unable to account satisfactorily is a stone in respect of which he has committed an offence under that section.

Confiscation.

8. (*1*) Any stone in respect of which an offence under section 6 has been committed shall be liable to confiscation.

(*2*) When the offender is convicted, or when the person charged with an offence in respect of any stone is acquitted but the Magistrate decides that the stone is liable to confiscation, the confiscation may be ordered by the Magistrate.

(*3*) When an offence under section 6 has been committed but the offender is not known or cannot be found, the Deputy Commissioner, or other officer authorized by the President of the Union in this behalf either by name or by office, shall inquire into and determine the case, and may order the confiscation of the stone in respect of which the offence was committed :

Provided that the order shall not be made until one month has expired after the date of the seizing of the stone, nor until an opportunity has been given to the persons, if any, claiming any right to the stone of being heard and of producing evidence in support of their claims.

(*4*) When a stone not in the possession of any person cannot be satisfactorily accounted for, the Deputy Commissioner or other officer may proceed with respect thereto under sub-section (*3*) as if it were a stone to which that sub-section applied.

(*5*) The Magistrate, Deputy Commissioner or other officer may, instead of ordering the confiscation of a stone liable to be confiscated, give the owner of the stone an option to pay, in lieu of confiscation, such sum as the officer thinks fit.

Powers of search, siezure and arrest.

9. (*1*) Any officer authorized by the President of the Union in this behalf either by name or by office, who has reason to believe, from personal knowledge or from information given by any person and taken down in writing, that any stone liable to confiscation under section 8 is to be found in any building, vessel or enclosed place, may, after sunrise and before sunset,—

(*a*) enter the building, vessel or place ;

(*b*) in case of resistance, break open any door and remove any other obstacle to his entry ;

(*c*) search for and seize the stone ; and

(*d*) detain and search, and if he thinks proper arrest, any person whom he has reason to believe to be guilty of any offence relating to the stone.

(*2*) Any officer authorized by the Deputy Commissioner in this behalf may—

(*a*) search for and seize, in any open place or in transit, any stone which he has reason to believe to be liable to confiscation under section 8 ;

(*b*) in a stone-tract, detain and search any person whom he has reason to believe to be gulity of any offence under section 6, and, if necessary, arrest that preson and any other person in his company ;

(*c*) elsewhere, detain and search any person whom he has reason to believe to be guilty of any offence under section 6, and, if that person has any stone in his possession, arrest him and any other person in his company.

(*3*) The provisions of the Code of Criminal Procedure relating to searches under that Code shall, so far as they can in the circumstances for the time being be made applicable, apply to searches under sub-section (*1*) and sub-section (*2*).

(*4*) In either of the following cases, namely :—

(*a*) if an officer authorized to act under sub-section (*1*) enters, without reasonable ground of suspicion, any building, vessel or place, or

(*b*) if an officer authorized to act under sub-section (*1*) or sub-section (*2*) vexatiously and unnecessarily makes any search or detains or arrests any person,

the officer shall for every such offence be punished with fine which may extend to five hundred rupees.

(*5*) Where an officer is sentenced to a fine for an offence under the last foregoing sub-section, the Court imposing the fine or confirming the sentence may presume, for the purposes of section 545 of the Code of Criminal Procedure, that injury has been caused by the offence and that substantial compensation is recoverable by civil suit in respect of the injury.

Issue of warrants by Magistrates.

10. (*1*) A Magistrate may issue his warrant for the arrest of any person whom he has reason to believe to have committed an offence under section 6, or for the search, by day or by night, of any building, vessel or place in which he has reason to believe any stone liable to confiscation under section 8 to be kept or concealed.

(*2*) Warrants issued under this section shall, so far as the circumstances for the time being admit, be executed in accordance with the provisions of the Code of Criminal Procedure.

Disposal of persons arrested and stones seized.

11. (*1*) A person arrested or stone seized under section 9 shall be forwarded without delay to the officer in charge of the nearest police-station.

(*2*) A person arrested or stone seized under section 10 shall be forwarded without delay to the Magistrate by whom the warrant under that section was issued.

(*3*) The police-officer or Magistrate, as the case may be, to whom a person or stone is forwarded under sub-section (*1*) or sub-section (*2*), shall, with all convenient despatch, take such measures as may be necessary for the disposal according to law of the person or stone.

Report of arrests and seizures.

12. When an officer makes an arrest or seizure under section 9 or section 10, he shall, within forty-eight hours next after the arrest or seizure, make a full report of all the particulars of the arrest or seizure to his immediate official superior.

Obligation to give information of offences.

13. A police-officer, railway-servant, carrier of goods for hire or person in the employ of such a carrier, who is aware of the commission of or of the intention to commit an offence under section 6, shall be legally bound to give immediate information, orally or in writing, of the commission of or intention to commit the offence to a Magistrate, or to a police-officer above the rank of constable.

Power for President to grant lease.

14. The President of the Union may grant by lease or other appropriate instrument, with respect to all or any stone-tracts or to any stone-tract, the right to exercise the option referred to in section 5, sub-section (*2*).

Recovery of arrears of fees, duties and rents.

15. (*1*) Any fee, duty or other money due to the Government under any rule or licence made or given under this Regulation, and any money due to the Government from a grantee under the last foregoing section, may be recovered from the person from whom the money is due, or from his surety, if any, as if it were an arrear of revenue. [1]

(*2*) Nothing in sub-section (*1*) shall be construed to affect the right of the Government to proceed by suit, in addition to or in lieu of any process authorized by that sub-section, for the recovery of any such money as is mentioned in the sub-section,

Acquisition of land for lessee.

16. If, in the opinion of the President of the Union, the acquisition of any land on behalf of a grantee under section 14 is desirable for the purposes of this Regulation, the President of the Union may, at the request of the grantee, proceed to acquire the land under the provisions of the Land Acquisition Act and, on payment by the grantee of the compensation awarded under that Act, and of the charges incurred by the Government in connection with the proceedings, the land shall vest in him, subject to such conditions, if any, as the President of the Union may in each case prescribe.

ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်းရင်း အခြေအမြစ်များကို ထုတ်ဖေါ်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေ။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။] (၁၉၄၀ ခု၊ ဇန္နဝါရီလ ၄ ရက်။)

ပြည်ထောင်စုနိုင်ငံ၏ သတ္တုများမှစ၍ တွင်းထွက် ပင်ရင်းအခြေအမြစ်များကို၊ ထုတ်ဖေါ်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၉ တွင်ဖေါ်ပြထားသောပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများမှတပါး၊ အခြားပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများအား ပေးရန်အလို့ငှါ၊ တရားဥပဒေဖြင့် သီးခြားခြွင်းချက်စည်းကမ်းများ ပြဋ္ဌာန်းနိုင်သည့်အဓိကာဏ်ကို ပြည်ထောင်စု ပါလီမန်အား၊ ထိုအခြေခံဥပဒေပုဒ်မ ၂၁၉ ဖြင့် အပ်နှင်းထားသည်တကြောင်း၊

---

[1] See sections 41 and 47 of the Upper Burma Land and Revenue Regulation.

ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးအလိုငှါ၊ သတ္တုများမှစ၍ တွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖေါ်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကိုပေးရာ၌ သီးခြားခြွင်းချက်စည်းကမ်းများကို ပြဋ္ဌာန်းရန်သင့်သည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။ပြည်ထောင်စုနိုင်ငံ အစိုးရသည်၊ ပြည်ထောင်စုနိုင်ငံ အတွင်းရှိ သတ္တုများမှစ၍၊ တွင်းထွက် ပင်ရင်းအခြေအမြစ်အမျိုးမျိုးကို ထုတ်ဖေါ်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင် ပြုနိုင်သောအခွင့်အရေးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၉ တွင်ရည်ညွှန်းဆားသော သီးခြားခြွင်းချက်စည်းကမ်းများအဖြစ်ဖြင့်၊ အောက်ဖေါ်ပြသော စည်းကမ်းများနှင့်မညီညွတ်လျှင် မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းကိုမျှ ပေးနိုင်ခွင့်မရှိစေရ။

(က) ပြည်ထောင်စုနိုင်ငံသားတဦးတယောက်ကသော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံးရာခိုင်နှုန်း ခြောက်ဆယ်မျှပါဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီတခုခုက၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုကသော်၎င်း၊ ထိုတွင်းထွက်ပင်ရင်းအခြေအမြစ်များကို၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင်ထုတ်ဖေါ်လုပ်ကိုင်ရန်ဖြစ်စေ၊ တိုးတက်အောင်ပြုရန်ဖြစ်စေ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ခ) အထက်အပိုဒ် (က) တွင် ဖေါ်ပြထားခြင်းမရှိသောပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ ထိုထုတ်ဖေါ်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးမျိုးကို မပေးဘဲနေခဲ့သော်၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးကို ပျက်ပြားစေမည်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ဂ) အခွင့်အရေးကို အသစ်ထုတ်ပေးရာ၌ဉင်း၊ အဟောင်းကိုထပ်မံပြုပြင် ထုတ်ပေးရာ၌ဉင်း၊ ထိုအခွင့်အရေးသည် တည်ဆဲဖြစ်သော သတ္တုတူးဖေါ်ခွင့်နည်းဥပဒေများအရသာလျှင်ဖြစ်စေခြင်း။

(ဃ) ထိုအခွင့်အရေးကို နိုင်ငံတော်အစိုးရ၏ စီးပွါးရေး စီမံကိန်းနှင့် အညီအညွတ်ဖြစ်စေခြင်း။

၃။ ။(၁) နိုင်ငံတော်အစိုးရသည်၊ ဤအက်ဥပဒေပါကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလိုငှါ၊ အမိန့်ကျေညာချက်တရပ်ထုတ်ပြန်၍၊ နည်းဥပဒေများပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့် ဤကဲ့သို့ဆိုခဲ့ပြီးသော အခွင့်အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ နည်းဥပဒေများတွင် အောက်ပါကိစ္စများအဘက် ပြဋ္ဌာန်းစေရမည်။

(က) ဤအက်ဥပဒေကိစ္စများနှင့်ရည်ရွယ်ချက်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအား ကူညီရန်အလိုငှါ၊ အဖွဲ့တခုဖွဲ့စည်းရေး။

(ခ) စက်မှုလက်မှုဘက်တွင်ဉင်း၊ စီမံအုပ်ချုပ်မှုဘက်တွင်ဉင်း နိုင်ငံသားများကိုသင်ပေးခန့်ထားစေရေး။

(ဂ) မည်သည့်တွင်းထွက် ပင်ရင်းအခြေအမြစ်များကို ထုတ်ဖေါ်လုပ်ကိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုသောကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းတွင် အစိုးရထံမှသော်၎င်း၊ နိုင်ငံသားများထံမှသော်၎င်း မည်မျှငွေရင်းပါရှိစေရေး။

ချည်မျှင်နှင့် အထည်စက်ရုံအဖွဲ့ အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၂။]

ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ချည်မျှင်နှင့်အထည်စက်ရုံ အဖွဲ့တခုဖွဲ့စည်းရန် ပြဋ္ဌာန်းသင့်သည်ဖြစ်သောကြောင့်တကြောင်း၊ ချည်မျှင်အမျိုးမျိုးကိုဝင်း၊ အထည်များကိုဝင်း၊ ပြုလုပ်ခြင်း၊ ရောင်းချဖြန့်ဖြူးခြင်းမှစ၍၊ အခြားကိစ္စအချို့နှင့်ပတ်သက်သည့် အလုပ်ဝတ်တရားများကို ထိုအဖွဲ့က ဆောင်ရွက်ရန် ပြဋ္ဌာန်းသင့်သည်ဖြစ်သောကြောင့်တကြောင်း၊ ထို့ပြင် အဆိုပါကိစ္စများနှင့်သက်ဆိုင်သည့် အခြားကိစ္စများအတွက်လည်း ပြဋ္ဌာန်းသင့်သည်ဖြစ်သောကြောင့်တကြောင်း၊

ထိုအကြောင်းများကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

အမည်တိုနှင့် စတည်ရန် နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

အဓိပ္ပါယ် ဖေါ်ပြချက်များ။

၂။ ။(၁) ဤအက်ဥပဒေတွင်၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်—

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ကိုဆိုလိုသည်။

(ခ) ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ အက်ဥပဒေဖြင့်သော်၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် စည်းကမ်းဥပဒေများဖြင့်သော်၎င်း ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

အခန်း ၂။

ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့။

ချည်မျှင်နှင့် အထည်စက်ရုံအဖွဲ့ ဖွဲ့စည်းခြင်း။

၃။ ။(၁) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ခေါ် အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌတဦး၊ ထိုပြင် နိုင်ငံတော်သမတက အခါအားလျော်စွာ ညွှန်ကြားသည့်အတိုင်း၊ အဖွဲ့ဝင်လူကြီးဦးရေ အနည်းဆုံး ခုနစ်ဦး၊ အများဆုံး ကိုးဦးပါဝင်၍၊ ထိုအဖွဲ့ဝင်လူကြီးများအနက် တဦးမှာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တဦးဖြစ်ရမည်။

(၂) ထိုအဖွဲ့သည် တရားဝင်အဖွဲ့ဖြစ်ရမည့်အပြင်၊ စဉ်ဆက်မပြတ်ဆက်ခံနိုင်၍ အဖွဲ့ပိုင် တံဆိပ်တခုရှိရမည်။ ထို့ပြင် အဖွဲ့သည် ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံရမည့်အပြင်၊ အဖွဲ့ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်အထမြောက်ရန် လိုအပ်သည့် ကိစ္စအားလုံးကိုလည်း ဆောင်ရွက်နိုင်သည့်အာဏာရှိရမည်။

ရာထူးသက်တမ်း။

၄။ ။(၁) အဖွဲ့ဝင်လူကြီးတဦးသည်၊ သုံးနှစ်တိုင်တိုင် ရာထူးဌာနမဲ့ရွက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုအဖွဲ့ဝင်လူကြီးကို ပြန်လည်ခန့်ထားနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ဖေါ်ပြထားသည့် ရာထူးသက်တမ်းစေ့ကုန်စေကာမူ၊ ထိုသို့ရာထူးသက်တမ်းစေ့ကုန်၍၊ လစ်လပ်သောနေရာတွင် ထပ်မံခန့်ထားခြင်းမရှိသေးခဲ့၊ လက်ရှိထမ်းရွက်နေသောအဖွဲ့ဝင်လူကြီးများသည်၊ ထိုရာထူးများ၌ ဆက်လက်ထမ်းရွက်ရမည်။ သို့သော်ငါ လစ်လပ်သောနေရာကို ခြောက်လထက်ပို၍ လူစားမခန့်ဘဲမထားရ။

ရုံဖန်ရုံခါ လစ်လပ်သော နေရာများ။

၅။ ။(၁) ရုံဖန်ရုံခါလစ်လပ်သောနေရာတွင် ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်လူကြီးသည်၊ ထိုနေရာသာမလစ်လပ်ပါမူ၊ ထိုနေရာတွင် ယခင်အဖွဲ့ဝင်လူကြီးထမ်းရွက်နိုင်မည်ဖြစ်သည့် ကျန်ကာလ မျှသာထမ်းရွက်ရမည်။

(၂) အဖွဲ့တွင် နေရာလစ်လပ်ငြားသော်လည်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီး တဦးတယောက် ခန့်ထားရာ၌ ချို့ယွင်းချက်ရှိငြားသော်လည်း၊ အဖွဲ့ဆိုင်ရာ ဆောင်ရွက်ချက်များသည် အတည်ဖြစ်ရမည်။

အဖွဲ့ဝင် လူကြီးများကို နှုတ်ပယ်ခြင်း။

၆။ ။(၁) မည်သည့်အဖွဲ့ဝင်လူကြီးမဆို—

(က) အဖွဲ့ဝင်လူကြီးအဖြစ် မဆောင်ရွက်လိုဟုငြင်းဆိုလျှင်၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးအဖြစ် မစွမ်းဆောင်နိုင်လျှင်၊ သို့တည်းမဟုတ်

(ခ) လူမွဲအဖြစ်ဆုံးဖြတ်ကျေညာခြင်းခံရလျှင်၊ သို့တည်းမဟုတ်

(ဂ) နိုင်ငံတော်သမတ၏ ထင်မြင်ချက်အရ အဖွဲ့ဝင်လူကြီးအဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့်တော်လောက်အောင် အကျင့်စာရိတ္တပျက်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်ခံရလျှင်၊ သို့တည်းမဟုတ် အကျင့်စာရိတ္တပျက်ကြောင်း ရာဇဝတ်ခုံးတခုခုက အမိန့်ချမှတ်ခံရလျှင်၊ သို့တည်းမဟုတ်

(ဃ) လုံလောက်သောအကြောင်းပြချက်မရှိသည့်ပြင် အဖွဲ့၏သဘောတူညီချက်လည်းမရရှိဘဲ၊ ပုဒ်မ ၇(၁) အရ၊ ကျင်းပသော အစည်းအဝေးများသို့ တဆက်တည်း သုံးကြိမ်ထက်ပို၍ မတက်ဘဲနေလျှင်၊ သို့တည်းမဟုတ်

(င) ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ်

(စ) အဖွဲ့ဝင်လူကြီး၏ အလုပ်ဝတ်တရားများကိုဆောင်ရွက်ရန် မစွမ်းလျှင်၊ သို့တည်းမဟုတ် မသင့်တော်လျှင်

နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ ထိုအဖွဲ့ဝင်လူကြီး၏ ရာထူးသည် လစ်လပ်သည်ဟု ကျေညာနိုင်သည်။ ထိုသို့ကျေညာသောအခါ၊ ထိုသူ၏ရာထူးသည် လစ်လပ်ရမည်။

(၂) ထိုသို့ မိမိ၏ရာထူးလစ်လပ်သည်ဟု ကျေညာခြင်းခံရသူကို မည်သည့်ကာလအတွင်း ပြန်လည်ခန့်ထားခြင်းမပြုဖေစရဟု နိုင်ငံတော်သမတက၊ ကာလအပိုင်းအခြားသတ်မှတ်နိုင်သည်။

အစည်းအဝေးများ။

၇။ ။(၁) အဖွဲ့သည် အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ မှန်မှန်တလဲလျှင် အနည်းဆုံးတကြိမ် အစည်းအဝေးကျင်းပရမည်။ လစဉ်အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို ဥက္ကဋ္ဌ၏အမိန့်ဖြင့် ပယ်ဖျက်နိုင်သည်။ သို့သော် လစဉ် အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို နှစ်ကြိမ်ဆက်၍ပယ်ဖျက်ခြင်းမပြုရ။

(၂) ဥက္ကဋ္ဌ၏အမိန့်ဖြင့်သော်၎င်း၊ အဖွဲ့ဝင်လူကြီး အနည်းဆုံးသုံးဦးက လက်မှတ်ရေးထိုး သောစာဖြင့် အစည်းအဝေးကျင်းပလိုသည့်ကိစ္စကိုဖော်ပြ၍ အစည်းအဝေးခေါ်ပေးရန် တောင်းဆို သောအခါသော်၎င်း၊ အဖွဲ့၏အထူးအစည်းအဝေးများကို မည်သည့်အချိန်အခါမဆိုကျင်းပနိုင်သည်။

(၃) ကိစ္စတခုခုကို စဉ်းစားဆင်ခြင်ရန်ခေါ်သော အစည်းအဝေး၌ ထိုကိစ္စမှတပါး အခြား မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်ရ။

အစည်းအဝေး အထမြောက်ရေးအတွက် လိုအပ်သော အဖွဲ့ဝင်လူကြီးဦးရေ။

၈။ ။ကိစ္စကိုဆောင်ရွက်ရန် အစည်းအဝေးအထမြောက်ရေးအတွက် လိုအပ်သောအဖွဲ့ဝင် လူကြီးဦးရေသည်၊ အကယ်၍ အဖွဲ့ဝင်လူကြီးကိုးယောက်ဖြစ်လျှင်၊ သို့တည်းမဟုတ် ကိုးယောက် အောက်လျော့လျှင် လေးဦးဖြစ်ရမည်။ အဖွဲ့ဝင်လူကြီးကိုးယောက်ထက်ပိုလျှင် ငါးဦးဖြစ်ရမည်။ သို့သော် အဖွဲ့၏မှုခင်းကိစ္စများဆောင်ရွက်ရာတွင် မဲမပေးရဟူ၍သော်၎င်း၊ ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူ၍သော်၎င်း၊ နောက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း တားမြစ်ခြင်းခံရသော မည်သည့်အဖွဲ့ဝင် လူကြီးကိုမျှ၊ ထိုမှုခင်းကိစ္စများနှင့်စပ်လျဉ်း၍၊ အစည်းအဝေးအထမြောက်ရေးအတွက် လိုအပ်သော အဖွဲ့ဝင်လူကြီးဦးရေတွင် ထည့်သွင်းရေတွက်ခြင်းမပြုရ။

အစည်းအဝေး သဘာပတိ။

၉။ ။ဥက္ကဋ္ဌသည်၊ အဖွဲ့၏အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ ရောက်ရှိနေသော အဖွဲ့ဝင် လူကြီးများသည် မိမိတို့အထဲမှ အဖွဲ့ဝင်လူကြီးတဦးကို အစည်းအဝေး၏သဘာပတိအဖြစ် ဆောင်ရွက်ရန်ရွေးကောက် တင်မြှောက်ရမည်။

၁၀။ ။အဖွဲ့အစည်းအဝေးသို့ရောက်ရှိသည့်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအဝေး၌ပေါ်ပေါက်သည့်ပြဿနာများကို အစည်းအဝေး၌ ဆုံးဖြတ်ရာတွင် တက်ရောက်သော အဖွဲ့ဝင်လူကြီး များ၏မဲဖြင့် များရာအတိုင်းဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေသောအခါ၊ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်နေသူက ဒုတိယမဲ၊ သို့တည်းမဟုတ် အနိုင်မဲပေးနိုင်ရမည်။

ခရီးစရိတ်နှင့်အခြားစရိတ်များ။

၁၁။ ။အဖွဲ့ဝင် လူကြီးများအား၊ အစည်းအဝေးများသို့ တက်ရောက်ရသည့်အတွက် သော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အဖွဲ့ကဆိုလူကြီးတို့အား လွှဲအပ်ထားသည့်အလုပ်ဝတ် တရားကို ဆောင်ရွက်ရသည့်အတွက်သော်၎င်း၊ ပြဋ္ဌာန်းထားသည့်ခရီးစရိတ်များနှင့် အခြားစရိတ် များကို ပြဋ္ဌာန်းထားသည့်နှုန်းများဖြင့် ပြဋ္ဌာန်းထားသည့်စည်းကမ်းများနှင့် အညီပေးရမည်။

ဌေးကြေးရေးနှင့်ပတ်သက်၍အဖွဲ့ဝင်လူကြီးတို့၏အကျိုးခံစားခွင့်ကိုထုတ်ဖော်မပြောဆိုရခြင်း။

၁၂။ ။(၁) အဖွဲ့ဝင်လူကြီးတဦးသည် ပဋိညာဉ်တခုခုတွင်ဖြစ်စေ၊ စီမံထားသည့် ပဋိညာဉ်တခုခုတွင်ဖြစ်စေ၊ အခြားကိစ္စတခုခုတွင်ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အကျိုးခံစားခွင့်ရှိလျက်၊ ထိုပဋိညာဉ်ကို၊ သို့တည်းမဟုတ် အခြားကိစ္စကိုစဉ်းစားလျက်ရှိသော အဖွဲ့ အစည်းအဝေး၌၊ သို့တည်းမဟုတ် အဖွဲ့၏ကော်မီတီအစည်းအဝေး၌ ရောက်ရှိနေလျှင် ထိုသို့ အကျိုး ခံစားခွင့်ရှိကြောင်းကို အစည်းအဝေးစပြီးနောက် လျင်မြန်စွာ ထိုအစည်းအဝေး ၌ပင် ထုတ်ဖော်ပြောဆိုရမည်။ ထို့ပြင် ထိုအဖွဲ့ဝင်လူကြီးသည် ထိုပဋိညာဉ်နှင့်ဖြစ်စေ၊ ထိုကိစ္စနှင့်

ဖြစ်စေ သဘက်ဆိုင်သော မည်သည့်ပြဿနာကိုမဆို စဉ်းစားရာ၌သော်၎င်း၊ ဆွေးနွေးရာ၌သော်၎င်း၊ ဓဝေးရာ၌သော်၎င်း၊ ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ထို့ပြင် ထိုပဋိညာဉ်ကို၊ သို့တည်းမဟုတ် ထိုကိစ္စကို စဉ်းစားနေစဉ် အစည်းအဝေးမှ ထွက်ခွါသွားရမည်။

(၂) အဖွဲ့ဥက္ကဋ္ဌမှတပါး၊ အခြားအဖွဲ့ဝင်လူကြီး တဦးတယောက်၌ အကျိုးခံစားခွင့် ရှိမရှိ ဆုံးဖြတ်ရန် ပြဿနာပေါ်ပေါက်လျှင်၊ အဖွဲ့ဥက္ကဋ္ဌ၏ဆုံးဖြတ်ချက်မှာ အပြီးအပြတ် အတည်ဖြစ်ရမည်။ အဖွဲ့ဥက္ကဋ္ဌနှင့်ပတ်သက်၍ ထိုသို့သောပြဿနာပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမတ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၃။ ။အဖွဲ့၏အစည်းအဝေးမှတ်တမ်းမိတ္တူများကို နိုင်ငံတော်သမတထံတတ်နိုင်သမျှ လျင်မြန်စွာတင်သွင်းရမည်။

၁၄။ ။(၁) သာမန်ကိစ္စအဘွက်သော်၎င်း၊ အထူးကိစ္စအတွက်သော်၎င်း၊ အဖွဲ့ဝင်လူကြီး ဦးရေအနည်းဆုံးသုံးဦးပါဝင်သည့် မည်သည့်ကော်မိတီကိုမဆို အဖွဲ့က ခန့်ထားနိုင်သည်။ ထိုကော်မိတီသည်မိမိအား အဖွဲ့က လွှဲအပ်သည့်အဖွဲ့၏အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကိုအဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍သုံးစွဲဆောင်ရွက်ရမည်။ ကော်မိတီများ ခန့်ရန်အာဏာ။

(၂) အဖွဲ့က လွှဲအပ်သည့်တာဝန်ဝတ်တရားများကို အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ဝင်လူကြီးသုံးဦးအောက် မနည်း ပါဝင်သောအထူးကော်မိတီများကို ခန့်ရန်အဖွဲ့၌အာဏာရှိရမည်။ ထိုကော်မိတီများ၌လည်း ကော်မိတီလူကြီးများထပ်ဖြည့်ရန်အာဏာရှိရမည်။

၁၅။ ။အဖွဲ့၌ဖြစ်စေ၊ အဖွဲ့က ခန့်ထားသည့် ကော်မိတီ၌ဖြစ်စေ၊ အထူးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန်အလို့ငှါ၊ ထိုကိစ္စတွင်အကြံဉာဏ်ပေးနိုင်သော အထူးအရည်အချင်းရှိသူကိုသော်၎င်း၊ ဆိုင်ရာအရပ်ဒေသ၏အခြေအနေများကို ကောင်းစွာသိကျွမ်းနားလည်သူကိုသော်၎င်း ဘိတ်ခေါ်ရန် အာဏာရှိရမည်။ ထိုသူတို့အား အဖွဲ့ကပြဋ္ဌာန်းသည့်အခငွေ၊ သို့တည်းမဟုတ်ဉာဏ်ပူဇော်ခ၊ သို့တည်းမဟုတ် ခရီးစရိတ်၊ သို့တည်းမဟုတ်အခြားစရိတ်ပေးနိုင်သည်။ ဆွေးနွေးတိုင်ပင်အပ်သူများ ဘိတ်ခေါ်ရန် အာဏာ။

သို့သော်၎င်းပုဒ်မအရဘိတ်ခေါ်ထားသူမှာ၊ မဲဆန္ဒပေးနိုင်သည့်အခွင့်အရေးမရှိစေရ။

၁၆။ ။အောက်ပါကိစ္စများနှင့် ပတ်သက်၍၊ အဖွဲ့သည်နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍ ဤအက်ဥပဒေနှင့် မဆန့်ကျင်သော စည်းကမ်းဥပဒေများပြုလုပ်နိုင်သည်။ စည်းကမ်း ဥပဒေများပြုလုပ်ရန်အဖွဲ့၏ အာဏာ။

(က) အဖွဲ့၏အစည်းအဝေးများကျင်းပမည့်အချိန်နှင့် နေရာဌာန။
(ခ) အစည်းအဝေးများကျင်းပမည်ကို အကြောင်းကြားသည့်နည်းလမ်း။
(ဂ) အစည်းအဝေးများတွင် မှုခင်းကိစ္စများဆောင်ရွက်ခြင်း။
(ဃ) မှုခင်းကိစ္စမှတ်တမ်းများကို သိမ်းထားခြင်းနှင့် စစ်ဆေးကြည့်ရှုရန် အတွက် တင်ပြခြင်း။
(င) အဖွဲ့ဝင်လူကြီးများအချင်းချင်းတာဝန်ဝတ်တရားခွဲဝေခြင်း။
(စ) ပုဒ်မ ၁၄ အရခန့်နိုင်သည့်ကော်မိတီများခန့်ထားခြင်း၊ ကော်မိတီများ၏ တာဝန်ဝတ်တရားများနှင့် ကော်မိတီများလိုက်နာဆောင်ရွက်ရန်နည်းလမ်း၊ ထို့ပြင်
(ဆ) ဆွေးနွေးတိုင်ပင်ရန် ဘိတ်ခေါ်ထားသူတို့အား ပေးရမည့်ခရီးစရိတ်များနှင့် အခြားစရိတ်များ။

အခန်း ၃။

အဖွဲ့ဆိုင်ရာ အရာရှိများနှင့် အမှုထမ်းများ။

အရာရှိများနှင့် အမှုထမ်းများ ဆိုင်ရာစာရင်းများ။

၁၇။ ။(၁) ဤအက်ဥပဒေပါကိစ္စအလို့ငှါ၊ထားရန်လိုအပ်သည်ဟုအဖွဲ့ကထင်မြင်သော၊သို့တည်းမဟုတ်ထားရန် သင့်သည်ဟု အဖွဲ့ကထင်မြင်သော အရာထမ်း အမှုထမ်းစာရင်းများကို အခါအားလျော်စွာ အဖွဲ့ကစီစဉ်ရေးသား၍ ခွင့်ပြုရမည်။

သို့သော်လက်မှုပညာသည်များ၊ မကျွမ်းကျင်သောအလုပ်ကြမ်းသမားများနှင့် ကူလီခေါင်းများသည်၊ ဤအခန်းတွင်ဖေါ်ပြထားသော အရာရှိများ၊ သို့တည်းမဟုတ်အမှုထမ်းများဖြစ်သည်ဟူ၍မမှတ်ယူရ။

(၂) ဆိုခဲ့သည့်အရာရှိအသီးသီးအတွက်သော်၎င်း၊ အမှုထမ်းအသီးသီးအတွက်သော်၎င်း၊ အဖွဲ့ကတင်သွင်းခွင့်ပြုသည့်လစာများ၊ အခင်္ဂေများနှင့်စရိတ်များ၏ အရေအတွက်နှင့်အမျိုးအစားကို ထိုစာရင်းများတွင်ဖေါ်ပြရမည်။

(၃) အဖွဲ့ကနောက်ဆုံးခွင့်ပြုထားသည့် စာရင်းအားလုံးကို ပုဒ်မ ၂၀ အရ၊ ပြုလုပ်ထားသည့် နှစ်စဉ်ရ-သုံးခန့်မှန်းခြေ ငွေစာရင်းနှင့်ပူးတွဲ၍ နိုင်ငံတော်သမ်တန်၏သဘောတူညီချက် ရရှိရန် အလို့ငှါ တင်ပြရမည်။

အမှုထမ်းများနှင့်ပတ်သက်သည့်စည်းကမ်းဥပဒေများ။

၁၈။ ။အဖွဲ့သည်၊ အခါအားလျော်စွာ အောက်ပါကိစ္စများအတွက် စည်းကမ်းဥပဒေများ ပြုလုပ်နိုင်သည်။

(က) အဖွဲ့ဝင်လူကြီးများ ခရီးစရိတ်နှင့်အခြားစရိတ်များပေးခွင့်ပြုရန်အတွက်။

(ခ) အဖွဲ့ဆိုင်ရာအရာရှိများနှင့် အမှုထမ်းများအား အားလပ်ခွင့်ပေးခြင်းနှင့် ပတ်သက်၍ သတ်မှတ်ရန်အတွက်။

(ဂ) အခွင့်နှင့်နေသောအရာရှိများနှင့်အမှုထမ်းများအား စရိတ်ပေးခွင့်ပြုရန်အတွက်။

(ဃ) အခွင့်နှင့်နေသောအရာရှိများနှင့် အမှုထမ်းများအစား၊ ဆောင်ရွက်ရန်ခန့်ထားသူတို့အား ပေးရမည့်အခင်္ဂေကိုသတ်မှတ်ရန်အတွက်။

(င) ထိုအရာရှိနှင့် အမှုထမ်း အားလုံး ထမ်းရွက်ရမည့် ကာလအပိုင်း အခြားနှင့် အခြားစည်းကမ်းချက်များ သတ်မှတ်ရန်အတွက်။

(စ) ထိုအရာရှိများနှင့် အမှုထမ်းများပင်စင်ယူသောအခါရရှိမည့်ပင်စင်လစာများ၊ဆုငွေများ၊ သို့တည်းမဟုတ် ကရုဏာကြေးများနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ရန်အတွက်နှင့် ထိုပင်စင်လစာများ၊ ဆုငွေများနှင့်ကရုဏာကြေးများမည်၍မည်မျှပေးရမည်ကိုသတ်မှတ်ရန်အတွက်။

(ဆ) အိုနာစာရံပုံငွေ၊ သို့တည်းမဟုတ်ပင်စင်လစာရံပုံငွေကို တည်ထောင်ထားရှိရန်အတွက်၊ ထို့ပြင်ထိုရံပုံငွေနှင့်ပတ်သက်၍—

(၁) (အစိုးရအရာရှိမဟုတ်သော) ဆိုခဲ့သည့်အရာရှိအားလုံး၊ သို့တည်းမဟုတ် တဦးတယောက်အား၊ ထိုရံပုံငွေသို့ထည့်သွင်းအောင် အတင်းအကြပ်ပြုလုပ်ရန်အတွက်၊ထို့ပြင်ရံပုံငွေသို့ထည့်သွင်းရမည့်ငွေကို အရာရှိများ၏၊ သို့တည်းမဟုတ် အမှုထမ်းများ၏ လစာအခကြေးငွေများထဲမှ နုတ်ယူတို့ ပြဋ္ဌာန်းရန် လိုလျှင်၊ ပြဋ္ဌာန်းရန်အတွက်။

(၂) ထိုရုံပုံငွေမှ ငွေထုတ်ပေးရန် စည်းကမ်းချက်များနှင့် ထိုသို့ငွေထုတ်ပေးခြင်းဖြင့် ရုံပုံငွေမှ နောက်ထပ်ပေးရန်တာဝန်ကင်းလွတ်စေသည့် စည်းကမ်းချက်များသတ်မှတ်ရန်အတွက်။

(၃) ထိုရုံပုံငွေနှင့်သော်၎င်း၊ ထိုရုံပုံငွေသို့ငွေထည့်သွင်းခြင်းနှင့်သော်၎င်း၊ ထိုရုံပုံငွေမှငွေရလိုလျှောင်း တောင်းဆိုချက်များနှင့်သော်၎င်း၊ စပ်လျဉ်း၍အဖွဲ့နှင့် အခြားသူများ၊ သို့တည်းမဟုတ် ရုံပုံငွေမှအစု၊ သို့မဟုတ် အကျိုးခံစားခွင့်တောင်းဆိုသူအချင်းချင်းအငြင်းအခုံဖြစ်ပွါးမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ အခြားတနည်းနည်းဖြင့်ဖြစ်စေ ဆုံးဖြတ်ဘို့ ပြဋ္ဌာန်းရန်အတွက်။

(၄) ထိုရုံပုံငွေနှင့်ဝင်း၊ ထိုရုံပုံငွေမှထုတ်၍ ရင်းနှီးထားသည့်ငွေနှင့်ဝင်း၊ စပ်လျဉ်းသည့်အခြားကိစ္စများကို သဘမန်အားဖြင့် သတ်မှတ်ရန်အတွက်။ ထို့ပြင်

(၅) အဖွဲ့၏သဘောတူညီချက်နှင့်သော်၎င်း တည်ထောင်ထားသည့် အိုနာစာရုံပုံငွေသို့၊ သို့တည်းမဟုတ် ပင်စင်လစာရုံပုံငွေသို့ အဖွဲ့ပိုင်အခြားရုံပုံငွေများမှ အဖွဲ့ကငွေထုတ်၍ ထည့်သွင်းဘို့ ပြဋ္ဌာန်းရန်အတွက်။

သို့သော်ဤပုဒ်မအရ ပြုလုပ်သည့်စည်းကမ်းဥပဒေကို နိုင်ငံတော်သမတကအတည်မပြုသေးမီ၊ ထိုစည်းကမ်းဥပဒေ သည် အာဏာမတည်ရ။

အများရှိနှင့် အမှုထမ်းများ ခန့်ထားခြင်း စသည်များ။

၁၉။ ။(၁) ပုဒ်မ ၁၇ အရပြုလုပ်သည့်စာရင်းများရှိအခါအားလျော်စွာ ခွင့်ပြုထားသော ရာထူးများအဘွက်လိုအပ်သည့်အတိုင်း၊ အဖွဲ့ဆိုင်ရာအရာရှိများနှင့် အမှုထမ်းများကို ခန့်နိုင်သည့် အာဏာ၊ ရာထူးတိုးမြှင့်ပေးနိုင်သည့်အာဏာ၊ ငွေဒဏ်တပ်နိုင်သည့်အာဏာနှင့် ရာထူးလျော့ချထားနိုင်သည့်အာဏာကို ပုဒ်မ ၁၈ အရပြုလုပ်သည့်စည်းကမ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ—

(က) တလလျှင်လစာငွေ သုံးရာငါးဆယ်ထက်ပို၍ မရသောအရာရှိ၊ သို့တည်းမဟုတ် အမှုထမ်းဖြစ်လျှင်၊ ဥက္ကဋ္ဌကသော်၎င်း၊ အဖွဲ့ကပြုလုပ်သည့် စည်းကမ်း ဥပဒေအရ၊ ဤကိစ္စအလို့ငှါ၊ ထိုစည်းကမ်း ဥပဒေကို မကျော်လွန်ဘဲသုံးစွဲရန် အခွင့်အာဏာအထူးအပ်နှင်းထားသည့် အရာရှိကသော်၎င်း သုံးစွဲနိုင်သည်။ ထို့ပြင်

(ခ) အခြားအရာရှိများ၊ သို့တည်းမဟုတ်အမှုထမ်းများဖြစ်လျှင်၊ အဖွဲ့ကဆုံးဖြတ်သုံးစွဲနိုင်သည်။

(၂) ပုဒ်မ ၁၈ အရပြုလုပ်သည့်စည်းကမ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ထိုအရာရှိများနှင့် အမှုထမ်းများကို ရာထူးမှချထားနိုင်သည့်အာဏာ၊သို့တည်းမဟုတ် ထုတ်ပယ်နိုင်သည့်အာဏာ၊ သို့တည်းမဟုတ် အားလပ်ခွင့်ပေးနိုင်သည့်အာဏာကို—

(က) တလလျှင်လစာငွေသုံးရာငါးဆယ်ထက်ပို၍ မရသော အရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်လျှင်၊ ဥက္ကဋ္ဌကသုံးစွဲနိုင်သည်။ ထို့ပြင်

(ခ) အခြားအရာရှိများ၊ သို့တည်းမဟုတ်အမှုထမ်းများဖြစ်လျှင်၊ အဖွဲ့ကဆုံးဖြတ်သုံးစွဲနိုင်သည်။

သို့သော်ခေတ္တရာထူးမှချထားနိုင်သည့်အာဏာ၊ သို့တည်းမဟုတ်ဆယ့်ငါးရက်ထက် မပိုသည့် အားလပ်ခွင့်ပေးနိုင်သည့်အာဏာကို မည်သည့်အချက်တွင်မဆို ဥက္ကဋ္ဌကသော်၎င်း၊ အဖွဲ့ကပြုလုပ်သည့်စည်းကမ်းဥပဒေအရ၊ ဤကိစ္စအလို့ငှါ၊ ထိုစည်းကမ်းဥပဒေကို မကျော်လွန်ဘဲ သုံးစွဲရန်အခွင့် အာဏာအထူးအပ်နှင်းထားသည့်အရာရှိကသော်၎င်း သုံးစွဲနိုင်သည်။

ခွင့်ပြုအမှု ထမ်းအဖွဲ့။

၂၀။ ။ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တကြိမ်လျှင် သုံးလထက်မ၊ သောကာလအပိုင်းအခြားအဘွက် လိုအပ်သည့်အရာရှိများနှင့် အမှုထမ်းများကိုခန့်ထားရန်အတွက်း အဖွဲ့၏ကြိုတင်သဘောတူညီချက်ကို ရယူရန်အချိန်မရှိဟု ဥက္ကဋ္ဌကယူဆလျှင်၊ ဥက္ကဋ္ဌသည်၊ ထိုအရာရှိများနှင့် အမှုထမ်းများကို ခွင့်ပြုခန့်ထားနိုင်သည်။ သို့ရာဘွင် ထိုခန့်ထားခြင်းကိုနောက်ကျင်းပမည့် အစည်းအဝေးတွင် အဖွဲ့ကအတည်ပြုနိုင်သည်၊ သို့တည်းမဟုတ်ပယ်ဖျက်နိုင်သည်။

အခန်း ၄။

အဖွဲ့၏အလုပ်ဝတ်တရားများနှင့် အာဏာများ။

အဖွဲ့၏အဓိက အလုပ် ဝတ်တရားများ။

၂၁။ ။စီးပွါးရေးလုပ်ငန်းသဘောဖြင့် ချည်မျှင်အမျိုးမျိုးကိုငင်း၊ အထည်များကိုငင်း ပြုလုပ်၍လက်လီဖြစ်စေ၊ လကားဖြစ်စေ၊ ရောင်းချရန်အဖွဲ့၏တာဝန်ဖြစ်ရမည်။ ထို့ပြင်ထိုကိစ္စအတွက် အဖွဲ့က—

(က) ချည်မျှင်အမျိုးမျိုးကိုငင်း၊ အထည်များကိုငင်း ပြုလုပ်ရောင်းချရမည်။ ထို့ပြင်

(ခ) ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့စွဲပါ စက်မှုလက်မှုနှင့် အလုပ်သမားဌာနအမိန့်ကြော်ငြာစာအမှတ် ၁၀၉ အရဖွဲ့စည်း တည်ထောင်ထား သောချည်မျှင်နှင့် အထည်စက်ရုံအဖွဲ့၏ အလုပ်ဝတ်တရားများကို အဖွဲ့က လွှဲပြောင်း ယူရမည်။

အဖွဲ့၏နောက် ထပ်အလုပ် ဝတ်တရားများ။

၂၂။ ။အဖွဲ့တွင် အောက်ပါကိစ္စများကို ဖြစ်မြောက်အောင် ရွေရွှေဆောင်ရွက်နိုင်သည့် ဝါဒရှိရမည်။

(က) ချည်မျှင်အမျိုးမျိုးကိုငင်း၊ အထည်များကိုငင်း စရိတ်သက်သာစွာနှင့်ပြုလုပ်သည့် နည်းလမ်း၊ ရောင်းချသည့်နည်းလမ်းနှင့် ဖြန့်ဖြူးသည့် နည်းလမ်းအားလုံးကို အသုံးပြုခြင်း။

(ခ) အဖွဲ့၏လက်အောက်တွင် အမှုထင်းရှားနေသူများ၏သက်သာချောင်ချိရေး၊ကျန်းမာရေး၊ ဘေးရန်ကင်းရှင်းရေးတို့ဖြစ်စေရန်နှင့် ထိုလူတို့အား နေရာထိုင်ခင်း ပေးရေးနှင့် အခြားအခွင့်အရေးအဝဝတို့ရအောင် ဆောင်ရွက်ခြင်း။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသည့်ဝါများ၏ အမျိုးအစားကို တိုးတက်ကောင်းမွန်လာစေခြင်း၊ ချည်မျှင်အမျိုးမျိုးကိုငင်း၊ အထည်များကိုငင်း ပြုလုပ်ခြင်းနှင့်သက်ဆိုင်သော ကိစ္စများနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်းနှင့် ထိုသို့ စူးစမ်းရှာဖွေသူများကို အကူအညီပေးခြင်း။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အမျိုးအစား ပိုမိုကောင်းမွန်သော ဝါများ စိုက်ပျိုးခြင်းကိုငင်း၊ စက်ရုံ၏စီးပွါးဖြစ်ဆောင်ရွက်သည့်စံနစ်နှင့်မဆန့်ကျင်စေဘဲ ထိုဝါမျိုးကို စက်ရုံ၌အသုံးပြုခြင်းကိုငင်း အားပေးကူညီခြင်း။

(င) အဖွဲ့၏ လက်အောက်တွင် လုပ်ကိုင်နေသူများ၏ အလုပ်ကျွမ်းကျင်မှုနှင့် နားလည်မှုတို့ တိုးတက်အောင်ပြုပြင်ပေးခြင်း၊ ထို့ပြင် နောင်အခါအဖွဲ့၏ လက်အောက်၌ခန့်ထားရန်အလို့ငှါ၊ သင့်တော်သောသူများအား အတတ်ပညာ အလွယ်တကူ လေ့လာသင်ကြားနိုင်ရန်စီမံပေးခြင်း။ ထို့ပြင်

(စ) အရောင်းအဝယ် ကောင်းသောနှစ်၊ အရောင်းအဝယ် မကောင်းသောနှစ်များအတွက် ပျမ်းမျှခြင်းအားဖြင့် ကုန်ကျသည့်စရိတ်အပေါ်၌၊ ပုဒ်မ ၂၆ (၁) တွင် ဖော်ပြထားသည့်အတိုင်း ပေးရန်ရှိသောငွေများကို ရာထားပြီးနောက်၊ သင့်လျော်သော အမြတ်အစွန်းထွက်ရန် ဆောင်ရွက်ခြင်း။

အဖွဲ့၏ အာဏာများ။

၂၃။ ။အဖွဲ့မှာ အောက်ပါကိစ္စများကို ဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ချည်မျှင်အမျိုးမျိုးကိုငင်း၊ အထည်များကိုငင်း၊ ပြုလုပ်ခြင်း။

(ခ) ဤသို့ပြုလုပ်သည့်ကုန်များကို အဖွဲ့၌အကျိုးအမြားဆုံးရှိစေမည့် နည်းစံနစ်အရ ရောင်းချဖြန့်ဖြူးခြင်း၊ ထိုချည်မျှင် အမျိုးမျိုးနှင့်အထည်များကို ရောင်းချရန် ဆိုင်များနှင့် ပြခန်းများဖွင့်လှစ်ထားရှိခြင်း။

(ဂ) အဖွဲ့ကမိမိ၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန် သော်ငင်း၊ ယင်းသို့ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍သော်ငင်း၊ ဤအက်ဥပဒေအရ အဖွဲ့သို့အပ်နှင်းသည့် ပစ္စည်းများကို အကျိုးအမြားဆုံးရရှိအောင် အသုံးပြုရန် သော်ငင်း၊ လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟု အဖွဲ့က ထင်မြင်သတောရရှိသော အခြားအလုပ်အကိုင်အားလုံးကို လုပ်ကိုင် ဆောင်ရွက်ခြင်း။

(ဃ) အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကိုဆောင်ရွက်ရန်လိုအပ်သည်ဟုအဖွဲ့ကယူဆသောမြေကို၊ သို့တည်းမဟုတ် ဖြတ်သန်းနိုင်သည့်အခွင့်အရေးကို အပိုင်၊ သို့တည်းမဟုတ် အငှါးသိမ်းယူခြင်း။

သို့သော်ထိုသို့သိမ်းယူခြင်းသည်၊ မည်သည့်အာဏာပိုင်၏ အလုပ်အကိုင်ကိုမျှ၊ သို့တည်းမဟုတ် မည်သည့် ပြည်သူ့အဖွဲ့၏ အလုပ်အကိုင်ကိုမျှ ထိခိုက်ခြင်း မရှိစေရ။

ထို့ပြင် ထိုသို့သိမ်းယူခြင်းဖြင့် အကျိုးပျက်စီးခံရသည့် အခြေစိုက်ပြီးဖြစ်သော ကုန်သွယ်လုပ်ငန်းအား၊ သို့တည်းမဟုတ် သာမန်ပုဂ္ဂိုလ်အား၊ သင့်တော်သောလျော်ကြေးပေးရမည်။

(ငျ) အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို သင့်တော်စွာဆောင်ရွက်ရန်အတွက် မလိုသောရင်းနှီးထားသည့် အဖွဲ့ပိုင်ပစ္စည်းအရပ်ရပ်ကို နိုင်ငံတော် သမတ၏ ခွင့်ပြုချက်ဖြင့် ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့်ထုခွဲခြင်း။

(စ) အဖွဲ့၏တာဝန် ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို နေရာတကျ ဆောင်ရွက်ရန်အလို့ငှါ ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ သို့တည်းမဟုတ် အခြားနည်းအားဖြင့်စီမံခြင်း။ ထို့ပြင်

(ဆ) အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတခုခုအတွက်ဖြစ်စေ၊ စာရင်းရှိငွေထက်ပို၍ ဘဏ်တိုက်မှ ငွေထုတ်ယူခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့် ဘဏ်တိုက်မှငွေထုတ်ယူခြင်းဖြင့်သော်ငင်း၊ငွေချေးလက်မှတ် (Stock) များထုတ်ခြင်းဖြင့်သော်ငင်း၊ နိုင်ငံတော်သမတ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်သမတ သတ်မှတ်သည့် စည်းကမ်းချက်များကိုလိုက်နာ၍ ငွေချေးယူခြင်း။

(၁) အလုပ်လုပ်ကိုင်ရန် ငွေရင်းရာထားခြင်း၊

(၂) ငွေရင်းစာရင်းမှကျခံရန်သင့်သည့် အသုံးစရိတ်။

အခန်း ၅။

အဖွဲ့အတွက်မြေသိမ်းယူခြင်း။

မြေများသိမ်းယူခြင်း။

၂၄။ ။ဤအက်ဥပဒေပါကိစ္စများအတွက်၊ မည်သည့်မြေကိုမဆို အလိုရှိရှိအဖွဲ့က လျော်ကြေးတောင်းသောအခါ၊ နိုင်ငံတော်သမတသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ မြေကိုသိမ်းယူရန် ဆောင်ရွက်နိုင်သည်။ ထို့ပြင်ထိုအက်ဥပဒေအရ၊ ဆုံးဖြတ်သည့်လျော်ကြေးကို အဖွဲ့က ပေးသောအခါ မြေကိုအဖွဲ့ကပိုင်ရမည်။

အခန်း ၆။

အရပ်ရပ်ဘဏ္ဍာရေးပြဋ္ဌာန်းချက်များ။

အဖွဲ့ရံပုံငွေ။

၂၅။ ။(၁) အဖွဲ့သည် ချည်မျှင်နှင့်အထည်စက်ရုံ အဖွဲ့ရံပုံငွေတရပ်ကိုထားရှိရမည်။ အဖွဲ့က ချေးယူထားသောငွေများနှင့်တကွ အဖွဲ့ကရရှိသည့်ငွေအားလုံးကို ထိုရံပုံငွေသို့ ထည့်သွင်း၍၊ အဖွဲ့က ပေးသောငွေအားလုံးကို ထိုရံပုံငွေထဲမှထုတ်ပေးရမည်။ ထိုရံပုံငွေပိုင် ငွေအားလုံးကိုအဖွဲ့က နိုင်ငံတော်သမတ၏ တင်ကြိုသဘောတူညီချက်ဖြင့် ရွေးချယ်သည့်ဘဏ်တခုတွင်၊ သို့တည်းမဟုတ် ဘဏ်များတွင် ထားရမည်။

(၂) ပုဒ်မခွဲ (၁) အရဘဏ်တခုခုတွင်ထားသော၊ သို့တည်းမဟုတ် အပ်နှံထားသော ရံပုံငွေ၏ တစိတ်တဒေသကိုမျှပင် အဖွဲ့ကပြဋ္ဌာန်းသောသူတယောက်၏၊ သို့တည်းမဟုတ် သူများ၏ လက်မှတ်ဖြင့်မှတပါး၊ အခြားနည်းဖြင့်မထုတ်ယူရ။

အဖွဲ့၏ငွေများ သုံးစွဲခြင်း။

၂၆။ ။(၁) အဖွဲ့ပိုင်ငွေများကို အောက်ဖေါ်ပြရာပါ ငွေများပေးရန်အတွက် သုံးစွဲရမည်။ အဖွဲ့ပိုင်ပစ္စည်းများ မလုံလောက်လျှင်၊ ပေးရမည့်ငွေကို အောက်ပါအစီအစဉ်အတိုင်း အဆင့်အတန်းထား၍ ထုတ်ပေးရမည်။

(က) အဖွဲ့ကချေးယူသည့် ငွေနှင့်သော်၎င်း၊ အဖွဲ့ကပေးဆပ်ရန် တာဝန်ရှိသောချေးငွေနှင့်သော်၎င်း၊ စပ်လျဉ်း၍ပေးရန်ရှိသော အတိုးနှင့် ငွေရင်းအရစ်ကျ။

(ခ) အဖွဲ့၏ ဥက္ကဋ္ဌကိုဂုဏ်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးများကိုဂုဏ်း၊ ဤအက်ဥပဒေအရခန့်ထားသည့်၊ သို့တည်းမဟုတ် ထားရှိသည့်အရာရှိများနှင့် အမှုထမ်းများကိုဂုဏ်း၊ သို့တည်းမဟုတ် အဖွဲ့သို့ငှါးထားသည့် အရာရှိများနှင့် အမှုထမ်းများကိုဂုဏ်း၊ ပေးရန်ရှိသောလစာများ၊ အခများ၊ စရိတ်များ၊ပင်စင်လစာများ၊ ခွင့်ငွေများ၊ကရုဏာကြေးများ၊သို့တည်းမဟုတ်အခြားငွေများ၊ထို့ပြင် အစိုးရက အဖွဲ့သို့ငှါးထားသည့် အရာရှိတဦးတယောက်၏ ပင်စင်လစာနှင့် အားလပ်ခွင့်စရိတ်အတွက် အစိုးရသို့ထောက်ပံ့ငွေများပေးရန်ရှိလျှင်၊ ထိုထောက်ပံ့ငွေများ၊ ထို့ပြင် ပုဒ်မ ၁၈ (ဆ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့်စည်းကမ်းဥပဒေများဖြင့် အိုနာစာ ရံပုံငွေသို့ထည့်သွင်းရန် နည်းလမ်းအတိုင်းခွင့်ပြုလျှင်၊ ထိုသို့ထည့်သွင်းရန်ငွေများ။

(ဂ) အဖွဲ့ပိုင်ပစ္စည်းများကိုပြင်ဆင်ခြင်း၊ ပြုပြင်ထားရှိခြင်း၊ တန်ဘိုးယုတ်လျော့ခြင်းနှင့် အသစ်လဲလှယ်ခြင်းအတွက် ကုန်ကျငွေ၊ ထိုပစ္စည်းများအပေါ်၌ ကျသင့်သော စရိတ်များနှင့် အလုပ်အကိုင်စရိတ်များ။

(ဃ) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့်စက်၊ အဆောက်အဦ၊ အိမ်၊ သို့တည်းမဟုတ် အခြားအလုပ်အဆောင် ဆောက်လုပ်ရာ၌၊ သို့တည်းမဟုတ် ဝယ်ယူရာ၌ ကုန်ကျသည့်စရိတ်။

(င) စာရင်းရှိငွေထက်ပို၍ ဘဏ်မှထုတ်ယူသော ငွေကိုဖြစ်စေ၊ ငွေချေးလက်မှတ် (Stock) များထုတ်၍ချေးယူသော ငွေကိုဖြစ်စေ၊ ပေးဆပ်ရန်အလို့ငှါ၊ ပုဒ်မ ၂၃ (ဆ) အရသတ်မှတ်သည့် စည်းကမ်းချက်များအရ ကြွေးမြီဆပ်ရန် သီးသန့်ရံပုံငွေသို့ လွှဲပြောင်းရန်သော်၎င်း၊ အခြားနည်းဖြင့် ဖယ်ထားရန် သော်၎င်း လိုအပ်သည့်ငွေ။ ထို့ပြင်

(စ) နိုင်ငံတော်သမတက အထူးခွင့်ပြုသည့်၊ သို့တည်းမဟုတ် အဖွဲ့က တရာဥပဒေနှင့် အညီပေးရန်တာဝန်ရှိသည့် အခြားစရိတ်။

(၂) ဘဏ္ဍာရေးနှစ် တနှစ်နှစ်အတွက် အဖွဲ့၏ဝင်ငွေများထဲမှ အထက်ပုဒ်မခွဲတွင်ရည်ညွှန်းသည့် စရိတ်များကိုကျခံပြီးနောက် ကျန်ရှိသော ငွေကိုလွှန်ခဲ့သည့်နှစ်မှ စာရင်းပြောင်းယူခဲ့သည့် ဝင်ငွေ၌လျော့နေသော ငွေအတွက် အစားဖြည့်ရမည်။ ထို့ပြင်လျော့နေသောငွေအတွက် အစားဖြည့်ပြီးနောက် ဝင်ငွေမှလက်ကျန်ငွေရှိသေးလျှင်၊ ထိုလက်ကျန်ငွေကို ထိုနှစ်ကုန်ဆုံးပြီးနောက်၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ အရပ်ရပ်သီးသန့်ငွေစာရင်းသို့ ပြောင်းရမည်။

သို့သော်ထိုငွေစာရင်းရှိ ငွေပေါင်းသည်၊ အဖွဲ့၏လုပ်ငန်းတွင် ပါဝင်သော မ,တည်ပစ္စည်းများအတွက် အဖွဲ့၏ကုန်ကျစရိတ်၏ တဝက်ထက်ပိုပြီးဖြစ်လျှင်၊ သို့တည်းမဟုတ် ဤပုဒ်မခွဲအရ စာရင်းပြောင်းသောကြောင့် ပိုမည်ဖြစ်လျှင်၊ ဆိုခဲ့သည့်လက်ကျန်ငွေ၏ တဝက်နှင့်ညီမျှသောငွေပေါင်းကို၊ သို့တည်းမဟုတ် ပိုမည်ဖြစ်သည့်ငွေ၏ တဝက်နှင့်ညီမျှသောငွေပေါင်းကို၊ အရပ်ရပ်သီးသန့်ငွေစာရင်းသို့ပြောင်းမည့်အစား၊ အစိုးရအခွန်တော်သို့ပေးသွင်းရမည်။

(၃) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ၌၊ အရပ်ရပ်သီးသန့်ငွေစာရင်းရှိငွေများကို၊ ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့် ထိုနှစ်အတွက် စရိတ်အမျိုးမျိုးကိုကျခံရာ၌သော်၎င်း၊ လွန်ခဲ့သည့်နှစ်မှ စာရင်းပြောင်းယူခဲ့သည့်ဝင်ငွေ၌ လျော့နေသောငွေများအနက်၊ ထိုနှစ်၏ဝင်ငွေသည်၊ထိုစရိတ်များကို ကျခံရန်မလုံလောက်ဘဲ လျော့နေသမျှကို၊ သို့တည်းမဟုတ် ထိုလျော့နေသောငွေများအတွက် အစားဖြည့်ရန်လိုသမျှငွေကို အစားဖြည့်ရာ၌သော်၎င်း အသုံးပြုနိုင်သည်။ထို့ပြင်ထိုငွေများကို ထိုကဲ့သို့အသုံးမပြုရသေးမီ အဖွဲ့၏လုပ်ငန်းတွင် အသုံးပြုနိုင်သည်၊ သို့တည်းမဟုတ် တဆက်တည်းဖြစ်သော နောက် ပုဒ်မ ၁၂ ပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးထားနိုင်သည်။

၂၇။ ။အဖွဲ့သည်—

(က) မိမိတို့ထားရှိသောငွေစာရင်းမှ ကျခံရမည့်ကုန်ကျစရိတ်အားလုံးကို ပေးပြီးသည့်နောက်၊ နှစ်စဉ်စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှိနေသေးသောလက်ကျန်ငွေများကိုငင်း၊

(ခ) အထူးကိစ္စတခုအတွက်ဖြစ်စေ၊ မိမိတို့လိုအပ်သည်ဟု ယူဆသည့်သဘောတူညီပြီးရံပုံငွေကိုထားရှိရန်အတွက်ဖြစ်စေ၊ဖယ်ထားသည့်ငွေများကိုငင်း၊ ထို့ပြင်

(ဂ) အဖွဲ့၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ ချက်ခြင်းသုံးစွဲရန် မလိုအပ်သေးသည့်ငွေများကိုငင်း

လက်ကျန်ငွေများနှင့်အထူးရံပုံငွေများကို ရင်းနှီးထားခြင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ အာမခံစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်၎င်း၊ နိုင်ငံတော်သမတက ဤကိစ္စအတွက်သဘောတူညီသည့် အခြားအာမခံစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်၎င်း၊

ရင်းနှီးထားနိုင်သည်။ ထို့ပြင်အဖွဲ့သည်၊ ရံဖန်ရံခါဆိုခဲ့သည့် အာမခံစာချုပ်များကို ရောင်းချခြင်းရရှိသော ငွေများကို၊အခြားအလားတူ အာမခံစာချုပ်များဝယ်ယူခြင်းဖြင့် ရင်းနှီးထားနိုင်သည်။သို့တည်းမဟုတ် ထိုရောင်းချငွေများကို အာမခံစာချုပ်များ ဝယ်ယူသော ငွေများဆိုင်ရာစာရင်းတွင် တရားနှင့်လျော်ညီစွာ သုံးစွဲနိုင်သည့်ကိစ္စတခုခုအတွက် သုံးစွဲရန်သွင်းနိုင်သည်။

သို့သော်အဖွဲ့က ငွေစာရင်းတခုခုမှထုတ်ရှင်းနှီးသည့် ငွေစုစုပေါင်းသော်ငင်း၊ နှစ်စဉ်ရင်းနှီးသည့်ငွေပေါင်းသော်ငင်း၊ နိုင်ငံတော်သမတက သတ်မှတ်ထားသည့် ငွေပေါင်းထက်မပိုရ။

အခန်း ၇။

ငွေစာရင်းများ၊ရ-သုံးမှန်းခြေ ငွေစာရင်းများနှင့်အစီရင်ခံစာများ။

အဖွဲ့ကနှစ်စဉ် ရ-သုံးမှန်းခြေ ငွေစာရင်းများ ပြုလုပ်ခြင်းနှင့် ထိုခန့်မှန်းခြေ စာရင်းများကို စဉ်းစား ဆင်ခြင်ခြင်း။

၂၀။ ။(၁) နှစ်စဉ်ဩဂုတ်လတွင်ကျင်းပရမည့် အထူးအစည်းအဝေး၌၊ ဥက္ကဋ္ဌသည်၊ ရှေ့လာမည့်အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုသည့်နှစ်အတွက်၊ အဖွဲ့၏ဝင်ငွေနှင့်အသုံးစရိတ်၊ ရ-သုံးမှန်းခြေငွေစာရင်းတခုပြုလုပ်၍၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် အကအဖွဲ့ခါအား လျော်စွာ ညွှန်ကြားသောအချက်အလက်များကို အစုံအလင်ဖေါ်ပြလျက်၊ အဖွဲ့ကညွှန်ကြားသည့် ပုံစံဖြင့် အဖွဲ့ဝင်လူကြီးများထံတင်ပြရမည်။

(၂) ထို့ရ-သုံးမှန်းခြေငွေစာရင်းတွင်ပါဝင်သည့်အလုပ်အဆောင်သစ်အားလုံး၏အကြောင်းအရာများနှင့်တကွ၊ ထိုအလုပ်အဆောင်သစ်များ၏ ခန့်မှန်းရဘူန်ကျစရိတ်ကိုပါဖေါ်ပြသည့် နောက်ဆက်တွဲတခုကို ထို့ရ-သုံးမှန်းခြေငွေစာရင်းတွင် ရှေးဦးစွာတွဲထားရမည်။ ထိုနောက် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များအရ၊ ခန့်ထားခွင့်ပြုသည့်အရာရှိများနှင့် အမှုထမ်းများ၏စာရင်းကိုတွဲထားရမည်။

(၃) ဆိုခဲ့သည့်ရ-သုံးမှန်းခြေငွေစာရင်းသည်၊ အပြည့်အစုံပြုလုပ်ပြီးသားဖြစ်ရမည်။ထို့ရ-သုံးမှန်းခြေငွေစာရင်း၏မိတ္တူများကို ရ-သုံးမှန်းခြေငွေစာရင်းကိုတင်ပြရမည့်အစည်းအဝေးမတိုင်မီ အနည်းဆုံး ဆယ်ရက်ကြိုတင်၍ အဖွဲ့ဝင်လူကြီးအသီးသီးထံသို့ဝေငှစေခြင်း၊ စာပို့တိုက်မှသော်ငင်း၊ အခြားတနည်းနည်းဖြင့်သော်ငင်း ပေးပို့ရမည်။

(၄) ထိုသို့တင်ပြသော၁ရ-သုံးမှန်းခြေငွေစာရင်းကို အဖွဲ့ကစဉ်းစားဆင်ခြင်ရမည်။ အဖွဲ့က သင့်လျော်သည်ထင်မြင်သောပြင်ဆင်ချက်များကိုပြုလုပ်၍ အတည်ပြုရမည်။

သို့သော် အကဖွဲ့အလုပ်စတင်လုပ်ကိုင်သည့် ပဌမနှစ်အတွက် ထိုသို့အလုပ်စတင်လုပ်ကိုင်သည့် နေ့ရက်မှ ထိုဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့အထိ ကာလအပိုင်းအခြားနှင့်သက်ဆိုင်သော ရ-သုံးမှန်းခြေငွေစာရင်းကို အဖွဲ့က နိုင်ငံတော်သမတထံ လျင်မြန်နိုင်သမျှလျင်မြန်စွာတင်သွင်းရမည်။

ရ-သုံးမှန်းခြေ ငွေစာရင်းကို နိုင်ငံတော် သမတထံ တင်သွင်းခြင်းနှင့် ရ-သုံးမှန်းခြေ ငွေစာရင်းကို ပြင်ဆင်ခြင်း။

၂၉။ ။(၁) အဖွဲ့က အတည်ပြုသည့်ရ-သုံးမှန်းခြေငွေစာရင်း၏ မိတ္တူတစောင်ကို နိုင်ငံတော် သမတထံ သဘောထူညီချက်ရရန်တင်သွင်းရမည်။ နိုင်ငံတော်သမတက မိမိသင့်တော်သည်ထင်မြင်သည့်အတိုင်း၊ ထို့ရ-သုံးမှန်းခြေငွေစာရင်းတခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ၊ သဘောတူညီနိုင်သည်၊ သို့တည်းမဟုတ် ရ-သုံးမှန်းခြေငွေစာရင်းတခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ၊ ခွင့်ပြုဘဲ ပယ်ချနိုင်သည်။ ထို့ပြင် ထို့ရ-သုံးမှန်းခြေငွေစာရင်းကိုပြင်ဆင်ရန် ရ-သုံးမှန်းခြေငွေစာရင်း ရရှိသည့်နေ့မှ နှစ်လအတွင်း မည်သည့်အချိန်ဘဲမဆိုပြန်ပို့နိုင်သည်။

(၂) ရ-သုံးမှန်းခြေငွေစာရင်းကိုပြင်ဆင်ရန် နိုင်ငံတော်သမတကပြန်ပို့လျှင်၊အဖွဲ့သည် ထို့ရ-သုံးမှန်းခြေငွေစာရင်းကိုပြင်ဆင်ရန် ချက်ခြင်းဆောင်ရွက်ရမည်။ ထိုနောက် ထိုသို့ပြင်ဆင်ထားသည့် ရ-သုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် ထပ်မံတင်သွင်းရမည်။

၃၀။ ။(၁) ရ-သုံးမှန်းခြေငွေစာရင်းကို ခွင့်ပြုသည့်နှစ်အတွင်း မည်သည့်အချိန်၌မဆို၊ အဒ္ဓေက နောက်ထပ်ရ-သုံးမှန်းခြေငွေစာရင်းတခုကိုစီစဉ်ပြုလုပ်စေပြီးလျှင်၊ မိမိတို့ထံသို့တင်သွင်းစေနိုင်သည်။ နောက်ထပ် ရ-သုံးမှန်းခြေ ငွေစာရင်း။

(၂) အဒ္ဓေကအတည်ပြုသည့်ထိုနောက်ထပ်ရ-သုံးမှန်းခြေငွေစာရင်းအသီးသီးကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် အထက်နည်းလမ်းအတိုင်းတင်သွင်းရမည်။ ထိုအခါ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များသည်၊ ထိုနောက်ထပ်ရ-သုံးမှန်းခြေငွေစာရင်းနှင့်လည်း မူလရ-သုံးမှန်းခြေ ငွေစာရင်းကဲ့သို့ပင် သက်ဆိုင်ရမည်။

၃၁။ ။ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတကပေးသည့်ညွှန်ကြားချက်များနှင့်မဆန့်ကျင်စေဘဲ အထက်ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသည့် ရ-သုံးမှန်းခြေငွေစာရင်းရှိ မည်သည့်ငွေကိုမဆို၊ သို့တည်းမဟုတ် ထိုငွေ၏ မည်သည့်အစိတ်အပိုင်းကိုမဆို၊ သုံးစွဲရန် အခွင့်အာဏာပေးထားသော်ငြားလည်း မသုံးစွဲသေးလျှင်၊ ထိုငွေကို အဒ္ဓေက ဆိုခဲ့သည့်ရ-သုံးမှန်းခြေငွေစာရင်းတွင် အခြားအသုံးစရိတ်တခုခုအတွက် သုံးစွဲရန်အခွင့်အာဏာပေးထားသည့်ငွေထက် ပို၍သုံးစွဲမိသောငွေကို ကာမိရန် မည်သည့်အချိန်၌မဆို လွှဲပြောင်းသုံးစွဲနိုင်သည်။ ရ-သုံးမှန်းခြေ ငွေစာရင်းရှိ ငွေများကို လွှဲပြောင်းသုံးစွဲခြင်း။

သို့သော် အဒ္ဓေကအတည်ပြု၍၊ နိုင်ငံတော်သမတကသဘောတူညီသော ရ-သုံးမှန်းခြေ ငွေစာရင်းတွင် ခွင့်ပြုထားသည့်အသုံးစရိတ်ငွေစုစုပေါင်းထက်ပို၍၊ နိုင်ငံတော်သမတ၏ အခွင့်အမိန့်မရဘဲ မသုံးစွဲရ။

၃၂။ ။လွန်ကဲသည့် အရေးတကြီးကိစ္စများအတွက်မှတပါး၊ ဤအခန်းအရခွင့်ပြုထားသည့် အတည်ဖြစ်ဆဲရ-သုံးမှန်းခြေငွေစာရင်းတွင် အသုံးစရိတ်ရာထားခြင်းမရှိလျှင်သော်၎င်း၊ အဒ္ဓေကအတည်ပြုထားသည့် ရ-သုံးမှန်းခြေငွေစာရင်းကို ပုဒ်မ ၃၁ အရ၊ ငွေလွှဲပြောင်းသုံးစွဲခြင်းဖြင့် ပြင်ဆင်၍ရာထားချက်မရှိသေးလျှင်သော်၎င်း၊ မည်သည့်ငွေကိုမျှ အဒ္ဓေကဖြစ်စေ၊ အဒ္ဓေအတွက်ဖြစ်စေ၊ သုံးစွဲခြင်းမပြုရ။ ရ-သုံးမှန်းခြေ ငွေစာရင်းတွင် အသုံးစရိတ် ရာထားခြင်းမရှိသော ကိစ္စ အတွက် ငွေ သုံးစွဲခြင်းကို တားမြစ် ပိတ် ပင်ခြင်း။

၃၃။ ။တနှစ်တွင် စုစုပေါင်း ငွေငါးထောင်ထက်ပို၍လွန်ကဲသည့် အရေးတကြီးကိစ္စများအတွက် သုံးစွဲရမည်ဖြစ်လျှင်၊ ဥက္ကဋ္ဌသည် နိုင်ငံတော်သမတထံသို့၊ ထိုအသုံးစရိတ်ကိုကာမိအောင် အဒ္ဓေကမည်သို့စီမံရန် ကြံရွယ်ထားသည်ဟု ဖော်ပြသောရှင်းလင်းချက်နှင့်တကွ အကျိုးအကြောင်းအစီရင်ခံစာတင်သွင်းရမည်။ အရေးတကြီး ကိစ္စများ အတွက် ကန့်သတ် ထားသည် ထက် ပို၍သုံးစွဲ သောအသုံး စရိတ်နှင့် ပတ် သက်၍ အစီရင် ခံခြင်း။

၃၄။ ။နိုင်ငံတော်သမတက အတည့်အလင်းခွင့်မပြုလျှင်၊ အဒ္ဓေသည် မည်သည့်အသုံးစရိတ်ကိုမျှ ငွေရင်းမှကျခံခြင်းမပြုရ။ မ,တည်ကုန်ကျ စရိတ်။

၃၅။ ။အဒ္ဓေသည် ငွေစာရင်းများကိုကျနစွာထားရှိရမည်ပြင်၊ ငွေစာရင်းများနှင့်သက်ဆိုင်သော အခြားမှတ်တမ်းများကိုလည်းထားရှိရမည်။ ထို့ပြင် အဒ္ဓေသည် ဘဏ္ဍာရေးနှစ်အသီးသီးနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်သမတကညွှန်ကြားသည့်ပုံစံဖြင့်ငွေစာရင်းဖော်ပြချက်တရပ်ကိုစီစဉ်ရေးသားရမည်။ ငွေစာရင်းများ စီစဉ်ရေးမှတ် ခြင်း။

ဌေစာရင်းများ စစ်ဆေးခြင်း နှင့် အစီရင်ခံစာ ထုတ်ပြန်ကြော်ငြာခြင်း။

၃၆။ ။(၁) အဖွဲ့၏ဌေစာရင်းများကို နိုင်ငံတော်သမတကညွှန်ကြားသည့် စာရင်းစစ်များက ညွှန်ကြားသည့်နည်းလမ်းအတိုင်းစစ်ဆေးရမည်။

(၂) ၎အက်ဥပဒေအရ ဌေစာရင်းများစစ်ဆေးရန်ကိစ္စအလို့ငှါ၊ စာရင်းစစ်များသည် အမိန့်စာဖြင့် မိမိတို့လိုအပ်သည်ဟုထင်မြင်သောစာအုပ်၊ စာချုပ်၊ ပဋိညာဉ်၊ ဌေစာရင်း၊ ဘောက်ချာလက်မှတ်နှင့် အခြားစာချုပ်စာတမ်းအားလုံးကို မိမိတို့ထံတင်ပြရန် ဆင့်ဆိုနိုင်သည့်ပြင်၊ ထိုစာအုပ်များ၊ စာချုပ်များ၊ ပဋိညာဉ်များ၊ ဌေစာရင်းများ၊ ဘောက်ချာလက်မှတ်များ၊ စာချုပ်စာတမ်းများ လက်ရှိဖြစ်သူတဦးတယောက်ကိုသော်၎င်း၊ ထိုစာအုပ်စသည်များနှင့်ပတ်သက်၍ အကျိုးအကြောင်းပြောနိုင်သူတဦးတယောက်ကိုသော်၎င်း၊ ထိုဌေစာရင်းစစ်ဆေးရာသို့ လာရောက်ရန်ဆင့်ခေါ်၍၊ စာအုပ်စသည်တို့နှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုစေပြီးလျှင်၊ ထိုထုတ်ဖော်ပြောဆိုချက်ကို လက်မှတ်ရေးထိုးစေနိုင်သည်။

(၃) အဖွဲ့၏ဌေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ အဖွဲ့ကိုစီမံအုပ်ချုပ်သောပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ဆိုင်ရာဝန်ကြီးဌာနသို့၊ ပုဒ်မ ၃၅ တွင် ရည်ညွှန်းထားသည့်ဌေစာရင်းဖော်ပြချက်မိတ္တူတစောင်ကို၊ ထိုဖော်ပြချက်နှင့်ဖြစ်စေ၊ အဖွဲ့၏ဌေစာရင်းများနှင့်ဖြစ်စေ၊ ပတ်သက်သည့်စာရင်းစစ်များ၏ အစီရင်ခံစာနှင့်အတူ အဖွဲ့ကပေးပို့ရမည်။

(၄) နိုင်ငံတော်သမတသည်၊ ထိုဖော်ပြချက်နှင့်အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီနှင့် အက်ဥပဒေအရ မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့်အစီရင်ခံစာကိုပါ ပါလီမန်၌တင်ပြရမည်။

၃၇။ ။အဖွဲ့သည် ဘဏ္ဍာရေးနှစ်အသီးသီးကုန်ဆုံးပြီးနောက် လျင်မြန်နိုင်သမျှလျင်မြန်စွာ နိုင်ငံတော်သမတထံသို့၊ ထိုနှစ်အတွင်း အဖွဲ့၏ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းရမည့်ပြင်၊ နိုင်ငံတော်သမတက၊ မိမိလိုအပ်သည့်အကြောင်းအရာကို ပေးပို့ရမည်ဟုဆင့်ဆိုလျှင်၊ ထိုအကြောင်းအရာကို မည်သည့်အချိန်၌မဆိုပေးပို့ရမည်။

အခန်း ၈။

အရပ်ရပ်ဆိုင်ရာ။

၃၈။ ။အဖွဲ့၏ပြုလုပ်မှုနှင့်မှုခင်းကိစ္စအားလုံးကို၊ နိုင်ငံတော်သမတ၏အုပ်ချုပ်မှုကိုလိုက်နာ၍ ဆောင်ရွက်ရမည်။

ပဋိညာဉ်များ။

၃၉။ ။မည်သည့်ပဋိညာဉ်မျှ အဖွဲ့၏အစည်းအဝေးမှတ်တမ်းတွင်ချုပ်ဆိုရန် အခွင့်အာဏာပေးထားခြင်းမရှိလျှင်၎င်း၊ အဖွဲ့၏တံဆိပ်ခတ်နှိပ်ထားခြင်းမရှိလျှင်၎င်း၊ အတည်မဖြစ်စေရ။

တရားစွဲဆိုခြင်းကို တားမြစ်ခြင်း။

၄၀။ ။၎အက်ဥပဒေအရ အာဏာများပေးအပ်ထားသည့် အဖွဲ့ဝင်လူကြီးတဦးတယောက်အပေါ်တွင်၊ မည်သည့်ကိစ္စကိုမဆို၊ ၎အက်ဥပဒေအရရိုးသားသောသဘောဖြင့်ပြုလုပ်သည့်အတွက်သော်၎င်း၊ ပြုလုပ်ရန်ကြံရွယ်၍ဆောင်ရွက်သည့်အတွက်သော်၎င်း၊ ရာဇဝတ်မှုစွဲဆိုခြင်း၊ သို့တည်းမဟုတ် တရားမမှုစွဲဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် အမှုအခင်းမပြုလုပ်ရ။

စည်းကမ်းဥပဒေများ ပြုလုပ်ရန် နောက်ထပ်အာဏာ။

၄၁။ ။အဖွဲ့သည် ၎အက်ဥပဒေပါကိစ္စအားလုံးကိုသော်၎င်း၊ ကိစ္စတခုခုကိုသော်၎င်း၊ ဆောင်ရွက်ရန်အလို့ငှါ၊ ၎အက်ဥပဒေနှင့်အညီဖြစ်သော စည်းကမ်းဥပဒေများကိုပြုလုပ်နိုင်သည်။ သို့သော် ထိုစည်းကမ်းဥပဒေများသည်၊ နိုင်ငံတော်သမတကသဘောတူညီမှုအတည်ဖြစ်ရမည်။

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၉။] (၁၉၅၂ ခု၊ အောက်တိုဘာလ ၁ ရက်။)

အပိုင်း ၁။

ပကာမ။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့်သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့[၁]တွင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ဤအက်ဥပဒေပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကိုဆိုလိုသည်။

(ခ) ''သစ်တောထွက်ပစ္စည်း'' ဆိုသည့်စကားရပ်မှာ၊ ဤအက်ဥပဒေ အလိုငှါ၊ သစ်တောထွက်ပစ္စည်းဖြစ်သည်ဟု ဤအက်ဥပဒေပုဒ်မ ၁၇ (က) အရ၊အဖွဲ့က ကျေညာသည့် ပစ္စည်းကိုဆိုလိုသည်။

(ဂ) ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ ပုဒ်မ ၉ အရ၊ ပြုလုပ်သည့် နည်းဥပဒေများအရ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

အပိုင်း ၂။

အဖွဲ့ ဖွဲ့စည်းပုံ။

၃။ ။(၁) နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ဟူသောအမည်ဖြင့် အဖွဲ့တခုကို၊ နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာလွှက် သတ်မှတ်သည့်နေ့မှစ၍ ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ အဖွဲ့ပိုင်တံဆိပ်တခု ရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

(၃) ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်စည်ပစ္စည် များနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေ (The Essential Supplies and Services Act, 1947) အရ ဖွဲ့စည်းထားသော နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ရုံပုံငွေကိုငင်း၊ ထိုနိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့ပိုင်ပစ္စည်းနှင့် ကြွေးမြီ တာဝန်အားလုံးကိုငင်း၊ အဖွဲ့ကဆက်ခံရမည့်ပြင်၊ အဆိုပါ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့က ချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်း အဖွဲ့ကပင်ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

---

[၁] ၁၉၅၂ ခု၊ အောက်တိုဘာလ ၁ ရက်။ ။မြန်မာနိုင်ငံပြန့်တန်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၉၆၅ တွင်ကြည့်။

၄။ ။အဖွဲ့တွင် နိုင်ငံတော်သမတကခန့်ထားသော ဥက္ကဋ္ဌနှင့်အခြားအဖွဲ့ဝင်လူကြီးဆယ်ဦး ပါရှိရမည်။ ဥက္ကဋ္ဌမှတပါး အခြားအဖွဲ့ဝင်လူကြီးများအနက် တဝက်ထက်မပိုသော လူကြီးများမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနမှ အရာရှိများနှင့် အခြားသက်ဆိုင်ရာ အစိုးရဌာနများမှ အရာရှိများဖြစ်၍၊ ကျန်လူကြီးများမှာ အစိုးရအရာရှိမဟုတ်သူများဖြစ်ရမည်။

၅။ ။(၁) ပုဂ္ဂိုလ်တဦးကို အဖွဲ့ဝင်လူကြီးအဖြစ် မခန့်ထားမီ ထိုပုဂ္ဂိုလ်ကအဖွဲ့ဝင်လူကြီးအဖြစ် မိမိ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဘွယ်ရာရှိသည့် ငွေရေးကြေးရေး၊ အကျိုးသက်ဆိုင်ခွင့်၊ သို့တည်းမဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ရှိမည်မဟုတ်ဟုနိုင်ငံတော်သမတက ကျေနပ်ရမည်ပြင်၊ အဖွဲ့ဝင်လူကြီးတဦးဦး၌ ထိုသို့သောအကျိုးသက်ဆိုင်ခွင့်မရှိဟူ၍လည်း၊ အခါအားလျော်စွာ နိုင်ငံတော်သမတက ကျေနပ်ရမည်။

(၂) အဖွဲ့ကပြုလုပ်သည့်၊ သို့တည်းမဟုတ်ပြုလုပ်ရန်ကြံရွယ်သည့်ပဋိညာဉ်၊ရောင်းမှု၊သို့တည်းမဟုတ် ဝယ်မှုတခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊တနည်းနည်းဖြင့်အကျိုးသက်ဆိုင်သည့် အဖွဲ့ဝင်လူကြီးသည်၊ မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင်ထုတ်ဖော်ပြောဆိုရမည်။ ထိုသို့ထုတ်ဖော်ပြောဆိုချက်ကို၊ အဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထို့ပြင်ထိုအဖွဲ့ဝင်လူကြီးသည်၊ ပဋိညာဉ်ပြုလုပ်မှု၊ ရောင်းမှု၊ သို့တည်းမဟုတ် ဝယ်မှုနှင့်ပတ်သက်၍ အဖွဲ့ကဆွေးနွေးရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင်မပါဝင်ရ။

၆။ ။အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်လူကြီးတို့၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။ အဖွဲ့ဝင်လူကြီးတဦးဦး၏ ရာထူးလက်ရှိဆောင်ရွက်ခြင်းကို နိုင်ငံတော်သမတက အချိန်မရွေးရပ်စဲနိုင်သည်။

၇။ ။အဖွဲ့တွင် ပါဝင်သော အစိုးရအရာရှိမဟုတ်သူ လူကြီးများအား၊ နိုင်ငံတော်သမတက သတ်မှတ်သည့်အခများနှင့် စနိတ်ကြေးငွေများပေးရမည်။

၈။ ။(၁) သေဆုံး၍ဖြစ်စေ၊ ရာထူးမှနုတ်ထွက်၍ဖြစ်စေ၊ ရာထူးမှ နုတ်ပယ်ခြင်း ခံရ၍ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးရာထူးလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင်၊ အဖွဲ့ဝင်လူကြီးသစ်တဦးကို အဖွဲ့ဝင်လူကြီးဟောင်းအား ခန့်ထားသည့်နည်းတူ ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော အဖွဲ့ဝင်လူကြီးသစ်သည်၊ မိမိအားခန့်ထားသည့်နေရာတွင် အဖွဲ့ဝင်လူကြီးဟောင်း၏ ရာထူးသက်တင်းစေ့ကုန်မည့်အချိန်အထိသာ ရာထူးလက်ရှိထမ်းရွက်ရမည်။

(၂) အဖွဲ့ကစီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်လူကြီး ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်ငင်း၊ အဖွဲ့ဝင်လူကြီး တဦးဦးခန့်ထားရာဘွင် ချို့ယွင်းချက် တခုခုရှိသည့် အကြောင်းကြောင့်သော်ငင်း မပျက်ပြယ်စေရ။

အပိုင်း ၃။

အဖွဲ့နှင့်ပတ်သက်သည့် နိုင်ငံတော်သမတ၏ အာဏာများ။

၉။ ။နိုင်ငံတော်သမတသည်၊ အောက်ပါ ကိစ္စများအတွက် နည်းဥပဒေများကို အမိန့်ကြော်ငြာစာ ထုပ်ပြန်ကျေညာ၍ပြုလုပ်နိုင်သည်။

(က) အဖွဲ့၏လုပ်ငန်းဆောင်တာများမှ ခြွင်းချန်ရမည့် သစ်တောထွက်ပစ္စည်းရှိလျှင်၊ ယင်းသို့ခြွင်းချန်ရမည့် သစ်တောထွက်ပစ္စည်းမျိုးကို ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) အဖွဲ့ကပုဒ်မ ၁၇ (က) အရ၊ သုံးစွဲနိုင်သည့်အာဏာများကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) အဖွဲ့က အများပြည်သူတို့ထံမှ ငွေချေးယူရန်နည်းလမ်းကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) နိုင်ငံတော်သမတက၊ အဖွဲ့သို့ပုဒ်မ ၂၁ အရ၊ ထုတ်ချေးသည့်ငွေများ ပြန်လည်ပေးဆပ်ရမည့်နည်းလမ်းကို ပြဋ္ဌာန်းရန်ကိစ္စ။

(င) အဖွဲ့ဥက္ကဋ္ဌ၏လစာနှင့် စရိတ်ကြေးငွေများကိုငင်း၊ အမှုထမ်းစည်းကမ်းများကိုငင်း၊ ပြဋ္ဌာန်းရန်ကိစ္စ။

(စ) ပုဒ်မ ၁၇ (ဆ) အရ ခန့်ထားသည့်၊ သို့တည်းမဟုတ် အမည်တင်သွင်း ခန့်ထားသည့် ပုဂ္ဂိုလ်တို့အား၊ ပေးသင့်သည့်အခနှင့်စရိတ်ကြေးငွေများကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဆ) အဖွဲ့အတွက်မြေသိမ်းယူနိုင်သည့် အချက်များနှင့် နည်းလမ်းကိုပြဋ္ဌာန်းရန်ကိစ္စ။

(ဇ) အဖွဲ့အစည်းအဝေး၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေး အထမြောက်စေရန် တက်ရောက်ရမည့် လူကြီးဦးရေကို သတ်မှတ်ရန်ကိစ္စ။

(ဈ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်ကိစ္စ။

၁၀။ ။နိုင်ငံတော်သမတသည်၊ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ နိုင်ငံတော် အကျိုးနှင့် သက်ဆိုင်သည်ဟု မိမိထင်မြင်သောကိစ္စများနှင့်စပ်လျဉ်း၍၊ အဖွဲ့အား ၎င်း၏အလုပ်ဝတ်တရားများကို မည်သို့ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၁၁။ ။နိုင်ငံတော်သမတသည်၊ အဖွဲ့နှင့် ညှိနှိုင်း တိုင်ပင်ပြီးနောက်၊ အဖွဲ့အား ၎င်း၏လုပ်ငန်းဆောင်တာအရပ်ရပ်ကို ရပ်စဲရန်ဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၁၂။ ။(၁) ဤအက်ဥပဒေဖြင့်ပေးအပ်ထားသောတာဝန်ဝတ်တရား၊ အလုပ်ဝတ်တရားနှင့် အခြားတာဝန်များကို အဖွဲ့ကဆောင်ရွက်ရန် ပျက်ကွက်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ အဖွဲ့ကိုဖျက်သိမ်းနိုင်သည်။ ထိုသို့ကျေညာပြီးနောက် အဖွဲ့၏ လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲ ညွှန်ကြား ဆောင်ရွက် မှုကို နိုင်ငံတော်သမတ၊က ခန့်ထားသော ကိုယ်စားလှယ်သို့အပ်နှင်းရမည်။ ထိုသို့အပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်သည် ဤအက်ဥပဒေအရ၊ အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အရေးယူသောအခါ၊ နိုင်ငံတော်သမတသည်၊ ထိုသို့အရေးယူရသည့် အကြောင်းရင်းအခြေအနေများနှင့် အရေးယူပုံအစုံအလင်ဖေါ်ပြပါရှိသော အစီရင်ခံစာကို၊ ပါလီမန်သို့ အဖွဲ့အားဖျက်သိမ်းကြောင်း ကျေညာသည့်နေ့မှစ၍ သုံးလအတွင်း လျင်မြန်နိုင်သမျှ လျင်မြန်စွာတင်ပြရမည်။

(၃) ဤပုဒ်မအရထုတ်ပြန်ကျေညာသောမည်သည့်အမိန့်ကြော်ငြာစာမျှ၊ခြောက်လထက်ပို၍ အာဏာမတည်စေရ။ သို့ရာတွင်နိုင်ငံတော်သမတသည်၊ ထိုကဲ့သို့ထုတ်ပြန်ကျေညာသည့် အမိန့်ကြော်ငြာစာကို အသစ်ထပ်မံ၍ထုတ်ပြန်ကျေညာနိုင်သည်။ ထိုသို့အသစ်ထပ်မံ၍ ထုတ်ပြန်ကျေညာသည့် အမိန့်ကြော်ငြာစာတိုင်းသည် ခြောက်လထက်ပို၍အာဏာမတည်စေရ။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရ အဖွဲ့ကို ဖျက်သိမ်းပြီးသည့်နောက်၊ မည်သည့်အခါ၌မဆို သင့်လျော်သည်ဟုထင်မြင်လျှင်၊ ဤအက်ဥပဒေပုဒ်မ ၃ အရ အဖွဲ့အသစ်တဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

အပိုင်း ၄။

အဖွဲ့၏အလုပ်ဝတ်တရားများ။

၁၃။ ။(၁) အဖွဲ့၏အလုပ်ဝတ်ဘရားများသည်၊ ဤအက်ဥပဒေပုဒ်မ ၉ အရ ပြုလုပ်သည့် နည်းဥပဒေများဖြင့်၊ နိုင်ငံတော်သမတက အဖွဲ့၏လုပ်ငန်းဆောင်တာများမှ ခြွင်းချန်ထားသော သစ်တောထွက် ပစ္စည်းမျိုးမှတပါး၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အခြားသစ်တောထွက် ပစ္စည်းများထုတ်ယူခြင်း၊ ခွဲစိတ်ခြင်းနှင့် ရောင်းဝယ်ခြင်းကို ယေဘုယျအားဖြင့် ကြီးကြပ်အုပ်ချုပ် တိုးတက်ဆောင်ရွက်ရန်ဖြစ်သည့်ပြင်၊ ဤအက်ဥပဒေအရ၊ အဖွဲ့၏အလုပ်ဝတ်တရားများကို၊ နည်းလမ်း တကျဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သော၊ သို့တည်းမဟုတ် သင့်လျော်သော အခြားလုပ်ငန်း ဆောင်တာများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါအလုပ်ဝတ်တရားများတွင်၊ အထူးအားဖြင့် အောက်ပါတို့လည်းပါဝင်ရမည်။

(က) သစ်တောထွက်ပစ္စည်းများကိုထုတ်ယူခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ စီမံချထားခြင်း၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်ခြင်း။

(ခ) သစ်တောထွက်ပစ္စည်းများ ခွဲစိတ်သည့်လုပ်ငန်းကို ဆောင်ရွက်ခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ သစ်တောထွက် ပစ္စည်းများကို ရောင်းချခြင်း၊ သို့တည်းမဟုတ် ထုခွဲခြင်း။

(ဃ) ဝတ္ထုပစ္စည်းများ၊ တိရစ္ဆာန်များ၊ ပဒဋ္ဌများ၊ စက်ကိရိယာများ၊ စက်ပစ္စည်းများနှင့် အခြားပစ္စည်းများကိုဝယ်ယူခြင်း၊ ငှါးရမ်းခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် ထုခွဲခြင်း။

(င) မြေ၊ စက်ရုံများ၊ ကုန်လှောင်ရုံများနှင့်အခြားအဆောက်အဦများကို ဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်း၊ ငှါးရမ်းခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် ထုခွဲခြင်း။

(စ) သစ်တောထွက်ပစ္စည်းများ သယ်ယူပို့ဆောင်မှုလွယ်ကူစေခြင်းငှါ၊ မြစ်ကြောင်းပို့ ပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဆ) ဆင်ဖမ်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဇ) ကြည့်ရှုစီစစ်မှု၊ စုံးသပ်မှုနှင့်သုတေသန လုပ်ငန်းများကိုဆောင်ရွက်ခြင်း။

၁၄။ ။အဖွဲ့သည်၊မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ကူးသန်းရောင်းဝယ်ရေး၊ သစ်ဆင်ပြုစုရေး၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုလက်မှုလုပ်ငန်းနှင့် အများပြည်သူတို့၏ အကျိုးများကိုအထူးရှေ့ရှု၍၊ ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ လိုက်နာရမည့်မူနှင့် ပတ်သက်သည့်အချက်များတွင်၊ နိုင်ငံတော်သမတက အဖွဲ့အားညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၁၅။ ။အဖွဲ့သည်၊ မိမိအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်နှင့် မှတ်တမ်း မိတ္တူများကိုနိုင်ငံတော်သမတထံပေးပို့ရမည်။

၁၆။ ။အဖွဲ့သည်၊ အဖွဲ့၏အလုပ်လုပ်ကိုင်သည့်နှစ် အသီးသီးကုန်ဆုံးပြီးနောက် ဆောလျင်စွာနိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်းအဖွဲ့၏အလုပ်ဝတ်တရားများကိုဆောင်ရွက်ခြင်းနှင့်ငင်း၊ အဖွဲ့က လိုက်နာသည့်မူနှင့်ငင်း၊ လုပ်ငန်းစဉ်များနှင့်ငင်းပတ်သက်၍၊ နိုင်ငံတော်သမတထံအစီရင်ခံစာတင်သွင်း ရမည်။ နိုင်ငံတော်သမတသည်၊ အဆိုပါအစီရင်ခံစာအသီးသီး၏ မိတ္တူကိုပါလီမန်သို့တင်ပြရမည်။

အပိုင်း ၅။

အဖွဲ့၏အာဏာများ။

၁၇။ ။ဤအက်ဥပဒေဖြင့်အပ်နှင်းထားသော အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဖွဲ့မှာ ဤအက်ဥပဒေအရ အဖွဲ့၏အလုပ်ဝတ်တရားများကိုဆောင်ရွက်ရန်အလို့ငှါလိုအပ်သော၊ သို့တည်းမဟုတ် သင့်လျော်သောမည်သည့်ကိစ္စမဆို ပြုလုပ်နိုင်သည့်အာဏာများ ရှိရမည်။ ထို့ပြင် အဆိုပါအာဏာများတွင် အောက်ပါအာဏာများလည်းပါဝင်ရမည်။

(က) အပင်မှ၊ သို့တည်းမဟုတ်တိရစ္ဆာန်မှထွက်သည့် ပစ္စည်းတခုခုကို၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ သစ်တောထွက်ပစ္စည်းဖြစ်သည်ဟုအမိန့် ကြော်ငြာစာထုတ်ပြန်ကျေညာနိုင်သည့်အာဏာ၊ ထို့ပြင်အဆိုပါပစ္စည်းတခုခုကို ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ပြဋ္ဌာန်းချက်တခုခုနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ ရပ်စဲရမည်ဟုလည်း၊ မည်သည့်အခါမဆိုအလားတူ ကျေညာနိုင်သည့်အာဏာ။

(ခ) သစ်တောထွက် ပစ္စည်းများခွဲစိတ်ခြင်းနှင့် နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းနှင့်ပတ်သက်၍အကြောင်းအရာများစုဆောင်းခြင်းကိုကြီးကြပ်၍ ထိုအကြောင်းအရာများကိုတောင်းယူနိုင်သည့်အာဏာ၊ ထို့ပြင် ထိုသို့ကြီးကြပ်ရန်နှင့် အကြောင်းအရာမှန်မမှန်သိရှိအောင်ပြုလုပ်ရန်အလို့ငှါ၊ အဖွဲ့ဆိုင်ရာအရာရှိများအား ဥပစာများကိုကြည့်ရှုစစ်ဆေးရန် အခွင့်အာဏာ ပေးနိုင်သည့်အာဏာ။

(ဂ) သစ်တောထွက် ပစ္စည်းများ ထုတ်ယူခွဲစိတ်ခြင်းဝယ်သည့် လုပ်ငန်းကို ဆောင်ရွက်ရန်အာဏာ။

(ဃ) နိုင်ငံတော်သမတထံမှ ကြိုတင်ရယူသည့် အခွင့်အမိန့်ဖြင့် ငွေချေးယူရန်နှင့် ငွေထုတ်ချေးရန်အာဏာ။

(င) အဖွဲ့၏ အမှုဆောင်အရာရှိချုပ်ဖြစ်မည့်ဥက္ကဋ္ဌအား၊ ဤအက်ဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည်ထင်မြင်သည့်အဖွဲ့၏ အလုပ်ဝတ်တရားများနှင့်အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

(စ) အဖွဲ့ဝင်လူကြီးနှစ်ဦးဖြင့်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ ပါဝင်သည့်ကော်မိတီများကိုခန့်ထား၍ ထိုကော်မိတီများအား၊ ဤအက်ဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည်ထင်မြင်သည့် အဖွဲ့၏အလုပ်ဝတ်တရားများနှင့် အာဏာများကိုလွှဲနိုင်သည့်အာဏာ။

(ဆ) ကိစ္စတခုခုနှင့်ပတ်သက်၍ အဖွဲ့အား အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်တဦးဦးကိုခန့်ထား၍၊ သို့တည်းမဟုတ်အမည်တင်သွင်း၍၊ ထိုပုဂ္ဂိုလ်အား နိုင်ငံတော်သမတကပြဋ္ဌာန်းသည့် အခမျာနှင့် စရိတ်ကြေးငွေများပေးနိုင်သည့်အာဏာ။

(ဇ) ကိုယ်စားလှယ်များခန့်၍၊ ဤအက်ဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့်အဖွဲ့၏ အလုပ်ဝတ်တရားများနှင့် အာဏာများကို ထိုကိုယ်စားလှယ်တို့အား လွှဲအပ်နိုင်သည့်အာဏာ။

၁၈။ ။(၁) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ထားရန်လိုအပ်သည်ဟု အဖွဲ့ကထင်မြင်သော၊ သို့တည်းမဟုတ်ထားရန်သင့်သည်ဟု အဖွဲ့ကထင်မြင်သော ရာထူးမူထမ်း စာရင်းများကို၊ အခါအားလျော်စွာ အဖွဲ့က စီစဉ်ရေးသား၍ အစည်းအဝေးခွဲဆုံးဖြတ်ခွင့်ပြုရမည်။

(၂) ဆိုခဲ့သည့်အရာရှိအသီးသီးအတွက်သော်၎င်း၊ အမှုထမ်းအသီးသီး အတွက်သော်၎င်း၊ အဖွဲ့ကခွင့်ပြုသည့်လစာများ၊ အခမ်းနှင့်စရိတ်ကြေးငွေများ၏ အရေအတွက်နှင့်အပျိုးအစားကို ထိုစာရင်းများတွင် ဖေါ်ပြရမည်။

(၃) အဖွဲ့က နောက်ဆုံးခွင့်ပြုသည့်စာရင်းအား လုံးကို၊ ပုဒ်မ ၂၅ အရပြုလုပ်သည့်နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့်ပူးတွဲ၍၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ရရှိရန်အလို့ငှါတင်ပြ ရမည်။

(၄) ရာထမ်းမှုထမ်းများနှင့် ပတ်သက်သည့် အခြားအမှုထမ်းစည်းကမ်းများကို၊ အဖွဲ့က နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ကို ခံယူလျက်စည်းကမ်းဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၁၉။ ။အဖွဲ့သည်၊ မိမိ၏လုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤအက်ဥပဒေနှင့်ညီညွတ်သော စည်းကမ်းဥပဒေများကိုပြုလုပ်ရမည်။ ထို့ပြင် ဤအက်ဥပဒေဖြင့် အပ်နှင်းထားသောအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများသည် အထူးသဖြင့်အောက်ပါကိစ္စများ အတွက်ဖြစ်ရမည်။

(က) အဖွဲ့၏လုပ်ငန်းကို စီမံဆောင်ရွက်ခြင်းနှင့် အဖွဲ့၏အစည်းအဝေးများတွင်လိုက် နာရန်ကျင့်ထုံး။

(ခ) အဖွဲ့၏ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများ။

(ဂ) အဖွဲ့က၊ မိမိ၏အာဏာများကိုဥက္ကဋ္ဌ၊ ကော်မိတီ၊ သို့တည်းမဟုတ် ကိုယ်စား လှယ်များသို့လွှဲအပ်ခြင်း။

(ဃ) အဖွဲ့ကိုယ်စား၊ ပဋိညာဉ်များနှင့်အခြားစာတင်းအမှတ်အသားများကို လက်မှတ် ရေးထိုးခြင်း။

(င) အဖွဲ့သို့အပ်နှင်းထားသော တာဝန်ဝတ်တရားများကို ယေဘုယျအားဖြင့်ထိ ရောက်စွာဆောင်ရွက်ခြင်း။

အပိုင်း ၆။

ငွေရေးကြေးရေးနှင့် ငွေစာရင်းများ။

၂၀။ ။အဖွဲ့သည်၊ နိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့ရံပုံငွေဟု ခေါ်တွင်သည့်ရံပုံငွေတခုထား၍ ၍ အောက်ပါငွေများကို ထိုရံပုံငွေ၌ထည့်သွင်းရမည်။

(က) ဤအက်ဥပဒေအရ အဖွဲ့ကရရှိသော ငွေအားလုံး။

(ခ) မိမိ၏အာဏာများနှင့် အလုပ်ဝတ်တရားများကို အဖွဲ့ကသုံးစွဲ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမတထံမှရရှိသောငွေများ။

၂၁။ ။အဖွဲ့ကမိမိ၏ အာဏာများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင် ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်သည်ထင်မြင်သည့်ငွေများကို မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အခွန်ငွေတွင်စာရင်းချမှတ်၍ဖြစ်စေ၊ မ,တည်ငွေတွင်စာရင်းချမှတ်၍ဖြစ်စေ အဖွဲ့သို့ထုတ်ပေးနိုင်သည်။

၂၂။ ။(၁) အဖွဲ့သည်၊ ချက်ခြင်းအသုံးမလိုသည့် မိမိ၏ငွေအားလုံးကို၊ နိုင်ငံတော် အစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိသောဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

(၂) အဖွဲ့၏ရုံးပုံဥပဒေများကို၊ အဖွဲ့ကပြုလုပ်သည့် စည်းကမ်းဥပဒေများအရ ထုတ်ယူသုံးစွဲရမည်။

၂၃။ ။အဖွဲ့၏ရုံးပုံဥပဒေများကို၊ နိုင်ငံတော်သမတ၏ ကြိုတင် သဘောတူညီချက်ဖြင့်သာ ရင်းနှီးရမည်။

၂၄။ ။အောက်ပါကိစ္စများအတွက်၊ အဖွဲ့၏ရုံးပုံဥပဒေများကို အဖွဲ့ကသုံးစွဲရမည်။

(က) အဖွဲ့သို့နိုင်ငံတော်သမတက ထုတ်ချေးထားသောငွေများနှင့် စပ်လျဉ်း၍အရင်းကို၊ သို့တည်းမဟုတ် အတိုးများကိုပေးဆပ်ခြင်း။

(ခ) အဖွဲ့၏ ရာထူးမှထမ်းတို့ လစာစသည်တို့ အတွက် စရိတ်ကျခံခြင်း။

(ဂ) လိုအပ်သည်ဟုထင်မြင်သည့် အခြားအသုံးစရိတ်များကို နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်ကျခံခြင်း။

၂၅။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးမကုန်မီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ရ-သုံးခန့်မှန်းခြေစာရင်းကို၊ နိုင်ငံတော်သမတထံအရင့်အမိန့်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါခန့်မှန်းခြေစာရင်းများကို ပြင်ဆင်သည့်နောက်ထပ်ခန့်မှန်းခြေစာရင်းများကိုလည်း၊ အခါအားလျော်စွာထိုနည်းတူတင်သွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရခွင့်ပြုသည့်ခန့်မှန်းခြေ စာရင်းထက်ပို၍ မည်သည့်အသုံးစရိတ်ကိုမျှ အဖွဲ့ကမကျခံရ။

၂၆။ ။(၁) အဖွဲ့သည်၊ ငွေစာရင်းများကိုငင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုငင်း ထားရှိရမည့်ပြင်၊ အဖွဲ့၏အလုပ်လုပ်ကိုင်သည့် နှစ်အသီးသီးအတွက် နှစ်ချုပ်ငွေစာရင်းကိုလည်း နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ် သတ်မှတ်သည့်ပုံစံဖြင့် စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေး၍ နိုင်ငံတော်သမတထံအစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာကို နိုင်ငံတော်သမတက ပါလီမန်သို့တင်ပြရမည်။ သို့ရာတွင်အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ ကြိုတင်သဘောတူညီချက်ဖြင့်၊ ခန့်သောပြည်သူ့ဝန်ထမ်းမဟုတ်သည့် နာမည်ရငွေစာရင်းစစ်အား၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်အဖွဲ့၏ငွေစာရင်းများကို၊ ကုန်သည်တို့နည်းလမ်းအတိုင်း၊ ကြားဖြတ်စစ်ဆေးစေနိုင်သည်။

၂၇။ ။ကုမ္ပဏီတခုကမိမိ၏ အသားတင်ဝင်ငွေပေါ်တွင် အခွန်များပေးဆောင်ရသည့် နည်းလမ်းအတိုင်း၊ ထိုကုမ္ပဏီ၌အခွန်ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အမျှ၊ အဖွဲ့မှာလည်း မိမိ၏ အသားတင်ဝင်ငွေပေါ်တွင် အခွန်များပေးဆောင်ရန်တာဝန်ရှိရမည်။

၂၈။ ။အဖွဲ့သည်၊ တန်ဘိုးယုတ်လျော့ခြင်းအတွက်နှင့် သီးသန့်ရုံပုံငွေမှစ၍ အခြားရုံပုံငွေများအတွက်၊ နိုင်ငံတော်သမတက၊ နိုင်ငံတော်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍၊ သတ်မှတ်သည့်နှုန်းများနှင့်စည်းကမ်းချက်များအတိုင်း ရုံပုံငွေစီမံရာထားရမည်။

၂၉။ ။ပုဒ်မ ၂၈ တွင်ဖော်ပြတားသည့် ရုံပုံငွေစီမံရာဆားပြီးသည့်နောက် သတ်မှတ်ရမည့် အဖွဲ့၏ အသားတင်အမြတ်ငွေကို၊ အခါအားလျော်စွာ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်၍ နိုင်ငံတော်သမတက ဆုံးဖြတ်သည့်နည်းလမ်းအတိုင်းသုံးစွဲရမည်။

အပိုင်း ၇။

အထွေထွေ။

၃၀။ ။အဖွဲ့၏ရာသက်မှုထမ်းအားလုံးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကို ပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟုမှတ်ယူရမည်။

၃၁။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့်ပြုလုပ်သော၊ သို့တည်းမဟုတ် ပြုလုပ်သည့် သဘောသက်ရောက်သောအပြုအမူ တခုခုနှင့်ပတ်သက်၍၊ အဖွဲ့အပေါ်တွင်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးတဦးဦးအပေါ်တွင်ဖြစ်စေ၊ အဖွဲ့၏ရာထမ်းမှထမ်း တဦးဦးအပေါ်တွင်ဖြစ်စေ၊ တရားမမှုစွဲဆိုခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မှုစွဲဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် အခြားအမှုအခင်းမပြုရ။

သို့ရာတွင်ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတခုကတရားမမှုစွဲဆိုနိုင်သကဲ့သို့၊ သို့တည်းမဟုတ် စွဲဆိုခံထိုက်သကဲ့သို့၊ အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် အဖွဲ့က၊ သို့တည်းမဟုတ်ဆိုခဲ့သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့ကို၊ သို့တည်းမဟုတ်ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲဆိုခြင်းကို၊ ဤပုဒ်မပါမည်သည့်ပြဋ္ဌာန်းချက်ကမျှ ပိတ်ပင်ခြင်းမရှိစေရ။

မဟိစာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင် အက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၄။] (၁၉၅၂ ခု၊ ဒီဇင်ဘာလ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် အာဏာတည်သည့် နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၂ ခုနှစ်၊ မဟိစာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတက၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာသတ်မှတ်သည့်နေ့ရက် * တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်၊ ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေဖြင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ရှိသည့် နည်းဥပဒေများဖြင့်ဖြစ်စေ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

စာရင်းစစ်တမ်း ကောက်ယူခြင်း။

၃။ ။နိုင်ငံတော် သမတ သည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန် ကျေညာ၍ ထိုအမိန့်ကြော်ငြာစာတွင် ဖော်ပြပါရှိသည့် အရပ်ဒေသများတွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွါးရေးအခြေအနေ၊ သို့တည်းမဟုတ် လူတို့၏နေထိုင်မှု အခြေအနေ အကျိုးစီးပွါးတို့နှင့်သက်ဆိုင်သမျှ ကိစ္စများနှင့်စပ်လျဉ်း၍၊ စာရင်းစစ်တမ်းကောက်ယူရန် ဆင့်ဆိုနိုင်သည်။

---

* ၁၉၅၂ ခု၊ ဒီဇင်ဘာလ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၂၄၆ တွင်ကြည့်။

၄။ ။(၁) နိုင်ငံတော်သမတသည်၊ မဟိုစာရင်းစစ်တမ်းကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်ဟု ခေါ်တွင်ရမည့်အရာရှိတဦးကို ခန့်ထားရမည်။ ထိုညွှန်ကြားရေးဝန်သည်၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်း ကောက်ယူရန်ကိစ္စအလို့ငှါ၊ မဟိုစာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင်အဖြစ်ဖြင့် ဆောင်ရွက်ရမည်။ မဟိုစာရင်း စစ်တမ်းကောက်ယူရေးနှင့်စီးပွါးရေးဌာနညွှန်ကြားရေးဝန် သည်တို့ ခန့်ထားခြင်း။

(၂) နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေကိစ္စအလို့ငှါ၊ မဟို စာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ဒုတိယ ညွှန်ကြားရေးဝန်များနှင့် အခြား ရာထမ်း မှုထမ်းများကို ခန့်ထားနိုင်သည်။ ယင်းသို့ ခန့်ထားခြင်းခံရသည့် ဒုတိယ ညွှန်ကြားရေးဝန်သည်၊ ပုဒ်မ ၁၄ အရပြုသည့် နည်းဥပဒေများနှင့်အညီ၊ မိမိအားလွှဲအပ်သည့် ညွှန်ကြားရေးဝန်၏ အာဏာများနှင့် တာဝန်ဝတ်တရားများကို သုံးဆွဲဆောင်ရွက်ရမည်။

၅။ ။(၁) မဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်၏ တာဝန်ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်ရမည်။ မဟိုစာရင်းစစ်တမ်းကောက်ယူရေးနှင့်စီးပွါးရေးဌာနညွှန်ကြားရေးဝန်၏ အဓိကတာဝန်ဝတ်တရားများ။

(က) လူတို့၏ နေထိုင်ရေးနှင့် စီးပွါးရေးဝါဒဗည်းမျဉ်း၊ အကျိုးထိရောက်သော စီမံကိန်းနှင့် အုပ်ချုပ်မှုတို့ကို ဖြစ်စေရန်အလို့ငှါ၊ ပြည်စုံ ကောင်းမွန်ကျန်း စိတ်ချနိုင်လောက်သည့် စာရင်းစစ်တမ်းဆိုင်ရာ စံနစ်တရပ်ရေးဆွဲခြင်း။

(ခ) စာရင်းစစ်တမ်း ကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စများအတွက်ဖြစ်စေ၊ ဆောင်ရွက်သည့် အစိုးရ၏စာရင်းစစ်တမ်းဆိုင်ရာ လုပ်ငန်းဟူသမျှတို့ကို ပြန်လည်စိစစ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း။

(ဂ) စာရင်းစစ်တမ်းများနှင့် စာရင်းစစ်တမ်းဆိုင်ရာလုပ်ငန်းများကို ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း။

(ဃ) စာရင်းစစ်တမ်းကောက်ယူရေးနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအဆင့်အတန်း တည်ထွင်ခြင်း၊ ပြဋ္ဌာန်းခြင်းနှင့် ထိုအဆင့်အတန်းတည်မြဲစေခြင်း။

(င) ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွါးရေးအတွက် လိုအပ်သော အချက်များကို ထောက်ရှု၍ လူတို့၏နေထိုင်မှုနှင့် စီးပွါးရေးဆိုင်ရာ စာရင်းများကောက်ယူရေး၊ သို့တည်းမဟုတ် စုံစမ်းရေးပြုလုပ်မှုကို စံနစ်တကျ ရေးဆွဲထားသော အခြေခံမူအရဖြစ်စေ၊ တိုတောင်းသောအချိန်အတွင်း ကြိုတင်ပြင်ဆင်မှုမရှိဘဲ ဖြစ်စေ လိုအပ်သည့်အလျောက် စီစဉ်ဆောင်ရွက်လုပ်ကိုင်ခြင်း။

(၂) မဟို စာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်သည်၊ ရ-သုံးခန့်မှန်းခြေဌေစာရင်းတွင် ရာထားသည့်ငွေထက်မပိုစေဘဲ၊ လောလောဆယ်ပေါ်ပေါက်သော် အကြောင်းကိစ္စများဆောင်ရွက်နိုင်စေခြင်းငှါ၊ သို့တည်းမဟုတ် လုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေခြင်းငှါ၊ ထိုစာရင်းကောက်ယူရေး၊ သို့တည်းမဟုတ် စုံစမ်းရေးအစီအစဉ်ကိုသော်၎င်း၊ လုပ်ငန်းအကျယ်အဝန်းကိုသော်၎င်း ပြောင်းလဲခြင်းကို၊ သို့တည်းမဟုတ် လိုအပ်သည့်အတိုင်း ပြင်ဆင်ခြင်းကိုပြုနိုင်သည်။

၆။ ။(၁) မဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်သည်၊ ပြဋ္ဌာန်းသည့် ကာလအပိုင်းအခြား ကုန်ဆုံးသည့်အခါတိုင်းတွင် ပြဋ္ဌာန်းသည့်ပုံစံဖြင့် ပြဋ္ဌာန်းသည့် အချက်များဖော်ပြလျက် စာရင်းစစ်တမ်း ကောက်ယူမည့်ကိစ္စနှင့် သက်ဆိုင်သော အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရင်းကိုပြဋ္ဌာန်းသည့် နည်းလမ်းဖြင့် ပြဋ္ဌာန်းသည့် အချိန်အတွင်း၊ ပြဋ္ဌာန်းသည့် အာဏာပိုင်ထံ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့်အခြားသူထံ တင်သွင်းရမည်ဟု တဦး တယောက်သောသူထံသို့၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ထံသို့၊ သို့တည်းမဟုတ် အဖွဲ့အစည်းသို့ စာရင်းများနှင့် အကြောင်းအရာများတောင်းယူရန် မဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့်

စီးပွါးရေးဌာန ညွှန်ကြားရေး ဝန်၏အာဏာ။

တိုက်ရိုက်ဖြစ်စေ၊ မဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန၏ ရာထမ်း မှုထမ်းများမှ တဆင့်ဖြစ်စေ၊ မိမိကိုယ်စားလှယ်အဖြစ် လွှဲအပ်သည့်ဌာနမှတဆင့်ဖြစ်စေ၊ နှိုတစ်စာ ချအပ်နိုင်သည်၊ သို့တည်းမဟုတ် ချအပ်စေနိုင်သည်။

(၂) မဟို စာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်သည်၊ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားသော အစိုးရဌာနမှတဆင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ စာရင်းစစ်တင်းများကောက်ယူရန်ကိစ္စအလို့ငှါ၊ တဦးတယောက်သောသူ၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အဖွဲ့အစည်းလက်ဝယ်ရှိသော သက်ဆိုင်ရာမှတ်တင်းကို၊ သို့တည်းမဟုတ် စာချုပ်စာတင်းတခုခုကို ကြည့်ရှုနိုင်သည်။ ထို့ပြင် စာရင်းစစ်တမ်း ကောက်ယူရေးအတွက် ဤအက်ဥပဒေအရ တင်သွင်းရန်လိုအပ်သည့် အကြောင်းအရာတခုခုရရှိရန် မေးမြန်းလိုသည့်ကိစ္စများကိုလည်း မေးမြန်းစုံစင်းနိုင်သည်။

စာရင်းများကို လျှို့ဝှက် ထားရှိရေး။

၇။ ။(၁) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တင်သွင်းထားသည့်စာရင်းတခုကိုငင်း၊ ထိုစာရင်း၏အစိတ်အပိုင်းကိုငင်း၊ သက်ဆိုင်သူပုဂ္ဂိုလ်တဦးဦးနှင့်၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်တဦးဦးနှင့်၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုနှင့် စပ်လျဉ်းသည့် အကြောင်းအရာကိုငင်း၊ ထိုစာရင်းနှင့်၊ သို့တည်းမဟုတ် အကြောင်းအရာနှင့်စပ်လျဉ်းသည့် ပုဂ္ဂိုလ်က၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ကဖြစ်စေ၊ လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားလှယ်ကဖြင့်စေ၊ သို့တည်းမဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ သဘောတူကြောင်းစာကိုကြိုတင်မရရှိဘဲ အကြောင်းအချက်တခုခုသည် သက်ဆိုင်သူပုဂ္ဂိုလ်တဦးဦးကို၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်တဦးဦးကို၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုကိုရည်ညွှန်းသည်ဟု သိရှိနိုင်ရန် ဖေါ်ပြသည့်နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကျေညာခြင်းမပြုရ။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ရာဇသတ်ကြီးအရဖြစ်စေ၊ တရားစွဲဆိုရန်ကိစ္စအတွက်မှတပါး၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်း ကောက်ယူခြင်းနှင့်၊ သို့တည်းမဟုတ် စုဆောင်းခြင်းနှင့်၊ သို့တည်းမဟုတ် စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ မလုပ်ကိုင်သူမည်သူကိုမျှ ဤအက်ဥပဒေအရ ကောက်ယူသည့်စာရင်းကို၊ သို့တည်းမဟုတ် အကြောင်းအရာကိုကြည့်ရှုခွင့်မပြုရ။

စာရင်းများ တင်သွင်းရန် ငြင်းဆိုခြင်း၊ သို့တည်းမဟုတ် စာရင်းကို မမှန်မကန် ပြုလုပ်ခြင်း အတွက် ပြစ်ဒဏ်။

၈။ ။မည်သူမဆို—

(က) ဤအက်ဥပဒေအရ မိမိတင်သွင်းရမည့် အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရင်းအင်းကိုတင်သွင်းရန် တမင်သက်သက် ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် တရားသောအကြောင်းပြချက်မရှိဘဲ တင်သွင်းရန်ပျက်ကွက်လျှင်သော်၎င်း၊

(ခ) မမှန်ဟု မိမိသိလျက်၊ သို့တည်းမဟုတ် ယုံကြည်လျက်နှင့်အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရင်းတခုခုကို တမင်သက်သက်တင်သွင်းလျှင်၊ သို့တည်းမဟုတ် တင်သွင်းစေလျှင်သော်၎င်း၊

(ဂ) ဤအက်ဥပဒေအရ မိမိတင်သွင်းရမည့် အကြောင်းအရာတခုခုရရှိရန် မိမိအား မေးမြန်းသည့်မေးခွန်းတခုခုကို ဖြေဆိုရန်ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် တမင်သက်သက်မမှန်သောအဖြေကိုပေးလျှင်သော်၎င်း၊

(ဃ) ပုဒ်မ ၆ (၂)ဖြင့် ပေးအပ်ထားသော သက်ဆိုင်ရာမှတ်တမ်းများနှင့် စာချုပ်စာတမ်းများကို ကြည့်ရှုနိုင်သည့် အခွင့်အရေးကို တားမြစ် ပိတ်ပင်လျှင်၊ သို့တည်းမဟုတ် အနှောင့်အယှက်ပြုလျှင်သော်၎င်း

ထိုသူသည် ပြစ်မှုအသီးသီးအတွက် ပြစ်မှုတခုလျှင် ငါးရာကျပ်ထိ ငွေဒဏ်စီရင်ခြင်း ခံရမည်။ ထို့ပြင် လုပ်ငန်းဌာနတခုနှင့်စပ်လျဉ်း၍ ဆက်လက်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ ပြစ်မှုကျူးလွန်သည့် ပဌမနေ့မှတပါး နောက်ထပ်ဆက်လက်ကျူးလွန်သော ကာလအပိုင်းအခြားအတွင်း၊ အခြားနေ့ရက်များအတွက်

ထိုလုပ်ငန်း ပိုင်ရှင်သည်၊ တနေ့လျှင် နှစ်ရာကျပ်ထိ ငွေဒဏ်စီရင်ခြင်း ခံရမည်။ ထို့ပြင် မမှန်သော အကြောင်းအချက်နှင့်၊ သို့တည်းမဟုတ် မမှန်သောစာရင်းများနှင့်၊ သို့တည်းမဟုတ် မမှန်သောအဖြေများနှင့် စပ်လျဉ်းသည့် ပြစ်မှုကို၊ မှန်သော အကြောင်းအချက်၊ သို့တည်းမဟုတ် မှန်သော စာရင်း၊ သို့တည်းမဟုတ် မှန်သောအဖြေတင်သွင်းသည့်၊ သို့တည်းမဟုတ် ပေးသည့်နေ့တိုင်အောင် ဆက်လက် ကျူးလွန်နေသည်ဟု မှတ်ယူရမည်။

နည်းလမ်း မကျသဲ့ပေါက်ကြားအောင် ပြုသည့် အတွက် ပြစ်ဒဏ်။

၉။ ။ဤအက်ဥပဒေအရ၊ စာရင်းစစ်တမ်း ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ လုပ်ကိုင်နေသူ တဦးတယောက်က ဤအက်ဥပဒေအရ အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်ကိစ္စအတွက်မှတပါး၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖြစ်စေ၊ ရာဇသတ်ကြီးအရဖြစ်စေ၊ ပြစ်မှုတခုခုအတွက် တရားစွဲဆိုရန် ကိစ္စအတွက်မှတပါး၊ ဤအက်ဥပဒေအရ ပေးသည့် အကြောင်းအရာကိုဖြစ်စေ၊ တင်သွင်းသည့် စာရင်းပါ အချက်များကိုဖြစ်စေ အစိုးရက ထုတ်ပြန်ကျေညာခြင်းမပြုမီ၊ တမင်သက်သက် နည်းလမ်းမကျဘဲ ပေါက်ကြားအောင် ပြုလုပ်ထုတ်ဖေါ်ပြောဆိုလျှင်၊ ထိုသူသည် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ တထောင်ကျပ်ထိ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ပြစ်မှုများကို အရေးယူခြင်း။

၁၀။ ။ဗဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်ကဖြစ်စေ၊ ထိုညွှန်ကြားရေးဝန်၏ အခွင့်အမိန့်နှင့်ဖြစ်စေ စွဲဆိုသည်မဟုတ်လျှင်၊ ပုဒ်မ ၈ အရ မည်သည့် တရားစွဲဆိုမှုကိုမျှမပြုရ။ ထို့ပြင် နိုင်ငံတော်သမတကဖြစ်စေ၊ နိုင်ငံတော်သမတ၏ အခွင့်အမိန့်နှင့်ဖြစ်စေ စွဲဆိုသည်မဟုတ်လျှင်၊ ပုဒ်မ ၉ အရ မည်သည့်တရားစွဲဆိုမှုကိုမျှမပြုရ။

မည်သူသည် လုပ်ငန်းပိုင်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

၁၁။ ။(၁) လုပ်ငန်းပိုင်ရှင်သည် ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဖက်စပ်လုပ်ငန်းတွင် ဖက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ လုပ်ငန်းပိုင်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာဘွင် ထိုဖက်စပ်လုပ်ငန်းတွင်၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူ တဦးတယောက်ကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ လုပ်ငန်းပိုင်ရှင်အဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့်၊ ထိုဖက်စပ်လုပ်ငန်းက၊ သို့တည်းမဟုတ် အဖွဲ့က ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးနှင့် စီးပွါးရေးဌာနညွှန်ကြားရေးဝန်အား ရှိတစ်စာပေးပို့နိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအား အမည်တင်သွင်းခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်ရှိတစ်စာကို ဗဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်က မရမီသော်ငင်း၊ မိမိသည် ထိုဖက်စပ်လုပ်ငန်းတွင်၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်ငင်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) လုပ်ငန်းပိုင်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့် အစုပါဝင်သူကိုမဆို လုပ်ငန်းပိုင်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုဘခုခုအတွက် ဤအက်ဥပဒေအရတရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာဘွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးဦးကိုသော်ငင်း၊ အနည်းပိုင် ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် အစုပါဝင်သူ တဦးဦးကိုသော်ငင်း၊ ဤအက်ဥပဒေပါကိစ္စအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်အဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့်၊ ဗဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါး

ရေးဌာန ညွှန်ကြားရေးဝန်အား၊ ၎င်းတစ်စောပေးပို့နိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည် ယင်းသို့ နေထိုင်သမျှကာလပတ်လုံး မိမိအား အမည်တင်သွင်း ခန့်ထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ် နှိုတစ်စာကို ဗဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာနညွှန်ကြားရေးဝန်က မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ၎အက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၁၂။ ။၎အက်ဥပဒေအရ၊ ခန့်ထားသည့် ဗဟိုစာရင်းစစ်တမ်း ကောက်ယူရေးနှင့် စီးပွါးရေးဌာန ညွှန်ကြားရေးဝန်၊ ဒုတိယညွှန်ကြားရေးဝန်များနှင့် အခြား ရာထမံး မှုထမ်းများသည်၊ ၎အက်ဥပဒေ ပြဋ္ဌာန်းချက် တခုခုနှင့်အညီ ဆောင်ရွက်ဓနစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကိုပြုနေစဉ် ရာဇသတ်ကြီးပုဒ်မ ၂၁ ၏အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

လွှတ်ငြိမ်းခွင့်။

၁၃။ ။၎အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်၎င်း၊ ၎အက်ဥပဒေအရ ပြုသည့် နည်းဥပဒေများအရသော်၎င်း၊ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မည်သည့်တရားရုံးတွင်မျှ မစွဲဆိုရ။

နည်းဥပဒေများ ပြုရန်နိုင်ငံတော်သမတ၏ အာဏာ။

၁၄။ ။(၁) နိုင်ငံတော်သမတသည်၊ နည်းဥပဒေများကို အမိန့်ကြော်ငြာစာ ကြိုတင်ထုတ်ပြန်ကျေညာရမည်ဆိုသော စည်းကမ်းချက်ကို မဆန့်ကျင်စေဘဲ၊ ၎အက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ဆိုခဲ့သည့် အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ နိုင်ငံတော်သမတသည်၊ ပုဒ်မ ၆ (၂)ဖြင့် ပေးအပ်ထားသော သက်ဆိုင်ရာမှတ်တမ်းများနှင့် စာချုပ်စာတမ်းများကို ကြည့်ရှုနိုင်သည့်အခွင့်အရေးကို သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ရန် နည်းဥပဒေများ ကို ပြုနိုင်သည်။

စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းအက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၃။] (၁၉၅၂ ခု၊ နိုဝင်ဘာလ ၁ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်တို၊ သက်ဆိုင်ရာနယ်အဝှန်း၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ် ဖော်ပြချက်။

၁။ ။(၁) ၎အက်ဥပဒေကို၊ ၁၉၅၂ ခုနှစ်၊စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ဟူ၍ ခေါ်ရမည်။

(၂) ၎အက်ဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးနှင့်သက်ဆိုင်ရမည်။

(၃) ၎အက်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့် နေ့ရက်[*] တွင် စတင်အာဏာတည်ရမည်။

[*] ၁၉၅၂ ခု၊ နိုဝင်ဘာလ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊၁၉၅၂ ခု၊အပိုင်း ၁၊စာမျက်နှာ ၁၁၂၉ တွင်ကြည့်ရှု။

၂။ ။ဤအက်ဥပဒေတွင်၊ ရှေနောက်စကားတို့၏အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်—

(က) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ဤအက်ဥပဒေပုဒ်မ ၃ အရ တည်ထောင်သော စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကိုဆိုလိုသည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ၊ ဤအက်ဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကိုဆိုလိုသည်။

(ဂ) ''စက်မှုလက်မှုလုပ်ငန်း'' ဆိုသည်စကားရပ်တွင်၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်းများမပါဝင်စေရ။

အခန်း ၂။

ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့်နေ့ရက်တွင် ''စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း''ဟု ခေါ်သည့်ကော်ပိုရေးရှင်း တခုတည်ထောင်ရမည်။

(၂) အဆိုပါ ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်စွင့်နှင့် တကွ မိမိပိုင် တံဆိပ်တခုရှိသော တရားဝင် အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

၄။ ။ကော်ပိုရေးရှင်း၏ အာဏာများ၊ တာဝန်ဝတ်တရားများနှင့်အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန် ''ဒါရိုက်တာအဖွဲ့''ဟု ခေါ်သည့်အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(၁) နိုင်ငံတော်သမတက ဇရွေးချယ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် [ဝန်ကြီးလေးဦး]*။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ဒါရိုက်တာ အဖွဲ့၏ ကိုယ်စားလှယ် တဦး (ကိုယ်စားလှယ် အဖြစ်ဖြင့် ဆောင်ရွက်ရန်၊ ထိုဒါရိုက်တာ အဖွဲ့သည် မိမိတို့အဖွဲ့ဝင်များထဲမှ တဦးကိုဖြစ်စေ၊ ဘဏ်အထွေထွေမန်နေဂျာကိုဖြစ်စေရွေးချယ်နိုင်သည်)။

(၃) ပုဒ်မ ၆ အရ ခန့်အပ်သော အုပ်ချုပ်ရေးမှူး။

(၄) နိုင်ငံတော်သမတ ခန့်အပ်သည့်စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ သို့တည်းမဟုတ် ငွေရေး ကြေးရေးကိစ္စများ၊ လက်တွေ့လောကဓါတ်ပညာရပ်၊ အုပ်ချုပ်ရေး၊ သို့တည်းမဟုတ် အလုပ်သမား စိမံခန့်ခွဲ အုပ်ချုပ်မှုတွင် ကျွမ်းကျင်သူ လေးဦး။

၅။ ။နိုင်ငံတော်သမတသည်၊ ပုဒ်မ ၄ (၁) တွင် ရည်ညွှန်း ထားသည့် အစိုးရ အဖွဲ့ဝင် [ဝန်ကြီးလေးဦး]* အနက် တဦးကို အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် တင်မြှောက်ရမည်။

၆။ ။(၁) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်တဦးဦးအား အဖွဲ့၏ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ရမည်။

(၂) အုပ်ချုပ်ရေးမှူးသည် အောက်ပါတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) ပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသော တာဝန် ဝတ်တရားများ၊ လုပ်ငန်းဆောင်တာများနှင့် အညီ အခြေခံစီမံကိန်းတခုကို ရေးဆွဲခြင်း။

---

* ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၈ အရ အစားထည့်သွင်းသည်။

(ခ) အဖွဲ့၏ သဘောတူညီချက်ရယူရန်အလို့ငှါ၊ နှစ်စဉ်ရ-သုံးမှန်းခြေငွေစာရင်းများကို အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်နေ့ရက်တွင်တင်ပြခြင်း။

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာလုပ်ဆောင်မည့် အစီအစဉ်ကို အဖွဲ့သို့ တင်ပြခြင်း။

(ဃ) အဖွဲ့၊ သို့တည်းမဟုတ်ကော်မိတီအဖွဲ့များ၏ဆုံးဖြတ်ချက်များကိုဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်ရာ၌ထိုဆုံးဖြတ်ချက်များအတိုင်းဖြစ်မြောက်စေရန်လိုအပ်သော တာဝန်ဝတ်တရား၊ ပဋိညာဉ်စာချုပ် ချုပ်မှု၊ လုပ်ကိုင် ဆောင်ရွက်မှုအဝဝတို့ကို ပြုလုပ်ဆောင်ရွက်၍၊ကော်ပိုရေးရှင်း၏ အကျိုးကိုထိရောက်စွာ ကာကွယ်နိုင်ရန် အတွက်၊ ဥပဒေအရ အာမခံရယူရေး များကိုလည်းတာဝန်ယူခြင်း။

(င) အဖွဲ့က မိမိအား လွှဲအပ်သော တာဝန် ကိစ္စ အသီးသီးတို့တွင် ကော်ပိုရေးရှင်း၏ ကိုယ်စား ဆောင်ရွက်ခြင်း။

(စ) ဘဏ္ဍာတော်နှစ် အသီးသီး ကုန်ဆုံးပြီးနောက် လျင်မြန် နိုင်သမျှ လျင်မြန်စွာ ကော်ပိုရေးရှင်း၏ နှစ်ချုပ် အစီရင်ခံစာနှင့် လက်ကျန် ရှင်းတမ်း တို့ကို အဖွဲ့သို့ တင်ပြခြင်း။

(ဆ) အဖွဲ့၏ သဘောတူချက်ကိုရယူ၍ ကော်ပိုရေးရှင်း၏ဌာနမှူးများနှင့်အခြားရာထမ်း မှုထမ်းများခန့်အပ်ခြင်း။

(ဇ) အဖွဲ့ကမိမိအားလွှဲအပ်သောအခြားတာဝန်ဝတ်တရားများကိုဆောင်ရွက်ခြင်း။

(၃) အဖွဲ့သည် အခါအားလျော်စွာအုပ်ချုပ်ရေးမှူးအား၊သို့တည်းမဟုတ်ကော်ပိုရေးရှင်း၏ အခြားရာထမ်းမှုထမ်းများအား မိမိသင့်လျော်သည် ထင်မြင်သည့် အာဏာများနှင့်တာဝန်ဝတ်တရား များ အပ်နှင်းနိုင်သည်။

၇။ ။အဖွဲ့က ပြုလုပ်သည့်၊ သို့တည်း မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်၊ လုပ်ကိုင်မှု၊ ရောင်းမှု၊ သို့တည်းမဟုတ် ဝယ်မှုတခုခုတွင် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့် အဖွဲဝင်သည်၊ မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကိုအဖွဲ့အစည်းအဝေးတွင် ထုတ်ဖော် ပြောဆိုရမည်။ ထိုသို့ထုတ်ဖော်ပြောဆိုချက်ကို၊ အဖွဲ့အစည်းအဝေး မှတ်တမ်း များတွင် ရေးမှတ် ထားရမည်။ ထို့ပြင်၊ ထိုအဖွဲဝင်သည် ထိုပဋိညာဉ်အရ လုပ်ကိုင်မှုနှင့်၊ သို့တည်းမဟုတ် ထိုရောင်းမှုနှင့်၊ သို့တည်းမဟုတ် ထိုဝယ်မှုနှင့်စပ်လျဉ်း၍၊ အဖွဲ့က ဆွေးနွေး ရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင် မပါဝင်ရ။

၈။ ။(၁) ပုဒ်မ ၄ အရ ခန့်အပ်သောအဖွဲဝင်များ၏ ရာထူးသက်တမ်းသည်၊နိုင်ငံတော် သမတ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ သို့သော် ၄ နှစ်ထက်မကျော်လွန်စေရ။အဖွဲဝင်တို့၏ရာထူး သက်တမ်းကို နိုင်ငံတော်သမတက မည်သည့်အချိန်တွင်မဆို ရပ်စဲစေနိုင်သည်။

(၂) နိုင်ငံတော် သမတသည်၊ မည်သည့် အဖွဲဝင်ကိုမဆို ထိုသူ၏ ရာထူးသက်တမ်းစေ့ကုန်သည့်အခါတွင်ပြန်လည်ခန့်ထားနိုင်သည်။

၉။ ။အဖွဲဝင်များနှင့် အုပ်ချုပ်ရေးမှူးအား နိုင်ငံတော် သမတ၊ သတ်မှတ်သည့် အခများနှင့် စရိတ်ကြေးငွေများပေးရမည်။ သို့သော်အဖွဲဝင်၏၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူး၏ခရီးစရိတ်များ ကို အဖွဲကသတ်မှတ်နိုင်သည်။

၁၀။ ။အဖွဲဝင်၏ ဆောင်ရွက်မှု တို့သည် အဖွဲဝင်နေရာ လစ်လပ်သောကြောင့် သော်၎င်း၊ အဖွဲဝင်တဦးဦး ခန့်အပ်ရာ၌ ချို့ယွင်းချက် ရှိခြင်းကြောင့် သော်၎င်း၊ ပျက်ပြယ်ခြင်းမရှိစေရ။

အခန်း ၃။

ကော်ပိုရေးရှင်း၏အာဏာနှင့်တာဝန်ဝတ်တရားများ။

၁၁။ ။(၁) စက်မှုလက်မှုလုပ်ငန်းတည်ထောင်မှုနှင့် တိုးချဲ့ လုပ်ကိုင်မှုတို့ကို ဆောင်ရွက်ခြင်းသည် ကော်ပိုရေးရှင်း၏ တာဝန်ဝတ်ဘာရားဖြစ်ရမည်။

(၂) ကော်ပိုရေးရှင်းသည် ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသော တာဝန်ဝတ်တရားများနှင့် ဆက်သွယ်၍ ပေါ်ပေါက် လာသော ကိစ္စ များကိုလည်း၊ ထိုတာဝန် ဝတ်တရားများ ဆောင်ရွက်ရာ၌ လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟု မိမိထင်မြင်သော ကိစ္စ များကိုလည်း ဆောင်ရွက်ရမည်။ အထူးသဖြင့် ဤပုဒ်မ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ၊ အောက်ပါ ကိစ္စများကိုလည်းဆောင်ရွက်ရမည်။

(က) နိုင်ငံတော်သမတက ယင်းဘောဂူညီပြီးဖြစ်သည့်မည်သည့်အခြေခံစီမံကိန်းများနှင့် မျှ မဆန့်ကျင်သည့် စက်မှုလက်မှု တိုးတက်ရန် စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကို ရှိုလျှောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန်ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်း၊ သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်း။

(၃) ကော်ပိုရေးရှင်းသည် ဤပုဒ်မပါတာဝန်ဝတ်တရားများကိုဆောင်ရွက်ရာ၌ နိုင်ငံတော်သမတ၏ သဘောတူချက်ကို ကြိုတင်ရယူ၍ ပုဂ္ဂလိကဖိုင် အရင်းရှင် လုပ်ငန်းများနှင့်ဖက်စပ်နိုင်သည်။

၁၂။ ။(၁) ဤအက်ဥပဒေအရပြဋ္ဌာန်းထားရသော တာဝန်ဝတ်တရားများကိုဆောင်ရွက်ရာတွင်၊ လိုအပ်သော၊ သို့တည်း မဟုတ် သင့်တော်သော မည်သည့် အလုပ် ကိစ္စမဆို လုပ်ကိုင်ရန် အဖွဲ့၌ အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါအာဏာတွင်အောက်ပါ ကိစ္စများကို ဆောင်ရွက်ရန်အာဏာလည်းပါဝင်ရမည်။

(က) ဥပဒေအရ ဝတ်တရားများကိုဆောင်ရွက်ရန်အလို့ငှါ မိမိ၏ရုံးုပုံငွေမှ အပိုဒ်ငယ် (၇)၊ (ဃ) နှင့် ပုဒ်မ ၁၇ နှင့် ၂၀ ၏ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင် စေဘဲ၊ မိမိသင့်လျော်သည်ဟု ထင်မြင်သည်အလျောက်သုံးစွဲခြင်း။

(ခ) ငွေချေးယူခြင်းနှင့် ငွေထုတ်ချေးခြင်း (ထိုသို့ပြုရာတွင် ချေးယူထားသောငွေ၊ သို့တည်းမဟုတ် ထုတ်ချေးရန် စဉ်းစားဆဲ ငွေ အပါအဝင်ဖြစ်သည့် ထုတ်ချေးထားသော ငွေစုစုပေါင်းမှာ ဘဏ္ဍာတော်နှစ်တနှစ် အတွင်းငွေဆယ်သိန်းကျပ် ထက်ကျော်လွန်ခဲ့သော၊ ယင်းသို့ကျော်လွန်သည့် ကိစ္စအခုစီ အတွက်ဖြစ်စေ၊ ယေဘုယျအားဖြင့် အားလုံးအတွက်ဖြစ်စေ နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်)။

(ဂ) နိုင်ငံတော် သမတက၊ သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံတော် သမတက၊ အာမခံသည့် ခံဝန်ချုပ်များ (Bonds)၊ကြွေးမြီ အာမခံစာချုပ်များ (Debentures) နှင့် အစုစတောက်များ (Stocks) ထုတ်ပေးခြင်း။

(ဃ) နိုင်ငံတော် သမတက၊သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှငွေ ချေးယူသုံးစွဲခြင်း။

(ငါ) အဖွဲ့ဝင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက် ပိုသော အဖွဲ့ဝင်များ ပါဝင်သည့် ကော်မိတီများခန့်အပ်၍ ထိုကော်မိတီများအား အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အာဏာများလွှဲအပ်ရန်။

(စ) ကိုယ်စားလှယ်များခန့်အပ်၍ထိုကိုယ်စားလှယ်များအား၌အက်ဥပဒေ၏ရည်ရွယ်ချက်များကို ဆောင်ရွက်ရန် အဖွဲ့ကလိုအပ်သည်ဟု ထင်မြင်သော တာဝန်ဝတ်တရားများနှင့် အာဏာများ အပ်နှင်းရန်။

(ဆ) အဖွဲ့အား မည်သည့်ကိစ္စ၌ မဆိုအကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်ခန့်အပ်ခြင်း၊ သို့တည်းမဟုတ် ရွေးချယ်ခြင်း ပြုရန် နှင့် ထိုပုဂ္ဂိုလ်အား သင့်တော်သော အခနှင့် စရိတ်ကြေးငွေများပေးရန်။

(ဇ) အောက်ပါကိစ္စအားလုံးနှင့်၊သို့တည်းမဟုတ်အချို့နှင့်စပ်လျဉ်း၍ စည်းကမ်းဥပဒေများပြုရန်။

(၁) အဖွဲ့၏ လုပ်ငန်းကို စီမံဆောင်ရွက်ခြင်းနှင့် အဖွဲ့ အစည်းအဝေး များတွင် လိုက်နာရန် ကျင့်ထုံး။

(၂) ရာထမ်းမှုထမ်းများခန့်အပ်ခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာစရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသတ်မှတ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့်အာဏာများသတ်မှတ်ခြင်း။

(၃) အဖွဲ့၏ရာထမ်းမှုထမ်းများ၏ သက်သာ ချောင်ချိရေးအတွက် သင့်တော်မည့် အိုနာစာရံပုံငွေနှင့် အခြားအထောက်အပံ့များစီမံပြုလုပ်ပေးခြင်း။

(၄) အဖွဲ့ကိုယ်စား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း။

(၅) ယေဘုယျ အားဖြင့် အဖွဲ့၏ တာဝန် ဝတ်တရား များကို ထိရောက်စွာ ဆောင်ရွက်ခြင်း။

[၁၃]။ ။(၁) အဖွဲ့သည်၊မိမိ၏ တာဝန် ဝတ်တရားများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုလုပ်ငန်းစည်းမျဉ်းများအတိုင်းဆောင်ရွက်ရမည်။ လိုက်နာရမည့်မူနှင့်သက်ဆိုင်သည့်အချက်များတွင်၊ နိုင်ငံတော်သမတက၊ အဖွဲ့နှင့်တိုင်ပင်၍ ညွှန်ကြားသည့်အတိုင်းဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ သင်တန်းပေးခြင်း၊ ပညာပေးခြင်း၊ စမ်းသပ်ခြင်း၊ သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်သမတ်သည်၊ မည်သည့်အခါမဆို၊ အဖွဲ့၏၊ သို့တည်းမဟုတ် ကော်မိတီ၏ အမှုတွဲများမှ ကောက်နုတ်ချက်များကိုငင်း၊ မှတ်တမ်းများကိုငင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စာရင်းများကိုငင်း၊ အဖွဲ့ကကြိုးကြပ်အုပ်ချုပ်ရသော ကိစ္စနှင့်စပ်လျဉ်းသည့် အစီရင်ခံစာရင်း၊ အစီရင်ခံစာမှန်းခြေငွေစာရင်း၊ သို့တည်းမဟုတ်အခြားအကြောင်းအရာကိုမိမိထံတင်ပြရန် အဖွဲ့အားတောင်းဆိုနိုင်သည်။ ယင်းသို့တောင်းဆိုသည့်အခါအဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

[၁၄]။ ။အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်အသီးသီး ကုန်ဆုံး ပြီးနောက် ဆောလျင် နိုင်သမျှ ဆောလျင်စွာ၊ ထိုနှစ်အတွက် အဖွဲ့၏တာဝန် ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ငင်း၊ အဖွဲ့က လိုက်နာသည့်မူနှင့်ငင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ငင်း၊ စပ်လျဉ်း၍နိုင်ငံတော်သမတထံအစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာတွင် ပုဒ်မ ၁၃ အရ နိုင်ငံတော်သမတက၊ ထုတ်ဆင့်သည့်ညွှန်ကြားချက်များအရ အဖွဲ့က လိုက်နာ ဆောင်ရွက်သည့်အချက်များပါရှိစေရမည်။ နိုင်ငံတော် သမတသည်၊ အဆိုပါ အစီရင်ခံစာအသီးသီး၏ မိတ္တူကို ပါလီမန်သို့ တင်ပြရမည်။

---

[၁] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၈ အရ ပြင်ဆင်ထားသည်။

အခန်း ၄။

ငွေရေး ကြေးရေး နှင့် ငွေစာရင်းများ။

၁၅။ ။ကော်ပိုရေးရှင်းသည်၊ ရံပုံငွေတခုထားရှိရမည်။ကော်ပိုရေးရှင်းရရှိသောငွေအားလုံး ကို ထိုရံပုံငွေသို့ထည့်သွင်း၍၊ကော်ပိုရေးရှင်းကပေးရန်ရှိသော ငွေအားလုံးကိုထိုရံပုံငွေထဲမှပေးရမည်။

၁၆။ ။ကော်ပိုရေးရှင်းက မိမိ၏အာဏာနှင့် တာဝန် ဝတ်တရားများကို သုံးစွဲ ဆောင်ရွက် နိုင်ရန် အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ ကော်ပိုရေးရှင်းအား တလုံးတခဲတည်း ထောက်ပံ့ငွေများ ပေးနိုင်သည်။ သို့တည်းဖေဟုတ် နိုင်ငံတော် သမတက၊ သင့်လျော်သည်ဟု ယူဆသောစည်းကမ်းချက် များဖြင့်ကော်ပိုရေးရှင်းသို့အခွန်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင်ထည့်သွင်း ၍ဖြစ်စေ ငွေထုတ်ချေးနိုင်သည်။

၁၇။ ။ကော်ပိုရေးရှင်းသည်၊ ချက်ခြင်းအသုံးမလိုသည့် မိမိပိုင်ငွေအားလုံးကို၊ နိုင်ငံတော် သမတက သဘောတူသည့် ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင် ထားရမည်။

၁၈။ ။(၁) ကော်ပိုရေးရှင်းသည်၊ဘဏ္ဍာတော်နှစ်အသီးသီးမကုန်မီ ရက် ၃၀ ကြိုတင်၍၊ ထိုနှစ် နောက်လာမည့် ဘဏ္ဍာတော်နှစ် အဘွက်၊ မိမိ၏ရ-သုံးမှန်းခြေ ငွေစာရင်းကို၊ နိုင်ငံတော် သမတထံ သဘောတူညီချက်ရရန် တင်သွင်း ရမည်ဖြင့်၊ အဆိုပါမှန်းခြေ ငွေစာရင်းကိုဖြင့်သည့် နောက်ထပ်မှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာထိုနည်းအတူတင်သွင်းနိုင်သည်။

(၂) နိုင်ငံတော်သမတ၏ သဘောတူချက်ဖြင့် စည်းကမ်းများနှင့်အညီ ပြန်လည် ခွဲဝေ သုံးစွဲခြင်းမှတပါး၊ ပုဒ်မခွဲ (၁) အရ၊ ခွင့်ပြုသည့် မှန်းခြေငွေစာရင်းထက်ပို၍ မည်သည့် အသုံး စရိတ် ကိုမျှ ကော်ပိုရေးရှင်းက ကျခံခြင်းမပြုရ။

၁၉။ ။(၁) အဖွဲ့သည်၊ငွေစာရင်းများကိုငင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့်အခြား မှတ်တမ်းများကိုငင်း ထားရှိရမည့်ပြင်၊ ဘဏ္ဍာတော်နှစ်အသီးသီးနှင့်စပ်လျဉ်းသည့် အဖွဲ့၏နှစ်ချုပ်ငွေ စာရင်းကို ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်းစိစစ်ရေးသားရမည်။

(၂) အဖွဲ့၏ ရှင်းတမ်းနှင့် ငွေစာရင်း များကို၊ နိုင်ငံတော်သမတက သတ်မှတ်သည့်နည်း အတိုင်း စစ်ဆေးရမည်။

(၃) အဖွဲ့သည် မိမိ၏ သုံးလပတ် ရ-သုံး ငွေစာရင်း ရှင်းတမ်းကို လာလတ္တံ့သော သုံးလ အတွင်း၌ နိုင်ငံတော်သမတက၊ သတ်မှတ်ထားသည့်စည်းကမ်းချက်များအရ၊ နိုင်ငံတော်သမတထံသို့ ပေးပို့ရမည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တပြိုင်နက်၊ အဖွဲ့သည် နိုင်ငံတော်သမတထံ ထိုနှစ်ချုပ် ငွေစာရင်း မိတ္တူ တစောင်ကို စာရင်းစစ် များ၏ အစီရင်ခံစာ မိတ္တူ တစောင်နှင့်တကွတင်ပြရမည်။

(၅) ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစောင်စီကို—

(က) အဖွဲ့၏ဗဟိုရုံးတွင်၊လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက်ထားရှိရမည်၊ ထို့ပြင်

(ခ) ပါလီမန်တွင်တင်ပြရမည်။

၂၀။ ။အဖွဲ့သည် တန်ဘိုး ယုတ်လျော့မှု အဘွက် ရာထားငွေ၊ အပိုရာထားငွေ နှင့် အခြား ရံပုံငွေတို့ကို နိုင်ငံတော်သမတ သတ်မှတ်သည့် နှုန်းထားနှင့်စည်းကမ်းချက်များအရထားရှိရမည်။

အခန်း ၅။

လက်အောက်ခံကော်ပိုရေးရှင်းများ။

၂၁။ ။(၁) အဖွဲ့သည် လက်အောက်ခံကော်ပိုရေးရှင်းများကို ဖွဲ့စည်းနိုင်သည်။ အဆိုပါ လက်အောက်ခံ ကော်ပိုရေးရှင်းများသည် အဖွဲ့၏အုပ်ချုပ်မှုကိုခံယူလျက်အဖွဲ့ကလွဲအပ်သည့် တာဝန်နှင့် အာဏာများကို ဆောင်ရွက်သုံးစွဲနိုင်ရမည်။

(၂) လက်အောက်ခံ ကော်ပိုရေးရှင်းများ၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကိုအဖွဲ့ကခန့်အပ်ရမည်။

အခန်း ၆။

အထွေထွေ။

၂၂။ ။အဖွဲ့၏ ရာထမ်းမှထမ်း အသီးသီးသည်ဤဥပဒေ အရ ဆောင်ရွက် နေစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ ။ကော်ပိုရေးရှင်းအားလုံး၊ အဖွဲ့အားလုံး၊ အဖွဲ့ဝင်တဦးဦးအားလုံး၊ အဖွဲ့၏ရာထမ်းမှထမ်းတဦးဦးအားလုံး၊ အဖွဲ့တွင်လုပ်ကိုင်နေသူ တဦးဦးအားလုံး၊ ဤအက်ဥပဒေအရ သဘောရှိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စ အတွက်၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မည်သည့်တရားရုံးတွင်မျှမစွဲဆိုရ။

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီတခုခုကတရားမမှုစွဲဆိုနိုင်သကဲ့သို့၊ သို့တည်းမဟုတ် စွဲဆိုခံရထိုက်သကဲ့သို့ အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် ကော်ပိုရေးရှင်းက၊ သို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ကော်ပိုရေးရှင်းကို၊ သို့တဲ့ည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲခြင်းကို ဤပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှပိတ်ပင်ခြင်းမရှိစေရ။

ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကိုတိုးတက်အောင်ဆောင်ရွက်ရေး ကော်ပိုရေးရှင်းအက်ဥပဒေ။

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄။] (၁၉၅၂ ခု၊ နိုဝင်ဘာလ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်တို၊ သက်ဆိုင်ရာနယ်အဝန်း၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တု ပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်း အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တနှံုးလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က၊ အမိန့်ကြော်ငြာစာ ဆုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်[၁]တွင် စတင်အာဏာတည်ရမည်။

---

[၁] ၁၉၅၂ ခု၊ နိုဝင်ဘာလ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊၁၉၅၂ ခု၊ အိုင်း ၁၊စာမျက်နှာ ၁၁၂၉ တွင်ကြည့်။

၂။ ။၎င်းအက်ဥပဒေတွင်၊ ရှေနောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်ထားရန်မလိုလျှင်—

(က) ''ဧကာဝိုရေးရှင်း''ဆိုသည်မှာ၊ ၎င်းအက်ဥပဒေပုဒ်မ ၃ အရ၊ တည်ထောင်သော ဓါတ်သတ္တုပြင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်းကိုဆိုလိုသည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ၊ ၎င်းအက်ဥပဒေပုဒ်မ ၄ အရ၊ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကိုဆိုလိုသည်။

အခန်း ၂။

ဧကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) နိုင်ငံတော်သမတ ကအမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်တွင် ''ဓါတ်သတ္တုပြင်ရင်း အခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်း'' ဟု ခေါ်သည့် ကော်ပိုရေးရှင်းတခု တည်ထောင်ရမည်။

(၂) အဆိုပါ ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံ ဆောင်ရွက်နိုင်ခွင့်နှင့် တကွ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

၄။ ။ကော်ပိုရေးရှင်း၏အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရား များကို ဆောင်ရွက်ရန် ''ဒါရိုက်တာအဖွဲ့'' ဟုခေါ်သည့် အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(၁) နိုင်ငံတော်သမတ က၊ ရွေးချယ်သော ပြည်ထောင်စု အစိုးရအဖွဲ့ဝင် [ဝန်ကြီးလေးဦး]၁။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ဒါရိုက်တာအဖွဲ့၏ ကိုယ်စားလှယ်တဦး (ကိုယ်စားလှယ်အဖြစ်ဖြင့်ဆောင်ရွက်ရန်၊ ထိုဒါရိုက်တာအဖွဲ့သည် မိမိတို့အဖွဲ့ဝင်များထဲမှ တဦးကိုဖြစ်စေ၊ ဘဏ်အထွေထွေ မန်နေဂျာကို ဖြစ်စေ ရွေးချယ်နိုင်သည်)။

(၃) ပုဒ်မ ၆ အရ၊ ခန့်အပ်သော အုပ်ချုပ်ရေးမှူး။

(၄) နိုင်ငံတော်သမတ ခန့်အပ်သည့်စက်မှုလက်မှု၊ ဓါတ်သတ္တုကူးသန်းရောင်းဝယ်ရေး၊ သို့တည်းမဟုတ် ငွေရေးကြေးရေးကိစ္စများ၊ လက်တွေ့ သောကဓါတ်ပညာရပ်၊ အုပ်ချုပ်ရေး၊ သို့တည်းမဟုတ် အလုပ်သမား စီမံခန့်ခွဲ အုပ်ချုပ်မှုတွင် ကျွမ်းကျင်သူ ၄ ဦး။

၅။ ။နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၄ (၁) တွင် ရည်ညွှန်းထားသည့် အစိုးရအဖွဲ့ဝင် [ဝန်ကြီးလေးဦး]၁ အနက် တဦးကိုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် တင်မြှောက်ရမည်။

၆။ ။(၁) နိုင်ငံတော်သမတ သည်၊ မိမိသင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်တဦးအား အဖွဲ့၏အုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ်ရမည်။

(၂) အုပ်ချုပ်ရေးမှူးသည် အောက်ပါ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) ပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသော တာဝန်ဝတ်တရားများ၊ လုပ်ငန်းဆောင်တာများနှင့် အညီအခြေခံ စီမံကိန်းတခုကို ရေးဆွဲခြင်း။

---

၁ ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၉ အရ အစားထည့်သွင်းသည်။

(ခ) အဖွဲ့၏ သဘောတူညီချက် ရယူရန်အလိုငှါ၊ နှစ်စဉ်ရ-သုံးမှန်းခြေ ငွေစာရင်းများကို အဖွဲ့ကအခါအားလျော်စွာ သတ်မှတ်သည့်နေ့ရက်တွင်တင်ပြခြင်း။

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာ လုပ်ဆောင်မည့် အစီအစဉ်ကို အဖွဲ့သို့ တင်ပြခြင်း။

(ဃ) အဖွဲ့၊ သို့တည်းမဟုတ် ကော်မိတီအဖွဲများ၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ထိုဆုံးဖြတ်ချက်များအတိုင်း ဖြစ်မြောက်စေရန် လိုအပ်သော တာဝန်ဝတ်တရား၊ ပဋိညာဉ်စာချုပ် ချုပ်မှု၊ လုပ်ကိုင်ဆောင်ရွက်မှု အဝဝတို့ကို ပြုလုပ်ဆောင်ရွက်၍၊ ကော်ပိုရေးရှင်း၏အကျိုးကိုထိရောက်စွာကာကွယ်နိုင်ရန်အတွက် ဥပဒေအရ၊ အာမခံရယူရေးများကိုလည်း တာဝန်ယူခြင်း။

(င) အဖွဲ့က မိမိအားလွှဲအပ်သော တာဝန်ကိစ္စအသီးသီးတို့တွင် ကော်ပိုရေးရှင်း၏ ကိုယ်စားဆောင်ရွက်ခြင်း။

(စ) ဘဏ္ဍာတော်နှစ် အသီးသီးကုန်ဆုံးပြီးနောက်၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ ကော်ပိုရေးရှင်း၏နှစ်ချုပ်အစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းတို့ကို အဖွဲ့သို့တင်ပြခြင်း။

(ဆ) အဖွဲ့၏သဘောတူချက်ကိုရယူ၍ ကော်ပိုရေးရှင်း၏ ဌာနမှူးများနှင့် အခြားရာထမ်း မှုထမ်းများခန့်အပ်ခြင်း။

(ဇ) အဖွဲ့ကမိမိအားလွှဲအပ်သော အခြားတာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်း။

(၃) အဖွဲ့သည်အခါအားလျော်စွာ အုပ်ချုပ်ရေးမှူးအား၊ သို့တည်းမဟုတ်၊ ကော်ပိုရေးရှင်း၏ အခြားရာထမ်း မှုထမ်းများအား မိမိသင့်လျော်သည် ထင်မြင်သည့် အာဏာများနှင့် တာဝန်ဝတ်တရားများ အပ်နှင်းနိုင်သည်။

၇။ ။အဖွဲ့ကပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်၊ လုပ်ကိုင်မှု၊ ရောင်းမှု၊သို့တည်းမဟုတ် ဝယ်မှု တခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့်အဖွဲဝင်သည်၊ မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင် ထုတ်ဖေါ်ပြောဆိုရမည်။ ထိုသို့ ထုတ်ဖေါ် ပြောဆိုချက်ကို၊ အဖွဲ့အစည်းအဝေး မှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထို့ပြင်၊ ထိုအဖွဲဝင်သည် ထိုပဋိညာဉ်အရ လုပ်ကိုင်မှုနှင့်၊ သို့တည်းမဟုတ် ထိုရောင်းမှုနှင့်၊ သို့တည်းမဟုတ် ထိုဝယ်မှုနှင့်စပ်လျဉ်း၍၊ အဖွဲ့ကဆွေးနွေးရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင် မပါဝင်ရ။

၈။ ။(၁) ပုဒ်မ ၄ အရခန့်အပ်သော အဖွဲဝင်များ၏ရာထူးသက်တမ်းသည်၊ နိုင်ငံတော်သမတ သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။ သို့သော် ၄ နှစ်ထက်မကျော်လွန်စေရ။ အဖွဲဝင်တို့၏ ရာထူးသက်တမ်းကို နိုင်ငံတော်သမတက၊ မည်သည့်အချိန်တွင်မဆို ရပ်စဲစေနိုင်သည်။

(၂) နိုင်ငံတော်သမတ သည်၊ မည်သည့်အဖွဲဝင်ကိုမဆို ထိုသူ၏ရာထူးသက်တမ်း စေ့ကုန်သည့်အခါတွင် ပြန်လည်ခန့်ထားနိုင်သည်။

၉။ ။အဖွဲဝင်များနှင့် အုပ်ချုပ်ရေးမှူးအား နိုင်ငံတော်သမတ သတ်မှတ်သည့် အခများနှင့် စရိတ်ကြေးငွေများပေးရမည်။ သို့သော် အဖွဲဝင်၏၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူး၏ ခရီးစရိတ်များကို အဖွဲ့ကသတ်မှတ်နိုင်သည်။

၁၀။ ။အဖွဲ့၏ဆောင်ရွက်မှုတို့သည် အဖွဲဝင်မနေရာ လစ်လပ်သောကြောင့်သော်၎င်း၊ အဖွဲဝင်တဦးဦးခန့်အပ်ရာ၌ ချို့ယွင်းချက်ရှိခြင်းကြောင့်သော်၎င်း ပျက်ပြယ်ခြင်းမရှိစေရ။

အခန်း ၃။

ကော်ပိုရေးရှင်း၏ အာဏာနှင့်တာဝန်ဝတ်တရားများ။

၁၁။ ။(၁) ဓါတ်သတ္တု ပင်ရင်း အခြေအမြစ် ပစ္စည်းများကို တူးဖေါ် ထုတ်လုပ်မှု၊ တိုးချဲ့လုပ်ကိုင်မှုနှင့် အသုံးချမှုတို့ကို ဆောင်ရွက်ခြင်းသည် ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများ ဖြစ်ရမည်။

(၂) ကော်ပိုရေးရှင်းသည် ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသော တာဝန်ဝတ်တရားများနှင့် ဆက်သွယ်၍ပေါ်ပေါက်လာသော ကိစ္စများကိုလည်း၊ ထိုတာဝန်ဝတ်တရားများ ဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟု မိမိထင်မြင်သောကိစ္စများကိုလည်း ဆောင်ရွက်ရမည်။ အထူးသဖြင့် ဤပုဒ်မ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အောက်ပါကိစ္စများကိုလည်း ဆောင်ရွက်ရမည်။

(က) နိုင်ငံတော်သမတက သတ်မှတ်ညွှန်ပြုဖြစ်သည့် မည်သည့်အခြေခံ တိုးတက်မှု စီမံကိန်းများနှင့်မှု မဆန့်ကျင်သည့် သဘာဝသတ္တု အခြေအမြစ်ပစ္စည်းများကို တူးဖေါ်ထုတ်လုပ်ရေး၊ တိုးချဲ့လုပ်ကိုင်ရေးနှင့် အသုံးချရေးအတွက် စီမံကိန်းများ ရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကို ကောင်းမွန်တိုးတက်စေရန် ပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးဝေငှခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန် ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းနှင့် သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်း။

(ဃ) စူးစမ်း ရှာဖွေခြင်းနှင့် ဓါတ်သတ္တု စမ်းသပ် တူးဖေါ်ရေးများအတွက် လုပ်ဆောင်ခြင်း။

(၃) ကော်ပိုရေးရှင်းသည် ဤပုဒ်မပါ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍ ပုဂ္ဂလိကပိုင် အရင်းရှင် လုပ်ငန်းများနှင့် ဖက်စပ်နိုင်သည်။

၁၂။ ။(၁) ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာတွင်၊ လိုအပ်သော၊ သို့တည်းမဟုတ် သင့်တော်သော မည်သည့်အလုပ်ကိစ္စမဆို လုပ်ကိုင်ရန်အဖွဲ့၌အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အဆိုပါ အာဏာတွင် အောက်ပါကိစ္စများကို ဆောင်ရွက်ရန် အာဏာလည်းပါဝင်ရမည်။

(က) ဥပဒေအရ ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ မိမိ၏ရံပုံငွေမှ အပိုဒ်ငယ် (ဂ)၊ (ဃ)နှင့် ပုဒ်မ ၁၈ နှင့် ၂၀ ၏ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မိမိသင့်လျော်သည် ဟုထင်မြင်သည်အလျောက် သုံးစွဲခြင်း။

(ခ) ငွေချေးယူခြင်းနှင့် ငွေထုတ်ချေးခြင်း (ထိုသို့ပြုရာတွင် ချေးယူထားသောငွေ၊ သို့တည်းမဟုတ် ထုတ်ချေးရန် စဉ်းစားဆဲငွေ အပါအဝင်ဖြစ်သည့် ထုတ်ချေးထားသောငွေ စုစု ပေါင်းမှာ၊ ဘဏ္ဍာတော်နှစ် တနှစ်အတွင်း ငွေဆယ်သိန်းကျပ်ထက် ကျော်လွန်ခဲ့သော၊ ယင်းသို့ကျော်လွန်သည့်ကိစ္စ တခုစီအတွက် ဖြစ်စေ၊ ယေဘုယျအားဖြင့် အားလုံးအတွက်ဖြစ်စေ၊ နိုင်ငံတော်သမတ ၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်)။

(ဂ) နိုင်ငံတော်သမတ က၊ သတ်မှတ်သည့်စည်းကမ်းချက်များအရ၊ နိုင်ငံတော်သမတ က၊ အာမခံသည့် ခံဝန်ချုပ်များ (Bonds)၊ ကြွေးမြီ အာမခံ စာချုပ်များ (Debentures) နှင့် အစုစတောက်များ (Stocks) ထုတ်ပေးခြင်း။

(ဃ) နိုင်ငံတော်သမတ က၊ သတ်မှတ်သည့် စည်းကမ်းချက်များ အရ၊ နိုင်ငံခြားမှ ငွေချေးယူသုံးစွဲခြင်း။

(င) အဖွဲ့ဝင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များ ပါဝင်သည့် ကော်မိတီများ ခန့်အပ်၍၊ ထိုကော်မိတီများအား အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အာဏာများလွှဲအပ်ရန်။

(စ) ကိုယ်စားလှယ်များ ခန့်အပ်၍၊ ထိုကိုယ်စားလှယ်များအား ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်၊ အဖွဲ့က လိုအပ်သည်ဟု ထင်မြင်သော တာဝန်ဝတ်တရားများနှင့် အာဏာများအပ်နှင်းရန်။

(ဆ) အဖွဲ့အား မည်သည့်ကိစ္စ၌မဆို အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်ခန့်အပ်ခြင်း၊ သို့တည်းမဟုတ် လွှဲချယ်ခြင်း ပြုရန်နှင့် ထိုပုဂ္ဂိုလ်အား သင့်တော်သောအခနှင့် စရိတ်ကြေးငွေများ ပေးရန်။

(ဇ) အောက်ပါကိစ္စအားလုံးနှင့်၊ သို့တည်းမဟုတ် အချို့နှင့်စပ်လျဉ်း၍ စည်းကမ်းဥပဒေများပြုရန်—

(၁) အဖွဲ့၏ လုပ်ငန်းကို စီမံဆောင်ရွက်ခြင်းနှင့် အဖွဲ့ အစည်းအဝေး များတွင် လိုက်နာရန်ကျင့်ထုံး။

(၂) ရာထမ်း မှုထမ်းများ ခန့်အပ်ခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏ လစာစရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများသတ်မှတ်ခြင်း။

(၃) အဖွဲ့၏ ရာသမ်းမှုထမ်းများ၏ သက်သာချောင်ချိရေးအတွက် သင့်တော်မည့် အိုနာစာရံပုံငွေနှင့် အခြားအထောက်အပံ့များ စီမံပြုလုပ်ပေးခြင်း။

(၄) အဖွဲ့ကိုယ်စား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း။

(၅) ယေဘုယျအားဖြင့် အဖွဲ့၏ တာဝန်ဝတ်တရားများကို ထိရောက်စွာဆောင်ရွက်ခြင်း။

°၁၃။ ။(၁) အဖွဲ့သည် မိမိ၏တာဝန် ဝတ်တရားများ ဆောင်ရွက်ရာတွင်၊ ကုန်သွယ်မှုလုပ်ငန်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည်။ လိုက်နာရမည့်မူနှင့် သက်ဆိုင်သည့်အချက်များတွင် နိုင်ငံတော်သမတ က၊ အဖွဲ့နှင့်တိုင်ပင်၍ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

(၂) အဖွဲ့သည် သင်တန်းပေးခြင်း၊ ပညာပေးခြင်း၊ စမ်းသပ်ခြင်း၊ သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်းသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်သမတ သည်၊ မည်သည့်အခါမဆို အဖွဲ့၏၊ သို့တည်းမဟုတ် ကော်မိတီ၏ အမှုတွဲများမှ ကောက်နုတ်ချက်များကိုလည်း၊ မှတ်တမ်းများကိုလည်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စာရင်းများကိုလည်း၊ အဖွဲ့ကကြိုးကြပ်အုပ်ချုပ်ရသော ကိစ္စနှင့်စပ်လျဉ်းသည့် အစီရင်ခံစာရင်း၊ အစီရင်ခံစာမှန်းခြေငွေစာရင်း၊ သို့တည်းမဟုတ် အခြားအကြောင်းအရာကို မိမိထံတင်ပြရန် အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

° ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၉ အရ၊ ပြင်ဆင်ထားသည်။

၁၄။ ။အဖွဲ့သည် ဘဏ္ဍာတော်နှစ်အသီးသီးကုန်ဆုံးပြီးနောက်၊ဆောလျင်နိုင်သမျှဆောလျင်စွာ ထိုနှစ်အတွက် အဖွဲ့၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အဖွဲ့ကလိုက်နာသည့်မူနှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ စပ်လျဉ်း၍ နိုင်ငံတော် သမတ ထံအစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာတွင် ပုဒ်မ ၁၃ အရ၊ နိုင်ငံတော် သမတ ကထုတ်ဆင့်သည့် ညွှန်ကြားချက်များအရ အဖွဲ့က လိုက်နာဆောင်ရွက်သည့်အချက်များပါရှိစေရမည်။ နိုင်ငံတော်သမတ သည်၊ အဆိုပါ အစီရင်ခံစာ အသီးသီး၏ မိတ္တူကို ပါလီမန်သို့တင်ပြရမည်။

အခန်း ၄။

ငွေရေးကြေးရေးနှင့် ငွေစာရင်းများ။

၁၅။ ။ကော်ပိုရေးရှင်းသည် ရံပုံငွေတခုထားရှိရမည်။ ကော်ပိုရေးရှင်းရရှိသောငွေအားလုံးကို ထိုရံပုံငွေသို့ထည့်သွင်း၍၊ ကော်ပိုရေးရှင်းကပေးရန်ရှိသော ငွေအားလုံးကိုထိုရံပုံငွေထဲမှပေးရမည်။

၁၆။ ။ကော်ပိုရေးရှင်းက မိမိ၏အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်၊ ကော်ပိုရေးရှင်းအား တလုံးတခဲတည်း ထောက်ပံ့ငွေများပေးနိုင်သည်။ သို့တည်းမဟုတ် နိုင်ငံတော်သမတ က၊ သင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များဖြင့် ကော်ပိုရေးရှင်းသို့ အခွန်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ ငွေထုတ်ချေးနိုင်သည်။

၁၇။ ။ကော်ပိုရေးရှင်းသည် ချက်ခြင်းအသုံးမလိုသည့် မိမိပိုင်ငွေအားလုံးကို နိုင်ငံတော် သမတ က သဘောတူသည့်ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

၁၈။ ။(၁) ကော်ပိုရေးရှင်းသည် ဘဏ္ဍာတော်နှစ်အသီးသီးမကုန်မီ ရက် ၃၀ ကြိုတင်၍၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေ ငွေစာရင်းကို၊ နိုင်ငံတော် သမတ ထံသဘောတူညီချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါမှန်းခြေငွေစာရင်းကို ပြင်သည့် နောက်ထပ်မှန်းခြေငွေစာရင်းကိုလည်း အခါအားလျော်စွာ ထိုနည်းအတူတင်သွင်းနိုင်သည်။

(၂) နိုင်ငံတော်သမတ၏ သဘောတူချက်ဖြင့် စည်းမျဉ်းများနှင့်အညီ ပြန်လည် ခွဲဝေသုံးစွဲခြင်းမှတပါး ပုဒ်မခွဲ (၁) အရ၊ ခွင့်ပြုသည့်မှန်းခြေငွေစာရင်းထက်ပို၍ မည်သည့် အသုံးစရိတ်ကိုမျှ ကော်ပိုရေးရှင်းက ကျူးခံခြင်းမပြုရ။

၁၉။ ။(၁) အဖွဲ့သည် ငွေစာရင်းများကိုငင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုငင်း ထားရှိရမည့်ပြင်၊ ဘဏ္ဍာတော်နှစ်အသီးသီးနှင့်စပ်လျဉ်းသည့် အဖွဲ့၏ နှစ်ချုပ်ငွေစာရင်းကို ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ရင်းတမ်းနှင့် ငွေစာရင်းများကို၊ နိုင်ငံတော်သမတ က၊ သတ်မှတ်သည့်နည်းအတိုင်းစစ်ဆေးရမည်။

(၃) အဖွဲ့သည် မိမိ၏သုံးလပတ် ရ-သုံးငွေစာရင်းရှင်းတမ်းကို လာလတ္တံ့သော သုံးလ အတွင်း၌ နိုင်ငံတော်သမတ က၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များအရ၊ နိုင်ငံတော်သမတ ထံသို့ ပေးပို့ရမည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တပြိုင်နက်၊ အဖွဲ့သည် နိုင်ငံတော်သမတ ထံ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစောင်ကို၊ စာရင်းစစ်များ၏ အစီရင်ခံစာ မိတ္တူ တစောင်နှင့်တကွ တင်ပြရမည်။

(၅) ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစောင်စီကို—

(က) အဖွဲ့၏ ဗဟိုရုံးတွင်၊ လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်၊ ထိုပြင်

(ခ) ပါလီမန်တွင် တင်ပြရမည်။

၂၀။ ။အဖွဲ့သည် တန်ဘိုးယုတ်လျော့မှုအတွက်ရာထားငွေ၊ အပိုရာထားငွေနှင့် အခြား ရံပုံငွေတို့ကို နိုင်ငံတော်သမတ သတ်မှတ်သည့် နှုန်းထားနှင့် စည်းကမ်းချက်များအရ ထားရှိရမည်။

အခန်း ၅။

လက်အောက်ခံကော်ပိုရေးရှင်းများ။

၂၁။ ။(၁) အဖွဲ့သည် လက်အောက်ခံ ကော်ပိုရေးရှင်းများကို ဖွဲ့စည်းနိုင်သည်။ အဆိုပါ လက်အောက်ခံကော်ပိုရေးရှင်းများသည် အဖွဲ့၏အုပ်ချုပ်မှုကိုခံယူလျက် အဖွဲ့ကလွှဲအပ်သည့်တာဝန် နှင့်အာဏာများကို ဆောင်ရွက်သုံးစွဲနိုင်ရမည်။

(၂) လက်အောက်ခံ ကော်ပိုရေးရှင်းများ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို အဖွဲ့က ခန့်အပ် ရမည်။

အခန်း ၆။

အထွေထွေ။

၂၂။ ။အဖွဲ့၏ရာထမ်း မှုထမ်းအသီးသီးသည်၊ ဤဥပဒေအရ ဆောင်ရွက်နေစဉ်၊ သို့တည်း မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ ရာဇသတ်ကြီးပုဒ်မ ၂၁၏ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ ။ကော်ပိုရေးရှင်းအားလုံး၊ အဖွဲ့အားလုံး၊ အဖွဲ့ဝင် တဦးစီးအားလုံး၊ အဖွဲ့၏ ရာထမ်းမှုထမ်းတဦးစီးအားလုံး၊ အဖွဲ့တွင်လုပ်ကိုင်နေသူတဦးစီးအားလုံး၊ ဤအက်ဥပဒေအရ သဘော ရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စအတွက်၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မည်သည့်တရားရုံးတွင်မျှ မစွဲဆိုရ။

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတခုခုက တရားမမှု စွဲဆိုနိုင်သကဲ့သို့၊ သို့တည်း မဟုတ် စွဲဆိုခံရဆိုက်သကဲ့သို့ အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် ကော်ပိုရေးရှင်းက၊ သို့တည်းမဟုတ် ဆိုခဲ့သည့်ပုဂ္ဂိုလ်ကဖြစ်စေ၊ ကော်ပိုရေးရှင်းကို၊ သို့တည်းမဟုတ် ဆိုခဲ့သည့်ပုဂ္ဂိုလ် ကိုဖြစ်စေ၊ တရားမမှု စွဲခြင်းကို ဤပုဒ်မပါမည်သည့် ပြဋ္ဌာန်းချက်ကမျှ ပိတ်ပင်ခြင်းမရှိစေရ။

သရက်မြို့ရှိ ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၈။] (၁၉၅၄ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့[*] တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် ''ကုမ္ပဏီ'' ဆိုသည်မှာ ဘားမားစီးမင့်ကုမ္ပဏီ လီမိတက်ကို ဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတမှာ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့် နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် ဘိလပ်မြေလုပ်ငန်းများကိုကုမ္ပဏီထံမှနိုင်ငံပိုင်အဖြစ်ဖြင့်လွှဲယူရန်အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါနေ့မှစ၍ ကုမ္ပဏီပိုင်လုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏လက်ရှိပစ္စည်းအရပ်ရပ်သည်၎င်း၊ ကုမ္ပဏီ၏ ရာထမ်းမှထမ်းအားလုံးသည်၎င်း နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့် ရာထမ်းမှထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှု အောက်သို့ရောက်သည့်နေ့မှစ၍ သုံးလအောက် မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတက မိမိ၏လက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာဖြင့်မိမိသတ်မှတ်သည့်နေ့နောက်တလအတွင်း ဥက္ကဋ္ဌတစ်ဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦး ပါဝင်သည့်ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရကုမ္ပဏီထံမှ ပြဲယူသည့်ပစ္စည်းများ၏အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့် တရားမျှတသော လျော်ကြေးငွေ၊ နှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင်ဤအက်ဥပဒေအရကုမ္ပဏီထံမှ လွှဲယူသည့် ပစ္စည်းများ၏ မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိ ထိုပစ္စည်းများပေါင်းနှမ်း၊ သို့မဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သော ကြေးငွေနှင့် ထိုပစ္စည်းများကို ပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

---

[*] ၁၉၅၄ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခု၊ အိုင်း ၁၊ စာမျက်နှာ ၅၂၉ တွင်ကြည့်။

၆။ ။ပုဒ်မ ၅ အရ လျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံးဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည် တရားမှုတစ်စွာဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံးအား အပ်နှင်းထားသော အာဏာများရရှိရမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။
(ခ) သက်သေများကို လာရောက်စေရန်အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေ စရိတ် တင်သွင်းစေရန် ဆင့်ဆိုခြင်း။
(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း။
(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။
(င) ရွှေဆိုင်းခွင့်ပေးခြင်း။
(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။
(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲ အမိန့်များထုတ်ခြင်း။

ထိုမှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၀ နှင့် ၄၀၂ တို့၏ အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင် များရာ၏ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင် တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက် မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည် ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကို ခန့်ထားရ မည်။ ထိုသူကိုကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ ကော်မရှင် အဖွဲ့သည် မိမိ၏မှုခင်းကိစ္စများကိုဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်ငင်း၊အစိုးရကသော်ငင်း၊ လျော်ကြေးနှင့်စပ်လျဉ်းသည့်ကော်မရှင် အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့် ဖြစ်စေ၊ အမှုခြင်းရာနှင့် ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ [ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း] [၀] အယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ နိုင်ငံပိုင်ပြုလုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည် ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခု ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှုပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်း ပြဋ္ဌာန်းထားသည်မှတပါး၊ဤအက်ဥပဒေအရ ပြုလုပ်သည့်အပြုအမူအတွက်၊အစိုးရအားမည်သည့်တရားမမှု၊သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်း မပြုရ။

---

[၀] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၆ အရ၊ ထည့်သွင်းသည်။

ဒိုင်ယာမိကင် (မြန်မာနိုင်ငံ) လီမိတက်၏ဖြစ်ရည်နှင့်အရက်ချက်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀။] (၁၉၅၄ ခု၊ ဇူလိုင်လ ၂၂ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊၁ ၉၅၄ ခုနှစ်၊ဒိုင်ယာမိကင် (မြန်မာနိုင်ငံ) လီမိတက်၏ ဖြစ်ရည်နှင့် အရက်ချက်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့[၀] တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် ''ကုမ္ပဏီ'' ဆိုသည်မှာ ဒိုင်ယာမိကင် (မြန်မာနိုင်ငံ) လီမိတက်ကို ဆိုလိုသည်။

၃။ ။နိုင်ငံတော် သမတမှာ၊ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့် နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် မန္တလေးမြို့ရှိ၊ဖြစ်ရည်နှင့်အရက်ချက် လုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင် အဖြစ်ဖြင့်လွှဲယူရန် အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါ နေ့မှစ၍ ကုမ္ပဏီပိုင်လုပ်ငန်း အရပ်ရပ်နှင့် ကုမ္ပဏီ၏ လက်ရှိပစ္စည်းအရပ်ရပ်သည်ငင်း၊ကုမ္ပဏီ၏ ရာထူးမှထွေးအားလုံးသည်ငင်း၊ နိုင်ငံတော်သမတ၏ ကြိုးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့် ရာထူးမှထမ်းများအား ကုမ္ပဏီက ပေးသည့် နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော် သမတ၏ ကြိုးကြပ်အုပ်ချုပ်မှု အောက်သို့ ရောက်သည့်နေ့မှစ၍ သုံးလအောက်မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတ က မိမိ၏လက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ၊အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့နေ့ာက်တလအတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်—

(က) ဤအက်ဥပဒေအရ၊ကုမ္ပဏီထံမှလွှဲယူသည့်ပစ္စည်းများ၏အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများ အတွက် ကုမ္ပဏီကို ပေးသင့်သည့် တရားမှုတသော လျော်ကြေးငွေ၊နှင့်

(ဂ) လျော်ကြေးပေးမည့် နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရ၊ လျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏ မူလတန်ဖိုး၊ယင်းသို့လွှဲယူသည့်နေ့အထိ၊ ထိုပစ္စည်းများဟောင်းနွမ်း၊သို့မဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သောကြေးငွေနှင့် ထိုပစ္စည်းများကိုပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့် အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

---

[၀] ၁၉၅၄ ခု၊ ဇူလိုင်လ ၂၂ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခု၊ အိုင်း ၁၊ စာမျက်နှာ ၁၁၁၀ တွင်ကြည့်။

၆။ ။ပုဒ်မ ၅ အရ လျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ရာတွင်၊ ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံး ဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေ တခုခုကိုလိုက်နာရန်မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင် အဖွဲ့သည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍၊ တရားမကျင့်ထုံး ဥပဒေအရ၊ တရားရုံးအားအပ်နှင်းထားသော အာဏာများရှိရမည်—

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကိုလာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ် တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့်စစ်ဆေးခြင်း။

(င) ရွှေဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့်ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန်အာဏာလွှဲ အမိန့်များထုတ်ခြင်း။

ထိုမှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၀ နှင့် ၄၀၂ တို့၏ အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

၉။ ကော်မရှင်အဖွဲ့ဝင် တယောက်သည် ကော်မရှင်အဖွဲ့ဝင် အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစားအခြားသူတယောက်ကိုခန့်ထားရမည်။ ထိုသူကို ကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ ကော်မရှင် အဖွဲ့သည်၊ မိမိ၏မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်ငင်း၊ အစိုးရကသော်ငင်း လျော်ကြေးနှင့်စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ [ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း] [၁]အယူခံ ဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ၊ နိုင်ငံပိုင်ပြုလုပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန် အလိုငှါ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည် ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်း သတ်မှတ်လျက် အဖွဲ့တခု ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှုပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ကြံရွယ်သည့်အပြုအမူ တခုခုအတွက် မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်း ပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရပြုလုပ်သည့်အပြုအမူအတွက်အစိုးရအား မည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅ အရ၊ ထည့်သွင်းသည်။

ပြည်ထောင်စုနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းဆိုင်ရာဒေသများ လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။] (၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံပင်လယ် ငါးဖမ်းလုပ်ငန်းဆိုင်ရာဒေသများ လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ပြည်ထောင်စု နိုင်ငံအစိုးရသည်၊ ပြည်ထောင်စုနိုင်ငံအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဒေသများကို လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၂၁၉ တွင်ရည်ညွှန်းထားသော သီးခြားခွင်းချက်စည်းကမ်းများအဖြစ်ဖြင့် အောက်ဖေါ်ပြသောစည်းကမ်းများနှင့်မညီညွတ်လျှင် မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ်အဖွဲ့အစည်းကိုမျှပေးနိုင်ခွင့်မရှိစေရ။

(က) ပြည်ထောင်စုနိုင်ငံသားတဦးတယောက်ကသော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံးရာခိုင်နှုန်း ခြောက်ဆယ်မှ ပဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီတခုခုက၊ သို့တည်းမဟုတ် အဖွဲ့အစည်း တခုခုကသော်၎င်း ထိုပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဒေသများကို နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ရန်ဖြစ်စေ၊ တိုးတက်အောင်ပြုရန်ဖြစ်စေ၊ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန် အကြောင်းရှိခြင်း။

(ခ) အထက်အပိုဒ် (က) တွင် ဖေါ်ပြထားခြင်းမရှိသောပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ ထိုလုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုလုပ်နိုင်သောအခွင့်အရေးမျိုးကို မပေးဘဲနေခဲ့သော်၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးကိုပျက်ပြားစေမည်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ဂ) အခွင့်အရေးကို အသစ်ထုတ်ပေးရာ၌ဉင်း၊ အဟောင်းကို ထပ်မံပြုပြင်ထုတ်ပေးရာ၌ဉင်း ထိုအခွင့်အရေးသည်၊ တည်ဆဲဖြစ်သော အင်းအိုင်နည်းဥပဒေများအရသာလျှင် ဖြစ်စေခြင်း။

(ဃ) ထိုအခွင့်အရေးကို နိုင်ငံတော်အစိုးရ၏ စီးပွါးရေးစီမံကိန်းနှင့် အညီအညွတ်ဖြစ်စေခြင်း။

၃။ ။(၁) နိုင်ငံတော်အစိုးရသည်၊ ဤအက်ဥပဒေပါကိစ္စများနှင့်ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကျေညာချက်တရပ်ထုတ်ပြန်၍ နည်းဥပဒေများပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့် ဤကဲ့သို့ဆိုခဲ့ပြီးသော အခွင့်အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ နည်းဥပဒေများတွင် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းစေရမည်။

(က) ဤအက်ဥပဒေ ကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအား ကူညီရန်အလို့ငှါ အဖွဲ့တခုဖွဲ့စည်းရေး။

(ခ) စက်မှုလက်မှုတက်တွင်ငုံး၊ ငါးဖမ်းခြင်းဘက်တွင်ငုံး၊ စီမံအုပ်ချုပ်မှုဘက်တွင်ငုံး နိုင်ငံသားများကို သင်ပေးခန့်ထားစေရေး။

(ဂ) မည်သည့်ပင်လယ်ငါးဖမ်းဆိုင်ရာဒေသများကို လုပ်ကိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုသော ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းတွင် အစိုးရထံမှသော်ငုံး၊ နိုင်ငံသားများထံမှသော်ငုံး မည်မျှငွေရင်းပါရှိစေရေး။

ဧရိယာတိသကြားကုမ္ပဏီလိမိတက်ကိုပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊အက်ဥပဒေအမှတ် ၅၈။] (၁၉၅၄ ခု၊ အောက်တိုဘာလ ၂၂ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ဧရိယာတိသကြားကုမ္ပဏီလိမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ တွင်စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊အကြောင်းအရာနှင့်ဖြစ်စေ၊ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်၊ ''ကုမ္ပဏီ'' ဆိုသည်မှာ၊ ဧရိယာတိသကြားကုမ္ပဏီလိမိတက်ကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတမှာ၊ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့် နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် ဧရိယာတိရှိ သကြားလုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့် လွှဲယူရန်အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါနေ့မစ၍ ကုမ္ပဏီပိုင်သကြားလုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏သကြားလုပ်ငန်းနှင့် သက်ဆိုင်သော လက်ရှိပစ္စည်းအရပ်ရပ်သည်ငုံး၊ ကုမ္ပဏီ၏ သကြားလုပ်ငန်းနှင့် သက်ဆိုင်သော ရာဆမ်းမှထမ်းအားလုံးသည်ငုံး၊နိုင်ငံတော်သမတ၏ ကြိုးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင်ရည်ညွှန်းထားသည့်ရာထမ်းမှထမ်းများအား ကုမ္ပဏီကပေးသည့် နှုန်းများအတိုင်း လစာနှင့် စဒိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြိုးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်သည့်နေ့မှစ၍ သုံးလအောက်မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတက၊ မိမိလက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁)နိုင်ငံတော်သမတသည်၊ ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ နောက်တလအတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေ အရ၊ ကုမ္ပဏီထံမှ လွှဲယူသည့် ပစ္စည်းများ၏ အကြောင်းအရာများ၊

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့် တရားမျှတသော လျော်ကြေးငွေနှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

---

[1] ၁၉၅၄ ခု၊ အောက်တိုဘာလ ၂၂ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၆၄၃ တွင်ကြည့်။

(၂) ပုဒ်မခွဲ (၁) အရ လျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှလွှဲယူသည့်ပစ္စည်းများ၏ မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိ၊ ထိုပစ္စည်းများဟောင်းနွမ်း၊ သို့တည်းမဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သော ကြေးငွေနှင့် ထိုပစ္စည်းများကိုပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို၊ ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၆။ ။ပုဒ်မ ၅ အရ လျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေကို၊ သို့တည်းမဟုတ် အခြားဘည်ဆဲဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ၊ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးအား အပ်နှင်းထားသော အာဏာများရရှိရမည်။

(က) အကြောင်းအရာများကိုဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။
(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ် ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ် တင်သွင်းစေရန်ဆင့်ဆိုခြင်း။
(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း။
(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။
(င) ရွှေဆိုင်းခွင့်ပေးခြင်း။
(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကိုလက်ခံခြင်း။
(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲအပ်နှံများထုတ်ခြင်း။

ထိုမှတပါးကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ ထင်မြင်ချက်သည်အဲတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင် အဖွဲ့ဝင် အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကို ခန့်ထားရမည်။ ထိုသူကို ကော်မရှင်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည်၊ မိမိ၏မူခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့်စပ်လျဉ်းသည့်ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့် ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်းအယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ၊ နိုင်ငံပိုင်ပြုလုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အုပ်မိန့်တရပ်ဖြင့် စည်းမျဉ်း သတ်မှတ်လျက် အဖွဲ့တခုဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှုပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြား မူခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် အပြုအမူအတွက်၊အစိုးရအား၊ မည်သည့်တရားမမှု၊ သို့တည်းမဟုတ်အခြားမူခင်းမှု စွဲဆိုခြင်းမပြုရ။

H.—POWER.

၎။ ။စက်အားးဓါတ်အားးဆိုင်ရာ။

THE BOILERS ACT.

CONTENTS.

Sections.

1. * * * *
2. Definitions.
3. Limitation of application.
4. Power to limit extent.
5. Appointment of Chief Inspector and Inspectors.
6. Prohibition of use of unregistered or uncertificated boiler.
7. Registration.
8. Renewal of certificate.
9. Provisional orders.
10. Use of boiler pending grant of certificate.
11. Revocation of certificate or provisional order.
12. Alterations and renewals to boilers.
13. Alterations and renewals to steam-pipes or feed-pipes.
14. Duty of owner at examination.
15. Production of certificates, etc.
16. Transfer of certificates, etc.
17. Powers of entry.
18. Report of accidents.
19. Appeals to Chief Inspector.
20. Appeals to appellate authority.
21. Finality of orders.
22. Minor penalties.
23. Penalties for illegal use of boiler.
24. Other penalties.
25. Penalty for tampering with register mark.
26. Limitation and previous sanction for prosecutions.
27. Trial of offences.
28. Power to make regulations.
29. Power to make rules.
30. Penalty for breach of rules.
31. Publication of regulations and rules.
32. Recovery of fees, etc.
33. Applicability to the State.
34. Power to exempt. Power to suspend in case of emergency.

THE BOILERS ACT.

[INDIA ACT V. 1923.] (1st January, 1924.)

1. * * * *

2. In this Act, unless there is anything repugnant in the subject or context,— Definitions.

(*a*) " accident " means an explosion of a boiler or steam-pipe or any damage to a boiler or steam-pipe which is calculated to weaken the strength thereof so as to render it liable to explode ;

(*b*) " boiler " means any closed vessel exceeding five gallons in capacity which is used expressly for generating steam under pressure, and includes any mounting or other fitting attached to such vessel, which is wholly or partly under pressure when steam is shut off ;

(*c*) " Chief Inspector " and " Inspector " mean, respectively, a person appointed to be a Chief Inspector and an Inspector under this Act ;

(*d*) " owner " includes any person using a boiler as agent of the owner thereof and any person using a boiler which he has hired or obtained on loan from the owner thereof ;

(*e*) " prescribed " means prescribed by regulations or rules made under this Act ;

(*f*) " steam-pipe " means any main pipe through which steam passes directly from a boiler to a prime-mover or other first user, and includes any connected fitting of a steam-pipe ;

(*g*) " feed-pipe " means any pipe through which feed water passes from the feed pump or injector to the check valve on the boiler and includes any connected fitting of a feed-pipe ;

(*h*) " structural alteration, addition or renewal " shall not be deemed to include any renewal or replacement of a petty nature when the part or fitting used for replacement is not inferior in strength, efficiency or otherwise to the replaced part or fitting.

3. (*1*) Nothing in this Act shall apply in the case of any boiler or steam-pipe— Limitation of application.

(*a*) in any steamship as defined in section 2 of the Burma Merchant Shipping Act or in any steam vessel within the Inland Steam Vessels Act ;

(*b*) belonging to or under the control of [the Burma Navy.][1]

(*2*) The President of the Union may, by notification in the Gazette, declare that the provisions of this Act shall not apply in the case of boilers or steam-pipes, or of any specified class of boilers or steam-pipes, belonging to or under the control of any railway administered by the [Railway Administration][1] or by any railway company as defined in clause (*5*) of section 3 of the Railways Act.

---

[1] Substituted by the Union of Burma (Adaptation of Laws) Order, 1948.

Power to limit extent.

4. The President of the Union may, by notification in the Gazette, exclude any specified area from the operation of all or any specified provisions of this Act.

Appointment of Chief Inspector and Inspectors.

5. (*1*) The President of the Union may appoint such persons as he thinks fit to be Inspectors for the purposes of this Act, and may define the local limits within which each Inspector shall exercise the powers and perform the duties conferred and mposed on Inspectors by or under this Act.

(*2*) The President of the Union shall likewise appoint a person to be Chief Inspector, who may, in addition to the powers and duties conferred or imposed on the Chief Inspector by or under this Act, exercise any power or perform any duty so conferred or imposed on Inspectors.

(*3*) The Chief Inspector and every Inspector shall be deemed to be a public servant within the meaning of the Penal Code.

Prohibition of use of unregistered or uncertificated boiler.

6. Save as otherwise expressly provided in this Act, no owner of a boiler shall use the boiler or permit it to be used—

(*a*) unless it has been registered in accordance with the provisions of this Act ;

(*b*) * * * *

(*c*) unless a certificate or provisional order authorizing the use of the boiler is for the time being in force under this Act ;

(*d*) at a pressure higher than the maximum pressure recorded in such certificate or provisional order ;

(*e*) where the President of the Union has made rules requiring that boilers shall be in charge of persons holding certificates of competency, unless the boiler is in charge of a person holding the certificate required by such rules.

Registration.

7. (*1*) The owner of any boiler which is not registered under the provisions of this Act may apply to the Inspector to have the boiler registered. Every such application shall be accompanied by the prescribed fee.

(*2*) On receipt of an application under sub-section (*1*), the Inspector shall fix a date, within thirty days or such shorter period as may be prescribed from the date of the receipt, for the examination of the boiler and shall give the owner thereof not less than ten days' notice of the date so fixed.

(*3*) On the said date the Inspector shall proceed to measure and examine the boiler and to determine in the prescribed manner the maximum pressure, if any, at which such boiler may be used, and shall report the result of the examination to the Chief Inspector in the prescribed form.

(*4*) The Chief Inspector, on receipt of the report, may—

(*a*) register the boiler and assign a register number thereto, either forthwith or after satisfying himself that any structural alteration, addition or renewal which he may deem necessary has

been made in or to the boiler or any steam-pipe or feed-pipe attached thereto, or

(*b*) refuse to register the boiler :

Provided that where the Chief Inspector refuses to register a boiler, he shall forthwith communicate his refusal to the owner of the boiler together with the reasons therefor.

(*5*) The Chief Inspector shall, on registering the boiler, order the issue to the owner of a certificate in the prescribed form authorizing the use of the boiler for a period not exceeding twelve months at a pressure not exceeding such maximum pressure as he thinks fit and as is in accordance with the regulations made under this Act.

(*6*) The Inspector shall forthwith convey to the owner of the boiler the orders of the Chief Inspector and shall in accordance therewith issue to the owner any certificate of which the issue has been ordered, and, where the boiler has been registered, the owner shall within the prescribed period cause the register number to be permanently marked thereon in the prescribed manner.

Renewal of certificate.

8. (*1*) A certificate authorizing the use of a boiler shall cease to be in force—

(*a*) on the expiry of the period for which it was granted ; or

(*b*) when any accident occurs to the boiler ; or

(*c*) when the boiler is moved, the boiler not being a vertical boiler the heating surface of which is less than two hundred square feet, or a portable or vehicular boiler ; or

(*d*) when any structural alteration, addition or renewal is made in or to the boiler ; or

(*e*) if the Chief Inspector in any particular case so directs, when any structural alteration, addition, or renewal is made in or to any steam-pipe or feed-pipe attached to the boiler ; or

(*f*) on the communication to the owner of the boiler of an order of the Chief Inspector or Inspector prohibiting its use on the ground that it or any steam-pipe or feed-pipe attached thereto is in a dangerous condition.

(*2*) Where an order is made under clause (*f*) of sub-section (*1*), the grounds on which the order is made shall be communicated to the owner with the order.

(*3*) When a certificate ceases to be in force, the owner of the boiler may apply to the Inspector for a renewal thereof for such period not exceeding twelve months as he may specify in the application.

(*4*) An application under sub-section (*3*) shall be accompanied by the prescribed fee and, on receipt thereof, the Inspector shall fix a date, within thirty days or such shorter period as may be prescribed from the date of the receipt, for the examination of the boiler and shall give the owner thereof not less than ten days' notice of the date so fixed :

Provided that, where the certificate has ceased to be in force owing to the making of any structural alteration, addition or renewal, the Chief Inspector may dispense with the payment of any fee.

(*5*) On the said date the Inspector shall examine the boiler in the prescribed manner and, if he is satisfied that the boiler and the steam-pipe and feed-pipe attached thereto are in good condition, shall issue a renewed certificate authorizing the use of the boiler for such period not exceeding twelve months and at a pressure not exceeding such maximum pressure as he thinks fit and as is in accordance with the regulations made under this Act:

Provided that if the Inspector—

(*a*) proposes to issue any certificate—

(i) having validity for a less period than the period entered in the application, or

(ii) increasing or reducing the maximum pressure at which the boiler may be used, or

(*b*) proposes to order any structural alteration, addition or renewal to be made in or to the boiler or any steam-pipe or feed-pipe attached thereto, or

(*c*) is of opinion that the boiler is not fit for use,

the Inspector shall, within forty-eight hours of making the examination inform the owner of the boiler in writing of his opinion and the reasons therefor, and shall forthwith report the case for orders to the Chief Inspector.

(*6*) The Chief Inspector, on receipt of a report under sub-section (*5*), may, subject to the provisions of this Act and of the regulations made hereunder, order the renewal of the certificate in such terms and on such conditions, if any, as he thinks fit, or may refuse to renew it:

Provided that where the Chief Inspector refuses to renew a certificate, he shall forthwith communicate his refusal to the owner of the boiler, together with the reasons therefor.

(*7*) Nothing in this section shall be deemed to prevent an owner of a boiler from applying for a renewed certificate therefor at any time during the currency of a certificate.

Provisional orders.

9. Where the Inspector reports the case of any boiler to the Chief Inspector under sub-section (*3*) of section 7 or sub-section (*5*) of section 8, he may, if the boiler is not a boiler the use of which has been prohibited under clause (*f*) of sub-section (*1*) of section 8, grant to the owner thereof a provisional order in writing permitting the boiler to be used at a pressure not exceeding such maximum pressure as he thinks fit and as is in accordance with the regulations made under this Act, pending the receipt of the orders of the Chief Inspector. Such provisional order shall cease to be in force—

(*a*) on the expiry of six months from the date on which it is granted, or

(*b*) on receipt of the orders of the Chief Inspector, or

(*c*) in any of the cases referred to in clauses (*b*), (*c*), (*d*), (*e*) and (*f*) of sub-section (*1*) of section 8,

and on so ceasing to be in force shall be surrendered to the Inspector.

Use of boiler pending grant of certificate.

10. (*1*) Notwithstanding anything hereinbefore contained, when the period of a certificate relating to a boiler has expired, the owner shall, provided that he has applied before the expiry of that period for a renewal of the certificate, be entitled to use the boiler at the maximum pressure entered in the former certificate pending the issue of orders on the application.

(*2*) Nothing in sub-section (*1*) shall be deemed to authorize the use of a boiler in any of the cases referred to in clauses (*b*), (*c*), (*d*), (*e*) and (*f*) of sub-section (*1*) of section 8 occurring after the expiry of the period of the certificate.

Revocation of certificate or provisional order.

11. The Chief Inspector may at any time withdraw or revoke any certificate or provisional order on the report of an Inspector or otherwise—

(*a*) if there is reason to believe that the certificate or provisional order has been fraudulently obtained or has been granted erroneously or without sufficient examination ; or

(*b*) if the boiler in respect of which it has been granted has sustained injury or has ceased to be in good condition ; or

(*c*) where the President of the Union has made rules requiring that boilers shall be in charge of persons holding certificates of competency, if the boiler is in charge of a person not holding the certificate required by such rules ; or

(*d*) where no such rules have been made, if the boiler is in charge of a person who is not, having regard to the condition of the boiler, in the opinion of the Chief Inspector competent to have charge thereof :

Provided that where the Chief Inspector withdraws or revokes a certificate or provisional order on the ground specified in clause (*d*), he shall communicate to the owner of the boiler his reasons in writing for the withdrawal or revocation, and the order shall not take effect until the expiry of thirty days from the receipt of such communication.

Alterations and renewals to boilers.

12. No structural alteration, addition or renewal shall be made in or to any boiler registered under this Act unless such alteration, addition or renewal has been sanctioned in writing by the Chief Inspector.

Alterations and renewals to steam-pipes or feed-pipes.

13. Before the owner of any boiler registered under this Act makes any structural alteration, addition or renewal in or to any steam-pipe or feed-pipe attached to the boiler, he shall transmit to the Chief Inspector a report in writing of his intention, and shall send therewith such particulars of the proposed alteration, addition or renewal as may be prescribed :

Provided that no pipe of three inches or less in internal diameter shall be held to be a steam-pipe for the purposes of this section.

Duty of owner at examination.

14. (*1*) On any date fixed under this Act for the examination of a boiler, the owner thereof shall be bound—

(*a*) to afford to the Inspector all reasonable facilities for the examination and all such information as may reasonably be required of him ;

(*b*) to have the boiler properly prepared and ready for examination in the prescribed manner; and

(*c*) in the case of an application for the registration of a boiler, to provide such drawings, specifications, certificates and other particulars as may be prescribed.

(*2*) If the owner fails, without reasonable cause, to comply with the provisions of sub-section (*1*), the Inspector shall refuse to make the examination and shall report the case to the Chief Inspector who shall, unless sufficient cause to the contrary is shown, require the owner to file a fresh application under section 7 or section 8, as the case may be, and may forbid him to use the boiler notwithstanding anything contained in section 10.

Production of certificates, etc.

15. The owner of any boiler who holds a certificate or provisional order relating thereto shall, at all reasonable times during the period for which the certificate or order is in force, be bound to produce the same when called upon to do so by a District Magistrate, Commissioner of Police or Magistrate of the first class having jurisdiction in the area in which the boiler is for the time being, or by the Chief Inspector or by an Inspector or by any Inspector appointed under the Factories Act, or by any person specially authorized in writing by a District Magistrate or Commissioner of Police.

Transfer of certificates, etc.

16. If any person becomes the owner of a boiler during the period for which a certificate or provisional order relating thereto is in force, the preceding owner shall be bound to make over to him the certificate or provisional order.

Powers of entry.

17. An Inspector may, for the purpose of inspecting or examining a boiler or any steam-pipe or feed-pipe attached thereto or of seeing that any provision of this Act or of any regulation or rule made hereunder has been or is being observed, at all reasonable times enter any place or building within the limits of the area for which he has been appointed in which he has reason to believe that a boiler is in use.

Report of accidents.

18. (*1*) If any accident occurs to a boiler or steam-pipe or feed-pipe, the owner or person in charge thereof shall, within twenty-four hours of the accident, report the same in writing to the Inspector. Every such report shall contain a true description of the nature of the accident and of the injury, if any, caused thereby to the boiler or to the steam-pipe or feed-pipe or to any person, and shall be in sufficient detail to enable the Inspector to judge of the gravity of the accident.

(*2*) Every person shall be bound to answer truly to the best of his knowledge and ability every question put to him in writing by the Inspector as to the cause, nature or extent of the accident.

Appeals to Chief Inspector.

19. Any person considering himself aggrieved by—

(*a*) an order made or purporting to be made by an Inspector in the exercise of any power conferred by or under this Act, or

(*b*) a refusal of an Inspector to make any order or to issue any certificate which he is required or enabled by or under this Act to make or issue,

may, within thirty days from the date on which such order or refusal is communicated to him, appeal against the order or refusal to the Chief Inspector.

Appeals to appellate authority.

20. Any person considering himself aggrieved by an original or appellate order of the Chief Inspector—

(*a*) refusing to register a boiler or to grant or renew a certificate in respect of a boiler ; or

(*b*) refusing to grant a certificate having validity for the full period applied for ; or

(*c*) refusing to grant a certificate authorizing the use of a boiler at the maximum pressure desired ; or

(*d*) withdrawing or revoking a certificate or provisional order ; or

(*e*) reducing the amount of pressure specified in any certificate or the period for which such certificate has been granted ; or

(*f*) ordering any structural alteration, addition or renewal to be made in or to a boiler or steam-pipe or feed-pipe, or refusing sanction to the making of any structural alteration, addition or renewal in or to a boiler ;

may, within thirty days of the communication to him of such order, lodge with the Chief Inspector an appeal to an appellate authority to be constituted by the President of the Union under this Act.

Finality of orders.

21. An order of an appellate authority under section 20 and, save as otherwise provided in sections 19 and 20, an order of the Chief Inspector or of an Inspector shall be final and shall not be called in question in any Court.

Minor penalties.

22. Any owner of a boiler who refuses or without reasonable excuse neglects—

(i) to surrender a provisional order as required by section 9, or

(ii) to produce a certificate or provisional order when duly called upon to do so under section 15, or

(iii) to make over to the new owner of a boiler a certificate or provisional order as required by section 16,

shall be punishable with fine which may extend to one hundred rupees.

Penalties for illegal use of boiler.

23. Any owner of a boiler who, in any case in which a certificate or provisional order is required for the use of the boiler under this Act, uses the boiler either without any such certificate or order being in force, or at a higher pressure than that allowed thereby, shall be punishable with fine which may extend to five hundred rupees, and, in the case of a continuing offence, with an additional fine which may extend to one hundred rupees for each day after the first day in regard to which he is convicted of having persisted in the offence.

Other penalties.

24. Any person who—

(*a*) * * * *

(*b*) being the owner of a boiler fails to cause the registered number allotted to the boiler under this Act to be marked on the boiler as required by sub-section (*6*) of section 7, or

(*c*) makes any structural alteration, addition or renewal in or to a boiler without first obtaining the sanction of the Chief Inspector, when so required by section 12, or to a steam-pipe or feed-pipe, without first informing the Chief Inspector, when so required by section 13, or

(*d*) fails to report an accident to a boiler or steam-pipe or feed-pipe when so required by section 18, or

(*e*) tampers with a safety valve of a boiler so as to render it inoperative at the maximum pressure at which the use of the boiler is authorized under this Act,

shall be punishable with fine which may extend to five hundred rupees.

Penalty for tampering with register mark.

25. (*1*) Whoever removes, alters, defaces, renders invisible or otherwise tampers with the register number marked on a boiler in accordance with the provisions of this Act, or Burma Act II of 1910[1] or the Indian Boilers Act, 1923, shall be punishable with fine which may extend to five hundred rupees. India 1923.

(*2*) Whoever fraudulently marks upon a boiler a register number which has not been allotted to it under this Act, or Burma Act II of 1910,[1] or the Indian Boilers Act, 1923, shall be punishable with imprisonment which may extend to two years, or with fine, or with both. India 1923.

Limitation and previous sanction for prosecutions.

26. No prosecution for an offence made punishable by or under this Act shall be instituted except within six months from the date of the commission of the offence, and no such prosecution shall be instituted without the previous sanction of the Chief Inspector.

Trial of offences.

27. No offence made punishable by or under this Act shall be tried by a Court inferior to that of a Magistrate of the first class.

Power to make regulations.

28. The President of the Union may, by notification in the Gazette, make regulations consistent with this Act for all or any of the following purposes, namely—

(*a*) for laying down the standard conditions in respect of material, design and construction which shall be required for the purpose of enabling the registration and certification of a boiler under this Act ;

(*b*) for prescribing the method of determining the maximum pressure at which a boiler may be used ;

(*c*) for regulating the registration of boilers, prescribing the fees payable therefor, the drawings, specifications, certificates and particulars to be produced by the owner, the method of preparing

[1] This Act, called the Burma Steam-boilers and Prime-Movers Act, 1910, was repealed by India Act V, 1923.

a boiler for examination, the form of the Inspector's report thereon, the method of marking the register number, and the period within which such number is to be marked on the boiler;

(*d*) for regulating the inspection and examination of boilers, steam-pipes and feed-pipes, and prescribing forms of certificates therefor, and

(*e*) for ensuring the safety of persons working inside a boiler.

Power to make rules.

29. The President of the Union may, by notification in the Gazette, make rules[1] consistent with this Act and the regulations made thereunder for all or any of the following purposes, namely—

(*a*) for prescribing the qualifications and duties of the Chief Inspector and of Inspectors, for regulating their salary, allowances and conditions of service, for prescribing or constituting authorities to which they shall respectively be subordinate, and the limits of the administrative control to be exercised by such authorities;

(*b*) for regulating the transfer of boilers;

(*c*) for providing for the registration and certification of boilers in accordance with the regulations made under this Act;

(*d*) for requiring boilers to be in charge of persons holding certificates of competency, and for prescribing the conditions on which such certificates may be granted;

(*e*) for prescribing the times within which Inspectors shall be required to examine boilers under section 7 or section 8;

(*f*) for prescribing the fees payable for the issue of renewed certificates and the method of determining the amount of such fees in each case;

(*g*) for regulating inquiries into accidents;

(*h*) for constituting the appellate authority referred to in section 20, and for determining its powers and procedure;

(*i*) for determining the mode of disposal of fees, costs and penalties levied under this Act; and

Saving for manufacture, possession, use, sale, transport or importation by Government.

14. Nothing in this Act shall apply to the manufacture, possession, use, sale, transport or importation of any explosive—

(*a*) by order of the Government, or

(*b*) by any person employed under the Government in the execution of this Act, or as a keeper of a magazine, artizan, soldier, sailor, airman, policeman or otherwise, or enrolled as a volunteer in the course of his employment or duty as such.

Saving of Arms Act.

15. Nothing in this Act shall affect the provisions of the Arms Act:

Provided that an authority granting a licence under this Act for the manufacture, possession, sale, transport or importation of an explosive may, if empowered in this behalf by the rules under which the licence is granted, direct by an order written on the licence that it shall have the effect of a like licence granted under the said Arms Act.

Saving as to liability under other law.

16. Nothing in this Act or the rules under this Act shall prevent any person from being prosecuted under any other law for any act or omission which constitutes an offence against this Act or those rules, or from being liable under that other law to any other or higher punishment or penalty than that provided by this Act or those rules:

Provided that a person shall not be punished twice for the same offence.

Extension of definition of "explosive" to other explosive substances.

17. The President of the Union may, from time to time, by notification in the Gazette, declare that any substance which appears to the President of the Union to be specially dangerous to life or property, by reason either of its explosive properties or of any process in the manufacture thereof being liable to explosion, shall be deemed to be an explosive within the meaning of this Act; and the provisions of this Act (subject to such exceptions, limitations and restrictions as may be specified in the notification) shall accordingly extend to that substance in like manner as if it were included in the definition of the term "explosive" in this Act.

Procedure for making rules.

18. All rules made under this Act shall be made after previous publication.

လျှပ်စစ်ဓါတ်အားပေးရေး အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၉။] (၁၉၅၁ ခု၊ အောက်တိုဘာလ ၁ ရက်။)

ပြည်ထောင်စုမြန်မာနိုင်ငံအတွက် လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့တခု ဖွဲ့စည်းရန်ပြဋ္ဌာန်းသင့်သည်ဖြစ်သောကြောင့်တကြောင်း၊ လျှပ်စစ်ဓါတ်အားပေးခြင်းမှစ၍၊ အခြားကိစ္စအချို့နှင့်ပတ်သက်သည့် အလုပ်ဝတ်တရားများကို၊ ထိုအဖွဲ့ကဆောင်ရွက်ရန် ပြဋ္ဌာန်းသင့်သည် ဖြစ်သောကြောင့်တကြောင်း၊ လျှပ်စစ်ဓါတ်အက်ဥပဒေအရ၊ လိုင်စင်ရရှိသူ၊ သို့မဟုတ် အခွင့်အမိန့်ရရှိသူတဦးဦး၏ ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်ဝတ်တရားများ၊ ကြေးမြီတာဝန်များနှင့် အာဏာများကို ထိုအဖွဲ့သို့လွှဲပြောင်းရန် ပြဋ္ဌာန်းသင့်သည်ဖြစ်သောကြောင့် တကြောင်း၊ ထို့ပြင် အဆိုပါကိစ္စများနှင့်

သက်ဆိုင်သည့် အခြားကိစ္စများအတွက်လည်း ပြဋ္ဌာန်းသင့်သည် ဖြစ်သောကြောင့် တကြောင်း၊ ထိုအကြောင်းများကြောင့်—

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

အမည်နှင့် စတင်ရန် နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၄၈ ခုနှစ်၊ လျှပ်စစ်ဓါတ်အားပေးရေး အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့် နေ့ရက် [၀] တွင် အတည်ဖြစ်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။(၁) ဤအက်ဥပဒေတွင်၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်—

(က) အဖွဲ့ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသော လျှပ်စစ် ဓါတ်အားပေးရေးအဖွဲ့ကို ဆိုလိုသည်။

(ခ) လိုင်စင်ရသူဆိုသည်မှာ၊ လျှပ်စစ်ဓါတ်အားပေးရန်အတွက်၊ လျှပ်စစ်ဓါတ် အက်ဥပဒေ အပိုင်း ၂ အရလိုင်စင်ရသူတဦးဦးကို သော်၎င်း၊ ဤအက်ဥပဒေပုဒ်မ ၂၄ အရ လိုင်စင်ရသူ တဦးဦးကိုသော်၎င်း ဆိုလိုသည်။

(ဂ) ပြဋ္ဌာန်းသည်ဆိုသည်မှာ၊ ဤအက်ဥပဒေဖြင့်သော်၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် စည်းကမ်းဥပဒေများဖြင့်သော်၎င်း ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

(ဃ) လုပ်ငန်းတာဝန်ခံသူ ဆိုသည်မှာ၊ လျှပ်စစ်ဓါတ် အက်ဥပဒေပုဒ်မ ၂၀ အရသော်၎င်း၊ ဤအက်ဥပဒေပုဒ်မ ၂၄ အရသော်၎င်း၊ အခွင့်အမိန့်ရသူကို ဆိုလိုသည်။

(င) လုပ်ငန်းဆိုသည်မှာ၊ အလုပ်အဆောင်များ၊ လျှပ်စစ်ဓါတ်အား ဖြစ်ပေါ်စေသည့်စက်၊ လျှပ်စစ်ဓါတ်အား ပေးပို့ဖြန့်ဖြူးသည့် လျှပ်စစ်ဓါတ်အား သွားလမ်းများ၊ လမ်းဖြိုးထွန်းသည့်ကရိယာများ၊ လျှပ်စစ်ဓါတ်အား သုံးစွဲသူတို့၏ အဆောက်အဦများတွင် ထားရှိသောလိုင်စင်ရသူ၊ သို့တည်းမဟုတ် လုပ်ငန်းတာဝန်ခံသူပိုင် မီတာနှင့်အခြား ကရိယာများ၊ မြေ၊ အဆောက်အဦများ၊ အိမ်ထောင်ပစ္စည်းများ၊ ရုံးပစ္စည်းများ၊ စမ်းသပ်သည့်ရုံများ၊ သိုလှောင်ထားသည့် ပစ္စည်းကရိယာတန်ဆာပလာများ၊ မှာယူထားသည့် လက်ဝယ်မရသေးသောပစ္စည်း ကရိယာတန်ဆာပလာများ၊ မော်တော်ယာဉ်များနှင့် အခြားပစ္စည်းအားလုံး၊ လျှပ်စစ်ဓါတ်အားသုံးစွဲသူများ တင်သွင်းထားသည့် စဘော်ငွေများနှင့် ရင်းနှီးထားသော ငွေများကို ဆိုလိုသည့်ပြင်၊ လိုင်စင်ဖြင့်သော်၎င်း၊ အခွင့်အမိန့်ဖြင့်သော်၎င်း၊ ခွင့်ပြုထားသည့် လျှပ်စစ်ဓါတ်အားပေးခြင်းနှင့် ပတ်သက်သော အလုပ်အကိုင်ကို လုပ်ကိုင်ရန် အတွက် လိုင်စင်ရသူ၊ သို့တည်းမဟုတ် လုပ်ငန်းတာဝန်ခံသူက၊ နေရာတကျသုံးစွဲရန် လက်ကျန်ငွေကိုလည်းဆိုလိုသည်။

---

[၀] ၁၉၅၁ ခု၊ အောက်တိုဘာလ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၆၉၄ တွင်ကြည့်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်ဘဲ၊လျှပ်စစ်ခါတ်အက်ဥပဒေ ပုဒ်မ ၂ ပါ အဓိပ္ပါယ်ဖော်ပြချက်များသည် ဤအက်ဥပဒေနှင့် သက်ဆိုင်ရမည်။

အခန်း ၂။

လျှပ်စစ်ခါတ်အားပေးရေးအဖွဲ့။

လျှပ်စစ်ခါတ်အားပေးရေးအဖွဲ့ဖွဲ့စည်းခြင်း။

၃။ ။(၁) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊လျှပ်စစ်ခါတ်အားပေးရေးအဖွဲ့ခေါ် အဖွဲ့တခု ဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါလူကြီးများပါဝင်ရမည်။

(က) နိုင်ငံတော်သမတက ခန့်သော ဥက္ကဋ္ဌ [နှင့် ဒုတိယ ဥက္ကဋ္ဌ။] [၁]

[၂](ခ) ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တဦး။

[၂](ဂ) နိုင်ငံတော် သမတကခန့်သည့် ပုဂ္ဂိုလ်ဦး။ ထိုဦးဦးတွင် အစိုးရ အရာရှိ မဟုတ်သူ အနည်းဆုံးသုံးဦးပါဝင်စေရမည်။

[၂](ဃ) လျှပ်စစ်ခါတ်အားပေးရေး * * [၃] ကြီးကြပ်သူ * * *[၃]။

[၄](၂) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၏ လစာများသည်၊ နိုင်ငံတော် သမတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

ရာထူးသက်တမ်း။

၄။ ။(၁) ရာထူးအလျောက်ဖြစ်သော အဖွဲ့ဝင်လူကြီးမှတပါး၊ အခြားအဖွဲ့ဝင်လူကြီးများသည်၊ ငါးနှစ်ကာလမျှ ရာထူးဌာနမ်းရွက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုအဖွဲ့ဝင်လူကြီးများကိုပင် ပြန်လည်ခန့်ထားနိုင်သည်။

(၂) ရာထူးအလျောက်ဖြစ်သောအဖွဲ့ဝင်လူကြီးသည်၊ ထိုရာထူးဌာနမ်းရွက်နေသမျှ ကာလပတ်လုံး အဖွဲ့ဝင်လူကြီးဖြစ်နေရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် ရာထူးသက်တမ်း ငါးနှစ်စေ့ကုန်စေကာမူ၊ ထိုသို့ရာထူးသက်တမ်းစေ့ကုန်၍ လစ်လပ်သောနေရာတွင်၊ ထပ်မံခန့်ထားခြင်းမရှိသေးမီ၊ လက်ရှိထမ်းရွက်နေသောလူကြီးများသည်၊ ထိုရာထူးများ၌ ဆက်လက်ထမ်းရွက်ရမည်။ သို့သော် * * * * [၅] ထိုလစ်လပ်သောနေရာကို ၆ လ အတွင်းဖြည့်ရမည်။

ရံဖန်ရံခါ လစ်လပ်သောနေရာများ။

၅။ ။(၁) ရံဖန်ရံခါ လစ်လပ်သောနေရာတွင် ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်လူကြီးသည်၊ ထိုနေရာသာမလစ်လပ်ပါမူ၊ ထိုနေရာတွင် ယခင်အဖွဲ့ဝင်လူကြီး ထင်းရွက်နိုင်မည်ဖြစ်သည့် ကျန်ကာလမျှသာ ထမ်းရွက်ရမည်။

(၂) အဖွဲ့တွင် နေရာလစ်လပ်ငြားသော်လည်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးတဦး တယောက်ခန့်ထားရာ၌ ချို့ယွင်းချက်ရှိငြားသော်လည်း၊ အဖွဲ့ဆိုင်ရာ ဆောင်ရွက်ချက်များ သည် အတည်ဖြစ်ရမည်။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅ အရ ထည့်သွင်းသည်။

[၂] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂ အရ၊ မူလအပိုဒ် (ခ) ကိုပယ်ဖျက်၍၊ ရှိရင်းအပိုဒ် (ဂ)၊ (ဃ)၊ (င) တို့ကို အပိုဒ် (ခ)၊ (ဂ)၊ (ဃ) အဖြစ်ပြန်လည် အမှတ်စဉ်သည်။

[၃] အဆိုပါ ဥပဒေအရ ပယ်ဖျက်သည်။

[၄] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅ အရ ပယ်ဖျက်သည်။

အဖွဲ့ဝင်လူကြီးများကို နှုတ်ပယ်ခြင်း။

၆။ ။(၁) မည်သည့်အဖွဲ့ဝင်လူကြီးမဆို—

(က) အဖွဲ့ဝင်လူကြီးအဖြစ်မဆောင်ရွက်လိုဟု ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးအဖြစ် မစွမ်းဆောင်နိုင်လျှင်၊ သို့တည်းမဟုတ်

(ခ) လူမွဲအဖြစ် ဆုံးဖြတ်ကျေညာခြင်းခံရလျှင်၊ သို့တည်းမဟုတ်

(ဂ) နိုင်ငံတော်သမတ၏ထင်မြင်ချက်အရ၊အဖွဲ့ဝင်လူကြီးအဖြစ်ဆက်လက်ဆောင်ရွက်ရန်မသင့်တော်လောက်အောင် အကျင့်စာရိတ္တပျက်သည့်ပြစ်မှုအတွက် ပြစ်ဒဏ်ခံရလျှင်၊ သို့တည်းမဟုတ် အကျင့်စာရိတ္တ ပျက်ကြောင်း ရာဇဝတ်ရုံးတခုခုက အမိန့်ချမှတ်ခံရလျှင်၊ သို့တည်းမဟုတ်

(ဃ) နိုင်ငံတော်သမတ၏ ထင်မြင်ချက်အရ၊လုံလောက်သောအကြောင်းမရှိသည့်ပြင်၊ အဖွဲ့၏ သဘောတူညီချက်လည်း မရရှိဘဲ၊ အဖွဲ့၏လစဉ် အစည်းအဝေးသို့ တဆက်တည်း လေးကြိမ်ထက်ပို၍ မတက်ဘဲနေလျှင်၊ သို့တည်းမဟုတ်

(င) ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များကို မလိုက်နာလျှင်၊ သို့တည်းမဟုတ်

(စ) ထိုသူ ရာထူး၌ဆက်လက်ထမ်းရွက်နေခြင်းသည်၊ ပြည်သူ့အကျိုးကို ဆုတ်ယုတ်စေမည်ဟု နိုင်ငံတော်သမတကထင်မြင်လျှင်

ထိုသူကို နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကြော်ငြာ၍ ရာထူးမှနုတ်ပယ်နိုင်သည်။

(၂) ထိုသို့နုတ်ပယ်ခံရသူကို မည်သည့်ကာလအတွင်း ပြန်လည်ခန့်ထားခြင်း မပြုစေရန် နိုင်ငံတော်သမတက၊ ကာလပိုင်းခြားသတ်မှတ်နိုင်သည်။

အစည်းအဝေးများ။

၇။ ။(၁) အဖွဲ့သည် အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ တလလျှင် အနည်းဆုံး တကြိမ် အစည်းအဝေး ကျင်းပရမည်။ လစဉ်အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို ဥက္ကဋ္ဌ၏ အမိန့်ဖြင့် ပယ်ဖျက်နိုင်သည်။ သို့သော် ထိုလစဉ်အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို နှစ်ကြိမ်ဆက်၍ ပယ်ဖျက်ခြင်းမပြုရ။

(၂) ဥက္ကဋ္ဌ၏ အမိန့်ဖြင့်သော်၎င်း၊ အဖွဲ့ဝင်လူကြီး အနည်းဆုံးသုံးဦးက လက်မှတ်ရေးထိုးသောစာဖြင့် အစည်းအဝေး ကျင်းပလိုသည့်ကိစ္စကိုဖော်ပြ၍ အစည်းအဝေး ခေါ်ပေးရန် တောင်းဆိုသောအခါသော်၎င်း၊ အဖွဲ့၏ အထူးအစည်းအဝေးများကို မည်သည့်အချိန်အခါတွင်မဆို ကျင်းပနိုင်သည်။

အစည်းအဝေး အထမြောက်ရေးအတွက် လိုအပ်သောအဖွဲ့ဝင်လူကြီးဦးရေ။

၈။ ။အစည်းအဝေးသို့ အဖွဲ့ဝင်လူကြီး သေးဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

အစည်းအဝေး သဘာပတိ။

၉။ ။ဥက္ကဋ္ဌသည်၊ အဖွဲ့၏အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ၊ [ဒုတိယဥက္ကဋ္ဌသည်၊ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံး မတက်ရောက်နိုင်သည့်အခါ၊][1] ရောက်ရှိနေသော အဖွဲ့ဝင်လူကြီးများအနက် အဖွဲ့ဝင်လူကြီးတဦးကို အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရန် ရွေးကောက် တင်မြှောက်ရမည်။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅ အရ ထည့်သွင်းသည်။

ခရီးစရိတ်နှင့် အခြားစရိတ်များ။

၁၀။ ။ပုဒ်မ ၁၃ အရ ဆွေးနွေးတိုင်ပင်ရန် ဘိတ်ခေါ်ထားသောလူကြီးများနှင့် အဖွဲ့ဝင်လူကြီးများအား၊ အစည်းအဝေးများသို့ တက်ရောက်ရသည့်အတွက်သော်၎င်း၊ ၎အက်ဥပဒေပါ ကိစ္စများအလို့ငှါ အဖွဲ့ကထိုလူကြီးတို့အား လွဲအပ်ထားသည့် တာဝန်ဝတ်တရားကို ဆောင်ရွက်ရသည့်အတွက်သော်၎င်း၊ ပြဋ္ဌာန်းထားသည့်ခရီးစရိတ်များနှင့် အခြားစရိတ်များကို ပြဋ္ဌာန်းထားသည့် နှုန်းများဖြင့် ပြဋ္ဌာန်းထားသည့် စည်းကမ်းများနှင့် အညီပေးရမည်။

ငွေရေးကြေးရေးနှင့် ပတ်သက်၍ အဖွဲ့ဝင်လူကြီးတို့၏ အကျိုးခံစားခွင့်ကို ထုတ်ဖော်ပြောဆိုရခြင်း။

၁၁။ ။(၁) အဖွဲ့ဝင်လူကြီးတိုင်းသည် အစုစပ်ကုမ္ပဏီတခုခုတွင်၊ သို့တည်းမဟုတ် ကုန်ဖက်စပ်လုပ်ငန်းတခုခုတွင် ငွေရေးကြေးရေးနှင့်ပတ်သက်၍၊ မိမိအကျိုးခံစားခွင့် ရှိကြောင်းကို ဥက္ကဋ္ဌထံစာဖြင့် ဖော်ပြရမည်ဖြင်၊ မိမိ၏အမည်နှင့်၎င်း၊ မိမိ၏ ဇနီးသားသမီး၏ အမည်များနှင့်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ရှိသောမြေများကိုလည်း ထုတ်ဖော်ပြောဆိုရမည်။

(၂) ဥက္ကဋ္ဌကဖြစ်စေ၊ အဖွဲ့ဝင် အခြားလူကြီး တဦးတယောက်က ဖြစ်စေ၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ အကျိုး ခံစားခွင့် ရှိသည့်ကိစ္စကို အဖွဲ့၏ အစည်းအဝေးတွင် စဉ်းစားနေလျှင်၊ ဥက္ကဋ္ဌသည်သော်၎င်း၊ ထိုအဖွဲ့ဝင်လူကြီးသည်သော်၎င်း၊ ထိုအစည်းအဝေးသို့ မတက်ရောက်ရ။ ထိုသို့အကျိုးခံစားခွင့်ရှိသော အဖွဲ့ဝင်လူကြီးသည် အစည်းအဝေးသို့ ရောက်ရှိနေပါမူ၊ ယင်းသို့ အကျိုးသက်ဆိုင်ခွင့်ရှိသည့် အကြောင်းကို အဖွဲ့အား ပြောပြရမည်။

(၃) ငွေရေးကြေးရေးနှင့်ပတ်သက်၍ အဖွဲ့ဝင် လူကြီးတဦးတယောက်၌ အကျိုးခံစားခွင့် ရှိမရှိ ဆုံးဖြတ်ရန် ကိစ္စပေါ်ပေါက်သောအခါ၊ သဘာပတိ၏ ဆုံးဖြတ်ချက်မှာ အပြီးအပြတ် အတည်ဖြစ်ရမည်။

ကော်မိတီများ ခန့်ရန်အာဏာ။

၁၂။ ။(၁) သာမန်ကိစ္စအတွက် သော်၎င်း၊ အထူးကိစ္စအတွက် သော်၎င်း၊ အဖွဲ့ဝင်လူကြီးဦးရေ မည်ရွေမည်မျှမဆို ပါဝင်သည့်ကော်မိတီများကို အဖွဲ့က ခန့်ထားနိုင်သည်။ ထိုကော်မိတီသည် ၎င်းအား အဖွဲ့ကလွှဲအပ်သည့် အဖွဲ့၏အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို အဖွဲ့၏ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာ၍ သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့က လွှဲအပ်သည့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ အဖွဲ့ဝင်လူကြီး နှစ်ဦးအောက်မနည်းပါဝင်သော အထူးကော်မိတီများကိုခန့်ရန် အဖွဲ့၌ အာဏာရှိရမည်။ ထိုကော်မိတီများ၌လည်း ကော်မိတီလူကြီးများ ထပ်ဖြည့်ရန် အာဏာရှိရမည်။

ဆွေးနွေးတိုင်ပင်အပ်သူများ ဘိတ်ခေါ်ရန် အာဏာ။

၁၃။ ။အဖွဲ့၌ဖြစ်စေ၊ အဖွဲ့က ခန့်ထားသည့် ကော်မိတီ၌ဖြစ်စေ၊ အထူးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန်အလို့ငှါ၊ ထိုကိစ္စတွင် အကြံဉာဏ် ပေးနိုင်သော အထူး အရည်အချင်း ရှိသူကို သော်၎င်း၊ ဆိုင်ရာနယ်မြေ၏ အခြေအနေများကို ကောင်းစွာ သိကျွမ်းနားလည်သူကို သော်၎င်း ဘိတ်ခေါ်ရန် အာဏာရှိရမည်။ ထိုသူတို့အား အဖွဲ့က သတ်မှတ်သည့်အခွင့်၊ သို့တည်းမဟုတ် ဥာဏ်ပူဇော်ခကိုပေးနိုင်သည်။

သို့သော် ၅ပုဒ်မအရ၊ ဘိတ်ခေါ်ထားသူမှာ၊ မဲဆန္ဒပေးနိုင်သည့် အခွင့်အရေးမရှိစေရ။

စည်းကမ်း ဥပဒေများ ပြုလုပ်ရန်အာဏာ။

၁၄။ ။အောက်ပါ ကိစ္စများနှင့်ပတ်သက်၍ အဖွဲ့သည်၊ နိုင်ငံတော် သမတ၏ ကြိုးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာ၍ ၎အက်ဥပဒေနှင့် မဆန့်ကျင်သော စည်းကမ်း ဥပဒေများ ပြုလုပ်နိုင်သည်။

(၁) အဖွဲ့၏ အစည်းအဝေးများ ကျင်းပမည့် အချိန်နှင့်နေရာဌာန၊
(၂) အစည်းအဝေးများ ကျင်းပမည်ကို ကြိုတင် အကြောင်းကြားသည့် နည်းလမ်း၊
(၃) အစည်းအဝေးများတွင် အလုပ်ကိစ္စများ ဆောင်ရွက်ခြင်း၊
(၄) အဖွဲ့ဝင်လူကြီးများအချင်းချင်း တာဝန်ဝတ်တရားခွဲဝေခြင်း၊

(၅) ပုဒ်မ ၁၂ အရ၊ ခန့်ခိုင်သည့် ကော်မိတီများ ခန့်ထားခြင်း၊ ကော်မိတီများ၏ တာဝန်ဝတ်တရားများနှင့် ကော်မိတီများ လိုက်နာဆောင်ရွက်ရန်နည်းလမ်း၊

(၆) ဆွေးနွေးတိုင်ပင်ရန် ဘိတ်ခေါ်ထားသူတို့အား ပေးရမည့် ခရီးစရိတ်များနှင့် အခြားစရိတ်များ၊ ထို့ပြင်

(၇) သာမန်အားဖြင့် ဤအက်ဥပဒေပါကိစ္စ အားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ ဆောင်ရွက်ခြင်း။

အခန်း ၃။

အဖွဲ့ဆိုင်ရာအရာရှိများနှင့်အမှုထမ်းများ။

အမှုဆောင် အရာရှိချုပ်။

၁၅။ ။(၁) လျှပ်စစ်ဓါတ်အားပေးရေး * * [၃] ကြည့်ကြပ်သူ * * * [၄] သည်၊ အဖွဲ့၏ အမှုဆောင် အရာရှိချုပ် ဖြစ်ရမည့်ပြင်၊ မိမိအား လွှဲအပ်သည့် အဖွဲ့၏ အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို အဖွဲ့၏ အုပ်ချုပ်ခြင်းကို လိုက်နာ၍ သုံးစွဲဆောင်ရွက်ရမည်။

[၂] [ဒုတိယဥက္ကဋ္ဌသည်၊ ဥက္ကဋ္ဌက အဖွဲ့နှင့်တိုင်ပင်၍ မိမိအား လွှဲအပ်သည့်အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။]

(၂) ဤအက်ဥပဒေ အတည်ဖြစ်သည့်နေ့တွင် လျှပ်စစ်ဓါတ်အားပေးရေး ဌာန၌ အမှထမ်းရွက်နေသော အရာရှိများနှင့် အမှထမ်းများကို အဖွဲ့ဆိုင်ရာ အရာထင်း အမှုထမ်းအဖွဲ့သို့ လွှဲပြောင်းသည်ဟူ၍ မှတ်ယူရမည်။

အရာရှိများနှင့် အမှုထမ်းများ ဆိုင်ရာစာရင်းများ။

၁၆။ ။(၁) ဤအက်ဥပဒေပါ ကိစ္စအလို့ငှါ၊ ထားရန်လိုအပ်သည်ဟု အဖွဲ့ကထင်မြင်သော၊ သို့တည်းမဟုတ် ထားရန်သင့်သည်ဟု အဖွဲ့ကထင်မြင်သော အရာထင်း အမှုထမ်း စာရင်းများကို အခါကာလအားလျော်စွာ အဖွဲ့က စီစဉ်ရေးသား၍ အစည်းအဝေးတွင် တင်သွင်းအတည်ပြုရမည်။

သို့သော် လက်မှုပညာသည်များ၊ ကုလီများနှင့် ကုလီခေါင်းများသည်၊ ဤအခန်းဘွင် ဖေါ်ပြထားသော အရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်သည်ဟူ၍ မမှတ်ယူရ။

(၂) ဆိုခဲ့သည့် အရာရှိ အသီးသီးအတွက် သော်၎င်း၊ အမှုထမ်း အသီးသီးအတွက် သော်၎င်း၊ အစည်းအဝေးဖြင့်အဖွဲ့က ခွင့်ပြုသည့်လစာများ၊ အခွင့်များနှင့် စံုတ်များ၏ အရေအတွက်နှင့် အမျိုးအစားကို ထိုစာရင်းများတွင် ဖေါ်ပြရမည်။

(၃) အဖွဲ့က နောက်ဆုံးအတည်ပြုထားသည့် စာရင်းအားလုံး၏ မိတ္တူတစောင်ကို ပုဒ်မ ၅၂ အရ၊ ပြုလုပ်ထားသည့် နှစ်စဉ်ရ-သုံးမှန်းခြေ ငွေစာရင်းနှင့် ပူးတွဲ၍ နိုင်ငံတော်သမတ၏ သဘောတူညီချက် ရရှိရန်အလို့ငှါ တင်ပြရမည်။

အရာရှိများ၊ အမှုထမ်းများနှင့်ပတ်သက်သည့်စည်းကမ်းဥပဒေများ။

၁၇။ ။အဖွဲ့သည်၊ အစည်းအဝေး၌ အခါကာလ အားလျော်စွာ အောက်ပါကိစ္စများအတွက် စည်းကမ်းဥပဒေများ ပြုလုပ်နိုင်သည်။

(က) အဖွဲ့ဝင် လူကြီးများအား ခရီးစရိတ်နှင့် အခြားစံုတ်များ ပေးချေငှါရန်အတွက်၊

(ခ) အဖွဲ့ဆိုင်ရာ အရာရှိများနှင့် အမှုထမ်းများအား အားလပ်ခွင့်ပေးခြင်းနှင့် ပတ်သက်၍ သတ်မှတ်ရန်အတွက်၊

---

[၃] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂ အရ ပယ်ဖျက်သည်။

[၄] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅ အရ ထည့်သွင်းသည်။

[၅] အဆိုပါ ဥပဒေ အရ ပယ်ဖျက်သည်။

(ဂ) အခွင့်နှင့်နေသော အရာရှိများနှင့် အမှုထမ်းများအား စရိတ်ပေးခွင့် ပြုရန် အတွက်၊

(ဃ) အခွင့်နှင့်နေသော အရာရှိများနှင့် အမှုထမ်းများအစား ဆောင်ရွက်ရန် ခန့်ထားသူတို့အား ပေးရမည့် အခငွေကို သတ်မှတ်ရန်အတွက်၊

(င) ထိုအရာရှိနှင့် အမှုထမ်းအားလုံး ထမ်းဆောင်ရမည့်ကာလ အပိုင်းအခြားနှင့် အခြားစည်းကမ်းများ သတ်မှတ်ရန်အတွက်၊

(စ) ထိုအရာရှိများနှင့် အမှုထမ်းများပင်စင် ယူသောအခါ ရရှိမည့်ပင်စင် လစာများ၊ ဆုငွေများ၊ သို့တည်းမဟုတ် ကရုဏာကြေးများနှင့် ပတ်သက်၍ စည်းကမ်း သတ်မှတ်ရန်အတွက်နှင့် ထိုပင်စင် လစာများ၊ ဆုငွေများနှင့် ကရုဏာ ကြေးများ မည်ရွေ့ မည်မျှ ပေးရမည်ကို သတ်မှတ်ရန်အတွက်၊

(ဆ) အိုနာစာရံပုံငွေ၊ သို့တည်းမဟုတ် ပင်စင်လစာ ရံပုံငွေကို တည်ထောင် ထားရှိ ရန်အတွက်၊ ထို့ပြင် ထိုရံပုံငွေနှင့် ပတ်သက်၍—

(၁) (အစိုးရအရာရှိမဟုတ်သော) ဆိုခဲ့သည့် အရာရှိအားလုံး၊ သို့တည်းမဟုတ် တစ်ဦးတယောက်အား ထိုရံပုံငွေသို့ ငယ်သွင်းအောင် အတင်းအကြပ် ပြုလုပ်ရန်အတွက်၊ ထို့ပြင်ရံပုံငွေသို့ ထည့်သွင်းရမည့်ငွေကို အရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများ၏ လစာ အခကြေးငွေများထဲမှ နုတ်ယူတို့ ပြဋ္ဌာန်းရန်လိုလျှင် ပြဋ္ဌာန်းရန်အတွက်၊

(၂) ထိုရံပုံငွေမှ ငွေထုတ်ပေးရန် စည်းကမ်းချက်များနှင့် ထိုသို့ငွေထုတ်ပေးခြင်း ဖြင့် ရံပုံငွေမှ နောက်ထပ်ပေးရန် တာဝန်ကင်းလွတ်စေသည့် စည်းကမ်း ချက်များ သတ်မှတ်ရန်အတွက်၊

(၃) ထိုရံပုံငွေနှင့်သော်၎င်း၊ ထိုရံပုံငွေသို့ ငွေထည့်သွင်းခြင်းနှင့်သော်၎င်း၊ ထိုရံပုံငွေမှ ငွေရလိုကြောင်း တောင်းဆိုချက်များနှင့်သော်၎င်းစပ်လျဉ်း၍ အဖွဲ့နှင့် အခြားသူများ၊ သို့တည်းမဟုတ် ရံပုံငွေမှအစု၊ သို့မဟုတ် အကျိုး ခံစားခွင့် တောင်းဆိုသူအချင်းချင်း အငြင်းအခုံ ဖြစ်ပွါးမှုများကို အနု ညာတ စီရင်ဆုံးဖြတ်ခြင်းဖြင့် ဖြစ်စေ၊ အခြားတနည်းနည်းဖြင့် ဖြစ်စေ ဆုံးဖြတ်ရန်တို့ ပြဋ္ဌာန်းရန်အတွက်၊

(၄) ထိုရံပုံငွေနှင့်ပတ်သက်၍ ထိုရံပုံငွေမှထုတ်၍ ရင်းနှီးထားသည့် ငွေနှင့်ငင်း စပ်လျဉ်း သည့် အခြားကိစ္စများကို သာမန်အားဖြင့် သတ်မှတ်ရန် အတွက်၊ ထို့ပြင်

(၅) အဖွဲ့ကသော်၎င်း၊ အဖွဲ့၏ သဘောတူညီချက်နှင့်သော်၎င်း၊ တည်ထောင် ထားသည့် အိုနာစာ ရံပုံငွေ၊ သို့တည်းမဟုတ် ပင်စင်လစာ ရံပုံငွေသို့ အဖွဲ့ပိုင် အခြားရံပုံငွေများမှ အဖွဲ့ကငွေထုတ်၍ ထည့်သွင်းတို့ ပြဋ္ဌာန်းရန်အတွက်။

သို့သော် ဤပုဒ်မအရ၊ ပြုလုပ်သည့် စည်းကမ်းဥပဒေသည်၊ ငင်းကို နိုင်ငံတော် သမတက အတည်မပြုသေးမီ အတည်မဖြစ်ရ။

အရာရှိများနှင့် အမှုထမ်းများ ခန့်ထားခြင်း စသည်များ။

၁၈။ ။(၁) ပုဒ်မ ၁၆ အရ ပြုလုပ်သည့် စာရင်းများ၌ရှိသော အခါကာလအားလျော်စွာ ခွင့်ပြုထားသော ရာထူးများအတွက် လိုအပ်သည့်အတိုင်း အဖွဲ့ဆိုင်ရာ အရာရှိများနှင့် အမှုထမ်း များကို ခန့်နိုင်သည့်အာဏာ၊ ရာထူးတိုးမြှင့် ပေးနိုင်သည့်အာဏာ၊ ငွေဒဏ်တပ်နိုင်သည့်အာဏာ

နှင့် ရာထူးလျော်ချထားနိုင်သည့် အာဏာကို ပုဒ်မ ၁၇ အရ၊ ပြုလုပ်သည့် စည်းကမ်း ဥပဒေများနှင့် မဆန့်ကျင်စေဘဲ—

(က) တလလျှင် လစာငွေ သုံးရာငါးဆယ်ထက် ပို၍မရသော အရာရှိ၊ သို့တည်းမဟုတ် အမှုထမ်းဖြစ်လျှင် ဥက္ကဋ္ဌကသော်၎င်း၊ အစည်းအဝေးဖြင့်အဖွဲ့က ပြုလုပ်သည့် စည်းကမ်းဥပဒေအရ၊ ဤကိစ္စအလို့ငှါ၊ ထိုစည်းကမ်း ဥပဒေကို မကျော်လွန်ဘဲ သုံးစွဲရန်အခွင့်အာဏာ အထူးအပ်နှင်းထားသည့် အရာရှိကသော်၎င်း သုံးစွဲနိုင်သည်၊ ထို့ပြင်

(ခ) အခြားအရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်လျှင်၊ အဖွဲ့က အစည်းအဝေးဖြင့် ဆုံးဖြတ်သုံးစွဲနိုင်သည်။

(၂) ပုဒ်မ ၁၇ အရ၊ ပြုလုပ်သည့် စည်းကမ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ထိုအရာရှိများနှင့် အမှုထမ်းများကို ရာထူးမှ ချထားနိုင်သည့်အာဏာ၊ သို့တည်းမဟုတ် ထုတ်ပယ်နိုင်သည့် အာဏာ၊ သို့တည်းမဟုတ် အားလပ်ခွင့် ပေးနိုင်သည့် အာဏာကို—

(က) တလလျှင် လစာငွေ သုံးရာငါးဆယ်ထက်ပို၍ မရသော အရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်လျှင်၊ ဥက္ကဋ္ဌက သုံးစွဲနိုင်သည်၊ ထို့ပြင်

(ခ) အခြားအရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်လျှင်၊ အဖွဲ့က အစည်းအဝေးဖြင့် ဆုံးဖြတ်သုံးစွဲနိုင်သည်။

သို့သော်ခေတ္တရာထူးမှ ချထားနိုင်သည့်အာဏာ၊ သို့တည်းမဟုတ် ဆယ်ရက်ထက် မပိုသည့် အားလပ်ခွင့်ပေးနိုင်သည့် အာဏာကို မည်သည့်အချက်တွင်မဆို ဥက္ကဋ္ဌကသော်၎င်း၊ အစည်းအဝေးတွင်အဖွဲ့က ပြုလုပ်သည့် စည်းကမ်းဥပဒေအရ၊ ဤကိစ္စအလို့ငှါ ထိုစည်းကမ်း ဥပဒေကို မကျော်လွန်ဘဲ သုံးစွဲရန် အခွင့်အာဏာ အထူးအပ်နှင်းထားသည့် အရာရှိကသော်၎င်း သုံးစွဲနိုင်သည်။

ခေတ္တအမှုထမ်းအဖွဲ့။

၁၉။ ။ပုဒ်မ ၅၆ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တကြိမ်လျှင်သုံးလထက် မပိုသော ကာလ အပိုင်းအခြားအတွက် လိုအပ်သည့် အရာရှိများနှင့် အမှုထမ်းများကို ဥက္ကဋ္ဌက ခေတ္တခန့်ထားနိုင်သည်။ သို့ရာတွင် ထိုသို့ခန့်ထားခြင်းကို နောက်ကျင်းပမည့် အစည်းအဝေးတွင် အဖွဲ့က အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

အခန်း ၄။

အဖွဲ့၏အလုပ်ဝတ်တရားများနှင့်အာဏာများ။

အဖွဲ့၏ အဓိက အလုပ်ဝတ် တရားများ။

၂၀။ ။ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အရပ်ဒေသ အားလုံးအတွက် စီးပွါးရေးလုပ်ငန်း သဘောဖြင့် လျှပ်စစ်ဓါတ်အားလုံလောက်စွာပေးနိုင်စေခြင်းငှါ၊ ဤလျှပ်စစ်ဓါတ်အားပေးရေး စံနစ်တခုကို ဖြစ်မြောက်အောင် တည်ထွင်၍ နည်းလမ်းတကျလုပ်ကိုင်ဆောင်ရွက်ရန်မှာ အဖွဲ့၏တာဝန် ဖြစ်ရမည်။ ထို့ပြင် ထိုကိစ္စအတွက်အဖွဲ့က—

(က) လျှပ်စစ်ဓါတ်အားဖြစ်ပေါ်အောင်၊ သို့တည်းမဟုတ် ရရှိအောင်ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ၊ မည်သည့်ဒေသတွင်မဆို နေထိုင်ကြသော လျှပ်စစ်ဓါတ်အား သုံးစွဲသူတို့အတွက် လက်ကားဖြင့်သော်၎င်း၊ လက်လီဖြင့်သော်၎င်း လျှပ်စစ်ဓါတ်အားပေးနိုင်သည်။

(ဂ) အစိုးရ၏ လျှပ်စစ်ဓါတ်အားပေးရေးဌာနမှ အလုပ်ဝတ်တရားများကို အဖွဲ့က လွှဲပြောင်းယူရမည်။

(ဃ) ၁၉၄၇ ခုနှစ်၊ ရေအားဖြင့် လျှပ်စစ်ဓါတ်အားရရှိရေး စုံစမ်းမှုအမိန့်အရ ဖွဲ့စည်းထားသည့်ရေအားဖြင့် လျှပ်စစ်ဓါတ်အားရရှိရေး စုံစမ်းမှုအဖွဲ့ဆိုင်ရာအစိုးရအလုပ်ဝတ်တရားများကို လွှဲပြောင်းယူရမည်။

(င) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ရေအားဖြင့် လျှပ်စစ်ဓါတ်အားရရှိရေးစုံစမ်းမှုကိုတိုးခွဲ၍ပြည်ထောင်စုမြန်မာနိုင်ငံ၏ရေအားဖြင့် လျှပ်စစ်ဓါတ်အားရနိုင်သည့် ပင်ရင်းအခြေအမြစ်များကို အများဆုံးရရှိအောင်ရှာဖွေ၍ တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရမည်။

အဖွဲ့၏နောက်ထပ်အလုပ်ဝတ်တရားများ။

၂၁။ ။အဖွဲ့တွင်အောက်ပါကိစ္စများကို ဖြစ်မြောက်အောင် ရွေ့ရွှဆောင်ရွက်နိုင်သည့် ဝါဒရှိရမည်။

(က) လျှပ်စစ်ဓါတ်အားကို စရိတ်သက်သာစွာနှင့် ဖြစ်ပေါ်စေသည့်နည်းလမ်း၊ ပေးပို့နိုင်သည့်နည်းလမ်းနှင့် ဖြန့်ဖြူးနိုင်သည့် နည်းလမ်းများကိုအသုံးပြုခြင်း၊

(ခ) လျှပ်စစ်ဓါတ်အားကို သက်သာသောနှုန်းဖြင့်ပေးခြင်း၊

(ဂ) လျှပ်စစ်ဓါတ်အားပေးရာ၌ မျက်နှာကြိုးငယ်လိုက်ခြင်း ကိုရှောင်ကြဉ်ခြင်း၊

(ဃ) လျှပ်စစ်ဓါတ်အားပေးခ တွက်နည်းများကို လွယ်ကူအောင်ပြုလုပ်ခြင်း၊

(င) လျှပ်စစ်ဓါတ်အားပေးသည့် စံနစ်များနှင့် လျှပ်စစ်ဓါတ်အားပေးရာ၌ တပ်ဆင်သည့် ကရိယာအမျိုးအစားများကို စံမှုထား၍ တညီတညွတ်တည်းဖြစ်စေခြင်း၊

(စ) အဖွဲ့၏လက်အောက်တွင် အမှုထမ်းရွက်နေသူများ၏ အကျိုးတိုးပွါးရေး၊ ကျန်းမာရေးနှင့်ဘေးရန်ကင်းရှင်းရေး၊

(ဆ) လျှပ်စစ်ဓါတ်အားဖြစ်ပေါ်စေခြင်း၊ ပေးခြင်းနှင့်သက်ဆိုင်သောကိစ္စများ တိုးပွါးရေးအတွက် စုံစမ်းရှာဖွေခြင်းနှင့် ထိုသို့စုံစမ်းရှာဖွေသူများကို အကူအညီပေးခြင်း၊ ထို့ပြင်

(ဇ) အဖွဲ့၏လက်အောက်တွင် လုပ်ကိုင်နေသူများ၏အလုပ်ကျွမ်းကျင်မှုနှင့်နှားလည်မှုတို့ကိုတိုးတက်အောင် ပြုပြင်ပေးခြင်း၊ ထို့ပြင်နောင်အခါအဖွဲ့၏လက်အောက်၌ခန့်ထားရန်အလို့ငှါ၊ သင့်တော်သောသူများ အတတ်ပညာ အလွယ်တကူလေ့လာသင်ကြားနိုင်ရန်စီမံပေးခြင်း။

အဖွဲ့၏အာဏာများ။

၂၂။ ။အဖွဲ့မှာ အောက်ပါကိစ္စများကိုဆောင်ရွက်ရန် အာဏာရှိရမည်။

(က) လျှပ်စစ်ဓါတ်အား ပေးစက်ပြုလုပ်ခြင်း၊ လျှပ်စစ်ဓါတ်အားဖြစ်ပေါ်စေရန်၊ပို့ရန်၊ ပေးရန်နှင့်အသုံးပြုရန်၊ အခြားလိုအပ်သည့် ကရိယာအားလုံးကိုပြုလုပ်ခြင်း။

(ခ) မီးပေးရန်၊ အပူဓါတ်ပေးရန်နှင့် ဓါတ်အားပေးရန်အတွက် သုံးသည့်လျှပ်စစ်ဓါတ်အားပေးစက်၊ အသုံးအဆောင်များ၊ တပ်ဆင်သည့်ကရိယာများ၊ စက်ကရိယာများ၊ ဝိုင်ယာကြိုးများကိုရောင်းခြင်း၊ ငှါးခြင်း၊ ငှါးဝယ်စံနှုန်းဖြင့်ရောင်းခြင်း၊ ထိုစက်ကရိယာ စသည်များကိုတပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း၊ မပျက်မစီးအောင်ပြုပြင်ထားရှိခြင်း၊ သို့တည်းမဟုတ် ဖြုတ်ယူပြောင်းရွှေ့ခြင်း၊ ထို့ပြင် ထိုစက်ကရိယာစသည်များကိုရောင်းရန်၊ သို့တည်းမဟုတ် ငှါးရန်ဆိုင်များနှင့်ပြခန်းများဖွင့်လှစ်ထားရှိခြင်း။

(ဂ) အဖွဲ့က မိမိ၏ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်သော်၎င်း၊ ယင်းသို့ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍သော်၎င်း၊ ဤအက်ဥပဒေအရ အဖွဲ့သို့အပ်နှင်းသည့် ပစ္စည်းများကို အကျိုးအများဆုံးရရှိအောင်

အသုံးပြုရန်သော်၎င်း လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းဟုတ် သင့်လျော်မည်ဟု အဖွဲ့ကထင်မြင်သဘောရရှိသော ဒေသခြား အလုပ်အကိုင်အားလုံးကို လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ဃ) အဖွဲ့၏ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်လို အပ်သည်ဟု အဖွဲ့ကယူဆသောမြေ၊ သို့တည်းမဟုတ် ဖြတ်သန်းနိုင်သည့်အခွင့်အရေး၊ သို့တည်းမဟုတ် ရေလျှောင်နိုင်၊ ထုတ်နိုင်သည့်အခွင့်အရေးကိုအပိုင်၊ သို့တည်းမဟုတ်အင်္ဂါးသိမ်းယူခြင်း။

သို့သော် ထိုသို့သိမ်းယူခြင်းသည် မည်သည့်အာဏာပိုင်၏ အလုပ်အကိုင်ကိုမျှ၊ သို့တည်းမဟုတ်မည်သည့်ပြည်သူ့ အဖွဲ့၏အလုပ်အကိုင်ကိုမျှထိခိုက်ခြင်းမရှိစေရ။

ထို့ပြင် ထိုသို့သိမ်းယူခြင်းဖြင့် အကျိုးပျက်စီးခံရသည့် ပိုင်ရှင်အား သင့်တော်သော လျော်ကြေးပေးမည်။

(င) အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို နေရာကျဆောင်ရွက်ရန်အလို့ငှါ၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း။

(စ) အဖွဲ့၌ လျှပ်စစ်ဓါတ်အားပေးရေး လုပ်ငန်းရှိပြီးဖြစ်လျှင်၊ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဆိုင်ရာ ဒေသန္တရ အာဏာပိုင်နှင့်သဘောတူစာချုပ် ချုပ်ဆို၍၊ လင်းဓါတ်မီးပေးရန် အဖွဲ့၌သာလျှင် အာဏာရှိရမည်။

အခန်း ၅။

အဖွဲ့အဘွက်မြေသိမ်းယူခြင်း။

မြေများသိမ်းယူခြင်း။

၂၃။ ။ဤအက်ဥပဒေပါကိစ္စများအတွက် မည်သည့်မြေကိုမဆိုအလိုရှိ၍ အဖွဲ့ကလျှောက်တောင်းသောအခါ၊ နိုင်ငံတော်သမတသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ မြေကိုသိမ်းယူရန်ဆောင်ရွက်နိုင်သည်၊ ထို့ပြင် ထိုအက်ဥပဒေအရ ဆုံးဖြတ်သည့်လျော်ကြေးကို အဖွဲ့ကပေးသောအခါမြေကိုအဖွဲ့ကပိုင်ရမည်။

အခန်း ၆။

လျှပ်စစ်ဓါတ်အက်ဥပဒေအရ ထုတ်ပေးသည့်လိုင်စင်များ၊ သို့တည်းမဟုတ်အခွင့်အမိန့်များ။

လိုင်စင်စသည်များထုတ်ပေးရန်အာဏာကို အဖွဲ့ကသုံးစွဲခြင်း။

၂၄။ ။လျှပ်စစ်ဓါတ်အက်ဥပဒေတွင်သော်၎င်း၊ ထိုအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများတွင်သော်၎င်း၊ ထိုအက်ဥပဒေအရ ထုတ်ပေးသည့်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်တွင်သော်၎င်း၊ မည်သို့ပင်ဆန့်ကျင်၍ပါရှိစေကာမူ၊ လျှပ်စစ်ဓါတ်အက်ဥပဒေ ပုဒ်မ ၃ နှင့် ၂၀ အရလျှပ်စစ်ဓါတ်အားပေးနိုင်ခွင့်အတွက် လျှောက်ထားသူတို့အား၊ လိုင်စင်များနှင့် အခွင့်အမိန့်များ ထုတ်ပေးသည့်ကိစ္စနှင့်ပတ်သက်၍၎င်း၊ ထိုကိစ္စနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အခြားကိစ္စတစုံတရာနှင့်ပတ်သက်၍၎င်း၊ လျှပ်စစ်ဓါတ်အက်ဥပဒေအရ၊ ယခင်ကနိုင်ငံတော်သမတက သုံးစွဲသည့်၊ သို့တည်းမဟုတ် သုံးစွဲနိုင်သည့် အာဏာအားလုံးကို၊ ယခုအက်ဥပဒေအတည် ဖြစ်ပြီးသည့်နောက် အဖွဲ့က သုံးစွဲရမည်။

လျှပ်စစ်ဓါတ်အက်ဥပဒေအရထုတ်ပေး

၂၅။ ။ဤအက်ဥပဒေ အတည်ဖြစ်ပြီးသည့်နောက်၊ လျှပ်စစ်ဓါတ် အက်ဥပဒေ ပုဒ်မ ၃ နှင့် ၂၀ အရ လျှပ်စစ်ဓါတ်အားပေးနိုင်ခွင့်အတွက် လျှောက်ထားသူတို့အားထုတ်ပေးသော လိုင်စင်

သည့်လိုင်စင်များနှင့် အခွင့်အမိန့်များသည်၊ လျှပ်စစ်ဓါတ်အားပေးရေး လုပ်ငန်းကို အဖွဲ့ကအခန်း ၇ ပါပြဋ္ဌာန်းချက်များအရ ;သိမ်းယူခြင်းမပြုမီ ဆက်လက်အတည်ဖြစ်စေရမည်။

သည့်လိုင်စင်များနှင့် အခွင့်အမိန့်များအတည်ဖြစ်ခြင်း။

၂၆။ ။လိုင်စင်ရသူနှင့် လုပ်ငန်းတာဝန်ခံသူ အားလုံးသည်၊ ရှိရင်းအားပေးရုံတွင်သော်၎င်း၊ အားပေးရုံသစ်တွင်သော်၎င်း၊ ရံဖန်ရံခါ မိမိတို့တပ်ဆင်ရန် ကြိုရွယ်သည့်လျှပ်စစ်ဓါတ်အားဖြစ်ပေါ်စေသည့်စက်၊ သို့တည်းမဟုတ် ဆွစ် (ချ်) ဂီယာခေါ် လျှပ်စစ်ဓါတ်သွားလမ်းလွဲခလုတ်များ၏အင်အားအတိုင်းအတာနှင့် အခြားသက်ဆိုင်သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အကြောင်းအရာ အစုံအလင်ကို အဖွဲ့၏သဘောတူညီချက်ရယူရန် အလိုငှါ၊ အဖွဲ့ကအမိန့်ကြော်ငြာစာထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့် နေ့နောက်တွင် တင်သွင်းရမည်။ ရေအားဖြင့်သော်၎င်း၊ အခြားနည်းသစ်နည်းကောင်းများဖြင့်သော်၎င်း၊ ရရှိမည့်လျှပ်စစ်ဓါတ်အားကို၊ လျှပ်စစ်ဓါတ်အားပေးရေးလုပ်ငန်းသို့လက်ကားဖြင့် ပေးနိုင်မည်ဖြစ်သောကြောင့်၊ ထိုလျှပ်စစ်ဓါတ်အား ဖြစ်ပေါ်စေသည့်စက်၊ သို့သည်းမဟုတ် ဆွစ် (ချ်) ဂီယာခေါ် လျှပ်စစ်ဓါတ်သွားလင်းလွဲခလုတ်များ လိုမည့်လက္ခဏာမရှိ၊ သို့တည်းဟုတ် အသုံးပြုရန်သင့်တော်မည့်လက္ခဏာမရှိဟု အဖွဲ့ကယူဆလျှင်၊ သဘောတူညီချက်ကို မပေးဘဲထားနိုင်ခွင့်ရှိရမည်။ အဖွဲ့၏သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ လိုင်စင်ရသူနှင့် လုပ်ငန်းတာဝန်ခံသူတို့သည် (ကြိုရွယ်ထားသည့်) လျှပ်စစ်ဓါတ်အားဖြစ်ပေါ်စေသည့်စက်၊ သို့တည်းမဟုတ် ဆွစ် (ချ်) ဂီယာခေါ် လျှပ်စစ်ဓါတ်သွားလမ်းလွဲခလုတ်များကို ဝယ်ယူ တပ်ဆင်ခြင်းမပြုရ။ လိုင်စင်ရသူများနှင့်လုပ်ငန်းတာဝန်ခံသူများသည်၊ ၍အက်ဥပဒေအတည်ဖြစ်သည့်နေ့တွင် မရသေးသောစက်ကိရိယာများအတွက် အမှာစာများနှင့် ပတ်သက်၍ အကြောင်းအရာအစုံအလင်ကိုလည်း အဖွဲ့သို့ပေးပို့ရမည်။

အခွင့်အာဏာရလုပ်ငန်းတာဝန်ခံသူများ၊ လျှပ်စစ်ဓါတ်သွားလမ်းလွဲခလုတ်များနှင့်ပတ်သက်၍ အကြောင်းအရာတင်သွင်းခြင်း။

အခွင့်အာဏာရလုပ်ငန်းတာဝန်ခံသူများသို့ ငွေထုတ်ချေးခြင်း၊

၂၇။ ။အဖွဲ့သည်၊ လိုင်စင်ရသူတဦးတယောက်သို့သော်၎င်း၊ လုပ်ငန်းတာဝန်ခံသူတဦးတယောက်သို့သော်၎င်း၊ မိမိသင့်တော်သည် ထင်မြင်သည့်ငွေများကို၊ နိုင်ငံတော်သမတကသဘောတူညီသောစည်းကမ်းချက်များဖြင့်ထုတ်ချေးနိုင်သည်။

အခန်း ၇။

လျှပ်စစ်ဓါတ်အားပေးရေး လုပ်ငန်းများကိုသိမ်းယူခြင်း။

လျှပ်စစ်ဓါတ်အားပေးရေး လုပ်ငန်းများကိုသိမ်းယူရန် အာဏာ၊

၂၈။ ။(၁) လျှပ်စစ်ဓါတ် အက်ဥပဒေတွင်သော်၎င်း၊ လျှပ်စစ်ဓါတ်အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများတွင်သော်၎င်း၊ ထိုအက်ဥပဒေအရ ထုတ်ပေးသည့်လိုင်စင်၊ သို့တည်းမဟုတ် အခွင့်အမိန့်တခုခုတွင်သော်၎င်း၊ မည်သို့ပင်ဆန့်ကျင်လျက် ပါရှိစေကာမူ၊ ဤပုဒ်မ၏ ပုဒ်မခွဲ (၂) နှင့်တကွ တဆက်တည်းဖြစ်သော အောက်ပုဒ်မပါ ပြဋ္ဌာန်းချက်များသည်အာဏာတည်ရမည်။

(၂) သုံးလအောက်မနည်းကြိုတင်၍ နို့တစ်စာပေးပြီးသည့်နောက် အဖွဲ့ကသတ်မှတ်သည့်နေ့တွင်လိုင်စင်ရသူ၊ သို့တည်းဟုတ် လုပ်ငန်းတာဝန်ခံသူ တဦးတယောက်၏ လျှပ်စစ်ဓါတ်အားပေးရေးလုပ်ငန်းတခုလုံး၊ သို့မဟုတ် တစိတ်တဒေကိုအဖွဲ့က မည်သည့်အချိန်ဘွင်မဆို ပေးသင့်ပေးထိုက်သော လျော်ကြေးငွေကိုဆုံးဖြတ်ပြီး၊ သို့မဟုတ် မဆုံးဖြတ်မီ သိမ်းယူနိုင်သည်။ ထိုသို့သိမ်းယူသောနေ့တွင်ပင်ထိုလုပ်ငန်းကို အဖွဲ့ကပိုင်ရမည်။ သို့သော် ထိုလုပ်ငန်းနှင့်ပတ်သက်၍ တင်ရှိသည့် မည်သည့်ကြွေးမြီ၊ သို့တည်းမဟုတ် မည်သည့်အပေါင်အနှံ၊ သို့တည်းမဟုတ် မည်သည့်အလားတူ တာဝန်ကိုမျှအဖွဲ့နှင့်မသက်ဆိုင်စေရ။

သို့သော်အဖွဲ့နှင့် လိုင်စင်ရသူတို့ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုလျက်၊ ထိုလုပ်ငန်း၏ တစိတ်တဒေသကို မသိမ်းမယူဘဲချန်ထားနိုင်သည်။

[1](၃) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဖွဲ့သည်၊ လျှပ်စစ်ဓါတ်အားပေးရေးလုပ်ငန်းတခုခုကို သိမ်းယူသည့်အခါ၊ ထိုလုပ်ငန်းကို စီမံအုပ်ချုပ်ဆောင်ရွက်ရန်အလို့ငှါ၊ သီးခြားအုပ်ချုပ်ရေးအဖွဲ့တခု ဖွဲ့စည်းရန်လိုသည်ဟု ထင်မြင်လျှင်၊ သင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်များပါဝင်သောအုပ်ချုပ်ရေးအဖွဲ့တခုကို ဖွဲ့စည်းနိုင်သည်။ ထိုသို့သီးခြားဖွဲ့စည်းထားသည့်အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ ၎င်းအားလွှဲအပ်သည့် အဖွဲ့၏အခွင့်အရေးများ၊ အာဏာများနှင့် တာဝန်ဝတ်တရားများကိုရရှိသုံးစွဲဆောင်ရွက်နိုင်ရမည်။

၂၉။ ။(၁) ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ အဖွဲ့က လျှပ်စစ်ဓါတ်အားပေးရေးလုပ်ငန်းတခုခုကိုသိမ်းယူလျှင်၊ လျော်ကြေးကိုနှုံးညှိသဘောတူသည့် အတိုင်းသော်ငင်း၊ အဖွဲ့က သတ်မှတ်သည့်အတိုင်းသော်ငင်း၊ ထိုလုပ်ငန်းအတွက် လိုင်စင်ရသူအား သမတ၏သဘောတူညီချက်ဖြင့်ပေးရမည်။ ယင်းသို့ အဖွဲ့ကသတ်မှတ်သောလျော်ကြေးမှာ လုပ်ငန်း၏တန်ဘိုးငွေနှင့် ထိုကိစ္စအကြောင်းခြင်းရာကို ထောက်ထား၍၊ အဖွဲ့ကပေးသင့်သည်ဟုထင်မြင်သော ငွေများဖြစ်ရမည်။ သို့သော် ဤပုဒ်မခွဲပါ ကိစ္စများအလို့ငှါ လိုင်စင်ရသူ ဆိုသည့်စကားရပ်တွင် လုပ်ငန်းကို အာမခံထား၍ငွေထုတ်ချေးသူ၊ သို့တည်းဟုတ် အပေါင်ခံသူပါဝင်သည်။

(၂) ပုဒ်မခွဲ (၁) ပါကိစ္စများအလို့ငှါ၊ ထိုလုပ်ငန်း၏ တန်ဘိုးသည် လုပ်ငန်းအတွက်မူလ ဆောက်တည်ရ၍ ကုန်ကျသည့်မ,တည်ငွေနှင့် နောက်ထပ်လုပ်ငန်းတိုးချဲ့ပြင်၍ကုန်ကျသည့် မ,တည်စရိတ်နှစ်ရပ်ပေါင်းထဲမှ ပစ္စည်းတန်ဘိုး ယုတ်လျော့သောငွေနှင့် စစ်ကြောင့်သော်ငင်း၊ အခြားအကြောင်းကြောင့်သော်ငင်း၊ ပျက်စီးယိုယွင်းသည့်ပစ္စည်းတန်ဘိုးငွေကို နုတ်၍ ကျန်သောငွေထက်မပိုစေရ။

(၃) လိုင်စင်ရသူသည်၊ပုဒ်မခွဲ (၁) အရ အဖွဲ့ကပေးသော လျော်ကြေးငွေကို မကျေနပ်လျှင်၊ ပုဒ်မ ၃၄ အရ အနုညာတခုံအဖွဲ့တခု ခန့်ထားပေးရန် နိုင်ငံတော်သမတထံလျှောက်ထားနိုင်သည်။ ထိုခုံအဖွဲ့သည် ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁) အရပေးရမည့် လျော်ကြေးကိုသတ်မှတ်၍ ဆုံးဖြတ်ချက်ချရမည်။ ထိုဆုံးဖြတ်ချက်မှာအပြီးအပြတ် အတည်ဖြစ်ရမည်။

(၄) အဖွဲ့သည်၊ လျှပ်စစ်ဓါတ်အားပေးရေးလုပ်ငန်းတခုခုကိုသိမ်းယူသောအခါ၊ လျှပ်စစ်ဓါတ်အားသုံးစွဲသူတို့ တင်သွင်းထားသည့် စဘော်ငွေများကိုငင်း ထိုလုပ်ငန်းနှင့်အတူ လွှဲယူလိုက်သည့် အမှုထမ်းများနှင့် စပ်လျဉ်း၍ အိုမင်းမစွမ်းရှိ၍ ပင်စင်ယူသူတို့အတွက် တည်ထောင်ထားသောရံပုံငွေ၊ အမှုထမ်းအဖွဲ့အဘွဲ့က တည်ထောင်ထားသောအခြားရံပုံငွေ၊ ထိုရံပုံငွေများမှထုတ်၍ ရင်းနှီးထားသောငွေနှင့် လက်ကျန်ငွေများကိုငင်း [သိမ်းယူနိုင်ရမည်။] [2] လိုင်စင်ရသူ၌သော်ငင်း၊ လုပ်ငန်းတာဝန်ခံသူ၌သော်ငင်း၊ အထက်ဖေါ်ပြပါငွေများမှလွဲ၍ အခြားရင်းနှီးငွေနှင့် လက်ကျန်ငွေအားလုံးကိုမသိမ်းမယူစေဘဲချန်ထားနိုင်ခွင့်ရှိရမည်။ လုပ်ငန်းနှင့်ပတ်သက်၍ ရရန်ရှိသောကြွေးမြီနှင့် အခြားရရန်ရှိသောငွေအားလုံးကို တောင်းယူပိုင်ခွင့်လည်းရရမည်။သို့ရာတွင်အဖွဲ့ကသဘောတူ လွှဲယူနိုင်သည့် တည်ဆောက် တိုးချဲ့ပြုပြင်ရသည့်အတွက် ပေးအပ်ရန်ကျန်ရှိသေးသောကြွေးမြီမှတပါး၊ ထိုလုပ်ငန်းနှင့်ပတ်သက်သည့်ကြွေးမြီနှင့် အခြားပေးရန်ရှိသမျှငွေအားလုံးကို လိုင်စင်ရသူကသော်ငင်း၊ လုပ်ငန်းတာဝန်ခံသူကသော်ငင်း၊ ပြေလည်အောင်ပေးဆပ်ရန် တာဝန်ရှိရမည်။ သို့သော်အဖွဲ့ကလွှဲယူသည့် ကြွေးမြီကို မပေးဆပ်သေးမီထိုကြွေးမြီနှင့်ပတ်သက်သည့်လုပ်ငန်းပိုင်ပစ္စည်းများကိုအဖွဲ့သို့လွှဲအပ်ရမည်။

(၅) သိမ်းယူသောလုပ်ငန်းအဘွဲ့က်လျော်ကြေးကို သိမ်းယူသောနေ့မှ ဆယ့်နှစ်လအတွင်းငွေလက်ငင်းအားဖြင့်သော်ငင်း၊ သို့မဟုတ်အခြားနည်းအားဖြင့်သော်ငင်း ပေးရမည်။ သုံးလအတွင်း

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅ အရ ထည့်သွင်းသည်။

[2] အဆိုပါ အက်ဥပဒေ အရအစားထည့်သွင်းသည်။

အပြီးအပြတ်ပြေလည်အောင်မပေးလျှင်၊ ထိုသုံးလကျော်လွန်၍ မပေးဘဲကျန်နေသေးသောလျော်ကြေး အတွက် ငွေတရာလျှင် တနှစ်သုံးကျပ်တိုးနှုန်းဖြင့်လျော်ကြေး အကုန် အစင် ပေးပြီးသည် တိုင်အောင် အတိုးပေးရမည်။

သိမ်းယူသော လုပ်ငန်းများမှ အမှုထမ်းများ ကိုခန့်ထား ခြင်း။

၃၀။ ။(၁) လိုင်စင်ရသူ၏ လုပ်ငန်းတွင်သော်၎င်း၊ လုပ်ငန်းတာဝန်ခံသူ၏ လုပ်ငန်း တွင်သော်၎င်း၊ ထိုလုပ်ငန်းကို သိမ်းယူသည့်အချိန်အထိ အမြဲတမ်းအမှုထင်းနေသူကို အဖွဲ့ကမိမိ၏ လက်အောက်တွင် လိုအပ်သည်ထင်လျှင် လုပ်ကိုင်ရန် ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားသည့်လူများ နှင့်ပတ်သက်၍ အဖွဲ့၏လက်အောက်တွင် အလားတူတာဝန်ဝတ်တရားများနှင့် တာဝန်ခံအလုပ်များ ကိုလုပ်ကိုင်လျက်ရှိသော အခြားအမှုထမ်းများအတွက် ထားရှိသည့် လစာနှုန်း၊ အခန့်နှုန်း၊ စနှိုတ်နှုန်း စည်းကမ်းချက်များနှင့် တူညီသော စည်းကမ်းချက်များကို ထားပေးရမည်။ သို့တည်းမဟုတ် သိမ်းယူ သောလုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်အကိုင်တာဝန်ဝတ်တရားများနှင့် အဖွဲ့၏လက်အောက်တွင် လုပ်ကိုင်လျက်ရှိနေသူများ၏ အလုပ်အကိုင် တာဝန်ဝတ်တရားများ မတူသည့် ထူးခြားချက် များကို ထောက်၍အဖွဲ့ကခွင့်ပြုသောလစာနှုန်း၊ အခန့်နှုန်းနှင့်စနှိုတ်နှုန်းများအတိုင်းပေးရန် စည်းကမ်းချက်များ ကို ထားပေးရမည်။

(၂) အထက်တန်းအရာရှိများခန့်ထားရန်ချုပ်ဆိုသည့် မည်သည့်ပဋိညာဉ်ကိုမဆို၊ အဖွဲ့က သဘောတူပြီးဖြစ်လျှင်၊ ထိုပဋိညာဉ်ကိုလိုင်စင်ရသူထံမှသော်၎င်း၊ လုပ်ငန်းတာဝန်ခံသူထံမှသော်၎င်း အဖွဲ့ကလွှဲပြောင်းယူရမည်။

(၃) သို့ရာတွင်လုပ်ငန်းကို သိမ်းယူသောအခါ၊ လိုင်စင်ရသူ၏၊ သို့တည်းမဟုတ်လုပ်ငန်း တာဝန်ခံသူ၏ လုပ်သားသည်၊ အဖွဲ့၏လက်အောက်တွင် ဝင်ရောက်မလုပ်လိုက မလုပ်ဘဲနေနိုင် သည်။ ဤကဲ့သို့ဝင်ရောက်မလုပ်ဘဲနေ၍ အလုပ်လက်လွှတ်ဖြစ်ရသည့်အတွက် အဖွဲ့အပေါ်တွင် မည် သည့်အခွင့်အရေးကိုမျှ တောင်းဆိုခွင့်မရှိစေရ။

လိုင်စင်ရသူ များ၏ အခွင့် အရေးများနှင့် တာဝန်များကို လွှဲပြောင်းခြင်း။

၃၁။ ။လျှပ်စစ်ဓါတ်အက်ဥပဒေများ၊ သို့တည်းမဟုတ်အမိန့်များပါပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက်တခုခုတွင်—

(က) တရားဥပဒေတခုခုဖြင့်သော်၎င်း၊ လိုင်စင်တခုခုဖြင့်သော်၎င်း၊ မည်သည့်ဒေသ တွင်မဆို၊ လျှပ်စစ်ဓါတ်အားပေးရန်ခွင့်ပြုထားသူ မည်သူကိုမဆို၊ သို့တည်းမ ဟုတ် မည်သည့်အဖွဲ့ကိုမဆို (ထိုသူ၊ သို့တည်းမဟုတ် အဖွဲ့ကိုဖေါ်ပြရန် မည် သည့်စကားရပ်ကိုမဆိုသုံးစွဲစေကာမူ)၊

(ခ) ထိုသူ၏၊ သို့တည်းမဟုတ် အဖွဲ့၏လျှပ်စစ်ဓါတ်အားပေးရေးလုပ်ငန်းကို၊ ထို့ပြင်

(ဂ) ထိုသို့ လျှပ်စစ်ဓါတ်အားပေးရန်ခွင့်ပြုသည့် မည်သည့်တရားဥပဒေကိုမဆို၊ သို့ တည်းမဟုတ် လိုင်စင်ကိုမဆို (မည်သည့်စကားရပ်ကိုမဆိုသုံးစွဲထားစေကာမူ)

ရည်ညွှန်းသည့် စကားများသည်၊ ၁၉၄၇ ခုနှစ်၊ လျှပ်စစ်ဓါတ် (လုပ်ငန်းများကြီးကြပ်အုပ်ချုပ်ရေး) အက်ဥပဒေပုဒ်မ ၁ အရ နို့တစ်စာပေးပြီးသည့်နေ့ နောက်၌ဖြစ်စေ၊ ဤအက်ဥပဒေပုဒ်မ ၂၀ အရ နို့တစ်စာပေးပြီးသည့်နေ့ နောက်၌ဖြစ်စေ၊ အဖွဲ့ကိုငင်း၊ အဲ့နေ့ကဆောင်ရွက်သည့် အလုပ်အကိုင် ကိုငင်း၊ အဖွဲ့နှင့်သက်ဆိုင်သည့် တရားဥပဒေတခုခုကိုငင်း၊ ဆိုင်သင့်ရာရာ ရည်ညွှန်းသည် ဟူ၍ အဓိပ္ပါယ်ကောက်ယူရမည်။

လိုအပ်သည့် အကြောင်းအ ရာများကို

၃၂။ ။လိုင်စင်ရသူ၊ သို့တည်းမဟုတ် လုပ်ငန်းတာဝန်ခံသူတဦးတယောက်၏လျှပ်စစ်ဓါတ် အားပေးရေး လုပ်ငန်းကို သိမ်းယူရန် ကြံရွယ်လျှင်၊ အဖွဲ့ကထိုလုပ်ငန်းကို အလွယ်တကူသိမ်းယူရန် အလို့ငှါ၊ အကြောင်းအာဒေါ်စွာ လိုအပ်သည့် ငွေစာရင်းစာအုပ်များ၊ မှတ်တမ်းများနှင့် စာချုပ်

စာတန်းများကို တင်ပြရမည်ဟူ၍ငြင်း၊ ထိုစာရင်းစာအုပ်များ၊ မှတ်တမ်းများနှင့် စာချုပ်စာတန်းများမှ ကူးယူသည့်မိတ္တူများနှင့် ထုတ်နုတ်ချက်များကိုပေးအပ်ရမည်ဟူ၍ငြင်း၊ အခြားအကြောင်းအရာများကိုပေးရမည်ဟူ၍ငြင်း၊ လိုင်စင်ရသူ၊ သို့တည်းမဟုတ် လုပ်ငန်းတာဝန်ခံသူကိုဆင့်ဆိုရန်အဖွဲ့၌ အာဏာရှိရမည်။ တောင်းယူရန် အာဏာ။

၃၃။ ။(၁) လျှပ်စစ်ဓါတ်အားဖြစ်ပေါ်စေသည့်စက်ရုံမှ တနှစ်လျှင်လျှပ်စစ်ဓါတ်အားဖြစ်စေသော ကီလိုဝပ်နာရီချိန်များအနက် ၅ပုံ ၄ပုံ ထက်ပို၍ ထိုစက်ရုံပိုင်ရှင်၏ သတ္တုတွင်းတူးသည့် လုပ်ငန်းအတွက်သော်ငြင်း၊ ကုန်ပစ္စည်းပြုလုပ်သည့် လုပ်ငန်းအဘွက်သော်ငြင်း၊ ထိုလုပ်ငန်းများနှင့် ပတ်သက်သည့် အခြားကိစ္စများအတွက်သော်ငြင်း၊ ပိုင်ရှင်၏အဆောက်အဦများတွင်ဖြစ်စေ၊ လုပ်ငန်းများတွင်ဖြစ်စေ၊ မြေပေါ်တွင်ဖြစ်စေအသုံးပြုလျှင်၊ ထိုစက်ရုံကိုသိမ်းယူရန်အဖွဲ့၌အာဏာမရှိစေရ။ ကိုယ်ပိုင်လျှပ်စစ်ဓါတ်အားဖြစ်ပေါ်စေသည့်စက်ပိုင်ရှင်များ၏အကျိုးကိုကာကွယ်ပေးခြင်း။

(၂) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ပိုင်ရှင်များက အခြား သူများသို့ လျှပ်စစ်ဓါတ်အားပေးရန်လုံးလုံးလျားလျားအသုံးပြုသည့်အလုပ်အဆောင်များနှင့်သက်ဆိုင်စေရမည်။

(၃) ပိုင်ရှင်အသုံးပြုသင့်သမျှထက်ပိုသော လျှပ်စစ်ဓါတ်အားကို လက်ကားအဖြစ်ဖြင့်သော်ငြင်း၊ နှစ်ဦးသဘောတူညီသည့် အဘိုးနှုန်းဖြင့်သော်ငြင်း၊ အဖွဲ့သို့ပေးရန် အဖွဲ့ကပိုင်ရှင်ကိုဆင့်ဆိုနိုင်သည်။ လက်ကားယူရာ၌ လျှပ်စစ်ဓါတ်အားတယူနစ်အတွက် ကုန်ကျသည့်ထင်း၊ မီးသွေးဘိုးနှင့်ဟိုထင်း၊ မီးသွေးဘိုး၏ ငါးဆယ်ရာခိုင်နှုန်းဖြင့် အထွေထွေစရိတ် (overhead charges) များနှင့် အခွင့်များကာမိအောင် တွက်စစ်၍ ရသောငွေနှစ်ရပ်ပေါင်းထည့်၍ ရသည့်နှုန်းထားအတိုင်း ပေးရမည်။

အခန်း ၈။

အနုညာတခုံအဖွဲ့။

၃၄။ ။အက်ဥပဒေနှင့် ပတ်သက်၍ ပေါ်ပေါက်လာသော ငြင်းခုံမှုများကို အနုညာတခုံအဖွဲ့သို့လွှဲအပ်ရမည်။ ထိုခုံအဖွဲ့တွင်လူကြီးသုံးဦးပါဝင်၍၊ တဦးမှာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။ အနုညာတခုံအဖွဲ့ဝင်လူကြီးများကို အမည်ဖြင့်သော်ငြင်း၊ လက်ရှိရာထူးအလျောက်သော်ငြင်း၊ နိုင်ငံတော်သမတ ကခန့်ထားရမည်။ အနုညာတခုံအဖွဲ့သို့လွှဲအပ်ခြင်း။

၃၅။ ။(၁) အနုညာတခုံအဖွဲ၌၊ အခြားအာဏာများအပြင် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးသို့ ပေးအပ်ထားသည့် အာဏာများလည်းရှိရမည်။ အနုညာတခုံအဖွဲ့၏အာဏာများ။

(က) ဆိုင်ရာအကြောင်းအရာများနှင့် စာချုပ်စာတမ်း စသည်များကို ဖွင့်လှစ် ထုတ်ဖော်ခြင်းနှင့်စစ်ဆေးခြင်း၊

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ် ခေါ်ယူခြင်းနှင့် သက်သေများ၏ စရိတ်ကိုတင်သွင်းရန်ဆင့်ဆိုခြင်း၊

(ဂ) စာချုပ်စာတမ်းများကို တင်ပြရန် အတင်းအကြပ်ပြုလုပ်ခြင်းနှင့် ထိုစာချုပ်စာတမ်းများကို သိမ်းယူခြင်း၊

(ဃ) သက်သေများကို ကျမ်းတိုက်စစ်ဆေးခြင်း၊

(ဌ) အမှုရွှေ့ဆိုင်းရန်ခွင့်ပြုခြင်း၊

(စ) ကျမ်းကျိန်လွှာကို သက်သေခံအဖြစ်လက်ခံခြင်း၊ ထို့ပြင်

(ဆ) သက်သေများကို စစ်ဆေးရန် လွှဲအပ်သည့် ကော်မရှင်အမိန့်များထုတ်ပေးခြင်း။

ထို့ပြင် ခုံအဖွဲ့ကအရေးကြီးသည်ဟု ထင်သောအချက်နှင့်ပတ်သက်၍ သက်သေခံနိုင်သူ မည်သူကိုမဆို၊ အဖွဲ့က အလိုအလျောက် သမ္မာန်စာဖြင့်ဆင့်ခေါ်၍ စစ်ဆေးနိုင်သည်။ ထိုအနုညာတခုံအဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၀ နှင့် ၄၀၂ပါ အဓိပ္ပါယ်ဖော်ပြချက်အရ၊ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အမှုကို စစ်ဆေးနေသည့် အတောအတွင်း မည်သည့်အချိန်တွင်မဆို ဥပဒေအချက်အလက်နှင့်ပတ်သက်၍ တရားလွှတ်တော်၏ သဘောထင်မြင်ချက်ကို ရယူရန်အလို့ငှါ၊ အမှု၏ အကြောင်းအရာဖော်ပြချက်ကို အနုညာတခုံအဖွဲ့ကတရားလွှတ်တော်သို့တင်သွင်းနိုင်သည်။ အကယ်၍ တဖက်ဖက်သော အမှုသည်က ထိုသို့တင်သွင်းရန် လျှောက်ထားလျှင်၊ ခုံအဖွဲ့ကတရားလွှတ်တော်သို့ မတင်သွင်းဘဲမနေရ။ ထိုသို့တင်သွင်းသောအမှုကို တရားလွှတ်တော်ကကြားနာ၍ မပြီးမပြတ်သေးမီ၊ အမှုကို ရွှေ့ဆိုင်းထားရမည်။

(၃) အနုညာတခုံအဖွဲ့ကိုဖြစ်စေ၊ ခုံအဖွဲ့သို့လာရောက်ရန် နည်းလမ်းအတိုင်း သမ္မာန်စာဖြင့် ဆင့်ခေါ်သော သက်သေများကိုဖြစ်စေ ပေးရမည့်အခွင့်၊ သို့တည်းမဟုတ် အသုံးစရိတ်များ၊ သို့တည်းမဟုတ်အခြားစရိတ်များကို အစိုးရကကျခံရမည်။ ထိုသို့အစိုးရက ကျခံသောငွေများကိုလျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့က အစိုးရကိုပြန်ဆပ်ရမည်။

(၄) ဤအခန်းအရ အနုညာတခုံအဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

အခန်း ၉။

လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့၏ ငွေချေးယူနိုင်သောအာဏာများ။

ငွေချေးယူရန် အာဏာ။

၃၆။ ။ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန် လိုအပ်သည့် ငွေများကိုရရှိရန် အလို့ငှါ၊ အမိန့်ပြန်တမ်းတွင် နည်းလမ်းအတိုင်း အဓိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာပြီးနောက်၊ အဖွဲ့က ငွေချေးယူနိုင်သည်။

သို့သော်နိုင်ငံတော်သမတ၏ အခွင့်အဓိန့်ကို ကြိုတင်မရရှိဘဲ ငွေမချေးယူရ။

ငွေချေးယူရန် နည်းလမ်း။

၃၇။ ။(၁) ဤအက်ဥပဒေအရ ချေးယူသည့်ငွေအားလုံးအတွက်—

(က) အဖွဲ့ပိုင်ပစ္စည်းကိုငင်း၊

(ခ) ချေးငွေများပေးဆပ်ရန်အတွက် ကြွေးမြီးဆပ်ရန်သီးသန့်ထားသည့် ရံပုံငွေအဖြစ် အဖွဲ့ကဖယ်ထားသည့် ငွေများကို ဤအက်ဥပဒေအရ စည်းကြပ်ကောက်ခံနိုင်သည့် အခွန်အတုတ်၊ အခ၊ ဒဲ့ငါးရမ်းခစသည်များမှနှုတ်၍ ကျန်ရှိသောငွေကိုငင်း

အာမခံပေးရမည်။

(၂) ငွေချေးစာချုပ်များကို ကြော်ငြာ၍ ရောင်းချခြင်းဖြင့် ငွေများကို ချေးယူနိုင်သည်။ သို့တည်းမဟုတ် မြန်မာနိုင်ငံလျှပ်စစ်ဓါတ်ပေးရေးအတွက် အစုလက်မှတ်များထုတ်ပေးခြင်းဖြင့်လည်း ငွေချေးယူနိုင်သည်။ သို့တည်းမဟုတ် အစိုးရထံမှလည်း ငွေချေးယူနိုင်သည်။ သို့သော်ချေးယူငွေအသီးသီးနှင့် ပတ်သက်သည့် စည်းကမ်းချက်များသည်၊ နိုင်ငံတော်သမတ သဘောတူညီသော စည်းကမ်းချက်များဖြစ်ရမည်။

ဒီဘင်ချာခေါ် ငွေချေးစာချုပ်များ၏ပုံစံ။ ထိုစာချုပ်များကို လွှဲပြောင်းခွင့်ခြင်း။

၃၈။ ။(၁) ဤအက်ဥပဒေအရ ထုတ်ပေးသော ဒီဘင်ချာခေါ်ငွေချေးစာချုပ်အားလုံးသည်၊ အဖွဲ့က အခါကာလ အားလျော်စွာ သတ်မှတ်သည့် ပုံစံအတိုင်း ဖြစ်ရမည်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပမှ ချေးယူသောငွေများနှင့်ပတ်သက်၍၊ ဒီဘင်ချာခေါ်ငွေချေးစာချုပ်များ၏ပုံစံသည်၊ နိုင်ငံတော်သမတ၏ ကြိုတင်အခွင့်အမိန့်ရရှိပြီးသောပုံစံဖြစ်ရမည်။

(၂) ဤပုဒ်မအရ ခွင့်ပြုထားသည့်ပုံစံဖြင့်ထုတ်သော ဒီဘင်ချာခေါ် ငွေချေးစာချုပ်လက်ရှိဖြစ်သူသည်၊ ထိုကဲ့သို့ခွင့်ပြုထားသည့် အခြားပုံစံတခုခုဖြင့် ထုတ်သောဒီဘင်ချာခေါ် ငွေချေးစာချုပ်နှင့် မိမိစာချုပ်ကို အဖွဲ့ကအခါကာလအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များအရ လဲယူနိုင်သည်။

(၃) အဖွဲ့ကထုတ်သည့်ဒီဘင်ချာခေါ် ငွေချေးစာချုပ်အသီးသီးကို စာချုပ်တွင် ပါရှိသည့် နည်းလမ်းဖြင့် လွှဲပြောင်းနိုင်သည်။

ဒီဘင်ချာခေါ် ငွေချေးစာချုပ်များအရ၊ တရားစွဲဆိုရန် အခွင့်အရေး။

၃၉။ ။ထိုဒီဘင်ချာခေါ် ငွေချေးစာချုပ်များဖြင့်ချေးယူသော ငွေများနှင့်ပတ်သက်၍တရားစွဲဆိုရန်အခွင့်အရေးကို အခါကာလအားလျော်စွာ ထိုဒီဘင်ချာခေါ် ငွေချေးစာချုပ်လက်ရှိဖြစ်သူများက သုံးစွဲနိုင်သည်။ ထိုသို့တရားစွဲဆို သုံးစွဲရာ၌ ဒီဘင်ချာခေါ်ငွေချေးစာချုပ်များအနက် အချို့စာချုပ်သည်၊ အခြားစာချုပ်များထက် အလျင်အမြန်သည့်အကြောင်းကို ထောက်ထားရန်မလို။

အိုးရထိမ့်ချေးယူသော ငွေများနှင့် ပတ်သက်၍ တရားစွဲဆိုနိုင်သည့် အလားတူအခွင့်အရေး။

၄၀။ ။အစိုးရအဖွဲ့သို့ထုတ်ချေးသော ငွေအားလုံးနှင့်ပတ်သက်၍၊ အစိုးရမှာ၊ ဒီဘင်ချာခေါ် ငွေချေးစာချုပ်လက်ရှိဖြစ်သူများကဲ့သို့ တရားဆိုစွဲနိုင်သည့် အခွင့်အရေးရှိရမည်။ သို့သော်အစိုးရသည် ထိုချေးငွေများနှင့်ပတ်သက်၍၊ ဒီဘင်ချာခေါ် ငွေချေးစာချုပ် လက်ရှိဖြစ်သူများထက် အလျင်တရားစွဲဆိုနိုင်သည့် အခွင့်အရေးများသော်၎င်း၊ ထိုသူများထက်သာသော အခွင့်အရေးများသော်၎င်း ရရှိသည်ဟူ၍ မမှတ်ယူရ။

ဒီဘင်ချာခေါ် ငွေချေးစာချုပ်များနှင့် ပူးတွဲထားသော ကူပွန်ဖြတ်ပိုင်းများတွင် ပါရှိသည့် လက်မှတ်။

၄၁။ ။ဤအက်ဥပဒေ၏အာဏာအရ ထုတ်သည့် ဒီဘင်ချာခေါ် ငွေချေးစာချုပ်များနှင့် ပူးတွဲထားသော ကူပွန်ဖြတ်ပိုင်းအားလုံးတွင် ဥက္ကဋ္ဌ၏လက်မှတ်ပါရှိရမည်။ ထိုလက်မှတ်ကို ရိုက်နှိပ်ထားနိုင်သည်၊ သို့တည်းမဟုတ် ကျောက်နှင့်ပုံနှိပ်ထားနိုင်သည်၊ သို့တည်းမဟုတ် စက်ဖြင့် နှိပ်ထားနိုင်သည်။

အဖွဲ့၏ပစ္စည်းများနှင့်ဝင်ငွေများမှချေးခွင့်များကိုရှေးဦးစွာပြန်ဆပ်ခြင်း။

၄၂။ ။အဖွဲ့ကပြန်ဆပ်ရမည့် ချေးငွေအားလုံးသည်၊ အဖွဲ့၏ဝင်ငွေများနှင့် အဖွဲ့ပိုင်ပစ္စည်းများမှ ရှေးဦးစွာပြန်ဆပ်ရမည့် ကြွေးမြီများဖြစ်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မြန်မာငွေစက္ကူ။ ဖြင့်သာငွေများ ချေးယူခြင်း။

၄၃။ ။နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ အခြားနည်းဖြင့် ချေးယူရန် ညွှန်ကြားခြင်းမရှိလျှင်၊ အဖွဲ့ကချေးယူသော ငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံ ဒေတွင်း၌ မြန်မာငွေစက္ကူဖြင့်သာ ချေးယူရမည်။

ကြွေးမြီဆပ်ရန် သီးသန့်ထားသည့် ရံပုံငွေ တည်ထောင်ခြင်း။

၄၄။ ။(အစိုးရထံမှ ချေးယူထားသောငွေမှတပါး) တနှစ်ထက်ပိုသော ကာလအပိုင်းအခြားအတွက်၊ အဖွဲ့က အခြားချေးယူသားသော ငွေများကိုပေးဆပ်ရန် သီးသန့်ထားသော ရံပုံငွေတခု စီမံထားရမည်။ အနှစ် ၃၀ ထက်မပိုသော ကာလအပိုင်းအခြားအတွင်းသော်ငင်း၊ နိုင်ငံတော်သမတ၏ ကြိုတင်ခွင့်ပြုချက်အရဖြင့် အနှစ် ၆၀ ထက်မပိုသောကာလအပိုင်းအခြားအတွင်းသော်ငင်း၊ ချေးငွေများကိုအပြေဆပ်ပေးနိုင်ရန်လိုအပ်သည့်ငွေများကိုရနိုင်အောင်၊ ထိုရံပုံငွေသို့ကျသင့်သည့်ငွေကို ၆ လလျှင်တကြိမ်ကျထည့်သွင်းရမည်။

ကြွေးမြီဆပ်ရန် သီးသန့်ထားသည့် ရံပုံငွေကို သုံးစွဲခြင်းနှင့် ရင်းနှီးခြင်း။

၄၅။ ။ကြွေးမြီဆပ်ရန် သီးသန့်ထားသည့် ရံပုံငွေတွင်စုဓိသော ငွေအားလုံးကိုသော်ငင်း၊ အချို့အဝက်ကိုသော်ငင်း၊ ထိုရံပုံငွေမှပြန်ဆပ်ရန်ရည်ရွယ်ထားသည့် ချေးငွေများကို တကြိမ်တည်း ဖြစ်စေ၊ အကြိမ်ကြိမ်ဖြစ်စေ ပြေလည်အောင်ဆပ်ရန် အသုံးပြုနိုင်သည်။ သို့သော်ထိုသို့အသုံးပြုသည့် ရံပုံငွေပေါ်မှ ရသင့်သောအတိုးနှင့် ညီမျှသည့်ငွေကို ချေးငွေအားလုံးပြေသည်တိုင်အောင် အဖွဲ့က ထိုရံပုံငွေသို့နှစ်စဉ် ထည့်သွင်း၍စုထားရမည်။

ကြွေးမြီဆပ်ရန် သီးသန့်ထားသော ရံပုံငွေအဖြစ်ဖယ်ထားသော ငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ အာမခံစာချုပ်ကို ဝယ်ယူခြင်းဖြင့်သော်ငင်း၊ အဖွဲ့၏ဒိဘင်ချာခေါ် ငွေချေးစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်ငင်း၊ နိုင်ငံတော်သမတက ဤကိစ္စအတွက် သဘောတူညီသည့် အခြားအာမခံစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်ငင်း၊ ရင်းနှီးထားရမည့်ပြင်၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ ဘဏ္ဍာထိန်းလူကြီးနှစ်ဦးလက်ဝှေ့ အပ်နှံထားရမည်။ ထိုနှစ်ဦးအနက် တဦးသည် အဖွဲ့ဝင်ဖြစ်ရမည်။ အခြားတဦးမှာ နိုင်ငံတော်သမတက ခန့်ထားသူဖြစ်ရမည်။

ကြွေးမြီဆပ်ရန် သီးသန့်ထားသည့် ရံပုံငွေကို နှစ်စဉ်စစ်ဆေးခြင်း။

၄၆။ ။မည်သည့်ချေးငွေကိုမဆို ပြေလည်အောင် ပေးဆပ်ရန် တည်ထောင်ထားသော ကြွေးမြီဆပ်ရန် သီးသန့်ထားသည့် ရံပုံငွေကို ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးရမည်။ ရံပုံငွေအရ ဘဏ်စာရင်းရှိငွေနှင့် အာမခံစာချုပ်များ၏ ကာလတန်ဘိုးနှစ်ရပ်ပေါင်းသည်၊ အကယ်၍မူလခန့်မှန်းထားသည့် အတိုးနှုန်းဖြင့် ထိုငွေများကို မှန်မှန်ရင်းနှီးထားပါမူ၊ ထိုသို့ရင်းနှီးထားရာမှ ဖြစ်ပွါးလာမည့် အတိုးအရင်း နှစ်ရပ်ပေါင်းနှင့် ညီမညီ အမှန်သိအောင်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်။

နိုင်ငံတော်စာရင်းစစ်ချုပ်က၊ ကြွေးမြီဆပ်ရန် သီးသန့်ထားသည့် ရံပုံငွေ စာရင်းတွင်၊ ငွေလျော့နေသည်ဟု သက်သေခံလက်မှတ် ရေးပေးသောအခါ၊ စာရင်းနှင့်ငွေကို တဖြည်းဖြည်းကိုက်အောင်ပြုလုပ်ရန်၊ နိုင်ငံတော် သမတက၊ အထူးအခွင့်အမိန့်မပေးလျှင်၊ ထိုလျော့နေသောငွေကို အဖွဲ့က၊ ထိုရံပုံငွေသို့ ချက်ခြင်းပေးသွင်းရမည်။

အစိုးရထံမှ ချေးငွေများကို အချိန်မစေ့မီ ပေးဆပ်နိုင်သည့် အကြောင်းများ။

၄၇။ ။အဖွဲ့၏ ဒိဘင်ချာခေါ် ငွေချေးစာချုပ် လက်ရှိဖြစ်သော အခြားသူများ ရရှိထားသည့် အခွင့်အရေးများကို မထိခိုက်လျှင်၊ အစိုးရသို့ပေးဆပ်ရန် ကျန်နေသေးသော ငွေရင်းကို၊ သတ်မှတ်ထားသော အချိန်မစေ့သော်လည်း အဖွဲ့က ပေးဆပ်နိုင်သည်။

သို့သော်၊ ထိုသို့ပေးဆပ်သောငွေများသည်၊ ငွေတသောင်းထက် မနည်းစေရ။ ထို့ပြင် ထိုသို့ပေးဆပ်လျှင်၊ မပြေကျန်နေသေးသော ငွေရင်းပေါ်တွင်၊ ကျသင့်သည့် အတိုးနှင့်ကိုက်ညီအောင်၊ နောက်အရစ်ကျ ငွေရင်းအသီးသီးအတွက် အတိုးများကို ပြင်ဆင်ရမည်။

၄၈။ ။နိုင်ငံတော် သမတ၏ အခွင့်အမိန့်ဖြင့်၊ ဒေသန္တရ အာဏာပိုင်များ ငွေချေး အက်ဥပဒေအရ၊ အဖွဲ့ကငွေချေးယူခြင်းကို၊ ဤအက်ဥပဒေရှိ စကားကြောင့် အတားအဆီး ရှိစေရ။ ဒေသန္တရ အာဏာပိုင်များငွေချေး အက်ဥပဒေအရ။ ငွေချေးယူနိုင်သည့် အာဏာကို မထိခိုက်စေခြင်း။

အခန်း ၁၀။

ရံပုံငွေများကိုခွဲဝေချထားခြင်း။

၄၉။ ။(၁) ပုဒ်မ ၅၀ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး၊ ဤအက်ဥပဒေအရ အဖွဲ့က ချေးယူသောငွေအားလုံးနှင့် အဖွဲ့သို့ပေးသည့်ငွေအားလုံးကို၊ အဖွဲ့က အစည်းအဝေးကျင်းပ၍ ရွေးချယ်သည့် ဘဏ်တခုတည်းတွင်ဖြစ်စေ၊ ဘဏ်အများတွင်ဖြစ်စေ ထားရမည်။ သို့သော် ထိုသို့ထားရန်၊ နိုင်ငံတော် သမတ၏ သဘောတူညီချက်ကို ကြိုတင်ရရှိရမည်။ ငွေကို ဘဏ်၌ ထားခြင်း။

သို့သော် ဤအက်ဥပဒေပါ ကိစ္စအလို့ငှာ၊ ချက်ခြင်းသုံးစွဲရန် မလိုသော ငွေများကို ကာလ မကြာမြင့်မီ ဆိုခဲ့သည့်ကိစ္စအတွက် သုံးစွဲရန်လိုမည်ဖြစ်သော်လည်း၊ ထိုကာလအတွင်း ပုဒ်မ ၅၀ အရ အကျိုးဖြစ်ထွန်းအောင် ရင်းနှီးထားနိုင်မည်မဟုတ်ဟူ၍ အဖွဲ့က ထင်မြင်သဘောရရှိလျှင်၊ ထိုငွေပိုများကို အပ်နှံထားရန်အတွက်၊ အဖွဲ့က ရွေးချယ်၍ နိုင်ငံတော်သမတက သဘောတူညီသော ရန်ကုန်မြို့ရှိ ဘဏ်တခုခုတွင်ဖြစ်စေ၊ ဘဏ်အများတွင်ဖြစ်စေ အတိုးနှင့်အပ်နှံထားနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ဘဏ်တခုခုတွင်ထားသော၊ သို့တည်းမဟုတ် အပ်နှံထားသော ရံပုံငွေများမှ၊ အဖွဲ့ဝင်လူကြီးနှစ်ဦး၏ လက်မှတ်မပါဘဲ ထုတ်ယူခြင်းမပြုရ။ ထိုသူနှစ်ဦးအနက် တဦးမှာ သာမန်အားဖြင့် ဥက္ကဋ္ဌဖြစ်ရမည်။

သို့သော် ဤအက်ဥပဒေအရ ထုတ်သည့် ဒီဘင်ချာခေါ် ငွေချေးစာချုပ်များနှင့်ပတ်သက်၍၊ အတိုးအဖြစ် အဖွဲ့ကပေးရန်ရှိသည့် ငွေများကို၊ ထိုအတိုးရထိုက်သူများသို့ ချက်လက်မှတ်ဖြင့် ထုတ်ပေးနိုင်သည်။ ထိုချက်လက်မှတ်ကို အဖွဲ့က အစည်းအဝေးတွင် ချမှတ်သည့် ဆုံးဖြတ်ချက်အရ၊ ဘဏ်ကြီးကြပ်သူ (မန်နေဂျာ)၏ သဘောတူညီချက်ဖြင့် အထူးအခွင့်အာဏာ အပ်နှင်းထားသော ဘဏ်အရာရှိက လက်မှတ်ထိုးနိုင်သည်။

၅၀။ ။အဖွဲ့သည်—

(၁) မိမိတို့ ထားရှိသော ငွေစာရင်းမှ ကျခံရမည့် ကုန်ကျစရိတ် အားလုံးကို ပေးဆပ်သည့်နောက်၊ နှစ်စဉ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှိနေသေးသော လက်ကျန်ငွေများကိုငင်း၊ လက်ကျန်ငွေများနှင့် အထူးရံပုံငွေများကို ရင်းနှီးထားခြင်း။

(၂) အထူးကိစ္စ တခုခုအတွက်သော်ငင်း၊ မိမိတို့လိုအပ်သည်ဟု ယူဆသည့် သဘောတူညီပြီး ရံပုံငွေကို ထားရှိရန်အတွက်သော်ငင်း၊ ဖယ်ထားသည့် ငွေများကိုငင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ အာမခံစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်ငင်း၊ အဖွဲ့၏ ဒီဘင်ချာခေါ် ငွေချေးစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်ငင်း၊ နိုင်ငံတော် သမတက၊ ဤကိစ္စအတွက် သဘော တူညီသည့် အခြားအာမခံ စာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်ငင်း ရင်းနှီးထားနိုင်သည်။ ထို့ပြင် အဖွဲ့သည်၊ ရံဖန်ရံခါ၊ ဆိုခဲ့သည့် အာမခံ စာချုပ်များကို ရောင်းချ၍ ရသော ငွေများကို၊ အခြားအလားတူ အာမခံစာချုပ်များ ဝယ်ယူခြင်းဖြင့် ရင်းနှီးထားနိုင်သည်။ သို့တည်းမဟုတ် ထိုရောင်းရငွေများကို၊ အာမခံစာချုပ်

များဝယ်ယူသော ငွေများဆိုင်ရာစာရင်းတွင်၊ တရားနှင့်လျော်ညီစွာ သုံးစွဲနိုင်သည့် ကိစ္စတခုခုအတွက် သုံးစွဲရန် သွင်းနိုင်သည်။

သို့သော်၊ အဖွဲ့က ငွေစာရင်းတခုခုမှ ထုတ်၍ရင်းနှီးသည့် ငွေစုစုပေါင်းသော်ငင်း၊ နှစ်စဉ် ရင်းနှီးသည့် ငွေပေါင်းသော်ငင်း နိုင်ငံတော် သမတက သတ်မှတ်ထားသည့် ငွေပေါင်းထက်မပို၍။

ငွေများသုံးစွဲခြင်း။

၅၁။ ။အဖွဲ့ပိုင်ငွေများကို အောက်ဖော်ပြပါ ငွေများပေးရန်အတွက် သုံးစွဲရမည်။ အဖွဲ့ပိုင် ပစ္စည်းများ မလုံလောက်လျှင် ပေးရမည့်ငွေကို အောက်ပါအစီအစဉ်အတိုင်း အဆင့်အတန်းထား၍ ထုတ်ပေးရမည်။

(၁) အဖွဲ့က ချေးယူသည့်ငွေနှင့် သော်ငင်း၊ အဖွဲ့ကပေးဆပ်ရန် တာဝန်ရှိသော ချေးငွေနှင့်သော်ငင်း စပ်လျဉ်း၍ပေးရန်ရှိသော အတိုးနှင့် ငွေရင်းအရစ်ကျ၊

(၂) အဖွဲ့၏ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးများကိုငင်း၊ ဤအက်ဥပဒေအရ ခန့်ထားသည့်၊ သို့တည်းမဟုတ် ထားရှိသည့်အရာရှိများနှင့် အမှုထမ်းများကိုငင်း၊ သို့တည်းမဟုတ် အဖွဲ့သို့ငှါးထားသည့် အရာရှိများနှင့် အမှုထမ်းများကိုငင်း ပေးရန်ရှိသောလစာများ၊ အခများ၊ စရိတ်များ၊ ပင်စင်လစာများ၊ ဆုငွေများ၊ ကရဏာကြေးများ၊ သို့တည်းမဟုတ် အခြားငွေများ၊ ထို့ပြင် အစိုးရက အဖွဲ့သို့ငှါးထားသည့် အရာရှိတဦးတယောက်၏ ပင်စင်လစာနှင့်အားလပ်ခွင့်စရိတ်အတွက် အစိုးရသို့ ထောက်ပံ့ငွေများ ပေးရန်ရှိလျှင်၊ ထိုထောက်ပံ့ငွေများ၊ ထို့ပြင် ပုဒ်မ ၁၇ (ဆ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် စည်းကမ်းဥပဒေများဖြင့် အိုနာစာရံပုံငွေသို့ ထည့်သွင်းရန် နည်းလမ်းအတိုင်း ခွင့်ပြုလျှင်၊ ထိုသို့ထည့်သွင်းရန်ငွေများ၊

(၃) အဖွဲ့ပိုင် ပစ္စည်းများကို ပြင်ဆင်ခြင်း၊ ပြုပြင်ထားရှိခြင်းအတွက် ကုန်ကျငွေ၊ ထိုပစ္စည်းများအပေါ်၌ ကျသင့်သော စရိတ်များနှင့်အလုပ်အကိုင်စရိတ်များ၊

(၄) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အလုပ်အဆောင်ဆောက်လုပ်ရာ၌ ကုန်ကျသည့်စရိတ်၊ ထို့ပြင်

(၅) နိုင်ငံတော်သမတက အထူးခွင့်ပြုသည့်၊ သို့တည်းမဟုတ် အဖွဲ့ကတရားဥပဒေနှင့် အညီပေးရန် တာဝန်ရှိသည့် အခြားစရိတ်များ။

အခန်း ၁၁။

နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများနှင့် ငွေစာရင်းများ။

အဖွဲ့က နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများ ပြုလုပ်ခြင်းနှင့် ထိုခန့်မှန်းခြေစာရင်းများကို စဉ်းစား ဆင်ခြင်ခြင်း။

၅၂။ ။(၁) နှစ်စဉ်ဩဂုတ်လတွင် ကျင်းပရမည့် အထူးအစည်းအဝေး၌ ဥက္ကဋ္ဌသည်၊ ရှေ့လာမည့် ဘောက်တိဘာလ ၁ ရက်နေ့မှ အစပြုသည့် နှစ်အတွက် အဖွဲ့၏ဝင်ငွေနှင့်အသုံးစရိတ် ရ-သုံးမှန်းခြေစာရင်းတခုပြုလုပ်၍ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ အဖွဲ့က အခါကာလ အားလျော်စွာ ညွှန်ကြားသော အချက်အလက်များကို အစုံအလင်ဖော်ပြလျက်၊ အဖွဲ့ကညွှန်ကြားသည့်ပုံစံဖြင့် အဖွဲ့ဝင်လူကြီးများထံ တင်ပြရမည်။

ထို ရ-သုံးမှန်းခြေစာရင်းတွင် ပါဝင်သည့် အလုပ်အဆောင်သစ်အားလုံး၌ အကြောင်းအရာများနှင့်တကွ ထိုအလုပ်အဆောင်သစ်များ၏ ခန့်မှန်းရ ကုန်ကျစရိတ်ကိုပါ ဖော်ပြသည့်နောက် ဆက်တွဲတခုကို ထို့ရ-သုံးမှန်းခြေစာရင်းတွင် ရှေးဦးစွာတွဲထားရမည်။ ထိုနောက် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားခွင့်ပြုသည့် အရာရှိများနှင့် အမှုထမ်းများ၏စာရင်းကို တွဲထားရမည်။

(၂) ဆိုခဲ့သည့် ရ-သုံးမှန်းခြေစာရင်းသည်၊ အပြည့်အစုံပြုလုပ်ပြီးသားဖြစ်ရမည်။ ထိုရ-သုံးမှန်းခြေစာရင်း၏မိတ္တူများကို ရ-သုံးမှန်းခြေစာရင်းကို တင်ပြရမည့် အစည်းအဝေးမတိုင်မီ အနည်းဆုံး ဆယ်ရက်ကြိုတင်၍ အဖွဲ့ဝင်လူကြီးအသီးသီးထံသို့ တစောင်စီ စာပို့တိုက်မှသော်၎င်း၊ အခြားတနည်းနည်းဖြင့်သော်၎င်း ပေးပို့ရမည်။

(၃) ထိုသို့တင်ပြသော ရ-သုံးမှန်းခြေစာရင်းကို အဖွဲ့ကစဉ်းစားဆင်ခြင်ရမည်။ အဖွဲ့က သင့်လျော်သည်ထင်မြင်သော ပြင်ဆင်ချက်များကို ပြုလုပ်၍အတည်ပြုရမည်။

သို့သော် အဖွဲ့က အလုပ်စတင်လုပ်ကိုင်သည့် ပဌမနှစ်အတွက်၊ ထိုသို့အလုပ်စတင်လုပ်ကိုင်သည့်နှေ့ရက်မှ ထိုဘဏ္ဍာတော် နှစ်ကုန်ဆုံးသည့်နေ့ထိ ကာလအပိုင်းအခြားနှင့် သက်ဆိုင်သော ရ-သုံးမှန်းခြေစာရင်းကို၊ အဖွဲ့က နိုင်ငံတော်သမတထံ လျင်မြန်နိုင်သမျှ လျင်မြန်စွာတင်သွင်းရမည်။

ခန့်မှန်းခြေစာရင်းကို နိုင်ငံတော်သမတထံ တင်သွင်းခြင်းနှင့် ခန့်မှန်းခြေစာရင်းကို ပြင်ဆင်ခြင်း။

၅၃။ ။(၁) အဖွဲ့ကအတည်ပြုသည့် ရ-သုံးမှန်းခြေစာရင်း၏ မိတ္တူတစောင်ကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် တင်သွင်းရမည်။ နိုင်ငံတော်သမတက မိမိသင့်တော်သည်ထင်မြင်သည့်အတိုင်း၊ ထိုရ-သုံးမှန်းခြေစာရင်း တခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ သဘောတူညီနိုင်သည်။ သို့တည်းမဟုတ် ရ-သုံးမှန်းခြေစာရင်းတခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ၊ ခွင့်မပြုဘဲပယ်ချနိုင်သည်။ ထို့ပြင် ထိုရ-သုံးမှန်းခြေစာရင်းကိုပြင်ဆင်ရန် ရ-သုံးမှန်းခြေစာရင်းရှိသည့်နေ့မှ နှစ်လအတွင်း မည်သည့်အချိန်၌မဆိုပြန်ပို့နိုင်သည်။

(၂) ရ-သုံးမှန်းခြေစာရင်းကိုပြင်ဆင်ရန်နိုင်ငံတော်သမတကပြန်ပို့လျှင်၊ အဖွဲ့သည် ထိုရ-သုံးမှန်းခြေစာရင်းကိုပြင်ဆင်ရန် ချက်ခြင်းဆောင်ရွက်ရမည်။ ထိုနောက် ထိုသို့ပြင်ဆင်ထားသည့် ရ-သုံးမှန်းခြေစာရင်းကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် ထပ်မံတင်သွင်းရမည်။

နောက်ထပ် ရ-သုံးမှန်းခြေစာရင်း။

၅၄။ ။(၁) ရ-သုံး မှန်းခြေစာရင်းကို ခွင့်ပြုသည့်နှစ်အတွင်း မည်သည့်အချိန်၌မဆို အဖွဲ့က နောက်ထပ် ရ-သုံးမှန်းခြေစာရင်းတခုကို စီစဉ်ပြုလုပ်စေပြီးလျှင်၊ မိမိတို့ထံသို့ တင်သွင်းစေနိုင်သည်။

(၂) အဖွဲ့က အတည်ပြုသည့်ထိုနောက်ထပ် ရ-သုံးမှန်းခြေစာရင်းအသီးသီးကို နိုင်ငံတော်သမတထံသဘောတူညီချက်ရရန် အထက်နည်းလမ်းအတိုင်း တင်သွင်းရမည်။ ထိုအခါ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်များသည်၊ ထိုနောက်ထပ် ရ-သုံးမှန်းခြေစာရင်းနှင့်လည်း မူလရ-သုံးမှန်းခြေ စာရင်းကဲ့သို့ပင် သက်ဆိုင်သည်။

ရ-သုံးမှန်းခြေစာရင်းရှိငွေများကို လွှဲပြောင်းသုံးစွဲခြင်း။

၅၅။ ။ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတကပေးသည့် ညွှန်ကြားချက်များနှင့် မဆန့်ကျင်ဘဲ၊ အထက်ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသည့် ရ-သုံး မှန်းခြေစာရင်းရှိ မည်သည့်ငွေကိုမဆို၊ သို့တည်းမဟုတ် ထိုငွေ၏ မည်သည့်အစိတ်အပိုင်းကိုမဆို သုံးစွဲရန် အခွင့်အာဏာ ပေးထားသော်ငြားလည်း မသုံးစွဲသေးလျှင်၊ ထိုငွေကို အဖွဲ့ကဆိုခဲ့သည့် ရ-သုံးမှန်းခြေစာရင်းတွင် အခြားအသုံးစရိတ်တခုခုအတွက်သုံးစွဲရန် အခွင့်အာဏာ ပေးထားသည့်ငွေထက်ပို၍ သုံးစွဲမိသောငွေကိုကာမိရန် မည်သည့်အချိန်၌မဆို လွှဲပြောင်းသုံးစွဲနိုင်သည်။

သို့သော် အဖွဲ့ကအတည်ပြု၍ နိုင်ငံတော်သမတက သဘောတူညီသော ရ-သုံးမှန်းခြေစာရင်းတွင် ခွင့်ပြုထားသည့် အသုံးစရိတ်ငွေ စုစုပေါင်းထက်ပို၍ နိုင်ငံတော်သမတ၏ အခွင့်အမိန့်မရဘဲမသုံးစွဲရ။

ရ-သုံးမှန်းခြေစာရင်းတွင် အသုံးစရိတ် ရာထားခြင်းမရှိသောကိစ္စအတွက် ငွေသုံးစွဲခြင်းကိုတားမြစ်ပိတ်ပင်ခြင်း။

၅၆။ ။လွန်ခဲ့သည့် အနေးဘကြီးကိစ္စများအတွက်မှတပါး၊ ဤအခန်းအရ ခွင့်ပြုထားသည့် အတည်ဖြစ်ဆဲ ရ-သုံးမှန်းခြေစာရင်းတွင် အသုံးစရိတ်ရာထားခြင်း မရှိလျှင်သော်၎င်း၊ အဖွဲ့ကအတည်ပြုထားသည့် ရ-သုံးမှန်းခြေစာရင်းကို ပုဒ်မ ၅၅ အရ၊ ငွေလွှဲပြောင်းသုံးစွဲခြင်းဖြင့် ပြင်ဆင်၍ ရာထားချက် မရှိသေးလျှင်သော်၎င်း၊ မည်သည့်ငွေကိုမျှ အဖွဲ့ကဖြစ်စေ၊ အဖွဲ့အတွက်ဖြစ်စေ သုံးစွဲခြင်းမပြုရ။

အနေးတကြီးကိစ္စများအတွက် ကန့်သတ်ထားသည်ထက် ပို၍သုံးစွဲသော အသုံးစရိတ်နှင့် ပတ်သက်၍ အစီရင်ခံခြင်း။

၅၇။ ။တနှစ်တွင် စုစုပေါင်း ငွေ၁၀၀ထောင်ထက် ပို၍လွန်ကဲသည့် အနေးဘကြီးကိစ္စများအတွက် သုံးစွဲရမည်ဖြစ်လျှင်၊ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံသို့၊ ထိုအသုံးစရိတ်ကိုကာမိအောင်၊ အဖွဲ့က မည်သို့စီမံရန် ကြိုးပမ်းထားသည်ဟုဖေါ်ပြသော ရှင်းလင်းချက်နှင့်တကွ၊ အကျိုးအကြောင်း အစီရင်ခံစာတင်သွင်းရမည်။

မ-တည်ကုန်ကျစရိတ်။

၅၈။ ။နိုင်ငံဘော်သမတက အတိအလင်း ခွင့်မပြုလျှင်၊ အဖွဲ့သည် မည်သည့်အသုံးစရိတ်ကိုမျှ ငွေရင်းမှကုန်ခံခြင်းမပြုရ။

(*4*) Any scheme may be varied by a subsequent scheme prepared and submitted to the President of the Union as mentioned in sub-section (*1*) of this section, or by a subsequent scheme prepared by the President of the Union.

(*5*) A scheme shall take effect only after it has been previously published in the Gazette and embodied in an Order made by ,he President of the Union and the date on which it takes effect shall be such date not earlier than the making of the Order as may be specified in the Order.

(*6*) A scheme may be revoked by order of the President of the Union either on the application of any of such bodies as are mentioned in sub-section (*1*) of this section or otherwise.

(*7*) In this section references to a port include references to part of a port.

5. The President of the Union may make loans towards the cost of the operation of schemes to such persons and on such terms as he may determine.

လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေ အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄။] (၁၉၄၈ ခု၊ ဒီဇင်ဘာလ ၃၀ ရက်။)

အောက်ပါအတိုင်း ဥပဒေပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို လယ်ယာအလုပ်သမားအနည်းဆုံးအခကြေးငွေ အက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤဥပဒေသည် နိုင်ငံတော်သမတက ပြန်တင်းထုတ်ပြန် ကျေညာ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သတ်မှတ်သည့်ဒေသတွင် ကန့်သတ်သည့်ရက် [၁] ၌ အတည်ဖြစ်စေရမည်။

၂။ ။ဤဥပဒေတွင် ရှေနောက်စကားစဉ်၌သော်၎င်း၊ အကြောင်းအရာ၌သော်၎င်း ဆန့်ကျင်ခြင်းမရှိသော်—

(က) "လယ်ယာလုပ်ငန်း" ဆိုသည်မှာ ကိုင်း၊ ကျွန်း၊ဥယျာဉ်လုပ်ငန်းနှင့် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတို့လည်းပါဝင်သည်။

(ခ) "လယ်ယာအလုပ်သမား" ဆိုသည်မှာ လယ်ယာလုပ်ငန်းများတွင်၎င်း၊ လယ်ယာလုပ်ငန်းများနှင့်ပတ်သက်သည့်လုပ်ငန်းများတွင်၎င်း မိမိတို့၏လုပ် အားကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် ငှါးရမ်း၍နေထိုင် စား သောက်ရသူကိုဆိုလိုသည်။

(ဂ) "သူရင်းငှါး" ဆိုသည်မှာ ရာသီအလိုက် ငှါးရမ်းသောလယ်ယာအလုပ် သမားကို ဆိုလိုသည့်ပြင်၊ တနှစ်ပတ်လုံးငှါးထားသော ပင်တိုင်သူရင်းငှါး၊ သီးနှံစိုက်ပျိုးရန် စတင်လုပ်ကိုင်သည့်နေ့မှစ၍ သီးနှံကို ရိတ်သိမ်းကျီသွင်းပြီး သည်အထိ ငှါးရမ်းသော ကျီဝင် သူရင်းငှါး၊ သီးနှံစိုက်ပျိုးရန် စတင်လုပ် ကိုင်သည့်နေ့မှစ၍ ထွန်ယက် စိုက်ပျိုးပြီးသည်အထိ ငှါးရမ်းသော ထွန်တုံးပိတ် သူရင်းငှါး၊ သီးနှံစိုက်သိမ်းဆိုရန် နွေရာသီအတွက် ငှါးရမ်းသော နွေရာသီ သူရင်းငှါးများပါဝင်သည်။

---

[၁] ဤအက်ဥပဒေသည်၊၁၉၄၈ ခု၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ (ချင်းဝိသေသတိုင်းနှင့် ရှမ်းပြည်နယ်၊ကရင်နီပြည်နယ်၊ ကချင်ပြည်နယ်တို့ကို ချန်လှပ်၍) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အာဏာတည်သည်၊ မြန်မာနိုင်ငံ ပြန်တမ်း ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၅၅ တွင် ကြည့်။

(ဃ) "ပုတ်ပြတ်လယ်ယာအလုပ်သမား" ဆိုသည်မှာ လယ်ယာနှင့်ပတ်သက်သည့်လုပ်ငန်းတခုခုအတွက် အခကြေးငွေကို ပုတ်ပြတ်နှုန်းဖြင့်ငှါးသည့် လယ်ယာအလုပ်သမားများကိုဆိုလိုသည်။

(င) "နေ့စား လယ်ယာအလုပ်သမား" ဆိုသည်မှာ လယ်ယာနှင့်ပတ်သက်သည့်လုပ်ငန်းတွင် လုပ်သည့်နေ့အတွက် အခကြေးငွေဖြင့်ငှါးသည့် လယ်ယာအလုပ်သမားကိုဆိုလိုသည်။

(စ) "အလုပ်ရှင်" ဆိုသည်မှာ လယ်ယာအလုပ်သမားကိုငှါးရမ်း၍အခကြေးငွေထုတ်ပေးရသူကိုဆိုလိုသည်။

၃။ ။မည်သည့်အလုပ်ရှင်မဆို သူရင်းငှါးတယောက်ကို ငှါးသည်ရှိသော်၊ ထိုသူရင်းငှါးအား—

(က) တတုံးထွန်ထက်ပိုမိုသည့်လုပ်ခွင်ကို ချထားလုပ်ကိုင်စေခြင်းမပြုရ။

(ခ) လယ်ယာထွန်ယက်ခြင်း မပြုလုပ်သည့်အချိန်တွင် ခိုင်းနှားတရှဉ်း ထိန်းကျောင်း ကျွေးမွေးရန် တာဝန်ထက်ပိုသော တာဝန်ကို ချထားခြင်းမပြုရ။

၄။ ။(၁) (က) ကျိုင်သူရင်းငှါးတဦး၏ အခကြေးငွေမှာ ထိုသူ၏လုပ်ခွင်မှထွက်သည့်သီးနှံ၏ ၃၅ ရာခိုင်နှုန်း အနည်းဆုံးဖြစ်စေရမည်။ ထို့ပြင်အလုပ်ရှင်က ထိုသူရင်းငှါးအား၊ ငှါးရမ်းသည့်အချိန်ကာလပတ်လုံးကျွေးမွေးထားရမည်။

(ခ) ကျိုင်သူရင်းငှါးမှအပ အခြားသူရင်းငှါးများ၊ ပုတ်ပြတ်လယ်ယာအလုပ်သမားများ၊ နေ့စားလယ်ယာအလုပ်သမားများအတွက် အခကြေးငွေကို နိုင်ငံတော်သမတက ကျိုင်သူရင်းငှါးများ၏ နှုန်းနှင့်နှိုင်းယှဉ်ပြီး သင့်တော်သည့်နှုန်းကို ကန့်သတ်ပေးရမည်။ သို့သော်တနှစ်ပတ်လုံးလုပ်ကိုင်ရသည့်သူရင်းငှါးများကို ပိုမို၍ငှါးရမ်းစေခြင်းငှါ၊ နှုန်းများကိုနိုင်ငံတော်သမတက ပြုပြင်ပေးနိုင်သည်။

(၂) အခကြေးငွေပေးရာ၌ သီးနှံကိုပေးရမည်။ အကယ်၍ငွေဖြင့်ပေးယူလိုသော် နိုင်ငံတော်အစိုးရက ကန့်သတ်သည့်ဈေးနှုန်းရှိပါမူ ထိုကန့်သတ်သည့်ဈေးနှုန်းနှင့်အညီ တွက်၍ပေးယူရမည်။ ယင်းသို့ကန့်သတ်သည့်ဈေးနှုန်းမရှိလျှင် ပေးယူသည့်နေ့တွင် လယ်ယာအလုပ်သမားလုပ်ကိုင်ရသည့်လုပ်ခွင်တည်ရာရပ်ရွာတွင် ဖြစ်ပေါ်လျက်ရှိသော သီးနှံဈေးနှုန်းနှင့်အညီ တွက်၍ပေးယူရမည်။

၅။ ။လယ်ယာအလုပ်သမားတဦးသည် မိမိရမည့်အခကြေးငွေအချို့အဝက်ကို ကာလအားလျော်စွာ အလုပ်ရှင်ထံမှကြိုတင်၍ တောင်းယူခွင့်ရှိသည်။ သို့သော် ထိုသို့ကာလအားလျော်စွာ ကြိုတင်၍တောင်းယူသော် အခကြေးငွေစုစုပေါင်းသည် ထိုလယ်ယာအလုပ်သမားတဦးရမည့် အခကြေးငွေ၏ တဝက်ထက်မပိုစေရ။

၆။ ။(၁) သူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သမားတဦးတယောက်သည်၊ မိမိအားငှါးရမ်းသည့်အချိန်အဘွင်း ဖျားနာလျှင်၊ ထိုဖျားနာသည့်အချိန်တွင် အလုပ်ရှင်က လူစားအခြားတဦးတယောက်ကို အခကြေးငွေပေး၍ငှါးရပါမူ၊ ထိုလူစားငှါးရသည့်အတွက် ကုန်ကျသောစရိတ်တဝက်ကို သူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သမားကပေးဆောင်၍၊ ကျန်တဝက်ကို အလုပ်ရှင်ကပေးရမည်။ သူရင်းငှါးက၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သမားက ပေးရမည့်တဝက်သောစရိတ်ကို အလုပ်ရှင်ကစိုက်ထုတ်ပေးထား၍၊ ထိုသူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သမား၏ အခကြေးငွေကို ရှင်းသောအခါ၊ ထိုပေးထားရသည့်စရိတ်ကိုခုနှိမ်၍ရှင်းရမည်။

(၂) သူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သံမားတဦးတယောက်၏ အခကြေးငွေကို မိမိအားငှါးရမ်းသည့်အချိန်အတွင်း ပုဒ်မခွဲ (၁) ၌ ပါရှိသော ဖျားနာသည့် အကြောင်းမှအပ အခြားမည်သည့် အကြောင်းနှင့်မျှ ဖြတ်တောက်ခြင်းမပြုရ။ သို့သော် ဖျားနာခြင်းကြောင့် ပျက်ကွက်သည့် ရက်အပိုင်းအခြားသည် သူရင်းငှါးအတွက်ဆိုသော်၊ မိမိအားငှါးသည့် အချိန်ကာလ၏ ရှစ်ပုံတပုံထက်မပိုရ။ ပုတ်ပြတ်အလုပ်သမားအတွက်ဆိုသော် မိမိအားငှါးသည့် အလုပ်၏ရှစ်ပုံတပုံထက်မပိုရ။

(၃) သူရင်းငှါးတဦးတယောက်သည် ဖျားနာ၍ မိမိအားငှါးရမ်းသည့်အချိန်ကာလ၏ ရှစ်ပုံတပုံထက်ပို၍ အလုပ်အကိုင်ပျက်ကွက်ခဲ့လျှင်သော်၎င်း၊ ပုတ်ပြတ်အလုပ်သမားတဦးတယောက်သည် ဖျားနာ၍၊ မိမိအားငှါးရမ်းသည့် အလုပ်၏ရှစ်ပုံတပုံထက်ပို၍ ပျက်ကွက်လျှင်သော်၎င်း ထိုသူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်အလုပ်သမားသည်၊ မိမိ၏လုပ်ကိုင်သည့်ရက်၊ သို့တည်းမဟုတ် လုပ်ကိုင်သည့်အလုပ်အတွက်ကိုသာ အခကြေးငွေအချိုးကျရမည်။

(၄) သူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သမားတဦးတယောက်သည်၊ မိမိ၏လုပ်ငန်းကို လုပ်နေစဉ်အတွင်း လုံလောက်သော အကြောင်းတစုံတခုကြောင့် လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လျှင်၊ ထိုသူလုပ်ခဲ့သည့်ရက်၊ သို့တည်းမဟုတ် လုပ်ပြီးသည့်အလုပ်အတွက် အချိုးကျအခကြေးငွေကို ထိုသူအားပေးရမည်။

(၅) သူရင်းငှါး၊ သို့တည်းမဟုတ် ပုတ်ပြတ်လယ်ယာအလုပ်သမားတဦးတယောက်သည် မိမိ၏လုပ်ငန်းမပြီးဆုံးမီသေသော် မိမိလုပ်ခဲ့သည့်ရက်၊ သို့တည်းမဟုတ် လုပ်ပြီးသည့်အလုပ်အတွက် အချိုးကျအခကြေးငွေကို ထိုသူ၏အမွေဆက်ခံသူအား ပေးရမည်။

၇။ ။လယ်ယာအလုပ်သမားများသည် မိမိတို့နေထိုင်စားသောက်ရေး၊ အခကြေးငွေတိုးတက်မှုတို့အတွက် စည်းရုံးခွင့်ရှိသည်။

၈။ ။နိုင်ငံတော်သမတသည် ဤအက်ဥပဒေပါ အကြောင်းများနှင့်ပတ်သက်၍ အငြင်းဖြစ်ပွါးမှုများ ရှင်းလင်းဆုံးဖြတ်ရန်အတွက် သင့်တော်သောခုံရုံးများကို ဖွဲ့စည်းနိုင်သည်။ သို့တည်းမဟုတ် ထိုသို့ဖွဲ့စည်းရန် နိုင်ငံတော်သမတက သင့်တော်သည် ထင်မြင်သည့်ရုံး၊ သို့တည်းမဟုတ် အာဏာပိုင်များအား လွှဲအပ်ဖွဲ့စည်းစေနိုင်သည်။

၉။ ။ပုဒ်မ ၈ အရဖွဲ့စည်းသောခုံရုံးများမှာ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးများအား အပ်နှင်းထားသည့်အာဏာများရှိစေရမည်။

(က) ဆိုင်ရာအကြောင်းအရာနှင့် စာချုပ်စာတမ်းစသည်များကို ဖွင့်လှစ်ထုတ်ဖော်ခြင်းနှင့်ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ဆိုခေါ်ယူခြင်း၊

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ပြုလုပ်ခြင်း၊

(ဃ) သက်သေများကို ကျမ်းတိုက်စစ်ဆေးခြင်း၊

(င) ကျန်းကျိန်လွှာကို သက်သေခံအဖြစ်လက်ခံခြင်း၊ ထို့ပြင်

(စ) သက်သေများကို စစ်ဆေးရန်လွှဲအပ်သည့်ကော်မရှင်အမိန့်များထုတ်ပေးခြင်း။

ထိုခုံရုံးများသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၀ နှင့်ပုဒ်မ ၄၀၂ တို့၏ အဓိပ္ပါယ်အရ၊ တရားမတရားရုံးများဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၁၀။ ။နိုင်ငံတော်သမတသည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သင့်တော်သောနည်းဥပဒေများကို ပြုလုပ်နိုင်သည်။

၁၁။ ။ဤဥပဒေကို ကျူး လွန် လျှင် သော် ၎င်း၊ ဤဥပဒေအရ ဖွဲ့စည်း ထားသော ခုံရုံးများကို နှောင့်ယှက်ပိတ်ပင်လျှင်သော်၎င်း၊ မည်သူမဆို ထောင်ဒဏ် ၃ နှစ်အထိ၊ သို့မဟုတ် ငွေဒဏ် ၁,၀၀၀ အထိ၊ သို့မဟုတ် ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်စလုံး ကျခံစေရမည်။

အလုပ်အကိုင်ဆိုင်ရာစာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ။

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]

အလုပ်သမားများနှင့် ပတ်သက်၍ အချို့စာရင်းစစ်တမ်းကောက်ယူရန် လွယ်ကူစိမ့်သောငှါ၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ဖြင့် ပြဋ္ဌာန်းလိုက်သည်။

အမည်တိုတည်ရာ နယ်အဝန်းနှင့် စ တည်ရန် နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ ဟူ၍ ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တဝှန်းလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေ၏ အာဏာတည်ရန်အလို့ငှါ၊ နိုင်ငံတော်သမတက အခါကာလ အားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့်နယ်များနှင့် နေ့ရက်တွင် အာဏာတည်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤဥပဒေတွင် ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများတွင်ဖြစ်စေ၊ ထိုနည်းဥပဒေများအရ ပြဋ္ဌာန်းသည့်ပုံစံတခုခုတွင်ဖြစ်စေ၊ ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

စာရင်းစစ်တမ်းကောက် ယူခြင်း။

၃။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြသည့် နေရာများတွင်၊ အလုပ်သမားများအကျိုး တိုးပွါးရေးမှစ၍၊ အလုပ်သမားများ၏ အလုပ်အကိုင်အခြေအနေများနှင့် ဆိုင်သမျှ ကိစ္စများကို စာရင်းကောက်ယူရန် ဆင့်ဆိုနိုင်သည်။ ထိုကိစ္စများတွင်၊ အထူးသဖြင့် အောက်ပါတို့လည်း ပါဝင်သည်။

(၁) အသုံးအဆောင်ပစ္စည်းဈေးနှုန်းများ။
(၂) အလုပ်ဆင်းသူ၊ မဆင်းသူ။
(၃) နေရေး၊ထိုင်ရေးအခြေအနေများ၊ ဤအချက်တွင် နေအိမ်စိုးပေးရေး၊ ရေပေးရေးမှစ၍ သန့်ရှင်းစင်ကြယ်ရေးလည်းပါဝင်သည်။
(၄) ကြေးမြိတ်ရှိခြင်း။
(၅) နေအိမ်ငှါးရမ်းခများ။
(၆) လုပ်ခများနှင့် အခြားဝင်ငွေများ။
(၇) အိုနာစာရဲပုံငွေနှင့် အခြားရံပုံငွေများ။
(၈) အကျိုးခံစားခွင့်များနှင့် အခြားသက်သာခွင့်များ။
(၉) အလုပ်ချိန်နာရီများ။
(၁၀) အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့။
(၁၁) လုပ်ကိုင်ရေး ငြင်းခုံမှုများ၊ ဤအချက်တွင် အလုပ် ရပ်စဲခြင်းကြောင့် ဖြစ်စေ၊ အလုပ်ရုံပိတ်ထားခြင်းကြောင့်ဖြစ်စေ၊ ထိခိုက်နစ်နာသည့် အလုပ်သမားဦးရေနှင့် အလုပ်မလုပ်ရ၍ ဆုံးရှုံးရသည့် နေ့ရက်များပါဝင်သည်။
(၁၂) ဖျားနာခြင်း။

(၁၃) အလုပ်သမားဦးရေနှင့် လုပ်သားအမျိုးအစား။
(၁၄) အားလပ်ခွင့်နှင့် အလုပ်ပိတ်ရက်များ။
(၁၅) ကုန်ထွက်စွမ်းရည်။

ထို့ကြောင့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤကဲ့သို့ကောက်ယူသော စာရင်းစစ်တမ်းများနှင့် လည်း သက်ဆိုင်မည်။

စာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင်ခန့် ခြင်း။

၄။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်း ကောက်ယူရန်ကိစ္စအ လို့ငှါ၊ အာရုံရှိတဦးကို စာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင်အဖြစ် ခန့်ထားနိုင်သည်။

စာရင်းချုပ်များနှင့်အကြောင်းအရာများ တောင်းယူရန် စာရင်းကောက်ယူရေး အာဏာပိုင်၏ အာဏာ။

၅။ ။(၁) စာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်သည်၊ ပြဋ္ဌာန်းသည့်အချိန် ကာလအပိုင်းအခြားတွင်၊ ပြဋ္ဌာန်းသည့် ပုံစံဖြင့် ပြဋ္ဌာန်းသည့် အကြောင်းအရာများ ပါဝင်သောစာရင်း ကောက်ယူသည့် ကိစ္စတစုံတရာနှင့် ပတ်သက်သောအကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်ကို ပြဋ္ဌာန်းသည့်နည်းလမ်းဖြင့်၊ ပြဋ္ဌာန်းသည့် အချိန်များ၌၊ ပြဋ္ဌာန်းသည့်အာဏာပိုင်ထံ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသောသူထံ တင်သွင်းရန်၊ တဦး တယောက်သောသူသို့ နို့တစ်စာချအပ်၊ သို့တည်းမဟုတ် ချအပ်စေနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် နို့တစ်စာကို စာတိုက်မှ ချအပ်နိုင်သည်။

မှတ်တမ်း၊ သို့တည်းမဟုတ် စာချုပ် စာတမ်းကို ဝင်ရောက် ကြည့်ရှုနိုင်သည့် အခွင့်အရေး၊

၆။ ။စာရင်းစစ်ဘမ်း ကောက်ယူရေး အာဏာပိုင်ကဖြစ်စေ၊ ထိုအာဏာပိုင်က ကြည့်ရှုရန်ကိစ္စအလို့ငှါ စာဖြင့်အာဏာလွှဲအပ်ထားသူ တဦးတယောက်ကဖြစ်စေ၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်းများ ကောက်ယူရန် ကိစ္စများအလို့ငှါ၊ ဤအက်ဥပဒေအရ အကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ် တစုံတရာ တင်သွင်းရန် ဆင့်ဆိုထားသူ၏ လက်ရှိသက်ဆိုင်ရာမှတ်တမ်း၊ သို့တည်းမဟုတ် စာချုပ်စာတမ်းတခုခုကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ ထိုပြင်ဤသို့သောမှတ်တမ်း၊ သို့တည်းမဟုတ် စာချုပ်စာတမ်းရှိမည်ဟု မိမိယုံကြည်သော အဆောက်အဦများသို့ သင့်တော်သည့်အချိန်၌ ဝင်ရောက်နိုင်သည့်ပြင်၊ ဤအက်ဥပဒေအရ တင်သွင်းရန် ဆင့်ဆိုထားသည့် အကြောင်းအရာ တခုခုရရှိနိုင်ရန်အလို့ငှါ မေးမြန်းလိုသည့် ကိစ္စများကိုလည်း မေးမြန်းစုံစမ်းနိုင်သည်။

စာရင်းချုပ်များနှင့် အကြောင်းအရာများကို ထုတ်ပြန် ကြော်ငြာခြင်းနှင့် ပတ်သက်သည့် ကန့်သက်ချက်၊

၇။ ။(၁) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ တင်သွင်းထားသည့် စာရင်းချုပ်တမူကိုငင်း၊ ထိုစာရင်း၏ အစိတ်အပိုင်း ကိုငင်း၊ သီးခြား ဖြစ်သော လုပ်ငန်းတခုခုနှင့် စပ်လျဉ်းသည့် အကြောင်းအရာကိုငင်း၊ အခါကာလအားလျော်စွာ ထိုစာရင်းချုပ်၊ သို့တည်းမဟုတ် အကြောင်းအရာနှင့်ဆိုင်သော လုပ်ငန်းပိုင်ဆိုင်သူကဖြစ်စေ၊ ပိုင်ဆိုင်သူ၏အာဏာရ ကိုယ်စားလှယ်ကဖြစ်စေ၊ သဘောတူကြောင်းစာကို ကြိုတင် မရရှိဘဲ၊ အကြောင်း တခုခုတည်း သီးခြားဖြစ်သော လုပ်ငန်း တခုကို ရည်ညွှန်းသည်ဟု ညွှန်ပြယူဆသိရှိနိုင်ရန် ဖေါ်ပြသည့်နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကြော်ငြာခြင်းမပြုရ။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ရာဇသတ်ကြီး ဥပဒေအရဖြစ်စေ၊ တရားစွဲဆိုရန် ကိစ္စများမှတပါး၊ ဤအက်ဥပဒေအရ စာရင်းစစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ကိုင်သူမဟုတ်သူမည်သူကိုမျှ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် စာရင်းချုပ်၊ သို့တည်းမဟုတ် အကြောင်းအရာတစုံတရာကို ကြည့်ရှုခွင့်မပြုရ။

ပြစ်ဒဏ်။

၇။ ။တဦးတယောက်သောသူအား၊ အကြောင်းအရာတခုခု၊ သို့တည်းမဟုတ် စာရင်းချုပ်တခုခုကို တင်သွင်းရန် ဆင့်ဆိုသောအခါ။ထိုသူက—

(က) ဤအက်ဥပဒေအရ လိုအပ်သည့်အကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်ကိုတင်သွင်းရန် တမင်သက်သ.ကြင်းဆို၊ သို့တည်းမဟုတ် တရားသော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်လျှင်သော်၎င်း၊

(ခ) မမှန်ဟု မိမိသိသောအကြောင်းအရာ၊ သို့တည်းမဟုတ် စာရင်းချုပ်တစုံတရာကို တမင်သက်သက်တင်သွင်း၊ သို့တည်းမဟုတ် တင်သွင်းစေလျှင်သော်၎င်း၊

(ဂ) ဤအက်ဥပဒေအရတင်သွင်းရန် လိုအပ်သည့် အကြောင်းအရာတခုခု ရရှိရန် လိုအပ်သည့် မေးခွန်းတခုခုကို ဖြေဆိုရန်ငြင်းပယ်၊ သို့တည်းမဟုတ် တမင်သက်သက် မမှန်သောအဖြေကို ပေးလျှင်သော်၎င်း

တဦးတယောက်သောသူက၊ ပုဒ်မ ၆ အရ ပေးအပ်ထားသော သက်ဆိုင်ရာမှတ်တမ်းများနှင့်စာချုပ်စာတမ်းများကို ကြည့်ရှုနိုင်သည့်အခွင့်အရေး၊ သို့တည်းမဟုတ် အဆောက်အဦတခုခုသို့ ဝင်ရောက်နိုင်သည့် အခွင့်အရေးကို တားမြစ်ပိတ်ပင်လျှင်သော်၎င်း၊ ထိုသူကို ပြစ်မှုအဆင့်သင့်အတွက် တမှုကို ငါးရာထိ ငွေဒဏ်စီရင်ခြင်း ခံထိုက်စေရမည်။ ထို့ပြင်ဆက်လက်ကျူးလွန်သည့်ပြစ်မှုတစုံတရာဖြစ်သည့် အချက်တွင်၊ ပဌမ ပြစ်မှုကျူးလွန်ပြီးနောက်၊ နောက်ထပ်ဆက်လက်ကျူးလွန်သောပြစ်မှု၏ ကာလ အပိုင်းအခြားအတွက် တနေ့လျှင် နှစ်ရာထိ ငွေဒဏ် စီရင်ခြင်း ခံထိုက်စေရမည်။ ထို့ပြင်မမှန်သော အကြောင်းအရာ၊ မမှန်သော စာရင်းချုပ်များ၊ သို့တည်းဟုတ် မမှန်သောအဖြေများနှင့် စပ်လျဉ်း၍၊ ပြစ်မှုကိုမှန်သောအကြောင်းအရာ၊ သို့တည်းမဟုတ် မှန်သောစာရင်းချုပ်၊ သို့တည်းမဟုတ် မှန်သော အဖြေများကို ရရှိသည်တိုင်အောင် ဆက်လက်ကျူးလွန်နေသည်ဟူ၍ မှတ်ယူရမည်။

အကြောင်း အရာ၊ သို့တည်းမဟုတ် စာရင်းချုပ်များကို နည်းလမ်း တကျ မဟုတ်ဘဲ ပေါက်ကြားအောင် ပြုလုပ်ထုတ်ဖေါ်ပြောဆိုသည့် အတွက် ပြစ်ဒဏ်။

၉။ ။ဤအက်ဥပဒေအရ စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍၊ လုပ်ကိုင်သူတဦး တယောက်က ဤအက်ဥပဒေအရ အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်ကိစ္စများမှတပါး၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖြစ်စေ၊ ရာဇသတ်ကြီးဥပဒေအရဖြစ်စေ၊ ပြစ်မှုတစုံတရာအတွက် တရားစွဲဆိုရန်ကိစ္စများမှတပါး၊ ဤအက်ဥပဒေအရ ပေးသည့်အကြောင်းအရာ တခုခုကိုဖြစ်စေ၊ တင်သွင်းသည့် စာရင်းချုပ်ပါအကြောင်းအရာများကိုဖြစ်စေ၊ အစိုးရက စာရင်းကို ထုတ်ပြန်ကြော်ငြာခြင်းမပြုမီ နည်းလမ်းမကျဘဲ တမင်သက်သက် ပေါက်ကြားအောင် ပြုလုပ်ထုတ်ဖေါ်ပြောဆိုလျှင်၊ ထိုသူသည်ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိငွေဒဏ်ဖြစ်စေ၊ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

ပြစ်မှုများကို အရေးယူခြင်း။

၁၀။ ။စာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်ကဖြစ်စေ၊ထိုအာဏာပိုင်၏အခွင့်အမိန့်နှင့်ဖြစ်စေ၊စွဲဆိုသည်မဟုတ်လျှင်၊ ပုဒ်မ ဂ အရ မည်သည့်တရားစွဲဆိုမှုကိုမျှမပြုမလုပ်ရ။ ထို့ပြင် အစိုးရကဖြစ်စေ အစိုးရ အခွင့်အမိန့်နှင့်ဖြစ်စေ၊စွဲဆိုသည်မဟုတ်လျှင်၊ ပုဒ်မ ၉ အရ၊ မည်သည့်တရားစွဲဆိုမှုကိုမျှ ပြုလုပ်ရ။

နည်းဥပဒေများ ပြုလုပ်ရန် နိုင်ငံတော် သမတ၏ အာဏာ။

၁၁။ ။(၁) နိုင်ငံတော်သမတ ပြုလုပ်မည့်နည်းဥပဒေများကို အမိန့်ကြော်ငြာစာတွင် ကြိုတင်ထုတ်ပြန်ကြော်ငြာရမည်ဆိုသောစည်းကမ်းချက်ကိုမဆန့်ကျင်ဘဲ၊ ဤအက်ဥပဒေပါကိစ္စ များကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများ [၃] ကို ပြုလုပ်နိုင်သည်။

---

[၃] ဤအက်ဥပဒေအရ နည်းဥပဒေများကို၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၄ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၄ တွင် ထုတ်ပြန်ကျေညာသည်။

(၂) အသက်ဆိုခဲ့သည့် အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ပုဒ်မ ၆ အရ၊ အပ်နှင်းထားသော စာချုပ်စာတမ်းများ ကြည့်ရှုနိုင်သည့် အခွင့်အရေးနှင့် အဆောက်အဦသို့ ဝင်ရောက်နိုင်သည့်အခွင့်အရေးကို ဆောင်ရွက်ခြင်းနှင့် စဝ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ရန် နည်းဥပဒေများကို ဤပုဒ်မအရ ပြုလုပ်နိုင်သည်။

အနည်းဆုံးအခကြေးငွေအက်ဥပဒေ။*

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆။] (၁၉၄၉ ခု၊ နိုဝင်ဘာလ ၈ ရက်။)

စီးပွါးရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်း အရပ်ရပ်တို့၌ လုပ်ကိုင်လျက် ရှိကြသော အလုပ်သမားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက် နိုင်လောက်သော အခကြေးငွေကိုငင်း၊ မျှတသင့်တ်သော အလုပ် စည် ကမ်းချက်များကိုငင်း ရရှိစေရန် ရည်ရွယ်၍၊ အဆိုပါ အလုပ်သမားများ၏ အခကြေးငွေနှင့် အလုပ်စည်းကမ်းချက်များအတွက် စည်းမျဉ်းသတ်မှတ်ရန် ပြဋ္ဌာန်းသင့်သည် ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁။

<u>အနည်းဆုံးအခကြေးငွေကောင်စီများ ဖွဲ့စည်းတည်ထောင်ခြင်း။</u>

၁။ ။ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ အက်ဥပဒေဟု ခေါ်တွင် အမည်။ ရမည်။

၂။ ။(၁) ဤအက်ဥပဒေတွင် အကြောင်းအရာ၌ဖြစ်စေ၊ ရှေ့နောက်စကားတို့၌ ဖြစ်စေ၊ အဓိပ္ပါယ်ဖေါ် ဆန့်ကျင် ကဲ့လွဲချက်မပါလျှင်— ပြချက်။

"အလုပ်ရှင်" ဆိုသည့်စကားရပ်တွင်၊ အစိုးရဌာနတခုခုကဖြစ်စေ၊ အစိုးရကိုယ်စားလှယ်က လုပ်ကိုင်ဆောင်ရွက်သည့် စီးပွါးရေး လုပ်ငန်းနှင့် ပတ်သက်လျှင်ငင်း၊ စက်မှုလက်မှု လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းနှင့် ပတ်သက်လျှင်ငင်း၊ ဤကိစ္စအလို့ငှါပြဋ္ဌာန်းထားသောအာဏာပိုင်ကို ဆိုလိုသည်။ အကယ်၍ ထိုသို့အာဏာပိုင်ကို ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဌာနဆိုင်ရာ၊ သို့တည်းမဟုတ် ကိုယ်စားလှယ်ဆိုင်ရာ အကြီးအကဲကိုဆိုလိုသည်။

"အဖွဲ့အစည်း" ဆိုသည့်စကားရပ်တွင်၊ အလုပ်သမားနှင့် ပတ်သက်လျှင်၊ အလုပ်သမား အသင်းအရုံး၊ သို့တည်းမဟုတ် အဖွဲ့ချုပ်အလုပ်ရှင်များနှင့် ပတ်သက်လျှင် အလုပ်ရှင်အဖွဲ့၊ သို့တည်းမဟုတ် အဖွဲ့ချုပ်ပါဝင်သည်။

"အနည်းဆုံးအခကြေးငွေကောင်စီ" နှင့် "စုံစမ်းရေးကော်မရှင်အဖွဲ့" ဆိုသည့် စကားရပ်တို့သည်၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းသည့် အနည်းဆုံး အခကြေးငွေ ကောင်စီနှင့် စုံစမ်းရေး ကော်မရှင်အဖွဲ့တို့ကို ဆိုလိုသည်။

"အလုပ်သမား" ဆိုသောစကားရပ်တွင်၊ အလုပ်ရှင်နှင့် ပဋိညာဉ် ပြုလုပ်ခဲ့သူ၊ သို့တည်းမဟုတ် ပဋိညာဉ်အရ၊ အလုပ် လုပ်ကိုင်နေဆဲဖြစ်သူကို ဆိုလိုသည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၀၇၃ တွင် ထုတ်ပြန်ကြေညာသည်။

ထိုပဋိညာဉ်သည်ကား အလုပ်ကြမ်းအတွက်ဖြစ်စေ၊ စာရေးစာချီအလုပ်အတွက်ဖြစ်စေ၊ အခြားအလုပ်မျိုးအတွက်ဖြစ်စေ ပြုလုပ်သော ပဋိညာဉ်လည်း ဖြစ်နိုင်သည်။ အတည့်အလင်း ဖေါ်ပြ၍သော်၎င်း၊ သဘောသက်ရောက်စေခြင်းအားဖြင့်သော်၎င်း ပြုလုပ်သော ပဋိညာဉ်လည်း ဖြစ်နိုင်သည်။ နှုတ်ဖြင့်သော်၎င်း၊ စာဖြင့်သော်၎င်း ပြုလုပ်သော ပဋိညာဉ်လည်း ဖြစ်နိုင်သည်။ အလုပ်လုပ်ရန်ပဋိညာဉ်၊ သို့တည်းမဟုတ် အလုပ်သင်ရန် ပဋိညာဉ်လည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် အလုပ်တခုခုကိုသော်၎င်း၊ အလုပ်ကြမ်းတခုခုကိုသော်၎င်း မိမိကိုယ်တိုင် လုပ်ကိုင်ရန်ပြုလုပ်သော၊ ပဋိညာဉ်လည်းဖြစ်နိုင်သည်။ သို့ရာတွင် ထို ''အလုပ်သမား'' ဆိုသောစကားရပ်တွင် အောက်ပါအလုပ်သမား မပါဝင်စေရ။

(က) အလုပ်ရှင်၏စီးပွါးရေး လုပ်ငန်းအတွက် မဟုတ်ဘဲ အခြားကိစ္စအတွက် ခေတ္တခဏ ခိုင်းစေခြင်းခံရသူ၊

(ခ) အစိုးရ ဌာနကဖြစ်စေ၊ အစိုးရကိုယ်စားလှယ်က ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သော စီးပွါးရေးလုပ်ငန်း၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၊ သို့တည်းမဟုတ် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းမှတပါး၊ အခြားကိစ္စအတွက် နိုင်ငံတော်အစိုးရက ခိုင်းစေခြင်းခံရသူ၊ ထို့ပြင်

(ဂ) ၁၉၄၈ ခုနှစ်၊ လယ်ယာအလုပ်သမား အနည်းဆုံး အခကြေးငွေ အက်ဥပဒေနှင့် သက်ဆိုင်သော အလုပ်သမား။

''အခကြေးငွေ'' ဆိုသည်မှာ လစာ၊ သို့တည်းမဟုတ် ငွေကြေးအဖြစ်ငြင့် ပေးရမည့် အချိန်စား အလုပ်အဘွက်ဖြစ်စေ၊ ပုတ်ပြတ်အလုပ်အတွက် ဖြစ်စေ၊ အချိန်ပိုအလုပ်အတွက်ဖြစ်စေ၊ အခ၊ သို့တည်းမဟုတ် ရှားပါးစရိတ်နှင့် အခြားစရိတ်များ၊ သို့တည်းမဟုတ် အမြတ်ငွေ ခွဲဝေပေးသည့် သဘောဖြင့်သော်၎င်း၊ အလုပ်ကောင်းသောကြောင့် သော်၎င်း၊ အကျင့်စာရိတ္တ ကောင်းသောကြောင့် သော်၎င်း၊အခြားအကြောင်းကြောင့် သော်၎င်း ပေးသည့် ဆုငွေကိုဆိုလိုသည်။

''လုပ်တွက်ခံစားခွင့်'' ဆိုသောစကားရပ်တွင်၊ အခကြေးငွေများ၊ သို့တည်းမဟုတ် နေခင်းထိုင်ခင်း၊ သို့တည်းမဟုတ် မီး၊ ရေ၊ သို့တည်းမဟုတ် ကျန်းမာရေး၊ သို့တည်းဟုတ် ပင်စင်ရံပုံငွေ သို့ဖြစ်စေ၊ အိုနာစာရံပုံငွေသို့ဖြစ်စေ၊ ထောက်ပံ့မှုအာမခံ စိမ်ကိန်းအရင်းဖြစ်စေ၊ အလုပ်ရှင်က ထည့်သွင်းရသော ဝေပုံကျထောက်ပံ့ကြေး၊ ထို့ပြင် အခြားကျေးဇူး ခံစားခွင့်များပါဝင်သည်။

(၂) ထုတ်ပြန် ကျေညာရမည့်နည်းကို ပြဋ္ဌာန်းရန် ဤအက်ဥပဒေဖြင့် အဝိနှင်းထားသည့် အာဏာတွင်၊ ဤအက်ဥပဒေလိုငြါ ထုတ်ပြန်ညွှောသည့် နေ့ရက်အဖြစ် မှတ်ယူရမည့် နေ့ရက်ကို ပြဋ္ဌာန်းရန် အာဏာလည်း ပါဝင်သည်။

(၃) အနည်းဆုံး အခကြေးငွေ အမိန့်ဖြင့်သတ်မှတ်သည့် (အလုပ်နာရက်အခကြေးငွေလည်း ပါဝင်သော) လုပ်တွက်ခံစားခွင့်ကို၊ ဤအက်ဥပဒေရှိ နောက်အပိုဒ်တို့တွင် ''အက်ဥပဒေဝင်အနည်းဆုံး လုပ်တွက်ခံစားခွင့်'' ဟူ၍ရည်ညွှန်းထားသည်။

အနည်းဆုံး အခကြေးငွေ ကောင်စီဖွဲ့စည်းတည်ထောင်

၃။ ။အလုပ်သမားများ၏ လုပ်တွက်ခံစားခွင့်ကို ထိထိရောက်ရောက် သတ်မှတ်ရန် လုံလောက်သော ယန္တရားမရှိဟူ၍ငြင်း၊ ထို့ပြင်အလုပ်သမားများဖြစ်စေ၊ အလုပ်သမား တဦးဦးဖြစ်စေ၊ ရလျက်ရှိသောလုပ်တွက် ခံစားခွင့်ကို ထောက်ထား၍ အနည်းဆုံး အခကြေးငွေ ကောင်စီ တခုကို ဖွဲ့စည်းတည်ထောင်သင့်သည်ဟု နိုင်ငံတော် သမတက ထင်မြင်ယူဆလျှင်၊ နိုင်ငံတော်

သမတသည် အမိန့်ထုတ်ပြန်ကြေညာလျက်၊ ထိုအခြေခံတွင် ဖေါ်ပြထားသည့် အလုပ်သမားများနှင့် ပတ်သက်၍ဖြစ်စေ၊ အလုပ်ရှင်များနှင့် ပတ်သက်၍ဖြစ်စေ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များတွင် သီးခြားဖေါ်ပြထားသော အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ အနည်းဆုံး အခကြေးငွေ ကောင်စီတခုကို၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဖွဲ့စည်းတည်ထောင်နိုင်သည်။ ရန် နိုင်ငံတော်သမတ၏ အာဏာ။

၄။ ။နိုင်ငံတော်သမတသည်၊ အလုပ်သမားများနှင့် တကွ ထိုအလုပ်သမားများ၏ အလုပ်ရှင်များနှင့် စပ်လျဉ်း၍၊ အနည်းဆုံး အခကြေးငွေကောင်စီ ဖွဲ့စည်းတည်ထောင် သင့်မသင့် ကိစ္စကို စုံစမ်းရေးကော်မရှင်အ သို့ လွှဲအပ်နိုင်သည်။ စုံစမ်းရေးကော်မရှင်အဖွဲ့သို့ လွှဲအပ်ခြင်း။

၅။ ။(၁) နိုင်ငံတော် သမတ သည်၊ အဆိုပါကိစ္စကို စုံစမ်းရေး ကော်မရှင်အဖွဲ့သို့ လွှဲအပ်သည့်အခါ၊ ထိုသို့လွှဲအပ်သည့် ကိစ္စတို့ သာမဟုတ်ဘဲ၊ထိုကိစ္စနှင့်သက်ဆိုင်သည်ဟု ကော်မရှင် အဖွဲ့ကထင်မြင်ယူဆသော အခြားကိစ္စကိုပါ စီစစ်ရန်မှာ ကော်မရှင်အဖွဲ့၏ တာဝန်ဝတ်တရား ဖြစ်ရမည်။ ထို့ပြင် အထက်ဆိုခဲ့သည့် အတိုင်း သီးခြားဖေါ်ပြထားသော အလုပ်သမားများ၏ အခြေအနေ၊ သို့တည်းမဟုတ် အလုပ်သမားအချို့၏ အခြေအနေနှင့် အတူတကွ စဉ်းစားရမည့် အခြေအနေရှိသော အခြားအလုပ်သမား ရှိမရှိကို အထူးသဖြင့် စဉ်းစားရန်မှာလည်း ကော်မရှင်အဖွဲ့၏ တာဝန်ဝတ်တရား ဖြစ်ရမည်။ (ထိုအခြားအလုပ်သမားဟူသည်မှာ လွှဲအပ်သည့် ကိစ္စတွင် သီးခြားဖေါ်ပြထားသော အလုပ်သမားများက ဖြစ်စေ၊ အလုပ်သမားများအနက် တဦးဦးကဖြစ်စေ၊ ဆောင်ရွက်သည့်အလုပ်ကို ပြီးမြောက်အောင် ဖြည့်စွက်သော၊ သို့တည်းမဟုတ် အထောက်အပံ့ဖြစ်စေသော၊ သို့တည်းဟုတ် အလွန်နီးစပ်သော အလုပ်တွင် လုပ်ကိုင်နေသည်ဟု ကော်မရှင် အဖွဲ့က ထင်မြင်ယူဆသော အလုပ်သမား များကိုဆိုလိုသည်။) ထို့ပြင် စုံစမ်းရေးကော်မရှင်အဖွဲ့သို့ လွှဲအပ်သည့် ကိစ္စတွင်ကော်မရှင်အဖွဲ့နှင့် သက်ဆိုင်သော အလုပ်သမားများကို ညွှန်းသည့် ဤအက်ဥပဒေရှိ ဤအပိုင်းပါ ရည်ညွှန်းချက်သည်၊ ထိုသို့ သီးခြားဖေါ်ပြထားသည့် အလုပ်သမားများကိုငင်း၊ အထက်ဆိုခဲ့သည့် အခြားအလုပ်သမားများကိုငင်း ရည်ညွှန်းသည်ဟူ၍ အဓိပ္ပါယ်ကောက်ယူရမည်။ စုံစမ်းရေးကော်မရှင်အဖွဲ့ မှူခင်းကိစ္စများ။

(၂) ကော်မရှင်အဖွဲ့နှင့် သက်ဆိုင်သည့် အလုပ်သမားများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သီးခြားစဉ်းစားရမည့် အခြေအနေရှိသည်ဟု ကော်မရှင်အဖွဲ့က ထင်မြင်ယူဆသည့် အလုပ်သမားများနှင့် စပ်လျဉ်း၍ဖြစ်စေ—

(က) အလုပ်သမားများ အဖွဲ့အစည်းနှင့် အလုပ်ရှင်များ အဖွဲ့အစည်းများ အချင်းချင်း သဘော တူညီချက်ဖြင့် တည်ထောင် ထားသော ယန္တရားသည်၊ လုပ်ငန်း ခံစားခွင့်နှင့် အလုပ်စည်းကမ်းချက်များ သတ်မှတ်ရေး အတွက် လုံလောက်သည် ဟူ၍သော်ငင်း၊ တိုးတက်ကောင်းမွန်အောင် ထိုယန္တရားကို ပြုပြင်ခြင်း အားဖြင့် သင့်လျော်သော အချိန်အတွင်းတွင် လုံလောက် လာစေနိုင်သည်ဟူ၍ သော်ငင်း ကော်မရှင်အဖွဲ့က ထင်မြင်ယူဆလျှင်၊ ထို့ပြင်

(ခ) ထိုယန္တရားသည် ဆက်လက် တည်မြဲမည့် လက္ခဏာမရှိဟူ၍သော်ငင်း၊ ထိုကိစ္စ အလို့ငှါ၊ ထိုယန္တရားသည် လုံလောက်မည့် လက္ခဏာ မရှိဟူ၍သော်ငင်း၊ ကော်မရှင်အဖွဲ့က ထင်မြင်ယူဆရန် အကြောင်းမရှိလျှင်၊ ကော်မရှင်အဖွဲ့သည် မိမိထင်မြင်ယူဆသည့် အတိုင်း နိုင်ငံတော် သမတထံ အစီရင်ခံရမည့်ပြင်၊ အစီရင်ခံစာတွင် ထိုယန္တရားကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့်

ပတ်သက်၍ မိမိတို့ သင့်တော်သည်ဟု ထင်မြင်သည့် အကြံပေးချက်ကိုလည်း ထည့်သွင်းနိုင်သည်။

(၃) အစိုးရဝန်ခံစာတွင် ထိုသို့သောအကြံပေးချက် ပါရှိသောအခါ၊ နိုင်ငံတော်သမတသည်၊ အကြံပေးချက်အရ တိုးတက် ကောင်းမွန်အောင်ပြုပြင်သင့်သည်သာမက၊ ပြုပြင်နိုင်သည်ဟု ထင်မြင်ယူဆလျှင် ပြုပြင်စေရန် စီမံဆောင်ရွက်ရမည်။

(၄) ကော်မရှင်အဖွဲ့နှင့် သက်ဆိုင်သည့် အလုပ်သမားများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သီးခြားစဉ်းစားရမည့် အခြေအနေရှိသည်ဟု ကော်မရှင်အဖွဲ့က ထင်မြင်ယူဆသည့် အလုပ်သမားများနှင့် စပ်လျဉ်း၍ဖြစ်စေ—

(က) ထိုအလုပ်သမားများ၏ လုပ်တွက်ခံစားခွင့်နှင့် အလုပ်စည်းကမ်းချက်များသတ်မှတ်သော ယန္တရားသည်၊ ထိုကိစ္စအလိုငှါ လုံလောက်သည် မဟုတ်ဟူ၍သော်၎င်း၊ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်းအားဖြင့်၊ လုပ်တွက် ခံစားခွင့်နှင့် အလုပ် စည်းကမ်းချက်များ သတ်မှတ်သော ယန္တရားသည်၊ ထိုကိစ္စအလိုငှါ သင့်လျော်သော အချိန်အတွင်း လုံလောက်လာနိုင်မည် မဟုတ်ဟူ၍သော်၎င်း၊ ထိုအလုပ်သမားများ၏ လုပ်တွက်ခံစားခွင့်နှင့် အလုပ်စည်းကမ်းချက်များ သတ်မှတ်သော ယန္တရား မရှိဟူ၍သော်၎င်း၊ သို့တည်းမဟုတ်

(ခ) တည်ထောင်ထားသော ယန္တရားသည်၊ ရပ်စဲမည့်လက္ခဏာ ရှိသည်ဟူ၍သော်၎င်း၊ ထိုကိစ္စအလိုငှါ ထိုယန္တရားသည်၊ လုံလောက်ခြင်းမှ ရပ်စဲမည့်လက္ခဏာ ရှိသည် ဟူ၍သော်၎င်း

ထို့ပြင် အထက်ပါ အကြောင်းတခုခုကြောင့် အလုပ်သမားများသည်၊ မိမိတို့ လုပ်တွက်ခံစားခွင့်ကို ရသင့်သလောက်မရ၊ သို့တည်းမဟုတ် ရသင့်သလောက် ရလိမ့်မည်မဟုတ်ဟူ၍ ကော်မရှင်အဖွဲ့က ထင်မြင်ယူဆလျှင်၊ ကော်မရှင်အဖွဲ့သည်၊ထိုအလုပ်သမားများနှင့် ပတ်သက်၍ဖြစ်စေ၊ အလုပ်ရှင်များနှင့်ပတ်သက်၍ဖြစ်စေ၊ အနည်းဆုံး အခကြေးငွေကောင်စီ ဖွဲ့စည်းရန်အတွက် (၅)အက်ဥပဒေတွင် "အနည်းဆုံးအခကြေးငွေ ကောင်စီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သောထောက်ခံချက်" ဟူ၍ရည်ညွှန်းသော) ထောက်ခံချက်ပါရှိသည့် အစိုးရဝန်ခံစာကို၊ နိုင်ငံတော် သမတထံတင်သွင်းနိုင်သည်။

(၅) နိုင်ငံတော် သမတသည်၊ အနည်းဆုံး အခကြေးငွေ ကောင်စီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သော ထောက်ခံချက်ကို ရရှိသောအခါ၊ ၅)အက်ဥပဒေရှိ ၅)အပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ထောက်ခံချက်ကို မိမိသင့်သည်ဟုထင်မြင်သည့် ပြောင်းလဲပြင်ဆင်ချက်များ ပြုလုပ်၍၊ ထိုပြုလုပ်ထားသည့်အတိုင်း အနည်းဆုံး အခကြေးငွေ ကောင်စီအမိန့်တရပ်ကို ထုတ်ရမည်။ သို့သော် ထောက်ခံချက်တွင် ပါရှိသည့် အခြေခံမူသဘောနှင့် များစွာမဆန့်ကျင်ဟု မိမိထင်မြင်ယူဆသော အချက်ကိုသာလျှင် ပြောင်းလဲပြင်ဆင်နိုင်သည်။

(၆) ၅)ပုဒ်မအလိုငှါ၊ လုပ်တွက်ခံစားခွင့်နှင့် အလုပ်စည်းကမ်းချက်များ သတ်မှတ်သော ယန္တရားသည် လုံလောက်သည် မလုံလောက်သည်ကို သော်၎င်း၊ လုံလောက်မည့် လက္ခဏာရှိသည် မရှိသည်ကိုဂုဏ် စဉ်းစားရာ၌၊ ကော်မရှင်အဖွဲ့သည်၊ ထိုယန္တရားက ဆောင်ရွက်နိုင်သည့် ကိစ္စများကို သာမဟုတ်ဘဲ၊ ထိုကိစ္စများသည် ဆိုခဲ့သည့်သဘောတူညီချက်တွင်၊သို့တည်းမဟုတ် ထိုသဘောတူညီချက်အရ ပြုသောအဆုံးအဖြတ်များတွင် မည်ရွေ့မည်မျှ အကျုံးဝင်သည်ကိုဂုဏ်း၊ ထိုသဘောတူညီချက်၊ သို့တည်းမဟုတ် အဆုံးအဖြတ်နှင့်အညီ ဆိုခဲ့သည့်ကိစ္စမျိုးကို မည်ရွေ့မည်မျှ ဆောင်ရွက်လျက်ရှိသည်၊ သို့တည်းမဟုတ် ဆောင်ရွက်မည့် လက္ခဏာရှိသည်ကိုဂုဏ်း စဉ်းစားရမည်။

၆။ ။(၁) အနည်းဆုံး အခကြေးငွေ ကောင်စီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သော ထောက်ခံချက်ကို လိုက်နာလျက်ဖြစ်စေ၊ ပုဒ်မခွဲ (၃) အရဖြစ်စေ၊ အနည်းဆုံး အခကြေးငွေကောင်စီ အမိန့်တရပ်ကိုမဆို မိမိ နိုင်ငံတော်သမတသည်၊ မိမိအမိန့်ထုတ်ရန် ကြံရွယ်ကြောင်းပါရှိသော နို့တစ်စာကို ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပြန်ကျေညာရမည်။ အမိန့်ကြမ်း၏ မိတ္တူများကို ရရှိနိုင်မည့် နေရာကိုလည်း၊ ထိုအမိန့်ကြမ်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းရမည့် ကာလအပိုင်းအခြားကိုလည်း ထိုနို့တစ်စာတွင် သီးခြားဖေါ်ပြရမည်။ ထိုကာလ အပိုင်းအခြားသည်၊ အမိန့်ထုတ်ပြန်ကျေညာသည့် နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အောက် မနည်းစေရ။ အနည်းဆုံးအခကြေးငွေကောင်စီအမိန့်များ ထုတ်ပြန်ခြင်း။

(၂) ထိုသို့တင်သွင်းသော ကန့်ကွက်လွှာ အသီးသီးတွင်—

(က) ကန့်ကွက်ချက်နှင့် ပတ်သက်၍ အကြောင်းပြချက်များကို သေချာစွာဖေါ်ပြရမည့်ပြင်၊

(ခ) ချန်လှပ်စေလိုသည့် အချက်များ၊ ဖြည့်စွက်စေလိုသည့် ဒအချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲပြင်ဆင်စေလိုသည့် အချက်များကိုလည်း ဖေါ်ပြရမည်။

နိုင်ငံတော် သမတသည်၊ နစ်နာခံရသည်ဟု မိမိထင်မြင်သောသူက ဖြစ်စေ၊ ထိုသူ့အတွက် ဖြစ်စေ နို့တစ်စာတွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်း တင်သွင်းသော ကန့်ကွက်လွှာကို စဉ်းစားရမည်။ သို့သော် အခြားကန့်ကွက်လွှာကို စဉ်းစားရန် နိုင်ငံတော်သမတ၌ တာဝန်မရှိစေရ။

(၃) တဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲအရ နိုင်ငံတော်သမတက စဉ်းစားရန် လိုအပ်သည့် ကန့်ကွက်လွှာများ မရှိလျှင်သော်ငင်း၊ အကယ်၍ ကန့်ကွက်လွှာများရှိလျှင် ထိုကန့်ကွက်လွှာအားလုံးကို စဉ်းစားပြီးသည့်နောက်—

(က) အနည်းဆုံးအခကြေးငွေ ကောင်စီဖွဲ့စည်း ခြင်းနှင့် ပတ်သက်သည့် ထောက်ခံချက်နှင့်အညီ ထုတ်ပြန်မည့် အမိန့်ဖြစ်လျှင်၊ ထောက်ခံချက် တင်သွင်းသည့် စုံစမ်းရေးကော်မရှင်အဖွဲ့သို့၊ ထိုကန့်ကွက်လွှာပါ အချက်အားလုံးကို တင်သွင်းပြီး ဖြစ်သည့်ပြင်၊ ထောက်ခံချက်ပါရှိသည့် အစီရင်ခံစာတွင် ထိုကန့်ကွက်လွှာပါအချက်အားလုံးကို အတည့်အလင်း စဉ်းစားဝေဘန်ထားသည်ဟု၊ သို့တည်းမဟုတ်

(ခ) မည်သို့ဖြစ်စေကာမူ၊ နိုင်ငံတော်သမတက၊ အမိန့်ကြမ်းတွင် ဤပုဒ်မခွဲအရ ပြုလုပ်ရန်ကြံရွယ်သည့် ပြောင်းလဲ ပြင်ဆင်ချက်များကို ထောက်ထားခြင်းဖြင့် ကန့်ကွက်ရန် အကြောင်းမရှိတော့ချေဟု၊ သို့တည်းမဟုတ် ထိုကန့်ကွက်လွှာများတွင် အရေးယူလောက်သော အကြောင်းပြချက်များ မပါရှိဟု၊ နိုင်ငံတော်သမတက ထင်မြင်သဘော ရရှိလျှင်သော်ငင်း

နိုင်ငံတော်သမတသည်၊ အမိန့်ကြမ်းအတိုင်းဖြစ်စေ၊ မိမိသင့်တော်သည်ဟု ထင်မြင်သော ပြောင်းလဲ ပြင်ဆင်ချက် ပြုလုပ်၍ဖြစ်စေ အမိန့်ထုတ်ပြန်နိုင်သည်။

(၄) နိုင်ငံတော်သမတသည်၊ အနည်းဆုံးအခကြေးငွေ ကောင်စီအမိန့်ကို ထုတ်လျှင်၊ အမိန့်နှင့်ပတ်သက်၍ စုံစမ်းရေးကော်မရှင်အဖွဲ့၏ အစီရင်ခံစာနှင့်အတူ အမိန့်ကို ပြဋ္ဌာန်းထားသည့် အတိုင်းထုတ်ပြန်ကျေညာရမည်။ ထိုအမိန့်သည်၊ ထိုကဲ့သို့ထုတ်ပြန်ကျေညာသည့် နေ့ရက်၌ဖြစ်စေ၊ ထိုနေ့ရက်ထက် နောက်ကျသောနေ့ရက်ကို အမိန့်တွင် သီးခြားဖေါ်ပြထားလျှင်၊ ထိုသီးခြားဖေါ်ပြထားသည့် နေ့ရက်၌ဖြစ်စေ အာဏာတည်ရမည်။

အနည်းဆုံးအခကြေးငွေကောင်စီအမိန့်ကို ပြောင်းလဲခြင်းနှင့်ရုပ်သိမ်းခြင်း။

၇။ ။(၁) မည်သည့်အချိန်ဌာနမဆို အမိန့်ထုတ်ပြန်၍ နိုင်ငံတော်သမတသည်၊ အနည်းဆုံးအခကြေးငွေကောင်စီကို ဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ထိုကောင်စီ၏ တာဝန်ဆောင်ရွက်ရာလုပ်ငန်းနယ်ကို ပြောင်လဲနိုင်သည်။ တဆက်တည်းဖြစ်သော အထက်ပုဒ်မရှိ ပြဋ္ဌာန်းချက်များသည်၊ အနည်းဆုံး အခကြေးငွေ ကောင်စီအမိန့်နှင့် သက်ဆိုင်သကဲ့သို့ ၎အမိန့်နှင့်လည်း သက်ဆိုင်စေရမည်။

ခြွင်းချက်။ ။သို့ရာတွင် အနည်းဆုံးအခကြေးငွေ ကောင်စီတခုအား အလုပ်သမားများနှင့် စပ်လျဉ်း၍ တာဝန်ဆောင်ရွက်ခြင်းမှ ရပ်စဲစေလျက်၊ အခြားအနည်းဆုံး အခကြေးငွေ ကောင်စီတခုအား ထိုအလုပ်သမားများနှင့် စပ်လျဉ်း၍ တာဝန်ဆောင်ရွက်စေရန် အမိန့်ဖြင့် ဆင့်ဆိုသောအခါ၊ ထိုအမိန့်သည် ၎ပြဆိုထားသည့်အတိုင်း ကောင်စီ ပြောင်းစေခြင်းမှတပါး၊ ကောင်စီ၏ တာဝန်ဆောင်ရွက်ရာ လုပ်ငန်းနယ်ကို မထိခိုက်လျှင်—

(က) တဆက်တည်းဖြစ်သော အထက်ပုဒ်မရှိ ပြဋ္ဌာန်းချက်များသည် ၎အမိန့်နှင့် မသက်ဆိုင်စေရ၊ သို့သော်

(ခ) ၎အမိန့်ကို မထုတ်မီ နိုင်ငံတော်သမတသည်၊ ဆိုင်ရာကောင်စီများနှင့် တိုင်ပင်ရမည်၊ ထို့ပြင်

(ဂ) ၎အမိန့်ကို ထုတ်သောအခါ နိုင်ငံတော် သမတသည်၊ ပြဋ္ဌာန်းထားသည့် အတိုင်း ကျေညာရမည်။ ၎အမိန့်သည် ထိုကဲ့သို့ကျေညာသည့် နေ့ရက်၌ဖြစ်စေ၊ ထိုနေ့ရက်ထက် နောက်ကျသောနေ့ရက်ကို အမိန့်တွင် သီးခြားဖော်ပြထားလျှင်၊ ထိုသီးခြားဖော်ပြထားသည့် နေ့ရက်၌ဖြစ်စေ အာဏာတည်ရမည်။

(၂) အနည်းဆုံး အခကြေးငွေ ကောင်စီတခုအား အလုပ်သမားများနှင့် စပ်လျဉ်း၍ တာဝန် ဆောင်ရွက်ခြင်းမှ ရပ်စဲစေလျက်၊ အခြားအနည်းဆုံး အခကြေးငွေ ကောင်စီတခုအား၊ ထိုအလုပ်သမားများနှင့် စပ်လျဉ်း၍ တာဝန်ဆောင်ရွက်စေရန် နိုင်ငံတော် သမတက အမိန့်ဖြင့် ဆင့်ဆိုသောအခါ၊ ပဌမဖော်ပြထားသည့် ကောင်စီကပြုပြီးသည့် ကိစ္စများသည်၊ သို့တည်းမဟုတ် ထိုကောင်စီ၏ အကြံပေးချက်အတိုင်း ပြုပြီးသည့် ကိစ္စများသည်၊ ဒုတိယဖော်ပြထားသည့် ကောင်စီကပြုပြီးသည့် ကိစ္စများဖြစ်ဘိသကဲ့သို့၊ သို့တည်းမဟုတ် ထိုကောင်စီ၏ အကြံပေးချက်အတိုင်း ပြုပြီးသည့်ကိစ္စများဖြစ်ဘိသကဲ့သို့၊ ထိုအလုပ်သမားများနှင့် ပတ်သက်၍ အကျိုးသက်ရောက် စေရမည်ဟု ၎အမိန့်တွင် ပြဋ္ဌာန်းနိုင်သည်။ ထို့ပြင် အကူးအပြောင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတက လိုအပ်သည်ဟု ထင်မြင်သော ပြဋ္ဌာန်းချက်ကိုလည်း ၎အမိန့်တွင်ပြဋ္ဌာန်းနိုင်သည်။

(၃) အနည်းဆုံး အခကြေးငွေကောင်စီကို ဖျက်သိမ်းရမည်ဟု နိုင်ငံတော်သမတက အမိန့်ဖြင့်ဆင့်ဆိုသောအခါ၊ ၎အမိန့်တွင် အခြားပြဋ္ဌာန်းချက် မပါရှိလျှင်၊ ထိုကောင်စီက ပြုပြီးသည့်ကိစ္စများသည်၎င်း၊ ထိုကောင်စီ၏ အကြံပေးချက်အတိုင်း ပြုပြီးသည့် ကိစ္စများသည်၎င်း၊ အကျိုးသက်ရောက်ခြင်းမှ ရပ်စဲရမည်။ အလုပ်သမားများနှင့် စပ်လျဉ်း၍ ထိုကောင်စီ၏ တာဝန်ဆောင်ရွက်ခြင်းကို ရပ်စဲရမည်ဟု အမိန့်ဖြင့် ဆင့်ဆိုသောအခါ၊ ၎အမိန့်တွင် အခြားပြဋ္ဌာန်းချက် မပါရှိလျှင်၊ ထိုကောင်စီက ပြုပြီးသောကိစ္စများသည်၎င်း၊ ထိုကောင်စီ၏ အကြံပေးချက်အတိုင်း ပြုပြီးသည့် ကိစ္စများသည်၎င်း၊ ထိုကောင်စီ၏ တာဝန်ဆောင်ရွက်မှု ရပ်စဲခြင်းနှင့် စပ်လျဉ်းသော အလုပ်သမားများအတွက်၊ အကျိုးသက်ရောက်ခြင်းမှ ရပ်စဲရမည်။ သို့ရာတွင် ထိုကောင်စီ၏ အကြံပေးချက်အရ၊ ယခင်က ပြုပြီးသည့်ကိစ္စများနှင့် ထိုကဲ့သို့သော ယခင်က ပျက်ကွက်မှုပြုပြီးသည့် ကိစ္စများမှာမူကား အတည်ဖြစ်မြဲ ဖြစ်စေရမည်။

အနည်းဆုံးအခကြေးငွေကောင်စီနှင့် စပ်လျဉ်း သည့် အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ။

၈။ ။(၁) ဤအက်ဥပဒေရှိ ပဋမဇယားပါ ပြဋ္ဌာန်းချက်များသည်၊ အနည်းဆုံး အခကြေးငွေကောင်စီ ဖွဲ့စည်းပုံ၊ ထိုကောင်စီ၏ အရာရှိများနှင့် ထိုကောင်စီ၏ ဆောင်ရွက်မှုများနှင့် သက်ဆိုင်စေရမည်။

(၂) အလုပ်သမားများ၊ အလုပ်ရှင်များနှင့် စပ်လျဉ်း၍ အနည်းဆုံး အခကြေးငွေကောင်စီက တာဝန်ဆောင်ရွက်ရာ၌ ထိုကောင်စီသည်၊ မိမိထံ နှိုင်ငံတော်သမတက၊ ထိုအလုပ်သမားများ၊ အလုပ်ရှင်များနှင့် သက်ဆိုင်သည့် လက်ရှိအလုပ်အကိုင် အခြေအနေများနှင့် စပ်လျဉ်း၍ လွှဲအပ်လိုက်သည့် ကိစ္စကို၊ အခါကာလအားလျော်စွာ စဉ်းစားပြီးလျှင်၊ ထိုကိစ္စနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို နှိုင်ငံတော်သမတထံ တင်သွင်းရမည်။ ထို့ပြင် အနည်းဆုံးအခကြေးငွေ ကောင်စီသည်၊ ဆိုခဲ့သည့် အခြေအနေများနှင့် ပတ်သက်၍၊ နိုင်ငံတော်သမတထံ ထောက်ခံချက် တင်သွင်းရန် သင့်သည်ဟု ထင်မြင်လျှင်၊ မိမိတို့ အလိုအလျောက် ထောက်ခံချက်ကို နိုင်ငံတော် သမတထံ တင်သွင်းနိုင်သည်။ ထိုသို့တင်သွင်းလျှင်၊ နိုင်ငံတော်သမတသည် ထိုထောက်ခံချက်ကို ချက်ခြင်း စဉ်းစားရမည်။

စုံစမ်းရေးကော်မရှင် အဖွဲ့နှင့် စပ်လျဉ်း သည့် အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ။

၉။ ။(၁) ဤအက်ဥပဒေရှိ ဒုတိယ ဇယားပါ ပြဋ္ဌာန်းချက်များသည် စုံစမ်းရေးကော်မရှင်အဖွဲ့ ဖွဲ့စည်းပုံကို အဖွဲ့၏အရာရှိများနှင့် ထိုအဖွဲ့၏ဆောင်ရွက်မှုများနှင့် သက်ဆိုင်စေရမည်။

(၂) ပြဿနာတခုခု၊ သို့တည်းဟုတ် အခြားကိစ္စ တခုခုကို စုံစမ်းရေး ကော်မရှင်အဖွဲ့သို့၊ ဤအက်ဥပဒေ၏ ဤအပိုင်းအရ လွှဲအပ်လျှင် ကော်မရှင်အဖွဲ့သည်၊ လိုအပ်သည်ဟု ထင်မြင်သည့် အတိုင်း စုံစမ်းစစ်ဆေးပြီးလျှင်၊ မိမိတို့အား လွှဲအပ်ထားသည့် အလျောက်စီစစ်ရန် တာဝန်ရှိသည့် ပြဿနာများကို ဖေါ်ပြသည့် နှိုတစ်စာ တစောင်ကို ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပြန်ကျေညာရမည်။ ထို့ပြင် နှိုတစ်စာတွင် ဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်း၊ ထိုပြဿနာများနှင့် ပတ်သက်၍ ပြောလိုချက် စာလွှာများကို စဉ်းစားလိမ့်မည်ဟု နှိုတစ်စာတွင် ဖေါ်ပြပါရှိရမည်။ နှိုတစ်စာတွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားသည်၊ နှိုတစ်စာကို ထုတ်ပြန်ကျေညာသည့် နေ့ရက်မှရက်ပေါင်း ဆယ့်ငါးရက်အောက် မနည်းစေရ။ ကော်မရှင်အဖွဲ့သည် ထိုကာလအပိုင်းအခြားအတွင်း မိမိတို့ထံတင်သွင်းသည့် စာလွှာများကို စဉ်းစားရမည်ပြင်၊ နောက်ထပ် စုံစမ်းရန် လိုအပ်သည်ဟု ထင်မြင်လျှင် စုံစမ်းရမည်။ ထိုသို့စုံစမ်းရာ၌၊ နှုတ်သက်သေခံကို ကြားနာရန် လိုအပ်သည်ဟု ထင်မြင်လျှင် ကြားနာရမည်။

အပိုင်း ၂။

အနည်းဆုံးအခကြေးငွေအမိန့်များ။

လုပ်တွက်ခံစားခွင့်နှင့် အလုပ်နာရီများကို သတ်မှတ်ရန် အာဏာ။

၁၀။ ။(၁) ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ထိုပြဋ္ဌာန်းချက်များနှင့် အညီ၊ အနည်းဆုံး အခကြေးငွေကောင်စီ၌ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍၊ နိုင်ငံတော် သမတထံ (ဤအက်ဥပဒေတွင် '' အနည်းဆုံး အခကြေးငွေ အကြံပေးချက် '' ဟုရည်ညွှန်းသော) အကြံပေးချက် တင်သွင်းနိုင်သည့် အာဏာရှိရမည်။

(က) ကောင်စီ၏ တာဝန်ဆောင်ရွက်မှုနှင့် သက်ဆိုင်သော အလုပ်သမား အားလုံး ကိုသော်၎င်း၊ တဦးတယောက်ကိုသော်၎င်း၊ အလုပ်အရပ်ရပ် အတွက်ဖြစ်စေ၊ အလုပ်တခုခုအတွက်ဖြစ်စေ ထိုသူတို့၏ အလုပ်ရှင်များက ပေးရမည့်လုပ်တွက် ခံစားခွင့်ကိုသတ်မှတ်ခြင်း။

(ခ) ဆိုခဲ့သည့် အလုပ်သမားအားလုံးကိုဖြစ်စေ၊ တဦးတယောက်ကိုဖြစ်စေ၊ အလုပ်ရှင်က အလုပ်နားရက်ပေးရမည်ဟုသတ်မှတ်ခြင်း။

လုပ်တွက်ခံစားခွင့် သတ်မှတ်ရန်အတွက် အကြံပေးချက် တင်သွင်းနိုင်သည့် အာဏာတွင်၊ အလုပ်နားရက် အခကြေးငွေသတ်မှတ်ရန် အကြံပေးချက်တင်သွင်းနိုင်သည့် အာဏာလည်းပါဝင်ရမည်။

(၂) အလုပ်သမားတယောက်အား၊ အလုပ်နားရက်ပေးရမည်ဟု သတ်မှတ်ရန်အနည်းဆုံးအခကြေးငွေအကြံပေးချက်တွင်—

(က) ထိုအလုပ်သမားအား ပေးရမည့် အလုပ်နားရက် ကာလ အပိုင်း အခြားနှင့် စပ်လျဉ်း၍၊ အလုပ်နားရက် အခကြေးငွေကို သတ်မှတ်ရမည်။

(ခ) အလုပ်နားရက်ပေးရမည့် အလုပ်ရှင်က အလုပ်သမားအားခိုင်းစေသည့် ကာလ အပိုင်းအခြားကို ထောက်ထားလျက် အလုပ်နားရက် ကာလအပိုင်းအခြားကို ပြဋ္ဌာန်းရမည်။

(ဂ) အလုပ်နားရက်ပေးရမည့် အချိန်အခါ၊ သို့တည်းမဟုတ် အကြောင်းကိစ္စနှင့် ကာလအပိုင်းအခြားကို ပြဋ္ဌာန်းရမည်။

(ဃ) အလုပ်နားရက် အခကြေးငွေထိုက်သင့်ရမည့်၊ ထို့ပြင် ပေးရမည့်အချိန် အခါနှင့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

(င) အလုပ်သမားသည်၊ မိမိအားခိုင်းစေသော အလုပ်ရှင်ထံမှ အလုပ်နားရက် ရထိုက်ခွင့်မရှိသေးမီ၊ အလုပ်ရှင်ကခိုင်းစေခြင်းကိုရပ်စဲလျှင်၊ ယင်းသို့ရပ်စဲစေကာမူ၊ ထိုအလုပ်သမားကို အလုပ်ရှင် ခိုင်းစေသည့် ကာလအပိုင်းအခြားအတွင်း၊ ထိုအလုပ်သမားရထိုက်ပြီးဖြစ်သည့် အဆိုပါအလုပ်နားရက် အခကြေးငွေကို အလုပ်ရှင်ကအလုပ်သမားအား ပေးရမည်ဟုပြဋ္ဌာန်းရမည်။

(၃) အနည်းဆုံးအခကြေးငွေကောင်စီက၊ နိုင်ငံတော်သမတထံ အနည်းဆုံးအခကြေးငွေအကြံပေးချက်ကို မတင်သွင်းမီ၊ မိမိတို့သင့်သည်ထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးပြီးလျှင် အကြံပေးချက်များပါရှိသည့် နှီတစ်စာကို ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပြန်ကျေညာရမည်။ ထိုနှီတစ်စာတွင် အကြံပေးချက်များ၏မိတ္တူများ ရရှိနိုင်မည့်နေရာကိုဎင်း၊ ထိုအကြံပေးချက်များနှင့်ပတ်သက်၍ ကောင်စီသို့ ပြောလိုချက်စာလွှာများ တင်သွင်းရမည့် ကာလအပိုင်းအခြားကိုဎင်း ဖေါ်ပြရမည်။ ထို့ပြင်ကောင်စီသည်၊ မိမိတို့ထံ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း တင်သွင်းသော ထိုစာလွှာများကို စဉ်းစားရမည့်ပြင်၊ နောက်ထပ်စုံစမ်းရန် လိုအပ်သည်ဟု ထင်မြင်လျှင်လည်း စုံစမ်းရမည်။ ထို့ပြင်ကောင်စီသည် အကြံပေးချက်များကို မပြင်ဆင်ဘဲဖြစ်စေ၊ ထိုစာလွှာများကို ထောက်ထားလျက် မိမိတို့သင့်သည် ထင်မြင်သည့်အတိုင်း ပြင်ဆင်၍ဖြစ်စေ၊ နိုင်ငံတော်သမတထံ တင်သွင်းနိုင်သည်။

(၄) နိုင်ငံတော်သမတသည်၊ အနည်းဆုံးအခကြေးငွေ အကြံပေးချက်ကို ရရှိလျှင်—

(က) (၅)အက်ဥပဒေတွင် ''အနည်းဆုံးအခကြေးငွေအမိန့်'' ဟု ရည်ညွှန်းသော) အမိန့်တရပ်ထုတ်ကာ၊ ထိုအမိန့်၌သီခြားဖေါ်ပြသော နေ့ရက်မှအစပြု၍၊ အဆိုပါအကြံပေးချက်ကို အတည်ပြုရမည်။ သို့တည်းမဟုတ်

(ခ) နိုင်ငံတော်သမတသည်၊ မိမိကသင့်သည်ထင်မြင်လျှင်၊ အဆိုပါအကြံပေးချက်ကို ကောင်စီသို့ပြန်ပို့နိုင်သည်၊ ထိုသို့ပြန်ပို့သောအခါ ကောင်စီသည်၊ နိုင်ငံတော်သမတ၏ ထင်မြင်ယူဆချက်ကို အထောက်အထားပြုကာ အဆိုပါ အကြံပေးချက်ကို ပြန်လည်စဉ်းစားပြီးလျှင်၊ နိုင်ငံတော်သမတ၏ ထင်မြင်ယူဆချက်

ကိုပင် အထောက်အထားပြုကာ၊ မိမိတို့ကသင့်သည် ထင်မြင်သည့်အတိုင်း ပြင်ဆင်ချက်မပါဘဲဖြစ်စေ၊ ပြင်ဆင်ချက်နှင့်ဖြစ်စေ အဆိုပါအကြံပေးချက်ကို နိုင်ငံတော်သမတထံ ပြန်လည်တင်သွင်းရမည်။ ထိုအခါနိုင်ငံတော်သမတသည်၊ အဆိုပါ အကြံပေးချက်အတိုင်းဖြစ်စေ၊ နိုင်ငံတော်အကျိုးကို ထောက်ထားငဲ့ညှာလျက်၊ မိမိကပြုသည့် ပြင်ဆင်ချက်များပါသော အကြံပေးချက်အတိုင်းဖြစ်စေ အနည်းဆုံးအခကြေးငွေအမိန့်တရပ်ကို အဆိုပါအမိန့်၌ သီးခြားဖေါ်ပြထားသော နေ့ရက်မှအစပြုလျက် အတည်ပြုရမည်။

ထိုသို့သီးခြားဖေါ်ပြထားသော နေ့ရက်သည်၊ အမိန့်ထုတ်သောနေ့ရက်ထက်နောက်ကျသော နေ့ရက်ဖြစ်ရမည်။ ထိုသို့သီးခြားဖေါ်ပြထားသောနေ့ရက်သည်၊ အလုပ်သမားတဦးဦးနှင့်ပတ်သက်၍ အခပေးရမည့် ကာလအပိုင်းအခြား၏ အစဖြစ်သော နေ့ရက်နှင့်မညီလျှင်၊ အမိန့်သည် ထိုအလုပ်သမားနှင့်ပတ်သက်၍ အမိန့်တွင်သီးခြားဖေါ်ပြထားသောနေ့ရက် နောက်လာမည့်အခပေးရမည့် ကာလအပိုင်းအခြား၏ အစနေ့ရက်မှစ၍ အတည်ဖြစ်ရမည်။

(၅) အများသိစေရန်အလို့ငှါ ပြဋ္ဌာန်းထားသည့်နည်းလမ်းနှင့် ညီညွတ်နိုင်သမျှညီညွတ်စွာ ကောင်စီသည်၊ နိုင်ငံတော် သမတက ထိုသို့အမိန့်ထုတ်ပြန်ကြောင်းနှင့် အမိန့်တွင် ပါရှိသော အကြောင်းအရာများ ကို သက်ဆိုင်သူအားလုံးသို့ အကြောင်းကြားရမည်။

(၆) အနည်းဆုံးအခကြေးငွေ အမိန့်တွင် ကိစ္စအသီးသီးအတွက် ပြဋ္ဌာန်းချက် အသီးသီး ခွဲခြားပြဋ္ဌာန်းနိုင်သည့်ပြင်၊ ယခင်ကထုတ်ထားသော အနည်းဆုံးအခကြေးငွေအမိန့်ကို ပြင်ဆင်ရန်၊ သို့တည်းမဟုတ် ရုပ်သိမ်းရန် ပြဋ္ဌာန်းချက်လည်းပြဋ္ဌာန်းနိုင်သည်။

(၇) အနည်းဆုံးအခကြေးငွေအမိန့်သည် ဤအက်ဥပဒေကဖြစ်စေ၊ အခြားအက်ဥပဒေအရ ဖြစ်စေ အလုပ်သမားတဦးဦးအား ပေးထားသည့်လုပ်တွက် ခံစားခွင့်နှင့်၊ သို့တည်းမဟုတ် ထိုသို့ပေးထားသည့် အလုပ်နားရက်များနှင့် စပ်လျဉ်းသော အခွင့်အရေးများကို မထိခိုက်စေရ။

၁၁။ ။(၁) အနည်းဆုံးအခကြေးငွေအမိန့်နှင့်ပတ်သက်သော အလုပ်သမားက မိမိ၏ အလုပ်ရှင်နှင့်ပြုသည့် ပဋိညာဉ်တွင် အက်ဥပဒေဝင်အနည်းဆုံးလုပ်တွက်ခံစားခွင့်အောက်နည်းသော လုပ်တွက်ခံစားခွင့်ကို ပေးရန်သတ်မှတ်လျှင်၊ ထိုပဋိညာဉ်တွင် သတ်မှတ်ထားသည့် လုပ်တွက်ခံစားခွင့်အစား၊ အက်ဥပဒေဝင်အနည်းဆုံး လုပ်တွက်ခံစားခွင့်သာလျှင် အတည်ဖြစ်စေရမည်။ ထို့ပြင် ပဋိညာဉ်တွင် အလုပ်နားရက် အခကြေးငွေပေးရန်အတွက် သတ်မှတ်ထားသော အချိန်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များသည်၊ အမိန့်တွင်သီးခြားဖေါ်ပြထားသည့်အချိန်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များနှင့်ကွဲလွဲလျှင်၊ ပဋိညာဉ်တွင်သတ်မှတ်ထားသောအချိန်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များအစား၊ အမိန့်တွင်ဖေါ်ပြထားသည့် အချိန်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များသာလျှင် အတည်ဖြစ်စေရမည်။ အနည်းဆုံးအခကြေးငွေအမိန့်များသက်ဆိုင်စေခြင်းနှင့်အတည်ဖြစ်စေခြင်း။

(၂) အလုပ်ရှင်သည်၊ အနည်းဆုံးအခကြေးငွေအမိန့်နှင့် သက်ဆိုင်သောအလုပ်သမားအား၊ အက်ဥပဒေဝင် အနည်းဆုံးလုပ်တွက် ခံစားခွင့်အောက်မနည်းသော လုပ်တွက်ခံစားခွင့်ကို ပေးရန် ပျက်ကွက်လျှင်၊သို့တည်းမဟုတ် အမိန့်တွင်သီးခြားဖေါ်ပြထားသည့်အချိန်များ၌၊ အမိန့်တွင် သီးခြားဖေါ်ပြထားသော စည်းကမ်းချက်များအရ၊ ထိုကဲ့သို့သောအလုပ်သမားအားအလုပ်နားရက် လုပ်တွက်ခံစားခွင့်ကိုပေးရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုကဲ့သို့သောအလုပ်သမားအား၊ အမိန့်တွင်သတ်မှတ်ထားသည့် အလုပ်နားရက်များကို ပေးရန်ပျက်ကွက်လျှင် ထိုအလုပ်ရှင်သည် (ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောအခါ) ပြစ်မှုအသီးသီးအတွက် ငွေနှစ်ရာငါးဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင်အလုပ်ရှင်သည်၊ သို့တည်းမဟုတ်ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ပျက်ကွက်

မှုကြောင့်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူအဖြစ် စွပ်စွဲခံရသော အခြားသူသည်၊ အက်ဥပဒေဝင်အနည်းဆုံး လုပ်တွက်ခံစားခွင့်အောက် မနည်းသော လုပ်တွက်ခံစားခွင့်ကိုပေးရန် ပျက်ကွက်သည့်အတွက် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်ဟု စီရင်ခြင်းခံရလျှင်၊ တရားရုံးက၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုအလုပ်သမားအားပေးထိုက်သည့် အခကြေးငွေပေါင်းမှ ထိုအလုပ်သမားအား အမှန်စင်စစ်ပေးပြီးသည့် အခကြေးငွေပေါင်းကိုနုတ်၍၊ ကျန်သောငွေပေါင်းကို အခကြေးငွေအဖြစ် ထိုအလုပ်သမားအား၊ ဖြည့်စွက်ပေးရမည်ဟု အလုပ်ရှင်အပေါ်တွင် အမိန့်ချမှတ်နိုင်သည်။

(၃) အက်ဥပဒေဝင်အနည်းဆုံး လုပ်တွက်ခံစားခွင့်အောက်မနည်းသော လုပ်တွက်ခံစားခွင့်ကိုပေးရန် ပျက်ကွက်သည့်ပြစ်မှုနှင့်ပတ်သက်၍ တဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲအရ တရားစွဲဆိုသည့်အခါ၊ ဤသို့တရားစွဲဆိုရန် ကြိုးပမ်းကြောင်း နှိုတစ်စာကို သမ္မာန်စာနှင့်၊ သို့တည်းမဟုတ် ဝါရင်းစာနှင့်၊ သို့တည်းမဟုတ် တိုင်တန်းချက်နှင့်အတူ ပေးအပ်ပြီးဖြစ်လျှင်—

(က) အလုပ်ရှင်သည်၊ သို့တည်းမဟုတ် ငွေလုပ်မှုကြောင့်ဖြစ်စေ၊ ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူအဖြစ် စွပ်စွဲခံရသော အခြားသူသည်၊ ပြစ်မှုကျူးလွန်သည်ဟု စီရင်ခြင်းခံရသောအခါ၊ ပြစ်မှုကျူးလွန်သည့်နေ့မှ အထက်အခြားမဲ့သော နှစ်နှစ်အတွင်းဘွင် အလားတူဆန့်ကျင်မှုမျိုးကို အလုပ်ရှင်ကျူးလွန်ခဲ့ကြောင်း သက်သေပြနိုင်ခွင့်ရှိသည်။ ထို့ပြင်

(ခ) ပျက်ကွက်ကြောင်း ထင်ရှားသောအခါ၊ တရားရုံးက ဤအက်ဥပဒေရှိ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုကာလအပိုင်းအခြားအတွင်းတွင် ထိုအလုပ်သမားအား၊ ပေးထိုက်သည့် အခကြေးငွေပေါင်းမှ၊ ထိုအလုပ်သမားအား အမှန်စင်စစ်ပေးပြီးဖြစ်သည့် အခကြေးငွေပေါင်းကိုနုတ်၍၊ ကျန်ငွေပေါင်းကို လုပ်တွက်ခံစားခွင့် အဖြစ်ဖြင့် ထိုအလုပ်သမားအား ဖြည့်စွက်ပေးရမည်ဟု အလုပ်ရှင်အပေါ်တွင် အမိန့်ချမှတ်နိုင်သည်။

(၄) အလုပ်သမားသို့ ပေးရန်ရှိသော အခကြေးငွေကို၊ အလုပ်ရှင်ထံမှရယူရန် ဤပုဒ်မက ပေးအပ်သော အာဏာများသည်၊ ထိုအခကြေးငွေများကို တရားမကြောင်းစွဲဆို၍ တောင်းယူနိုင်သည့်အခွင့်အရေးကို မထိခိုက်စေရ။

ချိန့်သူများနှင့် မစွမ်းမသန် သူများအား ထုတ်ပေးသော ခွင့်ပြုလက်မှတ်များ။

၁၂။ ။(၁) အလုပ်တခုတွင် ခိုင်းစေခြင်းခံရသဖြင့် အနည်းဆုံး အခကြေးငွေ အမိန့်နှင့် သက်ဆိုင်သည့်၊ သို့တည်းမဟုတ် အလုပ်တခုတွင် ခိုင်းစေခြင်းခံလိုသဖြင့် အနည်းဆုံး အခကြေးငွေအမိန့်နှင့်သက်ဆိုင်မည့် အလုပ်သမားနှင့်ပတ်သက်၍၊ အလုပ်သမားကသော်၎င်း၊ အလုပ်ရှင်ကသော်၎င်း၊ အလုပ်ရှင်ဖြစ်မည့်သူကသော်၎င်း၊ ဤပုဒ်မအရ ခွင့်ပြုလက်မှတ်တခုကိုရလိုကြောင်း အနည်းဆုံးအခကြေးငွေကောင်စီထံ လျှောက်ထားသောအခါ၊ ထိုကောင်စီက ထိုအလုပ်သမားသည် အက်ဥပဒေဝင် အနည်းဆုံးလုပ်တွက် ခံစားခွင့်ကို မရနိုင်လောက်အောင် ချိန့်သည်ဟု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါမစွမ်းမသန်ဖြစ်သည်ဟု ယူဆလျှင်၊ ကောင်စီသည် မိမိတို့သတ်မှတ်သည့် စည်းကမ်းချက်များရှိပါက၊ ထိုစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အက်ဥပဒေဝင်အနည်းဆုံး လုပ်တွက်ခံစားခွင့်အောက်လျော့သည့် လုပ်တွက်ခံစားခွင့်ကိုပေး၍ ခိုင်းစေခွင့်ပြုသည့်ခွင့်ပြုလက်မှတ်ကို ထုတ်ပေးသင့်သည်ထင်မြင်က ထုတ်ပေးနိုင်သည်။ ထို့ပြင် ထိုခွင့်ပြုလက်မှတ်အတည်ဖြစ်နေစဉ်၊ ဆိုခဲ့သည့်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်၊ ထိုခွင့်ပြုလက်မှတ်အရ၊ ထိုအလုပ်သမားအားပေးရန် ခွင့်ပြုထားသော လုပ်တွက်ခံစားခွင့်သည် အက်ဥပဒေဝင်အနည်းဆုံး လုပ်တွက်ခံစားခွင့်ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) တဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲအရ၊ ခိုင်းစေခွင့်ပြုသည့် ခွင့်ပြုလက်မှတ်အနေနှင့် ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို အထောက်အထားပြုလျက်၊ အလုပ်သမားအား အလုပ်ရှင်ကခိုင်းစေရာတွင်၊ အလုပ်ရှင်ကအနည်းဆုံး အခကြေးငွေ ကောင်စီအား၊ မိမိသည် ထိုစာတမ်းအမှတ်အသားကို အထောက်အထားပြုလျက် သတ်မှတ်ထားသည့် လုပ်တွက်ခံစားခွင့်နှင့် ထိုအလုပ်သမားကို ခိုင်းစေနေသည်ဟု၊ သို့တည်းမဟုတ် ခိုင်းစေရန်ကြံရွယ်သည်ဟု အကြောင်းကြားပြီးဖြစ်လျှင်၊ ထိုစာတမ်းအမှတ်အသားသည် မခိုင်လုံကြောင်း န့ိတစ်စာကိုကောင်စီထံမှ အလုပ်ရှင်ကမရရှိသမျှကာလပတ်လုံး၊ ထိုစာတမ်းပါစည်းကမ်းချက်များနှင့်အညီငင်း၊ ကောင်စီသို့အကြောင်းကြားပြီးသည့်နောက် ကာလအပိုင်းအခြားအတွက်သာလျှင်ငင်း ခိုင်လုံသောလက်မှတ်ဖြစ်သည်ဟု မှတ်ယူရမည်။

လုပ်တွက်ခံစားခွင့်ကို တွက်စစ်ခြင်း။

၁၃။ ။(၁) ဤပုဒ်မရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေပါ ဤအပိုင်း တွင် ရည်ညွှန်းထားသော လုပ်တွက်ခံစားခွင့်သည် အခကြေးငွေပေးရေး အက်ဥပဒေ (၁၉၃၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၄) နှင့်အညီ တရားသဖြင့်နှုတ်ယူသည့်ငွေမှတပါး အခြားကိစ္စများအတွက် နှုတ်ယူရှင်းလင်းပြီးသည်နောက်၊ အလုပ်ရှင်ထံမှ အလုပ်သမားကရရှိသော လက်ငင်းငွေပေါင်း၊ သို့တည်းမဟုတ် လက်ငင်းရရန်ရှိသော ငွေပေါင်းဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

(၂) ဤပုဒ်မပါပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ အနည်းဆုံးအခကြေးငွေ အကြံပေးချက်များနှင့် အနည်းဆုံးအခကြေးငွေ အဓိန့်များတွင် သီးခြား အကျိုးခံစားခွင့်များကို ခွင့်ပြုသည့် ပြဋ္ဌာန်းချက်များအပြင်၊ အခပေးရန်တွက်စစ်ရာ၌ ထိုအကျိုးခံစားခွင့်များကို တန်ဘိုးမည်မျှရှိမည်ဟု ထားရမည်ကို ဖော်ပြသည့်ပြဋ္ဌာန်းချက်များလည်းပါနိုင်သည်။ ထိုအကျိုးခံစားခွင့်များသည်၊ အလုပ်စည်းကမ်းချက်များနှင့်အညီ အလုပ်ရှင်ကသော်၎င်း၊ အလုပ်ရှင်နှင့်ပြုသည့် စည်းကမ်းချက်များအရ အခြားသူကသော်၎င်း၊ ပေးရန်စီမံထားသည့် (အခကြေးငွေပေးရေးအက်ဥပဒေအရဖြစ်စေ၊ အခြားအက်ဥပဒေအရဖြစ်စေ၊ ဥပဒေနှင့်ညီသဖြင့် ပေးနိုင်သည်လည်းဖြစ်သော) အကျိုးခံစားခွင့်များ ဖြစ်သည့်အပြင်၊ ငွေလက်ငင်းအစား အလုပ်ရှင်က အခကြေးငွေအဖြစ်ဖြင့် ထည့်သွင်းတွက်စစ်၍ပေးရန်ဖြစ်သည့် အကျိုးခံစားခွင့်များလည်းဖြစ်သည်။

(၃) တဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲတွင် ဖော်ပြထားသည့်အတိုင်း အကျိုးခံစားခွင့်ကို တန်ဘိုးထား၍ အလုပ်သမား၏အခကြေးငွေမှ နှုတ်ယူရာတွင်—

(က) ထို ပုဒ်မခွဲအရ ပေးရသည့် အကျိုးခံစားခွင့်ကို ထိုပုဒ်မခွဲတွင် ဖော်ပြထားသည့်အတိုင်း တန်ဘိုးထား၍တွက်စစ်ရလျှင်၊ ထိုသို့တွက်စစ်ရန်ကိစ္စအလို့ငှါ ဖော်ပြထားသည့်အတိုင်း တန်ဘိုးထားလျက်တွက်စစ်၍ရသောငွေကို အလုပ်သမားကရရန်ရှိသည့် လုပ်တွက်ခံစားခွင့် တန်ဘိုးငွေပေါင်းမှ နှုတ်ယူရမည်။

(ခ) ဤ ပုဒ်မ၏ ပုဒ်မခွဲ (၁) အလို့ငှါ ဖော်ပြထားသည့်အတိုင်း၊ အကျိုး ခံစားခွင့်ကို တန်ဘိုးထားလျက် တွက်စစ်၍ရသော ငွေပေါင်းသည် အလုပ်သမားကရရန်ရှိသည့် လုပ်တွက်ခံစားခွင့် တန်ဘိုးငွေပေါင်းထက် ပိုနေလျှင်၊ ထိုငွေပိုသည် အခကြေးငွေပေးရေး အက်ဥပဒေအရ နှုတ်ယူနိုင်သော နှုတ်ယူငွေမဟုတ်ဟု မှတ်ယူရမည်။

(ဂ) အက်ဥပဒေဝင် အနည်းဆုံး လုပ်တွက်ခံစားခွင့်ကို သတ်မှတ်ရာ၌၊ ထည့်သွင်းတွက်စစ်သော အကျိုးခံစားခွင့်အဖြစ်ဖြင့် အကျိုးခံစားခွင့်တခုခုကို အနည်းဆုံးအခကြေးငွေအဓိန့်တွင် သီးခြားဖော်ပြထားလျှင်၊ ထိုအကျိုးခံစားခွင့်ကိုတန်ဘိုး

ထား၍ နုတ်ယူရသောနုတ်ယူငွေပေါင်းသည်၊ ဤပုဒ်မ၏ပုဒ်မခွဲ (၁)အလို၄၊ အခကြေးငွေပေးရေး အက်ဥပဒေအရ နုတ်ယူနိုင်သော နုတ်ယူငွေမဟုတ်ဟု မှတ်ယူရမည်။

(၄) အခကြေးငွေပေးရေး အက်ဥပဒေအရဖြစ်စေ၊ အခြားအက်ဥပဒေအရဖြစ်စေ၊ ဥပဒေနှင့်မညီဟု ပြဋ္ဌာန်းထားသည့် အခကြေးငွေပေးခြင်းကို၊ သို့တည်းမဟုတ် နုတ်ယူခြင်းကို၊ ဤပုဒ်မအရ ခွင့်ပြုသည်ဟု အဓိပ္ပါယ်မကောက်ယူရ။

အလုပ်ရှင်က အလုပ်သင်ကြေးမယူရခြင်း။

၁၄။ ။(၁) အနည်းဆုံး အခကြေးငွေအမိန့်နှင့် သက်ဆိုင်သော အလုပ်သမားတစ်ဦးသည် အလုပ်သင်အလုပ်သမား၊ သို့တည်းမဟုတ် ပညာသင်အလုပ်သမားဖြစ်လျှင်၊ ထိုသူ့ထံမှဖြစ်စေ၊ ထိုသူ့အတွက် အခြားသူတစ်ဦးဦးထံမှဖြစ်စေ၊ အလုပ်သင်ကြေးအဖြစ်ဖြင့် မည်သည့် ငွေကိုမျှ အလုပ်ရှင်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လက်ခံမယူရ။ သို့ရာဘွင် ဤခြွင်းချက်အလို၄၊ အနည်းဆုံးအခကြေးငွေကောင်စီက သဘောတူညီပြီးဖြစ်သော အလုပ်သင် ပင်ရိညာဉ်နှင့်အညီ ပေးသည့်ငွေသည်၊ ဤပုဒ်မခွဲနှင့် မသက်ဆိုင်စေရ။

(၂) အလုပ်ရှင်သည် ဤပုဒ်မကိုဆန့်ကျင်၍ပြုလျှင်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသောအခါ၊ ပြစ်မှုအသီးသီးအတွက်၊ ငွေနှစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင် တရားရုံးက ထိုသူ့အပေါ်တွင် ငွေဒဏ်အပြင်၊ အလုပ်သင်ကြေး အဖြစ်ဖြင့် လက်ခံယူထားသောငွေကို ထိုငွေပေးရသည့်အလုပ်သမားအား၊ သို့တည်းမဟုတ် အလုပ်သမားအတွက် ပေးရသောသူအား ပြန်ပေးရမည်ဟုလည်း အမိန့်ချမှတ်နိုင်သည်။

မှတ်တမ်းနှင့် နို့တစ်စာများ။

၁၅။ ။(၁) အနည်းဆုံး အခကြေးငွေအမိန့်နှင့် သက်ဆိုင်သော အလုပ်သမားများ၏ အလုပ်ရှင်သည် အလုပ်သမားများနှင့် စပ်လျဉ်း၍၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါပြဋ္ဌာန်းချက်များကို လိုက်နာလျက်ရှိသည်မရှိသည်ကို သိရှိနိုင်ရန်လိုအပ်သည့် မှတ်တမ်းများကိုထားရှိရမည်။ ထို့ပြင် ထိုမှတ်တမ်းများကို ဆိုင်ရာမှတ်တမ်းအသီးသီးတွင် နောက်ဆုံးရေးသွင်းချက်ပြုသည့် နေ့မှစ၍၊ သုံးနှစ်တိုင်အောင် အလုပ်ရှင်ကသိမ်းဆည်းထားရမည်။

(၂) အလုပ်ရှင်သည် အလုပ်သမားနှင့် သက်ဆိုင်သော အနည်းဆုံး အခကြေးငွေ အကြံပေးချက်များကို၊ သို့တည်းမဟုတ် အနည်းဆုံးအခကြေးငွေအမိန့်ကို အလုပ်သမားတို့သိရှိရန် အလို၄၊ ပြဋ္ဌာန်းသည့်နို့တစ်စာများကို ပြဋ္ဌာန်းထားသည့်နည်းအတိုင်း ကပ်ထားရမည်။ ထို့ပြင်ဆိုခဲ့သည့် အကြောင်းအရာများကိုငင်း၊အခြားအကြောင်းအရာများပြဋ္ဌာန်းထားလျှင်၊ထိုအကြောင်းအရာများကိုငင်း၊ အဆိုပါအလုပ်သမားများသိရှိရန်အလို၄၊ အခြားနည်းဖြင့်နို့တစ်စာပေးပို့ရမည်ဟုပြဋ္ဌာန်းထားလျှင်၊ ထိုသို့ပြဋ္ဌာန်းထားသည့်နည်းအတိုင်း နို့တစ်စာပေးပို့ရမည်။

(၃) အလုပ်ရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ၊ နှစ်ရာ့ငါးဆယ်ထက်မပိုသောငွေဒဏ်စီရင်ခြင်းခံရမည်။

အလုပ်ရှင်၏ ကိုယ်စားလှယ်နှင့် အလုပ်ရှင် အကြီးအကဲတို့ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်ခြင်းနှင့် အလုပ်ရှင်ရရှိသော အထူးထုခွင့်။

၁၆။ ။(၁) အလုပ်သမားကို တိုက်ရိုက်ခိုင်းစေသော အလုပ်ရှင်သည်၊ မိမိကိုယ်တိုင် အခြားသူ၏အလုပ်တွင် လုပ်ကွေသူလည်းဖြစ်လျက်၊ ထိုအလုပ်သမားသည် ထိုအခြားသူ၏ဥပစာတွင် အလုပ်လုပ်လျှင်၊ ထိုအခြားသူသည်၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါ ကိစ္စများအလို၄၊ အလုပ်သမားကို တိုက်ရိုက် ခိုင်းစေသောအလုပ်ရှင်နှင့် တွဲဘက်၍၊ ထိုအလုပ်သမား၏ အလုပ်ရှင် ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ဤအက်ဥပဒေရှိ ဤအပိုင်းအရ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောအခါ၊ အလုပ်ရှင်သည် ထိုပြစ်မှုကိုအခြားသူက ပြုလုပ်မှုဖြင့်သော်ငင်း၊ ပျက်ကွက်မှုဖြင့်သော်ငင်း၊ ကျူးလွန်သည်ဟု နည်းလမ်းတကျအကြောင်းကြားလျက်၊ ထိုအခြားသူကို မိမိက စွပ်စွဲရန်ကြိုရွယ်ကြောင်း နို့တစ်

စာကို ၃ ရက်အောက်မနည်း ကြိုတင်၍ တရားလိုသို့ပေးခြင်းဖြင့်၊ မိမိအပေါ်တွင် စွပ်စွဲထားသော စွပ်စွဲချက်ကို ကြားနာရန်ချိန်းဆိုထားသည့်အချိန်တွင် ထိုသို့မိမိကစွပ်စွဲသောအခြားသူကို တရားရုံးသို့ခေါ်ဆောင်လာစေရန် တောင်းဆိုနိုင်ခွင့် ရှိရမည်။ ထိုပြစ်မှုကိုကျူးလွန်ကြောင်း ထင်ရှားသောအခါ၊ အလုပ်ရှင်က ထိုပြစ်မှုသည် ထိုအခြားသူ၏ပြုလုပ်မှုကြောင့် သော်၎င်း၊ ပျက်ကွက်မှုကြောင့်သော်၎င်း၊ ဖြစ်သည်ဟုထင်ရှားစွာပြလျှင်၊ ထိုအခြားသူကို ပြစ်မှုထင်ရှားစီရင်နိုင်သည်။ ထိုအလုပ်ရှင်က မိမိသည် ဤအက်ဥပဒေရှိ ဤအပိုင်းနှင့်အညီငင်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီ၊ သို့တည်းမဟုတ် အမိန့်နှင့်အညီငင်း၊ လိုက်နာဆောင်ရွက်ခြင်းဖြစ်စေရန် မိမိကနည်းလမ်းကျနစွာ အားထုတ်ကြောင်းကိုလည်း၊ ထပ်မံထင်ရှားစွာပြလျှင်၊ ထိုအလုပ်ရှင်ကို တရားသေလွှတ်ရမည်။

(၃) တရားခံက ဤပုဒ်မ၏ပုဒ်မခွဲ (၂) ရှိပြဋ္ဌာန်းချက်များကပေးထားသည့်အခွင့်အရေးကို အသုံးပြုလျှင်—

(က) ပြစ်မှုကျူးလွန်သည်ဟုတရားခံ၏စွပ်စွဲခြင်းခံရသူနှင့် တရားလိုတို့သည်တရားခံက သက်သေအဖြစ် အစစ်ခံလျှင် တရားခံကိုငင်း၊ တရားခံပြ အခြားသက်သေများကိုငင်း တုံ့ပြန်စစ်မေးနိုင်ခွင့် ရှိရမည်ဖြင့်၊ အချေအပ သက်သေခံကိုလည်း တင်ပြနိုင်ခွင့်ရှိရမည်။

(ခ) အမှုနှင့်ပတ်သက်၍ အမှုသည်တဦးက အခြားအမှုသည် တဦးသို့ တရားစရိတ် ပေးရန် တရားရုံးက သင့်သည်ထင်မြင်သည့်အဟိုင်း အမိန့်ချမှတ်နိုင်သည်။

(၄) ဤအက်ဥပဒေရှိ ဤအပိုင်းအရ အလုပ်ရှင်အပေါ်တွင် တရားစွဲဆိုနိုင်သောပြစ်မှုကို ကျူးလွန်သည်ဟု ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများကို ဆောင်ရွက်နေသောအရာရှိက ထင်မြင်သဘောရရှိလျှင်၎င်း၊ တိုင်တန်းထားသောပြစ်မှုသည် အခြားသူ၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ပျက်ကွက်မှုကြောင့်ဖြစ်စေ ဖြစ်သည်ဟု၊ ထို့ပြင် အလုပ်ရှင်က ဤပုဒ်မ၏ ပုဒ်မခွဲ (၂) အရ ထုချေနိုင်သည်ဟုလည်း အရာရှိကယူဆနိုင်ရန် အကြောင်းရှိလျှင်၎င်း၊ ထိုအရာရှိသည် အလုပ်ရှင်အပေါ်တွင် ရှေးဦးစွာ တရားစွဲဆိုခြင်းမပြုဘဲ၊ ထိုအခြားသူအပေါ်တွင် တရားစွဲဆိုနိုင်သည်။

အထက်ပါကိစ္စမျိုးတွင် အလုပ်ရှင်အပေါ်၌ တရားစွဲဆိုနိုင်သည့် ပြစ်မှုဖြင့် တရားခံအား တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုပြစ်မှုသည် တရားခံ၏ပြုလုပ်မှုကြောင့် ဖြစ်စေ၊ ပျက်ကွက်မှုကြောင့် ဖြစ်စေ ဖြစ်သည်ဟုထင်ရှားသောအခါ၊ ထိုတရားခံကို ပြစ်မှုထင်ရှားစီရင်နိုင်သည်။

အရာရှိများ။

၁၇။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများကို ဆောင်ရွက်စေရန် အရာရှိများခန့်ထားနိုင်သည်။

(၂) ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများကို ဆောင်ရွက်သော အရာရှိ အသီးသီးအား နိုင်ငံတော်သမတက၊ ထိုသို့ဆောင်ရွက်ရန် ခန့်ထားသည့်လက်မှတ်၊ သို့တည်းမဟုတ် ထိုသို့ဆောင်ရွက်ခွင့်ပြုသည့်လက်မှတ် ပေးအပ်ထားရမည်။ ထို့ပြင် အရာရှိအသီးသီးသည်၊ ဤအက်ဥပဒေရှိ ဤအပိုင်းအရ ဆောင်ရွက်နေစဉ်၊ သက်ဆိုင်သူ တဦးဦးက လက်မှတ်ကို အပြမိုင်းလျှင်၊ ထိုသူအား လက်မှတ်ကိုပြရမည်။

(၃) ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများကို ဆောင်ရွက်သော အရာရှိ၌၊ မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ—

(က) အလုပ်ရှင်ကထားသော အခစာရင်း၊ သို့တည်းမဟုတ် အလုပ်ရှင်ကထားသော အခြားအခမှတ်တမ်း၊ အပြင်အလုပ်ပေးသူက၊ အပြင် အလုပ်သမားများအား ပေးသည့်အခမှတ်တမ်း၊ အလုပ်ရှင်က၊ ဤအက်ဥပဒေရှိ ဤအပိုင်းအရ ထား

ရန်လိုအပ်သည့် မှတ်တမ်းတို့ကို ထုတ်ပြရန်တောင်းဆိုနိုင်သည့် အာဏာရှိရမည့်ပြင်၊ ထိုအခစာရင်းကို၊ သို့တည်းမဟုတ် မှတ်တမ်းကို ကြည့်ရှု စစ်ဆေး၍၊ ထိုအခစာရင်း၏၊ သို့တည်းမဟုတ် ထိုမှတ်တမ်း၏ အရေးကြီးသော အစိတ်အပိုင်းကို ကူးယူနိုင်သည့်အာဏာလည်းရှိရမည်။

(ခ) အပြင်အလုပ်ပေးသူနှင့် အပြင်အလုပ်သမားတို့၏ အမည်များ၊ နေရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်နိုင်သည့် အကြောင်းအရာကိုလည်း၊ အလုပ်အတွက် ပေးသည့်အခနှင့်စပ်လျဉ်း၍ ထုတ်ဖော်နိုင်သည့် အကြောင်း အရာကိုလည်း၊ အပြင်အလုပ်ပေးသူနှင့် အပြင်အလုပ်သမားများက ထုတ်ဖော်ကြရန် တောင်းဆိုနိုင်သည့်အာဏာ ရှိရမည်။

(ဂ) အနည်းဆုံး အခကြေးငွေအမိန့်နှင့် သက်ဆိုင်သော အလုပ်ရှင်၏လုပ်ငန်းဥပစာအတွင်းသို့ သင့်တော်သော အချိန်များတွင် ဝင်နိုင်သည့်အာဏာ ရှိရမည်။ [''ဥပစာ''ဆိုသည့်စကားရပ်တွင်၊ ထိုလုပ်ငန်းနှင့်စပ်လျဉ်း၍၊ အပြင်အလုပ်သမားတို့အား အလုပ်ပေးရန်အသုံးပြုသည့်နေရာနှင့်၊ အလုပ်သမားတို့နေထိုင်ရန်အလို့ငှါ အလုပ်ရှင်ကဖြစ်စေ၊အလုပ်ရှင်နှင့်ပြုသည့်စီစဉ်ချက်ဖြင့်ဖြစ်စေ၊အသုံးပြုသည်ဟု အရာရှိကယုံကြည်ရန် အကြောင်းရှိသော နေရာလည်းပါဝင်သည်။]

(ဃ) အလုပ်ရှင်ကဖြစ်စေ၊ အပြင်အလုပ်သမားများအားအလုပ်ပေးသူကဖြစ်စေ ထားရှိသော အပြင် အလုပ်သမားများ၏ စာရင်းကို စစ်ဆေး၍၊ စာရင်း၏အရေးကြီးသော အစိတ်အပိုင်းကို ကူးယူနိုင်သည့် အာဏာရှိရမည်။

(င) ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများနှင့်စပ်လျဉ်း၍ မိမိတဦးတည်းဖြစ်စေ၊ မိမိသင့်သည် ထင်မြင်သောအခြားသူ၏ ရှေတွင်ဖြစ်စေ၊ အနည်းဆုံးအခကြေးငွေအမိန့်နှင့် သက်ဆိုင်သော အလုပ်သမားဖြစ်သည်ဟု၊ သို့တည်းမဟုတ် သက်ဆိုင်သော အလုပ်သမားဖြစ်ခဲ့သည်ဟု ယုံကြည်ရန် အကြောင်းရှိသော သူကို သော်၎င်း၊ အလုပ်ရှင်ကို့သော်၎င်း၊ အလုပ်ရှင်၏ လုပ်ငန်းတွင် ဆောင်ရွက်ရသောသူကို၊ သို့တည်းမဟုတ် ကိုယ်စားလှယ်ကိုသော်၎င်း စစ်မေးနိုင်သည့် အာဏာရှိရမည့်ပြင်၊ ထိုသူအသီးသီးကိုစစ်မေးရန် ဆင့်ခေါ်နိုင်သည့် အာဏာနှင့် ထိုသူအား စစ်မေးရာ၌ ထွက်ဆိုချက်သည် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခိုင်းနိုင်သည့် အာဏာလည်းရှိရမည်။

သို့ရာတွင် မည်သူ့ကိုမျှ၊ မိမိအပေါ်တွင် ရာဇဝတ် ပြစ်ဒဏ် ကျရောက်စေမည့် အကြောင်းအရာကို ထုတ်ဖော်ရန် ဤပုဒ်မခွဲရှိ အပိုဒ် (င) အရမပြုစေရ။

(၄) ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများကို ဆောင်ရွက်သော အရာရှိသည်၊ ဤအက်ဥပဒေရှိ ဤအပိုင်းအရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုကို ကျူးလွန်သူအား တရားစွဲဆိုနိုင်သည့်ပြင်၊ ထိုအရာရှိသည် ထိုအမှုမျိုးတွင်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ အမိပ္ပါယ်အရ ရှေနေမဟုတ်သော်လည်း၊ အမှုကိုဆောင်ရွက်နိုင်သည်။

(၅) အလုပ်သမားသို့ အလုပ်ရှင်ကပေးရန် ရှိသောငွေကို တောင်းယူရန်ကိစ္စ အလို့ငှါ၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါကိစ္စများကို ဆောင်ရွက်သော အရာရှိအား၊ နိုင်ငံတော်သမတ၏ သာမန်ညွှန်ကြားချက်ဖြင့်၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်ဖြင့်အာဏာပေးအပ်ထားလျှင်၊ ထိုအရာရှိသည် အက်ဥပဒေဝင် အနည်းဆုံးလုပ်တွက်ခံစားခွင့် အောက်နည်း၍ အလုပ်သမားသို့ အလုပ်ရှင်က ပေးသောကြောင့် ကျန်ငွေကို အလုပ်သမားသို့ အလုပ်ရှင်ကပေးရန် သင့်သည်ဟု ထင်မြင်

ပါမူ၊ ထိုအလုပ်သမားကိုယ်စား၊ ထိုအလုပ်သမား၏ အမည်ဖြင့်၊ ကျန်ငွေကို အလုပ်ရှင်ထံမှ တောင်းယူရန်အာလှိုင်၊ တရားမကြောင်းစွဲဆိုနိုင်သည်။ ထိုအမှုမျိုးတွင် ထိုအရာရှိသည်၊ အမှုသည် တဦးအဖြစ်ဖြင့် တရားစရိတ်ပေးရန် တရားရုံးကအမိန့်ချမှတ်နိုင်သည်။

အလုပ်သမားသို့ အလုပ်ရှင်က ပေးရန်ရှိသော ငွေကို တောင်းယူရန်အလှိုင်၊ ဤပုဒ်မခွဲက ပေးအပ်ထားသောအာဏာသည်၊တရားမကြောင်းဖြင့် ထိုငွေကို တောင်းယူနိုင်သည့် အလုပ်သမား၏ အခွင့်အရေးကို မထိခိုက်စေရ။

(၆) ဤပုဒ်မအရ အပ်နှင်းထားသည့် အာဏာကို သုံးစွဲ၍၊ ဤအက်ဥပဒေရှိ ဤအပိုင်းပါ ကိစ္စများကို ဆောင်ရွက်နေသော အရာရှိအား ဟန့်တားသူသည်၊ သို့တည်းမဟုတ် ထိုအာဏာကို သုံးစွဲ၍ ထိုအရာရှိက စေခိုင်းသည့်အတိုင်း ဆောင်ရွက်ရန် ငြင်းဆိုသူသည်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောအခါ၊ နှစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

၁၈။ ။တဦးတယောက်သောသူသည်၊ ဤအက်ဥပဒေရှိ ဤအပိုင်းအရ အလုပ်ရှင်က ထားရန် လိုအပ်သည့် မှတ်တမ်းတွင် အရေးပါသော အချက်၌ မမှန်ဟု မိမိသိလျက်နှင့် ရေးသွင်းလျှင်၊ သို့တည်းမဟုတ် ရေးသွင်းစေလျှင်၊ သို့တည်းမဟုတ် ရေသွင်းခွင့်ပြုလျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေရှိ ဤအပိုင်းနှင့် သက်ဆိုင်သော ကိစ္စများအလိုငှါ၊ အရေးပါသည့် အချက်တွင် မမှန်ဟု မိမိသိသောအခါ စာရင်းကိုဖြစ်စေ၊ မှတ်တမ်းကိုဖြစ်စေ၊ အလုပ်သမား စာရင်းကိုဖြစ်စေ၊ အကြောင်းအရာကိုဖြစ်စေ ထုတ်ပြလျှင်၊ သို့တည်းမဟုတ် တင်သွင်းလျှင်၊ သို့တည်းမဟုတ် ထုတ်ပြစေလျှင်၊ သို့တည်းမဟုတ် တင်သွင်းစေလျှင်၊ သို့တည်းမဟုတ် ထုတ်ပြခွင့်ပြုလျှင်၊ သို့တည်းမဟုတ် တင်သွင်းခွင့်ပြုလျှင်၊ ထိုသူသည် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောအခါ၊ တထောင်ထက်မပိုသော ငွေဒဏ်သော်၎င်း၊ သုံးလထက်မပိုသော ထောင်ဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံရမည်။

မှတ်တမ်းများမှန်ရေးသွင်းထားခြင်းအတွက်၊မမှန်မှတ်တမ်းများကိုထုတ်ပြခြင်းအတွက်၊ သို့တည်းမဟုတ် မမှန်အကြောင်းအရာများ ထုတ်ဖော်ခြင်းအတွက်ပြစ်ဒဏ်။

အပိုင်း ၃။

အထွေထွေနှင့် အရပ်ရပ်ဆိုင်ရာ။

၁၉။ ။(၁) နိုင်ငံတော်သမတသည်၊ အမိန့်ထုတ်ပြန်ကျေညာ၍၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းပြီးမြောက်အောင်ဆောင်ရွက်ရန် အလှိုငှါ နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေများပြုလုပ်ရန် အာဏာ။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကိုပြုနိုင်သည်။

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) အရ နှိုတစ်စာကို ထုတ်ပြန်ကျေညာရမည့်နည်းလမ်းကိုပြဋ္ဌာန်းရန်။

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၄) အရ အနည်းဆုံးအခကြေးငွေ ကောင်စီအမိန့်ကို ထုတ်ပြန်ကျေညာရမည့် နည်းလမ်းကိုပြဋ္ဌာန်းရန်။

(ဂ) ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) အရ အမိန့်ကို ထုတ်ပြန်ကျေညာရမည့် နည်းလမ်းကိုပြဋ္ဌာန်းရန်။

(ဃ) ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) အရ နှိုတစ်စာကို ထုတ်ပြန်ကျေညာရမည့်နည်းလမ်းကိုပြဋ္ဌာန်းရန်။

(င) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ အကြံပေး ချက်များပါရှိသည့် နှိုတစ်စာကို ထုတ်ပြန်ကျေညာရမည့် နည်းလမ်းကို ပြဋ္ဌာန်းရန်။

(စ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၅) အရ ထုတ်သည့်အမိန့်နှင့် သက်ဆိုင်သူအား အနည်းဆုံးအခကြေးငွေ ကောင်စီက အမိန့်ထုတ်ကြောင်း ရှိုတစ်စာပေးရမည့်နည်းလမ်းကို ပြဋ္ဌာန်းရန်။

(ဆ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) အရ အနည်းဆုံး အခကြေးငွေ အကြံပေးချက်များပါသော၊ သို့တည်းမဟုတ် အနည်းဆုံးအခကြေးငွေ အမိန့်ပါသော ရှိုတစ်စာများကို အလုပ်ရှင်က၊ ကပ်ထားရမည့်နည်းလမ်းကို ပြဋ္ဌာန်းရန်။

(ဇ) အနည်းဆုံး အခကြေးငွေ ကောင်စီလူကြီး၏ ရာထူး စည်းကမ်းချက်များကို ပြဋ္ဌာန်းရန်။

(ဈ) အနည်းဆုံးအခကြေးငွေ ကောင်စီလူကြီးများသို့၊ သို့တည်းမဟုတ် ကော်မိတီလူကြီးများသို့ ပေးရမည့်အခကြေးငွေ၊ ခရီးနှင့် အခြားစရိတ်များကို ပြဋ္ဌာန်းရန်။

(ည) စုံစမ်းရေး ကော်မရှင်အဖွဲ့ လူကြီးများနှင့် အဆက်ဆာလူကြီးများသို့ ပေးရမည့် အခကြေးငွေ၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို ပြဋ္ဌာန်းရန်။

(၃) ဤအက်ဥပဒေရှိ အပိုင်း ၁ အရ၊ နိုင်ငံတော်သမတက ထုတ်ပြန်သော အမိန့်ကို၊ ထိုအမိန့်နှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်အဖွဲ့က တင်သွင်းသော အစီရင်ခံစာနှင့်အတူ၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးသို့တင်သွင်းရမည်။ ထိုသို့တင်သွင်းပြီးနောက်၊ သုံးလအတွင်းတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးက ထိုအမိန့်ပျက်ပြယ်ရမည်ဟု ပြဋ္ဌာန်းလျှင်၊ ထိုအမိန့်သည်၊ ထိုအချိန်မှစ၍ပျက်ပြယ်စေရမည်။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်သည်၊ ထိုအမိန့်မပျက်ပြယ်မီက ထိုအမိန့်အရပြုပြီးသော ကိစ္စကိုမထိခိုက်စေရ။ သို့တည်းမဟုတ် အမိန့်သစ်တရပ်ထုတ်နိုင်ခြင်းကို မထိခိုက်စေရ။

(၄) ဆိုခဲ့သည့် သုံးလ ကာလ အပိုင်းအခြားကို တွက်စစ်ရာ၌၊ ပါလီမန်ကို ဖျက်သိမ်းထားသော၊ သို့တည်းမဟုတ် ရပ်သိမ်းထားသော ကာလကိုဖြစ်စေ၊ လေးရက်ထက်ကျော်လွန်၍ လွှတ်တော်နှစ်ရပ်လုံး ရွှေ့ဆိုင်းထားသောကာလကိုဖြစ်စေ ထည့်သွင်း ရေတွက်ခြင်းမပြုရ။

ဇယားများ။

ပဌမဇယား (ပုဒ်မ ၈)။

<u>အနည်းဆုံးအခကြေးငွေ ကောင်စီများဖွဲ့စည်းခြင်း၊ ထိုကောင်စီများ၏ အရာရှိများနှင့် ကောင်စီများ၏ ဆောင်ရွက်မှုများ။</u>

၁။ ။အနည်းဆုံးအခကြေးငွေ ကောင်စီတွင် နိုင်ငံတော်သမတက ခန့်ထားသူများပါဝင်ရမည်။ ထိုသူများသည်—

(က) အလုပ်ရှင်၊ အလုပ်သမားတို့နှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်များထဲမှ နိုင်ငံတော်သမတက ရွေးချယ်သည့် သုံးဦးထက်မပိုသောသူများ။

(ခ) အနည်းဆုံး အခကြေးငွေကောင်စီက ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် သက်ဆိုင်သော အလုပ်ရှင်များ၏ ကိုယ်စားဖြစ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရှိသော ပုဂ္ဂိုလ်များထဲမှ၊ မိမိသင့်သည် ထင်မြင်သည့် အရေအတွက် အတိုင်းခန့်ထားသည့်သူများ။

(ဂ) အနည်းဆုံး အခကြေးငွေကောင်စီက ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် သက်ဆိုင်သော အလုပ်သမားများ၏ ကိုယ်စားဖြစ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိသောပုဂ္ဂိုလ်များထဲမှ၊ မိမိသင့်သည်ထင်မြင်သည့် အရေအတွက် အတိုင်း ခန့်ထားသည့်သူများ။

၂။ ။ဤဇယား၏အပိုဒ် ၁၊ အပိုဒ်ခွဲ (က) အရခန့်ထားသည့်ပုဂ္ဂိုလ်များအနက်၊ တဦးကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် နိုင်ငံတော်သမတက ခန့်ထားရမည်။ အခြားတဦးကို ဥက္ကဋ္ဌမရှိသည့် အခါ၊ ဆောင်ရွက်ရန်ဒုတိယ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမတက ခန့်ထားနိုင်သည်။

၃။ ။ဆိုခဲ့သည့်အပိုဒ် ၁၊ အပိုဒ်ခွဲ (ခ) အရဖြစ်စေ၊ အပိုဒ်ခွဲ (ဂ) အရဖြစ်စေ၊ တဦးတယောက်သောသူကို မခန့်ထားမီ၊ နိုင်ငံတော်သမတသည်၊ ဆိုင်ရာအလုပ်ရှင်များ ကိုယ်စားဖြစ်သည်ဟု မိမိထင်မြင်သော အဖွဲ့အစည်းများ၊ သို့တည်းမဟုတ် ဆိုင်ရာအလုပ်သမားများကိုယ်စား ဖြစ်သည်ဟု မိမိထင်မြင်သော အဖွဲ့အစည်းများ ဆိုင်သင့် ရာရာနှင့် တိုင်ပင်ရမည်။ ထို့ပြင် ထိုအပိုဒ်ခွဲများအရ ခန့်ထားသော သူအရေအတွက်သည် ညီတူညီမျှဖြစ်ရမည်။

၄။ ။နိုင်ငံတော်သမတသည်၊ အနည်းဆုံးအခကြေးငွေကောင်စီ အတွင်းရေးမှူးတဦးနှင့် မိမိသင့်သည်ထင်မြင်သော အခြားအရာရှိများကို ခန့်ထားနိုင်သည်။

၅။ ။အနည်းဆုံးအခကြေးငွေကောင်စီ၏ ဆောင်ရွက်မှုများသည်၊ ကောင်စီတွင် ရာထူးလစ်လပ်နေသော်လည်း၊ သို့တည်းမဟုတ် ကောင်စီလူကြီးများကိုခန့်ထားရာ၌ ချို့ယွင်းချက်ရှိသော်လည်းအတည်ဖြစ်ရမည်။

၆။ ။အနည်းဆုံးအခကြေးငွေကောင်စီသည် (အနည်းဆုံးအခကြေးငွေအကြံပေးချက်များတင်သွင်းရန်အာဏာမှတပါး) ဤအက်ဥပဒေအရ မိမိတို့ရရှိသော အခြားအာဏာများကို၊ မိမိတို့သင့်သည်ထင်မြင်သည့် ကောင်စီလူကြီး ဦးရေပါဝင်သောကော်မိတီ၊ သို့တည်းမဟုတ် ဆပ်ကော်မီတီဆိုင်သင့် ရာရာသို့ လွှဲအပ်ရန် သင့်သည်ထင်မြင်လျှင်လွှဲအပ်နိုင်သည်။

သို့ရာတွင် ကော်မိတီ၌၊ သို့တည်းမဟုတ် ဆပ်ကော်မီတီ၌ ပါဝင်သောအလုပ်ရှင်ကိုယ်စားဖြစ်သောကောင်စီလူကြီးဦးရေသည်၊ ထိုကော်မိတီ၌၊ သို့တည်းမဟုတ် ဆပ်ကော်မီတီ၌ ပါဝင်သော အလုပ်သမားကိုယ်စားဖြစ်သောကောင်စီ လူကြီးဦးရေနှင့် ညီတူညီမျှဖြစ်ရမည်။

၇။ ။နိုင်ငံတော် သမတသည်၊ အနည်းဆုံး အခကြေးငွေကောင်စီ၏၊ သို့တည်းမဟုတ် ကော်မိတီ၏၊ သို့တည်းမဟုတ် ဆပ်ကော်မိတီ၏ အစည်းအဝေးများ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေများပြုနိုင်သည်။ ထိုသို့ပြုသည့်နည်းဥပဒေများတွင် အစည်းအဝေးအထမြောက်ရေးအတွက် လိုအပ်သော လူကြီးဦးရေအပြင်၊ မဲဆန္ဒပေးနည်းနှင့် စပ်လျဉ်းသည့်နည်းဥပဒေများလည်း ပါဝင်နိုင်သည်။ သို့ရာတွင် ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်ငင်း၊ ထိုကဲ့သို့ ပြုသောနည်းဥပဒေများနှင့်ငင်း မဆန့်ကျင်စေဘဲ၊ အနည်းဆုံးအခကြေးငွေ ကောင်စီနှင့် ကော်မိတီသည်၊ သို့တည်းမဟုတ် ဆပ်ကော်မိတီသည်၊ မိမိတို့၏ လုပ်ငန်းစဉ်ကို သင့်သည်ဟုထင်မြင်သည့် အတိုင်းသတ်မှတ်နိုင်သည်။

၈။ ။အနည်းဆုံး အခကြေးငွေ ကောင်စီလူကြီး၏ ရာထူးသက်တမ်းကို၊ ထိုလူကြီးကိုခန့်ထားစဉ်က နိုင်ငံတော်သမတ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

ဒုတိယဇယား (ပုဒ်မ ၉)။

စုံစမ်းရေးကော်မရှင် အဖွဲ့များဖွဲ့စည်းခြင်း၊ ကော်မရှင်အဖွဲ့၏ အရာရှိများနှင့် ကော်မရှင် အဖွဲ့များ၏ ဆောင်ရွက်မှုများ။

၁။ ။စုံစမ်းရေးကော်မရှင် အဖွဲ့တွင် နိုင်ငံတော် သမတက ခန့်ထားသူများ ပါဝင်ရမည်။ ထိုသူများသည်—

(က) အလုပ်ရှင်အလုပ်သမားတို့နှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်များအနက်၊ နိုင်ငံတော် သမတက ရွေးချယ်သည့်သုံးဦးထက် မပိုသောသူများ။

(ခ) အလုပ်ရှင်ကိုယ်စားအဖြစ်၊ နိုင်ငံတော်သမတက ရွေးချယ်သည့်နှစ်ဦးထက် မပိုသောသူများ။

(ဂ) အလုပ်သမား ကိုယ်စားအဖြစ်၊ နိုင်ငံတော်သမတက ရွေးချယ်သည့်နှစ်ဦးထက် မပိုသောသူများ။

၂။ ။ဤဇယား၏အပိုဒ် ၁၊ အပိုဒ်ခွဲ (က) အရ၊ ခန့်ထားသည့် ပုဂ္ဂိုလ်များ အနက် တဦးကိုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန်၊ နိုင်ငံတော်သမတကခန့်ထားရမည်။ အခြားတဦးကိုဥက္ကဋ္ဌမရှိသည့်အခါ ဆောင်ရွက်ရန်၊ ဒုတိယဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမတကခန့်ထားနိုင်သည်။

၃။ ။နိုင်ငံတော်သမတသည်၊ ဆိုခဲ့သည့်အပိုဒ် ၁၊ အပိုဒ်ခွဲ (ခ) အရ၊ခန့်ထားသောသူ အရေအတွက်နှင့်အပိုဒ်ခွဲ (ဂ)အရခန့်ထားသောအရေအတွက်မှာညီတူညီမျှဖြစ်ရမည်။ ထိုသူများကို မခန့်ထားမီ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်သည်ထင်မြင်သည့် အလုပ်ရှင် အလုပ်သမားများ၏ ကိုယ်စားဖြစ်သောအဖွဲ့ အစည်းများနှင့်မိမိလိုအပ်သည်ဟု ယူဆသည့်အတိုင်း တိုင်ပင်ရမည်။ ထို့ပြင် ထိုသူများသည်၊ ကော်မရှင်အဖွဲ့ကစုံစမ်းရမည့်ကိစ္စများနှင့် မသက်ဆိုင်သော၊ သို့တည်းမဟုတ် သက်ဆိုင်မည့် လက္ခဏာမရှိသော ပုဂ္ဂိုလ်များဖြစ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိသူများ ဖြစ်ရမည်။

၄။ ။(၁) နိုင်ငံတော်သမတသည်၊ မည်သည့် စုံစမ်းရေး ကော်မရှင်အဖွဲ့အတွက် မဆို မိမိသင့်တော်သည် ထင်မြင်သည့် အရေအတွက်ရှိသော အဆက်ဆာ လူကြီးများ ခန့်ထားနိုင်သည်။ ထိုလူကြီးများသည်၊ ကော်မရှင်အဖွဲ့ကစုံစမ်းရမည့်ကိစ္စနှင့် စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည်ဟုနိုင်ငံတော်သမတကထင်မြင်သဘောရရှိသူများဖြစ်ရမည်။

(၂) အဆက်ဆာလူကြီးသည်မဲဆန္ဒမပေးရ၊ သို့တည်းမဟုတ် ကော်မရှင်အဖွဲ့၏ အစီရင်ခံစာကိုဖြစ်စေ၊ ထောက်ခံချက်ကိုဖြစ်စေ ရေးသားရာ၌မပါဝင်ရ။

၅။ ။နိုင်ငံတော်သမတသည်၊ စုံစမ်းရေးကော်မရှင်အဖွဲ့အတွင်းရေးမှူးနှင့် မိမိသင့်သည်ထင်မြင်သော အရာရှိများခန့်ထားနိုင်သည်။

၆။ ။စုံစမ်းရေးကော်မရှင်အဖွဲ့၏ ဆောင်ရွက်မှုများသည်၊ ကော်မရှင်အဖွဲ့တွင်ရာထူးလစ်လပ်နေသော်လည်း၊ သို့တည်းမဟုတ် ကော်မရှင်အဖွဲ့ဝင် လူကြီးခန့်ထားရာ၌ ချို့ယွင်းချက် ရှိသော်လည်းအာဏာဖြစ်ရမည်။

၇။ ။နိုင်ငံတော်သမတသည်၊ စုံစမ်းရေးကော်မရှင်အဖွဲ့များ၏ အစည်းအဝေးများ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေများပြုနိုင်သည်။ ထိုသို့ပြုသည့် နည်းဥပဒေများတွင်. အစည်းအဝေး အထမြောက်ရေးအတွက် လိုအပ်သောကော်မရှင်အဖွဲ့ဝင် လူကြီး ဦးရေနှင့် စပ်လျဉ်း

သည့် နည်းဥပဒေများလည်း ပါဝင်နိုင်သည်။ သို့ရာတွင် ဤအက်ဥပဒေရှိပြဋ္ဌာန်းချက်များနှင့်ငင်း၊ ထိုသို့ပြုသည့်နည်းဥပဒေများနှင့်ငင်း မဆန့်ကျင်စေဘဲ၊ စုံစမ်းရေးကော်မရှင်အဖွဲ့သည်၊ အဖွဲ့၏လုပ်ငန်းစဉ်ကို မိမိတို့သင့်သည်ဟုထင်မြင်သည့်အတိုင်းသတ်မှတ်နိုင်သည်။

အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေး အက်ဥပဒေ။

[၁၉၅၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၇။] (၁၉၅၁ ခု၊ ဇွန်လ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁။

<u>အလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းဆောင်တာများ။</u>

၁။ ။ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ထုတ်ပြန် သတ်မှတ်သည့်နေ့၌ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်—

(က) ‘‘ကျောင်းအုပ်ချုပ်သူ’’ ဆိုသည်မှာ၊ ကျောင်းကိုစီမံအုပ်ချုပ်ရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်ကို၊ သို့တည်းမဟုတ် အဖွဲ့ကိုဆိုလိုသည်။

(ခ) ‘‘စက်မှုလက်မှုလုပ်ငန်း’’ ဆိုသည်မှာ၊ အလုပ်ရုံအမျိုးအစားတခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ လုပ်ငန်း အမျိုးအစား တခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ အလုပ်ရုံခွဲ၊ လုပ်ငန်းခွဲ၊ အလုပ်ရုံဌာနခွဲ၊ လုပ်ငန်းဌာနခွဲ တခုခု၏ အမျိုးအစားတခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ ဤအက်ဥပဒေပါ ကိစ္စများအလိုငှါ၊ စက်မှုလက်မှုလုပ်ငန်းဖြစ်သည်ဟု အလုပ်သမားဌာနဝန်ကြီးက ပြဋ္ဌာန်း၍၊ မည်သည့်အရပ်ဒေသ၌မဆို တည်ရှိသော အဆိုပါအလုပ်ရုံလုပ်ငန်း၊ အလုပ်ရုံခွဲ၊ လုပ်ငန်းခွဲ၊ အလုပ်ရုံဌာနခွဲ၊ လုပ်ငန်းဌာနခွဲတခုခု၏ အမျိုးအစား တခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ ဆိုလိုသည်။

၃။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မိမိတို့၏ အသက်အရွယ်စွမ်းအားနှင့် သင့်လျော်သည့် အလုပ်အကိုင်ရွေးချယ်ရေး၊ မိမိတို့ကိုယ်ကို ထိုအလုပ်အကိုင်နှင့် သင့်လျော်အောင်ပြုရေး၊ ထိုအလုပ်အကိုင်ရရှိရေးနှင့်ရရှိပြီး တည်မြဲရေးတို့တွင် အလုပ်အကိုင်လုပ်လိုသူများအား၊ ကူညီရန်ကိစ္စအတွက်ငင်း၊ သင့်လျော်သော အလုပ်သမားများရရှိအောင် အလုပ်ရှင်များအား ကူညီရန်ကိစ္စအတွက်ငင်း၊ သက်ဆိုင်ရာလူစုဒ၏ လိုအပ်ချက်များနှင့် အညီ၊ အလုပ်အကိုင်အခြေအနေကို ယေဘုယျအားဖြင့် တိုးတက်ကောင်းမွန်စေရန် ကိစ္စအတွက်ငင်း၊ ဝန်ကြီးသည်၊ မိမိကလိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်လျော်သည်ဟုထင်မြင်သည့် အတိုင်း လွှဲယ်ကူမှုအခွင့်အလမ်းများနှင့် လုပ်ငန်းဆောင်တာများကို စီမံထားရှိရမည်။

၁၉၅၁ ခု၊ ဇွန်လ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၃၄၄ တွင်ကြည့်ရှု။

(၂) ဝန်ကြီးသည်၊ ဤအက်ဥပဒေအရ၊ မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ မိမိအား အကြံဉာဏ်နှင့် အကူအညီပေးရန်အလို့ငှါ၊ မိမိသင့်လျော်သည် ထင်မြင်သည့်အကြံပေး ကော်မိတီများကို ခန့်ထားနိုင်သည်။ ထိုကော်မိတီများအနက် မည်သည့်ကော်မိတီကိုမဆို၊ ပြည်ထောင်စု မြန်မာနိုင်ငံတဝှန်းလုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဒေသတခုခု အတွက်ဖြစ်စေ ခန့်ထားနိုင်သည်။

(၃) ဝန်ကြီးသည်၊ အဆိုပါ အကြံပေးကော်မိတီ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့်စပ်လျဉ်း၍ငင်း၊ ထိုကော်မိတီ၏ အလုပ်ဝတ်တရားများနှင့် စပ်လျဉ်း၍ငင်း စည်းမျဉ်းဥပဒေများ ပြုနိုင်သည်။

၄။ ။(၁) ဝန်ကြီးသည်၊ မိမိသင့်လျော်သည် ထင်မြင်သည့် နေရာများတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနများ တည်ထောင်ထားရှိနိုင်သည်။ ထိုဌာနများသည် အလုပ်သမားဌာနှီးလိုသူများ၊ အလုပ်အကိုင်ရှာဖွေသူများနှင့် စပ်လျဉ်း၍ မှတ်ပုံစာအုပ်များ ထားရှိခြင်းဖြင့်သော်ငင်း၊ အခြားနည်းဖြင့်သော်ငင်း၊ အကြောင်းအရာ စုဆောင်းထုတ်ပေးရာရုံးများ၊ သို့တည်းမဟုတ် နေရာများဖြစ်သည်။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ ပုဒ်မ ၃ တွင် ဖော်ပြထားသည့်ကိစ္စတရပ်ရပ်အတွက် အကြောင်းအရာစုဆောင်းခြင်း၊ ထုတ်ပေးခြင်းကိုပြုရန်ငင်း၊ (အလုပ်အကိုင်လက်ရှိဖြစ်စေ၊လက်မဲ့ဖြစ်စေ) မည်သည့်လူအမျိုးအစားအတွက်မဆို အကြံဉာဏ်ပေးခြင်းကို၊ သို့တည်းမဟုတ် လမ်းညွှန်ခြင်းကို၊ သို့တည်းမဟုတ် အခြားနည်းဆောင်ရွက်ပေးခြင်းကို ပြုရန်ငင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနများ ဖွင့်လှစ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဝန်ကြီးသည်၊ မိမိကလိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်လျော်သည်ထင်မြင်သည့် အစီအစဉ်များ ပြုနိုင်သည်။

(၃) ဝန်ကြီးသည်၊ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနများကို စီမံအုပ်ချုပ်ခြင်းနှင့် စပ်လျဉ်း၍ငင်း၊ ဤပုဒ်မအရ မိမိကဆောင်ရွက်ရမည့် အလုပ်ဝတ်တရားများနှင့် စပ်လျဉ်း၍ငင်း၊ စည်းမျဉ်းဥပဒေများပြုနိုင်သည်။

(၄) မိမိယုပ်ကိုင်သည့် အလုပ်မျိုးနှင့်သက်ဆိုင်သည့် ဝါကီဇူပဒိုပက္ခမှ ဖြစ်ပွါးနေသည်ဟူသော အကြောင်းပြချက်ဖြင့်သော်ငင်း၊ မိမိအတွက်ရှာဖွေပေးသည့်အလုပ်အကိုင်မှ မိမိရရှိမည့် အခကြေးငွေသည် ထိုအလုပ်အကိုင်ရှိရာခရိုင်အတွင်း၊ ထိုအလုပ်မျိုးတွင် အခြားသူများရရှိနေသော အခကြေးငွေအောက် ယုတ်လျော့သည်ဟူသော အကြောင်းပြချက်ဖြင့်သော်ငင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနတခုခုက ရှာဖွေပေးသည့်အလုပ်အကိုင်ကို လက်မခံဘဲငြင်းပယ်လျှင်၊ ထိုသူအား ထိုသို့ငြင်းပယ်ကာမျှဖြင့် အထက်ဆိုခဲ့သည့်အတိုင်း အဆိုပါဌာနကပေးသည့် လွယ်ကူမှုအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်မဆုံးရှုံးစေရ၊ သို့တည်းမဟုတ် အခြားနည်း အကျိုးမယုတ်စေရ။

(၅) ဤပုဒ်မ၌ပြဋ္ဌာန်းထားသည့် လုပ်ငန်းဆောင်တာများ၏ အကျိုးကျေးဇူးကိုခံစားရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနတခုခုသို့ဖြစ်စေ၊ အခြားတနေရာရာသို့ဖြစ်စေ၊ ခရီးသွားသူများအား၊ သို့တည်းမဟုတ် တက်ရောက်သူများအား၊ ဝန်ကြီးက မိမိသင့်လျော်သည် ထင်မြင်သည့် အချက်များတွင် သင့်လျော်သည်ထင်မြင်သည့် စည်းကမ်းများဖြင့် ငွေထောက်ပံ့နိုင်သည်၊ သို့တည်းမဟုတ် ငွေချေးနိုင်သည်။ ထို့ပြင် ဆိုခဲ့သည့်လုပ်ငန်းဆောင်တာများ၏အကျိုးကျေးဇူးကိုခံစားသူများအား စမ်းသပ်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးသည်၊ ဆရာဝန်များအား သတ်မှတ်သည့်အခကို ပေးနိုင်သည်။

သို့ရာတွင် ထိုသို့ငွေထောက်ပံ့ခြင်းကိုဖြစ်စေ၊ ငွေချေးခြင်းကိုဖြစ်စေ၊ ဆရာဝန်များအား သတ်မှတ်သည့် အခပေးခြင်းကိုဖြစ်စေ ပြုရန်အတွက်၊ ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ကို ရယူရမည်။

(၆) မည်သူမဆို အလုပ်အကိုင်ကို၊ သို့တည်းမဟုတ် အလုပ်သမားကို ရရှိရန်အလို့ငှါ၊ ဤပုဒ်မအရဝန်ကြီးကထားရှိသော အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနတခုခု၏ အရာရှိထံဖြစ်စေ၊ အဆိုပါဌာန၏ကိုယ်စား ဆောင်ရွက်နေသူ တဦးတယောက်ထံဖြစ်စေ၊ အဆိုပါဌာနဆိုင်ရာကိစ္စများအတွက် ဆောင်ရွက်နေသူ တဦးတယောက်ထံဖြစ်စေ မမှန်ဟုသိလျက်နှင့် မမှန်သော ဖော်ပြချက်ကိုသော်၎င်း၊ မမှန်သော ပြောဆိုချက်ကိုသော်၎င်း ပြုလျှင်၊ ထိုသူသည် အကျဉ်းအားဖြင့် စီရင်ပိုင်ခွင့်ရှိသော ပြစ်မှုကျူးလွန်သည်မည်၏။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော အခါ၊ ငါးဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

သို့ရာတွင် ထိုသို့ပြစ်ဒဏ်စီရင်ခံရခြင်းကြောင့် ဤအက်ဥပဒေအရ စိမ်ထားရှိသည့်ဌာနက ပေးသည့် လွယ်ကူမှုအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သင့်လျော်သော အကျိုးခံစားခွင့်အတွက်၊ ဆိုသူမှာ အရည်အချင်းပျက်ယွင်းသည်ဟု မယူဆရ။

(၇) အလုပ်ရှင်များက မိမိတို့၏အလုပ်အကိုင်တွင် လစ်လပ်လျက်ရှိသော၊ သို့တည်းမဟုတ် လစ်လပ်မည်ဖြစ်သော နေရာများနှင့်စပ်လျဉ်း၍ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနများသို့ အကြောင်းကြားစေရန်၊ ဝန်ကြီးသည် ဖြစ်နိုင်သမျှသောအစီအစဉ်များကို အလုပ်ရှင်များနှင့်ပြုရမည်။

၅။ ။(၁) အလုပ်လက်ရှိဖြစ်စေ၊ အလုပ်လက်မဲ့ဖြစ်စေ အသက် ဆယ့်နှစ်နှစ်ထက်ကျော်လွန်သူများအတွက်၊ ဝန်ကြီးသည်၊ ပုဒ်မ ၃ တွင်ဖော်ပြထားသည့်ကိစ္စများအလို့ငှါ၊ မိမိကလိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်လျော်သည်ဟုထင်မြင်သည့်အတိုင်း သင်တန်းများကိုဖွင့်လှစ်နိုင်သည့်ပြင်၊ ထိုကိစ္စများအတွက် အဆောက်အဦများ၊ အသုံးအဆောင်များနှင့် ဆရာများ လုံလောက်စွာထားရှိနိုင်သည်။

(၂) ဤပုဒ်မတွင် သင်တန်းဖွင့်လှစ်ခြင်းဟုဆိုရာ၌၊ အောက်ပါကိစ္စများ ဆောင်ရွက်ခြင်းကိုလည်းဆိုလိုသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

(က) ဆိုခဲ့သည့် သင်တန်းတခုခု၌ တက်ရောက်နေသူများအား၊ အထောက်အပံ့စရိတ်နှင့်၊ သို့တည်းမဟုတ် ခရီးစရိတ်နှင့်စပ်လျဉ်း၍ ငွေပေးခြင်း။

(ခ) ထိုသူများအတွက် နေရာထိုင်ခင်း၊ အစားအသောက်ထားရှိခြင်း၊ ကစားပျော်ရွှင်မှုနှင့်အကျိုးရှိမှုအတွက် စီမံဆောင်ရွက်ပေးခြင်း။

(ဂ) သင်တန်းကိစ္စများနှင့် အကြောင်းသင့်ဆက်စပ်နေသော လွယ်ကူမှုအခွင့်အလမ်းများကို၊ သို့တည်းမဟုတ် လုပ်ငန်းဆောင်တာများကို ထားရှိခြင်း။

(၃) ဝန်ကြီးနှင့်ပြုသည့်အစီအစဉ်များအရ၊ အလုပ်ရှင်တဦးက မိမိ၏အလုပ်သမားများကို သင်ကြားလေ့ကျင့်ပေးရန် ထားရှိသည့်အချက်တွင်၊ ဤပုဒ်မပါ အထက်ကဖော်ပြခဲ့သော ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ ဝန်ကြီးသည်၊ ထိုအလုပ်သမားများအား ဤဟုဒ်မအရ၊ မိမိကထားရှိသောသင်တန်းသို့ တက်ရောက်နေသူများဖြစ်ဘိသကဲ့သို့၊ အလုပ်သမားများသို့ဖြစ်စေ၊ ထိုအလုပ်သမားများ၏ အကျိုးကျေးဇူးအတွက်ဖြစ်စေ မိမိကပေးနိုင်သော ငွေကြေးပေးခြင်းကိုသော်၎င်း၊ မိမိကထားရှိနိုင်သော လွယ်ကူမှု အခွင့်အ ်းထားရှိခြင်းကို၊ သို့တည်းမဟုတ် လုပ်ငန်းဆောင်တာများထားရှိခြင်းကိုသော်၎င်း ပြုနိုင်သည်။

(၄) ဝန်ကြီးသည်၊ ဤပုဒ်မအရ၊ မိမိကဖွင့်လှစ်ထားသည့်သင်တန်းများကို ကြီးကြပ်စီမံအုပ်ချုပ်ရန် စည်းမျဉ်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

၆။ ။(၁) စက်မှုလုပ်ငန်းတရပ်ရပ်တွင် ပိုမို၍ မှန်မှန်အလုပ်အကိုင်ပေးနိုင်ရန် ပြုထားသည့်စီမံကိန်းတရပ်ရပ်ကို ဝန်ကြီးက သဘောတူညီချက်ပေးရန် အလို့ငှါ၊ ထိုလုပ်ငန်းဆိုင်ရာ အလုပ်ရှင်များ၏ အဖွဲ့နှင့် အလုပ်သမားများ၏ အဖွဲ့တို့က တွဲဘက်လျှောက်ထားသဖြင့် ဝန်ကြီးက သဘောတူလျှင် ဝန်ကြီးသည် ထိုစီမံကိန်းအရဆောင်ရွက်မှုတွင် ကူညီရန် အစိုးရ အရာရှိများကို ဝင်ရောက်ဆောင်ရွက်စေခြင်းဖြင့် သော်၎င်း၊ မိမိသင့်လျော်သည်ထင်မြင်သော အခြားနည်းလမ်းများဖြင့်သော်၎င်း ထိုစီမံကိန်းအရဆောင်ရွက်မှု၌ အကူအညီပေးနိုင်သည်။

သို့ရာတွင် ထိုသို့ အစိုးရအရာရှိများကို ဝင်ရောက်ဆောင်ရွက်စေခြင်းဖြင့်သော်၎င်း၊ အခြားဌေးကြေးကုန်ကျရန် နည်းလမ်းများဖြင့်သော်၎င်း ဝန်ကြီးက အကူအညီပေးရန်အတွက် ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ကို ရယူရမည်။

(၂) စက်မှုလက်မှု လုပ်ငန်းတွင် ပိုမို၍မှန်မှန် အလုပ်အကိုင်ပေးနိုင်ရန် စီမံကိန်းတခုခုအရ လုပ်ကိုင်ရာ၌ဖြစ်စေ၊ ထိုစက်မှုလက်မှု လုပ်ငန်းအတွက် နောက်ထပ် စီမံကိန်းတခုခုပြုလုပ်ရာ၌ဖြစ်စေ တွေ့ကြုံရသော အခက်အခဲနှင့်စပ်လျဉ်း၍၊ ထိုစက်မှုလက်မှု လုပ်ငန်းဆိုင်ရာ အလုပ်ရှင်များ၏ အဖွဲ့နှင့် အလုပ်သမားများ၏ အဖွဲ့တို့က နိုင်ငံတော်အစိုးရထံ တွဲဘက်လျှောက်ထားလျှင် ဝန်ကြီးသည် အခက်အခဲဖြစ်စေသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ စုံစမ်းပြီးနောက် အစီရင်ခံစာတင်သွင်းစေရန် ပုဂ္ဂိုလ်တဦးဖြစ်စေ၊ အများကိုဖြစ်စေ ခန့်နိုင်သည်။

၇။ ။(၁) ဝန်ကြီးသည်၊ပုဒ်မ ၃ အရ၊ မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန် အလို့ငှါ၊ အောက်ပါကိစ္စများအတွက် ငွေထောက်ပံ့ခြင်းကိုသော်၎င်း၊ ငွေချေးခြင်းကိုသော်၎င်း၊ အခြားနည်းဖြင့် စီမံခြင်းကိုသော်၎င်း ပြုနိုင်သည်။

(က) အလုပ်အကိုင် ရရှိစေရန် အတွက် မည်သူကိုမဆို မိမိအဲ့ပေါ်မှာ မှီခိုနေသူများ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တနေရာမှ တနေရာသို့ ပြောင်းရွှေ့မှုအတွက် လွယ်ကူမှု အခွင့် အလမ်းများထားရှိစေခြင်း။

(ခ) ထိုသို့ ပြောင်းရွှေ့ပေးခြင်းခံရသူတို့ကို အလုပ်အကိုင်ပြန်လည် ချထားပေးခြင်း။

(ဂ) အလုပ်အကိုင်ရရှိစေရန်၊ ဆိုခဲ့သည့်အတိုင်း ပြောင်းရွှေ့ပေးခြင်းခံရသူများသည် အလုပ်အကိုင်မရှိလျှင်၊ သို့တည်းမဟုတ် ထိုသူများရရှိသည့် အလုပ်အကိုင်သည် ပြီးဆုံးလျှင်၊ ထိုသူများကို မိမိတို့အပေါ်၌ မှီခိုနေသူများ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အဘွင်း မည်သည့်နေရာသို့မဆို နောက်ထပ် ပြောင်းရွှေ့မှု အတွက် လွယ်ကူမှု အခွင့် အလမ်းများထားရှိစေခြင်း။

(၂) ပုဒ်မခွဲ (၁) အရ၊ မိမိသို့ဖြစ်စေ၊ မိမိနှင့်စပ်လျဉ်း၍ဖြစ်စေ ချေးငွေပေးခြင်းခံရသူအတွက် အလုပ်အကိုင် တွေ့ရှိပါလျက်နှင့် ထိုသူသည် သင့်လျော်သောအကြောင်းမရှိဘဲ၊ ထိုအလုပ်အကိုင်တွင် ဝင်ရောက်လုပ်ကိုင်ရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုအလုပ်အကိုင်တွင်ဝင်ရောက်လုပ်ကိုင်သည့်နေ့မှ တလအတွင်း သင့်လျော်သောအကြောင်းမရှိဘဲ၊ထိုအလုပ်အကိုင်မှ ထွက်လျှင်၊ ပုဒ်မခွဲ (၁) အရ၊ ထိုသူအားပေးထားသောငွေကို မြေခွန်တော်မပြေကျန်ငွေကဲ့သို့ ထိုသူထံမှတောင်းယူနိုင်သည်။

အပိုင်း ၂။

ငယ်ရွယ်သူများအတွက် အလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းဆောင်တာ။

၈။ ။ဤအက်ဥပဒေပါ ဤအပိုင်းသည်၊ အသက် ဆယ့်ရှစ်နှစ် အောက်ရှိသူများနှင့်ငင်း၊ ကျောင်းဌာ ပညာသင်ကြားဆဲဖြစ်သော အသက် ဆယ့်ရှစ်နှစ်ထက် ကျော်လွန်သူများနှင့်ငင်း သက်ဆိုင်သည်။

၉။ ။(၁) ပုဒ်မ ၃ အရ၊ ဝန်ကြီးကပြုသည့် စည်းမျဉ်းဥပဒေများတွင် ဝန်ကြီးသတ်မှတ်သည့် ဒေသများ၌ ငယ်ရွယ်သူများအတွက် အလုပ်အကိုင် ရှာဖွေရေးကော်မိတီဟု ခေါ်သည့်အကြံပေးကော်မိတီများဖွဲ့စည်းရန် ပြဋ္ဌာန်းထားရမည်။ ထိုကော်မိတီများသည် ဤအပိုင်းနှင့် သက်ဆိုင်သူများအတွက် ထိုဒေသများ၌ ဤအက်ဥပဒေအရ၊ ဝန်ကြီးက အလုပ်ဝတ်တရားများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးရန်ဖြစ်သည့်ပြင်၊ အဆိုပါအလုပ်ဝတ်တရားများနှင့် ဆက်စပ်လျက်ရှိသည်လည်းဖြစ်၍ စည်းမျဉ်း ဥပဒေများတွင် သီးခြား ဖော်ပြထားသည်လည်း ဖြစ်သော အခြားတာဝန် ဝတ်တရားများကို ထိုဒေသများရှိ ထိုသူများအတွက် ဆောင်ရွက်ရန်လည်း ဖြစ်သည်။

(၂) အဆိုပါကော်မိတီ၏ ဥက္ကဋ္ဌနှင့် အဖွဲဝင်များကို ဝန်ကြီးက ခန့်ရမည်။ ကော်မိတီတွင် ဤအပိုင်းနှင့် သက်ဆိုင်သူများ၏ အကျိုးရှိမှုဆိုင်ရာ ပညာရေးနှင့်ငင်း၊ အလုပ်အကိုင်နှင့်ငင်း၊ အခြားအကြောင်းအရာများနှင့်ငင်း စပ်လျဉ်း၍ အတွေ့အကြုံအထိပညာနှင့် ပြည့်စုံသူများပါဝင်ရမည်။

၁၀။ ။(၁) ကျောင်းထွက်သည့် ကျောင်းသူကျောင်းသားများနှင့် စပ်လျဉ်း၍သော်ငင်း၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် အသက်အရွယ်သို့ ရောက်ပြီးဖြစ်သည့် ကျောင်းတက်နေဆဲ ကျောင်းသူ ကျောင်းသားများနှင့် စပ်လျဉ်း၍ သော်ငင်း စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် အကြောင်းအချက်များကို ထိုသို့သတ်မှတ်သည့် နည်းလမ်းအတိုင်း မိမိအားပေးရမည်ဟု ကျောင်းအုပ်ချုပ်သူများကို ဆင့်ဆိုရန် ဝန်ကြီးက စည်းမျဉ်းဥပဒေများ ပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါကိစ္စများအတွက် အဆိုပါစည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် အကြောင်း အချက်များသည်၊ သက်ဆိုင်သူများ၏ ကျန်းမာရေး၊ စွမ်းရည်၊ ပညာအရည်အချင်း၊ ဝါသနာများနှင့်သက်ဆိုင်သည်လည်းဖြစ်၍၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထိုသူများအား လိုသမျှ အကြံဉာဏ်နှင့် အကူအညီပေးနိုင်ရန် ဝန်ကြီး၏ထင်မြင်ချက်၌ လိုအပ်သည်လည်း ဖြစ်သော အကြောင်း အချက်များဖြစ်ရမည်။

(၃) ဤပုဒ်မအရပြုသည့် စည်းမျဉ်းဥပဒေများတွင်၊ ထိုစည်းမျဉ်း ဥပဒေများအရပေးရသည့် အကြောင်းအချက်ဖော်ထုတ်ခြင်းကို ကန့်သတ်ရေးအတွက်ငင်း၊ ထိုအကြောင်းအချက်များ၏ မှတ်တမ်းများကို ထားရှိခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို သတ်မှတ်ရေး အတွက်ငင်း၊ ထိုမှတ်တမ်းများအသုံးပြုခြင်းနှင့် သက်ဆိုင်သော ရည်ရွယ်ချက်များကို သတ်မှတ်ရေးအတွက်ငင်း၊ စည်းမျဉ်း ဥပဒေများဖြင့် သတ်မှတ်သည့် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်၊ထိုမှတ်တမ်းများကို၊ ဖျက်ဆီးစေရေးအတွက်ငင်း ပြဋ္ဌာန်းချက်များပြုရမည်။

ခြွင်းချက်။ ။သို့ရာတွင် ပေးရသည့်အကြောင်း အချက်များနှင့် သက်ဆိုင်သော သူ၏ မိဘတဦးဦးသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ ထိုအကြောင်းအချက်များကို ထိန်းသိမ်းရသည့် အရာရှိထံ လျှောက်ထားလျှင်၊ ထိုအကြောင်း အချက်များကို ထိုအရာရှိရှေ့၌ စစ်ဆေးကြည့်ရှုနိုင်ခွင့် ရှိရမည်။ သို့ရာတွင် ထိုအကြောင်းအချက်များ၏ မိတ္တူများရနိုင်ခွင့်၊ သို့တည်းမဟုတ် ကူးယူနိုင်ခွင့် မရှိစေရ။

(၄) မည်သူမဆို ဤပုဒ်မ အရပြုသည့်စည်းမျဉ်း ဥပဒေများဖြင့် မိမိအပေါ်၌ ချအပ်သည့် ဆင့်ဆိုချက်တခုခုကိုဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင်၊ ထိုသူသည် အကျဉ်းအားဖြင့် စီရင်ပိုင်ခွင့်ရှိသော်ပြစ်မှု ကျူးလွန်သည် မည်၏။ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသည့်အခါ ငါးဆယ်ထက် မပိုသော ငွေဒဏ်ကို စီရင်ခြင်း ခံရမည်။

အပိုင်း ၃။

ဖြည့်စွက်ပြဋ္ဌာန်းချက်။

၁၁။ ။ဤအက်ဥပဒေအရပြစ်ဒဏ်စီရင်နိုင်သည့် ပြစ်မှုတခုခု အတွက် အမှုအခင်းများကို၊ ဝန်ကြီးမှတပါး၊ သို့တည်းမဟုတ် ဝန်ကြီး၏ သဘောတူချက်အရမှတပါး မည်သူမျှမစွဲဆိုရ။

ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁။] (၁၉၅၁ ခု၊ ဇွန်လ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

အမည်၊တည်ရာနေယ်အဝှန်းနှင့် အာဏာတည်သည့်နေ့၊

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့်သက်သာချောင်ချိရေး) အက်ဥပဒေဟူ၍ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊နိုင်ငံတော်သမတ ကအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့၌ အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ကလေး'' ဆိုသည်မှာ အသက်ဆယ့်ငါးနှစ် မပြည့်သေးသူကိုဆိုလိုသည်။

(ခ) ''လူရွယ်'' ဆိုသည်မှာ၊ အသက် ဆယ့်ငါးနှစ် ပြည့်ပြီးဖြစ်လျက်၊ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆိုလိုသည်။

(ဂ) ''လူငယ်'' ဆိုသည်မှာ၊ ''ကလေး'' နှင့် ''လူရွယ်'' ကို ဆိုလိုသည်။

(ဃ) ''လူကြီး''ဆိုသည်မှာ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူကို ဆိုလိုသည်။

(င) ''နေ့''၊ သို့တည်းမဟုတ် ''ရက်'' ဆိုသည်မှာ၊ ညဉ့်သန်းခေါင် ချိန်မှစ၍ ရေတွက်သော ၂၄ နာရီ ကာလအပိုင်းအခြားကိုဆိုလိုသည်။

° ၁၉၅၁ ခု၊ ဇွန်လ ၁ ရက်။ ။မြန်မာနိုင်ငံပြဋ္ဌာန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၃၃၄ တွင် ကြည့်ရှု။

(စ) ''ရက်သတ္တပတ်'' ဆိုသည်မှာ၊ စနေနေ့ ညဉ့်သန်းခေါင်ချိန်မှစ၍ ရေတွက်သော ခုနစ်ရက် ကာလအပိုင်းအခြားကို ဆိုလိုသည်။

(ဆ) ''အား'' ဆိုသည်မှာ၊ လျှပ်စစ်ဓါတ်အားကိုသော်၎င်း၊ လူ၊ သို့တည်းမဟုတ် တိရစ္ဆာန်ကို အသုံးပြုခြင်းဖြင့် ဖြစ်ပွါးစေသည့်အားမဟုတ်ဘဲ၊ စက်ကိရိယာဖြင့် ဖြစ်ပွါးစေသည့်၊ သို့တည်းမဟုတ် ပေးပို့သည် အခြားအား တမျိုးမျိုးကို သော်၎င်း ဆိုလိုသည်။

(ဇ) ''အားပေးစက်'' ဆိုသည်မှာ၊ အားဖြစ်ပွါးစေသော၊ သို့တည်းမဟုတ် အခြားနည်းဖြင့်အားပေးသောအင်ဂျင်စက်၊ မော်တော်စက်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာကို ဆိုလိုသည်။

(ဈ) ''အားပို့စက်ကိရိယာ'' ဆိုသည်မှာ၊ ဝင်ရိုး၊ ဘီး၊ ဒရမ် (drum)၊ ပူလီ၊ ပူလီသေနှင့် ပူလီရှင် (system of fast and loose pulleys)၊ ကပ္ပလင် (coupling)၊ ကလတ် (clutch)၊ သားရေပတ်ကြိုး (belt)၊ သို့တည်းမဟုတ် အခြားကြံစည်ပြုလုပ်ထားသည့် ကိရိယာကိုဆိုလိုသည်။ အားပေးစက်မှ အားကို အခြားစက်ကိရိယာသို့ ပေးပို့သည့်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာများကခံယူသည့် ကိရိယာကိုဆိုလိုသည်။

(ည) ''ရေနံအလုပ်သမား'' ဆိုသည်မှာ၊ ကြော်ငြာထားသည့် ရေနံမြေ၌ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ထုတ်လုပ်မှုတွင်ဖြစ်စေ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ ထုတ်လုပ်မှုအတွက် အသုံးပြုသည့်စက်ကိရိယာ၏၊ သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းတခုခုကို စင်ကြယ်အောင် တိုက်ချွတ်ရာတွင်ဖြစ်စေ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ ထုတ်လုပ်မှုနှင့် စပ်လျဉ်းသော၊ သို့တည်းမဟုတ် သက်ဆိုင်သော အခြားအလုပ်အကိုင်တခုခုတွင် ဖြစ်စေ၊ အခန့်သော်၎င်း၊ အခဲ့သော်၎င်း၊ တိုက်ရိုက်ခိုင်းစေခံရသော၊ သို့တည်းမဟုတ် ကိုယ်စားလှယ်မှတဆင့် ခိုင်းစေခံရသော သူကိုဆိုလိုသည်။

သို့ရာတွင် စာရေးစာချီအလုပ် သက်သက်လုပ်ကိုင်သူနှင့် အလုပ်ရုံများအက်ဥပဒေတွင်၊ အဓိပ္ပါယ်ဖေါ်ပြလျက် အကျုံးဝင်သည့် အလုပ်သမားမျိုးကို မဆိုလို။

(ဋ) ''အလိအမှတ်ပြုသာမန် အလုပ်ပိတ်ရက်'' ဆိုသည်မှာ၊ အလုပ်သမားအားလုံး အတွက်ဖြစ်စေ သီးခြားဖြစ်သော အလုပ်သမား အတန်းအစား သို့တည်းမဟုတ် အမျိုးအစားအတွက်ဖြစ်စေ ဆိုင်ရာအလုပ်ရှင်များနှင့်အလုပ်သမားတို့ ထုံးစံအားဖြင့်သော်၎င်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်းဖြင့်သော်၎င်း သာမန် အလုပ်ပိတ်ရက်ဖြစ်သည်ဟု သဘောတူသည့် (တနင်္ဂနွေနေ့မှတပါး အခြား) နေ့ တနေ့နေ့ကိုဆိုလိုသည်။

(ဌ) တနေ့တည်းတွင် တမျိုးတည်းသောအလုပ်ကို အလုပ်သမားစု နှစ်စုဖြစ်စေ၊ နှစ်စုထက်ပို၍ဖြစ်စေ၊ ကာလခွဲခြား၍လုပ်ကိုင်လျှင်၊ယင်းသို့သောအလုပ်သမားစု အသီးသီးကို ''အလှည့်ကျလူစု'' ဟု ခေါ်သည်။ထို့ပြင် ထိုအလှည့်ကျလူစုလုပ်ကိုင်သည့်ကာလအပိုင်းအခြားကို၊ သို့တည်းမဟုတ် ကာလအပိုင်းအခြားများကို ''အလှည့်'' ဟု ခေါ်သည်။

(ဍ) ''ပြဋ္ဌာန်းသည့်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

(စ) ''ကြော်ငြာထားသည့်ရေနံမြေ'' ဆိုသည်မှာ၊ရေနံမြေအက်ဥပဒေပုဒ်မ ၃ အရ ကြော်ငြာထားသည့် ရေနံမြေဖြစ်ကြောင်း သတ်မှတ်ထားသော ဒေသကို ဆိုလိုသည်။

(ဏ) ''ရေနံ'' ဆိုသည်မှာ၊သဘာဝရေနံကိုဆိုလိုသည်။ထိုစကားရပ်တွင် [ရေနံစိမ်း၊ အကြွင်းမဲ့ဖြစ်စေ၊ အချို့အဝက်ဖြစ်စေ၊] ချေးချွတ်ပြီးရေနံနှင့် ရေနံမထွက်သော မည်သည့်အရည်၊ သို့တည်းမဟုတ် အခဲမဆိုပါဝင်သည်။

(တ) ''အလုပ်ရှင်'' ဆိုသည်မှာ၊ [ရေနံတူးဖေါ်ရန်မြေငှါးကို၊ သို့တည်းမဟုတ် ရှာဖွေခွင့်လိုင်စင်ကို၊ သို့တည်းမဟုတ် တူးဖေါ်ရန်ဂရုံကိုဖြစ်စေ၊ ထိုမြေငှါးမှ၊ သို့တည်းမဟုတ်လိုင်စင်မှ၊ သို့တည်းမဟုတ် ဂရုံမှဆင်းသက်သည့် တဆင့်အငှါးတခုခုကိုဖြစ်စေ၊ထိုမြေငှါး၌၊သို့တည်းမဟုတ်ရှာဖွေခွင့်လိုင်စင်၌၊ သို့တည်းမဟုတ် ဂရုံ၌ရှိသော] အကျိုးသက်ဆိုင်ခွင့် တခုခုကိုဖြစ်စေ လက်ရှိဖြစ်သူမည်သူကိုမဆို ဆိုလိုသည့်အပြင်၊ ထိုရေနံ၊ သို့တည်းမဟုတ် ရေနံမါတ်ဌေ့ရယူသည့်အလုပ်ကို ကြီးကြပ်လုပ်ကိုင်သူ မည်သူ့ကိုမဆို ဆိုလိုသည်။

သို့ရာတွင် အလုပ်ရှင်၏ လုပ်ငန်းဆောင်တာများကို ပုဒ်မ ၇၀ အရ ခန့်ထားသည့် ကြီးကြပ်လုပ်ကိုင်သော ကိုယ်စားလှယ်အား၊ သို့တည်းမဟုတ် အခြားသူအား လွှဲအပ်လျက်၊ ယင်းသို့ ခန့်ထား သည်ကို အင်စပက်တော်အား၊ ကြိုတင်အကြောင်းကြားထားပြီးဖြစ်လျှင်၊ ထိုကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် အခြားသူသည် အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဏ) ''ရေနံဝန်နှင့်လက်ထောက်ရေနံဝန်'' ဆိုသည်မှာ၊ ရေနံမြေအက်ဥပဒေပုဒ်မ ၄ အရ ခန့်အပ်ထားသည့် ရေနံဝန်နှင့်လက်ထောက်ရေနံဝန်များကို ဆိုလိုသည်။

အချိန်နာရီရည်ညွှန်းချက်များ။

၃။ ။၅၂အက်ဥပဒေ၌ အချိန်နာရီကို ရည်ညွှန်းလျှင်၊ မြန်မာနိုင်ငံတော် စံတော်ချိန်ကို ရည်ညွှန်းသည်။

အခန်း ၂။

ကြည့်ရှုစစ်ဆေးသည့်ရာထူးမှူထမ်းအဖွဲ့။

၄။ ။(၁) နိုင်ငံတော်သမတ သည်၊အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊မိမိသင့်တော်သည် ထင်မြင်သူကို၊ ထိုသူအတွက် မိမိသင့်တော်သည်ထင်မြင်သည့် နယ်နိမိတ်သတ်မှတ်၍ ၅၂အက်ဥပဒေအလိုငှါ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။

(၂) နိုင်ငံတော်သမတ သည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊ မိမိသင့်တော်သည် ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည်၊ ၅၂အက်ဥပဒေအရ အင်စပက်တော်ချုပ်အား အပ်နှင်းသည့် အာဏာများအပြင် အင်စပက်တော်၏ အာဏာများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

(၃) အင်စပက်တော်သည်၊၅၂အက်ဥပဒေပါ ကိစ္စများလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည် ထင်မြင်သည့်အတိုင်း၊ အဆောက်အဦကိုကြည့်ရှု စစ်ဆေးခြင်း၊ ပြဋ္ဌာန်းထားသည့် မှတ်ပုံတင်စာအုပ်များနှင့်တကွ ကြော်ငြာထားသည့် ရေနံမြေနှင့် သက်ဆိုင်သော အခြားစာချုပ်စာတမ်းများကို ထုတ်ပြစေခြင်း ပြုနိုင်သည့်အပြင်၊ ထိုနေရာတွင်ပင်ဖြစ်စေ၊ အခြားတနည်းနည်းနှင့်ဖြစ်စေ (လိုအပ်

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀ အရ ပြင်ဆင်သည်။

သည် ထင်မြင်သည်) မည်သူ့ဘက်သေခံချက်ကိုမဆို ရေးမှတ်ယူနိုင်သည်။ ထို့ပြင် အင်စပက်တော်သည် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းသည့် အခြားအာဏာများကိုလည်း သုံးစွဲနိုင်သည်။

သို့ရာတွင် ရာဇဝတ် ပြစ်ဒဏ် မိမိအားထိုက်သင့်စေနိုင်သည့် အဖြေကို ပေးရမည်ဟူ၍ သော်၎င်း၊ ရာဇဝတ်ပြစ်ဒဏ် မိမိအားထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍ သော်၎င်း မည်သူ့ကိုမျှ ဤပုဒ်မအရတောင်းဆိုပိုင်ခွင့်မရှိစေရ။

(၄) ကြော်ငြာထားသည့် ရေနံမြေတွင်ဖြစ်စေ၊ ထိုကြော်ငြာထားသည့် ရေနံမြေအတွင်း လုပ်ကိုင်သည့် ရေနံထုတ် လုပ်ငန်းတွင်ဖြစ်စေ၊ ထိုလုပ်ငန်းနှင့် သက်ဆိုင်သည့် မှတ်ပုံတင်မူပိုင်ခွင့် လက်မှတ်၊ သို့တည်းမဟုတ် စက်ကိရိယာတွင်ဖြစ်စေ၊ အခြားစီးပွါးရေးလုပ်ငန်းတခုခုတွင်ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း အကျိုးသက်ဆိုင်သူ၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်လာသူ မည်သူကိုမျှ၊ ဤအက်ဥပဒေ အာဏာတည်ပြီးနောက်၊ အင်စပက်တော်ချုပ်ဖြစ်စေ၊ အင်စပက်တော်ဖြစ်စေ မခန့်ရ။ ခန့်ပြီးလျှင်လည်း၊ ထိုရာထူးလက်ရှိနှင့် ဆက်လက်၍မနေစေရ။

တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်များ။

၅။ ။(၁) နိုင်ငံတော်သမတ သည်၊ မိမိသင့်မည်ထင်မြင်သည့် မှတ်ပုံဝင် ဆရာဝန်တို့ကို ထိုသူတို့အသီးသီးအတွက် နယ်နိမိတ်အသီးသီးသတ်မှတ်၍သော်၎င်း၊ ကြော်ငြာထားသည့်ရေနံမြေကို သတ်မှတ်၍သော်၎င်း ဤအက်ဥပဒေကိစ္စများအလို့ငှါ တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်များ အဖြစ် ခန့်ထားနိုင်သည်။

(၂) တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်သည်၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့် မှတ်ပုံဝင်ဆရာဝန်တဦးတယောက်ကို မိမိသတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း နိုင်ငံတော်သမတ ကသင့်သည်ထင်မြင်သည့်အတိုင်း သတ်မှတ်သည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ၊ မိမိ၏အာဏာများကို သုံးစွဲခွင့်ပြုနိုင်သည်။ ထို့ပြင် ဤအက်ဥပဒေတွင် တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်ကို ရည်ညွှန်းသည့်အခါတိုင်း၊ ယင်းကဲ့သို့ အာဏာအပ်နှင်းထားသည့် မှတ်ပုံဝင်ဆရာဝန်ကိုလည်း ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

(၃) ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာ အလုပ်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် အလုပ်ရှင်ဖြစ်လာသူကိုသော်၎င်း၊ ထိုကြော်ငြာထားသည့် ရေနံမြေတွင်ဖြစ်စေ၊ ထိုကြော်ငြာထားသည့် ရေနံမြေအတွင်း ကုန်ထုတ်လုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းတွင်ဖြစ်စေ၊ ထိုလုပ်ငန်းနှင့် သက်ဆိုင်သည့် မှတ်ပုံတင်မူပိုင်ခွင့်လက်မှတ်၊ [သို့တည်းမဟုတ် စက်ကိရိယာတွင်ဖြစ်စေ][1] တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ အကျိုးသက်ဆိုင်သူကိုသော်၎င်း၊ ထိုကြော်ငြာထားသည့် ရေနံမြေတွင် အခြားနည်းဖြင့် ခိုင်းစေထားသူကိုသော်၎င်း တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်အဖြစ် မခန့်ထားရ။ သို့တည်းမဟုတ် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်၏ အာဏာများသုံးစွဲခွင့်မပြုရ။ ခန့်ထားပြီးဖြစ်လျှင်လည်း၊ တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်၏ အာဏာများကို ဆက်လက်သုံးစွဲခွင့်မပြုရ။

(၄) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသည့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်—

(က) ဤအက်ဥပဒေအရ၊ လူငယ်များကိုစစ်ဆေးခြင်းနှင့် တာဝန်ခံလက်မှတ်ပေးခြင်း။

(ခ) ကြော်ငြာထားသည့် ရေနံမြေတွင် ပြဋ္ဌာန်းသည့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ သို့တည်းမဟုတ် လုပ်ငန်းတွင် လုပ်ကိုင် ဆောင်ရွက်နေသူများကို စစ်ဆေးခြင်း။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀ အရ ပြင်ဆင်သည်။

(၈) °[ကြော်ငြာထားသည့် ရေနံမြေတခုခုတွင် သော်၎င်း၊ အလုပ်သမားအမျိုးအစားအတွက်သော်၎င်း]—

(၁) လုပ်ရသည့် လုပ်ငန်းကြောင့်ဖြစ်စေ၊ အလုပ်ခွင် အခြေအနေကြောင့် ဖြစ်စေ ဖြစ်ပွါးသည်ဟု ယုံကြည်ရသော ရောဂါဖြစ်ပေါ်ခဲ့သော်၊

(၂) လုပ်ငန်း၊ သို့တည်းမဟုတ် ထိုလုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းသစ်၊ သို့တည်းမဟုတ် လုပ်ငန်းအတွက် ပစ္စည်းသစ်ကို အသုံးပြုမှုကြောင့်ဖြစ်စေ ထိုလုပ်ငန်းတွင် လုပ်ရသည့် ရေနံအလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိခဲ့သော်

(၃) လူငယ်များ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာ ရှိသည့်အလုပ်တွင် လူငယ်များကို ခိုင်းစေသော်၊ သို့တည်းမဟုတ် ခိုင်းစေရန် အကြောင်းရှိသော်

ပြဋ္ဌာန်းသည့်အတိုင်း ကျန်းမာရေးနှင့် ညီညွတ်စေရန် ကြပ်မတ်ကြည့်ရှုခြင်း။

ရှင်းလင်းချက်။ ။ဤပုဒ်မတွင် ''မှတ်ပုံဝင်ဆရာဝန်'' ဆိုသည်မှာ၊ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေအရဖြစ်စေ ဆရာဝန်များ၏ မှတ်ပုံတင် စာအုပ်ထားရန် ပြဋ္ဌာန်းသည့် တည်ဆဲဥပဒေတရပ်ရပ်အရဖြစ်စေ မှတ်ပုံတင်ထားသူ မည်သူကိုမဆို ဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင် ထိုကဲ့သို့သော မှတ်ပုံတင် စာအုပ်မျိုးမဆားသည့် အရပ်ဒေသဘခုခုအတွင်း ဤပုဒ်မအလိုငှါ မှတ်ပုံဝင်ဆရာဝန်ဖြစ်သည်ဟု နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာဖြင့်ပြဋ္ဌာန်းသူလည်းပါဝင်သည်။

အခန်း ၃။

ကျန်းမာရေး။

သောက်ရေ။

၆။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင် သင့်တော်၍ အသွားအလာလွယ်ကူသော နေရာများ၌ အလုပ်သမား အားလုံးအတွက် သန့်ရှင်းစင်ကြယ်သော သောက်ရေကို လုံလောက်စွာ ထားရှိရန် ° [အလုပ်ရှင်က] ထိရောက်စွာ စီမံဆောင်ရွက်ပေးရမည်။

(၂) ရေထားပေးသော နေရာအားလုံးကို ပြိသသောစာလုံးများဖြင့် ''သောက်ရေ'' ဟု ရေးမှတ်ထားရမည့်အပြင်၊ ထိုနေရာများကို အဝတ်လျော်ဖွပ်ရာအရပ်၊ အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာမှ ပေ နှစ်ဆယ်အတွင်း မထားရှိစေရ။

(၃) သောက်ရေပေးရာ၌ ပြည်သူ့ကျန်းမာရေး အာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကိုလည်း၊ ကြော်ငြာထားသည့် ရေနံမြေ၊ သို့တည်းမဟုတ် ကြော်ငြာထားသည့် ရေနံမြေ တစိတ်တဒေသကို သန့်ရှင်းစင်ကြယ်သော သောက်ရေပေးရန် အခြားလိုအပ်သည့် အချက်များကိုလည်း နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည်။

အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများ၊

၇။ ။(၁) ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင်—

(က) အလုပ်သမားများ အချိန်မလွှဲ ပွဲယ်ကူစွာသွားလာနိုင်သည့် နေရာများ၌ အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို သတ်မှတ်သော ပုံစံအတိုင်း လုံလောက်စွာ ထားရှိရမည်။

° ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀ အရအစားထည့်သွင်းသည်။

(ခ) မိန်းမ ရေနံအလုပ်သမားများအတွက် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို ယောကျ်ား ရေနံ အလုပ်သမားများအတွက် ထားရှိသော အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများမှ သီးခြားစီမံထားပေးရမည်။

(ဂ) ထိုအိမ်သာများ၏ အဝင်ဝတွင် ယောကျ်ားသွားရန်၊ သို့တည်းမဟုတ် မိန်းမသွားရန်ဟု သက်ဆိုင်ရာ စာတင်းကိုဖြစ်စေ၊ အမှတ် အသားကိုဖြစ်စေ ထင်ရှားအောင် ကပ်ထားရမည်။

(ဃ) အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို အလင်းရောင်နှင့်လေလုံလောက်စွာရရှိရန် စီမံထားရှိရမည်။ မည်သည့်အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာကိုမျှ ကြားနေရာလပ်၊ သို့တည်းမဟုတ် လေဝင်လေထွက်နိုင်သောလင်းမရှိဘဲ အလုပ်ခန်းနှင့် ဆက်သွယ်၍ မထားရ။

(င) အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာများကို မည်သည့်အချိန်၌မဆို သန့်ရှင်းစင်ကြယ်၍၊ ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေတွင် ထားရှိရမည်။

(စ) တံမြက်လှည်းသူများ ထားရှိရမည်။ ထိုတံမြက်လှည်းသူများ၏ အဓိကအလုပ်ဝတ်တရားမှာ၊ အိမ်သာများ၊ ကျင်ငယ်စွန့်ရန်နေရာများနှင့် လျှော်ဖွပ်ရန် နေရာများကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ရန် ပင်ဖြစ်သည်။

(၂) အင်စပက်တော်သည်၊ ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင် သာမန်ခိုင်းစေထားသော ယောကျ်ားရေနံအလုပ်သမားနှင့် မိန်းမရေနံအလုပ်သမားတို့၏ အရေအတွက် အချိုးအစားကို လိုက်၍ အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာအရေအတွက်ကို သတ်မှတ်နိုင်သည်ပြင်၊ ထိုရေနံမြေအတွင်း ခိုင်းစေထားသော ရေနံအလုပ်သမားတို့၏ ကျန်းမာရေးအတွက် လိုအပ်မည်ဟု မိမိယူဆသော သန့်ရှင်းစင်ကြယ်ရေးနှင့် စပ်လျဉ်း၍ ရေနံအလုပ်သမားတို့၏ တာဝန် ဝတ်တရားနှင့်တကွ၊ အခြားကိစ္စများအတွက်လည်း စီမံပေးနိုင်ခွင့်ရှိသည်။

အခန်း ၄။

ဘေးရန်ကင်းရှင်းမှု။

စက်ကိရိယာများကို ကာရံထားခြင်း။

၈။ ။(၁) ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် အောက်ပါ စက်ကိရိယာများကို ထိုစက်ကိရိယာများ လည်နေစဉ်၊ သို့တည်းမဟုတ် ထိုစက်ကိရိယာများကို အသုံးပြုနေစဉ် အခိုင်အခံ့ ဆောက်လုပ်ထားသည့် အကာအရံများဖြင့် လုံခြုံစွာကာရံထားရမည်ပြင်၊ ထိုအကာအရံများကို အစဉ်အမြဲပြုပြင်၍ နေရာတကျထားရှိရမည်။

(က) အားပေးစက်များ—

(၁) အားပေးစက်၏ လှုပ်ရှားနေသော အစိတ်အပိုင်းနှင့် အားပေးစက်နှင့် တိုက်ရိုက် ဆက်သွယ်ထားသော အားပေးစက်ဘီး (ထိုအားပေးစက်သည်၊ သို့တည်းမဟုတ် အားပေးစက်ဘီးသည် စက်ခန်းအတွင်း၌ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ)။

(၂) ရေအားဘီး (water-wheel) နှင့် ရေရဟတ် (water turbine) ၏ ရွေ့စွန်းနှင့် နောက်မြီးစွန်းများ။

(၃) လျှပ်စစ် ဂျင်နရေတာ (electric generator) ၏ အစိတ်အပိုင်း၊ မော်တော်စက်၏ အစိတ်အပိုင်းအား ပြောင်းလွဲစက် (rotary converter)

၏ အစိတ်အပိုင်းအသီးသီး (အကယ်၍ ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်း ရှိတိုသကဲ့သို့ အဆောက်အဦတွင် ဖြစ်စေ၊ အနီးတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(ခ) အားပို့စက် ကိရိယာများ—

အားပို့စက်ကိရိယာများ၏ အစိတ်အပိုင်းအသီးသီး (အကယ်၍ ထိုအစိတ်အပိုင်းအသီးသီး တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်း ရှိတိုသကဲ့သို့ အဆောက်အဦတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(ဂ) အခြားစက်ကိရိယာများ—

(၁) အခြားစက်ကိရိယာများ၏ ဘေးအန္တရာယ် ဖြစ်စေတတ်သော အစိတ်အပိုင်းအသီးသီး (အကယ်၍ ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့် သော်၎င်း ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်း ရှိတိုသကဲ့သို့ အဆောက်အဦတွင် ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(၂) တွင်ခုံ၏ ခေါင်းပိုင်းမှ အစွန် ထွက်နေသော ပစ္စည်း၏ အစိတ်အပိုင်း။

သို့ရာတွင် အထက်ဆိုခဲ့သည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) နှင့် (ဂ) ပါ ကိစ္စများအလို့ငှါ၊ အကယ်၍ စက်ကိရိယာအစိတ်အပိုင်း တခုသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်း ရှိတိုသကဲ့သို့ အဆောက်အဦတွင် ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေသည် မကင်းရှင်းစေသည် ဆုံးဖြတ်ရာ၌၊ ထိုစက်ကိရိယာ အစိတ်အပိုင်းလည်နေစဉ်သာ၊ စစ်ဆေးရန်လိုသည့် စက်ကိရိယာစစ်ဆေးမှုကို ပြုလုပ်နေသူကိုဖြစ်စေ၊ စက်ကိရိယာ အစိတ်အပိုင်းလည်နေစဉ်သာ၊ စစ်ဆေးရာ၌ လိုအပ်သည် ထင်မြင်သော၊ သားရေကြိုးတပ်ဆင်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် အခြားစက်ကိရိယာ နေရာတကျရှိအောင် ပြင်ဆင်မှု ပြုလုပ်နေသူကို ဖြစ်စေ၊ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

ထို့ပြင်—

(၁) စက်ကိရိယာများကို ကာရံထားရမည့် အခြားတာဝန်များအပြင် အထိန်းဝက်အူ၊ လည်သည့်ဝင်ရိုးတံ၏ သော့ချက်၊ ဝင်ရိုး၊ ဘီး၊ သို့တည်းမဟုတ် ပင်နယ်၊ သံဆူးတက် အားလုံ၊ ဝက်အူရစ်တံ အားလုံးနှင့် အသွား တပ်ထားသည့်၊ သို့တည်းမဟုတ် ပွတ်၍လည်သည့် အခြားကိရိယာအားလုံးကို ကာရံထားခြင်း မရှိလျှင်၊ ဤပုဒ်မခွဲနှင့် သက်ဆိုင်သော အလုပ်ကိုလုပ်နေသူအား ထိခိုက်ဘွယ် အကြောင်းရှိမည်ဖြစ်၍၊ ၎င်းစက်ကိရိယာများကို လုံခြုံစွာ ကာရံထားရမည်။

(၂) တသားတည်းဖြစ်အောင် ဆက်ထားသော၊ သားရေပတ်ကြိုးမှလွဲ၍ အခြားသားရေပတ်ကြိုးများကို၊ လည်နေသော ပူလီပေါ်တင်ခြင်း၊ သို့တည်းမဟုတ် ချခြင်း အလို့ငှါ ကိုင်တွယ်ခြင်းမပြုစေရ၊ ထို့ပြင်

(၃) သားရေပတ်ကြိုးတင်ခြင်း၊ ချုံခြင်းစသော အလုပ်လုပ်သူသည်၊ ထိုအလုပ်အတွက် အထူး သင်ကြားထားသော ယောကျ်ားလူကြီး ရေနံအလုပ်သမား ဖြစ်ရမည့် အပြင်၊ ထိုသူ့ကို ပြဋ္ဌာန်းထားသည့် ရေနံအလုပ်သမား မှတ်ပုံတင် စာအုပ်တွင် ထိုအလုပ်လုပ်သူအဖြစ် အမည်ရေးသွင်းထားရမည်။ ထို့ပြင် ထိုအလုပ်ကို လုပ်နေစဉ်၊ ထိုသူအား ကိုယ်ကြပ်အဝတ်ကို ဝတ်ဆင်စေရမည်။

(၄) နိုင်ငံတော်သမတ သည်၊ စက်ကိရိယာတခုခုအတွက်၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုအတွက်၊ မိမိလိုအပ်သည်ထင်မြင်လျှင်၊ နောက်ထပ်ကာကွယ်ရေးစီမံချက်များကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။ သို့တည်းမဟုတ် စက်ကိရိယာတခုခုကိုဖြစ်စေ၊ စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ အလုပ်သမားတို့ ဘေးရန်ကင်းရှင်းရန်အတွက် လိုအပ်သည်ဟု မိမိထင်မြင်သောစည်းကမ်းချက်ထား၍၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) နှင့် (ဂ) ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ နည်းဥပဒေများဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

အားဖြတ်တောက်ရန် ကိရိယာများ။

၉။ ။ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင်—

(က) အားပို့စက်ကိရိယာ၏ အစိတ်အပိုင်းဖြစ်သော ပူလီရှင်မှ ပူလီသေသို့ငင်း၊ ပူလီသေမှ ပူလီရှင်သို့ငင်း၊ သားရေပတ်ကြိုးများ ရွှေ့ပြောင်းရန် သင့်တော်သော ကိရိယာ၊ သို့တည်းမဟုတ် အခြားထိရောက်စွာစီမံထားသော ကိရိယာကို အသုံးပြုရမည်။ ထို့ပြင် ဆိုခဲ့သည့်ကိရိယာများကို ပူလီသေပေါ်သို့သားရေကြိုးပြန်၍ မရွှေ့စေရန် တနည်းနည်းအားဖြင့် စီမံထားရှိရမည်။

(ခ) သားရေပတ်ကြိုးများကို အသုံးမပြုသောအခါ လည်နေသော ဝင်ရိုးပေါ်တွင် တင်မထားရ၊ သို့တည်းမဟုတ် မကျရောက်စေရ။

စက်ကိရိယာများအနီးတွင် လုပ်ရသော အလုပ်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ။

၁၀။ ။(၁) မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည့်ကလေးကိုမျှ စက်ကိရိယာအစိတ်အပိုင်းလည်နေစဉ်၊ ထိုအစိတ်အပိုင်းကို တိုက်ချွတ်ရန်၊ စက်ဆီထည့်ရန်၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ရန်သော်၎င်း၊ လည်နေသည့်စက်ကိရိယာ၏ လည်နေသော အစိတ်အပိုင်းစပ်ကြားတွင်၊ သို့တည်းမဟုတ် ပုံသေတပ်ထားသည့် အစိတ်အပိုင်းနှင့်လည်နေသော အစိတ်အပိုင်းစပ်ကြားတွင်၊ အလုပ်လုပ်ရန်သော်၎င်း ခွင့်မပြု။

(၂) ကြော်ငြာထားသည့် ရေနံမြေများတွင်ဖြစ်စေ၊ ထိုရေနံမြေတစိတ်တဒေသတွင်ဖြစ်စေ သီးခြားဖေါ်ပြထားသည့် စက်ကိရိယာအစိတ်အပိုင်းများလည်နေစဉ်၊ ထိုအစိတ်အပိုင်းများကို မည်သူမျှ တိုက်ချွတ်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ခြင်းမပြုရဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် တားမြစ်နိုင်သည်။

ပင့်စက် (lift)၊ မြှောက်စက် (hoist)၊ကရိန်းစက် (crane)နှင့် အခြားပင့်စက်များ။

၁၁။ ။(၁) ကြော်ငြာထားသည့် ရေနံမြေအတွင်းရှိ မြှောက်စက် (hoist)၊ ပင့်စက် (lift)၊ကရိန်းစက် (crane) နှင့် အခြားပင့်စက်အားလုံးနှင့်စပ်လျဉ်း၍ အောက်ပါပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပုံသေတပ်ထားသည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းနိုင်သည့်၊ ခုတ်မောင်းကိရိယာ (working gear) ကြိုးများနှင့် ကွင်းဆက်သံကြိုးများ၊ ဆွဲထိန်းသည့်ကိရိယာ (anchoring and fixing appliances) အမျိုးမျိုးပါဝင်သည့် ပင့်စက်အစိတ်အပိုင်းကို—

(၁) တောင့်တင်းခိုင်ခံ့သောပစ္စည်းဖြင့် ကောင်းမွန်စွာဆောက်လုပ်ထားရမည်။

(၂) နေရာတကျလည်းပြုပြင်ထားရှိရမည်။ ထို့ပြင် စစ်ဆေးပိုင်ခွင့်ရှိသူက ဆယ့်နှစ်

လလျှင် အနည်းဆုံးတကြိမ်ကျ စေ့ငသေချာစွာစစ်ဆေးရမည်။ ထိုသို့ စစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော အကြောင်းအရာများ ရေးမှတ်ထားသည့် မှတ်ပုံတင်စာအုပ်ထားရှိရမည်။

(ခ) ဘေးရန်ကင်းရှင်းစွာ သယ်ယူနိုင်သည့်ဝန်ချိန်ထက်ပို၍သယ်ယူရန် ထိုစက် ကိရိယာများကို အသုံးမပြုရ၊ ထိုစက်ကိရိယာပေါ်တွင် သယ်ယူနိုင်သည့်ဝန်ချိန်ကို ထင်ရှားစွာရေးသားထားရမည်။

(ဂ) ကရိန်းစက် (crane)' သွားလာရာဘီးလမ်းပေါ်၌ဖြစ်စေ၊ ဘီးလမ်းအနီး၌ ဖြစ်စေ၊ ခိုင်းစေခံရသူကိုသော်၎င်း၊ အလုပ်လုပ်နေသူကိုသော်၎င်း၊ မည်သည့် နေရာတွင်မဆို၊ ကရိန်းစက် (crane) နှင့် ထိခိုက်ဘွယ်ရာအကြောင်းရှိလျှင်၊ ထိုနေရာမှ ပေနှစ်ဆယ်အတွင်းသို့ ကရိန်းစက် (crane) မရောက်နိုင်ရန် ကျန်စွာ စီမံထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့်ရေနံမြေတွင်၊ ပဉ္စက်တခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပဉ္စက်အမျိုးအစားတခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ—

(က) ဤပုဒ်မရှိ လိုအပ်ချက်များကိုဖြည့်စွက်ရန် နောက်ထပ်လိုအပ်ချက်များကို ပြဋ္ဌာန်းသည့်၊

(ခ) ဤပုဒ်မပါ လိုအပ်ချက်အားလုံး၊ သို့တည်းမဟုတ် လိုအပ်ချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ရန် မလိုဟုသော်၎င်း၊ မဖြစ်နိုင်ဟုသော်၎င်း ထင်မြင်သဘောရှိလျှင်၊ ယင်းသို့လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

လည်သောစက်ကိရိယာ။

၁၂။ ။(၁) ကြော်ငြာထားသည့်ရေနံမြေအတွင်း၌ ကျောက်ဖြင့်ကြိတ်ခြင်း၊ သို့တည်းမဟုတ် ပွတ်တိုက်ခြင်းစသော လုပ်ငန်းကိုလုပ်ကိုင်သည့် နေရာတိုင်းတွင်အသုံးပြုသည့် ကြိတ်စက်၏ ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သောအရှိန် (Peripheral speed) ကိုလည်း၊ ထိုစက်၏ ဝင်ရိုးအရှိန်ကိုလည်း၊ ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သော အရှိန်ထက်ပို၍မလည်စေရန် လိုအပ်သည့် ပူလီ၏အချင်းကိုလည်း ဖော်ပြသည့်နှုန်းတစ်စာကို၊ အသုံးပြုနေသောစက်အသီးသီး၌ အမြဲကပ်ထားရမည်၊ သို့တည်းမဟုတ် စက်အသီးသီးနားတွင် အမြဲထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရကပ်ထားသည့်နှုန်းတစ်စာများတွင် ဖော်ပြထားသော အရှိန်ထက်ပို၍ ကျောက်စက်ကိုမလည်စေရ။

(၃) ကြော်ငြာထားသည့်ရေနံမြေတွင် စက်အားဖြင့်လည်သည့်ခွက် (vessel)၊ ချိုင့် (cage)၊ ခြင်းတောင်း (basket)၊ အားပေးစက်ဘီး၊ ပူလီ၊ အပြားဝိုင်း (disc)၊ သို့တည်းမဟုတ် အလားတူကိရိယာ အသီးသီး၏အရှိန်သည်၊ ဘေးရန်ကင်းရှင်းစွာလည်နိုင်သော အရှိန်ထက်ပို၍မလည်ရအောင် တားဆီးနိုင်သည့်စီမံချက်များပြုလုပ်ထားရမည်။

တိုးအားစက် Pressure plant)။

၁၃။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် အသုံးပြုသည့် စက်ကိရိယာ၏ အစိတ်အပိုင်း၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်၊ သဘာဝလေတိုးအားထက် သာလွန်သော တိုးအားကိုအသုံးပြုလျှင်၊ ထိုအစိတ်အပိုင်းအသုံးပြုနေသောတိုးအားကို၊ ဘေးရန်ကင်းရှင်းစွာအသုံးပြုနိုင်သည့် တိုးအားထက်မပိုရအောင် ကျနစွာစီမံထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) တွင် ချည်ညွှန်းထားသည့်စက်၊ သို့တည်းမဟုတ် စက်ကိရိယာတခုခုကိုစစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောနည်းဥပဒေများကိုလည်း၊ ကြော်ငြာထားသည့်ရေနံမြေအတွင်းတွင် ထိုစက်၊ သို့တည်းမဟုတ် စက်ကိရိယာနှင့်စပ်လျဉ်း၍

ဘေးရန်ကင်းရှင်းအောင် ပြုလုပ်ရန်လိုအပ်သည်ဟု ဒါမိထင်မြင်သည့်အခြားစီမံချက်များကို ပြဋ္ဌာန်းသော နည်းဥပဒေများကိုလည်း ပြုလုပ်နိုင်သည်။

လှောင်တွင်း (sump)၊ တွင်း (pit)၊ ကြမ်းပေါက် စသည်များ။

၁၄။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင် ပုံသေတပ်ဆင်ထားသောခွက် (vessel)၊ လှောင်တွင်း (sump)၊ လှောင်ကန် (tank)၊ တွင်း (pit)၊ ကြမ်းပေါက်၊ သို့တည်းမဟုတ် တွင်းပေါက်အသီးသီး၏ စောက်အနက် အနေအထား၊ တည်ထားပုံ၊ သို့တည်းမဟုတ် ထည့်သွင်းထားသည့်အရာများကို ထောက်ချင့်ခြင်းအားဖြင့် ဘေးအန္တရာယ် ဖြစ်ဘွယ်ရာအကြောင်း ရှိလျှင်၊ ထိုခွက်၊ ကန်၊ တွင်း၊ အပေါက်စသည်များကို လုံခြုံစွာဖုံးအုပ်ထားရမည်၊ သို့တည်းမဟုတ် ခိုင်ခံ့စွာကာရံထားရမည်။

သို့ရာတွင် ရေနံတူးဖေါ်ထုတ်ယူရာ၌ မောင်းစက်ကြမ်းပြင် (derrick floor) တွင် အောက်ခန်းနှင့် တည့်တည့်အပေါက်တခုထားမှအလုပ်လုပ်နိုင်မည်ဖြစ်လျှင်၊ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် ထိုလုပ်ငန်းနှင့်မသက်ဆိုင်စေရ။

(၂) ပြွန်ဆက် (casing joint)၊ သို့တည်းမဟုတ် ကြိုးကိုင်ယာအဆက် (cable tool joint) ကို ပြင်ဆင်တပ်ဆင်နေစဉ် အလုပ်သမားများအောက်ခန်းဘင်းထဲသို့ လိမ့်ကျခြင်းမရှိနိုင်အောင် အခန်းအထက်ရှိအပေါက်ကို အလုပ်ရှင်က ထိုကိုယာ၏ပတ်လည်တွင် ကာရံဖုံးပိတ်ထားရမည်။

အလွန်အမင်း လေးလံသော ဝန်ချိန်များ။

၁၅။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် မည်သည့်မိန်းမ၊ လူရွယ်၊ သို့တည်းမဟုတ် ကလေးကိုမျှ၊ လေးလံလွန်းသဖြင့် ထိခိုက်နာကျင်စေမည့်လက္ခဏာရှိသောဝန်ချိန်ကိုပင့်ရန်၊ သယ်ယူရန်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရန်မခိုင်းစေရ။

(၂) နိုင်ငံတော်သမတ သည်၊ ကြော်ငြာထားသည့်ရေနံမြေတွင်၊ သာမန်အားဖြင့်လုပ်သူတို့ပင့်ရမည့်၊ သယ်ယူရမည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရမည့်အများဆုံးဝန်ချိန်ကို ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုလုပ်နိုင်သည်။

မျက်စိကို ကာကွယ်ခြင်း။

၁၆။ ။ကြော်ငြာထားသည့်ရေနံမြေတွင်—

(က) လုပ်သည့်လုပ်ငန်းအရ၊ လုပ်ရာမှထွက်သောအမှုန်များကြောင့်၊ သို့တည်းမဟုတ် အပိုင်းအစများကြောင့် မျက်စိကိုထိခိုက်ဘွယ်ရာရှိသော လုပ်ငန်းဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလင်းရောင် အလွန်အမင်းဆိုးသဖြင့် မျက်စိဘေးအန္တရာယ်ဖြစ်ဘွယ်ရာရှိသည့် လုပ်ငန်းဖြစ်သည်ဟူ၍သော်၎င်း

ပြဋ္ဌာန်းသောလုပ်ငန်းတခုခုနှင့်စပ်လျဉ်း၍၊ ယင်းသို့လုပ်ရာ၌ဖြစ်စေ၊ လုပ်သည့်ဓနရာ၏အနီး၌ဖြစ်စေ ခိုင်းစေခံရသူတို့ကို ကာကွယ်ပေးရန်အလို့ငှါ၊ အလင်းရောင်ကိုထိရောက်စွာ တားဆီးနိုင်သည့်အကာအရံများ၊ သို့တည်းမဟုတ် သင့်တော်သောအလင်းကာမျက်မှန်များကိုစီမံထားပေးရန် နိုင်ငံတော်သမတ ကနည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုး အငွေ့များနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ချက်များ။

၁၇။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် လူများ မူးမေ့သွားလောက်အောင် ဘေးအန္တရာယ်ဖြစ်စေတတ်သည့်၊ အခိုးအငွေ့များရှိတတ်သောအခန်း၊ လှောင်ကန်၊ လှောင်စည် (vat)၊ တွင်း၊ ပြွန်၊ လေလင်း (flue)၊ သို့တည်းမဟုတ် အခြားပိတ်လှောင်ထားသည့်နေရာတွင် လူတယောက်ထွက်နိုင်အောင် ကျယ်သောကယ်ပေါက်တခု၊ သို့တည်းမဟုတ် အခြားထွက်ပေါက်တခု စီမံထားပေးခြင်းမရှိလျှင်၊ ထိုအတွင်းသို့မည်သူမျှမဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၂) ကြော်ငြာထားသည့်ရေနံမြေတွင် ပုဒ်မခွဲ (၁)၌ ရည်ညွှန်းထားသည့်ပိတ်လှောင်သော နေရာအတွင်း၌ နှစ်ဆယ့်လေးမို့ (volt) ထက်ပိုသော လက်ဆွဲလျှပ်စစ်ဓါတ်မီးကို အသုံးမပြုစေရ။ ထို့ပြင် ထိုနေရာအတွင်း၌ရှိသော ဘေးအန္တရာယ်ဖြစ်စေတတ်သည့်အခိုးအငွေ့များသည် မီးတောက်လောင်နိုင်စေသည့်ဓါတ်သဘာဝဖြစ်လျှင်၊ မီးမကူးနိုင်အောင် ပြုလုပ်ထားသည့်မီးအိမ်၊ သို့တည်းမဟုတ် ဓါတ်မီးမှလွဲ၍၊ အခြားမီးအိမ်၊ သို့တည်းမဟုတ် ဓါတ်မီးကို အသုံးမပြုစေရ။

(၃) ကြော်ငြာထားသည့်ရေနံမြေ၌၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ပိတ်လှောင်သောနေရာ၌ ရှိနေတတ်သည့်အခိုးအငွေ့များကိုဖယ်ရှားရန်နှင့် အခိုးအငွေ့များမဝင်စေရန် အစွမ်းကုန် စီမံထားခြင်း၊ ထို့ပြင် အောက်ဖေါ်ပြရာပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိလျှင်၊ မည်သူမျှ ထိုပိတ်လှောင်သည့်နေရာသို့မဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(က) စမ်းသပ်ပိုင်ခွင့်ရှိသူကမိမိကိုယ်တိုင်ထိုနေရာကိုစမ်းသပ်ပြီးနောက် ဘေးအန္တရာယ်ဖြစ်စေတတ်သော အခိုးအငွေ့များကင်းရှင်းကြောင်း၊ ထိုနေရာသို့ လူများဝင်ရောက်ရန်သင့်တော်ပြီဖြစ်ကြောင်း၊ တာဝန်ခံလက်မှတ်ပေးခြင်း၊ သို့တည်းမဟုတ်

(ခ) ရေနံအလုပ်သမားသည် သင့်တော်သော အသက်ရှူတန်းဆာပလာကို တပ်ဆင်ထား၍၊ ခါးပတ်ပတ်သည့်ပြင်ထိခါးပတ်တွင် ကြိုးတချောင်းခိုင်မြဲစွာချည်ထားပြီးနောက် လွတ်နေသောကြိုးစကို ပြင်ပ၌ရှိနေသောလူတယောက်က ကိုင်ထားခြင်း။

(၄) သင့်တော်သော အသက်ရှူတန်းဆာပလာ၊ သင့်တော်သောပြန်လည်သတိရအောင်ပြုနိုင်သည့်တန်းဆာပလာ၊ သင့်တော်သော ခါးပတ်နှင့် ကြိုးများကို တဦးတယောက်သောသူဝင်ရောက်သည့် ပိတ်လှောင်သောနေရာ၏ အနီးအနား၌၊ ချက်ခြင်း သုံးပြုနိုင်ရန် အသင့်ထားရှိရမည်။ ထိုတန်းဆာပလာအားလုံးကိုစစ်ဆေးပိုင်ခွင့်ရှိသူက ကာလအပိုင်းအခြားအားဖြင့်မှန်မှန်စစ်ဆေး၍ အသုံးပြုရန် သင့်တော်ကြောင်းတာဝန်ခံရမည်။ ထို့ပြင်ခိုင်းစေခံရသူများအနက် လုံလောက်သောဦးရေကို ထိုတန်းဆာပလာများ အသုံးပြုနည်းနှင့် အသက်ပြန်လည် ရှူရှိုက်စေနိုင်သည့် နည်းလမ်းများကို သင်ကြားလေ့ကျင့်ပေးရမည်။

(၅) လူတို့အတွက် ဘေးရန်ကင်းရှင်းစွာ ဝင်ရောက်နိုင်ရန်အလို့ငှါ၊ ဘွိုင်လာ၊ ဘွိုင်လာမီးလမ်း၊ ဘွိုင်လာမီးဖို၊ ပေါင်းအိုး (still)၊ အခန်း၊ လှောင်ကန်၊ လှောင်စည်၊ ပြွန်၊ သို့တည်းမဟုတ် အခြားပိတ်လှောင်သောနေရာကို လေသွင်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လုံလောက်စွာ အေးအောင်မပြုလုပ်ရသေးမီ၊ ထိုနေရာအသီးသီးသို့ အလုပ်လုပ်ရန်ဖြစ်စေ၊ စမ်းသပ်စစ်ဆေးရန်ဖြစ်စေ မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၆) နိုင်ငံတော်သမတ သည်၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အငယ်ဆုံးအကျယ်အဝန်း မည်ရွေမည်မျှရှိရမည်ကို ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ မိမိသင့်တော်မည်ထင်သည့် စည်းကမ်းချက်များထား၍ မည်သည့်ကြော်ငြာထားသည့် ရေနံမြေကိုမဆို ဤပုဒ်မပါပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ခြင်းမှ အမိန့်စာဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။

ရေပါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ်

၁၀။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင် ကျောက်ဖြင့်ကြိတ်ခြင်း၊ ဆန်ခါချခြင်း၊ သို့တည်းမဟုတ် အခြားနည်းလုပ်ငန်း တခုခုကြောင့်ဖြစ်သည့်အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့သည်၊ မီးကူးလျှင်ပေါက်ကွဲနိုင်သည့် အမျိုးအစားဖြစ်၍၊ ပေါက်ကွဲလောက်အောင် များပြားလျှင်၊

ဤကဲ့သို့ပေါက်ကွဲခြင်းကို အစွန်းကုန်တားဆီးရန် အောက်ဖေါ်ပြရာပါအတိုင်း စီမံထားရမည်။

မီးတောက်လောင်စေတတ်သည့်အမှုန့်၊ အခိုးအငွေ့ စသည်များ။

(က) လုပ်ငန်းတွင်အသုံးပြုသည့်စက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကိုထိရောက်စွာကာရံထားခြင်း။

(ခ) အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့ကို များပြားအောင် မစုဖြစ်ရန်ပြုလုပ်ခြင်း၊ သို့တည်းမဟုတ် ထိုသို့စုမိလျှင်ထိုစုခြင်းကိုပယ်ရှားခြင်း။

(ဂ) မီးကူးစေနိုင်သည့် အရာအားလုံးကို ကင်းလွတ်စွာထားခြင်း၊ သို့တည်းမဟုတ် လုံခြုံစွာကာရံထားခြင်း။

(၂) ကြော်ငြာထားသည့်ရေနံမြေအတွင်း ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့်လုပ်ငန်းခွင် အသုံးပြုသောစက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကို၊ ဆိုခဲ့သည့်အတိုင်း ပေါက်ကွဲသည့် အရှိန်ကိုခံနိုင်အောင် တည်ဆောက်ထားခြင်းမရှိလျှင်၊ စက်၌၊ သို့တည်းမဟုတ် စက်ကိရိယာ၌ အပိတ်အဆို့များ (chokes)၊ အတားအဆီးများ (baffles)၊ လွှတ်ပေါက်များ (vents)၊ သို့တည်းမဟုတ် အခြားအလားတူထိရောက်စွာ တားဆီးနိုင်သည့်ကိရိယာများ စီမံထားပေးခြင်းဖြင့် ပေါက်ကွဲခြင်းကိုမပြန့်အောင်နှင့် ပေါက်ကွဲခြင်းကြောင့် ထိခိုက်သည့်အပျက်အစီးကို နည်းနိုင်သမျှ နည်းအောင်တားဆီးရန်အလို့ငှါ၊ အစွမ်းကုန်ဆောင်ရွက်ပေးရမ ။

(၃) ကြော်ငြာထားသည့်ရေနံမြေအတွင်းစက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတွင် ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအခိုးသည်ငြင်း၊ အငွေ့သည်ငြင်း၊ သဘာဝလေအားထက်ကြီးသော တိုးအားရှိလျှင်၊ ထိုအစိတ်အပိုင်းကို အောက်ပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်မဖွင့်ရ။

(က) စက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏အစိတ်အပိုင်းနှင့် ဆက်သွယ်လျက်ရှိသော ပြွန်ဆက်ကိုတင်းကြပ်ခြင်းမပြုမီ၊ သို့တည်းမဟုတ် ထိုအစိတ်အပိုင်းရှိအပေါက်၏ တင်းကြပ်စွာပိတ်ထားသည့်အဖုံးကို မလျှော့မီ ထိုအစိတ်အပိုင်းထဲသို့၊ သို့တည်းမဟုတ် ထိုပြွန်ထဲသို့အခိုး၊ သို့တည်းမဟုတ် အငွေ့မဝင်အောင် အပိတ်အဆို့ဖြင့်ဖြစ်စေ၊ အခြားတနည်းနည်းဖြင့်ဖြစ်စေ၊ ကျန်စွာပိတ်ဆို့ထားရမည်။

(ခ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ်စွာပိတ်ဆို့ထားသည့်ပြွန်ဆက်၊ ပိတ်ဆို့သည့် အပိတ်အဆို့ကို မဖြုတ်မီ၊ ပြွန်တွင်း၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းတွင်ရှိသောအခိုး၊ သို့တည်းမဟုတ် အငွေ့၏တိုးအားကိုသဘာဝလေအားနှင့်ညီအောင် လျှော့ရန်အစွန်းကုန်စီမံဆောင်ရွက်ရမည်။

(ဂ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ်ထားသည့်ပြွန်ဆက်၊ ပိတ်ဆို့ထားသည့် အပိတ်အဆို့ကို လျှော့ပြီးလျှင်၊ သို့တည်းမဟုတ် ဖြုတ်ပြီးလျှင်၊ ထိုအပိတ်အဆို့၊ သို့တည်းမဟုတ် ပြွန်ဆက်ကိုပြန်လည်တင်းကြပ်ခြင်း၊ သို့တည်းမဟုတ် ခိုင်ခံ့စွာပြန်လည်တပ်ဆင်ခြင်း၊ မပြုလုပ်မီ၊ ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအခိုးကို၊ သို့တည်းမဟုတ် အငွေ့ကို ထိုပြွန်တွင်းသို့ဖြစ်စေ၊ စက်၊ သို့တည်းမဟုတ် စက်ကိရိယာအစိတ်အပိုင်းအတွင်းသို့ဖြစ်စေ၊ မဝင်စေရန် ကျန်စွာစီမံထားရှိရမည်။

(၄) ကြော်ငြာထားသည့်ရေနံမြေအတွင်း ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအရာရှိသော၊ သို့တည်းမဟုတ် ရှိခဲ့ပြီးဖြစ်သောစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်မှ ထိုအရာနှင့် ထိုအရာမှဖြစ်သော အခိုးအငွေ့များကို ပယ်ရှားရန်၊ သို့တည်း

မဟုတ် ထိုအရာနှင့် အခိုးအငွေ့များကို မပေါက်ကွဲအောင်၊ သို့တည်းမဟုတ် မီးမတောက်လောင်အောင်ပြုလုပ်ရန် လုံလောက်စွာ စီမံဆောင်ရွက်ထားခြင်းမရှိလျှင်၊ ထို့ပြင်စင်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင်ထိုစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ကိုစင်းသပ်ပြီးနောက်၊ ထိုအရာတို့သည် ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့် အငွေ့မရှိကြောင်းစာဖြင့်ရေး၍ တာဝန်ခံလက်မှတ်မထုတ်ပေးလျှင်၊ ထိုစက်ကို၊ သို့တည်းမဟုတ် လှောင်ကန်ကို၊ သို့တည်းမဟုတ် ခွက်ကိုသံဂဟေဆော်ခြင်း (welding)၊ ကြေးဂဟေဆော်ခြင်း (brazing)၊ သို့တည်းမဟုတ် ခဂဟေဆော်ခြင်း (soldering)၊ သို့တည်းမဟုတ် မီးအားဖြင့်ဖြတ်တောက်ခြင်းမပြုလုပ်ရ။

(၅) ပုဒ်မခွဲ (၄) တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဂဟေဆော်ခြင်းပြုလုပ်ပြီးသည့်နောက် စက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်စသည်များသည်၊ ဆိုခဲ့သည့်အရာကို မီးမကူးနိုင်လောက်အောင် မအေးသေးမီ၊ ထိုစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ထဲသို့ ထိုအရာမရောက်စေရ။

မီးသင့်လောင်လျှင် ဆောင်ရွက်ရမည့် စီမံချက်များ။

၁၉။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် အကယ်၍ မီးသင့်လောင်လျှင် လွတ်မြောက်ရန်နည်းလမ်းများကို ပြဋ္ဌာန်းသည့်အတိုင်း စီမံထားရှိရမည်။ ဤကဲ့သို့စီမံထားခြင်းမရှိဟု အင်စပက်တော်က ထင်မြင်လျှင်၊ အင်စပက်တော်သည်၊ အလုပ်ရှင်ထံသို့ အမိန့်စာချအပ်၍၊ ထိုအမိန့်စာတွင် ကြော်ငြာထားသည့်ရေနံမြေကို ဤပုဒ်မနှင့်ငင်း၊ ဤပုဒ်မအရ ပြုလုပ်သည့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ငင်း ညီညွတ်စွာဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်သောစီမံချက်များ ဖော်ပြ၍၊ အမိန့်စာတွင် ဖော်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များဖော်ပြ၍ ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

(၂) ကြော်ငြာထားသည့်ရေနံမြေတွင်၊ အခန်းတခုခုမှထွက်နိုင်သည့် တံခါးများကိုအခန်းတွင်း၌ လူတဦးတယောက်ရှိနေစဉ်၊ အတွင်းမှရုတ်တရက် အလွယ်တကူမဖွင့်နိုင်အောင်သော့ခတ်ထားခြင်း၊ သို့တည်းမဟုတ် ပိတ်ထားခြင်းမပြုရ။ ထိုတံခါးများသည် အံထိုးတံခါးမျိုးမဟုတ်လျှင် အပြင်ဖွင့်တံခါးများဖြစ်ရမည်။

(၃) ကြော်ငြာထားသည့်ရေနံမြေတွင် သာမန်အသုံးပြုသည့်ထွက်ပေါက်များမှလွဲ၍ မီးသင့်လောင်လျှင် ထွက်နိုင်သည့် ပြူတင်းပေါက်တံခါး၊ သို့တည်းမဟုတ် အခြားထွက်ပေါက်အသီးသီးတွင်၊ ရေနံအလုပ်သမား အများနားလည်သည့်စာဖြင့် ထင်ရှားစွာရေးထားသော စာလုံးနှိမ်များနှင့်ဖြစ်စေ၊ အခြားကောင်းစွာသိသာနိုင်သည့် အမှတ်အသားနှင့်ဖြစ်စေ၊ ထင်ရှားစွာမှတ်သားထားရမည်။

(၄) မီးသင့်လောင်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် ခိုင်းစေခံရသူတိုင်းကောင်းစွာကြားသိနိုင်အောင် အချက်ပေး ကိရိယာများကို ကြော်ငြာထားသည့်ရေနံမြေအသီးသီးတွင် တပ်ဆင်ထားရမည်။

(၅) မီးသင့်လောင်လျှင် ထွက်ပေါက်များသို့ အလွယ်တကူသွားနိုင်သည့် လင်းကိုကြော်ငြာထားသည့်ရေနံမြေအတွင်းအခန်းအသီးသီးရှိ ရေနံအလုပ်သမားအားလုံးအသုံးပြုနိုင်ရန် ရှင်းလင်းထားရှိရမည်။

(၆) (က) အောက်ဆုံးထပ်၏ မည်သည့်နေရာတွင်မဆို အလုပ်သမားလူနှစ်ဆယ်ထက်ပို၍ ခိုင်းစေသောကြော်ငြာထားသည့်ရေနံမြေ၌ဖြစ်စေ၊

(ခ) ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးအလွန်တောက်လောင်စေတတ်သည့်ပစ္စည်းများကို သိုလှောင်ထားသော၊ သို့တည်းမဟုတ် အသုံးပြုသော ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင်ဖြစ်စေ

မီးသင့်လောင်လျှင် အသုံးပြုနိုင်သည့်ထွက်ပေါက်များကို ရေနံအလုပ်သမားအားလုံးသိနေစေရန်ငင်း၊

မီးသင့်လောင်လျှင် ထိုသူတို့မီးဘေးမှလွတ်မြောက်အောင် လိုက်နာရမည့်နည်းလမ်းကို ကောင်းစွာသင်ကြားပေးရန်ဌာန ကျန္နစွာစီမံဆောင်ရွက်ရမည်။

(၇) နိုင်ငံတော်သမတ သည်၊ ကြော်ငြာထားသည့်ရေနံမြေနှင့်စပ်လျဉ်း၍ မီးလောင်လျှင် အသုံးပြုရန်စီမံထားရှိရမည့်ထွက်ပေါက်များနှင့်တကွ၊ မီးသတ်ကိရိယာအမျိုးအစားနှင့် အရေအတွက်ကို ပြဋ္ဌာန်းသည့်နည်းဥပဒေများပြုလုပ်နိုင်သည်။

၂၀။ ။ကြော်ငြာထားသည့်ရေနံမြေရှိ အဆောက်အဦ၊သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းသော်ငင်း၊ လမ်းများ၊ စက်ကိရိယာများ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်း သည်သော်ငင်း လူ့အသက်ကိုဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေအနေတွင်ရှိသည်ဟု အင်စပက်တော်ကထင်မြင်လျှင် သတ်မှတ်သည့်နေ့ရက်မတိုင်မီ၊ အောက်ဖေါ်ပြပါအတိုင်းဆောင်ရွက်ရမည်ဟု အလုပ်ရှင်ထံအမိန့်စာချအပ်နိုင်သည်။ ချို့ယွင်းသော အစိတ်အပိုင်းများကို သီးခြားဖေါ်ပြရန်ဖြစ်စေ၊ ဒို့ငင် မခိုင်စမ်းသပ်ခြင်းပြုလုပ်ရန်ဖြစ်စေ ဆင့်ဆိုနိုင်သည့် အာဏာ။

(က) ယင်းသို့သော အဆောက်အဦ၊ လမ်းများ၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်ကိုဘေးရန်ကင်းရှင်းစွာ အသုံးပြုနိုင် မပြု နိုင်ဆုံးဖြတ်ရန်အတွက် လိုအပ်သည့်စုံစမ်းများ၊ အသေးစိတ်ဖေါ်ပြချက်များနှင့် အခြားအကြောင်းအရာများကို ပေးအပ်ရန်၊ သို့တည်းမဟုတ်

(ခ) အမိန့်တွင်ဖေါ်ပြသည့် စမ်းသပ်မှုများကို ဖေါ်ပြသည့်နည်းလမ်းအတိုင်း ပြုလုပ်၍၊ ထိုစမ်းသပ်မှုများမှ သိရှိရသည့်အကြောင်းအရာများကို၊ အင်စပက်တော်ထံ အကြောင်းကြားရန်။

၂၁။ ။(၁) ကြော်ငြာထားသည့်ရေနံမြေရှိအဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ၏အစိတ်အပိုင်းသော်ငင်း၊ လမ်းများ၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်း သည်သော်ငင်း လူ့အသက်ကိုဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေအနေတွင်ရှိသည်ဟု အင်စပက်တော်က ထင်မြင်လျှင်၊ အင်စပက်တော်သည် အလုပ်ရှင်ထံသို့ အမိန့်စာချမှတ်၍ ထိုအမိန့်စာတွင်လိုက်နာဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်ချက်များကို ဖေါ်ပြလျက်၊ အမိန့်စာတွင်ဖေါ်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များကို ဆောင်ရွက်ရမည်ဟုဆင့်ဆိုနိုင်သည်။ အဆောက်အဦများနှင့် စက်ကိရိယာများဘေးရန်ကင်းရှင်းမှု။

(၂) ကြော်ငြာထားသည့်ရေနံမြေရှိ အဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ လမ်းများ၊စက်ကိရိယာ၊သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းကိုဖြစ်စေ၊ အသုံးပြုခြင်းသည်၊ လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေမည့်ဆဲဆဲ၊ သို့တည်းဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့်ဆဲဆဲဖြစ်သည်ဟု အင်စပက်တော်ကထင်မြင်လျှင် ထိုအဆောက်အဦ စသည်များ၊ အစိတ်အပိုင်းများကို၊ နေရာကဲ့ပြင်ဆင်ခြင်း၊ သို့တည်းမဟုတ် ပြောင်းလဲ ပြုပြင်ခြင်းမပြုလုပ်ရသေးမီ၊ အသုံးမပြုရန်တားမြစ်သည့်အမိန့်စာကို အင်စပက်တော်က အလုပ်ရှင်ထံ ချအပ်နိုင်သည်။

၂၂။ ။နိုင်ငံတော် သမတ သည်၊ ဤအခန်းတွင် ဖေါ်ပြထားသော ကိစ္စများနှင့်ဆိုင်သည့် ကာကွယ်ချက်များအပြင် အောက်ပါ အချက်များနှင့်ပတ်သက်၍ နောက်ထပ်ကာကွယ်ချက်များကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။ ဤအခန်းကို နောက်ထပ်ဖြည့်စွက်ရန် နိုင်ငံတော်သမတက၊ နည်းဥပဒေများ ပြုလုပ် နိုင်သည့် အာဏာ။

(က) သီးခြားဖြစ်သည့် စက်များ ဘေးရန်ကင်းရှင်းအောင် နောက်ထပ်ကာရံခြင်း၊

(ခ) စက်လည် နေသည့်အခါ၊ ဘေးအန္တရာယ် ဖြစ်စေတတ်သည့် စက်၏ အစိတ်အပိုင်းကို မပေါ်စေရန် ကာတွယ်သည့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်လျှင်၊ စက်ကိုရပ်စေသည့် ကိရိယာများကိုစီမံထားရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်စက်အစိတ်အပိုင်းနှင့် အလုပ်သမားကို မထိခိုက်နိုင်အောင် ပုံသေကာကွယ်ထားရန် မဖြစ်နိုင်လျှင်၊ အလိုအလျောက် အကာအကွယ်ဖြစ်နိုင်သည့် အကာအကွယ်မျိုးများစီမံထားရှိခြင်း၊

(ဃ) စက်ပေါ်တင်၍လုပ်ကိုင်ရသဖြင့်၊ စက်လည်နေစဉ် ဘေးအန္တရာယ် ဖြစ်စေတတ်သောအရာများကို ကာရံထားခြင်း၊ ထို့ပြင်

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန်အလို့ငှါ သင့်တော်သည့်အခြားကိစ္စ။

အခန်း ၅။

သက်သာချောင်ချိရေး။

ဖွဲ့လျော်ဆေးကြောရန် လွယ်ကူမှုအခွင့်အလမ်း။

၂၃။ ။နိုင်ငံတော်သမတ သည်၊ ကြော်ငြာထားသည့် ရေနံမြေအတွက်ဖြစ်စေ၊ထိုရေနံမြေတစိတ်တဒေသအတွက်ဖြစ်စေ ဖွဲ့လျော် ဆေးကြောနိုင်ရန် သင့်တော်လုံလောက်သော လွယ်ကူမှုအခွင့်အလမ်းများကို မည်သည့်ပုံစံအတိုင်း ထားရှိရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများ ပြုလုပ်နိုင်သည်။

သူနာပြုကိရိယာများ။

၂၄။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင်၊ ပြဋ္ဌာန်းထားသည့် ပစ္စည်းများထည့်ထားသောသူနာပြုဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးကို၊ အလုပ်ချိန်အတွင်း၊ အလွယ်တကူ အသုံးပြုနိုင်ရန် အင်စပက်တော်က ညွှန်ကြားသည့် သင့်လျော်သောနေရာတွင်၊ အလုပ်ရှင်က အသင့်စီမံထားရှိရမည်။ အလုပ်သမား တရာ၁၊ဦးဆယ်ထက် ပို၍ခိုင်းစေလျှင်၊ နောက်ထပ် အလုပ်သမားတရာ၁၊ဦးဆယ်အတွက်၊ သို့တည်းမဟုတ် ထို့ထက်နည်းသော နောက်ဆက်အလုပ်သမားများအတွက်၊ နောက်ထပ် ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးထားရှိရမည်။

(၂) ပြဋ္ဌာန်းထားသည့်ပစ္စည်းများမှလွဲ၍၊ အခြားမည်သည့်အရာကိုမျှ ပုဒ်မခွဲ (၁)တွင်၊ ရည်ညွှန်းထားသည့် သူနာပြုဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတွင်မထားရ။ ထို့ပြင် ထို သူနာပြု ဆေးသေတ္တာနှင့် ဆေးဘီရိုများကို၊ သူနာပြုအတတ် တတ်မြောက်ပြီးသော တာဝန်ခံတယောက်၏ လက်အောက်တွင် ထားရှိရမည်။ ထိုသူသည် အလုပ်ချိန်တွင် အမြဲရှိနေရမည်။

(၃) အလုပ်ရှင်က အလုပ်သမား နှစ်ရာထက်ပို၍ ခိုင်းစေလျှင်၊ ပြဋ္ဌာန်းထားသည့် ပစ္စည်းများနှင့်တကွ၊ ပြဋ္ဌာန်းသည့် အကျယ်အဝန်းရှိသော သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုထားရှိရမည်။ ထိုသူနာပြုခန်းကို၊ သို့တည်းမဟုတ် ဆေးပေးရုံကိုပြဋ္ဌာန်းထားသည့် ဆရာဝန်နှင့် သူနာပြုဆရာများကကြီးကြပ်စီမံရမည်။

သို့ရာတွင် အင်စပက်တော်သည်၊ အချင်းဝက်နှစ်မိုင်ရှိသော နယ်မြေစက်ဝိုင်းအတွင်း စုစုပေါင်း အလုပ်သမားနှစ်ရာ၊ သို့တည်းမဟုတ် နှစ်ရာထက်ပို၍ ခိုင်းစေသော အလုပ်ရှင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသောအလုပ်ရှင်များအား၊ မိမိညွှန်ကြားသည့် သင့်တော်သောနေရာတွင်၊ သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုကို၊ ပုဒ်မခွဲ (၃) နှင့်အညီ တွဲဘက်စီမံထားရှိရန် ဆင့်ဆိုနိုင်သည်။

အလုပ်နားရုံများ။ အလုပ်နားခန်းများနှင့် ထမင်းစားခန်းများ။

၂၅။ ။(၁) အလုပ်သမားနှစ်ရာထက်ပို၍ ခိုင်းစေသော အလုပ်ရှင်တိုင်းသည် အလုပ်သမားများအသုံးပြုရန်၊ သင့်တော်လုံလောက်သော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများနှင့်သင့်တော်လုံလောက်သောထမင်းစားခန်း စီမံထားရှိရမည်။

(၂) ပုဒ်မခွဲ (၁)အရစီမံထားရှိရမည့် အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ၊ သို့တည်းမဟုတ် ထမင်းစားခန်းများကို၊ အလင်းရောင်နှင့် လေလုံလောက်စွာ ရရှိအောင်လည်း စီမံထားရှိရမည်။ ထို့ပြင် ထိုအလုပ်နားရုံစသည်များကို သန့်ရှင်းစင်ကြယ်အောင်ထားရမည်။

(၃) နိုင်ငံတော်သမတ သည်—

(က) ဤပုဒ်မအရထားရှိရမည့် အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် ထမင်းစားခန်းများကို ဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်းထားရှိရမည့်စံနစ်၊ ထိုအလုပ်နားရုံ စသည်များတွင် ထားရှိရမည့် ပရိဘောဂနှင့် အခြား ပစ္စည်းများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ အလုပ်ရှင် တဦးတယောက်ကို၊ ဤပုဒ်မရှိ လိုအပ်ချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အလုပ်သမားဆိုင်ရာ တွဲဘက် အကြံပေး အဖွဲ့။

၂၆။ ။နိုင်ငံတော်သမတ သည်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်သမားဆိုင်ရာ တွဲဘက် အကြံပေး အဖွဲ့တခုကို—

(က) ရေနံမြေအလုပ်သမားတို့၏ သက်သာချောင်ချိမှုများ၊

(ခ) ဘေးအန္တရာယ် ကင်းရှင်းစေသော စီမံမှုများ နှင့်

(ဂ) အလုပ်ရှင်များနှင့် အလုပ်သမားများ သင့်မြတ်စွာဆက်ဆံရေးများ ပိုမိုရရှိရေး

အတွက်ဆောင်ရွက်ရန် ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် ခန့်ထားရမည်။ အဖွဲ့ဝင်များ၏ သက်တင်းများမှာ ၁ နှစ်ဖြစ်ရမည်။

(၁) ရေနံဝန် (ဥက္ကဋ္ဌ)။

(၂) အစိုးရအလုပ်သမားအရာရှိ (အဖွဲ့ဝင်နှင့်အတွင်းရေးမှူး)။

(၃) အလုပ်ရှင်၏ ကိုယ်စားလှယ် (ခြောက်ဦးထက်မပိုရ)။

(၄) ရေနံအလုပ်သမားအစည်းအရုံး၏ ကိုယ်စားလှယ် (ခြောက်ဦးထက်မပိုရ)။

အခန်း ၆။

အလုပ်သက်ဆိုင်စေခြင်း။

ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အလုပ်များ။

၂၇။ ။ကြော်ငြာထားသည့် ရေနံမြေတွင်၊ လုပ်ရသည့်အလုပ်သည်၊ အလုပ်သမားတို့၏ ကိုယ်အင်္ဂါကို ထိခိုက်နာကျင်စေမည့်၊ သို့တည်းမဟုတ် အလုပ်သမားကိုအဆိပ်မိစေမည့်၊ သို့တည်းမဟုတ် ရောဂါဖြစ်စေမည့် လက္ခဏာရှိသည့် အလုပ်ဖြစ်သည်ဟု နိုင်ငံတော် သမတကထင်မြင်သဘောရှိလျှင်၊ အလုပ်လုပ်နေသည့် ကြော်ငြာထားသည့် ရေနံမြေအတွင်းရှိ ဒေသတခုခုနှင့် သက်ဆိုင်သည့်နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(က) အလုပ်ကို သီးခြား သတ်မှတ်၍ ဘေးအန္တရာယ် ဖြစ်စေတတ်သော အလုပ်ဖြစ်သည်ဟု ပြဋ္ဌာန်းနိုင်သည်။

(ခ) ထိုအလုပ်တွင်၊ မိန်းမများအား၊ သို့တည်းမဟုတ် လူရွယ်များအား၊ သို့တည်းမဟုတ် ကလေးများအား ခိုင်းစေခြင်းကို တားမြစ်နိုင်သည်၊ သို့တည်းမဟုတ် ကန့်သတ်နိုင်သည်။

(ဂ) ထိုအလုပ်တွင်၊ ခိုင်းစေခံရသော အလုပ်သမားများကိုသော်၎င်း၊ ထိုအလုပ်တွင် လုပ်ရန် လျှောက်ထားသူများကိုသော်၎င်း၊ ကာလအပိုင်းအခြားနှင့် ဆေးဘက်

ဆိုင်ရာစစ်ဆေးမှု ပြုလုပ်ရန်အတွက် ပြဋ္ဌာန်းနိုင်သည့်ပြင်၊ ထိုအလုပ်တွင်လုပ်ရန် သင့်တော်ကြောင်း ဆေးလက်မှတ်မရသူများကို မခိုင်းစေရဟုတားမြစ်နိုင်သည်။

(ဃ) ထိုအလုပ်တွင် မိုင်းစေခံရသူအားလုံးကိုဖြစ်စေ၊ထိုအလုပ်လုပ်ရာ နေရာများအနီး၌ ခိုင်းစေခံရသူအားလုံးကိုဖြစ်စေ၊ကာကွယ်စောင့်ရှောက်ပေးရန်ပြဋ္ဌာန်းနိုင်သည်။

(င) အလုပ်နှင့်စပ်လျဉ်း၍ သီးခြားဖေါ်ပြပါ ပစ္စည်းများ၊ သို့တည်းမဟုတ် လုပ်သည့် လုပ်ငန်းများ၊ အသုံးပြုခြင်းကို တားမြစ်နိုင်သည်၊ ကန့်သတ်နိုင်သည်၊ သို့တည်း မဟုတ် ကြီးကြပ်အုပ်ချုပ်နိုင်သည်။

ရောဂါများ ဖြစ်ပွါးကြောင်းကို နို့တစ်စာ ပေးပို့ခြင်း။

၂၀။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင်၊ အလုပ်လုပ်သော ရေနံအလုပ်သမား တဦးတယောက်ကို အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ဇယား ၃ တွင် သီးခြား ဖေါ်ပြထား သည့် ရောဂါတမျိုးမျိုးစွဲကပ်လျှင်၊ ထိုသို့စွဲကပ်ကြောင်းကို အလုပ်ရှင်က အင်စပက်တော်ထံသို့ငင်း၊ ကြော်ငြာထားသည့် ရေနံမြေရှိရာ ခရိုင်အတွက် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်ထံသို့ငင်း ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထားသည့် အကြောင်းအရာများဖေါ်ပြလျက်၊ ပြဋ္ဌာန်းထားသည့် အချိန်အတွင်း နို့တစ်စာပေးပို့ရမည်။

(၂) ဆရာဝန်တဦးတယောက်သည်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖေါ်ပြထားသည့် ရောဂါတမျိုးမျိုးစွဲကပ်နေသည်ဟု၊ မိမိယုံကြည်သည့်၊ ကြော်ငြာထားသောရေနံမြေ၌ အလုပ်လုပ်သူကို၊ သို့တည်းမဟုတ် အလုပ်လုပ်ခဲ့ သူကို ဆေးကုသနေလျှင်၊ထိုဆရာဝန်သည်၊ အင်စပက်တော်ရုံးသို့ အောက်ပါအချက်များဖေါ်ပြသည့် အစီရင်ခံစာပေးပို့ရမည်။

(က) သူနာ၏အမည်နှင့်နေရပ်အပြည့်အစုံ၊

(ခ) မိမိသတောအရ သူနာဒဏ်ရာရစေသည့်ရောဂါ၏အမည်၊ ထို့ပြင်

(ဂ) သူနာကိုခိုင်းစေသည့်၊ သို့တည်းမဟုတ် နောက်ဆုံးခိုင်းစေခဲ့သည့် အလုပ်ရှင်၏ အမည်နှင့်နေရပ် အပြည့်အစုံ။

(၃) ထိုဆရာဝန်မှာ၊ ဤပုဒ်မအရပေးပို့သော အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသည့် အခကို ရနိုင်ခွင့်ရှိသည်။

(၄) ဆရာဝန်တဦးတယောက်သည်၊ ဤပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ထိုဆရာဝန်သည်၊ငွေငါးဆယ်သက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

မတော်တဆ ဖြစ်ပွါးမှုများကို နို့တစ်စာ ပေးပို့ခြင်း။

၂၉။ ။ကြော်ငြာထားသည့် ရေနံမြေတွင်၊ မတော်တဆဖြစ်ပွါး၍ သေဆုံးလျှင်သော်ငင်း၊ ကိုယ်အင်္ဂါထိခိုက်နာကျင်ပြီးနောက် လေးဆယ်ရှစ်နာရီမျှ၊ သို့တည်းမဟုတ် လေးဆယ်ရှစ်နာရီထက် ပို၍ အလုပ်မလုပ်နိုင်လျှင်သော်ငင်း၊ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းသတ်မှတ်ထားသည့်အမျိုးအစားဖြစ်သော မတော်တဆဖြစ်ပွါးမှုဖြစ်လျှင်သော်ငင်း၊သက်ဆိုင်ရာအလုပ်ရှင်သည်၊ ဆိုခဲ့သည့်အတိုင်း မတော်တဆ ဖြစ်ပွါးသည့်အကြောင်းကို၊ ပြဋ္ဌာန်းသည့်ပုံစံဖြင့် နို့တစ်စာရေးသား၍ ပြဋ္ဌာန်းသည့်အချိန်အတွင်း၊ ပြဋ္ဌာန်းသည့်အာဏာပိုင်တို့ထံ ပေးပို့ရမည်။

အခန်း ၇။

လူကြီးများ အလုပ်လုပ်သည့် အချိန်နာရီများ။

ရက်သတ္တပတ် အလုပ်အချိန် နာရီများ။

၃၀။ ။ကြော်ငြာထားသည့် ရေနံမြေတွင်၊ မည်သည့်လူကြီး ရေနံအလုပ်သမားကိုမျှ၊ ရက် သတ္တပတ်တပတ်လျှင်၊လေးဆယ်လေးနာရီထက်ပို၍ အလုပ်မလုပ်စေရ၊သို့တည်းမဟုတ်လုပ်ခွင့်မပြုရ။

သို့ရာတွင် အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့် တရက်ပတ်လုံး အဆက်မပြတ်လုပ်ရမည့် အလုပ်တွင်၊ လုပ်သည့်လူကြီး ရေနံအလုပ်သမားသည်၊ ရက်သတ္တပတ်တွင် လေးဆယ်ရှစ်နာရီမျှ အလုပ်လုပ်နိုင်သည်။

ရက်သတ္တပတ် အလုပ်ပိတ်ရက်များ။

၃၁။ ။(၁) မည်သည့်လူကြီး ရေနံအလုပ်သမားကိုမျှ၊ အောက်ပါအချက်များနှင့်မညီညွတ်လျှင်၊ တနှစ်နွေနွေ၌ကြော်ငြာထားသည့်ရေနံမြေတွင်အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(က) ထိုအလုပ်သမားသည်၊ တနှစ်နွေနွေမတိုင်မီ သုံးရက်အနက် တရက်ရက်တွင် အလုပ်ပိတ်ရက် တရက်လုံး ရပြီးဖြစ်ရမည်၊ သို့တည်းမဟုတ် ထိုတနှစ်နွေနွေနောက်သုံးရက်အနက်၊ တရက်ရက်တွင် အလုပ်ပိတ်ရက်တရက်လုံးရမည် ဖြစ်ရမည်။ ထို့ပြင်

(ခ) အလုပ်ရှင်သည်၊ ထိုတနှစ်နွေနွေ၊ သို့တည်းမဟုတ် အပိုဒ် (က) အရ၊ ထိုနွေအဘို့ အစားသွင်းသည့်နွေ၊ ထိုနွေများအနက် အလျင်ကျသည့်နွေမတိုင်မီ—

(၁) ထိုရေနံအလုပ်သမားကို၊ ထိုတနှစ်နွေနွေ၌ အလုပ် လုပ်စေရန် မိမိကြိုရွယ်ကြောင်း၊ ထိုနွေအဘို့ မည်သည့်နွေကို အစားသွင်းကြောင်း၊ အင်စပက်တော်၏ရုံးသို့ နို့တစ်စာပေးပို့ဖြစ်ရမည်။ ထို့ပြင်

(၂) တနှစ်နွေနွေတွင်ဖြစ်စေ၊ အစားသွင်းသည့်နွေတွင်ဖြစ်စေ၊ အလုပ်စတင်လုပ်သည့်အချိန်မတိုင်မီ၊ အနည်းဆုံး နှစ်ဆယ်လေးနာရီက ကြိုတင်၍ ယင်းသို့ကြိုရွယ်ကြောင်း နို့တစ်စာကိုမြင်သာအောင် ကပ်ထားပို့း ဖြစ်ရမည်။

သို့ရာဘွင်၊ ရေနံအလုပ်သမား တဦးတယောက်အား၊ အလုပ်ပိတ်ရက်တရက်လုံး မရစေဘဲ၊ အဆက်မပြတ် ဆယ်ရက်ထက်ပို၍ အလုပ်လုပ်ရခြင်းကို ဖြစ်စေမည့်၊ မည်သည့်ရက်အစားသွင်းခြင်းကိုမျှမပြုရ။

(၂) ပုဒ်မခွဲ (၁) အရပေးသည့်နို့တစ်စာများကို တနှစ်နွေနွေ၊ သို့တည်းမဟုတ် ပယ်ဖျက်မည်ဖြစ်သည့် အလုပ်ပိတ်ရက်၊ ထိုနွေများအနက် အလျင်ကျသည့်နွေမတိုင်မီ ရက်တရက်ထက်နောက်မကျဘဲ၊ အင်စပက်တော်၏ရုံးသို့ပေးအပ်သည့် နို့တစ်စာဖြင့်ငင်း၊ ပုဒ်မ ၃၈ အရ ကပ်ထားသည့် အလုပ်ချိန်နို့တစ်စာ၏အနီးဘွင်မြင်သာအောင် ကပ်ထားသည့်နို့တစ်စာဖြင့် [ငင်း][1] ပယ်ဖျက်နိုင်သည်။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ရေနံအလုပ်သမားသည်၊ တနှစ်နွေနွေ၌ အလုပ်လုပ်၍၊ ထိုနွေမတိုင်မီသုံးရက်အနက်၊ တရက်ရက်တွင် အလုပ်ပိတ်ရက် ရပြီးဖြစ်သည့် အချက်တွင် ထိုတနှစ်နွေနွေကို၊ ထိုအလုပ်သမား ရက်သတ္တပတ် အလုပ်လုပ်သည့်အချိန် တွက်ချက်ရန် အလို့ငှါ၊ လွန်ခဲ့သည့်ရက်ဃတ္တပတ်တွင် ထည့်သွင်းရမည်။

အစားထပ်သည့် အလုပ်ပိတ်ရက်များ။

၃၂။ ။(၁) ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များအရ၊ ကြော်ငြာထားသည့် ရေနံမြေကို၊ သို့တည်းမဟုတ် ရေနံအလုပ်သမားများကို ပုဒ်မ ၃၁ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းကြောင့်ဖြစ်စေ၊ နည်းဥပဒေပြုလုပ်ခြင်းကြောင့် ဖြစ်စေ ထိုပုဒ်မရှိ ပုဒ်မခွဲ (၁) ဖြင့်၊ ပြဋ္ဌာန်းသည့်ရက်သတ္တပတ် အလုပ်ပိတ်ရက်များအနက် တရက်ရက်ကိုအလုပ်သမားအား ခံစားခွင့်မပေးလျှင် ထိုသူအားအလုပ်ပိတ်ရက်များ ရသင့်သည့်ပြက္ခဒိန်လအတွင်းတွင်ဖြစ်စေ၊ နောက်လာမည့် ပြက္ခဒိန်လ နှစ်လအတွင်းတွင်ဖြစ်စေ မိမိဆုံးရှုံးသောအလုပ်ပိတ်ရက် အရေအတွက်နှင့် ညီမျှသော အစားပေးသည့်အလုပ်ပိတ်ရက်များကို ခွင့်ပြုရမည်၊

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀ အရ ထည့်သွင်းသည်။

(၂) နိုင်ငံတော်သမတ သည်၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထား ၁၁ည့် အလုပ်ဖိတ်ရက်များကို မည်သို့မည်ပုံခွင့်ပြုရမည်ဟု ပြဋ္ဌာန်းနိုင်သည်။

နေ့စဉ် အလုပ်ချိန်နာရီများ။

၃၃။ ။ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မည်သည့်လူကြီး ရေနံအလုပ်သမားကိုမျှ ကြော်ငြာထားသည့်ရေနံမြေ၌၊ မည်သည့်ရက်တွင်မဆို၊ အလုပ်ချိန်နာရီပေါင်း ရှစ်နာရီထက်ပို၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ကိုင်ခွင့်မပြုရ။

အားလပ်ချိန်များ။

၃၄။ ။လူကြီး ရေနံအလုပ်သမားများ ရက်အသီးသီးဘွင် အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို သတ်မှတ်ရာ၌၊ မည်သည့်ကာလအပိုင်းအခြားမျှ ငါးနာရီထက်မပိုစေရ။ ထို့ပြင် မည်သည့်ရေနံအလုပ်သမားကိုမျှ အနည်းဆုံးနာရီဝက်နားနေရန် အားလပ်ချိန်မရသေးမီ၊ ငါးနာရီထက်ပို၍သော်ငင်း၊ အားလပ်ချိန်နှစ်ကြိမ်မရသေးမီ၊ ရှစ်နာရီထက်ပို၍သော်ငင်း အလုပ်မလုပ်စေရ။

အလုပ်လုပ်ရန် အချိန် နာရီပေါင်း။

၃၅။ ။လူကြီးရေနံအလုပ်သမား အလုပ်လုပ်သည့် ကာလအပိုင်းအခြားများနှင့် ပုဒ်မ ၃၄ အရ ထိုသူရရှိသည့်အားလပ်ချိန်များသည်၊ တနေ့လျှင်နာရီပေါင်းဆယ်နာရီထက်ပို၍ မကြာရအောင် စီမံထားရမည်။ သို့ရာဘွင် နိုင်ငံတော်သမတ၏ ခွင့်ပြုချက်ဖြင့်၊ ယေတုယျအားဖြင့်ဖြစ်စေ၊ ကြော်ငြာထားသည့် သီးခြားရေနံမြေအတွက်ဖြစ်စေ နိုင်ငံတော်သမတ ပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ထိုနာရီပေါင်းထက်ပို၍ စီမံထားနိုင်သည်။

ညလည့်မျာ။

၃၆။ ။ကြော်ငြာထားသည့်ရေနံမြေတွင် ရေနံအလုပ်သမားသည်၊ ညဉ့်သန်းခေါင်ချိန်ထက် ကျော်လွန်၍ လုပ်သည့်အလည့်ဉ့်၌၊ အလုပ်လုပ်လျှင်၊ ထိုသူ့အတွက် နောက်လာမည့်နေ့မှာ၊ ယင်းသို့သော အလည့်ကုန်သည့်အခါကစ၍၊ နှစ်ဆယ်လေးနာရီ ကာလအပိုင်းအခြားဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ညဉ့်သန်းခေါင် ချိန်ကျပြီးနောက်၊ ထိုသူအလုပ်လုပ်သည့် အချိန်နာရီများကို လွန်ခဲ့သည့် ရက်ထဲသို့ ထည့်၍တွက်ရမည်။

သို့ရာတွင် နိုင်ငံတော်သမတ သည်၊သီးခြားကြော်ငြာထားသည့်ရေနံမြေဖြစ်လျှင်၊နောက်လာမည့်ရက်မှာ ယင်းသို့သောအလည့်အစပြုသည့် အခါကစ၍ ရေတွက်သော နှစ်ဆယ်လေးနာရီ ကာလအပိုင်းအခြားဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍ငင်း၊ ညဉ့်သန်းခေါင်မတိုင်မီ အလုပ်လုပ်သည့် အချိန်နာရီများကို၊ နောက်လာမည့်ရက်ထဲသို့ ထည့်၍တွက်ရမည်ဟူ၍ငင်း အမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

ထပ်နေသော အလည့်မျာကို တားမြစ်ခြင်း။

၃၇။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် တမျိုးတည်းသော အလုပ်၌၊ တချိန်တည်း အလည့်ကျ လူစုတစုထက်ပို၍လုပ်ရန် စီစဉ်ထားသော အလည့်ကျလုပ်သည့်စံနစ်ဖြင့် အလုပ်မလုပ်ရ။

(၂) နိုင်ငံတော်သမဘာ သည်၊ကြော်ငြာထားသည့်ရေနံမြေတခုခုကိုဖြစ်စေ၊တစိတ်တဒေသကိုဖြစ်စေ ပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁) နှင့်သက်ဆိုင်ခြင်းမှကင်းလွတ်စေသည့်နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

လူကြီးရေနံ အလုပ်သမား အတွက်အလုပ် လုပ်ရန် ကာလ အပိုင်းအခြား ဆိုင်ရာနှံ့တစ်စာ။

၃၈။ ။(၁) လူကြီးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများဆိုင်ရာ နှံ့တစ်စာတစောင်ကို၊ သို့တည်းမဟုတ် နှံ့တစ်စာများကို၊ နေ့စဉ်မည်သည့်ကာလအပိုင်းအခြားတွင် လူကြီးရေနံအလုပ်သမားများအား၊အလုပ်လုပ်စေမည့်အကြောင်း၊နေ့တိုင်းအတွက်ရှင်းလင်းစွာဖေါ်ပြလျက်၊ မြင်သာသောနေရာ၊ သို့တည်းမဟုတ် နေရာများတွင် ကပ်ထားရမည့်ပြင်၊ မှန်ကန်စွာလည်း ထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ လိုအပ်သည့်နှံ့တစ်စာများတွင် ဖေါ်ပြထားသည့် ကာလအပိုင်းအခြားများကို ဤပုဒ်မရှိ အောက်ဖေါ်ပြပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင် သတ်မှတ် ရမည့်ပြင်၊ ထိုကာလ အပိုင်းအခြားများအတွက်အလုပ်လုပ်နေသည့်ရေနံအလုပ်သမားများမှာ၊ ပုဒ်မ ၃၀၊ ၃၁၊

၃၃၊ ၃၄ နှင့် ၃၅ ရှိပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက်တခုခုကိုဆန့်ကျင်၍ အလုပ်လုပ်ရာမရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ကြော်ငြာထားသည့် ရေနံမြေရှိ လူကြီးရေနံအလုပ်သမား အားလုံးကို တချိန်တည်း ဖြစ်သောကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေလျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာ အလုပ်ရှင်သည် ထိုကာလအပိုင်းအခြားများကိုယောဘုယျအားဖြင့် ထိုရေနံအလုပ်သမားများအတွက် သတ်မှတ်ရမည်။

(၄) ကြော်ငြာထားသည့်ရေနံမြေရှိ လူကြီးရေနံအလုပ်သမားအားလုံးကို တချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေသည် မဟုတ်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာ အလုပ်ရှင်သည်၊ ထိုရေနံအလုပ်သမားတို့ကို သူတို့၏အလုပ်အမျိုးအစားအလိုက်လူစုများခွဲခြားထားရမည်။

(၅) အလှည့်ကျ လုပ်ရသည့်စံနှစ်အရ အလုပ်လုပ်ရန် မလိုသည့် လူစုအသီးသီး အတွက် ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာ အလုပ်ရှင်သည် ထိုလူစုအား မည်သည့်ကာလအပိုင်းအခြားအတွင်း အလုပ်လုပ်စေမည်ကို သတ်မှတ်ရမည်။

(၆) လူစုတစုကို အလှည့်ကျလုပ်သည့်နည်းစံနှစ်အရ၊ အလုပ်လုပ်စေသည့်ပြင်၊ အလှည့်ကျ လူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလ အပိုင်းအခြားအားဖြင့် အလှည့် ပြောင်းလဲ၍ အလုပ်မလုပ်စေလျှင်၊ ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာအလုပ်ရှင်သည်၊ ထိုလူစုမှအလှည့်ကျ လူစုအသီးသီးအား မည်သည့်ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေမည်ကို သတ်မှတ်ရမည်။

(၇) လူစုတစုကို အလှည့်ကျ လုပ်သည့် နည်းစံနှစ်အရ အလုပ်လုပ်စေမည် ဖြစ်သည့်ပြင်၊ အလှည့်ကျ လူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလ အပိုင်းအခြားအားဖြင့် အလှည့် ပြောင်းလဲ၍ အလုပ်လုပ်စေရမည်ဖြစ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာ အလုပ်ရှင်သည် ထို လူစုမှအလှည့်ကျလူတစုအားမည်သည့်ကာလအပိုင်းအခြားများအကွင်းအလုပ်လုပ်စေမည့်အကြောင်း နှင့်၊ ဆိုင်ရာရက်အတွင်း ဆိုင်ရာအချိန်အခါ၌ အလုပ်လုပ်မည့် ကြိုတင်အလှည့်ကျလူစုကို၊ မည်သည့် ရက်တွင်မဆို ကြိုတင်သိရှိစေနိုင်မည့် စီမံချက်တရပ်ကို စီစဉ်ရေးဆွဲရမည်။

(၈) နိုင်ငံတော်သမတ သည်၊ ပုဒ်မခွဲ (၁) အရ၊ လိုအပ်သည့်နှိုတစ်စာကို မည်သည့် ပုံစံများဖြင့် မည်သို့ထားရှိရမည်ကို ပြဋ္ဌာန်းနိုင်သည်။

(၉) အလုပ်ရှင်သည်၊ ဤအက်ဥပဒေ အာဏာတည်သည့် နေ့နောက်မှ အလုပ်စတင်လုပ်လျှင်၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းဆားသည့် နှိုတစ်စာ၏မိတ္တူနှစ်စောင်ကို ထိုအလုပ်ရှင်စတင်အလုပ်လုပ်သည့် နေ့ရက်မတိုင်မီ အင်စပက်တော်ထံသို့ ပေးပို့ရမည်။

(၁၀) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် နှိုတစ်စာတွင် ပြောင်းလဲရန် လိုအပ်စေမည့် အလုပ်လုပ်သောနည်းစံနှစ် ပြောင်းလဲရန်စီမံသည့်အကြောင်း နှိုတစ်စာ၏မိတ္တူနှစ်စောင်ကို ပြောင်းလဲခြင်းမပြုလုပ်မီ၊ အလုပ်ရှင်က အင်စပက်တော်ထံသို့ ပေးပို့ရမည်။ ထို့ပြင် ယင်းသို့ပြောင်းလဲခြင်းကို အင်စပက်တော်၏အခွင့်အာဏာကို ကြိုတင်မရဘဲ နောက်ဆုံးပြောင်းလဲခြင်း ပြုခဲ့သည့်နေ့ရက်မှ ရက်သတ္တတပတ်မကျော်လွန်မီမပြုလုပ်ရ။

၃၉။ ။(၁) အလုပ်ရှင်အသီးသီးသည်— လူကြီးရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်။

(က) လူကြီးရေနံ အလုပ်သမား အသီးသီး၏အမည်၊

(ခ) ထိုသူလုပ်သည့် အလုပ်အမျိုးအစား၊

(ဂ) ထိုသူပါဝင်သည့်လူစုရှိလျှင်၊ ထိုလူစု၊

(ဃ) ထိုသူပါဝင်သည့်လူစုသည် အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုသူအားမည်သည့် အလှည့်ကျလူစုသို့ သတ်မှတ်ချထားကြောင်း၊

(င) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများ

ကို ဖော်ပြသည့် လူကြီးရေနံ အလုပ်သမားများ မှတ်ပုံတင်စာအုပ်ကို ထားရှိရမည်။ ထိုစာအုပ်ကို အလုပ်ချိန်အတွင်း အင်စပက်တော်က အချိန်မရွေး ကြည့်ရှုနိုင်အောင် ထားရှိရမည်။

သို့ရာတွင် အလုပ်ရှင်ထားရှိသည့်အလုပ်သမားစာရင်းသည်၊သို့တည်းမဟုတ်မှတ်ပုံတင်စာအုပ် သည် ထိုသူခိုင်းစေထားသည့် ရေနံအလုပ်သမား တဦးတယောက်၊ သို့တည်းမဟုတ် ရေနံအလုပ် သမားအားလုံးနှင့် စပ်လျဉ်း၍၊ ဤပုဒ်မအရ၊ လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံစွာဖော်ပြ သည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ ထိုအလုပ်သမားစာရင်းကို၊ သို့တည်းမဟုတ် မှတ်ပုံတင်စာ အုပ်ကို အဆိုပါအကြောင်းအရာများပါရှိသည်နှင့်အမျှ၊ ထိုအလုပ်ရှင် ခိုင်းစေထားသည့် လူကြီးရေနံ အလုပ်သမားများ မှတ်ပုံတင်စာအုပ်အစား ထားရှိရမည်ဟုဆင်း၊ ထိုစာအုပ်ဖြစ်ဘိသကဲ့သို့ မှတ်ယူ ရမည်ဟုဆင်း အမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

(၂) နိုင်ငံတော်သမတ သည်၊ လူကြီးရေနံအလုပ်သမား မှတ်ပုံတင် စာအုပ်ပုံစံ၊ ထိုမှတ်ပုံ တင်စာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ထို့ပြင် ထိုမှတ်ပုံတင်စာအုပ်ကို မပျက်မစီးအောင်သိမ်းထား ရမည့် ကာလအပိုင်းအခြားကိုပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ်သည့်အချိန်နာရီများသည်၊ ပုဒ်မ ၃၈ အရ ကပ်ထားရမည့်နှိုတစ်စာနှင့်ငင်း၊ ပုဒ်မ ၃၉ အရ ထားရှိရမည့် မှတ်ပုံတင်စာအုပ် နှင့်ငင်းညီညွတ်စေခြင်း။

၄၀။ ။မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ၊ ပုဒ်မ ၃၈ ရှိ ပုဒ်မခွဲ (၁) အရ မြင်သာ အောင် ကပ်ထားသည့်လူကြီးများ အလုပ်လုပ်ရန်ကာလအပိုင်းအခြားများဆိုရာ နှိုတစ်စာနှင့်အညီ မှလွဲ၍၊ ထို့ပြင် ပုဒ်မ ၃၉ အရထားရှိသည့် လူကြီး ရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်တွင်၊ ထိုသူ၏အမည်နှင့်ယှဉ်လျက် ကြိုတင်ရေးသွင်းထားသည့်ရေးသွင်းချက်များနှင့်အညီမှလွဲ၍၊ ကြော်ငြာ ထားသည့် ရေနံမြေတွင် အခြားနည်းဖြင့်ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ကင်းလွတ်ခွင့်ပြုသည့်နည်းဥပဒေများ ပြုလုပ်ခြင့်နှင့်အာဏာ။

၄၁။ ။(၁) နိုင်ငံတော်သမတ သည်၊ကြော်ငြာထားသည့်ရေနံမြေတွင် ကြီးကြပ်ကြည့်ရှုသည့်အလုပ်၊ သို့တည်းမဟုတ် စိမ်အုပ်ချုပ်သည့်အလုပ်လုပ်သူတို့ကိုသော်၎င်း၊လျှို့ဝှက်အပ်သည့် အလုပ်တွင်ခိုင်းစေထားသူကိုသော်၎င်း အမိပ္ပါယ်ဖော်ပြသည့်နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ ပုဒ်မ ၄၃ ရှိ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ပါပြဋ္ဌာန်းချက်များနှင့် ထိုပုဒ်မခွဲရှိခြွင်းချက်မှလွဲ၍၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များသည် ယင်းသို့သော အမိပ္ပါယ်ဖော်ပြထားသူ တဦးတယောက်နှင့်မျှ မသက်ဆိုင်စေရ။

(၂) နိုင်ငံတော် သမတ သည်၊ လူကြီး ရေနံအလုပ်သမားများအတွက် နည်းဥပဒေများ ပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများသည် ပြဋ္ဌာန်းထားသည် စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ ပြဋ္ဌာန်းထားသည်အထိ—

(က) အရေးတကြီးပြင်ရန် အလုပ်တွင် လုပ်သည့် ရေနံအလုပ်သမားများကို၊ ပုဒ်မ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ နှင့် ၃၅ ရှိ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ခ) ကန်သတ်ထားသည့် အလုပ်ချိန်မှ လွန်လျက်လုပ်ရန် လိုအပ်သည့် ကြိုတင်စီမံလုပ်ရသော အလုပ်မျိုးနှင့် ပြည့်စုံစေရန် လုပ်ရသော အလုပ်မျိုးတွင်လုပ်သည့် ရေနံအလုပ်သမားများကို ပုဒ်မ ၃၀၊ ၃၃၊ ၃၄ နှင့် ၃၅ ရှိ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဂ) ကြိုးကြာကြိုးကြာမျှသာ လုပ်ရန်လိုခြင်းကြောင့်၊ အလုပ်သမားများ အလုပ်ဝတ်တရားဆောင်ရွက်နေစဉ် ထိုသူတို့အလုပ်မလုပ်ဘဲနေရသည့် ကြားအချိန်နာရီများမှာ၊ သာမန်အားဖြင့် ပုဒ်မ ၃၄ အရ လိုအပ်သည့် အားလပ်ချိန်များထက်ပိုလျှင်၊ ထိုအလုပ်မျိုးတွင်လုပ်သည့် ရေနံအလုပ်သမားများကို ပုဒ်မ ၃၀၊ ၃၃၊ ၃၄ နှင့် ၃၅ ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(ဃ) အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့်၊ တရက်ပတ်လုံးအဆက်မပြတ် လုပ်ရမည့် အလုပ်တခုခုတွင် လုပ်သည့် ရေနံအလုပ်သမားများကို၊ ပုဒ်မ ၃၀၊၃၁၊၃၃၊၃၄ နှင့် ၃၅ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(င) ရေနွေးအိုး ရုံများတွင်ဖြစ်စေ၊ စက်ခန်းများတွင်ဖြစ်စေ လုပ်သည့်၊ သို့တည်းမဟုတ် အားပေးစက်ကိုဖြစ်စေ၊ အားပို့စက်ကိုဖြစ်စေ၊ကြည့်ရှုလုပ်သည့် ရေနံအလုပ်သမားများကို ပုဒ်မ ၃၀ နှင့် ၃၁ ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(၃). ကင်းလွတ်ခွင့်တခုခုပြဋ္ဌာန်းသည့် ပုဒ်မခွဲ (၂) အရပြုလုပ်သော နည်းဥပဒေများသည်၊ နိုင်ငံတော်သမတ က သင့်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတ ပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၃၀ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုရန် ပြဋ္ဌာန်းနိုင်သည်။

(၄) ဤပုဒ်မအရနည်းဥပဒေများပြုလုပ်ရာတွင် နိုင်ငံတော်သမတ သည်၊ ရေနံ အလုပ်သမား အမျိုးအစား အားလုံးအတွက်၊ ရက်သတ္တတပတ်တွင် အများဆုံးအလုပ်လုပ်သည့် အချိန်နှင့် စပ်လျဉ်း၍၊ ကန့်သတ်ချက်များနှင့် မဆန့်ကျင်ရ။

(၅) ဤပုဒ်မအရပြုလုပ်သည့်နည်းဥပဒေများမှာ သုံးနှစ်ထက်ပို၍ အာဏာမတည်စေရ။

(၆) နိုင်ငံတော်သမတ သည်၊ ဤအခန်းရှိပြဋ္ဌာန်းချက်များကို အကျိုး သက်ရောက်စေရန်အလို့ငှါ၊ သင့်သည်ထင်မြင်သည့်အတိုင်း၊ အခြားကိစ္စတခုခုအတွက်ပြဋ္ဌာန်းရန် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

ကင်း လွတ်ခွင့် ပြုသည့် အဓိန့် များ ပြုလုပ် ပိုင် ခွင့်အာဏာ။

၄၂။ ။(၁) လုပ်သည့် အလုပ်အမျိုးအစားကြောင့်သော်၎င်း၊ အခြားအကြောင်း အချက်များကြောင့်သော်၎င်း လူကြီးရေနံအလုပ်သမားများ အလုပ်လုပ်သည့် အချိန်ကာလအပိုင်း အခြားများကို၊ ကြိုတင်၍ သတ်မှတ်ရန် မသင့်ဟုနိုင်ငံတော် သမတက ထင်မြင်လျှင်၊ နိုင်ငံတော်သမတ သည်၊ မိမိသင့်လျော်သည်ထင်မြင်သမျှ၊ သင့်လျော်သည် ထင်မြင်သည့်နည်းလမ်းအတိုင်း၊ အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို၊ ထိရောက်စွာ ကြီးကြပ်အုပ်ချုပ်နိုင်ရန် မိမိသင့်သည် ထင်မြင်သော စည်းကမ်းချက်များကိုထားလျက်၊ထိုအလုပ်သမားများနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၃၀ ရှိပြဋ္ဌာန်းချက်များကို၊ အဓိန့်စာဖြင့် လျှော့ပေါ့အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

(၂) နိုင်ငံတော်သမတ ကသော်၎င်း၊ နိုင်ငံတော် သမတ ၏ကြိုးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာ၍၊ အင်စပက်တော်ကသော်၎င်း ကြော်ငြာထားသည့်ရေနံမြေအား၊သို့တည်းမဟုတ် ထိုရေနံမြေ၏တစိတ်တဒေသအား၊ အထူးသဖြင့် များပြားလှသောအလုပ်များကို လုပ်နိုင်စေရန်အလို့ငှါ၊

ကင်းလွတ်ခွင့်ပြုရန် လိုအပ်သည်ဟူသော အကြောင်းကြောင့်၊ ကြော်ငြာထားသည့် ရေနံမြေတွင် လုပ်သည့်လူကြီး ရေနံအလုပ်သမားတဦးတယောက်၊ သို့တည်းမဟုတ် လူကြီးရေနံ အလုပ်သမား အားလုံးကို၊ နိုင်ငံတော်သမတ က၊ သို့တည်းမဟုတ် အင်စပက်တော်ကသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များထား၍ ပုဒ်မ ၃၀၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅ နှင့် ၃၈ ရှိ ပြဋ္ဌာန်းချက်တခုခုမှ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်အားလုံးမှ အမိန့်စာဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) ရက်သတ္တတပတ်လျှင် အလုပ်လုပ်သည့်အချိန်နှင့် စပ်လျဉ်း၍၊ ပုဒ်မခွဲ (၂) အရ၊ခွင့်ပြုသည့်ကင်းလွတ်ချက်သည်၊ ပုဒ်မ ၄၁ ရှိ ပုဒ်မခွဲ (၄) အရ ပြဋ္ဌာန်းထားသည့် အများဆုံးအချိန်ကန့်သတ်ချက်များနှင့် မဆန့်ကျင်စေရ။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်သည့်အမိန့်သည်၊ ထိုအမိန့်တွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားမျှသာ အတည်ဖြစ်ရမည်။ သို့ရာတွင် အလုပ်ရှင်အား၊ ထိုအမိန့် ထုတ်ဆင့်ကြောင်း နှိုတစ်စာပေးသည့်နေ့မှစ၍ နှစ်လထက်ပို၍ အတည်မဖြစ်စေရ။

သို့ရာတွင် ပြည်သူ့အကျိုးငှါ၊လိုအပ်သည်ဟု နိုင်ငံတော်သမတ ကထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတ သည်၊ ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ ထိုအမိန့် အတည်ဖြစ်သည့်ကာလအပိုင်းအခြားကို အမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအထိ အခါအားလျော်စွာ တိုးမြှင့်ပေးနိုင်သည်။ ထိုသို့တိုးမြှင့်သော ကာလအပိုင်း အခြားသည် တကြိမ်လျှင်ခြောက်လထက်မပိုစေရ။

မိန်းမများ ခိုင်းစေခြင်းနှင့် စပ်လျဉ်း၍၊နောက်ထပ် ကန့်သတ်ချက်များ။

၄၃။ ။(၁) ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို ကြော်ငြာထားသည့်ရေနံမြေတွင်လုပ်သည့် မိန်းမ ရေနံအလုပ်သမားနှင့် သက်ဆိုင်စေရာတွင်၊ အောက်ပါ နောက်ထပ် ကန့်သတ်ချက်များဖြင့် ထပ်ဖြည့်စွက်ရမည်။

(က) မိန်းမတိုင်းနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၃၃ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်မပြု၍။

(ခ) ညနေ ခြောက်နာရီမှ နံနက်ခြောက်နာရီထိ အချိန်အတွင်း မည်သည့်မိန်းမကိုမျှ ကြော်ငြာထားသည့် ရေနံမြေတွင် မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။ထို့ပြင်

(ဂ) (၁) ကြော်ငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသော မိန်းမအားလုံးအတွက် အလုပ်လုပ်ချိန်ကာလအပိုင်းအခြားမှာ အတူတူပင်ဖြစ်မည်။ ထို့ပြင်

(၂) အထူးအကြောင်းများကြောင့် အင်စပက်တော်က ခွင့်ပြုသည့်အခါမှတပါး၊မိန်းမ အလုပ်သားတို့၏ အလုပ်လုပ်ချိန်ကာလ အပိုင်းအခြားကို၊ ပြက္ခဒိန်လ မည်သည့်လတွင်မဆို၊ တကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

အချိန်ပို လုပ်ရသည့် အတွက် အခပို။

၄၄။ ။(၁) ရေနံ အလုပ်သမား တဦးတယောက်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ ပုဒ်မ ၃၀ နှင့် ၃၃ တွင် သတ်မှတ်ထားသည့် အချိန်ထက်ပို၍ လုပ်ရလျှင် ထိုသူသည်မိမိ အချိန်ပို လုပ်ရသည့်အတွက် မိမိသာမန်ရရှိသည့်အခနှုန်း၏ နှစ်ဆရစေရမည်။

(၂) ရေနံအလုပ်သမားတဦးတယောက်သည်၊ အသိအမှတ်ပြုထားသည့် သာမန် အလုပ်ဝိတ်ရက်၌ အလုပ်လုပ်ရလျှင်၊ ထိုသူသည် မိမိလုပ်ရသည့်အချိန်နာရီအတွက်၊ မိမိသာမန်ရရှိသည့် အခနှုန်း၏ နှစ်ဆရစေရမည်။

(၃) ရေနံအလုပ်သမားများကို ပုတ်ပြတ်နှုန်းပေါ်တွင် အခြေပြု၍ အခပေးလျှင်၊ နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းသည့် အလုပ်သမားဆိုင်ရာ တွဲဘက်အကြံပေးအဖွဲ့နှင့်တိုင်ပင်၍၊ ဤပုဒ်မ

အလို့ငှါ၊ အခြိန်နာရီအလိုက် အခန့်နှုန်းများကို၊ [၁] [ထိုရေနံအလုပ်သမားများ] လုပ်ခွင့်ရသည့် ဒွေ၏ ပျမ်းမျှရ နှုန်းနှင့် တူညီခိုင်သမျှတူညီအောင် သတ်မှတ်ရမည်ဟုပြင်၊ ယင်းသို့ သတ်မှတ်သည့် အခန့်နှုန်းများသည်၊ ထိုရေနံအလုပ်သမားများ၏ သာမန်အခန့်နှုန်းများဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၄) နိုင်ငံတော်သမတ သည်၊ ဤပုဒ်မရှိပြဋ္ဌာန်းချက်များကို လိုက်နာစေရန်အလို့ငှါ၊ ကြော်ငြာထားသည့် ရေနံမြေတွင် ထားရှိရမည့် မှတ်ပုံတင်စာအုပ်များ ပြဋ္ဌာန်းနိုင်သည်။

ရှင်းလင်းချက်။ ။ဤပုဒ်မအရပေးရမည့် အခပိုကို တွက်ချက်ရန်အလို့ငှါ၊ " အခ " ဆိုသည်မှာ၊ မည်သည့်စရိတ်မျှ မပါသော အခသက်သက်ဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း ၈။

အခမပျက်ခွင့်ရက်များ။

[၂] ၄၅—၅၁။ ။ * * * *

အခန်း ၉။

လူငယ်များခိုင်းစေခြင်း။

၅၂။ ။အသက်ဆယ့်သုံးနှစ်မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။ ငယ် ရွယ်သော ကလေးများ ခိုင်းစေခြင်းကို တားမြစ်ခြင်း။

၅၃။ ။အသက် ဆယ့်သုံးနှစ် ပြည့်ပြီးသည့် မည်သည့်ကလေးကိုမျှ၊ သို့တည်းမဟုတ် မည်သည့်လူရွယ်ကိုမျှ—

(က) ပုဒ်မ ၅၄ အရ၊ ထိုသူအား ရည်ညွှန်း၍ ထုတ်ပေးသည့် အလုပ် လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ကို အလုပ်ရှင်ကသိမ်းဆည်းမထားလျှင်၊ ထို့ပြင်

(ခ) ထိုသူသည်၊ မိမိအလုပ်လုပ် နေစဉ်၊ ယင်းသို့သော တာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့် အထိမ်းအမှတ်ကို ဆောင်မထားလျှင်

အထိမ်းအမှတ်များကို လူကြီး အလုပ်သမား မဟုတ်သည့် ရေနံ အလုပ်သမား များက ဆောင်ထားရ ခြင်း။

ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ် ခွင့်မပြုရ။

၅၄။ ။(၁) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်လိုသည့် လူငယ်ကဖြစ်စေ၊ ထိုသူ၏ မိဘက၊ သို့တည်းမဟုတ် အုပ်ထိန်းသူက ဖြစ်စေ၊ ထိုသူ့ကို ခိုင်းစေလိုသည့် အလုပ်ရှင်ကဖြစ်စေ လျောက်ထားလျှင်၊ ယင်းသို့သော အလုပ်ကို ထိုသူလုပ်ရန် သင့်လျော်သည် မသင့်လျော်သည်ကို အမှန်သိရှိရအောင် ထိုသူ့ကို စမ်းသပ်စစ်ဆေးရမည်။ အလုပ်လုပ်ရန် သင့်လျော် ကြောင်း တာဝန်ခံ လက်မှတ်များ။

---

[၁] ၁၉၅၃ ခုနှစ်၊အက်ဥပဒေ အမှတ် ၄၀ အရပြင်ဆင်သည်။

[၂] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရဖယ်ဖျက်သည်။

(၂) တာဝန်ခံလက်မှတ် ပေးသည့်ဆရာဝန်သည်၊ စမ်းသပ် စစ်ဆေးခြင်း ပြုပြီးကာလ၊ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် ရေးသားသော အောက်ပါ တာဝန်ခံလက်မှတ်ကို ထိုသူအား ထုတ်ပေးနှင်သည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးနိုင်သည်။

(က) ထိုလူငယ်သည်၊ အသက် ဆယ့်သုံးနှစ်ပြည့်ပြီးဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ကာယဗလ အဆင့်အတန်းများသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် ယင်းသို့သောအလုပ်ကို ထိုလူငယ်လုပ်ရန် သင့်လျော်ကြောင်းများဖြင့် တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်ကကျေနပ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေတွင် ကလေးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

(ခ) ထိုလူငယ်သည်၊ အသက်ဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်၍၊ ကြော်ငြာထားသည့် ရေနံမြေတွင် တရက်လုံးအတွက် အလုပ်လုပ်ရန်သင့်လျော်ကြောင်းဖြင့် တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်က ကျေနပ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေ တွင် လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

သို့ရာတွင် တာဝန်ခံလက်မှတ် ပေးသည့်ဆရာဝန်သည်၊ လူငယ်အလုပ်လုပ်ရန် ကြိုးပမ်းသည့် နေရာနှင့်၊ ထိုသူ့ကိုခိုင်းစေမည့် အလုပ်အကြောင်းကို ကိုယ်တိုင်သိရှိပြီးမဟုတ်လျှင်၊ ထိုနေရာကို စစ်ဆေးပြီးမှသာလျှင် ပုဒ်မခွဲ (၁) အရ၊ တာဝန်ခံလက်မှတ်ကို ထုတ်ပေးရမည်၊ သို့ဘည်းမဟုတ် အသစ်လဲလှယ်ပေးရမည်။

(၃) (က) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်သည်၊ ထုတ်ပေးသည့်နေ့မှစ၍ ဆယ့်နှစ်လအတွက်သာ အတည်ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်ကို၊ ခိုင်းစေခံရမည့်လူငယ်နှင့် ပတ်သက်သည့် အလုပ်အမျိုးအစားနှင့်စပ်လျဉ်း၍၊ စည်းကမ်းချက်များထား၍ ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် ဆယ့်နှစ်လမစေ့မီလူငယ်ကို ပြန်လည် စမ်းသပ်စစ်ဆေးရမည်ဟု တာဝန်ခံလက်မှတ်တွင် စည်းကမ်းချက် ထည့်သွင်းရေးသားနိုင်သည်။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် သက်သေခံလက်မှတ်ရရှိသူသည်၊ ထိုလက်မှတ်တွင် ရေးသား ဖော်ပြထားသည့်အတိုင်းကလေး၊ သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့်ကြော်ငြာထားသည့် ရေနံမြေတွင် ဆက်လက်အလုပ်လုပ်ရန် မသင့်လျော်တော့ကြောင်း တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်ကထင်မြင်သဘောရရှိလျှင်၊ ဆရာဝန်သည် တာဝန်ခံလက်မှတ်ကိုရုပ်သိမ်းရမည်။

(၅) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ တာဝန်ခံလက်မှတ်ကိုဖြစ်စေ၊ တောင်းဆိုသည့် တာဝန်ခံလက်မှတ်မျိုးကိုဖြစ်စေ ထုတ်ပေးရန်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးရန် ငြင်းဆိုလျှင်သော်ငင်း ရုပ်သိမ်းလျှင်သော်ငင်း တာဝန်ခံလက်မှတ် တောင်းဆိုပိုင်ခွင့်ရှိသူက မည်သည့် အကြောင်းကြောင့် ယင်းသို့ငြင်းဆိုသည်၊ သို့တည်းမဟုတ် ရုပ်သိမ်းသည်ကို ဖော်ပြရန် ဆရာဝန်အားတောင်းဆိုလျှင်၊ ထိုအကြောင်းများကို ရေးသားဖော်ပြရမည်။

(၆) ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) တွင် ရည်ညွှန်းထားသည့် စည်းကမ်းချက်များထားလျက်၊ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ကလူငယ်နှင့် စပ်လျဉ်း၍၊ ဤပုဒ်မအရ တာဝန်ခံလက်မှတ်ကိုထုတ်ပေးလျှင်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးလျှင်၊ ထိုလူငယ်ကို စည်းကမ်းချက်များနှင့်အညီမှလွဲ၍ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၇) ဤပုဒ်မအရထုတ်ပေးသည့် တာဝန်ခံလက်မှတ်အတွက် ပေးဆောင်ရမည့်အခကြေကို ဆိုင်ရာအလုပ်ရှင်က ပေးဆောင်ရမည်။ လူငယ်ထံမှ ဖြစ်စေ၊ သူ၏မိဘထံမှဖြစ်စေ၊ အုပ်ထိန်းသူထံမှ ဖြစ်စေ မတောင်းဆိုရ။

၅၅။ ။(၁) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) အရကြော်ငြာထားသည့် ရေနံမြေတွင် လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် ရသည့်ပြင်၊ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်နေစဉ်၊ ထိုတာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့်အထိမ်းအမှတ်ကိုလည်း ဆောင်ထားသည့် လူရွယ်သည်၊ အခန်း ၇ [* *] ပါ ကိစ္စ အားလုံးအလို့ငှါ လူကြီးဖြစ်သည်ဟူ၍မှတ်ယူရမည်။ [လူရွယ်သို့ ထုတ်ပေးသည့် လက်မှတ်၏ အကျိုးသက် ရောက်ခြင်း။]

(၂) ပုဒ်မ ၅၄၊ပုဒ်မခွဲ (၂)၊အပိုဒ် (ခ) အရကြော်ငြာထားသည့် ရေနံမြေတွင် လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် မရသည့်လူရွယ်သည်၊ အသက်မည်မျှပင် ရှိစေကာမူ၊ ဤအက်ဥပဒေအလို့ငှါ ကလေးဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၅၆။ ။(၁) မည်သည့်ကလေးကိုမျှ၊ ကြော်ငြာထားသည့်ရေနံမြေ၌— ကလေးများ အလုပ်လုပ်သည့် အချိန်။

(က) မည်သည့်ရက်တွင်မဆို ပေါင်းလေးနာရီထက်ပို၍ မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ခ) ညနေ ခြောက်နာရီမှ နံနက် ခြောက်နာရီထိ အချိန်အတွင်း မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၂) ကလေးအားလုံးတို့၏ အလုပ်လုပ်ချိန် ကာလအပိုင်းအခြားကို၊ အလှည့်ချင်းမဆင်သော အလှည့်နှစ်လှည့်သာ ကန့်သတ်ထားရမည့်ပြင်၊ တလှည့်လျှင်လည်း လေးနာရီထက်မပိုစေရ၊ အလုပ်ရှင်ခိုင်းစေသည့် ကလေးအသီးသီးကို အလှည့်ကျလူစုတွင်သာခိုင်းစေရမည်။ ထို့အပြင် ခိုင်းစေခံရသောကလေး ပါဝင်လုပ်ကိုင်သောအလှည့်ကျလူစုကို၊ အင်စပက်တော်၏ သဘောတူညီချက်မရရှိဘဲ၊ တလျှင် တကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

(၃) ပုဒ်မ ၃၁ ရှိပြဋ္ဌာန်းချက်သည် ကလေးအလုပ်သမားများနှင့်လည်းသက်ဆိုင်စေရမည်။ ထို့ပြင်ကလေးနှင့်ပတ်သက်၍ ထိုပုဒ်မရှိပြဋ္ဌာန်းချက်မှ ကင်းလွတ်ခွင့်မပြုရ။

(၄) မည်သည့်ကလေးကိုမျှ၊ အလုပ်ရှင်တဦးလက်အောက်၌ အလုပ်လုပ်ပြီးဖြစ်သောရက်တွင်၊ အခြားအလုပ်ရှင်လက်အောက်၌ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့် မပြုရ။

၅၇။ ။(၁) ကလေးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာနှိုတစ်စာတစောင်ကို၊နေ့စဉ်မည်သည့် ကာလအပိုင်းအခြားတွင် ကလေးများအား အလုပ်လုပ်စေမည်၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့် ပြုမည့်အကြောင်း ရှင်းလင်းစွာဖေါ်ပြလျက်၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ကလေးများကိုခိုင်းစေသည့် ကြော်ငြာထားသည့်ရေနံမြေတွင်၊ မြင်သာအောင် ကပ်ထားရမည့်အပြင်၊ မှန်ကန်စွာလည်း ထားရှိရမည်။ ကလေးများ အလုပ်လုပ်ရန် ကာလ အပိုင်း အခြား ဆိုင်ရာ နှိုတစ်စာ။

(၂) ပုဒ်မခွဲ (၁) အရလိုအပ်သည့် နှိုတစ်စာတွင် ဖေါ်ပြထားသည့် ကာလအပိုင်းအခြားများကို ပုဒ်မ ၃၈ တွင်၊ လူကြီးများအတွက်ပြဋ္ဌာန်းသည့်နည်းလမ်းနှင့်အညီ ကြိုတင်သတ်မှတ်ရမည့်အပြင်၊ ထိုကာလအပိုင်းအခြားများအတွက်၊ အလုပ်လုပ်နေသည့် ကလေးများသည်၊ ပုဒ်မ ၅၆ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍၊ အလုပ်လုပ်ရာ မရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ပုဒ်မ ၃၈၊ပုဒ်မခွဲ (၉) နှင့် (၁၀) ရှိ ပြဋ္ဌာန်းချက်များသည်၊ ဤပုဒ်မ၏ပုဒ်မခွဲ (၁) အရ လိုအပ်သည့်နှိုတစ်စာနှင့်လည်း သက်ဆိုင်စေရမည်။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရအစားထည့်သွင်းသည်။

[2] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရပယ်ဖျက်သည်။

(၄) နိုင်ငံတော်သမတ သည်၊ ကလေးများအလုပ်လုပ်ရန် ကာလ အပိုင်းအခြားများဆိုင် ရာနှိုတစ်စာအတွက် ပုံစံများနှင့် ထိုနှိုတစ်စာကို ထားရှိရမည့်နည်းလမ်းကို၊ ပြဋ္ဌာန်းသည့် နည်း ဥပဒေများ ပြုလုပ်နိုင်သည်။

ကလေး ရေနံ အလုပ်သမား များ မှတ်ပုံတင် စာအုပ်။

၅၀။ ။(၁) ကလေးများကိုခိုင်းစေသည့် အလုပ်ရှင်အသီးသီးသည်—

(က) ကလေး ရေနံအလုပ်သမား အသီးသီး၏အမည်၊

(ခ) ထိုကလေးလုပ်သည့် အလုပ်အမျိုးအစား၊

(ဂ) ထိုကလေးပါဝင်သည့် လူစုရှိလျှင်၊ထိုလူစု၊

(ဃ) ထိုကလေးပါဝင်သည့်လူစုသည်၊ အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုကလေးအား မည်သည့် အလှည့်ကျလူစုသို့ သတ်မှတ်ချထားကြောင်း၊

(င) ပုဒ်မ ၅၄ အရထုတ်ပေးသည့်၊ ထိုကလေး၏ အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၏အမှတ်၊ ထို့ပြင်

(စ) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများကို ဖော်ပြသည့်ကလေး အလုပ်သမား များ မှတ်ပုံတင် စာအုပ်ကို ထားရှိရမည့်ပြင်၊ ထိုစာအုပ်ကို အလုပ်ချိန် အတွင်း အင်စပက်တော်က အချိန်မရွေး ကြည့်ရှုနိုင်ရန်တာဝန်ရှိရမည်။

(၂) နိုင်ငံတော်သမတ သည်၊ကလေးရေနံ အလုပ်သမားများမှတ်ပုံတင်စာအုပ်ပုံစံ၊ထိုမှတ် ပုံတင် စာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံတင်စာအုပ်ကို မပျက်မစီးအောင် သိမ်း ထားရမည့် ကာလအပိုင်းအခြားကို ပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ် သည့်အချိန် နာရီများသည် ပုဒ်မ ၅၇ အရ ကပ်ထားရမည့် နှိုတစ်စာနှင့် ၎င်း၊ပုဒ်မ ၅၀ အရ ထားရှိရ မည့် မှတ်ပုံတင် စာအုပ်နှင့် ၎င်း ညီညွတ်စေ ခြင်း။

၅၉။ ။မည်သည့်ကလေးကိုမျှ၊ ကြော်ငြာထားသည့်ရေနံမြေတွင် မြင်သာအောင် ကပ် ထားသည့် ကလေးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားများဆိုင်ရာ နှိုတစ်စာနှင့် ဆန့်ကျင်လျက် ၎င်း၊ ထို့ပြင်ကြော်ငြာထားသည့်ရေနံမြေရှိ ကလေးရေနံအလုပ်သမားများ မှတ်ပုံတင် စာအုပ်တွင်၊ ထိုကလေး၏ အမည်နှင့်ယှဉ်လျက်၊ကြိုတင်ရေးသွင်းထားသည့် ရေးသွင်းချက်များနှင့် ဆန့်ကျင်လျက် ၎င်း ခိုင်းစေခြင်းမပြုရ။

ဆရာဝန်ဖြင့် စမ်းသပ် စစ်ဆေးခြင်းကို ပြုလုပ်ရန် ဆင့်ဆိုခိုင်ခွင့် အာဏာ။

၆၀။ ။(က) အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန် ခံလက်မှတ်မရှိဘဲကြော်ငြာထား သည့် ရေနံမြေတွင် အလုပ်လုပ်နေသူသည်၊ လူငယ်ဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလုပ်လုပ်ရန် သင့်လျော်ကြောင်း၊ တာဝန်ခံ လက်မှတ်နှင့် ကြော်ငြာ ထားသည့်ရေနံမြေတွင် အလုပ်လုပ်နေသည့် လူငယ်သည်၊ထိုတာဝန်ခံလက် မှတ်တွင်ရေးသားဖော်ပြထားသည့်အတိုင်း၊ကလေး၊သို့တည်းမဟုတ် လူကြီး အဖြစ်ဖြင့် ဆက်လက် အလုပ်လုပ်ရန် မသင့်လျော်တော့ဟူ၍ သော်၎င်း

အင်စပက်တော်က ထင်မြင်သဘောရရှိလျှင်၊ ထိုအင်စပက်တော်သည်၊ ယင်းသို့သော လူငယ် ကို တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးရမည်ဟု ဆင့်ဆိုသည့် နှိုတစ်စာကို အလုပ်ရှင်ထံပေးနိုင်သည်။ ထို့ပြင် ယင်းသို့သော သူကို၊ ဤကဲ့သို့ စမ်းသပ်စစ်ဆေးခြင်းပြုရသေးမီ၊ ထို့ပြင် ပုဒ်မ ၅၄ အရ၊ အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၊ သို့တည်း

မဟုတ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်သစ်၊ဆိုင်သင့်ရာရာကိုလည်း ထုတ်ပေး ခြင်းမပြုရသေးဘီ၊သို့တည်းမဟုတ် ထိုသူအား စစ်ဆေးသော တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်က၊ ထိုသူသည် လူငယ် မဟုတ်ကြောင်း တာဝန်ခံ လက်မှတ် မပေးရသေးဘီ၊ ကြော်ငြာထားသည့် ရေနံမြေတွင် မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့် မပြုရဟု အင်စပက်တော်က ဆင့်ဆိုလျှင်၊ ထိုသို့ဆင့်ဆိုသည့်အတိုင်း မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

နည်းဥပဒေများပြုလုပ်နိုင်သည့်အကြောင်း။

၆၁။ ။နိုင်ငံတော်သမတ သည်၊ အောက်ပါကိစ္စများ အလို့ငှါ၊ နည်းဥပဒေများပြုလုပ်နိုင်သည်။

(က) ပုဒ်မ ၅၄ အရထုတ်ပေးမည့် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်များ အတွက်၊ ပုံစံများကို ပြဋ္ဌာန်းရန်၊ မူရင်း တာဝန်ခံ လက်မှတ် ပျောက်ဆုံးသည့် အခါ၊ မိတ္တူများ ထုတ်ပေးရန် အတွက် ပြဋ္ဌာန်းရန်၊ ထို့ပြင် ယင်းသို့သော တာဝန်ခံလက်မှတ်များအသစ် လဲလှယ်ထုတ်ပေးသည့် တာဝန်ခံ လက်မှတ်များနှင့် ယင်းသို့သော မိတ္တူများအတွက်ငင်း၊ ပြဋ္ဌာန်းသည့် အခြားစမ်းသပ် စစ်ဆေးမှုများအတွက်ငင်း၊ တောင်းဆိုပိုင်ခွင့်ရသည့် အခများကို သတ်မှတ်ရန်၊

(ခ) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သည့် ကလေးများနှင့် လူငယ်များ ရောက်ရမည့် ကာယဗလ အဆင့်အတန်းများကို ပြဋ္ဌာန်းရန်၊

(ဂ) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်များက၊ ဤအခန်းအရ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို၊ စည်းမျဉ်းသတ်မှတ်ရန်၊ ထို့ပြင် ကြော်ငြာထားသည့် ရေနံမြေများတွင် လူငယ်များအား ခိုင်းစေခြင်းနှင့် စပ်လျဉ်း၍၊ ထိုတာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်တို့က ဆောင်ရွက်ရန် လိုအပ်သည့် [၃] [အခြားတာဝန်ဝတ်တရားများကို] သီးခြားဖေါ်ပြရန်၊ [၃] [ထိုတာဝန် ဝတ်တရားများအတွက်] တောင်းဆိုနိုင်သည့် အခငွေများနှင့် ထိုအခငွေများပေးဆောင်ရမည့် သူများကို ပြဋ္ဌာန်းရန်၊ ထို့ပြင်

(ဃ) ဤအခန်းရှိ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန် အလို့ငှါ၊ သင့်လျော်သည့် အခြားအကြောင်းအရာ တခုခုကို ပြဋ္ဌာန်းရန်။

အခန်း ၁၀။

ပြစ်ဒဏ်များနှင့် လိုက်နာဆောင်ရွက်ရန် နည်းလမ်း။

ပြစ်မှုများအတွက်သာမန်ပြစ်ဒဏ်။

၆၂။ ။ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာ အလုပ်ရှင်သည်၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကို ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေကို၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ စာဖြင့် ရေးသားချမှတ်သည့် အမိန့်ကိုဖြစ်စေ ဆန့်ကျင်လျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ ထို့ပြင် ယင်းသို့ ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက်၊ ဆက်လက်ဆန့်ကျင်ပါက၊ ထိုအလုပ်ရှင်သည် နောက်ဆုံး ပြစ်မှု ထင်ရှားစီရင်ခြင်းခံရမည့်ပြင်၊ ဤကဲ့သို့ ဆက်လက်ဆန့်ကျင်သည့် ရက်များအတွက်၊ တရက်လျှင် ခုနစ်ဆယ့် ငါးကျပ်ထက် မပိုသော ငွေဒဏ်ကိုလည်း စီရင်ခြင်းခံရမည်။

---

[၃] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀ အရ ပြင်ဆင်သည်။

အထက်က ပြစ်ဒဏ်စီရင်ခြင်း ခံရဘူးသူများကိုပြစ်ဒဏ် တိုးချစီရင်ခြင်း။

၆၃။ ။ပုဒ်မ ၆၂ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူးသူသည်၊ ယခင်က ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို နောက်ထပ် ဆန့်ကျင်သည့် ပြစ်မှုအတွက်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုသူသည် နောက်ထပ် ပြစ်ဒဏ်စီရင်ခြင်း ခံရသောအခါ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး နှစ်ရာမှ အများဆုံး တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

သို့ရာတွင် ဤပုဒ်မအရပြစ်ဒဏ်စီရင်ခြင်းခံရရန် အလို့ငှါ နှစ်နှစ်ကျော်က ချမှတ်သည့်ပြစ်ဒဏ်ကို ထည့်သွင်း အရေးမယူရ။

ရေနံအလုပ်သမားများက ကျူးလွန်သည့် ပြစ်မှုများ။

၆၄။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသူ ရေနံအလုပ်သမားတဦးတယောက်က၊ ရေနံအလုပ်သမားများသို့၊ တာဝန်ဝတ်တရားများ ချအပ်သည့်၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ တခုခုကို၊ သို့တည်းမဟုတ် အမိန့် တခုခုကိုဖြစ်စေ ဆန့်ကျင်လျှင်၊ ထိုသူသည် တလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်ထိုက်သည့်ပြစ်မှုအာဏာ၊ ရေနံအလုပ်သမားကိုပြစ်ဒဏ် စီရင်လျှင်၊ ထိုဆန့်ကျင်မှုကို ' [ကာကွယ်ရန်] သင့်လျော်သော ဆောင်ရွက်မှုများကို အလုပ်ရှင်က မပြုလုပ်ကြောင်း ထင်ရှားအောင် မပြနိုင်လျှင်၊ ထိုအလုပ်ရှင်ကို ထိုဆန့်ကျင်မှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သည်ဟု မမှတ်ယူရ။

အင်စပက်တော်ကို ဟန့်တားသည့် အတွက် ပြစ်ဒဏ်။

၆၅။ ။မည်သူမဆို၊ ဤအက်ဥပဒေအရအပ်နှင်းထားသည့် အာဏာကို သုံးစွဲနေသော အင်စပက်တော်ကို၊ တမင်ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ၊ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာရွက်စာတမ်းများကို ထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ ထုတ်ပြရန် ပျက်ကွက်လျှင်သော်၎င်း၊ ကြော်ငြာထားသည့် ရေနံမြေအတွင်းရေနံအလုပ်သမားတဦးတယောက်ကို အင်စပက်တော် ရွေ့လျှို လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ်အဆေးခံခြင်း မပြုနိုင်အောင် ဂွက်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်၎င်း ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

အမိန့်များ ချမှတ်နိုင်သည့် တရားရုံး၏ အာဏာ။

၆၆။ ။(၁) တရားရုံးသည် အလုပ်ရှင်ကို၊ ဤအက်ဥပဒေအရပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်စီရင်နိုင်သည့်ပြင်၊ အမိန့်တရပ်လည်း ချမှတ်နိုင်သ်။ ထိုအမိန့်တွင် ကျူးလွန်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ တရားအတိုင်း ဖြစ်စေရန်အလို့ငှါ အမိန့်တွင် သီးခြားဖေါ်ပြထားသည့် ဆောင်ရွက်မှုများကို ထိုအမိန့်တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း ပြုလုပ်ရမည်ဟု ပါရှိရမည်။ တရားရုံးသည် ကာလအပိုင်းအခြားကို ထပ်တိုးရန် လျောက်ထားသည့်အခါ၊ ထိုသို့ ထပ်တိုးရန် သင့်သည်ဟု ထင်မြင်လျှင်၊ အခါအားလျော်စွာ ထပ်တိုးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရအမိန့်ကိုချမှတ်လျှင်၊ အလုပ်ရှင်သည် တရားရုံးက ခွင့်ပြုသည့် ကာလ အပိုင်း အခြား အတွင်း၊ သို့တည်းမဟုတ် ထပ်တိုးသော ကာလ အပိုင်း အခြား အတွင်း၊ ထိုပြစ်မှုကို ဆက်လက် ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေအရပြစ်ဒဏ်မထိုက်သင့်စေရ။ သို့ရာတွင် ထိုခွင့်ပြုသည့် ကာလအပိုင်းအခြား၊ သို့တည်းမဟုတ် ထပ်တိုးသော ကာလအပိုင်းအခြား

' ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရ ပြင်ဆင်သည်။

စေ့ကုန်သောအခါ၊ တရားရုံး၏ အမိန့်အတိုင်း အကြွင်းမဲ့ လိုက်နာဆောင်ရွက်ခြင်း မရှိသေးလျှင်၊ အလုပ်ရှင်သည် နောက်ထပ်ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုကာလ အပိုင်းအခြား စေ့ကုန်ပြီးနောက် အမိန့်အတိုင်း လိုက်နာရန် စတင်ပျက်ကွက်သည့်နေ့မှစ၍ တနေ့လျှင် တရာထက် မပိုသော ငွေဒဏ် စီရင်ခြင်းခံရမည်။

သီးခြားဖြစ်သော ပြစ်မှုများ။

၆၇။ ။ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက်ရှိသော်လည်း၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်နှင့် ဆန့်ကျင်လျက်ရှိသော်လည်း ကြော်ငြာထားသည့် ရေနံမြေတွင်၊ မည်သူကိုမဆို ခိုင်းစေလျှင်၊ ဤသို့ ခိုင်းစေခံရသူ အသီးသီးနှင့် ပတ်သက်၍၊ သီးခြားဖြစ်သော ပြစ်မှုများကျူးလွန်သည်ဟု မှတ်ယူရမည်။

အလုပ်လုပ်ရန် သင့်လျော်ကြောင်းမှန်သည့်တဝန်ခံလက်မှတ်အား အသုံးပြုသည့် အတွက် ပြစ်ဒဏ်။

၆၈။ ။မည်သူမဆို၊ ပုဒ်မ ၅၄ အရ၊ သူတပါးသို့ ပေးအပ်သည့် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တဝန်ခံလက်မှတ်ကို၊ ထိုပုဒ်မအရ၊ မိမိသို့ပေးအပ်သည့် တဝန်ခံ လက်မှတ်အဖြစ် လိမ်လည်၍ ဖိလျက်နှင့် အသုံးပြုလျှင် သော်၎င်း၊ အသုံးပြုရန်အားထုတ်လျှင်သော်၎င်း၊ ထိုပုဒ်မအရ တဝန်ခံလက်မှတ်ကို ရယူပြီးနောက်၊ သိလျက်နှင့် အခြားသူတဦးတယောက်အား အသုံးပြုခွင့် ပေးလျှင် သော်၎င်း၊ အသုံးပြုရန် အားထုတ်မှုကို ခွင့်ပြုလျှင်သော်၎င်း၊ ထိုသူသည် နှစ်ဆယ်ထက် မပိုသော ငွေဒဏ် စီရင်ခြင်း ခံရမည်။

ကလေးကို တရက်ထည်း၌ အလုပ်ရှင် နှစ်ဦးထံတွင် အလုပ်လုပ်ခွင့် ပြုသည့်အတွက် ပြစ်ဒဏ်။

၆၉။ ။အလုပ်ရှင်တဦး လက်အောက်တွင် ကလေးတယောက်သည်၊ လုပ်ပြီးသောရက်၌ အခြားအလုပ်ရှင်တဦး လက်အောက်တွင် မိဘ၏၊ သို့တည်းမဟုတ် စောင့်ရှောက်သူ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏၊ သို့တည်းမဟုတ် အုပ်ချုပ်သူ၏၊ သို့တည်းမဟုတ် အခများမှ တိုက်ရိုက် အကျိုးခံစားရသူ၏ သဘောတူညီချက်ဖြင့်၊ သို့တည်းမဟုတ် တမင်လျစ်လျူရှုချက်ဖြင့် အလုပ်လုပ်သည်ဟု တရားရုံးက ထင်မြင်လျှင်၊ ကလေး၏မိဘသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် စောင့်ရှောက်သူသည်၊ သို့တည်းမဟုတ် အုပ်ချုပ်သူသည်၊ သို့တည်းမဟုတ် အကျိုးခံစားရသူသည်၊ နှစ်ဆယ်ထက်မပိုသော ငွေဒဏ် စီရင်ခြင်းခံရမည်။

မည်သူသည် အလုပ်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း

၇၀။ ။(၁) အလုပ်ရှင်သည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ် လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခု အတွက် ဤအခန်းအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၌ နေထိုင်သူ တဦးတယောက်ကို၊ ဤအခန်းပါ ကိစ္စများအလို့ငှါ၊ အလုပ်ရှင် အဖြစ် အမည်တင်မြှောက် ခန့်ထားပြီး ဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က အင်စပက်တော်အား နို့တိစ်စာပေးပို့နိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည်၊ ယင်းသို့ နေထိုင်သမျှ ကာလ ပတ်လုံး၊ မိမိအား အမည်တင်မြှောက် ခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ် နို့တစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစု ပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီ သော်၎င်း၊ ဤအခန်းပါကိစ္စများ အလို့ငှါ၊ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများအနက် မည်သည့် ဒါရိုက်တာ လူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင် ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့် အစုပါဝင်သူကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ် ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအခန်းအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်စေနိုင်သည်။

သို့ရာဘွင် ·ထိုအများပိုင် ကုမ္ပဏီသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာ လူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင် ကုမ္ပဏီဖြစ်လျှင် အစု ပါဝင်သူတဦးကိုသော်၎င်း၊ ဤအခန်းပါ ကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်မြောက် ခန့်ထားပြီး ဖြစ်ကြောင်းဖြင့် အင်စပက်တော်အား ရှိတစ်စာ ပေးပို့နိုင်သည်။ ထို့ပြင်ထို့ဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး၊ မိမိအား အမည်တင်မြောက်ခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ် ရှိတစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာ လူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုခဲသော်၎င်း၊ ဤအခန်းပါ ကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည် ဟူ၍မှတ်ယူရမည်။

အလုပ်ရှင်မှာ တာဝန်ကင်းလွတ်ခြင်း။

၇၁။ ။(၁) အလုပ်ရှင်အပေါ်တွင် ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုနှင့် တရားစွဲဆိုလျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုကို အခြားသူက ကျူးလွန်ကြောင်းနှင့် ကိုယ်တိုင် နေရာကျတိုင်တန်း လျောက်ထား၍ ယင်းသို့ တိုင်တန်းလျောက်ထားရန် ကြံရွယ်ကြောင်း၊ ရှိတစ်စာကို၊ သုံးခက်အောက်မနည်း ကြိုတင်၍ တရားလိုဘက်သို့ ပေးပြီးကာလ၊ ထိုသို့စွပ်စွဲခံရသူကို စွဲချက်အတိုင်း ကြားနာစစ်ဆေးရန် ချိန်းဆိုသည့် အချိန်တွင်၊ တရားရုံးသို့ ခေါ်ဆောင်လာစေရန် ပြောဆိုပိုင်ခွင့်ရှိရမည်။ ထို့ပြင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပြီးနောက် ထိုအလုပ်ရှင်က—

(က) ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင်နေရာကျ လုံ့လပြုကြောင်း၊ ထို့ပြင်

(ခ) မိမိမသိဘဲ၊ သဘောမတူဘဲ၊ တမင် လျစ်လျူရှု၍ နေခြင်းကြောင့်မဟုတ်ဘဲ၊ ထိုစွပ်စွဲခံရသော အခြားသူသည်၊ ပြစ်မှုကို ကျူးလွန်ကြောင်း

တရားရုံးက ကျေနပ်အောင် ထင်ရှားပြသလျှင်၊ ထိုပြစ်မှုအတွက်၊ ထိုအခြားသူကို ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင်အခြားသူသည် အလုပ်ရှင် ဖြစ်သကဲ့သို့ အလားတူ ပြစ်ဒဏ်များ စီရင်ခြင်း ခံရမည်။ ထို့ပြင် အလုပ်ရှင်သည် ထိုပြစ်မှုနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေအရ မည်သည့်တာဝန်မှ မဆို ကင်းလွတ်စေရမည်။ ဤအမှုများတွင် အလုပ်ရှင်က သက်သေခံလျှင်၊ ထိုအလုပ်ရှင်ကိုငင်း၊ စွဲချက်ကို ထောက်ခံရန် ထိုသူကပေးသည့် သက်သေများကိုငင်း၊ [၁] [တရားလိုက] ပြန်လှန်စစ်ဆေးနိုင်ခွင့် ရှိသည့်ပြင်၊ သက်သေ ထွက်ချက်များကိုလည်း ချေပရန် သက်သေတင်ပြနိုင်သည်။

(၂) အမှုစွဲဆိုခြင်းမပြုမီ၊ မည်သည့်အချိန်တွင်မဆို—

(က) အလုပ်ရှင်က ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင်နေရာကျ လုံ့လပြုကြောင်း၊

(ခ) ပြစ်မှုကျူးလွန်သူမှာ မည်သူဖြစ်ကြောင်း၊ ထို့ပြင်

(ဂ) ပြစ်မှု ကျူးလွန်သည့်အခါ၊ အလုပ်ရှင်မသိဘဲ၊ သို့တည်းမဟုတ် သဘောမတူဘဲ၊ သို့တည်းမဟုတ် တမင်လျစ်လျူရှု၍ နေခြင်းမဟုတ်ဘဲ၊ သူ၏အမိန့်ကို ဖီဆန်ကျူးလွန် ကြောင်းဖြင့်၊ အင်စပက်တော် ကျေနပ်အောင် ထင်ရှားပြသည့်အခါ အလုပ်ရှင်အပေါ်တွင် ရှေးဦးစွာ တရားစွဲဆိုခြင်းမပြုဘဲ၊ ပြစ်မှုကျူးလွန်သူ အမှန်ဖြစ်ကြောင်း၊ မိမိယုံကြည်သူကို၊ အင်စပက်တော်က တရားစွဲဆိုရမည်။ ထိုသူမှာလည်း၊ အလုပ်ရှင်ဖြစ်သကဲ့သို့ အလားတူပြစ်ဒဏ်များ စီရင်ခြင်းခံရမည်။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရ ပြင်ဆင်သည်။

၇၂။ ။ထမင်းစားချိန်နှင့် အားလပ်ချိန်များမှလွဲ၍၊ အလုပ်လုပ်နေသည့် အချိန်တွင်ဖြစ်စေ၊ စက်ကိရိယာ လည်နေသည့် အချိန်တွင်ဖြစ်စေ၊ မည်သည့် အချိန်တွင် မဆို၊ တဦးတယောက်သော သူကို၊ ကြော်ငြာထားသည့် ရေနံမြေ၌ တွေ့ရှိလျှင်၊ ထိုသူသည် ကြော်ငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသူမဟုတ်ဟု ထင်ရှားအောင် မပြနိုင်ပါက၊ ထိုသူကို ဤအက်ဥပဒေ အလိုင်္ဂါဂင်း၊ ဤအက်ဥပဒေအရ၊ ပြုလုပ်သည့်နည်း ဥပဒေများအလိုင်္ဂါဂင်း၊ ကြော်ငြာထားသည့် ရေနံမြေတွင် ထိုအချိန်၌ ခိုင်းစေခံရသူ ဖြစ်သည်ဟုမှတ်ယူရမည်။ ခိုင်းစေခံရသူ ဟူ၍မှတ်ယူခြင်း။

၇၃။ ။(၁) တဦးတယောက်သောသူသည်၊ သတ်မှတ်ထားသည့် အသက်အောက် ငယ်ပါက၊ ပြုလုပ်မှုသည်၊ သို့တည်းမဟုတ် ပျက်ကွက်မှု တခုခုသည်၊ ဤအက်ဥပဒေအရ၊ ပြစ်ဒဏ် ထိုက်သည်ပြစ်မှု ဖြစ်၍၊ ထိုသူသည် ယင်းသို့ သတ်မှတ်ထားသည့် အသက်အောက် ငယ်ကြောင်း ယုတ္တိထင်ရှားသည်ဟု တရားရုံးက ထင်မြင်သဘောရရှိလျှင်၊ ထိုသူသည်၊ ဆိုခဲ့သည့် အသက်အောက် မငယ်ကြောင်း ထင်ရှားအောင်· ပြရန်မှာ တရားခံ၏ တာဝန်ဖြစ်ရမည်။ အသက်အရွယ် နှင့် စပ်လျဉ်း၍ ထင်ရှား အောင်ပြရန် တာဝန်။

(၂) ရေနံအလုပ်သမား တဦးတယောက်နှင့် ပတ်သက်၍ တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်၏ ထုတ်ဖေါ်ရေးသားချက်တွင်၊ ထိုရေနံအလုပ်သမားကို၊ မိမိကိုယ်တိုင် စစ်းသပ်ကြောင်း၊ ထို့ပြင် ထိုရေနံ အလုပ်သမားသည် ထုတ်ဖေါ်ရေးသား ချက်တွင် ဖေါ်ပြထံားသည့် အသက် အောက် ငယ်သည်ဟု ယုံကြည်ကြောင်း ပါရှိသည်ဖြစ်လျှင်၊ ထိုထုတ်ဖေါ်ရေးသားချက်ကို၊ ဤအက် ဥပဒေနှင့်တကွ ဤအက်ဥပဒေအရ၊ ပြုလုပ်ထံားသည့် နည်းဥပဒေများအလိုင်္ဂါ၊ ထိုရေနံအလုပ်သမား ၏ အသက်နှင့် စပ်လျဉ်းသည့် သက်သေခံအဖြစ် လက်ခံရမည်။

၇၄။ ။(၁) အင်စပက်တော်ကဖြစ်စေ၊ အင်စပက်တော်၏စာဖြင့်ပေးသော အခွင့်အမိန့် ကိုကြိုတင်ရရှိပြီးမှဖြစ်စေ ခွဲဆိုသည့်အမှုမှတပါး၊ မည်သည့် တရားရုံးကမျှ ဤအက်ဥပဒေအရ၊ ပြစ်မှု တခုခုကို အရေးမယူရ။ ပြစ်မှုများကို အရေးယူခြင်း။

* * * *

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ သို့တည်း မဟုတ် အမိန့်အရဖြစ်စေ ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတခုခုကို ပဋမတန်း ရာဇဝတ်တရားသူကြီး အောက်ငယ်သည့်မည်သည့် တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

၇၅။ ။ဤအက်ဥပဒေ အရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုကိုကျူးလွန်သည်ဟု အင်စပက်တော် သိရှိသည့်နေ့မှ ခြောက်လအတွင်း၊ တိုင်တန်းလျှောက်ထံားခြင်း မရှိလျှင်၊ ထိုပြစ်မှုကိုမည်သည့် တရားရုံးကမျှ အရေးမယူရ။ တရားစွဲဆို နိုင်သည့်ကာလ အပိုင်းအခြား ကို ကန့်သတ် ခြင်း။

သို့ရာတွင် ထိုပြစ်မှုသည်၊ အင်စပက်တော် စာဖြင့် ရေးသားချမှတ်သည့် အမိန့်ကို မလိုက် နာသည့် ပြစ်မှုဖြစ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန်ကြောင်းကို ထိုပြစ်မှုကျူးလွန်သည်ဟု ဆိုသည့်နေ့မှ ဆယ့်နှစ်လအတွင်း တိုင်တန်းလျှောက်ထားနိုင်သည်။

° ၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရ ဖြုတ်ချက်ကို ပယ်ဖျက်သည်။

အခန်း ၁၁။

နောက်ထပ်ပြဋ္ဌာန်းချက်များ။

နို့တစ်စာများကိုမြင်သာအောင်ကပ်ထားခြင်း။

၇၆။ ။(၁) ဤအက်ဥပဒေအရ ၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရဖြင့်၊ ကြော်ငြာထားသည့် ရေနံမြေတွင် မြင်သာအောင် ကပ်ထားရန် လိုအပ်သည့် နို့တစ်စာများအပြင်၊ ပြဋ္ဌာန်းသည့် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၏ အကျဉ်းချုပ်များနှင့်တကွ အင်စပက်တော်နှင့် တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်၏ အမည်နှင့် နေရပ် ပါရှိသော နို့တစ်စာကို၊ ရေနံအလုပ်သမားတို့ နားလည်နိုင်သည့် စာဖြင့်ရေးသား၍ ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် မြင်သာအောင် ကပ်ထားရမည်။

(၂) ဤအက်ဥပဒေအရ ကြော်ငြာထားသည့် ရေနံမြေတွင်၊ မြင်သာအောင် ကပ်ထားရန် လိုသည့် နို့တစ်စာ အားလုံးကို၊ အင်စပက်တော်က သွန်ကြားသည့်အတိုင်း ထင်ရှားသည့်၊ သို့တည်းမဟုတ် လွယ်ကူသည့် နေရာ၌ ကပ်ထားရမည်ဖြင့်၊ ထိုနို့တစ်စာများကို °[ဘတ်ရှနိုင်အောင် သန့်ရှင်း စင်ကြယ်စွာ ထားရှိရမည်။]

(၃) အင်စပက်တော်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ ရေနံအလုပ်သမားတို့၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုနှင့် ဆိုင်သည့် ဒေါ်ခြား နို့တစ်စာကို၊ သို့တည်းမဟုတ် ကြော်ငြာစာကို မြင်သာအောင် ကပ်ထားရမည်ဟု အလုပ်ရှင်အား အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

အစီရင်ခံစာရင်းများ။

၇၇။ ။နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေ အလို့ငှါ လိုအပ်သည်ဟု မိမိထင်မြင်သောအစီရင်ခံ စာရင်းများကို ရံဖန်ရံခါဖြစ်စေ၊ ကာလ အပိုင်းခြားနှင့် ဖြစ်စေ၊ အလုပ်ရှင်များက တင်သွင်းရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများ ပြုလုပ်နိုင်သည်။

နည်းဥပဒေများပြုလုပ်နိုင်သည့် ယေဘုယျအာဏာ။

၇၈။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက် တခုခုအရ ပြဋ္ဌာန်းရမည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်မည့်၊ သို့တည်းမဟုတ် လိုအပ်သည်ဟု ယူဆနိုင်သည့် မည်သည့် ကိစ္စအတွက်မဆို ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

နည်းဥပဒေများကိုထုတ်ပြန်ကျေညာခြင်း။

၇၉။ ။(၁) ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ အားလုံးသည် ကြိုတင်၍ ထုတ်ပြန်ကျေညာရမည် ဟူသော စည်းကမ်းချက်များနှင့် မဆန့်ကျင်စေရ။ ထို့ပြင် မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (၃) အရ၊ သီးခြားဖေါ်ပြရမည့်နေ့ရက်သည်၊ ပြုလုပ်ရန် ကြံ့ရွယ်သည့် နည်းဥပဒေကြမ်းများကို ထုတ်ပြန် ကျေညာသည့် နေ့ရက်မှ သုံးလ အောက် မနည်းစေရ။

(၂) ထိုနည်းဥပဒေ အားလုံးကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကျေညာ ရမည့်ပြင်၊ ယင်းသို့ ထုတ်ပြန်ကျေညာသည့် နေ့ရက်ထက်နောက်မကျသော နေ့ရက်ကို မသတ်မှတ်လျှင်၊ ဤနည်းဥပဒေများသည်၊ ယင်းသို့ ထုတ်ပြန်ကျေညာသည့် နေ့ရက်ကစ၍ အာဏာတည်ရမည်။

ရေနံ အလုပ်သမားများ၏ တာဝန် ဝတ္တရားများ။

၈၀။ ။၁ ကြော်ငြာထားသည့် ရေနံမြေတွင်၊ မည်သည့်ရေနံ အလုပ်သမားမျှ—

(က) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ် သူများ၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုများ အတွက် စီမံထားသည့်

° ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၀ အရ ပြင်ဆင်သည်။

ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကို တမင် အနှောင့်အယှက် မပြုရ၊ သို့တည်းမဟုတ် အလွဲအသုံးမပြုရ၊

(ခ) မိမိကိုယ်ကိုသော်၎င်း၊ အခြားသူများကို သော်၎င်း၊ ဘေးအန္တရာယ် ဖြစ်ဘွယ်ရာ လက္ခဏာရှိသည့်အရာကို၊ အကြောင်း လုံလောက်စွာမရှိဘဲ တမင်မပြုလုပ်ရ၊ ထို့ပြင်

(ဂ) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သည့် ရေနံအလုပ်သမားများ၏ ကျန်းမာမှု၊ သို့တည်းမဟုတ် ဘေးရန် ကင်းရှင်းမှုအတွက် ကြော်ငြာထားသည့် ရေနံမြေတွင် ထားရှိသည့် ကိရိယာများကို၊ သို့တည်းမဟုတ် အခြားအရာကို အသုံးပြုခြင်းမှ တမင်မယုက်ကွက်ရ။

၈၁။ ။၍အက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည် မဟုတ် ဆောင်ရွက်ရန် အားထုတ်သည့် ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြား တရားမှုခင်း ဖြစ်စေ မစွဲဆိုရ။ ၍အက်ဥပဒေအရ ဆောင်ရွက်သူတို့ကို ကာကွယ်ခြင်း။

ခွင့်ရက်နှင့်အလုပ်ဝိတ်ရက်အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀။] (၁၉၅၂ ခု၊ ဇန္နဝါရီလ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ၍အက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ဝိတ်ရက် အက်ဥပဒေ ဟု ခေါ်ရမည်။ အမည်နှင့်စတင် အာဏာ တည် သည့်နေ့၊

(၂) ၍အက်ဥပဒေသည်၊ နိုင်ငံတော်သမတကအာဏာတည်ရမည်ဟု အမိန့်ထုတ်ပြန် သတ်မှတ်သည့် နေ့[၁] တွင် အာဏာ တည်ရမည့်ပြင်၊ ဒေသအသီးသီး ပိုင်းခြား၍ ၍အက်ဥပဒေပါ ဇယား၌ သီးခြားဖော်ပြထားသည့် အလုပ်အမျိုးအစား အသီးသီးကိုဖြ စေ၊ လုပ်ငန်းအသီးသီးကို ဖြစ်စေ၊ အလုပ်ခွဲခန အသီးသီးကိုဖြစ်စေ၊ ပိုင်းခြား၍ အာဏာတည်ရန် နေ့များကို ခွဲခြားသတ်မှတ် နိုင်သည်။

၂။ ။၍အက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရွေနောက်စကားတို့၏အဓိပ္ပါယ် နှင့်ဖြစ်စေ မဆန့်ကျင်လျှင်— အဓိပ္ပါယ် ဖော်ပြချက်များ။

(၁) ''နေ့''၊ သို့တည်းမဟုတ် ''ရက်'' ဆိုသည်မှာ၊ ညဉ့် သန်းခေါင် ချိန်မှ စ၍ ရေတွက်သည့် နှစ်ဆယ့်လေးနာရီ ကာလအပိုင်းအခြားကိုဆိုလိုသည်။

(၂) ''ခွင့်ရက်'' ဆိုသည်တွင်၊ လုပ်သက် ခွင့်ရက်၊ ရှောင်းတခင် ခွင့်ရက် နှင့် ဆေးလက်မှတ်ခွင့်ရက် ပါဝင်သည်။

(၃) ''လုပ်သက်ခွင့်ရက်'' ဆိုသည်မှာ၊ အလုပ်လုပ်ခဲ့သည့် ကာလအပိုင်းအခြား အတွက်သော်၎င်း၊ တာဝန်ဝတ်တရား ဆောင်ရွက်ခဲ့သည့် ကာလ အပိုင်း အခြားအတွက်သော်၎င်း၊ ရထိုက်ခွင့်ရှိသော ခွင့်ရက်ကိုဆိုလိုသည်။

(၄) ''အလုပ်သမား'' ဆိုသည်မှာ၊ ၍အက်ဥပဒေပါ ဇယား၌ သီးခြား ဖော်ပြ ထားသည့်အလုပ်တွင်၊ သို့တည်းမဟုတ်စက်မှုလက်မှုလုပ်ငန်းတွင်၊သို့တည်း

---

[1] ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁ ရက်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း၁၊ စာမျက်နှာ ၉၄၀ တွင်ကြည့်။

မဟုတ် အလုပ်ဌာနတွင် အမြဲတမ်း ဖြစ်စေ၊ ခေတ္တ ဖြစ်စေ ° [တလလျှင် ကျပ်လေးရာ] ထက် မပိုသော အခကြေးငွေနှင့် သော်၎င်း၊ လစာငွေနှင့် သော်၎င်း၊လုပ်နေသူကိုဆိုလိုသည်။ သို့ရာတွင်အောက်ပါတို့မပါဝင်ချေ—

(က) ကိုယ်ပိုင်အလုပ်ကို၊ သို့တည်းမဟုတ် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို၊ သို့တည်းမဟုတ်ကိုယ်ပိုင်အလုပ်ဌာနကိုလုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင်၊ ထိုအလုပ်ရှင်၏ အိမ်ထောင်စုသားများ။

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ၊ ရရှိသော အမြတ် အစွန်း ထဲမှ အခကြေးငွေကို မိမိ၏ ဝေစုအဖြစ်ဖြင့် ရရှိသူများ။

(ဂ) အိမ်တွင်းကိစ္စအတွက် ခိုင်းစေခံရသူများ။

(ဃ) ၁၉၄၉ ခုနှစ်၊ အနည်းဆုံး အခ ကြေးငွေ အက်ဥပဒေ အရ၊ ပြဋ္ဌာန်း ထားသည့်ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ရသော အလုပ်သမားများ။

(င) အခြားတည်ဆဲတရားဥပဒေတခုခုအရ၊ အကြောင်းအားလျော်စွာ အခ ကြေးငွေနှင့်သော်၎င်း၊လစာငွေနှင့်သော်၎င်း၊ ပေးရန်ပြဋ္ဌာန်းထားသည့် အားလပ်ခွင့်နှင့် အလုပ် ပိတ်ရက်များ ရသော ပြည်ထောင်စု အစိုးရ၏ ရာထမ်း မှုထမ်းများ၊ သို့တည်းမဟုတ် အစိုးရက ဒဿစည်း ထားသည့် အဖွဲ့၏ ရာထမ်းမှုထမ်းများ၊ သို့တည်း မဟုတ် အခြား ဒေသန္တရ အာဏာပိုင်၏ ရာထမ်းမှုထမ်းများ။

ရှင်းလင်းချက်။ ။''အလုပ်ရှင်၏ အိမ်ထောင်စုသား'' ဆိုသည်မှာ၊ အလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို (အရင်း)၊ မောင်နှမ (အရင်း) ကို ဆိုလိုသည်။

(၅) ''အလုပ်ရှင်'' ဆိုသည်တွင်၊ ကျန်စွာဖွဲ့စည်းသည့်၊ သို့တည်းမဟုတ်မဖွဲ့စည်း သည့် ပုဂ္ဂိုလ်တစုနှင့်အလုပ်ရှင်၏ အုပ်ချုပ်မှုကိုယ်စားလှယ်ပါဝင်သည့်ပြင်၊ ကွယ်လွန်သူ အလုပ်ရှင်၏ တရားဝင် ကိုယ်စားလှယ်လည်းပါဝင်သည်။

(၆) ''လစာငွေ'' ဆိုသည်မှာ၊ အခြေခံလစာငွေကို ဆိုလိုသည်။ ရှားပါး စရိတ် ရှိလျှင်၊ အခြေခံလစာငွေနှင့် ရှားပါးစရိတ်နှစ်ရပ်ပေါင်းကို ဆိုလိုသည်။

(၇) ''မှတ်ပုံဝင်ဆရာဝန်''ဆိုသည်မှာ၊ မြန်မာနိုင်ငံဘယဆေးဆိုင်ရာအက်ဥပဒေ အရဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံတင်စာရင်းထားရှိရေးအတွက် ပြဋ္ဌာန်း သည့် ° [တည်ဆဲတရားဥပဒေတရပ်ရပ်အရ] ဖြစ်စေ၊ မှတ်ပုံတင်ထားသူကို ဆိုလိုသည့်ပြင်၊ ထိုကဲသို့ မှတ်ပုံဝင် ဆရာဝန် မရှိသည့် အရပ်ဒေသ တခုခု အတွက်၊ ဤအက်ဥပဒေအလိုငှါ မှတ်ပုံဝင်ဆရာဝန်ဖြစ်သည်ဟု နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသူသည်လည်း၊ ထိုစကားရပ်တွင် ပါဝင်သည်။

(၈) ''ပြဋ္ဌာန်းသည်''ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် ဖြစ်စေ၊ ထိုနည်းဥပဒေများအရပြဋ္ဌာန်းသည့် ပုံစံတွင်ဖြစ်စေပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

° ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၅ အရ အစားထည့်သွင်းသည်။

(၉) ''အခကြေးငွေ'' ဆိုသည်မှာ၊ အခကြေးငွေပေးရေးအက်ဥပဒေ ပုဒ်မ ၂ (၆) တွင် အဓိပ္ပါယ် ဖော်ပြထားသည့် အခကြေးငွေကို ဆိုလိုသည်။

၃။ ။(၁) အလုပ် ရှင်က၊ မိမိ၏အလုပ်သမားအသီးသီးအား၊ သက်ဆိုင်ရာရာ အခကြေးငွေ၊ သို့တည်းမဟုတ်လစာငွေအပြည့်နှင့် အောက်ပါနေ့များကိုအများအလုပ်ပိတ်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ အများ အလုပ် ပိတ်ရက်၊

လွတ်လပ်ရေးနေ့	....	တရက်။
တပေါင်းလပြည့်နေ့	....	တရက်။
မဟာသင်္ကြန်တော်	....	သုံးရက်။
မြန်မာနိုင်ငံတော်နှစ်ဆန်းတရက်နေ့	....	တရက်။
အလုပ်သမားနေ့	....	တရက်။
ကဆုန်လပြည့်နေ့	....	တရက်။
တော်လှန်ရေးနေ့	....	တရက်။
ဝါဆိုလပြည့်နေ့	....	တရက်။
ခေါင်းဆောင်ကြီးများကွယ်လွန်သောနေ့	....	တရက်။
သီတင်းကျွတ်လပြည့်နေ့	....	တရက်။
တန်းဆောင်မုန်းလပြည့်နေ့	....	တရက်။
အမျိုးသားအောင်ပွဲနေ့	....	တရက်။

(၂) အများအလုပ်ပိတ်ရက် တရက်သည်၊ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် ဖြစ်စေ၊ အခြားအများဘုံလုပ်ပိတ်ရက်နှင့်ဖြစ်စေ တိုက်ဆိုင်နေလျှင်၊ အခြားနေ့တနေ့ကို အများအလုပ်ပိတ်ရက် အဖြစ်ဖြင့် ပြောင်းလဲ၍ခွင့်မပြုရ။ တိုသို့တိုက်ဆိုင်သည့် အလုပ်ပိတ်ရက်ကို အများအလုပ်ပိတ်ရက်ဖြစ်သည်ဟု ယူဆရမည်။ သို့ရာတွင် အလုပ်သမားသည် အများအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရလျှင်၊ ထိုအလုပ်သမားအား သက်ဆိုင်ရာရာအခြေခံအခကြေးငွေကိုသော်၎င်း၊ အခြေခံလစာငွေကိုသော်၎င်း၊ ထိုနေ့အတွက် ပေးမြှုနှုန်း၏နှစ်ဆရထိုက်စေရမည့်အပြင်၊ ရှားပါးစရိတ်ရနေလျှင် ထိုနေ့အတွက်ပေးမြှုနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရထိုက်စေရမည်။

(၃) ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အလုပ်သမားများအတွက် ထိုအလုပ်သမား များနှင့် အလုပ်ရှင်များ အချင်းချင်း သဘောတူညီချက်အတိုင်း သက်ဆိုင်ရာရာဘာသာရေးအခကြီးရက်ကြီးများကို လစာမရှိ အလုပ်ပိတ်ရက်အဖြစ်ဖြင့် ခွင့်ပြုနိုင်သည်။

၄။ ။(၁) အလုပ်ရှင်သည်၊ မိမိ၏အလုပ်ကို တဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမားအသီးသီးအား၊ နောက်လာမည့် ဆယ့်နှစ်လအတွင်းဘွင်— လုပ်သက်ခွင့် ရက်။

(က) အသက် ဆယ့်ငါးနှစ် ပြည့်ပြီးသည့် အလုပ်သမား ဖြစ်လျှင်၊ သက်ဆိုင်ရာရာ ပျမ်းမျှအခကြေးငွေနှင့်ဖြစ်စေ၊ပျမ်းမျှလစာငွေနှင့်ဖြစ်စေ၊လုပ်သက်ခွင့်ရက်ကို ဆယ်ရက်တဆက်တည်း ခွင့်ပြုရမည်၊ ထို့ပြင်

(ခ) အသက်ဆယ့်ငါးနှစ် မပြည့်သေးသောအလုပ်သမားဖြစ်လျှင်၊သက်ဆိုင်ရာရာ ပျမ်းမျှအခကြေးငွေနှင့် ဖြစ်စေ၊ ပျမ်းမျှလစာငွေနှင့် ဖြစ်စေ၊ လုပ်သက် ခွင့်ရက်ကို ဆယ့်လေးရက်တဆက်တည်းခွင့်ပြုရမည်။

(၂) အလုပ်သမားသည်၊တလလျှင်အနည်းဆုံးနှစ်ဆယ့်လေးရက်အလုပ်လုပ်ခဲ့သူလည်း ဖြစ်၍၊ အလုပ်ကိုတဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ပြီးသည်လည်းဖြစ်လျှင်၊ လုပ်သက်

ခွင့်ရက်ကို ခွင့်ပြုရမည်။ သို့ရာတွင် အလုပ်သမားသည်၊ နှစ်ဆယ့်လေးရက်ပြည့်အောင်မလုပ်ခဲ့သော လတိုင်းအတွက်၊ မိမိလုပ်သက်ခွင့်ရက်မှ တရက်ကျစီ အဖြတ်ခံရမည်။

ရှင်းလင်းချက်။ ။အလုပ်သမားသည်ဆယ့်နှစ်လအတွင်းမကျန်းမာသောကြောင့်ဖြစ်စေ၊ မတော်တဆထိခိုက်မှုကြောင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ခွင့်ပြုသော အခြားပျက်ကွက်မှုကြောင့်ဖြစ်စေ (ထိပျက်ကွက်မှုသုံးမျိုးပေါင်းသည်ရက် ကိုးဆယ်ထက်မကျော်လွန်စေဘဲ) အလုပ်ပျက်ကွက်စေကာမူ၊ သို့တည်းမဟုတ် အလုပ်ရှင်ကအလုပ်ပိတ်ထားခြင်းကြောင့်ဖြစ်စေ၊ ဥပဒေနှင့်မညီသည်လည်းမဟုတ်သော သပိတ်မှောက်ခြင်းကြောင့်ဖြစ်စေ၊ မိမိအလိုအတိုင်းမဟုတ်ဘဲ၊ ရံဖန်ရံခါအလုပ်မရှိခြင်းကြောင့်ဖြစ်စေ၊ (ထိပျက်ကွက်မှုသုံးမျိုး စုစုပေါင်းသည် ရက်သုံးဆယ်ထက် မကျော်လွန်စေဘဲ) ပျက်ကွက် စေကာမူ၊ ထိုအလုပ်သမားသည် မိမိ၏အလုပ်ကို တဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သူဟုမှတ်ယူရမည်။

(၃) အလုပ်ရှင်သည်၊ မိမိအဲ့လုပ်သမားအား၊ လုပ်သက်ခွင့်ရက် ယူနိုင်စေရန်ထိုသူ၏ လုပ်သက်ခွင့်ရက်နှင့် သက်ဆိုင်သည့်တဆယ့်နှစ်လဖြစ်သော ကာလအပိုင်းအခြား၏နောက်ဆုံးနေ့မှ စ၍ သုံးလအတွင်းအချိန်ကို သတ်မှတ်ပေးရမည်။ သို့ရာတွင် သက်ဆိုင်ရာအလုပ်သမားနှင့်အလုပ်ရှင် အချင်းချင်းသဘောတူညီလျှင်၊ သုံးနှစ်ထက်မပိုသောကာလအပိုင်းအခြားအတွက်လုပ်သက်ခွင့်ရက်ကို စုပေါင်း၍ မည်သည့်အချိန်တွင်မဆိုပေးနိုင်သည်။

(၄) လုပ်သက်ခွင့်ရက်ရသည့်အလုပ်သမားအား၊ ခွင့်ပြုသည့်လုပ်သက်ခွင့်ရက် ကာလအပိုင်းအခြားအတွက် သက်ဆိုင်ရာရာ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ လုပ်သက်ခွင့်ရက် ကာလမစမီ ထုတ်ပေးရမည်။ အဆိုပါအခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ ထုတ်ပေးမြဲအရပ်ဒေသ အလုပ်သမားအား သော်၎င်း၊ အလုပ်သမားက လွှဲအပ်ထားသည့် ကိုယ်စားလှယ်အား သော်၎င်း ထုတ်ပေးရမည်။

(၅) လုပ်သက်ခွင့်ရက်ရထိုက်သည့်အလုပ်သမားသည်မိမိရထိုက်သည့်၊သို့တည်းမဟုတ် စုထားသည့် ခွင့်ရက် များကို မယူ သေးမီ အလုပ်မှ နုတ်ထွက်လျှင်၊ သို့တည်း မဟုတ် အလုပ်ရှင်၏ အလုပ်မှ ထုတ်ပစ်ခြင်း ခံရလျှင်၊ သို့တည်း မဟုတ် သေဆုံးလျှင်၊ ထိုအလုပ်သမားအား ဖြစ်စေ၊ ထိုအလုပ်သမား၏ တရားဝင်ကိုယ်စားလှယ်အားဖြစ်စေ၊ လုပ်သက်ခွင့်ရက်အစား၊ ထိုအလုပ်သမား အလုပ်မှမနုတ်ထွက်မီ၊ သို့တည်းမဟုတ် ထုတ်ပစ်ခြင်းမခံရမီ၊ သို့တည်းမဟုတ် မသေဆုံးမီ တဆက်တည်းဖြစ်သော လွန်ခဲ့သည့် ရက်ပေါင်း သုံးဆယ်အတွင်း လုပ်ခဲ့သည့်ရက်များအတွက်သက်ဆိုင်ရာရာ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကို ဖြစ်စေ၊ အခကြေးငွေ၏၊ သို့တည်းမဟုတ် လစာငွေ၏ ပျမ်းမျှနေ့စဉ် နှုန်းထားနှင့် ညီမျှသည့် နှုန်းအတိုင်း တွက်စစ်၍ အလုပ်ရှင်က ပေးရမည်။ [၀] [အလုပ်မှနုတ်ထွက်သည့်၊သို့တည်းမဟုတ်အလုပ်မှထုတ်ပစ်ခြင်းခံရသည့်အလုပ်သမားဖြစ်လျှင်၊ ထိုသို့ပေးရမည့်ငွေကို နုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်သည့် ဒုတိယနေ့မကုန်ဆုံးမီ ထုတ်ပေး ရမည်။ သေဆုံးသည့် အလုပ်သမား ဖြစ်လျှင်၊ ထိုသို့] ပေးရမည့် ငွေကို တောင်းဆိုပြီးနောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာထုတ်ပေးရမည်။

ရှောင်းတခင် ခွင့်ရက်။

၅။ ။(၁) အလုပ်သမားသည်၊သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ ရှောင်းတခင်ခွင့်ရက်ကို တနှစ်လျှင် စုစုပေါင်း ခြောက်ရက် ရနိုင်ခွင့်ရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် တံကြိမ်လျှင်အများဆုံးသုံးရက်သာ ရနိုင်ခွင့်ရှိစေရမည်။

---

[၀] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၅ အရ အစားထည့်သွင်းသည်။

(၂) ရှောင်းတခင်ခွင့်ရက်ကို [၁] [အခြားမည်သည့်ခွင့်ရက်တမျိုးမျိုးနှင့်မျှ] မပေါင်းစပ်ရ။
(၃) အလုပ်သမားသည်၊ မိမိရထိုက်သော ရှောင်းတခင် ခွင့်ရက်ကို သက်ဆိုင်ရာ နှစ်အတွင်း မယူလျှင်၊ ထိုခွင့်ရက်သည် ပျက်ပြယ်စေရမည်။

ဆေးလက်မှတ် ခွင့်ရက်။

၆။ ။(၁) အလုပ်သမားသည်၊ သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့် ဖြစ်စေ၊ တနှစ်လျှင် ရက်ပေါင်းသုံးဆယ်ထက် မပိုသော ကာလအပိုင်းအခြားအတွက် ဆေးလက်မှတ် ခွင့်ရက်ကို ရနိုင်ခွင့်ရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် အလုပ်သမားသည် အနည်းဆုံး ခြောက်လပြည့်အောင် အလုပ် မလုပ်ခဲ့သေးသမျှ၊ ဆေးလက်မှတ်ခွင့်ရက်ကို ရထိုက်ခွင့် မရှိစေရ။ အဆိုပါခွင့်ရက်ပေးရာတွင် သုံးရက်ဆိုင်းငံ့ပြီးမှ ပေးရမည်။ ထိုသို့ဆိုင်းငံ့ရသည့် သုံးရက်အတွက် ထိုအလုပ်သမားအား သက်ဆိုင်ရာရာ ပေးမြဲလစာငွေ၏ထက်ဝက်၊ သို့တည်းမဟုတ် ပေးမြဲအခကြေးငွေ၏ ထက်ဝက်ပေး ရမည်။

သို့ရာတွင် အလုပ်သမားသည်၊ အနည်းဆုံးခြောက်လပြည့်အောင် အလုပ်မလုပ်ခဲ့ရသေး လျှင်၊ ဆေးလက်မှတ် လစာမရှိခွင့်ရက်ကို ရထိုက်ခွင့်ရှိစေရမည်။

(၂) အလုပ်ဆိုင်ရာ၊ သို့တည်းမဟုတ် စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ၊ သို့တည်းမဟုတ် အလုပ်ဌာနဆိုင်ရာ ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင်၊ အလုပ်ဌာနက၊ သို့တည်းမဟုတ် စက်မှုလက်မှု လုပ်ငန်းဌာနက၊ သို့တည်းမဟုတ် အလုပ်ဌာနက သဘောတူသည့် ဆရာဝန်ထံမှ သော်၎င်း၊ ထိုသို့မရှိလျှင်၊ အခြားမှတ်ပုံဝင် ဆရာဝန်ထံမှသော်၎င်း၊ အစိုးရအမှုထမ်းများ ဖြစ်လျှင်၊ အစိုးရဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင် အခြားမှတ်ပုံဝင် ဆရာဝန်ထံမှသော်၎င်း၊ မီးရထား အလုပ်သမားဖြစ်လျှင် မီးရထားဘက်ဆိုင်ရာ ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင် အခြားမှတ်ပုံဝင် ဆရာဝန်ထံမှသော်၎င်း၊ ဆေးလက်မှတ်တင်ပြလျှင် ထိုဆေးလက်မှတ်ဖြင့် ခွင့်ရက်ကိုပေးရမည်။

(၃) နိုင်ငံတော်သမတသည်၊ ဆရာဝန်များအား အဆိုပါ လက်မှတ်များအတွက် ပေးရမည့်အခကြေးငွေကို ပြဋ္ဌာန်းနိုင်သည်။

(၄) ဆေးလက်မှတ် ခွင့်ရက်ရသော အလုပ်သမားသည် ခွင့်ရက်နှင့်နေသည့် ကာလ အပိုင်းအခြားအတွင်းတွင် သက်ဆိုင်ရာရာ မိမိရထိုက်ခွင့်ရှိသော အခကြေးငွေကိုဖြစ်စေ၊ လစာငွေကို ဖြစ်စေ၊ ရက်သတ္တပတ်စဉ်ပေးရန် တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်း ပေးရမည်။ အဆိုပါ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ ထုတ်ပေးမြဲအရပ်၌၊ အလုပ်သမားအား သော်၎င်း၊ အလုပ်သမားက လွှဲအပ်ထားသည့် ကိုယ်စားလှယ်အား၊သော်၎င်း ထုတ်ပေးရမည်။

(၅) အလုပ်သမားသည် မိမိရထိုက်သော ဆေးလက်မှတ် ခွင့်ရက်ကို သက်ဆိုင်ရာ နှစ်အတွင်း မယူလျှင်၊ ထိုခွင့်ရက်သည် ပျက်ပြယ်စေရမည်။

ခွင့်ရက်ကို ပေါင်း၍ဖြစ်စေ၊ ဆက်၍ဖြစ်စေ ပေးခြင်း။

၇။ ။[၂] [ပုဒ်မ ၆] ၏ ပုဒ်မခွဲ (၅) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဆေးလက်မှတ်ခွင့်ရက်ကို လုပ်သက်ခွင့်ရက်နှင့် တဆက်တည်းခွင့်ပြုနိုင်သည်။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၅ အရ အစားထည့်သွင်းသည်။
[၂] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇ အရ ပြင်ဆင်သည်။

တဆက်တည်း ဆယ့်နှစ်လ မလုပ်ရသည့် အလုပ်နှင့် စပ်လျဉ်းသည့် ခွင့်ရက်။

၈။ ။[1][ပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆] တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဆယ့်နှစ်လ ပတ်လုံးတဆက်တည်းမလုပ်ရသည့် အလုပ်တခုခုတွင်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းတခုခုတွင်ဖြစ်စေ၊ အလုပ်ဌာနတခုခုတွင်ဖြစ်စေ၊ လုပ်သည့်အလုပ်သမားသည်၊ လုပ်သက်ခွင့်ရက်ကို၊ သို့တည်းမဟုတ် [2][ရှောင်းတခင် ခွင့်ရက်ကို၊ သို့တည်းမဟုတ် ဆေးလက်မှတ် ခွင့်ရက်ကို] မိမိလုပ်သက်၏ အချိုးကျ အတိုင်းရရှိခွင့်စေရမည်။

ခွင့်ရက် အလုပ်ပိတ်ရက်နှင့် စပ်လျဉ်းသည့် သဘောတူစာချုပ် ပျက်ပြယ်ခြင်း။

၉။ ။ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အောက် အကျိုးယုတ်လျော့သောစည်းကမ်းချက်များဖြင့် ခွင့်ရက်ကိုဖြစ်စေ၊ အလုပ်ပိတ်ရက်ကိုဖြစ်စေယူရန်၊ အလုပ်သမားက ချုပ်ဆိုသည့် အလုပ်သဘောတူစာချုပ်သည်၊ သို့တည်းမဟုတ် အလုပ်ပို့ညှာဉ် စာချုပ်သည် အလုပ်ရှင်၏တာဝန်ကို ယုတ်လျော့စေသည့် သဘောသက်ရောက်သည်နှင့်အမျှ ပျက်ပြယ်ရမည်။

ကင်းလွတ်ချက်များ။

၁၀။ ။(၁) အလုပ်တွင်သော်၎င်း၊ စက်မှုလက်မှု လုပ်ငန်းတွင်သော်၎င်း၊ အလုပ်ဌာနတွင်သော်၎င်း၊ ပိုင်ရှင်အပြောင်းအလဲ မည်သို့ပင်ရှိစေကာမူ၊ ထိုအပြောင်းအလဲကြောင့် ဤအက်ဥပဒေအရ အလုပ်သမားရထိုက်သော အခွင့်အရေးများကို မထိခိုက်စေရ။

(၂) သက်ဆိုင်ရာရာ အခကြေးငွေနှင့် ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ ရသည့်ခွင့်ရက်နှင့် သို့တည်းမဟုတ် အလုပ်ပိတ်ရက်နှင့် စပ်လျဉ်း၍ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်ထက် ပိုမို ကောင်းမွန်သည့် အခွင့်အရေးများထားရှိသော အခြားဥပဒေအရဖြစ်စေ၊ အဆုံးအဖြတ်၏၊ သို့တည်းမဟုတ် အလုပ်သဘောတူ စာချုပ်၏၊ သို့တည်းမဟုတ် အလုပ်ပို့ညှာဉ် စာချုပ်၌ စည်းကမ်းချက်များအရဖြစ်စေ၊ ထုံးစံဓလေ့အရဖြစ်စေ၊ အလုပ်သမားခံစားခွင့်ရှိသော အခွင့်အရေးများကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် တခုခုကြောင့် မနှစ်နာစေရ။

မှတ်ပုံစာအုပ်များနှင့်မှတ်တမ်းများ။

၁၁။ ။အလုပ်ရှင်တိုင်းသည်၊ မှတ်ပုံစာအုပ်များနှင့် မှတ်တမ်းများကို ပြဋ္ဌာန်းထားသည့် အတိုင်း ထိန်းသိမ်းထားရှိရမည်။

အင်စပက်တော်။

၁၂။ ။(၁) အလုပ်ရုံများ အက်ဥပဒေအရ ခန့်ထားသည့် အလုပ်ရုံအင်စပက်တော်သည်၊ မိမိအား တာဝန်ချထားသော ဒေသဆိုင်ရာ နယ်နိမိတ်များအတွင်းရှိ အလုပ်ရုံအားလုံးနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ အင်စပက်တော် ဖြစ်ရမည်။

(၂) နိုင်ငံတော် သမတသည်၊ အမိန့်ထုတ်ပြန်၍ မိမိသင့်တော်သည် ထင်မြင်သည့် အခြားပုဂ္ဂိုလ်ကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။ ထို့ပြင် အဆိုပါအင်စပက်တော်၏ အလုပ်ဝတ်တရားကိုငင်း၊ ထိုသူဆောင်ရွက်ရမည့် အလုပ်ဝတ်တရားများနှင့် စပ်လျဉ်းသည့်အလုပ်သမား အတန်းအစားကိုငင်း၊ ထိုသို့စပ်လျဉ်းသည့် အလုပ်မျိုးကို၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းမျိုးကို၊ သို့တည်းမဟုတ် အလုပ်ဌာနမျိုးကိုငင်း၊ ထိုသူ အလုပ်ဝတ်တရားများ ဆောင်ရွက်ရမည့် ဒေသများကိုငင်း သတ်မှတ်နိုင်သည်။

(၃) အင်စပက်တော်သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်လိုအပ်သည်ဟု မိမိထင်မြင်သည့် အတိုင်း၊ ထိန်းသိမ်းထားရှိမည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် မှတ်တမ်းကို သင့်လျော်သော အချိန်အခါ၌ မည်သည့်ဥပစာကိုမဆို ဝင်ရောက်ကြည့်ရှု၍ စစ်ဆေးနိုင်သည်။ ထို့ပြင် လူတဦးဦး၏ သက်သေခံချက်ကို ချက်ခြင်းဖြစ်စေ၊ ဆိုင်းငံ့၍ဖြစ်စေယူနိုင်သည်။ ထို့ပြင် အခြားကြည့်ရှုစစ်ဆေးနိုင်သည့် အာဏာများကိုလည်း သုံးစွဲနိုင်သည်။

(၄) အင်စပက်တော် အသီးသီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

---

[1] ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇ အရ ပြင်ဆင်သည်။

၁၃။ ။နိုင်ငံတော် သမတသည်၊ အမိန့်ထုတ်ပြန်၍ အလုပ်အမျိုးအစား တခုခုကို သော်၎င်း၊ စက်မှုလက်မှု လုပ်ငန်းအမျိုးအစားတခုခုကို သော်၎င်း၊ အလုပ်ဌာန အမျိုးအစား တခုခုကိုသော်၎င်း၊ အဆိုပါအလုပ်၏၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၏၊ သို့တည်းမဟုတ် အလုပ်ဌာန၏ အလုပ်သမား အတန်းစား တခုခုကိုသော်၎င်း ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် အားလုံးမှဖြစ်စေ၊ ပြဋ္ဌာန်းချက်တခုခုမှဖြစ်စေ၊ အဆိုပါထုတ်ပြန်ချက်တွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြား အတွက်လည်းဖြစ်၍ ထိုသို့သီးခြား ဖေါ်ပြထားသည့် စည်းကမ်းချက်များနှင့် အညီလည်းဖြစ်သော ကင်းလွတ်ခွင့်ကို ပြုနိုင်သည်။ ကင်းလွတ်ခွင့် ပြုနိုင်သည့် အာဏာ။

၁၄။ ။(၁) အလုပ်ရှင်တဦးဦးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုငင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုငင်း၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေအရ စာဖြင့်ချမှတ်သည့် အမိန့်တခုခုကိုငင်း၊ ကျူးလွန်လျှင်၊ ထိုအလုပ်ရှင်သည်သုံးလထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ကို ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ခြင်းခံရမည်။ တရားရုံးသည် အဆိုပါဒဏ်အပြင်၊အလုပ်သမား အား၊ ဤအက်ဥပဒေအရ၊ ခွင့်ပြုရမည်ဖြစ်သောခွင့်ရက်နှင့် အများအလုပ်ပိတ်ရက်များကို ခွင့်ပြုရန်နှင့် ပေးရမည့် အခကြေးငွေ အားလုံးကိုသော်၎င်း၊ လစာငွေအားလုံးကို သော်၎င်း၊ ပေးရန်အမိန့် ချမှတ်နိုင်သည်။ ပြစ်ဒဏ်။

(၂) မည်သူမဆို ဤအက်ဥပဒေအရ အပ်နှင်းထားသည့် အာဏာကို သုံးစွဲနေသော အင်စပက်တော်ကို တမင်ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြား စာချုပ်စာတမ်းများကို ထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ၊ ထုတ်ပြရန် ပျက်ကွက်လျှင်သော်၎င်း၊ သက်ဆိုင်ရာ အလုပ်သမားတဦးဦးကို အင်စပက်တော်ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ်ဆေးခံခြင်း မပြုနိုင်အောင် ဝှက်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်၎င်း၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၅။ ။(၁) အလုပ်ရှင်သည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခု အတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။ မည်သူသည် အလုပ်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက် ပြည်ထောင်စု မြန်မာနိုင်ငံ၌ နေထိုင်သူ တဦးဦးကို၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ အလုပ်ရှင်အဖြစ် အမည်တင်သွင်းထားပြီး ဖြစ်ကြောင်းဖြင့်၊ ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က အင်စပက်တော် အား၌တစ်စာပေးပို့နိုင်သည်။ ထို့အပြင်ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှ ကာလပတ်လုံးမိမိအား အမည်တင်သွင်းထားခြင်းကို ငြင်းဆန်သည့် နောက်ထပ်နှိုတစ်စာကို အင်စပက်တော်ကမရမီသော်ငင်း၊ မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်ငင်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ

တွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်အစုပါဝင်သူ တဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်အဖြစ် အမည်တင်သွင်းထားပြီး ဖြစ်ကြောင်းဖြင့် အင်စပက်တော်အားန္နိတစ်စာ ပေးနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး မိမိအားအမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နှိုတစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည်ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၃) အလုပ်ရှင်သည် အစိုးရသော်၎င်း၊ အစိုးရကဖွဲ့စည်း တည်ထောင် ထားသည့် အဖွဲ့သော်၎င်း၊ အခြားဒေသန္တရ အာဏာပိုင်သော်၎င်းဖြစ်လျှင် သက်ဆိုင်ရာအလုပ်ဌာနကို ကြီးကြပ်ရန် အလုပ်ရှင်အား၊ တာဝန်ခံရသော ထိုအလုပ်ဌာန၏ အကြီးအကဲအဖြစ်ဖြင့် အစိုးရက၊ သို့တည်းမဟုတ် အဆိုပါအဖွဲ့က၊ သို့ဘည်းမဟုတ် အဆိုပါအခြားဒေသန္တရ အာဏာပိုင်က ခန့်ထားသောသူအား၊ အလုပ်ရှင်ကို ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရတရားစွဲဆို၍ပြစ်ဒဏ် စီရင်နိုင်သည်။

ပြစ်မှုများကို အရေးယူခြင်း။

၁၆။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ အင်စပက်တော်မှ တပါး၊ သို့တည်းမဟုတ် အင်စပက်တော်၏ စာဖြင့်ပေးသော ကြိုတင်အခွင့်အမိန့်ကို ရရှိသူမှတပါး အခြားမည်သူကမျှ တရာစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ပြစ်မှုကို ပဌမတန်းအာဏာရ တရားသူကြီးရုံးအောက် နိမ့်သော မည်သည့်တရားရုံးကမျှ မစစ်ဆေးရ။

ဇယားကို ပြင်နိုင်သည့် အာဏာ။

၁၇။ ။နိုင်ငံတော်သမတသည်၊ အမိန့်ထုတ်ပြန်၍ ဇယားပါ ပြဋ္ဌာန်းချက်များကို ပြောင်းခြင်းဖြင့်သော်၎င်း၊ ဖြည့်ထည့်ခြင်းဖြင့် သော်၎င်း၊ ရုပ်သိမ်းခြင်းဖြင့်သော်၎င်း၊ ပြင်နိုင်သည်။ ထိုပြင်ချက်သည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်ဘိသကဲ့သို့ အာဏာတည်ရမည်။

နည်းဥပဒေများ ပြုလုပ်နိုင်သည့် အာဏာ။

၁၈။ ။ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နိုင်ငံတော်သမတသည် အမိန့်ထုတ်ပြန်၍ နည်းဥပဒေများကို ပြုနိုင်သည်။

ဇယား။

[ပုဒ်မ ၂ (၄) ကိုကြည့်။]

(၁) အလုပ်ရုံများ အက်ဥပဒေ၌ အမိပ္ပါယ် ဖော်ပြထားသည့်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေအရ၊ အလုပ်ရုံဖြစ်သည်ဟု ကျေညာထားသည့်အလုပ်ရုံများ။

(၂) မီးရထားအက်ဥပဒေတွင် ''မီးရထား'' ဖြစ်သည်ဟု အမိပ္ပါယ်ဖော်ပြထားသော အလုပ်ရုံနှင့် လုပ်ငန်းများ။

(၃) ဆိပ်ကမ်းအာဏာပိုင်များက တိုက်ရိုက်ခန့်ထားသော အလုပ်သမားများနှင့် ပတ်သက်သမျှ ရန်ကုန်မြို့ ဆိပ်ကမ်းအက်ဥပဒေနှင့် ဆိပ်ကမ်းအက်ဥပဒေတွင် အဓိပ္ပါယ် ဖော်ပြထားသော ဆိပ်ကမ်းများ။

(၄) ရေနှံမြေ အက်ဥပဒေတွင် အဓိပ္ပါယ် ဖော်ပြထားသော ကြော်ငြာထားသည့် ရေနံမြေများ။

(၅) သတ္တုတွင်းအက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသော သတ္တုတွင်းများ။

(၆) ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေအရ အဓိပ္ပါယ်ဖော်ပြထားသောဆိုင်များ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများ။

[၁] (၇) နိုင်ငံတော်အစိုးရ၏၊ သို့တည်းမဟုတ် နိုင်ငံတော်အစိုးရလက်အောက်ရှိ၊ သို့တည်းမဟုတ် အစိုးရကဖွဲ့စည်း တည်ထောင်ထားသည့် အဖွဲ့၏၊ သို့တည်းမဟုတ် ထိုအဖွဲ့လက်အောက်ရှိ အလုပ်ဌာနများ။ ထို့ပြင်

[၁] (၈) ဒေသန္တရ အာဏာပိုင်များ ဌေးချေးငှါးခြင်း အက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့် အခြားဒေသန္တရ အာဏာပိုင်၏၊ သို့တည်းမဟုတ် ထိုအာဏာပိုင် လက်အောက်ရှိ အလုပ်ဌာနများ။

ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၉။] (၁၉၅၂ ခု၊ ဇန်နဝါရီလ ၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေ ဟု ခေါ်ရမည်။ အမည်၊ တည်ရာနေယ် အဝှန်းနှင့် အာဏာတည်သည့်နေ့။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့တွင်၊ ယင်းသို့သတ်မှတ်သည့်အရပ်ဒေသများ၌ အာဏာတည်ရမည်။ [၂]

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်၊ သီးခြားဖော်ပြသည့်ဆိုင်များ၊ သို့တည်းမဟုတ် အလုပ်ဌာနများ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားများနှင့်သက်ဆိုင်ရမည်။ [၂]

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်— အဓိပ္ပါယ်ဖော်ပြချက်များ။

(က) ''ဆိုင်'' ဆိုသည်မှာ၊ ကုန်စည်ပစ္စည်းများကို၊ သို့တည်းမဟုတ် ဝတ္ထုပစ္စည်းများကို လက်ငင်းသော်ငင်း၊ အကြွေးသော်ငင်း၊ လက်ကား၊ သို့တည်းမဟုတ် လက်လီရောင်းချရန်အလို့ငှါ၊ လုံးဝဖြစ်စေ၊ တစိတ်တဒေသအားဖြင့်ဖြစ်စေ၊ အသုံးပြုရာဖြစ်သည့် ဥပစာတခုခုကိုငင်း၊ ဆံသလုံငန်းအတွက်ဖြစ်စေ၊ အလှပြုပြင်ခြင်းလုံငန်းအတွက်ဖြစ်စေ အသုံးပြုရာဖြစ်သည့် ဥပစာ

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၅ အရ အစားထည့်သွင်းသည်။

[၂] မည်သည့်နေ့ရက်မှစ၍ မည်သည့်ဒေသတွင် မည်သည့်အလုပ်ဌာနနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေအာဏာတည်ကြောင်းကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၉၄၇၊ ၁၉၅၃ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၄၃၆ နှင့် ၁၅၀၃၊ ၎င်းပြင် ၁၉၅၄ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၀၀၅ တို့တွင် ထုတ်ပြန်ကြေညာသည်။

တခုခုကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ဆိုင်ဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့် အခြားဥပစာကိုဝင်း ဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်ဘွင်၊ ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာနမပါဝင်ချေ။

(ခ) ''ကုန်သွယ်အလုပ်ဌာန''ဆိုသည်မှာ၊ ကြော်ငြာလုပ်ငန်းဖြစ်စေ၊ ကော်မရှင်လုပ်ငန်းဖြစ်စေ၊ ကုန်စည်ပေးပို့ရေးကိုယ်စားလှယ်လုပ်ငန်းဖြစ်စေ၊ကုန်သွယ်ရေး ကိုယ်စားလှယ်လုပ်ငန်းဖြစ်စေ၊ ဆောင်ရွက်သည့်အလုပ်ဌာနကိုသော်ငင်း၊ အလုပ်ရုံ၏၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၏၊ သို့တည်းမဟုတ် ကုန်သွယ်လုပ်ငန်း၏ စာရေးစာချီဌာနကိုသော်ငင်း၊ အာမခံကုမ္ပဏီကိုသော်ငင်း၊ အစုစပ်ကုမ္ပဏီကိုသော်ငင်း၊ ဘဏ်ကိုသော်ငင်း၊ ပွဲစား အလုပ်တိုက်ကိုသော်ငင်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ကုန်သွယ်အလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာန အမျိုးအစားကိုသော်ငင်း ဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင်၊ ဆိုင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန မပါဝင်ချေ။

(ဂ) ''အများပျော်ရွှင်ရေးအလုပ်ဌာန''ဆိုသည်မှာ၊ ရုပ်ရှင်ရုံကိုဝင်း၊ ဇာတ်ရုံကိုဝင်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ အများပျော်ရွှင်ရေးအလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားကိုဝင်း ဆိုလိုသည်။ သို့ရာတွင် ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မပါဝင်ချေ။

(ဃ) ''စက်မှုလက်မှုအလုပ်ဌာန''ဆိုသည်မှာ၊ သတ္တုတွင်းကိုဝင်း၊ ရေနံမြေကိုဝင်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ စက်မှုလက်မှုအလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားကိုဝင်း ဆိုလိုသည်။ သို့ရာတွင် ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံမပါဝင်ချေ။

(င) ''အလုပ်ရုံ''ဆိုသည်မှာ၊ အလုပ်ရုံများအက်ဥပဒေ၌ အဓိပ္ပါယ်ဖော်ပြထားသည့်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေအရ၊ အလုပ်ရုံဖြစ်သည်ဟု ကေညာထားသည့်အလုပ်ရုံကိုဆိုလိုသည်။

(စ) ''အလုပ်ရှင်''ဆိုသည်မှာ၊ ဆိုင်တခု၏လုပ်ငန်းကိုဖြစ်စေ၊ ကုန်သွယ်အလုပ်ဌာနကိုဖြစ်စေ၊ အများပျော်ရွှင်ရေးအလုပ်ဌာနကိုဖြစ်စေ၊ ပိုင်ဆိုင်သူ၊ သို့တည်းမဟုတ် ထိန်းသိမ်းအုပ်ချုပ်သူကိုသော်ငင်း၊ အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုဌာနဖြစ်လျှင်၊ ထိုအလုပ်ရုံ၏၊ သို့တည်းမဟုတ် ထို စက်မှုလက်မှုအလုပ်ဌာန၏ပိုင်ဆိုင်သူကို၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ကိုသော်ငင်း ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အဆိုပါဆိုင်ကို၊ သို့တည်းမဟုတ် အဆိုပါအလုပ်ဌာနကို အရပ်ရပ်စီမံကြီးကြပ်ရာ၌၊ သို့တည်းမဟုတ်

အုပ်ချုပ်ရာ၌ ထိုသူ၏ကိုယ်စားလှယ်၊ သို့တည်းမဟုတ် မန်နေဂျာနှင့် ထိုသူ့ကိုယ်စားဆောင်ရွက်သော အခြားသူလည်းပါဝင်သည်။

(ဆ) အလုပ်သမားဆိုသည်မှာ—

(က က) ဆိုင်ဖြစ်လျှင်၊ ထိုဆိုင်၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ခွာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်ငင်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့်သော်ငင်း အလုပ်လုပ်သူကိုလည်းဆိုလိုသည်။

(ခ ခ) ကုန်သွယ်အလုပ်ခွာနဖြစ်သျင်၊ ထိုခွာန၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ခွာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်ငင်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့်သော်ငင်း အလုပ်လုပ်သူကိုလည်းဆိုလိုသည်။

(ဂဂ) အများပျော်ရွှင်ရေးအလုပ်ခွာနဖြစ်လျင်၊ ထိုအလုပ်ခွာန၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကို ဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ခွာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်ငင်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့်သော်ငင်း အလုပ်လုပ်သူကိုလည်း ဆိုလိုသည်။

(ဃဃ) အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ခွာနဖြစ်လျင်၊ ထိုအလုပ်ရုံတွင်၊ သို့တည်းမဟုတ် ထိုအလုပ်ခွာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်ငင်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့်သော်ငင်း အလုပ်လုပ်သူကိုဆိုလိုသည်။

သို့ရာတွင်၊ ထိုစကားရပ်တွင်၊ အလုပ်ရှင်သော်ငင်း၊ ထိုအလုပ်ရှင်နှင့်အတူနေထိုင်သည်လည်းဖြစ်၍၊ ထိုအလုပ်ရှင်အပေါ် မှီခိုနေသည်လည်းဖြစ်သော အလုပ်ရှင်၏ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို (အရင်း)၊ သို့တည်းမဟုတ် မောင်နှမ (အရင်း) တို့ မပါဝင်ချေ။

(ဇ) ''ဖိတ်ထားသည်'' ဆိုသည်မှာ၊ ဝယ်ယူသူတဦးဦး၏ လိုအင်ကိစ္စကို ဆောင်ရွက်ရန်သော်ငင်း၊ လုပ်ငန်းဆောင်ရွက်ရန်သော်ငင်း ဖွင့်၍မထားခြင်းကို ဆိုလိုသည်။

(ဈ) ''နေ့''၊ သို့တည်းမဟုတ် ''ရက်'' ဆိုသည်မှာ၊ ညဉ့်သန်းခေါင်ချိန်မှစ၍ ရောက်သော နှစ်ဆယ့်လေးနာရီကာလအပိုင်းအခြားကို ဆိုလိုသည်။

(ည) ''ရက်သတ္တပတ်'' ဆိုသည်မှာ၊ စနေနေ့ညဉ့်သန်းခေါင်ချိန်မှစ၍ ရောက်သော ခုနစ်ရက်ကာလအပိုင်းအခြားကို ဆိုလိုသည်။

(ဋ) ''ပြဋ္ဌာန်းထားသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည်ကို ဆိုလိုသည်။

(ဌ) ''နည်းဥပဒေများ'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများကို ဆိုလိုသည်။

အချိန်နာရီရည်ညွှန်းချက်များ။

၃။ ။ဤအက်ဥပဒေ၌ အချိန်နာရီကိုရည်ညွှန်းလျှင် မြန်မာနိုင်ငံတော် စံတော်ချိန်ကို ရည်ညွှန်းသည်။

နိုင်ငံတော်သမတ၏အာဏာများ။

၄။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏ကိစ္စများအလို့ငှါ အမိန့်ကြော်ငြာစာဖြင့်—

(က) ကုန်သွယ်အလုပ်ခွင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ခွင်၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ခွင်နမဟုတ်သော မည်သည့်အလုပ်ခွင်ကိုမဆို၊ ဆိုင်ဖြစ်သည်ဟု ကျေညာနိုင်သည်။

(ခ) ဆိုင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ခွင်၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှု အလုပ်ခွင် မဟုတ်သော မည်သည့်အလုပ်ခွင်ကိုမဆို၊ ကုန်သွယ်အလုပ်ခွင်ဖြစ်သည်ဟု ကျေညာနိုင်သည်။

(ဂ) ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင်၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ခွင်နမဟုတ်သော မည်သည့်အလုပ်ခွင်ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ခွင်အမျိုးအစားကိုမဆို၊ အများ ပျော်ရွှင်ရေးအလုပ်ခွင်ဖြစ်သည်ဟု ကျေညာနိုင်သည်။

(ဃ) ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ခွင်၊ သို့တည်းမဟုတ် အလုပ်ရုံမဟုတ်သော မည်သည့်အလုပ်ခွင်ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ခွင်အမျိုးအစားကိုမဆို၊ စက်မှုလက်မှုအလုပ်ခွင်ဖြစ်သည်ဟု ကျေညာနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသော ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ထိုပုဒ်မခွဲပါပြဋ္ဌာန်းချက်များအရ၊ ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ခွင်၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ခွင်ဖြစ်သည်ဟု ကျေညာထားသော မည်သည့်အလုပ်ခွင်နှင့်မဆို သက်ဆိုင်စေရမည်။

(၃) နိုင်ငံတော်သမတသည်၊ ပြဋ္ဌာန်းသည့်အလုပ်ဖိတ်ရက်အတွက်ဖြစ်စေ၊ ပြဋ္ဌာန်းသည့် အခြားအခါသမယအတွက်ဖြစ်စေ၊ မည်သည့်ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ခွင်၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ခွင်နှင့်မဆို၊ စပ်လျဉ်း၍သော်၎င်း၊ မည်သည့်ဆိုင်အမျိုးအစား၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင် အမျိုးအစား၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ခွင်အမျိုးအစား၊ သို့တည်းမဟုတ် အလုပ်ရုံ အမျိုးအစား၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ခွင် အမျိုးအစားနှင့်မဆို စပ်လျဉ်း၍သော်၎င်း၊ မိမိသင့်တော်သည်ထင်မြင်သည့်ကာလ အပိုင်းအခြားအတွက်၊ မိမိသင့်တော်သည်ထင်မြင်သည့် စည်းကမ်းချက်များထား၍၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏အာဏာသက်ရောက်ခြင်းကို၊ အမိန့်ကြော်ငြာစာဖြင့် ရပ်ဆိုင်းထားနိုင်သည်။

အက်ဥပဒေသည်၊ အချို့အလုပ်ခွင်များ၊ ဆိုင်များ၊ ပုဂ္ဂိုလ်များနှင့် မသက်ဆိုင်ခြင်း။

၅။ ။(၁) ဤအက်ဥပဒေသည်၊ အောက်ပါတို့နှင့် မသက်ဆိုင်စေရ။

(က) အလုပ်ရုံတခုခု၏ အလုပ်တိုက်မဟုတ်သော အစိုးရရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် အစိုးရလက်အောက်ခံရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်ရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် လက်အောက်ခံရုံးများနှင့်လုပ်ငန်းများ။

(ခ) ကုန်းကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။

(ဂ) မီးရထား ဘူတာရုံရှိ၊ သို့တည်းမဟုတ် သင်္ဘောဆိပ်ရှိ၊ သို့တည်းမဟုတ် သင်္ဘောတံတားရှိ၊ သို့တည်းမဟုတ် လေယာဉ်ဆိပ်ရှိ စားသောက်ဆိုင်နှင့် အခြားဆိုင်များ။

(ဃ) လမ်းဘေးစျေးဆိုင်များ။

(င) အများဆိုင်ရာပြပွဲ၌ ရောင်းသောစားသောက်ဆိုင်များနှင့် အခြားဆိုင်များ။

(စ) ယာယီမျှသာ ကုင်းပသောပွဲများတွင်၊ တည်ခင်းသည့်ပျော်ရွှင်ရေး အလုပ်ငှားနများ၊ စားသောက်ဆိုင်နှင့် အခြားဆိုင်များ။

(ဆ) မန်နေဂျာအလုပ်လုပ်သူ။

(ဇ) နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏ အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် အခြားအလုပ်ငှားနများ၊ သို့တည်းမဟုတ် ဆိုင်များ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များ၊ သို့တည်းမဟုတ် အလုပ်ငှားနအမျိုးအစားများ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အမျိုးအစားများ။

(၂) ပုဒ်မခွဲ (၁)တွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ထိုပုဒ်မခွဲတွင် သီးခြားဖော်ပြထားသည့် မည်သည့်ဆိုင်ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ငှားနကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမဆို၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်မရှိစေရဟူ၍ငင်း၊ အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့်ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုအလုပ်ငှားနနှင့်၊ သို့တည်းမဟုတ် ထိုပုဂ္ဂိုလ်နှင့်သက်ဆိုင်စေရမည်ဟူ၍ငင်း ကျေညာနိုင်သည်။

(၃) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါတို့နှင့်မသက်ဆိုင်စေရ။

(က) စားသောက်ဆိုင်များ။

(ခ) အသား၊ ငါး၊ နွားနို့နှင့် နွားနို့ထွက် စားဘွယ်သောက်ဘွယ်မုန့်၊ သို့တည်းမဟုတ် ပျက်စီးလွယ်သော ကုန်ပစ္စည်းများကိုအဓိကအားဖြင့်၊ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤဝတ္ထုပစ္စည်းများ ရောင်းချခြင်းနှင့်စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဂ) ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငံပြာရည်၊ ဟင်းမွှေးပစ္စည်း၊ သို့တည်းမဟုတ် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသော အခြားစားဖို့ဆောင်သုံး စားသောက်ဘွယ်ပစ္စည်းများကို လက်လီရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤဝတ္ထု ပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဃ) ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ပန်း၊ ငါးစိမ်းကုန် ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤဝတ္ထု ပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဂ) အသုဘကိစ္စ၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကိစ္စ၊ သို့တည်းမဟုတ် မီးသင်္ဂြိုဟ်ခြင်းကိစ္စအတွက် လိုအပ်သည့် ဝတ္ထုပစ္စည်းများ ရောင်းချသော ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသော ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဃ) ထင်း၊ မီးသွေး၊ သို့တည်းမဟုတ် အိမ်သုံးအတွက် ရေနှံထွက်ပစ္စည်းများ လက်လီရောင်းချသည့် ဆိုင်များ။

(ဆ) ဆေးလိပ်အမျိုးမျိုး၊ ဆေးတံသောက်ဆေး၊ ကွမ်းယာ၊ ဆိုင်ဥပစာတွင် သောက်ရန် လက်လီရောင်းချသည့်သောက်ဘွယ်အမျိုးမျိုး၊ ရေခဲ၊ သို့တည်းမဟုတ် သတင်းစာနှင့် အချိန်မှန်ထုတ်ဝေသော စာစောင်များ ရောင်းချသည့်ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသော ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဇ) မော်တော်ယာဉ်များအတွက် ရေနံထွက်ဝတ္ထုပစ္စည်းများ၊ သို့တည်းမဟုတ် ကိရိယာအစိတ်အပိုင်းများ လက်လီရောင်းချသည့်ဆိုင်များ။

(ဈ) ဆံသဇ္ဇာနများ။

(ည) အင်စပက်တော်ချုပ်က စာဖြင့်ခွင့်ပြုထားသည်လည်းဖြစ်လျက် ပင်လယ်ကူးသင်္ဘောများအတွက် လိုအပ်သောဝတ္ထုပစ္စည်း အမျိုးမျိုးရောင်းချသည့် ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများကို ပင်လယ်ကူးသင်္ဘောများအတွက်ရောင်းချခြင်းနှင့်စပ်လျဉ်းသမျှသော ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(၄) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက် များသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ။

(က) ကလစ်များ၊ တည်းခိုစားသောက်ရာ ဟော်တယ်များ၊ အခပေးတည်းခိုစားသောက်ရာအိမ်များ။

(ခ) ဘယဆေး၊ ခွဲစိတ်ကုသရန် ကိရိယာတန်းဆာ၊ သို့တည်းမဟုတ် အခြားဘယဆေးဆိုင်ရာ လိုအပ်သည့်အသုံးအဆောင်ကို အဓိကအားဖြင့်လက်လီရောင်းချသည့်ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသော ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဂ) ပြည်သူတို့အား ဓါတ်အား၊ သို့တည်းမဟုတ် ဓါတ်ငွိ၊ သို့တည်းမဟုတ် ဓါတ်ငွေ့၊ သို့တည်းမဟုတ် ရေပေးသောလုပ်ငန်း၊ ထို့ပြင် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အခြားပြည်သူ့အတွက် အသုံးဝင်သောလုပ်ငန်းများ၊ သို့တည်းမဟုတ် လုပ်ငန်းအမျိုးအစားများ။

ရက်သတ္တပတ်စဉ် အလုပ်ပိတ်ရက်။

၆။ ။(၁) ဆိုင်နှင့် ကုန်သွယ်ဌာနအသီးသီးကို ရက်သတ္တတပတ်လျှင် အနည်းဆုံး တရက်လုံးဝပိတ်ထား:ရမည်။ ထို့ပြင် ထိုဆိုင်၏၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၏ အလုပ်သမားကို ထိုနေ့တွင်အားလပ်ခွင့်ပေးရမည်၊ ယင်းသို့အားလပ်ခွင့်ပေးရသည့်အတွက် ထိုအလုပ်သမား၏ အခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုရ။

ခြွင်းချက်။ ။သို့ရာတွင် ဆိုင်တဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာနတခု၌၊ နှစ်မျိုးဖြစ်သော၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုသော ကုန်သွယ်မှုကို၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် တမျိုးမျိုးသည်၊ အကယ်၍ ထိုဆိုင်၏၊ သို့တည်းမဟုတ် ထိုကုန်သွယ်

အလုပ်ဌာန၏ တခုတည်းသောကုန်သွယ်မှု၊ သို့တည်းမဟုတ် တခုတည်းသော စီးပွါးရေးလုပ်ငန်း ဖြစ်ခဲ့သော်၊ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ် ဌာနနှင့် သက်ဆိုင်ခြင်းမရှိသည့်အခါ၊ ထိုဆိုင်သည်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနသည်၊ ထိုကုန်သွယ်မှုနှင့်၊ သို့တည်းမဟုတ် ထိုစီးပွါးရေးလုပ်ငန်းနှင့် စပ်လျဉ်းသမျှသာဤပုဒ်မခွဲ၏အာဏာ သက်ရောက်ခြင်းမှ ကင်းလွတ်စေရမည်။ ထို့ပြင် အလုပ်ရုံ၊ သို့တည်းမဟုတ် သတ္တုတွင်း၊ သို့တည်းမဟုတ် ရေနံမြေကိုပိတ်မထားလျှင်၊ ထိုအလုပ်ရုံ၊ သို့တည်းမဟုတ် သတ္တုတွင်း၊ သို့တည်း မဟုတ်ရေနံမြေနှင့်စပ်လျဉ်းသည့် ကုန်သွယ်အလုပ်ဌာနကို ဤပုဒ်မခွဲ၏ပြဋ္ဌာန်းချက်အရ ပိတ်ထား ရန်မလိုချေ။

(၂) ပုဒ်မ ၅ (၃) တွင် သီးခြားဖေါ်ပြထားသည့်ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ် အလုပ်ဌာန၌ဖြစ်စေ၊ အများပျော်ရွှင်ရေးလုပ်ငန်းဌာန၌၊ သို့တည်းမဟုတ် အလုပ်ရုံ၌၊ သို့တည်း မဟုတ် စက်မှုလက်မှုအလုပ်ဌာန၌ဖြစ်စေ၊ အလုပ်သမားအား ရက်သတ္တတပတ်လျှင် အနည်းဆုံး တရက်ကို အလုပ်ပိတ်ရက်အဖြစ် ခွင့်ပြုရမည်။ ယင်းသို့အားလပ်ခွင့်ပေးရသည့်အတွက် ထိုအလုပ် သမား၏ အခကြေးငွေမှဖြတ်တောက်ခြင်းမပြုရ။

(၃) နိုင်ငံတော်သမတသည်၊ အဖွဲ့အစည်းများနှင့်ငင်း၊ အလုပ်ရှင်များ၏ကိုယ်စားလှယ် များနှင့်ငင်း၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များနှင့်ငင်း၊ တိုင်ပင်၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ သီးခြားဖေါ်ပြထားသည့် ကုန်စည်များကို အရောင်းအဝယ်ပြုသော၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသည့် အရပ်ဒေသတွင်တည်ရှိသော ကုန်သွယ်အလုပ်ဌာနနှင့် ဆိုင်အားလုံးကို ရက်သတ္တပတ်တိုင်း ပိတ်ထားရမည့်နေ့တနေ့ကို သတ်မှတ်နိုင်သည်။

၇။ ။(၁) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနတိုင်းကို ညဉ့်ကိုးနာရီနှင့် နံနက်ငါးနာရီ **အထွေထွေပြဋ္ဌာန်း**
စပ်ကြားတွင် ပိတ်ထားရမည်။ သို့ရာတွင် ညဉ့်ကိုးနာရီအချိန်တွင် ဆိုင်၌ ဝယ်ယူနေဆဲဖြစ်သော၊ သို့တည်းမဟုတ် ဝယ်ယူရန်စောင့်ဆိုင်းနေသောသူအား၊ အဆိုပါအချိန်ကုန်လွန်ပြီးနောက် တဆက် တည်းဖြစ်သော မိနစ်သုံးဆယ်ကာလအပိုင်းအခြားအတွင်းတွင် ကုန်စည်ကိုရောင်းချနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် စားသောက်ဆိုင်များကို နံနက် ၁ နာရီအထိဖွင့်ထားနိုင်သည်။ ထို့ပြင် ကိုးကွယ်သည့်ဘာသာရေးနှင့် စပ်လျဉ်း၍ အချိန်ကာလအားလျော်စွာ အင်စပက်တော် ချုပ်က စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုသော စားသောက်ဆိုင်ကို ယင်းသို့ခွင့်ပြုချက်နှင့် အညီ ဖွင့်ထားနိုင်သည်။

ထို့ပြင်ဆိုင်တဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာနတခု၌ နှစ်မျိုးဖြစ်သော၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုသောကုန်သွယ်မှုကို၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းကိုဆောင်ရွက် ရာတွင် တမျိုးမျိုးသည် အကယ်၍ထိုဆိုင်၏၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာန၏ တခု တည်းသောကုန်သွယ်မှု၊ သို့တည်းမဟုတ် တခုတည်းသောစီးပွါးရေးလုပ်ငန်းဖြစ်ခဲ့သော်၊ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနနှင့် သက်ဆိုင်ခြင်းမရှိ သည့်အခါ၊ ထိုဆိုင်သည်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနသည်၊ ထိုကုန်သွယ်မှုနှင့်၊ သို့တည်းမဟုတ် ထိုစီးပွါးရေးလုပ်ငန်းနှင့်စပ်လျဉ်းသမျှသာ ဤပုဒ်မခွဲ၏အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်စေရမည်။

(၂) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော် ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်သမားအား ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ် ဌာနအသီးသီး၌ တရက်လျှင် ရှစ်နာရီထက်ပို၍ငင်း၊ ရက်သတ္တတပတ်လျှင် လေးဆယ့်ရှစ်နာရီထက် ပို၍ငင်း အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ခြွင်းချက်။ ။သို့ရာတွင် ကုန်စည်ပစ္စည်းစာရင်းယူသည့်၊ သို့တည်းမဟုတ် ငွေစာရင်း ချုပ်သည့်၊ သို့တည်းမဟုတ် စာရင်းရှင်းလင်းသည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အခြားလုပ်ငန်း ဆောင်တာများ ဆောင်ရွက်သည့်ရက်တွင်၊ သို့တည်းမဟုတ် ရက်သတ္တပတ်တွင်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အခြားကာလအပိုင်းအခြားများအတွင်းတွင်၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ခွင့်ခန၊ အများ ပျော်ရွှင်ရေး အလုပ်ခွင့်ခနအသီးသီး၌ အလုပ်သမားတဦးဦးကို၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ခွင့်ခန၊ အများပျော်ရွှင်ရေး အလုပ်ခွင့်ခနအသီးသီး၌၊ အဆိုပါရက်တွင် ရှစ်နာရီထက်ပို၍ငင်း၊ အဆိုပါရက် သတ္တပတ်တွင် လေးဆယ့်ရှစ်နာရီထက် ပို၍ငင်း၊ အချိန်ပို လုပ်စေခိုင်သည်၊ သို့တည်းမဟုတ် လုပ်ခွင့်ပြုခိုင်သည်။ သို့ရာတွင် ထိုသူထိုကဲ့သို့ အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည်၊ မည်သည့် နှစ်၌မဆို ခြောက်ဆယ်ထက်မပိုစေရ။

(၃) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင့်ခန၌ ထိန်းသိမ်းသူများ၊ သို့တည်း မဟုတ် အစောင့်များမှတပါး အခြား မည်သည့်အလုပ်သမားကိုမျှ ညဉ့် ကိုးနာရီခွဲ အချိန်မှ ကျော်လွန်၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ခြွင်းချက်။ ။သို့ရာတွင် တနှစ်လျှင် အချိန်ပိုလုပ်သည့် အများဆုံး နာရီပေါင်းနှင့်စပ် လျဉ်း၍၊ ပုဒ်မခွဲ(၂)၏ ခြွင်းချက်တွင် ပါရှိသည့် ကန့်သတ်ချက်နှင့်မဆန့်ကျင်စေဘဲ၊ စာရင်းဝင် ဘဏ်၌ အလုပ်လုပ်သူများသည်၊ ညဉ့်သန်းခေါင်ဆယ့်နှစ်နာရီထိ အချိန်ပိုလုပ်နိုင်သည်။

(၄) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင့်ခန၌၊ သို့တည်းမဟုတ် အများ ပျော်ရွှင်ရေးအလုပ်ခွင့်ခန၌၊ အလုပ်သမားကို ထိုဆိုင်၊ ကုန်သွယ်အလုပ်ခွင့်ခန၊ အများပျော်ရွှင်ရေး အလုပ်ခွင့်ခနအသီးသီးတွင် မည်သည့်ရက်၌မဆို အနည်းဆုံး နာရီဝက်မျှ အနားယူရန် အားလပ် ချိန်မပေးဘဲ၊ ငါးနာရီထက်ပို၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၅) အများပျော်ရွှင်ရေး အလုပ်ခွင့်ခနတိုင်းကို နံနက်တနာရီနှင့် နံနက်ကိုးနာရီစပ်ကြား ဖိတ်ထားရမည်။

ခြွင်းချက်။ ။သို့ရာတွင် တနင်္ဂနွေနေ့တွင်သော်ငင်း၊ အလှူပွဲ၊ ရုံခမယူသော အထူးပွဲနှင့် ဆင်ဆာကိစ္စအတွက်ပွဲကို ပြသောနေ့တွင်သော်ငင်း နံနက်ခုနစ်နာရီခွဲမှစ၍ ဖွင့်ထားနိုင်သည်။

(၆) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင့်ခန၌၊ သို့တည်းမဟုတ် အများ ပျော်ရွှင်ရေးအလုပ်ခွင့်ခန၌ အလုပ်သမားအသီးသီး အလုပ်လုပ်သည့်ကာလ အပိုင်းအခြားများနှင့် အနားယူရန် အားလပ်ချိန်အပိုင်းအခြားများကို အလုပ်ရှင်ကစီစဉ်ရမည်။ ထိုသို့စီစဉ်ရာ၌၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ခွင့်ခနအသီးသီးတွင် ထိုဆိုင်၊ ကုန်သွယ်ခွင့်ခန ကာလအပိုင်းအခြား စုစုပေါင်းသည်၊ တရက်လျှင် ဆယ့်တနာရီထက် မပိုစေရ။ အများပျော်ရွှင်ရေး အလုပ်ခွင့်ခန၌မူကား၊ တရက်လျှင် ဆယ့်လေးနာရီထက်မပိုစေရ။

ခြွင်းချက်။ ။သို့ရာတွင် ထိန်းသိမ်းသူများအဖြစ်ဖြင့်သော်ငင်း၊ အစောင့်များအဖြစ်ဖြင့် သော်ငင်း အလုပ်လုပ်သူတို့အတွက် အနားယူရန် အားလပ်ချိန်မပေးဘဲ နေနိုင်သည်။

ဝယ်ရွယ်သူများ

၈။ ။(၁) အသက်ဆယ့်သုံးနှစ် မပြည့်သေးသောသူကို ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင့်ခန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ခွင့်ခန၌၊ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၂) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ခွင့်ခန၌၊ သို့တည်းမဟုတ် အများပျော် ရွှင်ရေးအလုပ်ခွင့်ခန၌ အသက်ဆယ့်ရှစ်နှစ်မပြည့်သေးသူအား၊ မည်သည့်အချိန်နာရီမှ ကျော်လွန်၍ အလုပ်လုပ်ခွင့်မပြုရဟု နိုင်ငံတော်သမတက အချိန်နာရီသတ်မှတ်နိုင်သည်။

အခကြေးငွေပေးခြင်း။

၉။ ။ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်သမားအားပေးရမည့် အခကြေးငွေ ၊းလုံးကို၊ ထို ခကြေးငွေပေး ရမည့် လကုန်လွန်သည့်နောက် တဆက်တည်းဖြစ်သော ခုနစ်ရက်မြောက်နေ့ထက် နောက်မကျ စေဘဲ ထုတ်ပေးရမည်။

အချိန်ပိုလုပ်ရသည့်အတွက် အခပို။

၁၀။ ။ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌ အလုပ်သမားကို၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနအသီးသီးတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) ၌ .သီးခြားဖေါ်ပြထားသော အများဆုံးကန့်သတ်ထားသည့် အလုပ်လုပ်ရသည့်နာရီထက်ပို၍ အချိန်ပိုလုပ်စေသည့်အခါ၊ သို့တည်းမဟုတ် လုပ်ရန်ခွင့်ပြုသည့်အခါ၊ ထိုသို့အချိန်ပိုလုပ်သည့် အလုပ်အတွက်၊ ထိုသူအား ပေးရမည့်အခကြေးငွေကို ထိုသူအားပေးရမည့် သာမန်အခကြေးငွေနှုန်း၏ နှစ်ဆထား၍ တွက်ချက်ရမည်။ ထို့ပြင် ထိုသာမန်အခကြေးငွေနှုန်းများကိုလည်း ပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်း တွက်ချက်ရမည်။

ဤပုဒ်မအလိုင့်၊ ''အခကြေးငွေများ'' ဆိုသည်မှာ၊ မည်သည့်စရိတ်မျှမပါသော အခသက်သက်ကိုသာဆိုလိုသည်။

မှတ်တမ်းများ၊ မှတ်ပုံစာအုပ်များနှင့်နို့တစ်စာများထားရှိခြင်း။

၁၁။ ။ဤအက်ဥပဒေပါ ကိစ္စများအလိုင့်၊ အလုပ်ရှင်တိုင်းသည် ပြဋ္ဌာန်းသည့်မှတ်တမ်းများနှင့် မှတ်ပုံစာအုပ်များကို ထားရှိရမည်ပြင်၊ ပြဋ္ဌာန်းသည့် နို့တစ်စာကိုလည်း မြင်သာအောင်ပြထားရမည်။

အင်စပက်တော်၊

၁၂။ ။(၁) နိုင်ငံတော်သမတသည်၊အမိန့်ကြော်ငြာစာထုတ်ပြန်၍၊မိမိသင့်တော်သည်ထင်မြင်သူကို၊ ဤအက်ဥပဒေအလိုင့်၊ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။ ၎င်းပြင် ထိုသူအတွက် မိမိသင့်တော်သည် ထင်မြင်သည့် နယ်နိမိတ်ကို သတ်မှတ်ပေးနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မိမိ သင့်တော်သည့်ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည်၊ ဤအက်ဥပဒေအရ အင်စပက်တော်ချုပ်အား အပ်နှင်းသည့်အာဏာများအပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင် အင်စပက်တော်၏ အာဏာများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) အရ အင်စပက်တော်ချုပ်နှင့် အင်စပက်တော်အသီးသီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည့်အပြင်၊ ရာထူးနှင့် စပ်လျဉ်း၍လည်း ဤကိစ္စအလိုင့်၊ နိုင်ငံတော်သမတက သီးခြားဖေါ်ပြထားရာ အာဏာပိုင်လက်အောက်ဖြစ်ရမည်။

အင်စပက်တော်၏ အာဏာ။

၁၃။ ။ဤကိစ္စအလိုင့်၊ နိုင်ငံတော်သမတကပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၁၂ အရ ခန့်ထားသည့် အင်စပက်တော်သည်၊ မိမိအား ခန့်ထားရာဖြစ်သော နယ်နိမိတ်အတွင်းတွင်၊ ဆိုင်သော်၎င်း၊ ကုန်သွယ်အလုပ်ဌာနသော်၎င်း၊ အများပျော်ရွှင်ရေးအလုပ်ဌာနသော်၎င်း ဖြစ်သည့်၊ သို့တည်းမဟုတ် ဖြစ်သည်ဟု မိမိယုံကြည်ရန်အကြောင်းရှိသည့် နေရာသို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အမှုထမ်းများဖြစ်ကြသောသူများရှိလျှင်၊ ထိုသူများ၏အကူအညီဖြင့် သင့်လျော်သည့် အချိန်အခါ၌ ဤအက်ဥပဒေပါကိစ္စများအလိုင့် ဝင်ရောက်၍၊ ထိုနေရာကိုဝင်း၊ ထိုနေရာတွင်ထားရှိသော ပြဋ္ဌာန်းသည့်မှတ်တမ်း၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်၊ သို့တည်းမဟုတ် နို့တစ်စာကိုဝင်း၊ ပြဋ္ဌာန်းသည့်အတိုင်း ကြည့်ရှုစစ်ဆေးရမည့်ပြင်၊ ပြဋ္ဌာန်းသည့် မှတ်တမ်း၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် နို့တစ်စာကို ရှင်းလင်းဖေါ်ပြ

စေခြင်းနှင့် အခြားစုံစမ်းမေးမြန်းမှုများကိုလည်း ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ လိုအပ်သည်ဟု မိမိထင်မြင်သည့်အတိုင်းပြုနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ရာဇဝတ်ပြစ်ဒဏ် မိမိအား ထိုက်သင့်စေနိုင်သည့် အဖြေကို ပေးရမည်ဟူ၍သော်ငင်း၊ ရာဇဝတ်ပြစ်ဒဏ် မိမိအားထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍သော်ငင်း၊ မည်သူ့ကိုမျှ ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့်မရှိစေရ။

ပြစ်ဒဏ်များ။

၁၄။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို ဆန့်ကျင်သူ မည်သူမဆို၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ(၁)အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရာဘူး သူသည်၊ ယခင်ကဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို နောက်ထပ် ဆန့်ကျင်သည့်ပြစ်မှုအတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုသူသည် နောက်ထပ် ပြစ်ဒဏ်စီရင်ခြင်းခံရသောအခါ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးနှစ်ရာမှ အများဆုံး တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

သို့ရာတွင် ဤပုဒ်မအရ ပြစ်ဒဏ်စီရင်ရန်အလို့ငှါ နှစ်နှစ်ကျော်က ထိုသူအပေါ်တွင် ချမှတ်သည့်ပြစ်ဒဏ်ကို ထည့်သွင်းအရေးမယူရ။

(၃) မည်သူမဆို ဤအက်ဥပဒေအရ အပ်နှင်းထားသည့်အာဏာကို သုံးစွဲနေသော အင်စပက်တော်ကို တမင် ဟန့်တားလျှင်သော်ငင်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းများကို ထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ ထုတ်ပြရန်ပျက်ကွက်လျှင်သော်ငင်း၊ ဆိုင်ရှဖြစ်စေ၊ ကုန်သွယ်အလုပ်ခွာနှင့်ဖြစ်စေ၊ အများပျော်ရွှင်ရေးအလုပ်ခွာနှင့်ဖြစ်စေ ရှိသောအလုပ်သမားတဦးဦးကို အင်စပက်တော်ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ်အဆေးခံခြင်း မပြုနိုင်အောင် ဂွက်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်ငင်း၊ ထိုသူသည် သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ကျွန်ုပ်ဆုံး။

၁၅။ ။(၁) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတခုခုကို ပဌမတန်းရာဇဝတ် တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

(၂) မည်သည့်တရားရုံးမှာမျှ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို၊ ပုဒ်မ ၁၂ အရ ခန့်ထားသော အင်စပက်တော်က တိုင်တန်းသည့်အခါတွင်မှတပါး၊ အဒေးယူပိုင်ခွင့်မရှိစေရ။

မည်သူသည် အလုပ်ရှင် ဖြစ်ကြောင်းဆုံးဖြတ်ချက်။

၁၆။ ။(၁) အလုပ်ရှင်သည် ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးဦးကို ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က အင်စပက်တော်အား

နှိုတစ်စာပေးပို့နိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နှိုတစ်စာကို အင်စပက်တော်ကမရမီသော်၎င်း၊ မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖဲ့တွင် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရုပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက် မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင် ကုမ္ပဏီဖြစ်လျှင်၊ ထိုကိုယ်ပိုင်ကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို အလုပ်ရှင်အားဖြစ်ဒဏ်ပေးနိုင်သည့် ဖြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ဖြစ်ဒဏ် စီရင်စေနိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သည့် အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်းဖြင့် အင်စပက်တော်အား နှိုတစ်စာပေးနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျယ်သည့် နောက်ထပ်နှိုတစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

လွှတ်ငြိမ်းခွင့်များ

၁၇။ ။သဘောရိုးဖြင့်၊ ဤအက်ဥပဒေအရသော်၎င်း၊ နည်းဥပဒေများအရ သော်၎င်း ပြုသည့်၊ သို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

အချို့အခွင့်အရေးများနှင့် အထူး အခွင့်အရေးဆိုင်ရာခြွင်းချက်။

၁၈။ ။ဆိုင်ဖြစ်စေ၊ ကုန်သွယ်အလုပ်ဌာနဖြစ်စေ၊ အများပျော်ရွှင်ရေးအလုပ်ဌာနဖြစ်စေ အလုပ်သမားများ၊ ဤအက်ဥပဒေအာဏာတည်သည့်နေ့၌၊ တည်ဆဲဖြစ်သော အခြားတရားဥပဒေအရသော်၎င်း၊ ပဋိညာဉ်အရသော်၎င်း၊ ထိုနေ့တွင်တည်ဆဲဖြစ်သော ဓလေ့ထုံးစံအရသော်၎င်း၊ ခံစားခွင့်ရှိသောအခွင့်အရေးသည်၊ သို့တည်းမဟုတ် အထူးအခွင့်အရေးသည်၊ ဤအက်ဥပဒေဖြင့် ထိုသူအား အပ်နှင်းသောအခွင့်အရေးထက်၊ သို့တည်းမဟုတ် အထူးအခွင့်အရေးထက် သာလျှင်၊ ခံစားရင်းဖြစ်သော အခွင့်အရေးကို၊ သို့တည်းမဟုတ် အထူးအခွင့်အရေးကို ဤအက်ဥပဒေက မထိခိုက်စေရ။

နည်းဥပဒေများ ပြုရန် အာဏာ။

၁၉။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများ[*] ကို ကြေငြာထုတ်ပြန်ပြီးနောက် ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေတုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါ နည်းဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (၃) အရ အမိန့်ကြော်ငြာစာဖြင့် ကျေညာရမည်ဖြစ်သော အလုပ်ပိတ်ရက်များနှင့် အခြားအခါသမယများ။

(ခ) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများတွင်၊ အလုပ်သမားများက အချိန်ပို၍ဖြစ်စေ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂)

---

[*] ဤအက်ဥပဒေအရ နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၃ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၈၃၈ တွင် ထုတ်ပြန်ကြေညာသည်။

တွင် ပြဋ္ဌာန်းထားသည့် အကန့် အသတ်ထက်ပို၍ဖြစ်စေ လုပ်နိုင်သော လုပ်ငန်းဆောင်တာများနှင့် အချိန်ကာလအပိုင်းအခြားများ။

(ဂ) ပုဒ်မ ၁၀ ပါကိစ္စများအလို့ငှါ၊ သာမန်အခကြေးငွေနှုန်းများကို တွက်ချက်ရန် နည်းလမ်း။

(ဃ) ပုဒ်မ ၁၁ အရ၊ အလုပ်ရှင်က ထားရှိရမည့် မှတ်တမ်းများနှင့် မှတ်ပုံစာအုပ်များ၊ ထို့ပြင် မြင်သာအောင်ပြထားရမည့် နိုတစ်စာများ။

(င) ပုဒ်မ ၁၂ အရ၊ အင်စပက်တော်များကိုခန့်ထားရန် နည်းလမ်းနှင့် ထိုပုဂ္ဂိုလ်များ၏ အရည်အချင်းများ။

(စ) ပုဒ်မ ၁၂ အရ ခန့်ထားသော အင်စပက်တော်များက၊ ပုဒ်မ ၁၃ အရ အပ်နှင်းသော အာဏာများကို သုံးစွဲရန်နည်းလမ်း။

၁၉၅၁ ခုနှစ်၊အလုပ်ရုံများ အက်ဥပဒေ။

မာတိကာ။

အခန်း ၁။

စကားချီး။

၁။ အမည်၊တည်ရာနေယ်အဝန်းနှင့် အာဏာတည်သည့်နေ့။
၂။ အဓိပ္ပါယ်ဖော်ပြချက်များ။
၃။ အချိန်နာရီရည်ညွှန်းချက်။
၄။ အလုပ်ရုံအတွက် ပြဋ္ဌာန်းချက်များကိုအခြားနေရာများတွင် သုံးစွဲနိုင်သောအာဏာ။
၅။ အလုပ်ရုံ၌ ပြောင်းလဲမှုရှိသောအခါ ကင်းလွတ်စေခွင့်ပြုနိုင်သည့်အာဏာ။
၆။ အလုပ်ရုံများကို သဘောတူညီခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း။
၇။ တိုင်းပြည်၌ အရေးတကြီးအခြေဖြစ်ပေါ်နေသည့်ကာလအတွင်း ကင်းလွတ်ခွင့် ပြုနိုင်သည့်အာဏာ။
၈။ လုပ်ငန်းပိုင်ရှင်ကပေးရန်နိုတစ်စာ။
၉။ အလုပ်ဌာနများကို သီးခြားအလုပ်ရုံများဖြစ်ကြောင်း ပြဋ္ဌာန်းနိုင်သည့်အာဏာ။

အခန်း ၂။

ကြည့်ရှုစစ်ဆေးသည့်ရာထူးမှထမ်းအဖွဲ့။

၁၀။ အင်စပက်တော်။
၁၁။ အင်စပက်တော်၏ အာဏာများ။
၁၂။ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်များ။

အခန်း ၃။

ကျန်းမာရေး။

၁၃။ သန့်ရှင်းစင်ကြယ်မှု။
၁၄။ စွန့်ပစ်သည့်ပစ္စည်းများနှင့် ယိုစိမ်းသည့်အရာများ သုတ်သင် ရှင်းလင်းခြင်း။
၁၅။ လေဝင်လေထွက်ရရှိအောင်နှင့် အပူအအေးမျှတအောင် ပြုခြင်း။
၁၆။ အမှုန်များနှင့် အခိုးအငွေ့များ။
၁၇။ လေကို စိုထိုင်းစေခြင်း။
၁၈။ လူထူထပ်ခြင်း။
၁၉။ အလင်းရောင်ရရှိစေခြင်း။
၂၀။ သောက်ရေ။
၂၁။ အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများ။
၂၂။ ထွေးခံများ။

အခန်း ၄။

ဘေးရန်ကင်းရှင်းမှု။

၂၃။ ကိရိယာများကို ကာရံထားခြင်း။
၂၄။ နေသော စက်ကိရိယာ၌၊ သို့တည်းမဟုတ် ထိုစက်ကိရိယာအနီး၌ အလုပ် လုပ်ခြင်း။
၂၅။ ဘေးအန္တရာယ်ဖြစ်စေတတ်သော စက်ကိရိယာများ၌ လူငယ်များကို ခိုင်းစေခြင်း။
၂၆။ အားဖြတ်တောက်ရန်ကိရိယာများ။
၂၇။ ရွေတိုးနောက်ငင်သွားသောစက်များ။
၂၈။ စက်ကိရိယာသစ်ကို အိမ်ဖွဲ့၍တားရှိခြင်း။
၂၉။ ဝါဖတ်စက်အနီးအနားတွင် မိန်မများနှင့် ကလေးများအား ခိုင်းစေ ခြင်း၊ ?တား မြစ်ခြင်း။
၃၀။ မြှောက်စက် (hoist) နှင့်ပင့်စက်များ (lift)။
၃၁။ ကရိန်းစက် (crane) နှင့်အခြားအလားတူ ပင့်မြှောစက်များ။
၃၂။ လည်သောစက်ကိရိယာ။
၃၃။ တိုးအားစက် (pressure plant)။
၃၄။ ကြမ်းပြင်၊ သွားလမ်း၊ လှေကား၊ သွားလာစေနိုင်မည့်လမ်း။
၃၅။ တွင်းနှင့်ကြမ်းပေါက်စသည်များ။
၃၆။ အလွန်အမင်း လေးလံသောဝန်ချိန်။
၃၇။ မျက်စိကို ကာကွယ်ခြင်း။
၃၈။ ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့နှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ချက်။
၃၉။ ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့် အမှုန်၊ အခိုးအငွေ့စသည်များ။
၄၀။ မီးလောင်လျှင် ဆောင်ရွက်ရမည့်စီမံချက်များ။

၄၁။ ချိုယွင်းသော အစိတ်အပိုင်းများကို သီးခြားဖော်ပြရန်ဖြစ်စေ၊ ခိုင်မခိုင် စမ်းသပ်ခြင်း ပြုရန်ဖြစ်စေ ဆင့်ဆိုနိုင်သည့် အာဏာ။
၄၂။ အဆောက်အဦများနှင့် စက်ကိရိယာများ တားရန်ကင်းရှင်းမှု။
၄၃။ ဤအခန်းကို နောက်ထပ်ဖြည့်စွက်ရန် နိုင်ငံတော်သမတက နည်းဥပဒေများ ပြုနိုင် သည့်အာဏာ။

အခန်း ၅။

သက်သာချောင်ချိရေး။

၄၄။ ဖွပ်လျော်ဆေးကြောရန် လွှဲပြောင်းမှုအခွင့်အလမ်း။
၄၅။ အဝတ်များထားရန်နှင့် လှန်းရန်အခွင့်အလမ်းများ။
၄၆။ အလွယ်တကူထိုင်ရန်အခွင့်အလမ်းများ။
၄၇။ သူနာပြုကိရိယာများ။
၄၈။ အလုပ်သမားများအတွက်ဆိုင်များ။
၄၉။ အလုပ်နာရီများ၊အလုပ်နာရီခန်းများနှင့် အစာစားခန်းများ။
၅၀။ ကလေးထိန်းခန်းများ။
၅၁။ ဤအခန်းကို ဖြည့်စွက်ရန်နည်းဥပဒေများပြုနိုင်သည့် နိုင်ငံတော်သမတ၏အာဏာ။

အခန်း ၆။

အထူးသက်ဆိုင်စေခြင်း။

၅၂။ ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အလုပ်များ။
၅၃။ မတော်တဆ ထိခိုက်မှုများကို နှိုတစ်စာပေးပို့ခြင်း။
၅၄။ ရောဂါများဖြစ်ပွားကြောင်းကို နှိုတစ်စာပေးပို့ခြင်း။
၅၅။ မတော်တဆထိခိုက်မှုများနှင့် ရောဂါဖြစ်ပွားမှုများကို စုံစမ်းစစ်ဆေးရန် ဆင့်ဆိုနိုင် သည့်အာဏာ။
၅၆။ နမူနာယူရန်အာဏာ။
၅၇။ အဆောက်အဦတည်ဆောက်ခြင်းနှင့် အခြားအင်ဂျင်နီယာအလုပ်များ။
၅၈။ ပင်လယ်ကူး သင်္ဘောကျင်း၊ ပင်လယ်ကူး သင်္ဘောတံတား၊ ပင်လယ်ကူး သင်္ဘော ဆိပ်ခံတံတား၊ ကုန်လှောင်ရုံနှင့်သင်္ဘောများ။

အခန်း ၇။

လူကြီးများအလုပ်လုပ်ချိန်နာရီများ။

၅၉။ ရက်သတ္တပတ်အလုပ်ချိန်နာရီများ။
၆၀။ ရက်သတ္တ ပတ်အလုပ်ပိတ်ရက်များ။
၆၁။ အစားပေးသည့်အလုပ်ပိတ်ရက်များ။
၆၂။ နေ့စဉ်အလုပ်ချိန်နာရီများ။
၆၃။ အားလပ်ချိန်များ။

၆၄။ နေ့စဉ်အလုပ်ချိန်အစအဆုံး ကန့်သတ်ချက်။
၆၅။ ညဉ့်လှည့်များ။
၆၆။ ထပ်နေသော အလှည့်များကို တားမြစ်ခြင်း။
၆၇။ လူကြီးများအလုပ်လုပ်ရန်ကာလအပိုင်းအခြားများဆိုင်ရာနှိုတစ်စာ။
၆၈။ လူကြီးအလုပ်သမားမှတ်ပုံစာအုပ်။
၆၉။ အလုပ်လုပ်သည့် အချိန်သည်၊ ပုဒ်မ ၆၇ အရ ကပ်ထားရမည့် နှိုတစ်စာနှင့်ငင်း၊ ပုဒ်မ ၆၈ အရ ထားရှိရမည့် မှတ်ပုံစာအုပ်နှင့်ငင်း၊ ညီညွတ်စေခြင်း။
၇၀။ ကင်းလွတ်ခွင့်ပြုသည့်နည်းဥပဒေများ ပြုပိုင်ခွင့်အာဏာ။
၇၁။ ကင်းလွတ်ခွင့်ပြုသည့်အမိန့်များပြုပိုင်ခွင့်အာဏာ။
၇၂။ မိန်းမခိုင်းစေခြင်းနှင့် စပ်လျဉ်း၍ နောက်ထပ်ကန့်သတ်ချက်။
၇၃။ အချိန်ပိုလုပ်ရသည့်အတွက်အခပို။
၇၄။ တရက်တည်း၌ အလုပ်ရုံနှစ်ရုံတွင် အလုပ်လုပ်ခြင်းကိုကန့်သတ်ခြင်း။

အခန်း ၈။

လူငယ်များခိုင်းစေခြင်း။

၇၅။ ငယ်ရွယ်သောကလေးများ ခိုင်းစေခြင်းကို တားမြစ်ခြင်း။
၇၆။ အထိမ်းအမှတ်များကို လူကြီးအလုပ်သမားမဟုတ်သည့်အလုပ်သမားများက ဆောင်ထားရခြင်း။
၇၇။ အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။
၇၈။ လူနှုံယ်သို့ ထုတ်ပေးသည့်တာဝန်ခံလက်မှတ်၏အကျိုး။
၇၉။ ကလေးများ အလုပ်လုပ်သည့်အချိန်။
၈၀။ ကလေးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နှိုတစ်စာ။
၈၁။ ကလေးအလုပ်သမား မှတ်ပုံစာအုပ်။
၈၂။ အလုပ်လုပ်သည့် အချိန်နာရီများသည်၊ ပုဒ်မ ၈၀ အရ ကပ်ထားရမည့်နှိုတစ်စာနှင့်ငင်း၊ပုဒ်မ ၈၁ အရထားရှိရမည့်မှတ်ပုံစာအုပ်နှင့်ငင်း၊ ညီညွတ်စေခြင်း။
၈၃။ ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ပြုရန် ဆင့်ဆိုပိုင်ခွင့်အာဏာ။
၈၄။ နည်းဥပဒေများပြုနိုင်သည့်အာဏာ။

အခန်း ၉။

ပြစ်ဒဏ်များနှင့်လိုက်နာဆောင်ရွက်ရန်နည်းလမ်း။

၈၅။ ပြစ်မှုများအတွက်သာမန်ပြစ်ဒဏ်။
၈၆။ အထက်က ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသူများကို ပြစ်ဒဏ်တိုးချစီရင်ခြင်း။
၈၇။ အလုပ်သမား ကျူးလွန်သည့်ပြစ်မှုများ။
၈၈။ အင်စပက်တော်ကို ဟန့်တားသည့်အတွက်ပြစ်ဒဏ်။
၈၉။ အမိန့်ချမှတ်နိုင်သည့်တရားရုံး၏အာဏာ။
၉၀။ သီးခြားဖြစ်သောပြစ်မှုများ။

၉၁။ အလုပ်လုပ်ရန် သင့်လျော်ကြောင်း မမှန်သည့် တာဝန်ခံလက်မှတ်ကို အသုံးပြုသည့် အတွက် ပြစ်ဒဏ်။
၉၂။ ကလေးကို တရက်တည်း၌ အလုပ်ရုံနှစ်ရုံတွင် အလုပ်လုပ်ခွင့်ပြုသည့်အတွက်ပြစ်ဒဏ်။
၉၃။ မည်သူသည် လုပ်ငန်းပိုင်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။
၉၄။ လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် မန်နေဂျာမှာ တာဝန်ကင်းလွတ်ခြင်း။
၉၅။ ခိုင်းစေခံရသူဟူ၍ မှတ်ယူခြင်း။
၉၆။ အသက်အရွယ်နှင့်စပ်လျဉ်း၍ ထင်ရှားအောင်ပြရန်တာဝန်။
၉၇။ ပြစ်မှုများကိုအရေးယူခြင်း။
၉၈။ တရားစွဲဆိုနိုင်သည့်ကာလအပိုင်းအခြားကို ကန့်သတ်ခြင်း။

အခန်း ၁၀။

နောက်ထပ်ပြဋ္ဌာန်းချက်များ။

၉၉။ နှိုတစ်စာကို မြင်သာအောင် ကပ်ထားခြင်း။
၁၀၀။ အစီရင်ခံစာရင်း။
၁၀၁။ နည်းဥပဒေများကို ထုတ်ပြန်ခြင်း။
၁၀၂။ အစိုးရအလုပ်ရုံများ၊ မြို့နိုစပါယ်အလုပ်ရုံများနှင့်သက်ဆိုင်ခြင်း။
၁၀၃။ ရိပ်မြိုများကို ကင်းလွတ်စေခွင့်အာဏာ။
၁၀၄။ အလုပ်သမား၏ တာဝန်ဝတ်တရားများ။
၁၀၅။ နည်းဥပဒေများပြုနိုင်သည့် ယေဘုယျအာဏာ။
၁၀၆။ လွယ်ကူမှုအခွင့်အလမ်းများအတွက် အခွင့်မတောင်းဆိုရခြင်း။
၁၀၇။ အကြောင်းအရာထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ခြင်း။
၁၀၈။ ဤအက်ဥပဒေအရ ဆောင်ရွက်သူများကို ကာကွယ်ပေးခြင်း။
၁၀၉။ ရုပ်သိမ်းခြင်းနှင့်ခြွင်းချက်ထားခြင်း။

၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၅။] (၁၉၅၂ ခု၊ ဇန်နဝါရီလ ၁ ရက်။)

အလုပ်ရုံများတွင် အလုပ်သမားများနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်သော တရားဥပဒေကို စုပေါင်းပြင်ဆင်ပြဋ္ဌာန်းသည့် အက်ဥပဒေ။

အလုပ်ရုံများတွင် အလုပ်သမားများနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်သော တရားဥပဒေကို စုပေါင်းပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

စကားချီး။

အမည်၊တည်ရာနယ်အဝန်းနှင့် အာဏာ တည်သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေဟု ခေါ်ရမည်။
(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့်သက်ဆိုင်ရမည်။
(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် နေ့၌ အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''ကလေး''ဆိုသည်မှာ၊ အသက် တဆယ့်ငါးနှစ်မပြည့်သေးသူကို ဆိုလိုသည်။
(ခ) ''လူရွယ်''ဆိုသည်မှာ၊ အသက် တဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်လျက်၊ အသက် ဆယ့်ရှစ်နှစ်မပြည့်သေးသူကို ဆိုလိုသည်။
(ဂ) ''လူငယ်''ဆိုသည်မှာ၊ ''ကလေး'' နှင့် ''လူရွယ်''ကို ဆိုလိုသည်။
(ဃ) ''လူကြီး''ဆိုသည်မှာ၊ အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးသူကို ဆိုလိုသည်။
(င) ''နေ့''၊သို့တည်းမဟုတ် ''ရက်''ဆိုသည်မှာ၊ ညဉ့်သန်းခေါင်ချိန်မှစ၍ ရောက်သော နှစ်ဆယ့်လေးနာရီ ကာလအပိုင်းအခြားကို ဆိုလိုသည်။
(စ) ''ရက်သတ္တပတ်''ဆိုသည်မှာ၊ စနေနေ့ညဉ့်သန်းခေါင်ချိန်မှစ၍ ရောက်သော ခုနစ်ရက်ကာလအပိုင်းအခြားကို ဆိုလိုသည်။
(ဆ) ''အား''ဆိုသည်မှာ၊ လျှပ်စစ်ဓါတ်အားကိုသော်၎င်း၊ လူ၊ သို့တည်းမဟုတ် တိရစ္ဆာန်ကို အသုံးပြုခြင်းဖြင့် ဖြစ်ပွါးစေသည့်အားမဟုတ်ဘဲ၊ စက်ကိရိယာဖြင့် ဖြစ်ပွါးစေသည့်၊ သို့တည်းမဟုတ် ပေးပို့သည့် အခြားအားတမျိုးမျိုးကိုသော်၎င်း ဆိုလိုသည်။
(ဇ) ''အားပေးစက်''ဆိုသည်မှာ၊ အားဖြစ်ပွါးစေသော၊ သို့တည်းမဟုတ် အခြားနည်းဖြင့် အားပေးသောအင်ဂျင်စက်၊ မော်တော်စက်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာကို ဆိုလိုသည်။
(ဈ) ''အားပို့စက်ကိရိယာ''ဆိုသည်မှာ၊ ဝင်ရိုး၊ ဘီး၊ ဒရမ် (drum)၊ ပူလီ၊ ပူလီသေနှင့် ပူလီရှင် (system of fast and loose pulleys)၊ ကပ္ပလင် (coupling)၊ ကလတ် (clutch)၊ သားရေပတ်ကြိုး (belt)၊ သို့တည်းမဟုတ် အခြားကြိုစည်ပြုလုပ်ထားသည့် ကိရိယာကိုဆိုလိုသည်။ အားပို့စက်မှ အားကို အခြားစက်ကိရိယာသို့ပေးပို့သည့်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာများက ခံယူသည့် ကိရိယာကိုဆိုလိုသည်။
(ည) ''စက်ကိရိယာ''ဆိုသည်တွင်၊ အားပေးစက်၊ အားပို့စက်ကိရိယာနှင့် အားကို ဖြစ်ပွါးစေသည့်၊ ပြောင်းလဲစေသည့်၊ ပေးပို့သည့်၊ သို့တည်းမဟုတ် အသုံးပြုသည့် အခြားကိရိယာများပါဝင်သည်။

---

[1] ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁ ရက်။ [2] မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၁ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၉၄၇ တွင် ကြည့်ရှု။

(၄) ''ပြုလုပ်မှု လုပ်ငန်းစဉ်'' ဆိုသည်မှာ—

(က က) အထည်ဝတ္ထုတခုခုကိုဖြစ်စေ၊ အရာဝတ္ထုတခုခုကိုဖြစ်စေ၊ သုံးစွဲခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပေးအပ်ခြင်း၊ သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းအလို့ငှါ ပြုလုပ်မှု၊ အသွင်ပြောင်းလဲစေမှု၊ ပြုပြင်မှု၊ မွမ်းမံမှု၊ အပြီးသတ်မှု၊ ထုပ်ပိုးမှု၊ ဆီထည့်မှု၊ ဆေးကြောမှု၊ တိုက်ချွတ်မှု၊ ခွဲစိတ်မှု၊ ခြေမှုန်းမှု၊ အခြားနည်းစီရင်မှု၊ သို့တည်းမဟုတ် သင့်လျော်အောင် အခြားနည်းဖြင့် ပြုပြင် စီရင်မှု၊

(ခခ) ဆီကိုဖြစ်စေ၊ ရေကိုဖြစ်စေ၊ သို့တည်းမဟုတ် မိလ္လာရေကိုဖြစ်စေ၊ စုတ်မှုထုတ်မှု၊

(ဂဂ) အားကိုဖြစ်ပွါးစေမှု၊ ပြောင်းလဲစေမှု၊ ပေးပို့မှု၊

(ဃဃ) အက္ခရာပုံနှိပ်မှု၊ ကျောက်ပုံနှိပ်မှု၊ ဓါတ်ပုံကူးယူပုံနှိပ်မှု၊ သို့တည်းမဟုတ် အခြားအလားတူ လုပ်ကိုင်မှု၊ သို့တည်းမဟုတ် ကုန်သွယ်မှုကို စွအတွက်ဖြစ်စေ၊ အမြတ်အစွန်းရရန်ကိစ္စအတွက်ဖြစ်စေ၊ စာအုပ်ချုပ်လုပ်မှု၊ သို့တည့်မဟုတ် ယင်းသို့သော ကိစ္စအတွက် လုပ်သောလုပ်ငန်းနှင့် အကြောင်အားလျော်စွာ ဆက်သွယ်လုပ်သည့် စာအုပ်ချုပ်လုပ်မှု၊

(ငင) သင်္ဘောကိုဖြစ်စေ၊ ရေယာဉ်ကိုဖြစ်စေ၊ တည်ဆောက်မှု၊ ပြန်လည်တည်ဆောက်မှု၊ ပြုပြင်မှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီးသတ်မှု၊ သို့တည်းမဟုတ် ဖျက်ခွဲမှု

တခုခုအတွက်လုပ်ရသောလုပ်ငန်းကို ဆိုလိုသည်။

(၅) ''အလုပ်သမား'' ဆိုသည်မှာ၊ ပြုလုပ်မှုလုပ်ငန်းစဉ် တခုခုတွင်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတွက် အသုံးပြုသည့်စက်၏၊ သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းတခုခုကို စင်ကြယ်အောင် တိုက်ချွတ်ရာတွင်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်၌၊ သို့တည်းမဟုတ် ထိုလုပ်ငန်းစဉ်မှထွက်သော အရာ၌ပါဝင်သော အလုပ်တခုခုတွင်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်နှင့်၊ သို့တည်းမဟုတ် ထိုလုပ်ငန်းစဉ်မှထွက်သော အရာနှင့်သက်ဆိုင်သော အလုပ်တခုခုတွင်ဖြစ်စေ အခန့်သော်ငင်း၊ အခွဲသော်ငင် ခိုင်းစေခံရသောသူကို ဆိုလိုသည်။ သို့ရာတွင် ပြုလုပ်မှု လုပ်ငန်းစဉ်အတိုင်း မလုပ်သည့်အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင် စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ။

(၃) ''အလုပ်ရုံ'' ဆိုသည်မှာ၊ အလုပ်သမားပေါင်းတဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများလုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့်ဆယ့်နှစ်လအတွင်း၊ မည်သည့်ရက်ဘွင်မဆို၊ လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ် အတိုင်း လုပ်သောအစိတ်အပိုင်းတခုခုတွင်၊ အားအကူအညီဖြင့် လုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့် လုပ်သည့်အဆောက်အဦ တခုခုနှင့်တကွ၊ ဥပစာကိုပါဆိုလိုသည်။ ထို့ပြင်၊ အလုပ်ရုံဆိုသည်တွင် အလုပ်သမားပေါင်းနှစ်ဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့် အလုပ်သမားများလုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့်ဆယ့်နှစ်လအတွင်း မည်သည့်ရက်ဘွင်မဆို၊ လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်းလုပ်သည့် အစိတ်အပိုင်းတခုခုဘွင် အားအကူအညီမရှိဘဲလုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်၊ ယင်းသို့

လုပ်သည့်အဆောက်အဦတခုခုနှင့်တကွ ဥပစာလည်းပါဝင်သည်။ သို့ရာတွင် သတ္တုတွင်းအက်ဥပဒေနှင့်သက်ဆိုင်သည့် သတ္တုတွင်းမပါဝင်ချေ။

(စ) ''လုပ်ငန်းပိုင်ရှင်'' ဆိုသည်မှာ၊ အလုပ်ရုံနှင့် အလုပ်ရုံတွင် လုပ်သည့်လုပ်ငန်းဆိုင်ရာကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကိုဆိုလိုသည်။ သို့ရာတွင် အဆိုပါကိစ္စများကို ကြီးကြပ်သူကိုယ်စားလှယ်အား လွှဲအပ်ထားလျှင်၊ သို့တည်းမဟုတ် ပုဒ်မ ၉၃ အရ ခန့်ထားမည်ဟု အင်စပက်တော်အား၊ ကြိုတင်အကြောင်းကြား၍ ခန့်ထားသူအား လွှဲအပ်ထားလျှင်၊ ယင်းသို့သောကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် ခန့်ထားခံရသူသည် လုပ်ငန်းပိုင်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

[(ဏ) ''မှတ်ပုံတင် ဆရာဝန်'' ဆိုသည်မှာ၊ မြန်မာနိုင်ငံ ဘယဆေးဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံတင်စာရင်း ထားရှိရေးအတွက် ပြဋ္ဌာန်းသည့် တည်ဆဲဥပဒေ တရပ်ရပ်အရဖြစ်စေ၊ မှတ်ပုံတင်ထားသူကို ဆိုလိုသည်ပြင်၊ ထိုကဲ့သို့ မှတ်ပုံတင်ဆရာဝန်မရှိသည့် အရပ်ဒေသတခုခုအတွက် ဤအက်ဥပဒေ အလို့ငှါ မှတ်ပုံတင်ဆရာဝန်ဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသူသည်လည်း ထိုစကားရပ်တွင်ပါဝင်သည်။

(တ) တနေ့တည်းတွင် တမျိုးတည်းသောအလုပ်ကို အလုပ်သမားစု နှစ်စုဖြစ်စေ၊ နှစ်စုထက်ပို၍ဖြစ်စေ၊ ကာလခွဲခြား၍လုပ်သျှင်၊ ယင်းသို့သော အလုပ်သမားစုအသီးသီးကို ''အလှည့်ကျလူစု'' ဟု ခေါ်သည်။ ထိုအလှည့်ကျလူစုလုပ်သည့် ကာလ အပိုင်းအခြားကို၊ သို့တည်းမဟုတ် ကာလ အပိုင်းအခြားများကို ''အလှည့်'' ဟု ခေါ်သည်၊ ထို့ပြင်

(ထ) ''ပြဋ္ဌာန်းသည့်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ နိုင်ငံတော်သမတကပြဋ္ဌာန်းသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

အချိန်နာရီရည်ညွှန်းချက်။

၃။ ။ဤအက်ဥပဒေ၌ အချိန်နာရီကိုရည်ညွှန်းလျှင်၊ မြန်မာနိုင်ငံတော်စံတော်ချိန်ကိုရည်ညွှန်းသည်။

အလုပ်ရုံ အတွက်ပြဋ္ဌာန်းချက်များကိုအခြားနေရာများတွင်သုံးစွဲနိုင်သောအာဏာ။

၄။ ။(၁) နိုင်ငံတော်သမတသည် အစိုးရပြန်တမ်းတွင် အမိန့်ကျေညာချက်ဖြင့် အလုပ်ရုံများနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်အားလုံးကို၊ သို့တည်းမဟုတ်ပြဋ္ဌာန်းချက်တခုခုကို အားကို အသုံးပြုလျက်ဖြစ်စေ၊ အားကိုအသုံးမပြုဘဲလျက်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ် ဆောင်ရွက်နေသော၊ သို့တည်းမဟုတ် ဆောင်ရွက်သော မည်သည့် နေရာနှင့်မဆို သက်ဆိုင်စေရမည်ဟု ကြေညာနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အမိန့်ကျေညာချက်ကို ထိုသို့သော နေရာတခုခုအတွက်သော်ငင်း၊ သို့တည်းမဟုတ် ထိုသို့သော နေရာအမျိုးအစားအတွက်သော်ငင်း၊ သို့တည်းမဟုတ် ယေဘုယျအားဖြင့် ထိုသို့သောနေရာအားလုံးအတွက်သော်ငင်း ထုတ်ပြန်နိုင်သည်။

(၃) ပုဒ်မ ၂ ၏ စာပိုဒ် (၃) တွင် မည်သို့ပင်ဆိုထားစေကာမူ၊ ပုဒ်မခွဲ (၁) အရ အလုပ်ရုံနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်အားလုံးနှင့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက် တခုခုနှင့် သက်ဆိုင်စေသော ကာလအပိုင်းအခြားတွင် ထိုနေရာကို ယင်းသို့သက်ဆိုင်စေသည့် ပြဋ္ဌာန်းချက်များအလို့ငှါ အလုပ်ရုံဟုမှတ်ယူရမည်။

အလုပ်ရုံ၌ မြောင်းလမ္းရှိသောအခါ

၅။ ။လုပ်ငန်းပိုင်ရှင် ပြောင်းလဲသောကြောင့်ဖြစ်စေ၊ အလုပ်ရုံတွင် လုပ်ကိုင်ဆောင်ရွက်သော ပြုလုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲသောကြောင့်ဖြစ်စေ၊ အလုပ်ရုံတွင်လုပ်လျက်ရှိသော အလုပ်သမား ဦးရေသည်၊ (အားကိုအသုံးပြုလျှင်) တဆယ်အောက်၊ (အားကို အသုံးမပြုလျှင်)

ကင်းလွတ်စေခွင့် ပြုနိုင်သည့် အာဏာ။

နှစ်ဆယ်အောက် ယုတ်လျော့သည်ဟူ၍သော်၎င်း၊ ရှေ့လာမည့် ဆယ့်နှစ်လအတွင်း အလုပ်သမားဦးရေသည် (အားကိုအသုံးပြုလျှင်) တဆယ်၊ (အားကိုအသုံးမပြုလျှင်) နှစ်ဆယ်ဖြစ်ရန်၊ သို့တည်းမဟုတ် ထိုထက်ပိုရန်အကြောင်းမရှိဟူ၍သော်၎င်း၊ နိုင်ငံတော်သမတကကျေနပ်လျှင်၊ နိုင်ငံတော်သမတသည်၊ အမိန့်စာဖြင့် ထိုအလုပ်ရုံကို ဤအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

သို့ရာတွင် ယင်းသို့ကင်းလွတ်ခွင့်ပြုခြင်းသည်၊ ထိုအလုပ်ရုံတွင် (အားကိုအသုံးပြုလျှင်) အလုပ်သမားဆယ်ယောက်၊ သို့တည်းမဟုတ် ဆယ်ယောက်ထက်ပို၍သော်၎င်း၊ (အားကိုအသုံးမပြုလျှင်) အလုပ်သမားနှစ်ဆယ်၊ သို့တည်းမဟုတ်နှစ်ဆယ်ထက်ပို၍သော်၎င်း၊ လုပ်သည့်နေ့မှစ၍ အတည်ဖြစ်ခြင်းမှရပ်စဲရမည်။

အလုပ်ရုံများကို သဘောတူညီခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း။

၆။ ။(၁) နိုင်ငံတော် သမတသည် အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ပြုနိုင်သည်။

(က) အလုပ်ရုံတည်ရှိမည့် မြေရာကွက်အတွက်၎င်း၊ မည်သည့်အလုပ်ရုံကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အမျိုးအစားဖြစ်သော အလုပ်ရုံများကိုမဆို ဆောက်လုပ်ရန်၊ သို့တည်းမဟုတ် တိုးချဲ့ရန်အတွက်၎င်း၊ အင်စပက်တော်ချုပ်၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်ဟု ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ထိုခွင့်ပြုချက်ရရှိရန်အတွက် လျောက်လွှာများကို စဉ်းစားဆင်ခြင်နိုင်ရန်အလို့ငှာ၊ ပုံစံများနှင့် အသေးစိတ်ဖေါ်ပြချက်များကို တင်ပြရမည်ဟု ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) မည်ကဲ့သို့သောပုံစံများနှင့် အသေးစိတ်ဖေါ်ပြချက်များကို တင်ပြရမည်ဟူ၍၎င်း၊ ထိုပုံစံများနှင့် အသေးစိတ်ဖေါ်ပြချက်များကို မည်သူက တာဝန်ခံလက်မှတ်ရေးထိုးရမည်ဟူ၍၎င်း ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) အလုပ်ရုံများကို၊ သို့တည်းမဟုတ် မည်သည့်အမျိုးအစားဖြစ်သော အလုပ်ရုံများကိုမဆို၊ မှတ်ပုံတင်၍ လိုင်စင်ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းရန်ကိစ္စ။ ထို့ပြင် မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းအတွက် ပေးရမည့်အခများကိုငင်း၊ လိုင်စင်များ အသစ်လဲလှယ်ခြင်းအတွက် ပေးရမည့်အခများကိုငင်း ပြဋ္ဌာန်းရန်ကိစ္စ။

(င) ပုဒ်မ ၈ တွင် ဖေါ်ပြထားသည့် နှိုတစ်စာမပေးရသေးလျှင် မည်သည့်လိုင်စင်ကိုမျှ မထုတ်ပေးရ၊ သို့တည်းမဟုတ် အသစ်လဲလှယ်ခြင်းမပြုရဟူ၍ ပြဋ္ဌာန်းရန်ကိစ္စ။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) အရပြုသည့် နည်းဥပဒေများအရ၊ လိုအပ်သည့်ပုံစံများနှင့် အသေးစိတ်ဖေါ်ပြချက်များပါပူးတွဲ၍၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) တွင် ရည်ညွှန်းသည့် ခွင့်ပြုချက်ရရှိရန်အတွက် လျောက်လွှာကို အင်စပက်တော်ချုပ်ထံသို့ စာသို့တိုက်မှ ရိစ္စကြိုပြု၍ပေးပို့ရာ၊ ယင်းသို့ပေးပို့သည့်နေ့မှ သုံးလအတွင်း လျောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျောက်လွှာတွင် လျောက်ထားတောင်းဆိုသည့်ခွင့်ပြုချက်ကို ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၃) အင်စပက်တော်ချုပ်က မြေရာကွက်အတွက် အလုပ်ရုံဆောက်လုပ်ရန်၊ သို့တည်းမဟုတ် တိုးချဲ့ရန်အတွက်၊ သို့တည်းမဟုတ် အလုပ်ရုံမှတ်ပုံတင်ရန်နှင့် လိုင်စင်ထုတ်ပေးရန်အတွက် ခွင့်ပြုချက်ကို ပေးရန်ငြင်းဆိုလျှင်၊ လျောက်ထားသူသည် ယင်းသို့ငြင်းဆိုသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အစိုးရထံအယူခံဝင်နိုင်သည်။

ရှင်းလင်းချက်။ ။စက်၊ သို့တည်းမဟုတ် စက်ကိရိယာတခုခုကို အသစ်လဲလှယ်ခြင်းကြောင့်ဖြစ်စေ၊ ပြဋ္ဌာန်းသည့်ကန့်သတ်ချက်များနှင့်အညီ၊ စက်၊ သို့တည်းမဟုတ် စက်ကိရိယာ တခုခုကို ထပ်ဖြည့်တပ်ဆင်ခြင်းကြောင့်ဖြစ်စေ၊ ဤပုဒ်မ၏ အဓိပ္ပါယ်အရ အလုပ်ရုံကို တိုးချဲ့သည်ဟု မမှတ်ယူရ။

၇။ ။တိုင်းပြည်၌ အရေးတကြီးအခြေဖြစ်ပေါ်နေလျှင်၊ နိုင်ငံတော်သမတသည် အမိန့် ကြော်ငြာစာထုတ်ပြန်၍ မည်သည့်အလုပ်ရုံကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အမျိုးအစားဖြစ်သော အလုပ်ရုံများကိုမဆို၊ မိမိသင့်သည်ထင်မြင်သည့်ကာလအပိုင်းအခြားအတွင်း၊ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ ၅၂အက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးနှင့်ဖြစ်စေ၊ တခုခုနှင့်ဖြစ်စေသက်ဆိုင် ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

သို့ရာတွင် ထိုအမိန့်ကြော်ငြာစာသည် တကြိမ်လျှင် သုံးလထက်ပို၍ အတည်မဖြစ်စေရ။

တိုင်းပြည်၌ အရေးတကြီး အခြေဖြစ်ပေါ်နေသည့် ကာလအတွင်း ကင်းလွတ်ခွင့် ပြုနိုင်သည့်အာဏာ။

၈။ ။(၁) လုပ်ငန်းပိုင်ရှင်သည်၊ အလုပ်ရုံအဖြစ် မည်သည့် အဆောက်အဦ၌မဆို၊ စတင်၍ လုပ်ငန်းလုပ်ခြင်း၊ သို့တည်းမဟုတ် အဆောက်အဦကို အသုံးပြုခြင်း မပြုမီ၊ အနည်းဆုံး ဆယ့်ငါးရက်ကြိုတင်၍၊ အင်စပက်တော်ချုပ်ထံ အောက်ပါအချက်များနှင့် စပ်လျဉ်း၍ နို့တစ်စာ ပေးပို့ရမည်။

လုပ်ငန်းပိုင်ရှင် ကပေးရန် နို့တစ်စာ။

(က) အလုပ်ရုံ၏အမည်နှင့် တည်ရာအရပ်။

(ခ) လုပ်ငန်းပိုင်ရှင်၏အမည်နှင့် နေရပ်အပြည့်အစုံ။

(ဂ) အလုပ်ရုံနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာများ ပေးပို့ရမည့် နေရပ် အပြည့်အစုံ။

(ဃ) ပြုလုပ်မှုလုပ်ငန်းစဉ် အမျိုးအစား—

(ကက) ၅၂အက်ဥပဒေ အာဏာတည်သည့်နေ့တွင် ရှိနေပြီးဖြစ်သော အလုပ်ရုံများနှင့် စပ်လျဉ်း၍၊ ထိုအလုပ်ရုံတွင် လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်း လုပ်သည့် ပြုလုပ်မှုလုပ်ငန်းစဉ်။

(ခခ) [အလုပ်ရုံ အားလုံးနှင့် စပ်လျဉ်း၍၊] [1] နောက်လာမည့် ဆယ့်နှစ်လ အတွင်းလုပ်မည့် ပြုလုပ်မှုလုပ်ငန်းစဉ်။

(င) အသုံးပြုရမည့်အား အမျိုးအစားနှင့် ပမာဏ။

(စ) ၅၂အက်ဥပဒေအလိုငှါ အလုပ်ရုံမန်နေဂျာဖြစ်သူ၏ အမည်။

(ဆ) အလုပ်ရုံတွင် ခိုင်းစေဘွယ်ရာရှိသည့် အလုပ်သမားအရေအတွက်။

(ဇ) ၅၂အက်ဥပဒေ အာဏာ တည်သည့်နေ့တွင် ရှိနေပြီးဖြစ်သော အလုပ်ရုံများနှင့် စပ်လျဉ်း၍၊ လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်း ပျမ်းမျှခြင်းအားဖြင့်၊ တနေ့လျှင် ခိုင်းစေသည့် အလုပ်သမားအရေအတွက်။

(ဈ) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများ။

(၂) ၅၂အက်ဥပဒေနှင့် ပဌမအကြမ် သက်ဆိုင်လာသည့် အလုပ်ရုံအားလုံးနှင့်စပ်လျဉ်း၍၊ လုပ်ငန်းပိုင်ရှင်သည်၊ ပုဒ်မခွဲ (၁)တွင် ဖော်ပြထားသည့် အကြောင်းအရာများပါရှိသော နို့တစ်စာကို၊ ၅၂အက်ဥပဒေ အာဏာ တည်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်။

(၃) တနှစ်လျှင် အလုပ် လုပ်သည့်ရက်ပေါင်း တရာ့ရှစ်ဆယ်အောက်လျော့၍ သာမန် အားဖြင့်လုပ်သော ပြုလုပ်မှုလုပ်ငန်းစဉ်ကို အသုံးပြုသော အလုပ်ရုံတွင် အလုပ်ပြန်လည်မလုပ်မီ၊ လုပ်ငန်းပိုင်ရှင်သည်၊ ပုဒ်မခွဲ (၁)တွင်၊ ဖော်ပြထားသည့် အကြောင်းအရာများပါရှိသော နို့တစ်စာကို အလုပ်စတင်မလုပ်မီ ရက်ပေါင်းသုံးဆယ်အတွင်း၊ အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇ အရ အစားထည့်သွင်းသည်။

(၄) မန်နေဂျာ အသစ်ခန့်ထားသည့် အခါတိုင်း လုပ်ငန်းပိုင်ရှင်သည်၊ မန်နေဂျာအသစ် အလုပ်ဝတ်တရား စတင်ဆောင်ရွက်သည့်နေ့မှ ခုနစ်ရက်အတွင်း အင်စပက်တော်ချုပ်ထံ နှိုတစ်စာ ပေးပို့ရမည်။

(၅) မည်သူ့ကိုမျှ အလုပ်ရုံ မန်နေဂျာအနေဖြင့် ခန့်ထားခြင်း မရှိသေးသော ကာလ အပိုင်းအခြားအတွင်းသော်ငင်း၊ မန်နေဂျာအနေဖြင့် ခန့်ထားခြင်း ခံရသူသည်၊ အလုပ်ရုံကိုအုပ် ချုပ်ခြင်းမပြုသည့် ကာလအပိုင်းအခြား အဘွင်းသော်ငင်း၊ မန်နေဂျာအဖြစ် ခေတ္တလုပ်နေသူ၊ သို့တည်းမဟုတ် ယင်းသို့လုပ်သူမရှိလျှင်၊ လုပ်ငန်းပိုင်ရှင်ကိုယ်တိုင်ပင်၊ ဤအက်ဥပဒေအလို့ငှါ၊ ထိုအလုပ်ရုံ၏ မန်နေဂျာအနေဖြင့် ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၆) ဥပဒေအရ ပိတ်ရသည့်အခါမှတပါး အလုပ်ရုံ တခုကို ခေတ္တ၊ သို့တည်းမဟုတ် အချိန်အကန့်အသတ်မရှိဘဲ၊ ပိတ်ထားရန် လိုအပ်သည့်အခါတွင်၊ လုပ်ငန်းပိုင်ရှင်သည်၊ အလုပ်ရုံ မပိတ်မီ အနည်းဆုံးတလကြိုတင်၍ အကြောင်းပြချက်များပါရှိသော နှိုတစ်စာကို အင်စပက်တော် ချုပ်ထံ ပေးပို့ရမည်။ အကြောင်းတခုခုကြောင့် နှိုတစ်စာကို တလကြိုတင်၍မပေးပို့နိုင်လျှင်၊ အလုပ် ရုံကိုမပိတ်မီ ဆောလျင်နိုင်သမျှ ဆောလျင်စွာ အင်စပက်တော်ချုပ်ထံ ကြိုတင် အကြောင်းကြား ရမည်။ သို့ရာဘွင် မမြော်လင့်ဘဲ ရုတ်တရက်အခြေဖြစ်ပေါ်လာသော အကြောင်းကြောင့်ဖြစ်စေ၊ စက်ကိရိယာများ ချိုယွင်းပျက်စီးသောကြောင့်ဖြစ်စေ၊ အလုပ်ရုံကိုပိတ်ရလျှင်၊ ယင်းသို့ ပိတ်သည့် အချိန်မှ လေးဆယ့်ရှစ်နာရီအတွင်း အင်စပက်တော်ချုပ်အား အကြောင်းကြားရမည်။ ပိတ်ရသည့် အလုပ်ရုံမှာ တဆယ့်ငါးယောက်ထက် မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံ ဖြစ်လျှင်၊ ယင်းသို့ ပိတ်သည့်အချိန်မှ ခုနစ်ရက်အတွင်း အင်စပက်တော်ချုပ်ထံ အကြောင်းကြား ရမည်။

(၇) ပုဒ်မခွဲ (၆) တွင် ရည်ညွှန်းသည့် လုပ်ငန်းပိုင်ရှင်သည်၊ အလုပ်ကိုပြန်လည်မလုပ်မီ ဆယ့်ငါးရက်အတွင်း အင်စပက်တော်ချုပ်ထံ ယင်းသို့ ပြန်လည်လုပ်မည်ဖြစ်ကြောင်းကို နှိုတစ်စာ ပေးပို့ရမည်။ သို့ရာဘွင် တဆယ့်ငါးယောက်ထက် မများသောအလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျင်၊ အလုပ်ကို ပြန်လည်လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း ယင်းသို့ ပြန်လည်လုပ် ကြောင်းဖြင့် နှိုတစ်စာကို အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်။

အလုပ်ဌာနများကို သီးခြားအလုပ်ရုံများဖြစ်ကြောင်း ပြဋ္ဌာန်းနိုင်သည့် အာဏာ။

၉။ ။နိုင်ငံတော် သမတသည် သီးခြား ဖေါ်ပြထားသည့် အလုပ်ရုံဆိုင်ရာ အမျိုးမျိုး သောဌာနများကို၊ သို့တည်းမဟုတ် ဌာနခွဲများကို၊ ဤအက်ဥပဒေပါ ကိစ္စအားလုံး၊ သို့တည်း မဟုတ် ကိစ္စတခုခုအတွက်၊ သီးခြားအလုပ်ရုံများအဖြစ် မှတ်ယူရမည်ဟု အမိန့်စာဖြင့် ညွှန်ကြား နိုင်သည်။

အခန်း ၂။

ကြည့်ရှုစစ်ဆေးသည့် ရာထူးမှူထမ်းအဖွဲ့။

အင်စပက်တော်။

၁၀။ ။(၁) နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ မိမိသင့်တော်သည်ထင်မြင်သူကို၊ ဤအက်ဥပဒေအလို့ငှါ၊ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။ ၎င်းပြင် ထိုသူအတွက် မိမိသင့်တော်သည် ထင်မြင်သည့် နယ်နိမိတ်ကို သတ်မှတ်ပေးနိုင်သည်။

(၂) နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ မိမိ သင့်တော်သည် ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည် ဤအက်

ဥပဒေအရ အင်စပက်တော်ချုပ်အား အင်နှင်းသည့်အာဏာများအပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှန်းလုံးတွင် အင်စပက်တော်၏ အာဏာများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

(၃) အလုပ်ရုံတွင်ဖြစ်စေ၊ ထိုအလုပ်ရုံတွင် လုပ်သောလုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေး လုပ်ငန်းတွင်ဖြစ်စေ၊ ထိုအလုပ်ရုံနှင့်သက်ဆိုင်သည့် မှတ်ပုံတင်မူပိုင်ခွင့်လက်မှတ်၊ သို့တည်းမဟုတ် စက်ကိုယ်ထည်တွင်ဖြစ်စေ၊ အခြားစီးပွါးရေးလုပ်ငန်း တခုခုတွင်ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အကျိုးသက်ဆိုင်သူ၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်လာသူ မည်သူကိုမျှ၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၅) အရ အင်စပက်တော်ချုပ်၊ သို့တည်းမဟုတ် အင်စပက်ခတဲအဖြစ် မခန့်ရ၊ ခန့်ထားပြီးဖြစ်လျှင်လည်း၊ ထိုရာထူးလက်ရှိနှင့်ဆက်လက် မနေစေရ။

(၄) ခရိုင် ရာဇဝတ် တရားသူကြီးတိုင်းသည်၊ မိမိ ခရိုင် အတွက် အင်စပက်တော် ဖြစ်ရမည်။

(၅) နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ မိမိ သင့်တော်သည် ထင်မြင်သည့် အစိုးရအရာရှိတို့ကို၊ ထိုသူတို့အတွက်၊ နယ်နိမိတ်အသီးသီးသတ်မှတ်၍၊ ဤအက် ဥပဒေပါ ကိစ္စအားလုံး၊ သို့တည်းမဟုတ် ကိစ္စတခုခုအလို့ငှါ၊ တွဲဘက် အင်စပက်တော်များအဖြစ် ခန့်ထားနိုင်သည်။

(၆) အင်စပက်တော်တဦးထက် ပို၍ရှိသော အရပ်ဒေသတွင်၊ နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ကိုအင်စပက်တော်အသီးသီးသုံးစွဲရန် အာဏာများကိုလည်း၊ ပြဋ္ဌာန်းထားသည့် နွဲ့တစ်စာများကို မည်သည့်အင်စပက်တော်ထံ ပေးပို့ရမည်ကိုလည်း ပြဋ္ဌာန်းနိုင်သည်။

(၇) အင်စပက်တော်ချုပ်နှင့် အင်စပက်တော်အသီးသီးသည် [ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ] [၁] ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည့်အပြင်၊ ရာထူးနှင့်စပ်လျဉ်း၍လည်း၊ ဤကိစ္စ အလို့ငှါ နိုင်ငံတော်သမတက သီးခြားဖေါ်ပြထားရာ အာဏာပိုင် လက်အောက်ဖြစ်ရမည်။

၁၁။ ။ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတကပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ အင်စပက်တော်သည် မိမိကိုခန့်ထားရာ ရပ်ကွက်နယ်နိမိတ်အတွင်း— အင်စပက်တော်၏ အာဏာများ၊

(က) အလုပ်ရုံအဖြစ် အသုံးပြုသည့်၊ သို့တည်းမဟုတ် ယင်းသို့အသုံးပြုသည်ဟု မိမိ ယုံကြည်ရန် အကြောင်းရှိသည့် မည်သည့်နေရာသို့မဆို၊ အစိုးရလက်အောက် တွင်ဖြစ်စေ၊ ဒေသန္တရ၊ သို့တည်းမဟုတ် အခြားပြဋ္ဌာန်းအာဏာပိုင် တဦးဦး လက်အောက်တွင်ဖြစ်စေ၊ အမှုထမ်းရွက်သူများဖြစ်သည့် မိမိ သင့်တော်သည် ထင်မြင်သူများနှင့်ဝင်နိုင်သည်။

(ခ) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်လိုအပ်သည်ဟု ထင်မြင်သည့် အတိုင်း၊ အဆောက်အဦ၊ စက်၊ ပြဋ္ဌာန်းထားသည့် မှတ်ပုံစာအုပ်နှင့်တကွ၊ အလုပ်ရုံနှင့် သက်ဆိုင်သော အခြား စာချုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေး နိုင်သည့်ပြင်၊ ထိုနေရာတွင်ပင်ဖြစ်စေ၊ တခြားတနည်းနည်းနှင့်ဖြစ်စေ၊ လိုအပ် သည်ဟု ထင်မြင်သည့် မည်သူ့ အစစ်ခံချက်ကိုမဆို ရေးမှတ်ယူနိုင်သည်၊ ထို့ပြင်

(ဂ) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်လိုအပ်သည့်အတိုင်း၊ အခြား အာဏာများကိုလည်း သုံးစွဲနိုင်သည်။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇ အရ အစားထည့်သွင်းသည်။

သို့ရာတွင် ရာဇဝတ်ပြစ်ဒဏ် မိမိအား ထိုက်သင့်စေနိုင်သည့် အဖြေကို ပေးရမည်ဟူ၍ သော်၎င်း၊ ရာဇဝတ်ပြစ်ဒဏ် မိမိအား ထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည် ဟူ၍သော်၎င်း၊ မည်သူ့ကိုမျှ ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့် မရှိစေရ။

တာဝန်ခံ လက်မှတ် ထုတ်ပေးသည့် ဆရာဝန်များ။

၁၂။ ။(၁) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်မည်ထင်မြင်သည့် မှတ်ပုံဝင်ဆရာဝန်တို့ကို၊ ထိုသူတို့အသီးသီးအတွက် နယ်နိမိတ်အသီးသီးသတ်မှတ်၍သော်၎င်း၊ အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစား သတ်မှတ်၍သော်၎င်း၊ ဤအက်ဥပဒေ ကိစ္စများအလို့ငှါ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်များအဖြစ် ခန့်ထားနိုင်သည်။

(၂) တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ မှတ်ပုံဝင် ဆရာဝန် တဦးတယောက်ကို မိမိသတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ နိုင်ငံတော်သမတက သင့်သည်ထင်မြင်သည့်အတိုင်း သတ်မှတ်သည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ မိမိ၏အာဏာများ သုံးစွဲခွင့်ပြုနိုင်သည်။

ထို့ပြင် ဤအက်ဥပဒေတွင်၊ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ကို ရည်ညွှန်းသည့် အခါတိုင်း၊ ယင်းကဲ့သို့ အာဏာအပ်နှင်းထားသည့် မှတ်ပုံဝင်ဆရာဝန်ကိုလည်း ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၃) လုပ်ငန်းပိုင်ရှင်ကို သော်၎င်း၊ အလုပ်ရုံတွင်ဖြစ်စေ၊ ထိုအလုပ်ရုံတွင် လုပ်ရသော လုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းတွင်ဖြစ်စေ၊ ထိုအလုပ်ရုံနှင့်သက်ဆိုင်သည့် မှတ်ပုံဝင် မူပိုင်ခွင့်လက်မှတ်၊ သို့တည်းမဟုတ် စက်ကိရိယာတွင်ဖြစ်စေ၊ တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ အကျိုးသက်ဆိုင်သူကိုသော်၎င်း၊ အလုပ်ရုံတွင် အခြားနည်းဥပဒေထားသူကိုသော်၎င်း၊ တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်အဖြစ် မခန့်ထားရ၊ သို့တည်းမဟုတ် တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်၏ အာဏာများ သုံးစွဲခွင့်မပြုရ။ ခန့်ထားပြီးဖြစ်လျှင်လည်း ထိုတာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ အာဏာများကို ဆက်လက်သုံးစွဲခွင့်မပြုရ။

(၄) တာဝန်ခံလက်မှတ် ထုတ်ပေးသည့်ဆရာဝန်သည်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းသည့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်—

(က) ဤအက်ဥပဒေအရ၊ လူငယ်များကို စစ်ဆေးခြင်းနှင့် တာဝန်ခံလက်မှတ်ထုတ်ပေးခြင်း။

(ခ) အလုပ်ရုံများတွင်ပြဋ္ဌာန်းသည့် ဘေးအန္တရာယ်ဖြစ်စေနိုင်သောအလုပ်၊ သို့တည်းမဟုတ် လုပ်ငန်းတွင် ဆောင်ရွက်နေသူများကို စစ်ဆေးခြင်း။

(ဂ) အလုပ်ရုံတခုခုတွင်—

(ကက) လုပ်ရသည့် လုပ်ငန်းကြောင့်ဖြစ်စေ၊ အလုပ်ခွင် အခြေအနေများကြောင့်ဖြစ်စေ ဖြစ်ပွါးသည်ဟု ယုံကြည်ရသောရောဂါဖြစ်ပေါ်ခဲ့သော်၊

(ခခ) လုပ်ငန်း၊ သို့တည်းမဟုတ် ထိုလုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းအသစ်၊ သို့တည်းမဟုတ် လုပ်ငန်းအတွက် ပစ္စည်းသစ်ကို အသုံးပြုမှုကြောင့်ဖြစ်စေ၊ ထိုလုပ်ငန်းတွင် လုပ်ရသည့် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိခဲ့သော်၊

(ဂဂ) လူငယ်များ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိသည့်အလုပ်တွင်၊ လူငယ်များကို ခိုင်းစေသော်၊ သို့တည်းမဟုတ် ခိုင်းစေရန် အကြောင်းရှိသော်၊

ပြဋ္ဌာန်းသည့်အတိုင်း ကျန်းမာရေးနှင့် ညီညွတ်စေရန် ကြပ်မတ်ကြည့်ရှုခြင်း။

အခန်း ၃။

ကျန်းမာရေး။

၁၃။ ။(၁) အလုပ်ရုံတိုင်း၊ အလုပ်ရုံဝင်းတိုင်းကို သန့်ရှင်းစင်ကြယ်စွာ ထားရမည့်ပြင်၊ သန့်ရှင်းစင်ရေမြောင်းမှ၊ သို့တည်းမဟုတ် ကျင်ကြီးကျင်ငယ် စွန့်ရန်နေရာမှ၊ သို့တည်းမဟုတ် အခြားနံစော်သည့် ကြယ်မှု။ အရာမှ ထွက်သည့်အနံ့နှင့်လည်း ကင်းစေရမည်။ ထို့ပြင် အထူးသဖြင့်—

(က) ကြမ်းပြင်များနှင့် အလုပ်ခုံများ၊ လှေကားများနှင့် လမ်းများတွင် တင်ရှိနေသော အညစ်အကြေးအမှိုက်သရိုက်စသည်များကို တံမြက်စည်းဖြင့်သော်၎င်း၊ အခြား ထိရောက်သော နည်းလမ်းဖြင့်သော်၎င်း၊ နေ့စဉ်လည်းကျင်း၍သင့်တော်သော နည်းလမ်းဖြင့်စွန့်ပစ်ရမည်။

(ခ) အလုပ်ခန်းတိုင်း၏ကြမ်းပြင်ကို ရက်သတ္တုတပ်တ်လျှင် အနည်းဆုံးတကြိမ်ကျဆေး ကြောရမည်။ အကယ်၍ အ ပျောက်ဆေးထည့်၍ ဆေးကြောရန်လိုလျှင် ထည့်၍ဆေးကြောရမည်၊ သို့တည်းမဟုတ် အခြားထိရောက်သောနည်းလမ်းဖြင့် သန့်ရှင်းစင်ကြယ်အောင်ပြုရမည်။

(ဂ) ပြုလုပ်မှု လုပ်ငန်းစဉ်တခုခု့ကြောင့်၊ ကြမ်းပြင်ပေါ်တွင် ရေအိုင်နေရန်အကြောင်းရှိလျှင်၊ ထိုသို့ ရေ မအိုင်နေရန် အတွက် ရေ ဆင်းလမ်း ပြုလုပ် ထားရှိရမည်။

(ဃ) အလုပ်ခန်း၏ အတွင်းနံရံခန်းဆီး၊ မျက်နှာကြက်၊ သို့တည်းမဟုတ် အမိုးအောက် အားလုံး၊ လမ်းများ၏ နံရံ နှင့် အမိုးအောက် အားလုံး၊ လှေ ကားအား လုံးကို—

(ကက) အဖြူသော်၎င်း၊ အခြား အရောင်သော်၎င်း သုတ်ထားရမည်။ ထို့ပြင် ဆယ့်နှစ်လလျှင် အနည်းဆုံးတကြိမ်ကျ ထပ်မံသုတ်ရမည်၊ သို့တည်းမဟုတ်

(ခခ) သင်္ဘောဆေး သော်၎င်း၊ အရောင်တင်ဆီ သော်၎င်း သုတ်ထားလျှင်၊ သုံးနှစ်လျှင် အနည်းဆုံး တကြိမ်ကျ ထပ်မံသုတ်ရမည်။ ဤကဲ့သို့ဆေး သုတ်ထားသောနံရံ၊ ကြမ်းပြင်စသည်များသည်၊ ချောလျက် ရှိဆေးရှိမပျက် နိုင်ပါက ဆယ့်နှစ်လလျှင် အနည်းဆုံး တကြိမ်ကျ ရေနွေးနှင့်ဆပ်ပြာဖြင့် ဖြစ်စေ၊ အခြားသင့်တော်သော ရောဂါကင်းစေသည့်ဆေးနှင့်ဖြစ်စေ ဆေး ရမည်၊ သို့တည်းမဟုတ် အင်စပက်တော်ချုပ်သဘောတူညီသည့် အခြား နည်းများဖြင့် သန့်ရှင်းစင်ကြယ်အောင်ပြုရမည်။

(ဂ) အပိုဒ်ခွဲ (ဃ) အရ၊ လိုအပ်သည့်အတိုင်း၊ အဖြူဖြစ်စေ၊ အခြားအရောင်ဖြစ်စေ သုတ်သည့်၊ သို့တည်းမဟုတ် သင်္ဘော ဆေးသုတ်သည့်၊ သို့တည်းမဟုတ် အရောင်တင်ဆီ သုတ်သည့် နေ့စွဲများကို နိုင်ငံတော် သမတက ပြဋ္ဌာန်း ထားသည့် မှတ်ပုံစာအုပ်တွင် ရေးသွင်းရမည်။

(၂) နိုင်ငံတော် သမတသည်၊ အမိန့်ဖြင့် မည်သည့် အလုပ်ရုံကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ရုံအမျိုးအစားကိုမဆို၊ ပုဒ်မခွဲ (၁) ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြု၍၊ အလုပ်ရုံကို သန့်ရှင်းစင်ကြယ်သော အခြေအနေဉ်ထားရှိရန် အခြားဆောင်ရွက်မှုနည်းလမ်းများကို သီးခြား ဖေါ်ပြနိုင်သည်။

စွန့်ပစ်သည့် ပစ္စည်းများနှင့် ယိုစီးသည့်အရာများ သုတ်သင်ရှင်းလင်းခြင်း။

၁၄။ ။(၁) အလုပ်ရုံတိုင်းဘွင်၊ ပြုလုပ်မှု လုပ်ငန်းစဉ်အရ၊ စွန့်ပစ်သည့် ပစ္စည်းများနှင့် ယိုစီးသည့်အရာများကို၊ သုတ်သင်ရှင်းလင်းရန်အတွက်၊ ထိရောက်သော အစီအစဉ်များပြုရမည်။

(၂) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ(၁)အရ၊ ပြုရမည့်အစီအစဉ်များကို ပြဋ္ဌာန်းသည့် နည်းဥပဒေများကို၊ သို့တည်းမဟုတ် ပုဒ်မခွဲ(၁)အရ ပြုသည့်အစီအစဉ်အတွက် သတ်မှတ်သည့် အာဏာပိုင်၏ သဘောတူညီချက်ကို ရရှိရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများကိုပြုနိုင်သည်။

လေဝင်လေထွက်ရရှိအောင်နှင့် အပူအအေးမျှတအောင်ပြုခြင်း။

၁၅။ ။(၁) အလုပ်ရုံ၏ အလုပ်ခန်းတိုင်းတွင် လေကောင်း လေသန့် လုံလောက်စွာ ရရှိရန်နှင့် အလုပ်သမားတို့နေသော ချောင်ချိရေးနှင့် ကျန်းမာရေးအတွက် အပူအအေးမျှတရန် သင့်တော်လုံလောက်သော စီမံချက်များပြုပေးရမည်။

အထူးသဖြင့်—

(က) အပူချိန်မတိုးဘဲ ပျော့နှိုင်သမျှလျော့စေရန်၊ နံရံများနှင့် အမိုးများကို သင့်တော်သောပစ္စည်းများနှင့် သင့်တော်သောပုံစံများဖြင့် ပြုရမည်။

(ခ) အလုပ်ရုံတွင်လုပ်သည့် အလုပ် အမျိုးအစားသည်၊ အပူရှိန်ပြင်း လွန်းသော၊ သို့တည်းမဟုတ် ပြင်းလွန်းဘွယ်ရှိသော အမျိုးအစားဖြစ်လျှင်၊ အလုပ်သမားများကို အပူရှိန်မှကာကွယ်ရန်အလို့ငှါ အလုပ်ခန်းနှင့်အလုပ်ကို သီးခြားထားခြင်းဖြင့် သော်၎င်း၊ ပူသောနေရာနှင့် ခွဲခြားထားခြင်းဖြင့် သော်၎င်း၊ အခြားနည်းဖြင့် ထိရောက်စွာ စီမံပေးခြင်းဖြင့်သော်၎င်း၊ အစွမ်းကုန် လုံလောက်စွာ စီမံထားပေးရမည်။

(၂) နိုင်ငံတော်သမတသည်၊ မည်သည့်အလုပ်ရုံ၊ သို့တည်းမဟုတ် ထိုအလုပ်ရုံ၏ အစိတ်အပိုင်းများအတွက်မဆို၊ သို့တည်းမဟုတ် မည်သည့်အမျိုးအစားဖြစ်သော အလုပ်ရုံများ၊ သို့တည်းမဟုတ် ထိုအလုပ်ရုံများ၏ အစိတ်အပိုင်းများ အဘွက်မဆို၊ လေဝင်လေထွက်မည်မျှ ရှိရမည်ဟူ၍၎င်း၊ အပူအအေးမည်မျှ ရှိရမည်ဟူ၍၎င်း၊ ပြဋ္ဌာန်းနိုင်သည့်ပြင်၊ သီးခြားဒေါ်ပြသည့်နေရာ၌ ပြဒါးတိုင်တမုထားရှိရမည်ဟု ညွှန်ကြားနိုင်သည်။

(၃) အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အမျိုးအစား တခုခုဖြစ်သော အလုပ်ရုံများတွင် ဖြစ်စေ၊ အပြင်နံရံများကို၊ သို့တည်းမဟုတ် အခိုးများကို၊ သို့တည်းမဟုတ် ပြွတင်းပေါက်များကို၊ အဖြူသုတ်ခြင်း၊ ရေဖျန်းခြင်း၊ အပူရှိန်မှကာကွယ်ခြင်း စသည့်နည်းလမ်းများဖြင့် ဖြစ်စေ၊ လေဝင်လေထွက်ရရှိအောင် အမိုးကို မြှင့်တင်ပေးခြင်း၊ သို့တည်းမဟုတ် အမိုးနှစ်ထပ်ထားခြင်းဖြင့် ဖြစ်စေ၊ အပူရှိန်ကာကွယ်နိုင်သည့် ပစ္စည်းများနှင့် မိုးခြင်းဖြင့်ဖြစ်စေ၊ ပြင်းထန်သောအပူရှိန်ကို လျော့စေနိုင်မည်ဟု နိုင်ငံတော် သမတ က ထင်မြင်လျှင်၊ အလုပ်ရုံတွင် လိုက်နာဆောင်ရွက်ရမည့် အဆိုပါ နည်းလမ်းများကို၊ သို့တည်းမဟုတ် အခြားနည်းလမ်းများကို ပြဋ္ဌာန်းနိုင်သည်။

အမှုန်များနှင့် အိုးအငွေ့များ။

၁၆။ ။(၁) အလုပ်ရုံတွင် လုပ်နေသော ပြုလုပ်မှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အလုပ်ရုံတွင် ခိုင်းစေခံရသူများကို၊ ဘေးအန္တရာယ် ဖြစ်ဘွယ်ရာလက္ခဏာရှိသည့် အမှုန်၊ အခိုးအငွေ့၊ သို့တည်းမဟုတ် အခြား အညစ်အကြေးများ ထွက်လျှင်သော်၎င်း၊ အမှုန်၊ သို့တည်းမဟုတ် အခိုးအငွေ့ အများအပြားထွက်လျှင်သော်၎င်း၊ ထိုအခိုးအငွေ့ စသည်များကို၊မရှုမရှိက်မိရန်နှင့် အခန်းတွင်အခိုးအငွေ့များစုဝေး မနေနိုင်ရန်၊ အစွမ်းကုန် စီမံဆောင်ရွက် ပေးရမည်။ ထို့ပြင် အခိုးအငွေ့၊ အညစ်အကြေး စသည်များ ထွက်နိုင်ရန်၊ ထွက်ပေါက်များ ပြုလုပ်ပေးရန် လိုအပ်လျှင်၊ ထိုအခိုးအငွေ့၊ အညစ်အကြေးစသည်များဖြစ်ရာ နေရာနှင့် နီးနိုင်သမျှနီးကပ်သော နေရာများတွင် ထွက်ပေါက်များ စီမံထားရှိရမည်။ ထို့ပြင် ထိုနေရာကို တတ်နိုင်သမျှ ပိတ်ဆို့ထားရမည်။

(၂) အလုပ်ရုံတွင် အခိုးထွက်ပေါက် အပြင်ဘက်သို့ ထုတ်မထားလျှင်၊ မလွှဲဘဲနေသည့် အင်တာနယ်ကွန်ဘတ်ရှင်း အင်ဂျင်စက်ကို ခုတ်မောင်းခြင်းမပြုရ။ ထို့ပြင် အခန်းတွင် ခိုင်းစေခံရသူ အလုပ်သမားတို့ ဘေးအန္တရာယ်ဖြစ်စေမည့် အခိုးအငွေ့များ စုဝေးခြင်းကို ကာကွယ်ရန် စီမံထားခြင်းမရှိလျှင်၊ အခြားမည်သည့် အင်တာနယ် ကွန်ဘတ်ရှင်း အင်ဂျင်စက်ကိုမျှ၊ ထိုအခန်းတွင် ခုတ်မောင်းခြင်းမပြုရ။

အင်စပက်တော်ချုပ်သည် ယေဘုယျအားဖြင့် အလုပ်ရုံ အားလုံးတွင် လုပ်ငန်းပိုင်ရှင်များကို ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုတွင်၊ သို့တည်းမဟုတ် အလုပ်ရုံတခုခုတွင်၊ လုပ်ငန်းပိုင်ရှင်တို့ကို ဖြစ်စေ၊ ပုဒ်မခွဲ (၁) ပါ လိုအပ်ချက်များနှင့်အညီ၊ မည်သို့ စီမံဆောင်ရွက်ရမည်ဟု ညွှန်ကြားချက်များ အခါအားလျော်စွာ ထုတ်ပေးနိုင်သည်။ ဆိုင်ရာလုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်များသည်၊ အင်စပက်တော်ချုပ်၏ အမိန့်တွင် သီးခြားဖေါ်ပြထားသည့် အချိန်အကန့်အသတ်အတွင်း ဆိုခဲ့သည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

လေကိုစိုထိုင်းစေခြင်း။

၁၇။ ။(၁) လေကို ပိုမို စိုထိုင်းအောင် ဖန်တီးရသည့် အလုပ်ရုံ အားလုံးတွင်—

(က) စိုထိုင်းသောလေအတွက်စံချိန်သတ်မှတ်ရန်၊

(ခ) လေကို ပိုမိုစိုထိုင်းအောင် ဖန်တီးရန် အသုံးပြုသည့် နည်းလမ်းများကို သတ်မှတ်ရန်၊

(ဂ) လေ၏ စိုထိုင်းခြင်း မည်ရွှေမည်မျှရှိကြောင်း အမှန်သိရှိရန်နှင့် မှတ်တမ်းတင်ရန် အတွက် သတ်မှတ်ထားသည့် စမ်းသပ်မှုများကို ဆောင်ရွက်ရမည်ဟုဆင့်ဆိုရန်၊

(ဃ) အလုပ်ခန်းများတွင် လေလုံလောက်စွာ ဝင်နိုင်ရန်နှင့် အလုပ်ခန်းတွင်းရှိ လေကို အေးအောင်ပြုရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ပြဋ္ဌာန်းရန်၊

နိုင်ငံတော် သမတ က နည်းဥပဒေများ ပြုနိုင်သည်။

(၂) လေကို ပိုမိုစိုထိုင်းအောင် ဖန်တီးရသည့် အလုပ်ရုံတွင်၊ ထိုကိစ္စအလို့ငှါ အသုံးပြုသည့်ရေသည် သောက်ရေ ရယူသည့် နေရာမှ ရေသော်ငင်း၊ အသုံးမပြုမီ သန့်ရှင်းစင်ကြယ်အောင် ပြုထားသည့် ရေသော်ငင်း ဖြစ်ရမည်။

(၃) အလုပ်ရုံတွင် လေကို ပိုမိုစိုထိုင်းအောင် အသုံးပြုသည့်ရေကို ပုဒ်မခွဲ (၂) အရ၊ သန့်ရှင်း စင်ကြယ်အောင် ပြုရန် လိုအပ်သည့်အတိုင်း သန့်ရှင်းစင်ကြယ်အောင် မလုပ်ဟု ထင်မြင်လျှင် အင်စပက်တော်သည် လိုက်နာဆောင်ရွက်ရန် သင့်သည်ဟု မိမိထင်မြင်သော စီမံချက်များကိုသီးခြားဖေါ်ပြ၍၊ သီးခြားဖေါ်ပြရာပါနေမတိုင်မီ ဆောင်ရွက်ရမည်ဟု ဆင့်ဆိုသော အမိန့်စာကို အလုပ်ရုံမန်နေဂျာထံ ချအပ်နိုင်သည်။

ကျန်းမာရေးကို လူထူထပ်ခြင်း။

၁၈။ ။(၁) အလုပ်ရုံရှိ အခန်းတွင် ခိုင်းစေခံရသူ အလုပ်သမားများ၏ ထိခိုက်နိုင်လောက်အောင် လူထူထပ်ခြင်း မရှိစေရ။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ၊ အခန်းတွင် ခိုင်းစေခံရသူ အလုပ်သမား အသီးသီးအတွက်၊ ကုဗအကျယ် အဝန်းသည် ကုဗ ပေငါးရာအောက် မနည်းစေရ။ ကုဗ အကျယ်အဝန်း တွက်စစ်ရန် အလို့ငှါ ကြမ်းပြင်မှ ဆယ့်ငါးပေ အထက် မြင့်သောအကျယ် အဝန်းကို ထည့်သွင်းခြင်းမပြုရ။

(၃) အင်စပက်တော်ချုပ်က ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ခန်းတွင် ခိုင်းစေမည့် အများဆုံး အလုပ်သမားဦးရေ သီးခြားဖေါ်ပြသည့် နှိုတစ်စာကို၊ ထိုအလုပ်ခန်း အသီးသီးတွင် ကပ်ထားရမည်ဟု ဆင့်ဆိုလျှင်၊ ယင်းသို့ ဆင့်ဆိုသည့်အတိုင်း ကပ်ထားရမည်။

(၄) အင်စပက်တော်ချုပ်က အလုပ်ခန်းတွင် ခိုင်းစေခံရသူ အလုပ်သမားများ၏ ကျန်းမာရေးအတွက် ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် မလိုဟု ဒိဗိကျေနပ်လျှင်၊ စည်းကမ်းချက်များ သတ်မှတ်ရန် လိုအပ်လျှင် သင့်တော်သည် ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍၊ အလုပ်ခန်းကို အထက်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များမှ အမိန့်စာဖြင့် ကင်းလွှတ်ခွင့် ပြုနိုင်သည်။ ထို့ပြင် နိုင်ငံတော် သမတသည်၊ ဤပုဒ်မရှိ ပုဒ်မခွဲ (၂) တွင် ဖေါ်ပြထားသည့် စံချိန်အတိုင်း မဟုတ်ဘဲ၊ အကျယ်အဝန်း မည်သို့မျှ ရှိရမည်ဟု အလုပ်ရုံတခုခုအတွက် ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုအတွက်ဖြစ်စေး ပြဋ္ဌာန်းနိုင်သည်။

အလင်းရောင် ရရှိစေခြင်း။

၁၉။ ။(၁) အလုပ်သမားများ အလုပ်လုပ်နေသော၊ သို့တည်းမဟုတ် ဖြတ်သန်းသွားလာနေသော အလုပ်ရုံ၏ အစိတ်အပိုင်း အသီးသီးတွင်၊ သဘာဝအလင်းရောင်၊ သို့တည်းမဟုတ် ဖန်တီး ထားသည့် အလင်းရောင်ကို သင့်တော်လုံလောက်စွာ ရရှိနိုင်ရန် စီမံထားရမည်။

(၂) အလုပ်ရုံတိုင်းတွင် အလုပ်ခန်း လင်းရန်အားလျှင်၊ တပ်ဆင်ထားသည့် မှန်ပြူတင်းနှင့် မှန်ပေါက် အားလုံးကို အတွင်းအပြင် ကြည်လင်အောင် ထားရှိရမည့်ပြင်၊ ပုဒ်မ ၁၅ ရှိ ပုဒ်မခွဲ (၃) အရ၊ ပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည်နှင့်အမျှ ပြူတင်းပေါက် အားလုံးကို ပိတ်ကွယ်ခြင်းမရှိစေရန်လည်း ဆောင်ရွက်ရမည်။

(၃) အောက်ပါ အချက်များကို အစွမ်းကုန် ကာကွယ်ပေးရန် စီမံချက်ကို ထိရောက်စွာ ပြုရမည်။

(က) အလင်းရောင်ကြောင့်ဖြစ်စေ၊ ပြောင် လက် ချော မွေ့သော မျက် နှာ ပြင် မှ ဟပ်သည့် အလင်းရောင်ကြောင့်ဖြစ်စေ၊ မျက်စိကျိန်းလောက်အောင် တောက် ပသော အလင်းရောင်။

(ခ) အလုပ်သမား၏ မျက်စိအားကို စိုက်၍ ကြည့်ရလောက်အောင် မှောင်ခြင်း၊ သို့တည်းမဟုတ် အလုပ်သမားကို မတော်တဆ ထိခိုက်နိုင်လောက်အောင် မှောင်ခြင်း။

(၄) နိုင်ငံတော်သမတသည်၊ အလုပ်ရုံများအတွက်ဖြစ်စေ၊ အလုပ်ရုံ အမျိုးအစား တခုခု အတွက် ဖြစ်စေ၊ အလုပ်ရုံ အစိတ်အပိုင်းများအတွက် ဖြစ်စေ၊ ပြုလုပ်မှု လုပ်ငန်းစဉ် တခုခုအတွက် ဖြစ်စေ၊ သင့်တော်လုံလောက်သော စံချိန်အလင်းရောင်ကို သတ်မှတ်နိုင်သည်။

သောက်ရေ။

၂၀။ ။(၁) အလုပ်ရုံတိုင်းတွင်၊ သင့်တော်၍ အသွားအလာလွယ်ကူသော နေရာများ၌၊ အလုပ်သမား အားလုံးအတွက် သန့်ရှင်းစင်ကြယ်သော သောက်ရေကို လုံလောက်စွာ ထားရှိရန် ထိရောက်စွာ စီမံဆောင်ရွက်ပေးရမည်။

(၂) ရေထားပေးသော နေရာအားလုံးကို ပြီသသော စာလုံးများဖြင့် ''သောက်ရေ''ဟု ရေးမှတ် ထားရမည့်ပြင်၊ ထိုနေရာများကို အဝတ်လျော်ဖွပ်ရာနေရာ၊ အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန် နေရာမှ ပေနစ်ဆယ်အတွင်း မထားရှိစေရ။

(၃) သာမန်အားဖြင့် အလုပ်သမား နှစ်ရာ့ငါးဆယ်ထက်ပို၍ ခိုင်းစေသော အလုပ်ရုံ တိုင်းတွင် နွေရာသီ၌ သောက်ရေကို ထိရောက်သောနည်းလမ်းဖြင့်၊ အေးအောင် ပြု၍ ဝေငှရန် စီမံထားရှိရမည်။

(၄) သောက်ရေးပေးရာ၌ ပြည်သူ့ ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးရန် နည်းလမ်း များကိုငင်း၊ အလုပ်ရုံအားလုံး၊ သို့တည်းမဟုတ် အလုပ်ရုံ အမျိုးအစားတခုခုကို သန့်ရှင်းစင်ကြယ် သော သောက်ရေပေးရန်၊ အခြား လိုအပ်သည့် အချက်များကိုငင်း နိုင်ငံတော် သမတ က ပြဋ္ဌာန်း နိုင်သည်။

အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများ။

၂၁။ ။(၁) အလုပ်ရုံတိုင်းတွင်—

(က) အလုပ်သမားများ အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်သည့် နေရာများ၌ အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို သတ်မှတ်သော ပုံစံအတိုင်း လုံလောက်စွာ ထားရှိရမည်။

(ခ) မိန်းမ အလုပ်သမားများအတွက် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို ယောကျ်ား အလုပ်သမားများအတွက် ထားရှိသော အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများမှ သီးခြား စီမံထားပေးရမည်။

(ဂ) ထိုအိမ်သာများ၏ အဝင်ဝတွင် ''ယောကျ်ား''၊ သို့တည်းမဟုတ် ''မိန်းမ'' ဟုသက်ဆိုင်ရာ စာတန်းကိုဖြစ်စေ၊ အမှတ်အသားကို ဖြစ်စေ ထင်ရှားအောင် ကပ်ထားရမည်။

(ဃ) အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို၊ အလင်းရောင်နှင့် လေလုံလောက်စွာ ရရှိအောင် စီမံထားရှိရမည်။ မည်သည့်အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန် နေရာကိုမျှ၊ ကြားနေရာလပ်၊ သို့တည်းမဟုတ် လေဝင်လေထွက်နိုင်သော လင်းမရှိဘဲ အလုပ်ခန်းနှင့် ဆက်သွယ်၍မထားရ။

(င) အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို၊ မည်သည့် အချိန်၌မဆို၊ သန့်ရှင်းစင်ကြယ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေတွင် ထားရှိရမည်။

(စ) တံမြက်လှည်းသူ လုံလောက်စွာ ထားရှိရမည်။ ထိုတံမြက်လှည်းသူ၏ အဓိက အလုပ်ဝတ်တရားမှာ၊ အိမ်သာများ၊ ကျင်ငယ်စွန့်ရန် နေရာများနှင့် လျှော်ဖွပ်ရန် နေရာများကို သန့်ရှင်း စင်ကြယ်အောင် ပြုရန်ပင်ဖြစ်သည်။

(၂) သာမန်အားဖြင့် အလုပ်သမား နှစ်ရာ့ငါးဆယ်ထက်ပို၍ ခိုင်းစေသော အလုပ်ရုံတိုင်းတွင်—

(က) သန့်ရှင်းစင်ကြယ်ရေးနှင့် ညီညွတ်သည်ဟု သတ်မှတ်ထားသော ပုံစံအတိုင်း အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို စီမံထားရှိရမည်။

(ခ) ထိုအိမ်သာများ၊ ကျင်ငယ်စွန့်ရန်နေရာများ စသည့် သန့်ရှင်းစင်ကြယ်ရေးနှင့် ဆိုင်သော အဆောက် အဦများ၏ ကြမ်းပြင်များနှင့် ထိုကြမ်းပြင်များမှ သုံးပေအမြင့်ထိ နံရံများကို ကြွေရည်သုတ် ဆေးသုတ်ပြား၊ သို့တည်းမဟုတ် ချောမွေ့လွယ်ကူ ရေစိမ့်မဝင်နိုင်သော အခြားပစ္စည်းများဖြင့် စီမံထားရှိရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ အပိုဒ် (င) နှင့် (စ) ပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ ယင်းကဲ့သို့ စီမံပြုလုပ်ပြီးသည့်ကြမ်းပြင်နှင့် နံရံအစိတ် အပိုင်းကိုငင်း၊ ကျင်ကြီး ကျင်ငယ် ခံခွက်များကိုငင်း၊ ရောဂါ ကင်းစေသည့် ဆေးကိုဖြစ်စေ၊ အခြံ ပျောက်ဆေးကို ဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ၊ အသုံးပြု၍ နေ့စဉ်သန့်ရှင်း စင်ကြယ်အောင် ဆေးကြော်ထားရမည်။

(၃) နိုင်ငံတော် သမတ သည်၊ အလုပ်ရုံတွင် သာမန်အားဖြင့် ခိုင်းစေထားသည့် ယောကျ်ား အလုပ်သမားများနှင့် မိန်းမ အလုပ်သမားများ၏ အရေအတွက် အချိုးအစားကို လိုက်၍ အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာ အရေအတွက်ကို ပြဋ္ဌာန်းနိုင်သည့်ပြင်၊ အလုပ်ရုံများ၏ သန့်ရှင်းစင်ကြယ်ရေးနှင့် စပ်လျဉ်း၍ အလုပ်သမားများ၏ တာဝန်ဝတ်တရားများမှစ၍၊ အလုပ်သမား၏ ကျန်းမာရေးအတွက် လိုအပ်သော အခြား သန့်ရှင်းစင်ကြယ်ရေး ကိစ္စများအတွက်လည်း ပြဋ္ဌာန်းနိုင်သည်။

ထွေးခံများ။

၂၂။ ။(၁) အလုပ်ရုံတိုင်းတွင် သင့်တော်သော နေရာတိုင်း၌ ထွေးခံများကို လုံလောက်စွာ စီမံ ထားရှိရမည့်ပြင်၊ ကျန်းမာရေးနှင့် လျော်ညီအောင် သန့်ရှင်းင်းကြယ်စွာ စီမံထားရှိရမည်။

(၂) နိုင်ငံတော် သတေ သည် မည်သည့် အလုပ်ရုံတွင်မဆို ထွေးခံအမျိုးအစား၊ အရေအတွက်နှင့် ထားရမည့်နေရာကို သတ်မှတ်နိုင်သည့်ပြင်၊ ထိုထွေးခံများကို သန့်ရှင်းစွာနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ ထားရှိစေရန် နည်းဥပဒေများပြုနိုင်သည်။

(၃) အလုပ်ရုံ အတွင်းတွင် ထားရှိသည့် ထွေးခံထဲမှအပ အခြားနေရာတွင် မည်သူမျှ အလုပ်ရုံအတွင်း၌ တံတွေးမထွေးရ။ ယင်းသို့တံတွေးမထွေးရန် တားမြစ်ကြောင်းနှင့် ကျူးလွန်လျှင် ထိုက်သင့်စေနိုင်သည့် အပြစ်ဒဏ်ကို ဖေါ်ပြသည့်ကြေးငြာစာများကို၊ သင့်တော်သော နေရာများတွင် ထင်ရှားစွာထားရှိရမည်။

(၄) မည်သူမဆို ပုဒ်မခွဲ (၃)ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျက် တံတွေးထွေးလျှင် ငါးကျပ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

အခန်း ၄။

ဘေးရန်ကင်းရှင်းမှု။

စက်ကိရိယာများကို ကာရံထားခြင်း။

၂၃။ ။(၁) အလုပ်ရုံ တိုင်းတွင် အောက်ပါ စက်ကိရိယာများကို၊ ထိုစက်ကိရိယာများလည်နေစဉ်၊ သို့တည်းမဟုတ် ထိုစက်ကိရိယာများကို အသုံးပြုနေစဉ်၊ အခိုင်အခဲ့ဆောက်လုပ်ထားသည့် အကာအရံများဖြင့် လုံခြုံစွာ ကာရန်ထားရမည့်ပြင်၊ ထိုအကာအရံများကို အစဉ်အမြဲပြုပြင်၍နေရာတကျထားရှိရမည်။

(က) အားပေးစက်များ—

(ကက) အားပေးစက်၏ လှုပ်ရှားနေသော အစိတ် အပိုင်းနှင့် အားပေးစက်နှင့် တိုက်ဖိုက် ဆက်သွယ်ထားသော အားပေးစက်ဘီး (ထိုအားပေးစက်သည်၊ သို့တည်းမဟုတ် အားပေးစက်ဘီးသည်၊ စက်ခန်းအတွင်း၌ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ)။

(ခခ) ရေအာ်ဘီး (water wheel) နှင့် ရေရဟတ် (water-turbine) ၏ ရွေ့စွန်းနှင့်နောက်မြီးစွန်းများ။

(ဂဂ) လျှပ်စစ်ဂျင်နရေတာ (electric generator) ၏ အစိတ်အပိုင်း၊မော်တော်စက်၏ အစိတ်အပိုင်း၊ အား ပြောင်းလဲ စက် (rotary converter) ၏ အစိတ်အပိုင်းအသီးသီး (အကယ်၍၊ ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့် သော်၎င်း ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်း ရှိတိသကဲ့သို့ အလုပ်ရုံတွင် ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင် ကာရံထားရှိစေရန်မလို)။

(ခ) အားပို့စက်ကိရိယာများ—

အားပို့ စက်ကိရိယာ၏ အစိတ်အပိုင်းအသီးသီး (အကယ်၍ ထိုအစိတ်အပိုင်း အသီးသီးသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်းရှိတိသကဲ့သို့ အလုပ်ရုံတွင်

ခိုင်းစေခံရသူ၊ သို့တည်းမဟုတ်လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်း စေလျှင်ကာရံထားရှိရန်မလို)။

(ဂ) အခြားစက်ကိရိယာများ—

(ကက) အခြား စက်ကိရိယာများ၏ ဘေးအန္တရာယ် ဖြစ်စေတတ်သော အစိတ် အပိုင်း အသီးသီး (အကယ်၍ ထိုအစိတ်အပိုင်း သည် တည်နေပုံကြောင့် သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်းရှိတိသကဲ့သို့ အလုပ်ရုံတွင် ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင် ကာရံထားရှိရန်မလို)။

(ခခ) ဟွင်ခုံ၏ခေါင်းပိုင်းမှအစွန်းထွက်နေသောပစ္စည်း၏အစိတ်အပိုင်း။

သို့ရာတွင် အထက်ဆိုခဲ့သည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) နှင့် (ဂ) ပါ ကိစ္စများအလိုငှါ၊ အကယ်၍ စက်ကိရိယာ အစိတ်အပိုင်း တခုသည် တည်နေပုံကြောင့် သော်၎င်း၊ တည်ထားပုံကြောင့် သော်၎င်း၊ ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်းရှိတိသကဲ့သို့ အဆောက်အဦတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေသည် မကင်းရှင်းစေသည် ဆုံးဖြတ်ရာ၌၊ ထိုစက်ကိရိယာ အစိတ်အပိုင်းလည်နေစဉ်သာ စစ်ဆေးရန်လိုသည့် စက်ကိရိယာစစ်ဆေးမှုကို ပြုနေသူကိုဖြစ်စေ၊ စက်ကိရိယာ အစိတ်အပိုင်း လည်နေစဉ်သာ စစ်ဆေးရာ၌ လိုအပ်သည် ထင်မြင်သော သားရေပတ်ကြိုး တပ်ဆင်ခြင်း၊ စက်ဆီထဲ ဖွဲ့ခြင်း၊ သို့တည်းမဟုတ် အခြားစက်ကိရိယာ နေရာတကျရှိအောင် ပြင်ဆင်မှု ပြုနေသူကိုဖြစ်စေ၊ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

(၂) နိုင်ငံတော် သမတ သည်၊ စက်ကိရိယာတခုခုအတွက်၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်း တခုခုအတွက်၊ မိမိလိုအပ်သည် ထင်မြင်လျှင် နှောက်ထပ်ကာကွယ်ရေးစီမံချက်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်၊ သို့ဘည်းမဟုတ် စက်ကိရိယာ တခုခုကိုဖြစ်စေ၊ စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ အလုပ်သမားတို့ ဘေးရန်ကင်းရှင်းရန်အတွက်၊ လိုအပ်သည်ဟု မိမိထင်မြင်သော စည်းကမ်းချက်ထား၍၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ နည်းဥပဒေများဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၄။ ။(၁) အလုပ်ရုံတွင် ပုဒ်မ ၂၃ ၌ ရည်ညွှန်းထားသည့် စက်ကိရိယာ၏အစိတ်အပိုင်းကို၊ ထိုစက်ကိရိယာလည်နေစဉ် စစ်ဆေးရန် လိုအပ်လျှင်သော်၎င်း၊ ယင်းသို့စစ်ဆေးပြီးစက်ကိရိယာလည်နေစဉ်၊ သားရေပတ်ကြိုးတပ်ခြင်း၊ သို့တည်းမဟုတ် ချခြင်း၊ စက်ဆီသည့်ခြင်း၊ သို့တည်းမဟုတ် စက်ကိရိယာ နေရာတကျရှိအောင် ပြင်ဆင်မှုပြုခြင်းစသည့် အလုပ်များကိုလုပ်ရန် လိုအပ်လျှင်သော်၎င်း၊ ယင်းသို့စစ်ဆေးခြင်းကို၊ သို့တည်းမဟုတ် သားရေပတ်ကြိုး တပ်ခြင်း စသည့်အလုပ်များကို၊ ထိုအလုပ်များအတွက် အထူးသင်ကြားထားသော ယောက်ျားလူကြီး အလုပ်သမားများသာ၊ ကိုယ်ကြပ် အဝတ်အစားများဝတ်ဆင်ချက် ဆောင်ရွက်ရမည်။ ထိုသူတို့၏အမည်သည် ဤကိစ္စလိုအငှါ ပြဋ္ဌာန်းသည့်မှတ်ပုံ စာအုပ်တွင် ရေးသွင်းပြီးဖြစ်ရမည်။ ထို့ပြင် ယင်းသို့လုပ်နေစဉ်— လည်နေသော စက်ကိရိယာ၌၊ သို့တည်းမဟုတ် ထိုစက်ကိရိယာအနီး၌ အလုပ်လုပ်ခြင်း။

(က) ထိုအလုပ်သမားသည်၊ မြက်အားဖြင့် ခြောက်လက်မအောက် ငယ်၍ တသားတည်းဖြစ်အောင် ဆက်ထားသော သားရေပတ်ကြိုးများမှလွဲ၍၊ အခြားသားရေပတ်ကြိုးများကို လည်နေသော ပူလီပေါ်တင်ခြင်း၊ သို့တည်းမဟုတ် ချခြင်းအလိုငှါ၊ ကိုင်တွယ်ခြင်းမပြုစေရ။

(ခ) စက်ကိရိယာများကို ကာရံထားရမည့် အခြားတာဝန်များအပြင်၊ အထိန်းဝက်အူ၊ လည်သည့် ဝင်ရိုးတံ၏သော့ချက်၊ ဝင်ရိုး၊ ဘီး၊ သို့တည်းမဟုတ် ပင်နယ်၊ သံဆူးတက်အားလုံး၊ ဝက်အူရစ်တံအားလုံးနှင့် အသွားတင်ထားသည့်၊ သို့တည်းမဟုတ် ပွတ်ရှဲလည်သည့် အခြားကိရိယာအားလုံးကို ကာရံထားခြင်းမရှိလျှင်၊ အလုပ်ကိုလုပ်နေသူအား ထိခိုက်ဘေးအကြောင်းရှိမည်ဖြစ်၍၊ ၎င်းစက်ကိရိယာများကို လုံခြုံစွာကာရံထားရမည်။

(၂) မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည့်ကလေးကိုမျှ စက်ကိရိယာ အစိတ်အပိုင်းလည်နေစဉ်၊ ထိုအစိတ်အပိုင်းကို တိုက်ရွှတ်ရန်၊ စက်ဆီထည့်ရန်၊ သို့တည်းမဟုတ်နေရာတကျရှိအောင် ပြင်ဆင်ရန်သော်၎င်း၊ လည်နေသည့် စက်ကိရိယာ၏ လည်နေသောအစိတ်အပိုင်းစပ်ကြားတွင်၊ သို့တည်းမဟုတ် ပုံသေတပ်ထားသည့်အစိတ်အပိုင်းနှင့် လည်နေသော အစိတ်အပိုင်း စပ်ကြားတွင် အလုပ်လုပ်ရန်သော်၎င်း၊ ခွင့်မပြုရ။

(၃) သီးခြားဖေါ်ပြထားသည့် အလုပ်ရုံတွင်ဖြစ်စေ၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသည့် အမျိုးအစား ဖြစ်သော အလုပ်ရုံများတွင် ဖြစ်စေ၊ သီးခြား ဖေါ်ပြထားသည့် စက်ကိရိယာအစိတ်အပိုင်းများလည်နေစဉ်၊ ထိုအစိတ်အပိုင်းများကို မည်သူမျှတိုက်ရွှတ်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ခြင်းမပြုရဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် တားမြစ်နိုင်သည်။

ဘေးအန္တရာယ် ဖြစ်စေတတ်သော စက်ကိရိယာများ၌ လူငယ်များကို ခိုင်းစေခြင်း။

၂၅။ ။(၁) စက်နှင့်စပ်ဆိုင်သော ဘေးအန္တရာယ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ကြိုတင်ကာကွယ်မှုများကို အစုံအလင်သိရှိနားလည်ပြီး ဖြစ်သည့်ပြင်—

(က) စက်၌လုပ်ရမည့်အလုပ်ကို လုံလောက်စွာ သင်ကြား တတ်မြောက်ပြီး ဖြစ်သည့် လူငယ်၊ သို့တည်းမဟုတ်

(ခ) စက်နှင့်စပ်လျဉ်း၍ ကောင်းစွာတတ်ကျွမ်း နားလည်ပြီး အလုပ်ရည်ဝသူတဦး၏ ကြီးကြပ်စီမံခြင်းကို ခံရသည့် လူငယ်

မှတပါး၊ အခြားမည်သည့်လူငယ်မျှ၊ ဤပုဒ်မနှင့်သက်ဆိုင်သည့်စက်၌အလုပ်မလုပ်ရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၂) အထက်ဆိုခဲ့သည့် လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက၊ လူငယ်များလုပ်ရန် မသင့်တော်လောက်အောင် ဘေးအန္တရာယ် ဖြစ်စေနိုင်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိ၍ ပြဋ္ဌာန်းသည့်စက်များနှင့် ပုဒ်မခွဲ (၁) သည် သက်ဆိုင်စေရမည်။

အား ဖြတ်တောက်ရန် ကိရိယာများ။

၂၆။ ။(၁) အလုပ်ရုံတိုင်းတွင်—

(က) အားပွါစက်ကိရိယာ၏ အစိတ်အပိုင်းဖြစ်သော ပူလီရှင်မှ ပူလီသေသို့ငင်း၊ ပူလီသေမှ ပူလီရှင်သို့ငင်း၊ သားရေပတ်ကြိုးများ ရွှေ့ပြောင်းရန် သင့်တော်သော ကိရိယာ၊ သို့တည်းမဟုတ် အခြားထိရောက်စွာ စီမံထားသော ကိရိယာကို အသုံးပြုရမည်။ ထို့ပြင်ဆိုခဲ့သည့် ကိရိယာများကို ပူလီသေပေါ်သို့ သားရေပတ်ကြိုးပြန်၍မရွှေ့စေရန် တနည်းနည်းအားဖြင့် စီမံထားရှိရမည်။

(ခ) သားရေပတ်ကြိုးများကို အသုံးမပြုသောအခါ၊ လည်နေသောဝင်ရိုးပေါ်တွင် တင်မထား၊ သို့တည်းမဟုတ် မကျရောက်စေရ။

(၂) အလုပ်ရုံတိုင်း၏ အလုပ်ခန်းတိုင်းတွင်၊ အရေးတကြီးကိစ္စများရှိလျှင်၊ အားဖြတ်တောက်ရန်သင့်တော်သောကိရိယာများ စီမံထားရှိရမည်။

သို့ရာတွင် ဤအက်ဥပဒေ အာဏာမတည်မီက အလုပ်လုပ်နေသော အလုပ်ရုံများနှင့်စပ်လျဉ်း၍၊ ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ လျှပ်စစ်ဓါတ်အားကို အသုံးပြုသည့်အလုပ်ခန်းများနှင့်သာသက်ဆိုင်စေရမည်။

ရွှေတိုးနောက်ငင်သွားသော စက်များ။

၂၇။ ။မည်သည့်အလုပ်ရုံတွင်မဆို၊ အကယ်၍စက်၏ရွှေတိုးနောက်ငင်သွားသော အစိတ်အပိုင်း သွားရာလမ်းသို့ အလုပ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ လူများဖြတ်သန်းသွားတတ်သည်ဖြစ်ပါမူ၊ ထိုအစိတ်အပိုင်းသည်ငင်း၊ ထိုအစိတ်အပိုင်းပေါ်တွင် သယ်ယူသောပစ္စည်းသည်ငင်း စက်ကိုယ်ထည် မဟုတ်သည့် အတည်တကျ ဆောက်လုပ်ထားသော အရာတခုခုနှင့် တဆယ့်ရှစ်လက်မအောက် လျော့၍နီးသောနေရာသို့ မရောက်စေရ။

သို့ရာတွင် ဤအက်ဥပဒေကို အတည်မပြုမီ တပ်ဆင်ထားသောစက်သည်၊ ဤပုဒ်မပါလိုအပ်ချက်များနှင့် မညီညွတ်လျှင်၊ အင်စပက်တော်ချုပ်သည်၊ စက်ကိုဖိမိသတ်မှတ်သည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဆက်လက်အသုံးပြုစေနိုင်သည်။

စက်ကိရိယာသစ်ကို အိမ်ဖွဲ့၍ထားရှိခြင်း။

၂၈။ ။(၁) ဤအက်ဥပဒေ အာဏာတည်သည့်နေ့ နောက်မှ အလုပ်ရုံတွင် တပ်ဆင်သည့်အားဖြင့် မောင်းသောစက်အားလုံးတွင်—

(က) အထိန်းဝက်အူ၊ လည်သည့်ဝင်ရိုးတံပေါ်ရှိဇာဝိ၊ သို့တည်းမဟုတ် သော့ချက်၊ ဝင်ရိုးငယ် (spindle)၊ ဘီး၊ သို့တည်းမဟုတ် ပင်နယံ (pinion) အသီးသီးကို ဘေးအန္တရာယ်ကင်းရှင်းလောက်အောင် မြှုပ်နှံ၍သော်ငင်း၊ အိမ်ဖွဲ့၍သော်ငင်း၊ အခြားနည်းဖြင့် ထိရောက်စွာကာကွယ်၍သော်ငင်း ထားရှိရမည်၊ ထို့ပြင်

(ခ) စက်လည်နေသည့်အခါ၊နေရာတကျဖြစ်အောင်မကြာမကြာပြုပြင်ပေးရန်မလိုသည့် သံဆူးတက်အားလုံး၊ဝက်အူရစ်တံအားလုံးနှင့်အသွားတပ်ထားသည့်၊ သို့တည်းမဟုတ် ပွတ်တိုက်ပြီးလည်သည့် ကိရိယာအားလုံးကို လုံခြုံအောင် အိမ်ဖွဲ့ကာရံထားရမည်။ သို့ရာတွင် ၎င်းတို့သည်လုံခြုံစွာ အိမ်ဖွဲ့ကာရံ ထားဘိသကဲ့သို့ ဘေးရန်ကင်းရှင်းမည့် အခြေအနေဖြစ်ရှိမည်ဆိုလျှင်၊ ၎င်းတို့ကို ကာရံထားရန်မလို။

(၂) အားဖြင့်မောင်းသော ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည့် စက်ကိုမည်သူမဆို အလုပ်ရုံတွင်အသုံးပြုရန်ရောင်းချလျှင်၊ သို့တည်းမဟုတ် ငှါးရမ်းလျှင်၊ သို့တည်းမဟုတ် ရောင်းချသူ၏ကိုယ်စားလှယ်အဖြစ်ဖြင့်သော်ငင်း၊ ငှါးရမ်းသူ၏ ကိုယ်စားလှယ်အဖြစ်ဖြင့် သော်ငင်း၊ ရောင်းချလျှင်၊ သို့တည်းမဟုတ် ငှါးရမ်းလျှင်၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၃) ဤပုဒ်မရှိပြဋ္ဌာန်းချက်များသည် စက်တခုခုနှင့်ဖြစ်စေ၊ စက်အမျိုးအစာ တခုခုနှင့်ဖြစ်စေ၊ သက်ဆိုင်စေရမည်ဟု နိုင်ငံတော်သမတသည် နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။ ထိုနည်းဥပဒေများတွင် ထိုစက်ကိုဖြစ်စေ၊ထိုစက်အမျိုးအစားကိုဖြစ်စေ ကာကွယ်ရမည့်စီမံချက်အမျိုးအစားများကို သီးခြားဖေါ်ပြနိုင်သည်။

ဝါဇတ်စက်အနီးအနားတွင် မိန်းမများနှင့် ကလေးများအား ခိုင်းစေခြင်းကိုတားမြစ်ခြင်း။

၂၉။ ။ဝါဇတ်စက်လည်နေသော အလုပ်ရုံ အစိတ်အပိုင်းတခုခုတွင်၊ မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည်ကလေးကိုမျှ မခိုင်းစေရ။

သို့ရာတွင်၊ ဝါဇတ်စက်၏ ဝါထည့်ရာဘက်သည်၊ အခန်းတွင်ရှိ၍၊ ထိုအခန်းနှင့် ဝါထုတ်ရာဘက်ကို အမိုးထိအောင်ကာရံ၍ ထားလျှင်ဖြစ်စေ၊ ဝါဇတ်စက်တခုခုနှင့် စပ်လျဉ်း၍၊ အင်စပက်တော်က သီးခြားသတ်မှတ်သည့် အမြင့်ထိ ကာရံ၍ထားလျှင်ဖြစ်စေ ဝါထည့်ရာဘက် အခန်းတွင် မိန်းမများနှင့် ကလေးများကို ခိုင်းစေနိုင်သည်၊

မြောက်စက် (hoist) နှင့် ပင့်စက်များ (lift)။

၃၀။ ။(၁) မြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အသီးသီးကို ကောင်းမွန်သော စက်ကိရိယာဖြင့် တပ်ဆင်၍ တောင့်တင်းခိုင်ခံ့သောပစ္စည်းဖြင့် ကောင်းမွန်စွာ ဆောက်လုပ်ထားရမည်ပြင်၊ နေရာတကျလည်း ပြုပြင်ထားရှိရမည်။

(၂) မြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အသီးသီးကို၊ ခြောက်လှည့်ခြင်း အနည်းဆုံးတကြိမ်ကျ စစ်ဆေးပိုင်ခွင့်ရှိသူက စေ့စေ့သေချာစွာစစ်ဆေးရမည်။ ဤကဲ့သို့စစ်ဆေးတိုင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍၊ ပြဋ္ဌာန်းထားသောအကြောင်းအရာများ၊ ရေးမှတ်ထားသော မှတ်ပုံ စာအုပ် ထားရှိရမည်။

(၃) မြောက်စက်လမ်း (hoistway)၊ သို့တည်းမဟုတ် ပင့်စက်လမ်း (liftway) အသီးသီးကို၊ တံခါးပေါက်များတပ်ဆင်ထားသည့် အကာအရံဖြင့် ခိုင်လုံစွာကာရံထားရမည်။ ထိုမြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) ကိုငင်း၊ အကာအရံ အသီးသီးကိုငင်း၊ ထိုမြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အစိတ်အပိုင်းနှင့် ပုံသေဆောက်လုပ်ထားသော၊ သို့တည်းမဟုတ် လှုပ်ရှားနေသောအစိတ်အပိုင်းစပ်ကြားတွင်၊ လူဖြစ်စေ၊ ဝတ္ထုပစ္စည်းဖြစ်စေ၊ မည်သပ်မိအောင် ဆောက်လုပ်ထားရမည်။

(၄) ဘေးရန်ကင်းရှင်းစွာ အများဆုံးသယ်ယူနိုင်သည့် ဝန်ချိန်ကို၊ မြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အသီးသီးတွင် ထင်ရှားအောင် ရေးသားထားရမည်။ ထိုဝန်ချိန်ထက် လေးသော မည်သည့်ဝန်ကိုမျှ သယ်ယူခြင်းမပြုရ။

(၅) လူ သယ်ယူရန်အတွက် အသုံးပြုသောမြောက်စက် (hoist) နှင့် ပင့်စက် (lift) ချိုင့်အိမ်၏ ဝင်ထွက်နိုင်သည့်ဘက်တွင် တံခါးတပ်သားရမည်။

(၆) ချိုင့်အိမ်ရပ်ရာနေရာသို့ မရောက်မီ တံခါးမပွင့်နိုင်အောင်၊ ထို့ပြင် တံခါးမပိတ်သေးဘဲ ချိုင့်အိမ်ရွေ့မသွားနိုင်အောင်၊ ပုဒ်မခွဲ (၃) နှင့် (၅) များတွင် ရည်ညွှန်းထားသည့် တံခါးအသီးသီးတွင်ထိရောက်စွာတားဆီးနိုင်သည့်ခလုတ်၊သို့တည်းမဟုတ်အခြားစီမံချက်များတပ်ဆင်ထားရမည်။

(၇) အောက်ပါ လိုအပ်သည့် အချက်များသည်လည်း၊ အလုပ်ရုံတွင် လူ သယ်ယူရန်အတွက် ဤအက်ဥပဒေအာဏာတည်ပြီးသည့်နောက်မှ ဆောက်လုပ်သော၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်သော မြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) နှင့်သက်ဆိုင်စေရမည်—

(က) မြောက်စက်၏ (hoist)၊ သို့တည်းမဟုတ် ပင့်စက်၏ (lift) ချိုင့်အိမ်ကို ကြိုးဖြင့်ဆိုင်းထားလျှင်၊ ချိုင့်အိမ်နှင့်မဲတင်းလေးကိုသီးခြားဆက်သွယ်သည့်ကြိုး အနည်းဆုံး နှစ်ချောင်းရှိရမည်။ ဤသို့တပ်ဆင်ထားသောကြိုးအသီးသီးသည်၊ ကြိုး၏ တန်းဆာပလာများနှင့်တကွ၊ ချိုင့်အိမ်တခုလုံး၏အလေးချိန်နှင့် အများဆုံးသယ်ယူနိုင်သည့်ဝန်ချိန်ကို မြောက်ပင့်နိုင်ရမည်။

(ခ) ကြိုးများ၊ သို့တည်းမဟုတ် အခြားတန်းဆာပလာများပြတ်လျှင်ဖြစ်စေ၊ပျက်လျှင်ဖြစ်စေ၊ ချိုင့်အိမ်နှင့်တကွ၊ထိုချိုင့်အိမ်အတွင်းရှိအများဆုံး သယ်ယူနိုင်သည့်ဝန်ချိန်ကိုပါ၊ ဆွဲထိန်းထားနိုင်စေမည့်ထိရောက်သောစီမံချက်များစီမံထားရှိရမည်။

(ဂ) ချိုင့်အိမ်လွန်မသွားနိုင်အောင် အလိုအလျောက်ရပ်စေနိုင်သည့် စီမံချက် တခုခု စီမံထားရှိရမည်။

(၈) နိုင်ငံတော်သမတသည်၊မြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အမျိုးအစား တခုခုနှင့်စပ်လျဉ်း၍၊ ဤပုဒ်မပါ လိုအပ်ချက်တခုခုကို လိုက်နာစေရန်မသင့်လျော်ဟု မိမိထင်မြင်လျှင်၊ထိုလိုအပ်ချက်သည်၊ ထိုမြောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အမျိုးအစားနှင့် သက်ဆိုင်ခြင်းမရှိစေရဟု အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

ကရိန်းစက် (crane) နှင့် အခြား အလား တူ ပင့်မြှောက် စက်များ။

၃၁။ ။(၁) အလုပ်ရုံတွင် [မြှောက်စက် (hoist)၊ ပင့်စက် (lift) မဟုတ်သည့်] ကရိန်းစက် (crane) နှင့် အခြားအလားတူ စက်အားလုံးနှင့်စပ်လျဉ်း၍ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပုံသေတပ်ထားသည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းနိုင်သည့် ခုတ်မောင်းကိရိယာ (working gear)၊ ကြိုးများဆွဲထိန်းသည့်ကိရိယာ (anchoring and fixing appliances) အမျိုးမျိုးပါဝင်သည့် ပင့်စက်အစိတ်အပိုင်းကို—

(ကက) ဘောင့်တင်းခိုင်ခံ့သောပစ္စည်းဖြင့် ကောင်းမွန်စွာဆောက်လုပ်ထားရမည်။

(ခခ) နေရာတကျလည်း ပြုပြင်ထားရှိရမည်။ ထို့ပြင် စစ်ဆေးပိုင်ခွင့် ရှိသူက ဆယ့်နှစ်လလျှင် အနည်းဆုံးတကြိမ်ကျစေ့ငေသေချာစွာ စစ်ဆေးရမည်။ထိုသို့ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောအကြောင်းအရာများရေးမှတ်ထားသည့် မှတ်ပုံစာအုပ်ထားရှိရမည်။

(ခ) ဘေးရန်ကင်းရှင်းစွာ သယ်ယူနိုင်သည့်ဝန်ချိန်ထက်ပို၍ သယ်ယူရန် ထိုစက်ကိရိယာများကို အသုံးမပြုရ။ ထိုစက်ကိရိယာပေါ်တွင် သယ်ယူနိုင်သည့်ဝန်ချိန်ကို ထင်ရှားစွာရေးသားထားရမည်။

(ဂ) ကရိန်းစက် (crane) သွားလာရာ ဘီးလမ်းပေါ်၌ဖြစ်စေ၊ ဘီးလမ်းအနီး၌ဖြစ်စေ၊ ခိုင်းစေခံရသူကိုသော်၎င်း၊ အလုပ်လုပ်နေသူကိုသော်၎င်း မည်သည့်နေရာတွင်မဆို၊ ကရိန်းစက် (crane) နှင့် ထိခိုက်တွယ်ရာ အကြောင်းရှိလျှင်၊ ထိုနေရာမှ ပေနှစ်ဆယ်အတွင်းသို့ ကရိန်းစက် (crane) မရောက်နိုင်ရန် ထိရောက်စွာ စီမံထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတွင် ပင့်မြှောက်စက် တခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပင့်မြှောက်စက် အမျိုးအစားတခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ—

(က) ဤပုဒ်မရှိ လိုအပ်ချက်များကို ဖြည့်စွက်ရန်၊ နောက်ထပ် လိုအပ်ချက်များကို ပြဋ္ဌာန်းသည့်၊

(ခ) ဤပုဒ်မပါလိုအပ်ချက်အားလုံး၊ သို့တည်းမဟုတ် လိုအပ်ချက်တခုခုအတိုင်းလိုက်နာဆောင်ရွက်ရန် မလိုဟုဆိုသော်၎င်း၊ မဖြစ်နိုင်ဟုဆိုသော်၎င်း၊ ထင်မြင်သဘောရှိလျှင်၊ ယင်းသို့လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

လည်ဆော စက်ကိရိယာ။

၃၂။ ။(၁) ကျောက်ဖြင့်ကြိတ်ခြင်း၊သို့တည်းမဟုတ်ပွတ်တိုက်ခြင်းစသော လုပ်ငန်းကိုလုပ်သည့်အလုပ်ရုံတိုင်းတွင် အသုံးပြုသည့်ကြိတ်စက်ဘီး၏၊သို့တည်းမဟုတ် ပွတ်စက်ဘီး၏ ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သောအရှိန် (peripheral speed) ကိုဝင်း၊ [ထိုစက်ဘီး၏ဝင်ရိုး၏အရှိန်ကိုဝင်း၊][1] ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သောအရှိန်ထက်ပို၍ မလည်စေရန် လိုအပ်သည့် ပူလီ၏အချင်းကိုဝင်း၊ ဖေါ်ပြသည့်နှိုက်စစာကို အသုံးပြုနေသော စက်အသီးသီး၌ အမြဲကပ်ထားရမည်၊ သို့တည်းမဟုတ် စက်အသီးသီးနား၌ အမြဲထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ ကပ်ထားသည့် နှိုက်စစာများတွင်၊ ဖေါ်ပြထားသော အရှိန်ထက်ပို၍ ကျောက်စက်ကို မလည်စေရ။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၇ အရ အစားထည့်သွင်းသည်။

(၃) အလုပ်ရုံတိုင်းတွင်၊ စက်အားဖြင့်လည်သည့်ခွက် (vessel)၊ ချိုင့်(cage)၊ ခြင်းတောင်း (basket)၊အားပေးစက်ဘီး၊ပူလီ၊အပြားဝိုင်း(disc)၊သို့တည်းမဟုတ် အလားတူ ဂိရိယာအသီးသီး၏ အရှိန်သည်၊ ဘေးရန်ကင်းရှင်းစွာ လည်နိုင်သောအရှိန်ထက်ပို၍မလည်ရအောင် တားဆီးနိုင်သည့်စီမံချက်များ စီမံထားရှိရမည်။

တိုးအားစက် (pressure plant)။

၃၃။ ။(၁) အလုပ်ရုံတွင်၊ ပြွတ်မှုလုပ်ငန်းစဉ်အတွက် အသုံးပြုသည့် စက်ဂိရိယာ၏ အစိတ်အပိုင်း၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်၊ သဘာဝလေတိုးအားထက် သာလွန်သော တိုးအားကိုအသုံးပြုလျှင်၊ ထိုအစိတ်အပိုင်း အသုံးပြုနေသောတိုးအားကို ဘေးရန်ကင်းရှင်းစွာ အသုံးပြုနိုင်သည့်တိုးအားထက်မပိုရအောင် ထိရောက်စွာစီမံသားရမည်။

(၂) နိုင်ငံတော်သမတသည် ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသည့်စက်၊ သို့တည်းမဟုတ် စက်ဂိရိယာတခုခုကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောနည်းဥပဒေများကို ၎င်း၊အလုပ်ရုံ၊ သို့ဘည်းမဟုတ် အလုပ်ရုံအမျိုးအစားတခုခုတွင်ထိုစက်များ၊ သို့တည်းမဟုတ်စက်ဂိရိယာနှင့်စပ်လျဉ်း၍ ဘေးရန်ကင်းရှင်းအောင်ပြုရန် လိုအပ်သည်ဟုမိမိထင်မြင်သည့် အခြားစီမံချက်များကို ပြဋ္ဌာန်းသောနည်းဥပဒေများကိုငှင်း ပြုနိုင်သည်။

ကြမ်းပြင်၊ သွားလမ်း၊ လှေကား၊သွားလာစေနိုင်မည့် လမ်း။

၃၄။ ။အလုပ်ရုံတိုင်းတွင်—

(က) ကြမ်းပြင်၊ လှေကားထစ်၊ သွေကားနှင့် သွားလမ်းအားလုံးကို ကောင်းမွန်စွာ ဆောက်လုပ်၍ နေရာတကျပြုပြင်ထားရမည်။ ထို့ပြင် ဘေးရန်ကင်းရှင်းအောင် ပြုရန် လိုအပ်လျှင်လည်း၊ ခိုင်ခံ့သောလက်ရန်းများကို စီမံထားပေးရမည်။

(ခ) တဦးတယောက်သောသူ အချိန်မရွေး အလုပ်လုပ်ရမည့်နေရာသို့ ဘေးရန် ကင်းရှင်းစွာ သွားလာစေနိုင်မည့်လမ်းများကို အကြောင်းအားလျော်စွာ အစွမ်းကုန် စီမံထားရှိရမည်။

တွင်းနှင့် ကြမ်းပေါက် စသည်များ။

၃၅။ ။(၁) အလုပ်ရုံတိုင်းဘွင်၊ ပုံသေတပ်ဆင်ထားသော ခွက် (vessel)၊ လှောင်တွင်း (sump)၊ လှောင်ကန် (tank)၊ တွင်း (pit)၊ ကြမ်းပေါက်၊ သို့တည်းမဟုတ်တွင်းပေါက်အသီးသီး၏ စောက်အနက်၊ အနေအထား၊ တည်ထားပုံ၊ သို့တည်းမဟုတ် ထည့်သွင်းထားသည့် အရာများကို ထောက်ချင့်ခြင်းအားဖြင့်၊ ဘေးအန္တရာယ်ဖြစ်ဘွယ်ရာ အကြောင်းရှိလျှင်၊ ထိုခွက်၊ ကန်၊ တွင်း၊ အပေါက်စသည်များကို လုံခြုံစွာဖုံးအုပ်ထားရမည်၊ သို့တည်းမဟုတ် ခိုင်ခံ့စွာ ကာရံထားရမည်။

(၂) အင်စပက်တော်ချုပ်သည် အမိန့်စာဖြင့် မိမိသင့်တော်သည်ထင်မြင်သည့် စီမံချက်များထား၍ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုကိုဖြစ်စေ၊ ခွက်၊ကန်၊တွင်း၊အပေါက်စသည်များနှင့်စပ်လျဉ်း၍၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အလွန်အမင်း လေးလံသော ဝန်ချိန်။

၃၆။ ။(၁) အလုပ်ရုံဘွင် မည်သည့်မိန်းမ၊ လူရွယ်၊ သို့တည်းမဟုတ် ကလေးကိုမျှ လေးလံလွန်းသဖြင့် ထိခိုက်နာကျင်စေမည့်လက္ခဏာရှိသောဝန်ချိန်ကို ပင့်ရန်၊သယ်ယူရန်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရန် မခိုင်းစေရ။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံများတွင်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုတွင်ဖြစ်စေ၊ ပြွတ်မှုလုပ်ငန်းစဉ်တခုခုတွင်ဖြစ်စေ၊ သာမန်အားဖြင့် လုပ်သူဘို့မပင့်ရမည့်၊ သယ်ယူရမည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရမည့်အများဆုံးဝန်ချိန်ကို ပြဋ္ဌာန်းသည့်နည်းဥပဒေများပြုနိုင်သည်။

မျက်စိကို ကာကွယ်ခြင်း။

၃၇။ ။(က) ပြုလုပ်မှုလုပ်ငန်းစဉ်အရ လုပ်ရာမှထွက်သော အမှုန်များကြောင့်၊ သို့တည်း မဟုတ် အပိုင်းအစများကြောင့်၊ မျက်စိကိုထိခိုက်ဘွယ်ရာရှိသော ပြုလုပ်မှု လုပ်ငန်းစဉ်ဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလင်းရောင်အလွန်အမင်းထိုးသဖြင့် မျက်စိဘေးအန္တရာယ်ဖြစ်ဘွယ်ရာရှိသည့် ပြုလုပ်မှုလုပ်ငန်းစဉ်ဖြစ်သည်ဟူ၍သော်၎င်း၊

ပြဋ္ဌာန်းသည့်အလုပ်ရုံတွင်လုပ်သော ပြုလုပ်မှုလုပ်ငန်းစဉ်တခုခုနှင့်စပ်လျဉ်း၍၊ ယင်းသို့လုပ်ရာ၌ဖြစ်စေ၊ လုပ်သည့်နေရာ၏ အနီး၌ဖြစ်စေ၊ ခိုင်းစေခံရသူတို့ကို ကာကွယ်ပေးရန်အလို့ငှါ အလင်းရောင်ကို ထိရောက်စွာတားဆီးနိုင်သည့် အကာအရံများ၊ သို့တည်းမဟုတ် သင့်တော်သော အလင်းကာမျက်မှန်များကိုစီမံထားပေးရန် နိုင်ငံတော်သမတက နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့များ၊ အနှစ်ဆယ့်လေးမို့ (volt) ထက်ပိုသော လက်ဆွဲလျှပ်စစ်ဓါတ်မီးကိုအသုံးမပြုစေရ။

၃၈။ ။(၁) အလုပ်ရုံတွင် လူများမူးမေ့သွားလောက်အောင် ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့များရှိတတ်သော အခန်း၊လှောင်ကန်၊ လှောင်စည် (vat)၊ တွင်း၊ ပြွန်၊ လေလမ်း (flue)၊ သို့တည်းမဟုတ် အခြား ပိတ်လှောင်ထားသည့်နေရာတွင် လူတယောက်ထွက်နိုင်အောင် ကျယ်သောကယ်ပေါက်တခု၊ သို့တည်းမဟုတ် အခြားထွက်ပေါက်တခု စီမံထားပေးခြင်း မရှိလျှင်၊ ထိုအတွင်းသို့ မည်သူမျှမဝင်ရ၊ သို့တည်းမဟုတ်မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၂) အလုပ်ရုံတွင် ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ပိတ်လှောင်သောနေရာအတွင်း၌ အနှစ်ဆယ့်လေးမို့ (volt) ထက်ပိုသော လက်ဆွဲလျှပ်စစ်ဓါတ်မီးကိုအသုံးမပြုစေရ။ ထို့ပြင် ထိုနေရာအတွင်း၌ရှိသော ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့များသည်၊ မီးတောက်လောင်စေနိုင်သည့် ဓါတ်သဘာဝဖြစ်လျှင် မီးမကူးနိုင်အောင်ပြုထားသည့်ဓါတ်မီးမှ၊ သို့တည်းမဟုတ် မီးအိမ်မှလွဲ၍ အခြားဓါတ်မီးကို၊ သို့တည်းမဟုတ် မီးအိမ်ကို အသုံးမပြုစေရ။

(၃) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ပိတ်လှောင်သော နေရာ၌ ရှိနေတတ်သည့် အခိုးအငွေ့များကို ဖယ်ရှားရန်နှင့် အခိုးအငွေ့များမဝင်စေရန် အစွမ်းကုန်စီမံထားခြင်း၊ ထို့ပြင် အောက်ဖေါ်ပြပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိလျှင်၊ မည်သူမျှ ထိုပိတ်လှောင်သည့်နေရာသို့မဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ—

(က) စမ်းသပ်ပိုင်ခွင့်ရှိသူက၊ မိမိကိုယ်တိုင်ထို နေရာကို စမ်းသပ်ပြီးနောက်၊ ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့များကင်းရှင်းကြောင်း၊ ထိုနေရာသို့ လူများဝင်ရန် သင့်တော်ပြီဖြစ်ကြောင်း တာဝန်ခံလက်မှတ် ထုတ်ပေးခြင်း၊ သို့တည်းမဟုတ်

(ခ) ထိုနေရာသို့ဝင်ရောက်သောသူသည်၊ သင့်တော်သော အသက်ရှူ တန်းဆာပလာကိုတပ်ဆင်ထား၍ ခါးပတ်ပတ်သည့်ပြင်၊ ထိုခါးပတ်တွင် ကြိုးတချောင်းခိုင်မြဲစွာချည်ထားပြီးနောက် လွတ်နေသောကြိုးစကိုပြင်ပ၌ရှိနေသော လူတယောက်ကကိုင်ထားခြင်း။

(၄) အလုပ်ရုံတိုင်းတွင် သင့်တော်သော အသက်ရှူ တန်းဆာပလာ၊ သင့်တော်သောပြန်လည်သတိရအောင်ပြုနိုင်သည့်တန် ဆာပလာ၊ သင့်တော်သော ခါးပတ်နှင့် ကြိုးများကို တဦးတယောက်သော သူဝင်ရောက်သည့် ပိတ်လှောင်သောနေရာ၏ အနီးအနား၌ ချက်ခြင်းအသုံးပြုနိုင်ရန် အသင့်ထားရှိရမည်။ ထိုတန်းဆာပလာ အားလုံးကိုစစ်ဆေးပိုင်ခွင့်ရှိသူက ကာလအပိုင်းအခြားအားဖြင့်၊မှန်မှန်စစ်ဆေး၍ အသုံးပြုရန်သင့်တော်ကြောင်းတာဝန်ခံရမည်။ ထို့ပြင် အလုပ်ရုံတိုင်းတွင်၊ ခိုင်းစေခံသူများအနက်လုံလောက်သောဦးရေကို၊ ထိုတန်းဆာပလာများ အသုံးပြုနည်းနှင့် အသက်ပြန်လည်ရှူရှိုက်စေနိုင်သည့်နည်းလမ်းများကို သင်ကြားလေ့ကျင့်ပေးရမည်။

(၅) မည်သည့်အလုပ်ရုံတွင်မဆို လူများဘေးရန်ကင်းရှင်းစွာဝင်နိုင်ရန်အလို့ငှါ ဘွိုင်လာ၊ ဘွိုင်လာမီးလန်း၊ ဘွိုင်လာမီးဖို၊ ပေါင်းခိုး (still)၊ အခန်း၊ လှောင်ကန်၊ လှောင်စည်၊ ပြွန်၊ သို့တည်းမဟုတ်အခြားပိတ်လှောင်သောနေရာကို လေသွင်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လုံလောက်စွာအေးအောင်မပြုရသေးခဲ့၊ ထိုနေရာ အသီးသီးသို့အလုပ်လုပ် ရန်ဖြစ်စေ၊ စမ်းသပ် စစ်ဆေးရန်ဖြစ်စေ၊ မည်သူကိုမျှဝင်ခွင့်မပြုရ။

(၆) နိုင်ငံတော် သမတသည်၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့်ကယ်ပေါက်များအတွက် အငယ်ဆုံးအကျယ်အဝန်းမည်သွေမည်မျှရှိရမည်ကို ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြဋ္ဌာန်းသည့်ပြင်၊ မိမိသင့်တော်သည်ထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုကိုဖြစ်စေ၊ ဤပုဒ်မပါပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ အမိန့်စာဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့်အမှုန်၊ အိုးအငွေ့စသည်များ။

၃၉။ ။(၁) အလုပ်ရုံတွင် ပြုလုပ်မှုလုပ်ငန်းစဉ် တခုခုကြောင့်ဖြစ် သည့်အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့သည်၊ မီးကူးလျင်ပေါက်ကွဲနိုင်သည့်အမျိုးအစားဖြစ်၍ ပေါက်ကွဲလောက်အောင်များပြားလျင်၊ ၎ကဲ့သို့ပေါက်ကွဲခြင်းကို အစွမ်းကုန်တားဆီးရန်အောက်ဖေါ်ပြရာပါအတိုင်း စီမံထားရမည်။

(က) ပြုလုပ်မှု လုပ်ငန်းစဉ်တွင် အသုံးပြုသည့်စက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကို ထိရောက်စွာ ကာရံထားခြင်း။

(ခ) အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့ကို များပြားအောင် မစုရန်ပြုခြင်း၊ သို့တည်းမဟုတ်ထိုသို့ စုမိလျှင် ထိုစုခြင်းကို ဖယ်ရှားခြင်း။

(ဂ) မီးကူးစေနိုင်သည့် အရာအားလုံးကို ကင်းလွတ်စွာထားခြင်း၊ သို့တည်းမဟုတ်လုံခြုံစွာကာရံထားခြင်း။

(၂) မည်သည့်အလုပ်ရုံတွင်မဆို ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ပြုလုပ်မှုလုပ်ငန်းစဉ်၌ အသုံးပြုသောစက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကို၊ ဆိုခဲ့သည့်အတိုင်း ပေါက်ကွဲသည့်အရှိန်ကို ခံနိုင်အောင် တည်ဆောက်ထားခြင်း မရှိလျှင်၊ စက်၌၊ သို့တည်းမဟုတ် စက်ကိရိယာ၌ အပိတ်အဆို့များ (chokes)၊ အတားအဆီးများ (baffles)၊ လွှတ်ပေါက်များ (vents)၊ သို့တည်းမဟုတ် အခြားအလားတူ ထိရောက်စွာတားဆီးနိုင်သည့် ကိရိယာများ စီမံထားပေးခြင်းဖြင့် ပေါက်ကွဲခြင်းကို မပြန့်အောင်နှင့် ပေါက်ကွဲခြင်းကြောင့်ထိခိုက်သည့်အပျက်အစီးကို နည်းနိုင်သမျှ နည်းအောင် တားဆီးရန်အလို့ငှါ အစွမ်းကုန်စီမံဆောင်ရွက်ပေးရမည်။

(၃) မည်သည့်အလုပ်ရုံတွင်မဆို စက်၏၊ သို့တည်းမဟုတ် စ က်ကိရိယာ၏ အစိတ်အပိုင်းတွင် ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သော အခိုးသည်၎င်း၊ အငွေ့သည်၎င်း၊ သဘာဝလေအားထက်ကြီးသောတိုးအားရှိလျှင်၊ ထိုအစိတ်အပိုင်းကို အောက်ပါပြဋ္ဌာန်းချက်များ နှင့်မညီညွတ်လျှင် မဖွင့်ရ။

(က) စက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းနှင့် ဆက်သွယ်လျက်ရှိသော ပြွန်ဆက်ကို တင်းကြပ်ခြင်းမပြုမီ၊ သို့တည်းမဟုတ် ထိုအစိတ်အပိုင်းရှိ အပေါက်၏ တင်းကြပ်စွာ ပိတ်ထားသည့် အနုံးကိုမလျော့မီ ထိုအစိတ်အပိုင်းထဲသို့၊ သို့တည်းမဟုတ် ထိုပြွန်ထဲသို့ အခိုး၊ သို့တည်းမဟုတ် အငွေ့မဝင်အောင် အပိတ်အဆို့ဖြင့်ဖြစ်စေ၊ အခြားတနည်းနည်းဖြင့် ဖြစ်စေ၊ ထိရောက်စွာပိတ်ဆို့ထားရမည်။

(ခ) အထက်ဆိုခဲ့သည့်အတိုင်း တင်းကြပ်စွာပိတ်ဆို့ထားသည့် ပြွန်ဆက်၊ ပိတ်ဆို့ထားသည့် အပိတ်အဆို့ကိုမဖြုတ်မီပြွန်တွင်၊ သို့တည်းမဟုတ် စက်၏ အစိတ်အပိုင်းတွင်ရှိသော အခိုး၊ သို့တည်းမဟုတ် အငွေ့၏ တိုးအားကို သဘာဝလေတိုးအားနှင့် ညီအောင်လျော့ရန်အစွမ်းကုန်စီမံဆောင်ရွက်ရမည်။

(ဂ) အထက်ဆိုခဲ့သည့်အတိုင်း တင်းကြပ်ထားသည့် ပြွန်ဆက်၊ ပိတ်ဆို့ထားသည့် အပိတ်အဆို့ကိုလျော့ပြီးလျှင်၊ သို့တည်းမဟုတ် ဖြုတ်ပြီးလျှင်၊ ထိုအပိတ်အဆို့၊ သို့တည်းမဟုတ် ပြွန်ဆက်ကို ပြန်လည်တင်းကြပ်ခြင်း၊ သို့တည်းမဟုတ် ခိုင်ခံ့စွာပြန်လည် တပ်ဆင်ခြင်း၊ မပြုမီပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအခိုးကို၊ သို့တည်းမဟုတ်အငွေ့ကို ထိုပြွန်တွင်း သို့ဖြစ်စေ၊စက်၊ သို့တည်းမဟုတ် စက်ကိရိယာအစိတ်အပိုင်းအတွင်းသို့ဖြစ်စေ၊ မဝင်စေရန်ထိရောက်စွာစီမံထားရှိရမည်။

(၄) မည်သည့်အလုပ်ရုံတွင်မဆို ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သော အရာရှိသော၊ သို့တည်းမဟုတ် ရှိခဲ့ပြီးဖြစ်သော စက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်မှ ထိုအရာနှင့် ထိုအရာမှဖြစ်သော အခိုးအငွေ့များကို ပယ်ရှားရန်၊ သို့တည်းမဟုတ် ထိုအရာနှင့် အခိုးအငွေ့များကို မပေါက်ကွဲအောင်၊ သို့တည်းမဟုတ် မီးမတောက် လောင်အောင်ပြုရန် လုံလောက်စွာ စီမံဆောင်ရွက်ထားခြင်းမရှိလျှင်၊ ထို့ပြင်၊ စမ်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင်ထိစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ကိုစမ်းသပ်ပြီးနောက်၊ ထိုအရာတို့သည် ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့် အငွေ့မရှိကြောင်းစာဖြင့်ရေးရှု တာဝန်ခံ လက်မှတ်မထုတ်ပေးလျှင်၊ ထိုစက်ကို၊ သို့တည်းမဟုတ် လှောင်ကန်ကို၊ သို့တည်းမဟုတ် ခွက်ကို သံဂဟေဆော်ခြင်း (welding)၊ကြေးဂဟေဆော်ခြင်း (brazing)၊ သို့တည်းမဟုတ် ခဲဂဟေဆော်ခြင်း (soldering)၊ သို့တည်းမဟုတ် မီးအားဖြင့် ဖြတ်တောက်ခြင်းမပြုရ။ ဤကဲ့သို့ ဂဟေဆော်ခြင်း၊ ဖြတ်တောက်ခြင်းပြုပြီးသည့်နောက် စက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်စသည်များသည်၊ဆိုခဲ့သည့်အရာကို မီးမကူးနိုင်လောက်အောင်မအေးသေးမီ၊ ထိုစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ထဲသို့ ထိုအရာမရောက်စေရ။

(၅) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်သည် ထင်မြင်သည့် စည်းကမ်းချက်များထား၍ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ ဤပုဒ်မပါပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ နည်းဥပဒေများဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

မီးလောင်လျှင်၊ ဆောင်ရွက်ရမည့် စီမံချက်များ။

၄၀။ ။(၁) အလုပ်ရုံတိုင်းတွင် အကယ်၍ မီးလောင်လျှင် လွတ်မြောက်ရန်နည်းလမ်းများကို ပြဋ္ဌာန်းသည့်အတိုင်း စီမံထားရှိရမည်။ ဤကဲ့သို့ စီမံထားခြင်းမရှိဟု အင်စပက်တော်ကထင်မြင်လျှင်၊ အင်စပက်တော်သည် အလုပ်ရုံမန်နေဂျာထံသို့ အမိန့်စာချအပ်၍ ထိုအမိန့်စာတွင် အလုပ်ရုံကို ဤပုဒ်မနှင့်ငင်း၊ ဤပုဒ်မအရပြုသည့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ငင်း၊ ညီညွတ်စွာဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်သော စီမံချက်များဖေါ်ပြ၍ အမိန့်စာတွင်ဖေါ်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များဖေါ်ပြ၍ ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

(၂) အလုပ်ရုံတိုင်းတွင် အခန်းတခုခုမှ ထွက်နိုင်သည့်တံခါးများကို အခန်းတွင်း၌ လူတဦးတယောက်ရှိနေစဉ် အတွင်းမှ ရုတ်တရက် အလွယ်တကူမဖွင့်နိုင်အောင် သော့ခတ်ထားခြင်း၊ သို့တည်းမဟုတ် ပိတ်ထားခြင်းမပြုရ။ ထိုတံခါးများသည် အံထိုး တံခါးမျိုးမဟုတ်လျှင် အပြင်ဖွင့်တံခါးများဖြစ်ရမည်။

(၃) အလုပ်ရုံတိုင်းတွင် သာမန်အသုံးပြုသည့် ထွက်ပေါက်များမှ လွဲ၍၊ မီးလောင်လျှင် ထွက်နိုင်သည့် ပြွတင်းပေါက်၊ တံခါး၊ သို့တည်းမဟုတ် အခြားထွက်ပေါက်အသီးသီးတွင် အလုပ်သမားအများနားလည်သည့် စာဖြင့်ထင်ရှားစွာရေးထားသော အနီရောင်စာလုံးများနှင့်ဖြစ်စေ၊ အခြားကောင်းစွာ သိသာနိုင်သည့် အမှတ်အသားနှင့်ဖြစ်စေ၊ ထင်ရှားစွာ မှတ်သားထားရမည်။

(၄) မီးလောင်လျှင် အလုပ်ရုံတွင် ခိုင်းစေခံရသူတိုင်းကောင်းစွာ ကြားသိနိုင်အောင် အချက်ပေးကိရိယာများကို အလုပ်ရုံတိုင်းတွင် တပ်ဆင်ထားရမည်။

(၅) မီးလောင်လျှင် ထွက်ပေါက်များသို့ အလွယ်တကူသွားနိုင်သည့် လမ်းကိုအလုပ်ရုံအခန်းအသီးသီးရှိအလုပ်သမားအားလုံး အသုံ ပြုနိုင်ရန်ရှင်းလင်းထားရှိရမည်။

(၆) (က) အောက်ဆုံးထပ်၏ မည်သည့်နေရာတွင်မဆို၊ အလုပ်သမားနှစ်ဆယ်ထက် ပို၍ ခိုင်းစေသော အလုပ်ရုံအသီးသီး၌ဖြစ်စေ၊

(ခ) ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးအလွန် . တောက်လောင်စေတတ်သည့် ပစ္စည်းသိုလှောင်ထားသော၊ သို့တည်းမဟုတ် အသုံးပြုသော အလုပ်ရုံအသီးသီးတွင်ဖြစ်စေ၊

မီးလောင်လျှင် အသုံးပြုနိုင်သည့်ါသွက် ပေါက်များကို အလုပ်သမားအားလုံးသိနေစေရန်၎င်း၊ မီးလောင်လျှင် ထိုသူတို့ မီးဘေးမှလွတ်မြောက်အောင် လိုက်နာရမည့်နည်းလမ်းကိုကောင်းစွာ သင်ကြားပေးရန်၎င်း ထိရောက်စွာ စီမံဆောင်ရွက်ရမည်။

(၇) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတခုခုနှင့်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုနှင့်ဖြစ်စေ စပ်လျဉ်း၍ မီးလောင်လျှင်အသုံးပြုရန် စီမံထားရှိရမည့်ထွက်ပေါက်များနှင့်တကွ၊ မီးသတ်ကိရိယာအမျိုးအစားနှင့် အရေအတွက်ကို ပြဋ္ဌာန်းသည့်နည်းဥပဒေများပြုနိုင်သည်။

ချို့ယွင်းသော အစိတ်အပိုင်းများကို သီးခြားဖေါ်ပြရန် ဖြစ်စေ၊ခိုင်မခိုင်စမ်းသပ်ခြင်း ပြုရန် ဖြစ်စေ ဆင့်ဆိုနိုင်သည့် အာဏာ။

၄၁။ ။အလုပ်ရုံရှိအဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းသော်၎င်း၊ အလုပ်ရုံရှိလမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏ အစိတ်အပိုင်းသည်သော်၎င်း၊ လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့်အခြေအနေတွင် ရှိသည်ဟု အင်စပက်တော်က ထင်မြင်လျှင်၊ သတ်မှတ်သည့်နေ့ရက်မတိုင်မီ အောက်ဖေါ်ပြပါအတိုင်း ဆောင်ရွက်ရမည်ဟု အလုပ်ရုံမန်နေဂျာထံ အမိန့်စာချအပ်နိုင်သည်။

(က) ယင်းသို့သော အဆောက်အဦ၊ လမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ်စက်ကို ဘေးရန်ကင်းရှင်းစွာအသုံးပြုနိုင် မပြုနိုင် ဆုံးဖြတ်ရန်အတွက် လိုအပ်သည့်ပုံစံများ၊ အသေးစိတ်ဖေါ်ပြချက်များနှင့် အခြားအကြောင်းအရာများကို ပေးအပ်ရန်၊ သို့တည်းမဟုတ်

(ခ) အမိန့်တွင် ဖေါ်ပြသည့် စမ်းသပ်မှုများကို ဖေါ်ပြသည့် နည်းလမ်းအတိုင်းပြု၍၊ ထိုစမ်းသပ်မှုများမှ သိရှိရသည့်အကြောင်းအရာများကို အင်စပက်တော်ထံ အကြောင်းကြားရန်။

အဆောက်အဦများနှင့် စက်ကိရိယာများ ဘေးရန်ကင်းရှင်းမှု။

၄၂။ ။(၁) အလုပ်ရုံရှိအဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းသော်၎င်း၊ အလုပ်ရုံရှိလမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်သော်၎င်း၊ လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန် ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေအနေတွင်ရှိသည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ အင်စပက်တော်သည် အလုပ်ရုံမန်နေဂျာထံအမိန့်စာချမှတ်၍၊ ထိုအမိန့်စာတွင် လိုက်နာဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်ချက်များကို ဖေါ်ပြလျက်၊ အမိန့်စာတွင် ဖေါ်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များကိုဆောင်ရွက်ရမည်ဟုဆင့်ဆိုနိုင်သည်။

(၂) အလုပ်ရုံရှိ အဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ၏ အစိတ်အပိုင်းကို ဖြစ်စေ၊ အလုပ်ရုံရှိလမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းကိုဖြစ်စေ အသုံးပြုခြင်းသည် လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေမည့်ဆဲဆဲ၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့်ဆဲဆဲဖြစ်သည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ ထိုအဆောက်အဦစသည်များ၊ အစိတ်အပိုင်းများကို နေရာတကျပြင်ဆင်ခြင်း၊ သို့တည်းမဟုတ် ပြောင်းလဲပြုပြင်ခြင်းမပြုရသေးမီအသုံးမပြုရန်တားမြစ်သည့်အမိန့်စာကို အင်စပက်တော်က အလုပ်ရုံမန်နေဂျာထံချအပ်နိုင်သည်။

၄၃။ ။နိုင်ငံတော် သမတသည်၊ ဤအခန်းတွင် ဖော်ပြထားသော ကိစ္စများနှင့်ဆိုင်သည့် ကာကွယ်ချက်များအပြင်၊ အောက်ပါအချက်များနှင့် စပ်လျဉ်း၍ နောက်ထပ်ကာကွယ်ချက်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။ ဤအခန်းကို နောက်ထပ်ဖြည့်စွက်ရန် နိုင်ငံတော် သမတက နည်းဥပဒေများ ပြုနိုင်သည့် အာဏာ။

(က) သီးခြားဖြစ်သည့်စက်များ ဘေးရန်ကင်းရှင်းအောင် နောက်ထပ်ကာရံခြင်း။

(ခ) စက်လည်နေသည့်အခါ ဘေးအန္တရာယ်ဖြစ်စေတတ်သည့် စက်၏အစိတ်အပိုင်းကိုမပေါ်စေရန် ကာကွယ်သည့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်လျှင်၊ စက်ကိုရပ်စေသည့် ကိရိယာများကို စီမံထားရှိခြင်း။

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် စက်အစိတ်အပိုင်းနှင့် အလုပ်သမားကို မထိခိုက်နိုင်အောင်ပုံသေကာကွယ်ထားရန်မဖြစ်နိုင်လျှင်၊အလိုအလျောက်အကာအကွယ်ဖြစ်နိုင်သည့်အကာအကွယ်မျိုးများ စီမံထားရှိခြင်း။

(ဃ) စက်ပေါ်တင်၍ လုပ်ရသဖြင့်၊ စက်လည်နေစဉ် ဘေးအန္တရာယ်ဖြစ်စေတတ်သော အရာများကို ကာရံထားခြင်း၊ ထို့ပြင်

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက် စေရန်အလို့ငှါ သင့်တော်သည့်အခြားကိစ္စ။

အခန်း ၅။

သက်သာချောင်ချိရေး။

ဖွဲ့လျော်ဆေးကြောရန် လွယ်ကူမှု အခွင့်အလမ်း။

၄၄။ ။(၁) အလုပ်ရုံတိုင်းတွင်—

(က) အလုပ်သမားများဖွဲ့လျော်ဆေးကြောနိုင်ရန် သင့်တော်လုံလောက်သောလွယ်ကူမှုအခွင့်အလမ်းများကို စီမံထားရှိရမည်။

(ခ) ထိုလွယ်ကူမှု အခွင့်အလမ်းကို ယောကျ်ားအလုပ်သမားများနှင့် မိန်းမအလုပ်သမားများအတွက် သီးခြားခွဲ လုံလောက်စွာကာရံထားရှိရမည်။

(ဂ) ထိုလွယ်ကူမှုအခွင့်အလမ်းကို အလွယ်တကူ သွားလာဝင်ထွက်နိုင်အောင် စီမံခွဲသန့်ရှင်းစင်ကြယ်စွာထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတခုခုအတွက်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုအတွက်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ် တခုခုအတွက် ဖြစ်စေ၊ ဖွဲ့လျော်ဆေးကြောရန် သင့်တော်

လုံလောက်သော လွယ်ကူမှုအခွင့်အလမ်းများကို မည်သည့်ပုံစံအတိုင်း ထားရှိရမည်ဟု ပြဋ္ဌာန်းသည့် နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

အဝတ်များ ထားရန်နှင့် လှန်းရန်အခွင့် အလမ်းများ။

၄၅။ ။နိုင်ငံတော်သမတသည်၊ အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုတွင်ဖြစ်စေ၊ အလုပ်ချိန်အတွင်း မဝတ်သောအဝတ်များ ထားရန်နှင့် စိုစွတ်သော အဝတ်များလှန်းရန် သင့်တော်သော အခွင့်အလမ်းများ စီမံထားရန်ပြဋ္ဌာန်းသည့် နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

အလွယ်တကူ ထိုင်ရန်အခွင့် အလမ်းများ။

၄၆။ ။(၁) အလုပ်ရုံတိုင်းတွင် မတ်တတ်အလုပ်လုပ်ကြသော်ဟု အလုပ်သမား အားလုံး သည် မိမိတို့အလုပ်လုပ်နေစဉ်အခါ နားခွင့်ကြိုက နားနိုင်ရန်အလို့ငှါ၊ ထိုင်ရန်အခွင့်အလမ်းများကို သင့်တော်အောင် စီမံထားပေးရမည်။

(၂) အလုပ်ရုံတွင် သီးခြားဖြစ်သော ပြုလုပ်မှုလုပ်ငန်းစဉ်၌ ဖြစ်စေ၊ သီးခြား ဖြစ်သော အခန်း၌ဖြစ်စေ၊ အလုပ်လုပ်သော အလုပ်သမားများသည် ထိုင်လျက်ပင် အလုပ်လုပ်နိုင်သည်ဟု အင်စပက်တော်ချုပ်က ထင်မြင်သဘောရရှိလျှင်၊ ထိုသီးခြားဖြစ်သော ပြုလုပ်မှု လုပ်ငန်းစဉ်၌၊ သို့တည်းမဟုတ် သီးခြားဖြစ်သောအခန်း၌ အလုပ်လုပ်သောအလုပ်သမား အားလုံးအတွက် အလွယ်တကူထိုင်ရန် အခွင့်အလမ်းများကို သတ်မှတ်သည့်နှေ့ရက်မတိုင်မီ တတ်နိုင်သရွေ့ စီမံထားပေးရမည်ဟု လုပ်ငန်းပိုင်ရှင်အား အမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

(၃) ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များသည်၊ သီးခြားဖေါ်ပြထားသည့် အလုပ်ရုံနှင့်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားနှင့်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်နှင့်ဖြစ်စေ၊ မသက်ဆိုင်ရဟူ၍ နိုင်ငံတော်သမတကအမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

သူနာပြုကိရိယာများ။

၄၇။ ။(၁) အလုပ်ရုံတိုင်းတွင် ပြဋ္ဌာန်းထားသည့် ပစ္စည်းများထည့်ထားသော သူနာပြုဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးကို အလုပ်ချိန်အတွင်း အလွယ်တကူအသုံးပြုနိုင်ရန် အင်စပက်တော်က ညွှန်ကြားသည့် သင့်လျော်သောနေရာတွင် အလုပ်ရုံမန်နေဂျာက အသင့်စီမံထားရှိရမည်။ အလုပ်သမားတရာ့ငါးဆယ်ထက်ပို၍ ခိုင်းစေလျှင်၊ နောက်ထပ်အလုပ်သမား တရာအတွက်၊ သို့တည်းမဟုတ် ထိုထက်နည်းသော နောက်ထပ်အလုပ်သမားများအတွက်၊ နောက်ထပ်ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးထားရှိရမည်။

(၂) ပြဋ္ဌာန်းထားသည့် ပစ္စည်းများမှလွဲ၍၊ အခြားမည်သည့်အရာကိုမျှ ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းထားသည့် သူနာပြုဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတွင်မထားရ။ထို့ပြင် ထိုသူနာပြုဆေးသေတ္တာနှင့် ဆေးဘီရိုများကို၊ သူနာပြုအတတ်တတ်မြောက်ပြီးသော တာဝန်ခံ တယောက်၏လက်အောက်တွင် ထားရှိရမည်။ ထိုသူသည် အလုပ်ချိန်တွင်အမြဲရှိရမည်။

(၃) အလုပ်သမား ငွေစရာငါးဆယ်ထက်ပို၍ ခိုင်းစေသော အလုပ်ရုံတိုင်းတွင် ပြဋ္ဌာန်းထားသည့်ပစ္စည်းများနှင့်တကွ ပြဋ္ဌာန်းသည့်အကျယ်အဝန်းရှိသော သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုထားရှိရမည်။ ထိုသူနာပြုခန်းကို၊ သို့တည်းမဟုတ် ဆေးပေးရုံကို ပြဋ္ဌာန်းထားသည့် ဆရာဝန်နှင့် သူနာပြုဆရာများက ကြိုးကြပ်စီမံရမည်။

အလုပ်သမားများအတွက် ဆိုင်များ။

၄၈။ ။(၁) နိုင်ငံတော်သမတသည်၊ သာမန်အားဖြင့် အလုပ်သမား ငွေစရာငါးဆယ်ထက်ပို၍ခိုင်းစေသော သီးခြားသတ်မှတ်ထားသည့် အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစားတခုခုတွင်၊ အလုပ်သမားများ ဝယ်ယူသုံးစွဲနိုင်ရန်အလို့ငှါ၊ လုပ်ငန်းပိုင်ရှင်က လုံလောက်သော ဆိုင်တဆိုင်ထားရှိပေးရမည်ဟု ပြဋ္ဌာန်းသောနည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(၂) အထက်ဆိုခဲ့သည့် အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အဆိုပါ နည်းဥပဒေများသည် အောက်ပါတို့ကိုပြဋ္ဌာန်းနိုင်သည်။

(က) ဆိုခဲ့သည့်ဆိုင်ဖွင့်လှစ်မည့်နေ့ရက်၊

(ခ) ဆိုင်ကိုဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်းထားရှိရမည့်စံနစ်၊ ဆိုင်တွင်ထားရှိ ရမည့် ဆိုင်သုံးပရိဘောဂများနှင့် အခြားပစ္စည်းများ၊

(ဂ) ဆိုင်တွင်ရောင်းချမည့် အစားအစာနှင့် ထိုအစားအစာအတွက် တောင်းခံရမည့် အဘိုးနှုန်းများ၊ ထို့ပြင်

(ဃ) ဆိုင်ကိုစိစစ်အုပ်ချုပ်ရန် ကော်မိတီဖွဲ့စည်းခြင်းနှင့် ထိုကော်မိတီတွင် အလုပ်သမား များ၏ ကိုယ်စားလှယ်ပါဝင်စေခြင်း။

အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် အစာစားခန်းများ။

၄၉။ ။(၁) သာမန်အားဖြင့် အလုပ်သမားတရာထက်ပို၍ခိုင်းစေသော အလုပ်ရုံတိုင်းတွင်၊ အလုပ်သမားများအသုံးပြုရန် သင့်တော်လုံလောက်သော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများနှင့် အလုပ်သမားများမိမိတို့ယူဆောင်လာသော အစာကိုစားနိုင်ရန် သောက်ရေ နှင့်တကွ သင့်တော်လုံလောက်သော အစာစားခန်းစီမံထားရှိရမည်။

သို့ရာတွင် ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဖွင့်ထားသည့်ဆိုင်သည်၊ ဤပုဒ်မခွဲအရ လိုအပ်သည့်စီမံချက်၏ တစိတ်တဒေသဖြစ်သည်ဟု ယူဆရမည်။ ထို့ပြင်အစာစားခန်းရှိလျှင် အလုပ် ခန်းဌာ မည်သည့်အလုပ်သမားမျှ အစာမစားရ။

(၂) ပုဒ်မခွဲ (၁) အရ စီမံထားရှိရမည့် အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ် နားခန်းများ၊ သို့တည်းမဟုတ် အစာစားခန်းများကို အလင်းရောင်နှင့် လေလုံလောက်စွာ ရရှိ အောင်လည်း စီမံထားရှိရမည်။ ထို့ပြင် ထိုအလုပ်နားရုံ စသည်များကို တတ်နိုင်သမျှအေးချမ်းသန့်ရှင်း စင်ကြယ်အောင်ထားရမည်။

(၃) နိုင်ငံတော်သမတသည်—

(က) ဤပုဒ်မအရ ထားရှိရမည့် အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် အစာစားခန်း များကို ဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်းထားရှိရမည့်စံနစ်၊ ထိုအလုပ် နားရုံစသည်များတွင် ထားရှိရမည့် ပရိဘောဂနှင့် အခြားပစ္စည်း များကို ပြဋ္ဌာန်းနိုင်သည်။

(ခ) ပြန်တမ်းတွင် အမှန်ကြော်ငြာစာထုတ်ပြန်၍ အလုပ်ရုံတခုခုကိုသော်၎င်း၊ အလုပ်ရုံ အမျိုးအစားတခုခုကိုသော်၎င်း၊ ဤပုဒ်မရှိ လိုအပ်ချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

ကလေးထိန်းခန်းများ။

၅၀။ ။(၁) သာမန်အားဖြင့် မိန်းမငါးဆယ်ထက်ပို၍ ခိုင်းစေသောအလုပ်ရုံတိုင်းတွင် ထိုမိန်းမများ၏ ခြောက်နှစ်အောက်ရှိသော ကလေးများ အတွက် သင့်တော်သော အခန်းတခု၊ သို့တည်းမဟုတ် အခန်းများသီးသန့်စီမံထားရှိရမည်။

(၂) ထိုအခန်းတွင် လုံလောက်သော နေရာထိုင်ခင်းများ ထားရှိရမည်။ ထိုအခန်းကို အလင်းရောင်နှင့် လေလုံလောက်စွာရရှိအောင်လည်း စီမံထားရမည်။ အခန်းကိုသန့်ရှင်းစင်ကြယ် စွာလည်း ထားရှိရမည့်ပြင်၊ ကလေးသူငယ်များပြုစုရေးဌာ တတ်မြောက်ကျွမ်းကျင်သော မိန်းမများက ကြီးကြပ်စီမံစေရမည်။

(၃) နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကိုပြဋ္ဌာန်းနိုင်သည်။

(က) ဤပုဒ်မအရ ထားရှိရမည့် အခန်းတည်နေရာ၊ ဆောက်လုပ်ရမည့်ပုံစံ၊ နေရာတိုင်ခင်း ထားရမည့်စံနှုန်း၊ ထိုအခန်းတွင်ထားရှိရမည့် ပရိဘောဂနှင့် အခြားပစ္စည်းများကို ပြဋ္ဌာန်းသည့်နည်းဥပဒေများ။

(ခ) မိန်းမအလုပ်သမားများ၏ ကလေးများ၏ အဝတ်ဖွပ်လျှော်ရန်နှင့် အဝတ်လဲရန် သင့်တော်သော စီမံချက်များအပါအဝင်ဖြစ်သည့် ကလေးများပြုစုရေးအတွက် နောက်ထပ်စီမံချက်များကို ဤပုဒ်မနှင့် သက်ဆိုင်သော အလုပ်ရုံများတွင် ပြုရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများ။

(ဂ) အလုပ်ရုံတွင် ထိုကလေးများအတွက် နို့ဖြစ်စေ၊ အစားအစာဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ၊ အခမဲ့ပေးရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများ။

(ဃ) အလုပ်ရုံတွင် ထိုကလေးများကို မိခင်များကနို့တိုက်ရန် လိုအပ်သည့်အတိုင်း၊ အချိန်ခြား၍ နို့တိုက်နိုင်စေရန် စီမံချက်များပြုရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများ။

ဤအခန်းကို ဖြည့်စွက်ရန် နည်းဥပဒေများပြုနိုင်သည့် နိုင်ငံတော်သမတ၏ အာဏာ။

၅၁။ ။(၁) အလုပ်လုပ်ရသည့် အခြေအနေများကြောင့်ဖြစ်စေ၊ ပြုလုပ်မှု လုပ်ငန်းစဉ် အမျိုးအစားကြောင့်ဖြစ်စေ၊ အလုပ်သမားတို့၏၊ သို့တည်းမဟုတ် အလုပ်သမားအမျိုးအစားတခုခု၏ သက်သာချောင်ချိရေးအတွက်၊ ဤအခန်းနှင့်သက်ဆိုင်သည့်ကိစ္စများအနက် ကိစ္စတခုခုနှင့်စပ်လျဉ်း၍ နောက်ထပ်ပြဋ္ဌာန်းရန် လိုအပ်သည်ဟုထင်မြင်လျှင်၊ နိုင်ငံတော်သမတသည် အလုပ်သမားများ၏၊ သို့တည်းမဟုတ် အလုပ်သမား အမျိုးအစားတခုခု၏ သက်သာချောင်ချိရေးအတွက် လျော်ကန်သင့်မြတ်သော စီမံဆောင်ရွက်မှုများ ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုနိုင်သည်။ ထိုပြဋ္ဌာန်းချက်များသည် ဤအခန်းရှိ အထက်ပါပုဒ်မများအနက်၊ ပုဒ်မတခုခုကိုဖြည့်စွက်သောပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ် ထိုပုဒ်မအစားအသစ်ထည့်သွင်းသော ပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ် ထိုပုဒ်မကိုတိုးချဲ့သော ပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ် ထိုပုဒ်မကိုပြောင်းလဲသောပြဋ္ဌာန်းချက်ဖြစ်နိုင်သည်။ ထို့အပြင်အလုပ်သမားများ၏၊ သို့တည်းမဟုတ် အလုပ်သမားအမျိုးအစားတခုခု၏ သက်သာချောင်ချိရေးအတွက် အခြားအလားတူကိစ္စများနှင့် စပ်လျဉ်း၍လည်းနည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) ထိုနည်းဥပဒေများကို အလုပ်ရုံတခုခုအတွက်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုအတွက်ဖြစ်စေပြုနိုင်သည်။

(ခ) ထိုနည်းဥပဒေများကို သီးခြားဖြစ်သောလိုအပ်ချက်များနှင့် စပ်လျဉ်း၍ သီးခြားသတ်မှတ်ထားသော အမျိုးအစားရှိသော သက်ဆိုင်ရာ အလုပ်သမား များကလျှောက်ထားသည့်အလျောက် ပြုနိုင်သည်။ ထို့ပြင်အလုပ်သမားတို့၏ထင်မြင်ယူဆချက်များကို သိရှိအောင်ပြုရမည့် နည်းလမ်းကိုလည်း ထိုနည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

(ဂ) အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုတွင်ဖြစ်စေ၊ အလုပ်သမားတို့၏ သက်သာချောင်ချိရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်ရာ၌ အလုပ်သမားများ၏ကိုယ်စားလှယ်များကို ပါဝင်စေရမည်ဟု ထိုနည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

(၂) ထိုနည်းဥပဒေများဖြင့် လုပ်ငန်းပိုင်ရှင်များအတွက် တာဝန်ဝတ်တရားများကိုလည်း၊ သက်သာချောင်ချိရေးစီမံချက်များ၏ အကျိုးကို ခံစားမှုနှင့်စပ်လျဉ်း၍ အလုပ်သမားတို့၏ တာဝန်ဝတ်တရားများကိုလည်း၊ သတ်မှတ်နိုင်သည်။

အခန်း ၆။

အထူးသက်ဆိုင်စေခြင်း။

ဘေးအန္တရာယ်ဖြစ်စေတတ်သည့်အလုပ်များ။

၅၂။ ။အလုပ်ရုံတွင်လုပ်ရသည့် အလုပ်သည်၊ အလုပ်သမားတို့၏ ကိုယ်အင်္ဂါကို ထိခိုက်နာကျင်စေမည့်၊ သို့တည်းမဟုတ် အလုပ်သမားများကို အဆိပ်မိစေမည့်၊ သို့တည်းမဟုတ်ရောဂါဖြစ်စေမည့်လက္ခဏာရှိသည့်အလုပ်ဖြစ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိလျှင်၊ အလုပ်လုပ်နေသည့်အလုပ်ရုံတခုခုနှင့်သော်၎င်း၊ အလုပ်ရုံအမျိုးအစားတခုခုနှင့်သော်၎င်း၊ သက်ဆိုင်သည့် နည်းဥပဒေများကိုပြုနိုင်သည်။ ထိုနည်းဥပဒေများဖြင့်—

(က) အလုပ်ကိုသီးခြားသတ်မှတ်၍ ဘေးအန္တရာယ်ဖြစ်စေတတ်သော အလုပ်ဖြစ်သည်ဟုပြဋ္ဌာန်းနိုင်သည်။

(ခ) ထိုအလုပ်တွင် မိန်းမများအား၊ သို့တည်းမဟုတ် လူရွယ်များအား၊ သို့တည်းမဟုတ် ကလေးများအား ခိုင်းစေခြင်းကိုတားမြစ်နိုင်သည်၊ သို့တည်းမဟုတ် ကန့်သတ်နိုင်သည်။

(ဂ) ထိုအလုပ်တွင်ခိုင်းစေခံရသော အလုပ်သမားများကိုသော်၎င်း၊ ထိုအလုပ်တွင် လုပ်ရန် လျောက်ထားသူများကိုသော်၎င်း၊ ကာလအပိုင်းအခြားနှင့်ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုပြုရန်အတွက် ပြဋ္ဌာန်းနိုင်သည့်ပြင် ထိုအလုပ်တွင် လုပ်ရန် သင့်တော်ကြောင်း ဆေးလက်မှတ်မရသူများကို မခိုင်းစေရဟုလည်း တားမြစ်နိုင်သည်။

(ဃ) ထိုအလုပ်တွင်ခိုင်းစေခံရသူအားလုံးကိုဖြစ်စေ၊ ထို့အလုပ်လုပ်ရာ နေရာများအနိုင်ခိုင်းစေခံရသူ အားလုံးကိုဖြစ်စေ၊ ကာကွယ် စောင့်ရှောက်ပေးရန် ပြဋ္ဌာန်းနိုင်သည်။

(င) အလုပ်နှင့်စပ်လျဉ်း၍ သီးခြားဖေါ်ပြပါ ပစ္စည်းများ၊ သို့တည်းမဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်များ အသုံးပြုခြင်းကို၊ တားမြစ်နိုင်သည်၊ ကန့်သတ်နိုင်သည်၊ သို့တည်းမဟုတ် ကြိုးကြပ်အုပ်ချုပ်နိုင်သည်။

မတော်တဆထိခိုက်မှုများကို နှိုတစ်စာပေးပို့ခြင်း။

၅၃။ ။အလုပ်ရုံတွင် မတော်တဆထိခိုက်၍ သေဆုံးလျှင်သော်၎င်း၊ ကိုယ်အင်္ဂါထိခိုက်နာကျင်ပြီးနောက် လေးဆယ့်ရှစ်နာရီမျှ၊ သို့တည်းမဟုတ် လေးဆယ့်ရှစ်နာရီထက်ပို၍ အလုပ်ရုံတွင် အလုပ်မလုပ်နိုင်လျှင်သော်၎င်း၊ ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမျိုးအစားဖြစ်သော မတော်တဆ ထိခိုက်မှုဖြစ်လျှင်သော်၎င်း၊ အလုပ်ရုံမန်နေဂျာသည် ဆိုခဲ့သည့်အတိုင်း မတော်တဆ ထိခိုက်သည့်အကြောင်းကို ပြဋ္ဌာန်းသည့်ပုံစံဖြင့် နှိုတစ်စာရေးသား၍ ပြဋ္ဌာန်းသည့်အချိန်အတွင်း ပြဋ္ဌာန်းသည့်အာဏာပိုင်တို့ထံပေးပို့ရမည်။

ရောဂါများဖြစ်ပွားကြောင်းကို နှိုတစ်စာပေးပို့ခြင်း။

၅၄။ ။(၁) အလုပ်ရုံတွင် အလုပ်လုပ်သော၊ အလုပ်သမားတဦးဦးကို အလုပ်သမားလျော်ကြေးအက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖေါ်ပြထားသည့် ရောဂါတမျိုးမျိုးစွဲကပ်လျှင်၊ ထိုသို့စွဲကပ်ကြောင်းကို၊ အလုပ်ရုံမန်နေဂျာက အင်စပက်တော်ချုပ်ထံသို့ပင်၊ အလုပ်ရုံတည်ရှိရာခရိုင်အတွက်တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ထံသို့ပင်၊ ပြဋ္ဌာန်းသည့်ပုံစံဖြင့် ပြဋ္ဌာန်းသည့်အကြောင်းအရာများဖေါ်ပြလျက် ပြဋ္ဌာန်းသည့်အချိန်အတွင်း နှိုတစ်စာပေးပို့ရမည်။

(၂) မှတ်ပုံဝင်ဆရာဝန်တဦးဦးသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖေါ်ပြထားသည့် ရောဂါတမျိုးမျိုးစွဲကပ်နေသည်၊ သို့တည်းမဟုတ် စွဲကပ်နေသည်ဟု

မိမိယုံကြည်သည့်အလုပ်ရုံ၌ အလုပ်လုပ်သူကို၊သို့ဟုတ်မဟုတ် အလုပ်လုပ်ခဲ့သူကိုဆေးကုသနေလျှင်ထို ဆရာဝန်သည် အင်စပက်တော်ချုပ်ရုံးသို့အောက်ပါအချက်များဖေါ်ပြသည့် အစီရင်ခံစာပေးပို့ရမည်။

(က) သူနာ၏အမည်နှင့် နေရပ်အပြည့်အစုံ။

(ခ) မိမိသဘောအရ သူနာစွဲကပ်နေသည့် ရောဂါ၏အမည်။

(ဂ) သူနာအလုပ်လုပ်နေသည့်၊ သို့တည်းမဟုတ် အလုပ်လုပ်ခဲ့သည့်အလုပ်ရုံ၏အမည် နှင့် နေရပ်အပြည့်အစုံ။

(၃) ထိုဆရာဝန်မှာ ဤပုဒ်မအရပေးပို့သော အစီရင်ခံစာနှင့်စပ်လျဉ်း၍၊ ပြဋ္ဌာန်းသည့်အခ ကိုရနိုင်ခွင့်ရှိသည်။

(၄) မှတ်ပုံဝင် ဆရာဝန်တဦးတယောက်သည် ပုဒ်မခွဲ(၂)ပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ထိုဆရာဝန်သည် ငွေငါးဆယ်ထက်မပိုသော ဒဏ်စီရင် ခြင်းခံရမည်။

မတော်တဆ ထိခိုက်မှုများ နှင့် ရောဂါ ဖြစ်ပွားမှုများ ကို စုံစမ်း စစ်ဆေးရန် ဆင့်ဆိုနိုင် သည့်အာဏာ။

၅၅။ ။(၁) နိုင်ငံတော်သမတသည် အလုပ်ရုံတွင် မတော်တဆ ထိခိုက်မှုများကိုဖြစ်စေ၊ အလုပ်ရုံတွင်ထိခိုက်သည့်၊ သို့တည်းမဟုတ် ထိခိုက်သည်ဟုထင်ရသည့် အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ ဇယား ၃ တွင်သီးခြားဖေါ်ပြထားသော ရောဂါအကြောင်းကိုဖြစ်စေ၊ စုံစမ်းစစ်ဆေး ရန်အရည်အချင်းရှိသူကို ခန့်ထားရန်လိုအပ်သည်ဟု ထင်မြင်လျှင်ခန့်ထားနိုင်သည့်ပြင်၊ ထိုသို့စုံစမ်း စစ်ဆေးရာ၌ အဆက်ဆာလူကြီးအဖြစ် ဆောင်ရွက်ရန်ဥပဒေနားလည်သူ၊ သို့တည်းမဟုတ် ဤကိစ္စ၌ အထူးနားလည်သူတဦးဖြစ်စေ၊ တဦးထက်ပို၍ဖြစ်စေခန့်ထားနိုင်သည်။

(၂) ဤပုဒ်မအရ စုံစမ်းစစ်ဆေးရန် ခန့်ထားခံရသူသည် သက်သေများတက်ရောက်စေရန် နှင့်စာချုပ်စာတမ်းများ၊ အရေးကြီးသည့်ပစ္စည်းများ တင်ပြစေရန် အတင်းအကြပ်ပြုရန် ကိစ္စများ အတွက်၊ တရားမကျင့်ထုံးဥပဒေအရ တရားမရုံး၏အာဏာများကို ရရှိရမည့်ပြင် ဤအက်ဥပဒေအရ အင်စပက်တော်၏အာဏာများကိုလည်း စုံစမ်းစစ်ဆေးရာ၌ လိုအပ်သည့်အတိုင်း သုံးစွဲနိုင်သည်။ ထို့ပြင် စုံစမ်းစစ်ဆေးသူက အကြောင်းအရာတခုခုကို ထုတ်ဖေါ်တင်ပြရမည်ဟု ဆင့်ဆိုခံရသူမှာ၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၆ အရ ထိုအကြောင်းအရာကို ထုတ်ဖေါ်တင်ပြရန် တရားဥပဒေအရ တာဝန်ရှိသည်ဟုမှတ်ယူရမည်။

(၃) ဤပုဒ်မအရ စုံစမ်းစစ်ဆေးသူသည် နိုင်ငံတော်သမတထံသို့ အစီရင်ခံစာ တင်သွင်း ရမည်။ ထိုအစီရင်ခံစာတွင် မတော်တဆထိခိုက်မှု၏၊ သို့တည်းမဟုတ် ရောဂါဖြစ်ပွားမှု၏အကြောင်း ရင်းနှင့် ဖြစ်ပျက်ပုံအကြောင်းအရာများကို ဖေါ်ပြရမည့်ပြင်၊ စုံစမ်းစစ်ဆေးသူကဖြစ်စေ၊ အဆက်ဆာ လူကြီးတဦးဦးကဖြစ်စေ၊ သင့်တော်သည်ထင်မြင်သည့်အတိုင်း ရေးမှတ်သည့်မှတ်ချက်လည်း ပါရှိ နိုင်သည်။

(၄) နိုင်ငံတော်သမတသည်၊ဤပုဒ်မအရ တင်သွင်းသောအစီရင်ခံစာကိုဖြစ်စေ၊ထိုအစီရင်ခံ စာမှကောက်နုတ်ချက်များကိုဖြစ်စေ၊ပုံနှိပ်ထုတ်ဝေသင့်သည်ဟု ထင်မြင်လျှင် ပုံနှိပ်ထုတ်ဝေနိုင်သည်။

(၅) နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရပြုသည့် စုံစမ်းစစ်ဆေးမှုများ၌ လိုက်နာဆောင် ရွက်ရန် စည်းမျဉ်းကိုသတ်မှတ်သည့် နည်းဥပဒေများပြုနိုင်သည်။

နမူနာယူရန် အာဏာ။

၅၆။ ။(၁) အလုပ်ရုံတွင် အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုရန် ကြံရွယ်သည့် မည်သည့်ပစ္စည်းမဆို—

(က) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကို သော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဆန့်ကျင်သည့်ပစ္စည်းဖြစ်သည် ဟုအင်စပက်တော်က ယုံကြည်လျှင်ဖြစ်စေ၊

(ခ) ထိုပစ္စည်းသည် အလုပ်ရုံရှိ အလုပ်သမားများ၏ ကိုယ်အင်္ဂါကို ထိခိုက်နာကျင်ရန်၊သို့တည်းမဟုတ် ကျန်းမာရေးကို ထိခိုက်ရန် လက္ခဏာ ရှိသည်ဟု အင်စပက်တော်က ထင်မြင်သဘောရရှိလျှင်ဖြစ်စေ

အင်စပက်တော်သည်၊ လုပ်ငန်းပိုင်ရှင်ကိုသော်ထင်း၊ အလုပ်ရုံမန်နေဂျာကိုသော်ထင်း၊ အခါအားလျော်စွာ အလုပ်ရုံကို ကြီးကြပ်အုပ်ချုပ် နေသူကိုသော်ထင်း၊ အကြောင်းကြားပြီးသည့်နောက်၊ အလုပ်ရုံ၏ သာမန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို၊ ထိုဆိုခဲ့သည့် ပစ္စည်း၏ နမူနာကို အောက်တွင် ပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်း လုံလောက်စွာ ယူနိုင်သည်။

(၂) အင်စပက်တော်သည်၊ ပုဒ်မခွဲ (၁)အရ နမူနာကို ယူသည့်အခါ၊ ထိုပုဒ်မခွဲအရ အကြောင်းကြားခံရသူက လာရောက်ရန် တမင်သက်သက် ပျက်ကွက်သည့်အခါမှတပါး၊ ထိုသူ၏ ရှေ့တွင် နမူနာကို သုံးစိတ်စိတ်၍ လုံခြုံစွာပိတ်ပြီးလျှင် သင့်လျော်စွာ တံဆိတ်ခပ်နှိပ် ထားရမည်။ ထိုနောက် ထိုသူအား သူ၏တံဆိပ်ဖြင့် ခပ်နှိပ်မှတ်သားခြင်းကိုလည်း ခွင့်ပြုရမည်။

(၃) ဤပုဒ်မအရ ယူသောနမူနာကို ခွဲစိတ်ရန်၊ ပိတ်ရန်နှင့် မှတ်သားရန် ကိရိယာများ ထားရှိရမည်ဟူ အင်စပက်တော်ကဆိုခဲ့သည့် အကြောင်းကြားခံရသူအား ဆင့်ဆိုလျှင်၊ ထိုသူသည် ထိုကိရိယာများကို ထားရှိရမည်။

(၄) အင်စပက်တော်သည်—

(က) နမူနာအစိတ်တစိတ်ကို ပုဒ်မခွဲ (၁)အရ၊ အကြောင်းကြားခံရသူအား ချက်ခြင်းပေးရမည်။

(ခ) အစိတ်တစိတ်ကို အစိုးရ ဓါတုဗေဒအရာရှိထံ ဓါတ်ခွဲရန်၊ ဓါတ်ခွဲခြင်းနှင့် စပ်လျဉ်း၍ အစီရင်ခံရန် ချက်ခြင်း ပေးပို့ရမည်။

(ဂ) ကျန်အစိတ်တစိတ်ကို၊ ပစ္စည်းနှင့် စပ်လျဉ်း၍ တရားစွဲဆိုလျှင် တရားစွဲဆိုသည့် တရားရုံးတွင် တင်ပြရန်အတွက်ယူထားရမည်။

(၅) ဤပုဒ်မအရ ဓါတ်ခွဲရန်နှင့် အစီရင်ခံရန် ပေးပို့သော ပစ္စည်းနှင့် စပ်လျဉ်း၍ အစိုးရ ဓါတုဗေဒအရာရှိ လက်မှတ်ထိုးထားသော အစီရင်ခံစာဟု ဆိုလိုသောစာတမ်း အမှတ်အသားကို၊ ဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ စွဲဆိုသည့်အမှုအခင်းတခုခုတွင်၊ ထိုစာတမ်းအမှတ်အသားဖြင့် ဖေါ်ပြထားသည့်ကိစ္စများအတွက် သက်သေခံချက်အဖြစ်ဖြင့် အသုံးပြုနိုင်သည်။ သို့ရာတွင်တရားလို၊တရားခံနှစ်ဦးစလုံးကပင် ဓါတ်ခွဲသူအား သက်သေအဖြစ် ခေါ်ယူရန်လျှောက်ထားနိုင်သည်။

(၆) ဤအက်ဥပဒေအရ ပြစ်မှုအတွက် တရားစွဲဆိုရန်အလို့ငှါ လိုအပ်သည်မှတပါး၊ တဦးဦးသောသူက ဤပုဒ်မအရ ဓါတ်ခွဲကြည့်၍ သိရသောအရာကို၊ ပုံနှိပ်ထုတ်ဝေခြင်း၊ သို့တည်းမဟုတ် တဦးဦးသောသူအား ထုတ်ဖေါ်ပြောဆိုခြင်းသည်၊ တရားဥပဒေနှင့် ဆန့်ကျင်သည်ဟု ယူဆရမည်။ ထို့ပြင် မည်သူမဆို ဤပုဒ်မခွဲကို ဆန့်ကျင်၍ပြုလျှင်၊ ထိုသူသည်သုံးလထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

အဆောက်အဦတည်ဆောက်ခြင်းနှင့် အခြားအင်ဂျင်နီယာအလုပ်များ။

၅၇။ ။(၁) ဤအက်ဥပဒေရှိ ပုဒ်မအားလုံးသည်၊ သို့တည်းမဟုတ် ပုဒ်မအချို့သည်၊ ကုန်သွယ်ရေးအတွက်ဖြစ်စေ၊ စီးပွါးရေးအတွက်ဖြစ်စေ၊ စက်မှုလက်မှု လုပ်ငန်းအတွက် ဖြစ်စေ၊ အဆောက်အဦ တည်ဆောက်ခြင်းအလုပ်နှင့် အခြားအင်ဂျင်နီယာ အလုပ်များနှင့်ဝင်း၊ ထိုအလုပ်များအတွက်အသုံးပြုသည့် (မီးရထားလမ်း၏၊ သို့တည်းမဟုတ် ဓါတ်ရထားလမ်း၏ အစိတ်အပိုင်းမဟုတ်သော) မီးရထားလမ်း၊ သို့တည်းမဟုတ် မီးရထားလမ်းလွှဲတို့နှင့်ဝင်း၊ သက်ဆိုင်စေရမည်ဟု နိုင်ငံတော်သမတက နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။ ထို့ပြင် အဆောက်အဦ တည်ဆောက်ခြင်း

အလုပ်နှင့် အခြားအင်ဂျင်နီယာ အလုပ်များသည် ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အလုပ်မျိုးဖြစ်သည်ဟု နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည်ပြင်၊ ထိုအလုပ်များတွင် ခိုင်းစေခံရသူတို့နှင့် သက်ဆိုင်သောနည်းဥပဒေများကိုလည်း ပြုနိုင်သည်။

(၂) " အဆောက်အဦ တည်ဆောက်ခြင်းအလုပ် " ဆိုသည်မှာ၊ အဆောက်အဦကို တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပြုပြင်ခြင်း၊ အဆောက်အဦ ဖြိုဖျက်ခြင်းမှစ၍ အဆောက်အဦတည်ဆောက်ရန် ပြင်ဆင်ခြင်းနှင့် အုပ်မြစ်ချခြင်းကို ဆိုလိုသည်။

(၃) " အင်ဂျင်နီယာအလုပ်များ " ဆိုသည်မှာ၊ မီးရထားလမ်း၊ မီးရထားလမ်းလွှဲ၊ ပင်လယ်ကူးသင်္ဘောကျင်း၊ပင်လယ်ကူးသင်္ဘောဆိပ်၊ လေယာဉ်ပျံကွင်း၊ ပြည်တွင်းရေကြောင်းလမ်း၊ လိုဏ်ခေါင်းလမ်း၊ တံတားအမျိုးမျိုး၊ ရေပေးကန်၊ ရေလှောင်ကန်၊ ပြွန်လမ်း၊ ရေသွယ်မြောင်း၊ အညစ်အကြေးရေမြောင်း၊ လမ်းအမျိုးမျိုးနှင့် နိုင်ငံတော်သမတ ပြဋ္ဌာန်းသည့် အခြားအလားတူ အဆောက်အဦများကို တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်း၊ သို့တည်းမဟုတ် ဖြိုဖျက်ခြင်းကိုဆိုလိုသည်။

(၄) ထိုအလုပ်သမားများသည်၊ သို့တည်းမဟုတ် လုပ်ရာနေရာ များသည် အလုပ်ရုံများဖြစ်ဘိသကဲ့သို့ရှင်း၊ ထိုအလုပ်၏ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံ၏လုပ်ငန်းပိုင်ရှင် ဖြစ်ဘိသကဲ့သို့ရှင်း၊ ထိုအလုပ်တွင် ခိုင်းစေခံရသူသည်၊ ဤအက်ဥပဒေတွင် အဓိပ္ပါယ် ဖေါ်ပြထားသည့်အတိုင်း အလုပ်သမားဖြစ်ဘိသကဲ့သို့ရှင်း၊ ဤအက်ဥပဒေအလို့ငှါ ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

ပင်လယ်ကူးသင်္ဘော ကျင်း၊ ပင်လယ်ကူးသင်္ဘောတံတား၊ ပင်လယ်ကူးသင်္ဘောဆိပ်ခံ တံတား၊ ကုန်လှောင်ရုံနှင့်သင်္ဘောများ။

၅၈။ ။(၁) ဤပုဒ်မခွဲတွင် အောက်ဖေါ်ပြထားသည့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ပင်လယ်ကူးသင်္ဘောကျင်း၊ ပင်လယ်ကူးသင်္ဘောတံတား၊ သို့တည်းမဟုတ် ပင်လယ်ကူးသင်္ဘောဆိပ်ခံတံတားတွင်သော်၎င်း၊ အတွက်သော်၎င်း၊စက်အားကိုအသုံးပြုလျှင်၊ ထိုသင်္ဘောကျင်း၊ သင်္ဘောတံတား၊ သို့တည်းမဟုတ် ဆိပ်ခံတံတားနှင့်တကွ ၎င်းတို့အသီးသီးနှင့် စပ်လျဉ်း၍ အသုံးပြုသည့်ကုန်လှောင်ရုံနှင့် သက်ဆိုင်စေရမည်။ ထို့ပြင် လူပေါင်းတစ်ရာအောက် မနည်းခိုင်းစေသောကုန်သို့လှောင်ရုံ၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနတခုခုသည် အလုပ်ရုံ ဖြစ်ဘိသကဲ့သို့ရှင်း၊ ထိုကုန်လှောင်ရုံကို၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနကို အသုံးပြုနေသူသည်၊ သို့တည်းမဟုတ် လက်ရှိထားသူသည် လုပ်ငန်းပိုင်ရှင် ဖြစ်ဘိသကဲ့သို့ရှင်း၊ ထိုသင်္ဘောကျင်း၊ သင်္ဘောတံတား၊ ဆိပ်ခံတံတား၊ ကုန်လှောင်ရုံ၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနတွင် ခိုင်းစေခံရသူသည်၊ ဤအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း၊ အလုပ်သမား ဖြစ်ဘိသကဲ့သို့ရှင်း၊ ထိုကုန်လှောင်ရုံ၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနနှင့်လည် သက်ဆိုင်စေရမည်—

(က) အင်စပက်တော်၏ အာဏာများ၊အလုပ်ဝတ်တရားများနှင့်စပ်လျဉ်းသည့် အခန်း ၂ ရှိ ပြဋ္ဌာန်းချက်များ၊

(ခ) အခန်း ၄ ရှိ ပုဒ်မ ၄၁ နှင့် ၄၂ များပါ ပြဋ္ဌာန်းချက်များ၊

(ဂ) သက်သာချောင်ချိရေး စီမံချက်များနှင့် စပ်လျဉ်းသည့် အခန်း ၅ ရှိ ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များ၊

(ဃ) ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အလုပ်များနှင့် စပ်လျဉ်းသည့် အခန်း ၆ ရှိ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များ၊

(င) အခန်း ၆ ရှိ ပုဒ်မ ၅၃၊၅၄ နှင့် ၅၅ များပါ ပြဋ္ဌာန်းချက်များ၊

(စ) အလုပ်ချိန်များနှင့် စပ်လျဉ်းသည့် အခန်း ၇၊

(ဆ) ပြစ်ဒဏ်များ၊ လိုက်နာဆောင်ရွက်ရန် နည်းလမ်းနှင့် စပ်လျဉ်းသည့် အခန်း ၉၊

(၈) နှိုတစ်စာများနှင့် စပ်လျဉ်းသည့် အခန်း ၁၀ ရှိ ပုဒ်မ ၉၉ ပါ ပြဋ္ဌာန်းချက်များ၊ ထို့ပြင်

(၈၂) နည်းဥပဒေများနှင့် စပ်လျဉ်းသည့် အခန်း ၁၀ ရှိ ပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်များ။

သို့ရာတွင် ဤပုဒ်မခွဲ အပိုဒ် (က) ပါ ပြဋ္ဌာန်းချက်များသည်၊ သဘော်ဝိုင်ရှင်၏ ပစ္စည်းဖြစ်သည့်၊ သဘော်ပေါ်ရှိ စက်ကိရိယာနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် စက်နှင့်ဖြစ်စေ မသက်ဆိုင်စေရ။

(၂) ပင်လယ်ကူးသဘော်ကျင်း၊ ပင်လယ်ကူးသဘော်တံတား၊ သို့တည်းမဟုတ် ပင်လယ်ကူးသဘော်ဆိပ်တွင် ရှိနေသော ပင်လယ်ကူးသဘော်ပေါ်သို့ ကုန်တင်ခြင်း၊ ထိုသဘော်ပေါ်မှ ကုန်ချခြင်း၊ သို့တည်းမဟုတ် သဘော်၌ မီးထည့်စရာ ထင်း၊ မီးသွေး၊ ဆီစသည်များကို သဘော်ပေါ်သို့တင်ခြင်း အလုပ်သည် အလုပ်ရုံတွင်လုပ်သော အလုပ်ဖြစ်ဘိသကဲ့သို့ထင်း၊ ထိုအလုပ်တွင် အသုံးပြုသော စက်ကိရိယာသည်၊ သို့တည်းမဟုတ် စက်သည် အလုပ်ရုံတွင်ရှိသော စက်ကိရိယာ၊ သို့တည်းမဟုတ် စက်ဖြစ်ဘိသကဲ့သို့ထင်း၊ ထိုအလုပ်၏ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံ၏လုပ်ငန်းပိုင်ရှင်ဖြစ်ဘိသကဲ့သို့ထင်း၊ ထိုအလုပ်တွင် ခိုင်းစေခံရသူသည် ဤအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း အလုပ်သမားဖြစ်ဘိသကဲ့သို့ထင်း၊ ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့် ဤအက်ဥပဒေပါ် ပြဋ္ဌာန်းချက်များသည် ဆိုခဲ့သည့်အလုပ်နှင့်ငင်း၊ ထိုအလုပ်တွင် အသုံးပြုသော စက်ကိရိယာ၊ သို့တည်းမဟုတ် စက်အားလုံးနှင့်ငင်း သက်ဆိုင်စေရမည်။

အခန်း ၇။

လူကြီးများအလုပ်လုပ်ချိန်နာရီများ။

ရက်သတ္တပတ်အလုပ်ချိန်နာရီများ။

၅၉။ ။အလုပ်ရုံတွင် မည်သည့်လူကြီးအလုပ်သမားကိုမျှ ရက်သတ္တပတ်တပတ်လျှင်၊ လေးဆယ့်လေးနာရီထက်ပို၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

သို့ရာတွင် အလုပ်ရုံ၌ အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့်၊ တရက်ပတ်လုံး အဆက်မပြတ် လုပ်ရမည့်အလုပ်တွင် လုပ်သည့်လူကြီး အလုပ်သမားသည်၊ ရက်သတ္တပတ်တွင်လေးဆယ့်ရှစ်နာရီမျှ အလုပ်လုပ်နိုင်သည်။

ရက်သတ္တပတ်အလုပ်ပိတ်ရက်များ။

၆၀။ ။(၁) မည်သည့်လူကြီးအလုပ်သမားကိုမျှ၊ အောက်ပါ အချက်များနှင့် မညီညွတ်လျှင်၊ တနဂ်္ဂနေနေ့၌ အလုပ်ရုံတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ—

(က) ထိုအလုပ်သမားသည်၊ တနဂ်္ဂနေနေ့မတိုင်မီ သုံးရက်အနက်၊ တရက်ရက်တွင် အလုပ်ပိတ်ရက် တရက်လုံးရပြီးဖြစ်စေရမည်၊ သို့တည်းမဟုတ် ထိုတနဂ်္ဂနေနေ့နောက်သုံးရက် အနက် တရက်ရက်တွင် အလုပ်ပိတ်ရက် တရက်လုံးရမည်ဖြစ်စေရမည်၊ ထို့ပြင်

(ခ) အလုပ်ရုံမန်နေဂျာသည် ထိုတနဂ်္ဂနေနေ့၊ သို့တည်းမဟုတ် အပိုဒ်(က) အရ၊ ထိုနေ့အတွို့ အစားသွင်းသည့်နေ့၊ ထိုနေ့များ အနက် အလျင်ကျသည့်နေ့မတိုင်မီ—

(ကက) ထိုအလုပ်သမားကို၊ ထိုတနဂ်္ဂနေနေ့၌ အလုပ်လုပ်စေရန် မိမိကြိုရွယ်ကြောင်း၊ ထိုနေ့အတွို့ မည်သည့်နေ့ကိုအစားသွင်းကြောင်း အင်စပက်တော်၏ရုံးသို့ နှိုတစ်စာပေးပြီးဖြစ်ရမည်၊ ထို့ပြင်

(ခခ) အနည်းဆုံး နှစ်ဆယ့်လေးနာရီက ကြိုတင်၍ ယင်းသို့ ကြုံရွယ်ကြောင်း နို့တစ်စာကို အလုပ်ရုံတွင်မြင်သာအောင် ကပ်ထားပြီးဖြစ်ရမည်ပြင် ထိုနေ့များအနက်၊ နောက်ကျသည့်နေ့ ကုန်ဆုံးသည်အထိ ကပ်ထားရမည်။

သို့ရာတွင် အလုပ်သမားတဦးဦးအား အလုပ်ပိတ်ရက် တရက်လုံးမရစေဘဲ၊ အဆက်မပြတ် ဆယ်ရက်ထက်ပို၍ အလုပ်လုပ်ရခြင်းကိုဖြစ်စေမည့် မည်သည့်ရက်အစား သွင်းခြင်းကိုမျှမပြုရ။

(၂) ပုဒ်မခွဲ (၁) အရ ပေးသည့်နို့တစ်စာများကို တနင်္ဂနွေနေ့၊ သို့တည်းမဟုတ် ပယ်ဖျက်မည်ဖြစ်သည့်အလုပ်ပိတ်ရက်၊ ထိုနေ့များအနက် အလျင်ကျသည့်နေ့မတိုင်မီ ရက်တရက်ထက် နောက်မကျဘဲ၊ အင်စပက်တော်၏ ရုံးသို့ပေးအပ်သည့် နို့တစ်စာဖြင့်ဖြင့်၎င်း၊ ပုဒ်မ ၆၇ အရ ကပ်ထားသည့် အချိန် နို့တစ်စာ၏အနီးတွင် [မြင်သာအောင်ကပ်ထားသည့် နို့တစ်စာဖြင့်ဖြင့်၎င်း] [၀] ပယ်ဖျက်နိုင်သည်။

(၃) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်သမားသည် တနင်္ဂနွေနေ့၌ အလုပ်လုပ်၍၊ ထိုနေ့မတိုင်မီ သုံးရက်အနက် တရက်ရက်တွင် အလုပ်ပိတ်ရက်ရပြီး ဖြစ်သည့်အချက်တွင်၊ ထိုတနင်္ဂနွေနေ့ကို ထိုအလုပ်သမား ရက်သတ္တပတ် အလုပ်လုပ်သည့်အချိန် တွက်ချက်ရန်အလို့ငှါ၊ လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ထည့်သွင်းရမည်။

အစားပေးသည့်အလုပ်ပိတ်ရက်များ။

၆၁။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ အရ၊ အလုပ်ရုံကို၊ သို့တည်းမဟုတ် အလုပ်ရုံတွင် အလုပ်လုပ်သူများကို၊ ပုဒ်မ ၆၀ ရှိပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းကြောင့်ဖြစ်စေ၊ နည်းဥပဒေ ပြုခြင်းကြောင့်ဖြစ်စေ၊ ထိုပုဒ်မရှိ ပုဒ်မခွဲ (၁) ဖြင့် ပြဋ္ဌာန်းထားသည့် ရက်သတ္တပတ် အလုပ်ပိတ်ရက်များအနက်၊ တရက်ရက်ကို အလုပ်သမားအား ခံစားခွင့်မပေးလျှင်၊ ထိုသူအား အလုပ်ပိတ်ရက်များရသင့်သည့် ပြက္ခဒိန်လ အတွင်းတွင်ဖြစ်စေ၊ နောက်လာမည့်ပြက္ခဒိန်လ နှစ်လအတွင်းတွင်ဖြစ်စေ၊ မိမိဆုံးရှုံးသော အလုပ်ပိတ်ရက် အရေအတွက်နှင့်ညီမျှသော အစားပေးသည့် အလုပ်ပိတ်ရက်များကို ခွင့်ပြုရမည်။

(၂) နိုင်ငံတော်သမဘာသည်၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် အလုပ်ပိတ်ရက်များကို မည်သို့မည်ပုံခွင့်ပြုရမည်ဟု ပြဋ္ဌာန်းနိုင်သည်။

နေ့စဉ်အလုပ်ချိန်နာရီများ။

၆၂။ ။ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မည်သည့်လူကြီး အလုပ်သမားကိုမျှ အလုပ်ရုံ၌ မည်သည့်ရက်တွင်မဆို အလုပ်ချိန်နာရီပေါင်း ရှစ်နာရီထက်ပို၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

အားလပ်ချိန်များ။

၆၃။ ။အလုပ်ရုံရှိ လူကြီးအလုပ်သမားများ၏ ရက်အသီးသီးတွင် အလုပ်လုပ်သည့် ကာလ အပိုင်းအခြားများကို သတ်မှတ်ရာ၌၊ မည်သည့်ကာလ အပိုင်းအခြားမျှ ငါးနာရီထက်မပိုစေရ၊ ထို့ပြင် မည်သည့် အလုပ်သမားကိုမျှ အနည်းဆုံး နာရီဝက်နားနေရန် အားလပ်ချိန်မရသေးမီ ငါးနာရီထက်ပို၍ တဆက်တည်းအလုပ် မလုပ်စေရ။

<u>ရှင်းလင်းချက်။</u> ။အနည်းဆုံး နာရီဝက် အားလပ်ချိန်ဖြင့် ခြားမနေသော အလုပ်ကာလ အပိုင်းအခြားကို တဆက်တည်းလုပ်ရသော အလုပ်ကာလ အပိုင်းအခြားဟူ၍ ယူဆရမည်။

နေ့စဉ်အလုပ်ချိန်အစအဆုံးကန့်သတ်ချက်။

၆၄။ ။အလုပ်ရုံတွင်၊ လူကြီးအလုပ်သမား အလုပ်လုပ်သည့် ကာလ အပိုင်းအခြားများနှင့် ပုဒ်မ ၆၃ အရ၊ ထိုသူရရှိသည့် အားလပ်ချိန်များသည် နာရီပေါင်း ဆယ်နာရီထက်ပို၍ မကြာရအောင် စီမံထားရမည်။ သို့ရာတွင် နိုင်ငံတော်သမတ၏ ခွင့်ပြုချက်ဖြင့် ယေဘုယျ အားဖြင့်ဖြစ်စေ၊

---

[၀] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၇ အရ အစားထည့်သွင်းသည်။

သီးခြားဖြစ်သော အလုပ်ရုံအတွက်ဖြစ်စေ၊ နိုင်ငံတော်သမတပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ထိုနာရီပေါင်းထက်ပို၍ စီမံထားနိုင်သည်။

ညှဉ်းလှည့်များ။

၆၅။ ။အလုပ်သမားသည် ညဉ့်သန်းခေါင် ချိန်ထက် ကျော်လွန်၍ လုပ်သည့်အလှည့်၌ အလုပ်လုပ်လျှင်၊ ထိုသူအတွက် နောက်လာမည့်နေ့မှာ ယင်းသို့သော အလှည့်ကုန်သည့် အခါကစ၍ နှစ်ဆယ့်လေးနာရီ ကာလအပိုင်းအခြား ဖြစ်သည်ဟု မှတ်ယူရမည့်အပြင်၊ ညဉ့်သန်းခေါင်ချိန်ကျပြီးနောက်၊ ထိုသူအလုပ်လုပ်သည့် အချိန်နာရီများကို လွှန်ခဲ့သည့် ရက်ထဲသို့ ထည့်၍ တွက်ရမည်။

သို့ရာတွင် နိုင်ငံတော်သမတသည် သီးခြားဖေါ်ပြထားသည့် အလုပ်ရုံဖြစ်လျှင် နောက်လာမည့်ရက်မှာ ယင်းသို့သောအလှည့် အစပြုသည့်အခါကစ၍၊ ရေတွက်သော နှစ်ဆယ့်လေးနာရီကာလ အပိုင်းအခြားဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍ငင်း၊ ညဉ့်သန်းခေါင်မတိုင်မီ အလုပ်လုပ်သည့် အချိန်နာရီများကို နောက်လာမည့်ရက်ထဲသို့ ထည့်၍တွက်ရမည် ဟူ၍ငင်း၊ အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

ထပ်နေသော အလှည့် များကို တားမြစ်ခြင်း။

၆၆။ ။(၁) အလုပ်ရုံတွင် တမျိုးတည်းသောအလုပ်၌၊ တချိန်တည်း အလှည့်ကျလူစုတစု ထက်ပို၍လုပ်ရန် စီစဉ်ထားသော အလှည့်ကျလုပ်သည့် စံနစ်ဖြင့် အလုပ်မလုပ်ရ။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုကို ဖြစ်စေ၊ ပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁) နှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေသည့် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

လူကြီးများ အလုပ် လုပ်ရန် ကာလအပိုင်း အခြားများ ဆိုင်ရာ နှိုတစ်စာကို၊

၆၇။ ။(၁) လူကြီးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများ ဆိုင်ရာ နှိုတစ်စာကို၊ သို့တည်းမဟုတ် နှိုတစ်စာများကို နေ့စဉ် မည်သည့်ကာလအပိုင်းအခြားတွင် လူကြီးအလုပ်သမားများ အားအလုပ်လုပ်စေမည့်အကြောင်း နေ့တိုင်းအတွက် ရှင်းလင်းစွာဖေါ်ပြလျက်၊ ပုဒ်မ ၉၉ ရှိ ပုဒ်မခွဲ (၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ရုံအသီးသီးတွင် မြင်သာအောင် ကပ်ထားရမည်ပြင်၊ မှန်ကန်စွာလည်းထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ လိုအပ်သည့် နှိုတစ်စာ၊ သို့တည်းမဟုတ် နှိုတစ်စာများတွင် ဖေါ်ပြထားသည့် ကာလအပိုင်းအခြားများကို၊ ဤပုဒ်မရှိ အောက်ဖေါ်ပြပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကြိုတင်သတ်မှတ်ရမည်ပြင်၊ ထိုကာလ အပိုင်းအခြားများ အတွက် အလုပ်လုပ်နေသည့် အလုပ်သမားများမှာ ပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များအနက်၊ ပြဋ္ဌာန်းချက်တခုခုကို ဆန့်ကျင်၍၊ အလုပ်လုပ်ရာမရောက်အောင်လည်း သတ်မှတ်ထားရမည်။

အခြားများ ဆိုင်ရာနှိုတစ်စာ၊

(၃) အလုပ်ရုံရှိ လူကြီးအလုပ်သမား အားလုံးကို တချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေလျှင်၊ အလုပ်ရုံ မန်နေဂျာသည်၊ ထိုကာလ အပိုင်းအခြားများကို ယေဘုယျအားဖြင့်၊ ထိုအလုပ်သမားများအတွက်သတ်မှတ်ရမည်။

(၄) အလုပ်ရုံရှိ လူကြီးအလုပ်သမား အားလုံးကို တချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေသည် မဟုတ်လျှင်၊ အလုပ်ရုံမန်နေဂျာသည်၊ ထိုအလုပ်သမားတို့ကို သူတို့၏ အလုပ်အမျိုးအစားအလိုက်၊ လူစုများခွဲခြားထားရမည်။

(၅) အလှည့်ကျ လုပ်ရသည့်စံနစ်အရ၊ အလုပ်လုပ်ရန် မလိုသည့် လူစုအသီးသီးအတွက် အလုပ်ရုံ မန်နေဂျာသည်၊ ထိုလူစုအား မည်သည့်ကာလအပိုင်းအခြားအတွင်း၊ အလုပ်လုပ်စေမည်ကို သတ်မှတ်ရမည်။

(၆) လူစုတစုကို အလှည့်ကျလုပ်သည့် နည်းစံနစ်အရ အလုပ်လုပ်စေသည့်ပြင်၊ အလှည့်ကျလူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့်၊ အလှည့်ပြောင်းလဲ

၍၊ အလုပ်လုပ်စေသည်မဟုတ်လျှင်၊ အလုပ်ရုံ မန်နေဂျာသည် ထိုလူစုမှအလှည့်ကျလူစုအသီးသီးအား မည်သည့်ကာလ အပိုင်းအခြားများအတွင်း အလုပ်လုပ်စေမည်ကို သတ်မှတ်ရမည်။

(၇) လူစုတစုကို အလှည့်ကျလုပ်သည့် နည်းစံနစ်အရ အလုပ် လုပ်စေမည်ဖြစ်သည့်ပြင်၊ အလှည့်ကျလူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့် အလှည့်ပြောင်းလဲ၍ အလုပ်လုပ်စေရမည်ဖြစ်လျှင်၊ အလုပ်ရုံမန်နေဂျာသည်၊ ထိုလူစုမှ အလှည့်ကျလူတစုအား မည်သည့်ကာလအပိုင်းအခြားများအတွင်း၊ အလုပ်လုပ်စေမည့်အကြောင်းနှင့် ဆိုင်ရာရက်အတွင်း ဆိုင်ရာအချိန်အခါ၌ အလုပ်လုပ်မည့် ကြိုတင် အလှည့်ကျလူစုကို မည်သည့်ရက်အဘွဲ့မဆို ကြိုတင်သိရှိစေနိုင်မည့်စိမံချက်တရပ်ကို စီစဉ်ရေးဆွဲရမည်။

(၈) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) အရ လိုအပ်သည့် နှိုတစ်စာကို မည်သည့် ပုံစံများဖြင့် မည်သို့ထားရှိရမည်ကို ပြဋ္ဌာန်းနိုင်သည်။

(၉) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် နှိုတစ်စာ၏ မိတ္တူနှစ်စောင်ကို အလုပ်ရုံတိုင်း၏ အလုပ်ရုံမန်နေဂျာသည် အင်စပက်တော်ထံသို့ ဤအက်ဥပဒေအာဏာတည်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်းပေးပို့ရမည်။ ဤအက်ဥပဒေ အာဏာတည်သည့်နေ့ နောက်မှ အလုပ်စတင်လုပ်သောအလုပ်ရုံဖြစ်လျှင် အဆိုပါ နှိုတစ်စာ၏ မိတ္တူများကို ထိုအလုပ်ရုံတွင် အလုပ်စတင်လုပ်သည့်နေ့တိုင်မီပေးပို့ရမည်။

(၁၀) အလုပ်ရုံ၌၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့် နှိုတစ်စာတွင် ပြောင်းလဲရန် လိုအပ်စေမည့်၊ အလုပ်လုပ်သောနည်းစံနစ် ပြောင်းလဲရန် စိမံသည့်အကြောင်း နှိုတစ်စာ၏ မိတ္တူနှစ်စောင်ကို၊ ပြောင်းလဲခြင်းမပြုမီ အလုပ်ရုံမန်နေဂျာက အင်စပက်တော်ထံသို့ ပေးပို့ရမည်။ ထို့ပြင် ယင်းသို့ပြောင်းလဲခြင်းကို အင်စပက်တော်၏ အခွင့်အမိန့်ကို ကြိုတင်မရဘဲ၊ နောက်ဆုံးပြောင်းလဲခြင်းပြုခဲ့သည့်နေ့မှ ရက်သတ္တပတပတ်မကျော်လွန်မီပြုရ။

လူကြီးအလုပ်သမားမှတ်ပုံစာအုပ်။

၆၈။ ။(၁) အလုပ်ရုံမန်နေဂျာအသီးသီးသည်—

(က) အလုပ်ရုံတွင် အလုပ်လုပ်သည့် လူကြီးအလုပ်သမားအသီးသီး၏အမည်။

(ခ) ထိုသူလုပ်သည့်အလုပ်အမျိုးအစား။

(ဂ) ထိုသူပါဝင်သည့်လူစုရှိလျှင်၊ ထိုလူစု။

(ဃ) ထိုသူပါဝင်သည့် လူစုသည်၊ အလှည့်ကျ အလုပ်လုပ်လျှင်၊ ထိုသူအား၊ မည်သည့်အလှည့်ကျလူစုသို့ သတ်မှတ်ချထားကြောင်း။

(င) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများ

ကို ဖော်ပြသည့် လူကြီးအလုပ်သမားမှတ်ပုံစာအုပ်ကိုထားရှိရမည်။ထိုစာအုပ်ကို အလုပ်ချိန်အတွင်း၊ သို့တည်းမဟုတ် အလုပ်ရုံတွင်အလုပ်တခုခုလုပ်နေစဉ်အတွင်း၊ အင်စပက်တော်က အချိန်မရွေးကြည့်ရှုနိုင်အောင်ထားရှိရမည်။

သို့ရာတွင် အလုပ်ဆိုင်ရာ လုပ်ရှုံးလုပ်စဉ်အလုပ်၏အစိတ်အပိုင်းအဖြစ်ထားရှိသည့် အလုပ်သမားစာရင်းသည်၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်သည် အလုပ်ရုံတွင်လုပ်သည့် အလုပ်သမားတဦးဦး၊ သို့တည်းမဟုတ် အလုပ်သမားအားလုံးနှင့် ပတ်သက်၍၊ ဤပုဒ်မအရ လိုအပ်သည့်အကြောင်းအရာများကို ပြည့်စုံစွာ ဖော်ပြသည်ဟု အင်စပက်တော်က ထင်မြင်လျှင်၊ ထိုအလုပ်သမားစာရင်းကို၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်ကိုအဆိုပါ အကြောင်းအရာများ ပါရှိသည်နှင့်အမျှ ထိုအလုပ်ရုံ၌ လိုအပ်သည့် လူကြီးအလုပ်သမားမှတ်ပုံစာအုပ်ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည့်အပြင် ထိုအတိုင်းပင်ဆက်လက်ထားရှိရမည်ဟုအမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ လူကြီးအလုပ်သမား မှတ်ပုံစာအုပ်ပုံစံ၊ ထိုမှတ်ပုံစာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံစာအုပ်ကို မပျက်မစီးအောင် သိမ်းထားရမည့်ကာလ အပိုင်းအခြားကို ပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ်သည့်အချိန်သည်၊ပုဒ်မ ၆၇ အရကစ်ထားရမည့် နေ့တစ်စာနှင့်ငင်း၊ ပုဒ်မ ၆၈ အရထားရှိရမည့်မှတ်ပုံစာအုပ်နှင့်ဒဉ်း၊ ညီညွတ်စေခြင်း။

၆၉။ ။မည်သည့်လူကြီးအလုပ်သမားကိုမျှ၊ အလုပ်ရုံတွင် ပုဒ်မ ၆၇ အရမြင်သာအောင် ကပ်ထားသည့် လူကြီးများအလုပ်လုပ်ရန်ကာလအပိုင်းအခြားဆိုင်ရာ နေ့တစ်စာနှင့် အညီမလွဲ၍၊ ထို့ပြင် ပုဒ်မ ၆၈ အရ ထားရှိသည့် လူကြီးအလုပ်သမားမှတ်ပုံစာအုပ်တွင် ထိုသူ၏အမည်နှင့် ယှဉ်လျက် ကြိုတင်ရေးသွင်းထားသည့် ရေးသွင်းချက်များနှင့် အညီမှလွဲ၍၊ အလုပ်ရုံတွင် အခြားနည်းဖြင့် ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေများ ပြုနိုင်ခွင့် အာဏာ။

၇၀။ ။(၁) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတွင် ကြီးကြပ်မှုကြည့်သည့်အလုပ်၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်သည့် အလုပ်လုပ်သူတို့ကိုသော်၎င်း၊ လျှို့ဝှက်အပ်သည့် အလုပ်တွင် ခိုင်းစေထားသူတို့ကိုသော်၎င်း၊ အဓိပ္ပါယ်ဖော်ပြသည့် နည်းဥပဒေများ ပြုနိုင်သည်ပြင်၊ ပုဒ်မ ၇၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်၊ ထိုပုဒ်မခွဲရှိခြင်းချက်မှလွဲ၍၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များသည်၊ ယင်းသို့သောအဓိပ္ပါယ်ဖော်ပြထားသူ တဦးဦးနှင့်မျှမသက်ဆိုင်စေရ။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံများရှိ လူကြီး အလုပ်သမားများအတွက် နည်းဥပဒေများပြုနိုင်သည်။ ထိုနည်းဥပဒေများသည်ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြဋ္ဌာန်းထားသည်အထိ—

(က) အရေးတကြီးပြင်ရန်အလုပ်တွင် လုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ခ) အလုပ်ရုံဆိုင်ရာ အရပ်ရပ်လုပ်ကိုင်ဆောင်ရွက်မှု အတွက် ကန့်သတ်ထားသည့် အလုပ်ချိန်မှလွန်လျက်လုပ်ရန် လိုအပ်သည့် ကြိုတင်စီမံလုပ်ရသော အလုပ်မျိုးနှင့် ပြည့်စုံစေရန် လုပ်ရသောအလုပ်မျိုးတွင် လုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၅၉၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(ဂ) ကြိုးကြာ ကြိုးကြာမျှသာ လုပ်ရန်လိုခြင်းကြောင့်၊ အလုပ်သမားများ အလုပ်ဝတ်တရားဆောင်ရွက်နေစဉ်၊ ထိုသူတို့ အလုပ်မလုပ်ဘဲနေရသည့် ကြားအချိန်နာရီများမှာသာမန်အားဖြင့် ပုဒ်မ ၆၃ အရ လိုအပ်သည့်အာ လပ်ချိန်များထက်ပိုလျှင်၊ ထိုအလုပ်မျိုးတွင်လုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၅၉၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဃ) အလုပ် လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့် တရက်ပတ်လုံး အဆက်မပြတ်လုပ်ရမည့်အလုပ်တခုခုတွင်လုပ်သည့် အလုပ်သမားများကို၊ပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဂ) နေ့စဉ်ပြုရမည့်၊ သို့တည်းမဟုတ် နေ့စဉ်ထုတ်ပေးရမည့် မရှိမဖြစ်သောပစ္စည်းများကိုပြုသည့်၊ သို့တည်းမဟုတ် ထုတ်ပေးသည့်အလုပ်သမားများကို၊ ပုဒ်မ ၆၀ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(စ) ရာသီဥတု တခုခုအတွင်းမှတပါး၊ အခြားရာသီဥတုများတွင် မလုပ်နိုင်သော ပြုလုပ်မှုလုပ်ငန်းစဉ်များတွင် လုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၆၀ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဆ) ဥတုမမှန်ကန်မှုကို အကြောင်းပြု၍ ရံဖန်ရံခါသာလုပ်ရသော ပြုလုပ်မှု လုပ်ငန်းစဉ်များတွင် လုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၆၀ နှင့် ၆၃ များရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဇ) ဘွိုင်လာအိုးရုံများတွင်ဖြစ်စေ၊ စက်ခန်းများဘွင်ဖြစ်စေ၊ လုပ်သည့်၊ သို့တည်းမဟုတ် အားပေးစက်ကိုဖြစ်စေ၊ အားပို့စက်ကိုဖြစ်စေ၊ ကြည့်ရှုလုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၅၉ နှင့် ၆၀ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(၃) ကင်းလွတ်ခွင့်တခုခု ပြဋ္ဌာန်းသည့် ပုဒ်မခွဲ (၂) အရ ပြုသောနည်းဥပဒေများသည်၊ နိုင်ငံတော်သမတက သင့်လျော်သည် ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတ ပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၆၇ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုရန် ပြဋ္ဌာန်းနိုင်သည်။

(၄) ဤပုဒ်မအရနည်းဥပဒေများပြုရာတွင် နိုင်ငံတော်သမတသည်၊အလုပ်သမားအမျိုးအစား အားလုံးအတွက်၊ ရက်သတ္တတပတ်တွင်အများဆုံးအလုပ်လုပ်သည့် အချိန်နှင့်စပ်လျဉ်း၍၊ ကန့်သတ်ချက်များ ပြဋ္ဌာန်းရမည်။ ပုဒ်မခွဲ (၂)၊အပိုဒ် (က) အရ ခွင့်ပြုသည့်ကင်းလွတ်ချက်မှတပါး၊အခြားကင်းလွတ်ချက်များသည်၊ ထိုကန့်သတ်ချက်များနှင့် မဆန့်ကျင်ရ။

(၅) ဤပုဒ်မအရ ပြုသည့် နည်းဥပဒေများမှာ သုံးနှစ်ထက်ပို၍ အာဏာမတည်စေရ။

(၆) နိုင်ငံတော်သမတသည်၊ ဤအခန်းရှိပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန် အလို့ငှါ၊ သင့်သည်ထင်မြင်သည့်အတိုင်း အခြားကိစ္စ တခုခုအတွက် ပြဋ္ဌာန်းရန် နည်းဥပဒေများ ပြုနိုင်သည်။

ကင်းလွတ်ခွင့်ပြုသည့်အမိန့်များ ပြုပိုင်ခွင့်အာဏာ။

၇၁။ ။(၁) လုပ်သည့်အလုပ်အမျိုးအစားကြောင့်သော်၎င်း၊ အခြားအကြောင်းအချက်များကြောင့်သော်၎င်း၊ အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုတွင်ဖြစ်စေ၊ လုပ်သည့် အလုပ်သမားများ အလုပ်လုပ်သည့် အချိန်ကာလ အပိုင်းအခြားများကို ကြိုတင်၍သတ်မှတ်ရန် မသင့်ဟု နိုင်ငံတော် သမတကထင်မြင်လျှင်၊ နိုင်ငံတော်သမတသည်၊မိမိသင့်လျော်သည်ထင်မြင်သမျှ၊ သင့်လျော်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း၊ အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို ထိရောက်စွာ ကြီးကြပ်အုပ်ချုပ်နိုင်ရန်၊ မိမိသင့်သည်ထင်မြင်သောစည်းကမ်းချက်များထားလျက်၊ ထိုအလုပ်သမားများနှင့်ပတ်သက်၍၊ ပုဒ်မ ၆၇ ရှိ ပြဋ္ဌာန်းချက်များကို အမိန့်စာဖြင့် လျှော့ပေါ့အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

(၂) နိုင်ငံတော်သမတကသော်၎င်း၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍၊ အင်စပက်တော်ချုပ်ကသော်၎င်း၊ အလုပ်ရုံအား၊ သို့တည်းမဟုတ် အလုပ်ရုံများအား၊ အထူးသဖြင့် များပြားလှသော အလုပ်များကို လုပ်နိုင်စေရန်အလို့ငှါ၊ ကင်းလွတ်ခွင့်ပြုရန်လိုအပ်သည် ဟူသော အကြောင်းကြောင့် အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အလုပ်ရုံစု၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစားတခုခုထွင်ဖြစ်စေ၊ လုပ်သည့်လူကြီးအလုပ်သမားတဦးဦးကို၊ သို့တည်းမဟုတ် လူကြီးအလုပ်

သမားအားလုံးကို နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် အင်စပက်တော်ချုပ်က သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များထား၍၊ပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃ နှင့် ၆၇ ရှိ ပြဋ္ဌာန်းချက်တခုခုမှ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်အားလုံးမှ၊ အမိန့်စာဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) ရက်သတ္တ တပတ်လျှင် အလုပ်လုပ်သည့် အချိန်နှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (၂) အရ ခွင့်ပြုသည့် ကင်းလွတ်ချက်သည်၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၄) အရ ပြဋ္ဌာန်းထားသည့် အများဆုံးအချိန်ကန့်သတ်ချက်များနှင့် မဆန့်ကျင်စေရ။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်သည့် အမိန့်သည်၊ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားမျှသာ အတည်ဖြစ်ရမည်။ သို့ရာတွင်အလုပ်ရုံ မန်နေဂျာအား၊ ထိုအမိန့် ထုတ်ဆင့်ကြောင်း နှိုတစ်စာပေးသည့်နေ့မှစ၍ နှစ်လထက်ပို၍ အတည်မဖြစ်စေရ။

သို့ရာတွင် ပြည်သူ့အကျိုးငှါ လိုအပ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သောအာရုံရှိလျှင်၊ နိုင်ငံတော်သမတသည် ပြန်တင်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ထိုအမိန့်အတည်ဖြစ်သည့် ကာလအပိုင်းအခြားကို အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့်ကာလအပိုင်းအခြားထိ၊ အခါအားလျော်စွာ တိုးမြှင့်ပေးနိုင်သည်။ ထိုသို့တိုးမြှင့်သော ကာလအပိုင်းအခြားသည် တကြိမ်လျှင် ခြောက်လထက်မပိုစေရ။

မိန်းမဆိုင်းစေခြင်းနှင့်စပ်လျဉ်း၍နောက်ထပ်ကန့်သတ်ချက်။

၇၂။ ။(၁) ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို အလုပ်ရုံများတွင် လုပ်သည့်မိန်းမများနှင့် သက်ဆိုင်စေရာတွင် အောက်ပါနောက်ထပ်ကန့်သတ်ချက်များဖြင့်ဖြည့်စွက်ရမည်။

(က) မိန်းမတိုင်းနှင့် ပတ်သက်၍၊ ပုဒ်မ ၆၂ ရှိပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်မပြုရ။

(ခ) ညနေခြောက်နာရီမှ နံနက်ခြောက်နာရီထိ အချိန်အတွင်း၊ မည်သည့်မိန်းမကိုမျှ အလုပ်ရုံဘွင်မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ဂ) (၁) အလုပ်ရုံဘွင် ခိုင်းစေခံရသော မိန်းမအားလုံးအတွက် အလုပ်လုပ်ချိန် ကာလအပိုင်းအခြားမှာ အတူတူပင် ဖြစ်ရမည်။ ထို့ပြင်

(၂) အထူး အကြောင်းများကြောင့် အင်စပက်တော်ချုပ်ကခွင့်ပြုသည့်အခါမှတပါး၊ မိန်းမအလုပ်သမားတို့၏အလုပ်လုပ်ချိန်ကာလ အပိုင်းအခြားကို၊ ပြကွဒိန် လ မည်သည့်လတွင်မဆို တကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

(၂) ငါးများ မပုပ်မသိုးအောင် ပြုပြင်သည့်၊ သို့ဘည်းမဟုတ် ငါးများကို စည်သွတ်သည့် အလုပ်ရုံများတွင် လုပ်သောမိန်းမများကို၊ ထိုငါးများ ပုပ်သိုးပျက်ယွင်းခြင်းမဖြစ်စေရန်အလိုငှါ၊ ဆိုခဲ့သည့် အချိန်နာရီများထက်ကျော်လွန်၍ ခိုင်းစေရန်လိုအပ်သျှင်၊ နိုင်ငံတော်သမတသည်၊ မိမိပြဋ္ဌာန်းသမျှထိ၊ထို့ပြင်ပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ (၁) ပါကန့်သတ်ချက်များမှ ထိုမိန်းမများကိုကင်းလွတ်ခွင့်ပြုရန် ပြဋ္ဌာန်းသည့် နည်းဥပဒေများကို ပြုနိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ ပြုသည့် နည်းဥပဒေများသည် သုံးနှစ်ထက်ပို၍ အာဏာမတည်စေရ။

အချိန်ပိုလုပ်ရသည့်အတွက် အခပို။

၇၃။ ။(၁) အလုပ်သမားတဦးတယောက်သည်၊ အလုပ်ရုံတွင် ပုဒ်မ ၅၉ နှင့် ၆၂ တွင် သတ်မှတ်ထားသည့် အချိန်ထက်ပို၍ လုပ်ရလျှင်၊ ထိုသူသည် မိမိ အချိန်ပိုလုပ်ရသည့်အတွက်၊ မိမိသဘန်ရရှိသည့် အခနှုန်း၏ နှစ်ဆ ရစေရမည်ပြင်၊ ရှားပါးစရိတ်ရှိနေလျှင် ထိုအချိန်ပိုလုပ်ရသည့် နေ့အတွက် ပေးမြှုနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်းရစေရမည်။

(၂) အလုပ်ရုံတွင် အလုပ်သမားများကို၊ ပုတ်ပြတ်နှုန်းပေါ်တွင် အခြေပြု၍ အခပေးလျှင်၊ အင်စပက်တော်ချုပ်သည် ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များနှင့် တိုင်ပင်၍၊

ဤပုဒ်မအလို့ငှါ၊ အချိန်နာရီအလိုက် အခန့်နှုန်းများကို ထိုအလုပ်သမားများ လုပ်၍ရသည့်ငွေ၏ပျမ်းမျှ ရန်ုန်းနှင့်တူညီနိုင်သမျှ တူညီအောင် သတ်မှတ်ရမည်။ ထို့ပြင် ယင်းသို့သတ်မှတ်သည့် အခန့်နှုန်းများသည် ဤပုဒ်မအလို့ငှါ၊ ထိုအလုပ်သမား၏ သာမန်အခန့်နှုန်းများဖြစ်သည်ဟူ၍မှတ်ယူရမည်။

(၃) နိုင်ငံတော်သမတသည်၊ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို လိုက်နာစေရန် အလို့ငှါ၊ အလုပ်ရုံတွင်ထားရှိရမည့် မှတ်ပုံစာအုပ်များကို ပြဋ္ဌာန်းနိုင်သည်။

ရှင်းလင်းချက်။ ။ဤပုဒ်မအရ ပေးရမည့် အခပိုကို တွက်ချက်ရန်အလို့ငှါ ''အခ'' ဆိုသည်မှာ၊ မည်သည့်စရိတ်မျှမပါသော အခသက်သက်ဖြစ်သည်ဟုမှတ်ယူရမည်။

တရက်ထည့်၌ အလုပ်ရုံ နှစ်ရုံတွင် အလုပ်လုပ်ခြင်းကို ကန့်သတ်ခြင်း။

၇၄။ ။ပြဋ္ဌာန်းသတ်မှတ်သည့် အကြောင်းအချက်များတွင်မှတပါး၊ မည်သည့် လူကြီးအလုပ်သမားကိုမျှ၊ အလုပ်ရုံတခုဌ အလုပ်လုပ်ပြီးဖြစ်လျှင်၊ ထိုနေ့ဌပင် အခြားအလုပ်ရုံတခုဌ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

အခန်း ၈။

လူငယ်များခိုင်းစေခြင်း။

ငယ်ရွယ်သော ကလေးများ ခိုင်းစေခြင်းကို တားမြစ်ခြင်း။

၇၅။ ။အသက်ဆယ့်သုံးနှစ်မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ အလုပ်ရုံတခုခုတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ်လုပ်ခွင့်မပြုရ။

အထိမ်းအမှတ်များကို၊ လူကြီးအလုပ်သမားမဟုတ်သည့် အလုပ်သမားများကဆောင်ထားရခြင်း။

၇၆။ ။အသက် ဆယ့်သုံးနှစ်ပြည့်ပြီးသည့် မည်သည့်ကလေးကိုမျှ၊ သို့တည်းမဟုတ် မည်သည့်လူရွယ်ကိုမျှ—

(က) ပုဒ်မ ၇၇ အရ၊ ထိုသူအားရည်ညွှန်း၍ ထုတ်ပေးသည့်၊ အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်ကို၊ အလုပ်ရုံမန်နေဂျာက သိမ်းဆည်းမထားလျှင်၊ ထို့ပြင်

(ခ) ထိုသူသည် မိမိအလုပ်လုပ်နေစဉ်၊ ယင်းသို့သောတာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့်အထိမ်းအမှတ်ကို ဆောင်မထားလျှင်

အလုပ်ရုံတွင် အလုပ် မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

၇၇။ ။(၁) တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည်၊ အလုပ်ရုံတွင် အလုပ်လုပ်လိုသည့်၊ လူငယ်ကဖြစ်စေ၊ ထိုသူ၏မိဘက၊ သို့တည်းမဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ထိုသူကို ခိုင်းစေလိုသည့် အလုပ်ရုံမန်နေဂျာကဖြစ်စေ၊ လျောက်ထားလျှင်၊ ယင်းသို့သောအလုပ်ကို ထိုသူလုပ်ရန် သင့်လျော်သည် မသင့်လျော်သည်ကို အမှန်သိရှိရအောင် ထိုသူကိုစမ်းသပ်စစ်ဆေးရမည်။

(၂) တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည်၊ စမ်းသပ်စစ်ဆေးခြင်းပြုပြီးကာလ၊ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် ရေးသားသော အောက်ပါတာဝန်ခံလက်မှတ်ကို ထိုသူအား ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးနိုင်သည်—

(က) ထိုလူငယ်သည် အသက်ဆယ့်သုံးနှစ် ပြည့်ပြီး ဖြစ်ကြောင်း ၊ ပြဋ္ဌာန်းထားသည့် ကာယမသအဆင့်အတန်းများသို့ရောက်ရှိပြီးဖြစ်ကြောင်း၊ ထို့ပြင်ယင်းသို့သော အလုပ်ကို ထိုလူငယ်လုပ်ရန် သင့်လျော်ကြောင်းများဖြင့် တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်က ကျေနပ်လျှင် အလုပ်ရုံတွင် ကလေးအဖြစ်အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

(ခ) ထိုလူငယ်သည် အသက်ဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်၍ အလုပ်ရုံတွင်တရက်လုံးအတွက် အလုပ်လုပ်ရန် သင့်လျော်ကြောင်းဖြင့်၊ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ကကျေနပ်လျှင် အလုပ်ရုံတွင် လူကြီးအဖြစ် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

သို့ရာတွင် တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည် လူငယ်အလုပ်လုပ်ရန် ကြံ့ရွယ်သည့်နေရာနှင့် ထိုသူကိုခိုင်းစေမည့် ပြုလုပ်မှုလုပ်ငန်းစဉ်အကြောင်းကို ကိုယ်တိုင်သိရှိပြီးမဟုတ်လျှင်၊ ထိုနေရာကို စစ်ဆေးပြီးမှသာလျှင်၊ ပုဒ်မခွဲ (၁) အရ တာဝန်ခံလက်မှတ်ကိုထုတ်ပေးရမည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်သည် ထုတ်ပေးသည့် နေ့မှစ၍ ဆယ့်နှစ်လအတွင်းသာ အတည်ဖြစ်ရမည်။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်ကို ခိုင်းစေခံရမည့်လူငယ်နှင့် ပတ်သက်သည့် အလုပ်အမျိုးအစားနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို ထား၍ ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် ဆယ့်နှစ်လမစေ့မီ လူငယ်ကို ပြန်လည်စစ်ဆေးသပ် စစ်ဆေးရမည်ဟု တာဝန်ခံလက်မှတ်တွင် စည်းကမ်းချက်ထည့်သွင်း ရေးသားနိုင်သည်။

(၅) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် တာဝန်ခံလက်မှတ်ရရှိသူသည်၊ ထိုလက်မှတ်တွင် ရေးသားဖော်ပြထားသည့်အတိုင်း ကလေး၊ သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့် အလုပ်ရုံတွင် ဆက်လက်လုပ်ရန် မသင့်လျော်တော့ကြောင်း တာဝန်ခံ လက်မှတ်ထုတ်ပေးသည့် ဆရာဝန်ကထင်မြင်သဘောရရှိလျှင်၊ ဆရာဝန်သည်ထိုတာဝန်ခံလက်မှတ်ကိုရုပ်သိမ်းရမည်။

(၆) တာဝန်ခံ လက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည် တာဝန်ခံ လက်မှက်ကိုဖြစ်စေ၊ တောင်းဆိုသည့်တာဝန်ခံလက်မှတ်မျိုးကိုဖြစ်စေ၊ထုတ်ပေးရန်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးရန် ငြင်းဆိုလျှင်သော်၎င်း၊ ရုပ်သိမ်းလျှင်သော်၎င်း၊ တာဝန်ခံလက်မှတ် တောင်းဆိုပိုင်ခွင့်ရှိသူက မည်သည့် အကြောင်းကြောင့် ယင်းသို့ငြင်းဆိုသည်၊ သို့တည်းမဟုတ် ရုပ်သိမ်းသည်ကိုဖော်ပြရန် ဆရာဝန်အား တောင်းဆိုလျှင်၊ ထိုအကြောင်းများကို ရေးသားဖော်ပြရမည်။

(၇) ပုဒ်မခွဲ (၄) တွင် ရည်ညွှန်းထားသည့် စည်းကမ်းချက်များထားလျက်၊ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်က လူငယ်နှင့်ပတ်သက်၍၊ ဤပုဒ်မအရ တာဝန်ခံလက်မှတ်ကို ထုတ်ပေးလျှင်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးလျှင်၊ ထိုလူငယ်ကို စည်းကမ်းချက်များနှင့် အညီမှလွဲ၍ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၈) ဤပုဒ်မအရ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်အတွက် ပေးဆောင်ရမည့် အခငွေကို ဆိုင်ရာလုပ်ငန်းပိုင်ရှင်က ပေးဆောင်ရမည်။ လူငယ်ထံမှဖြစ်စေ၊ သူ၏ မိဘထံမှဖြစ်စေ၊ အုပ်ထိန်းသူထံမှဖြစ်စေ၊ မတောင်းဆိုရ။

လူရွယ်သို့ထုတ်ပေးသည့် တာဝန်ခံလက်မှတ်၏အကျိုး။

၇၀။ ။(၁) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂)၊အပိုဒ် (ခ) အရ၊ အလုပ်ရုံတွင်လူကြီးအဖြစ်အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် ရသည့်ပြင် အလုပ်ရုံတွင်အလုပ်လုပ်နေစဉ် ထိုတာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့်အထိန်းအမှတ်ကိုလည်း ဆောင်ထားသည့်လူရွယ်သည်၊ အခန်း ၇ ပါကိစ္စများအလို့ငှါ၊ လူကြီးဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂)၊အပိုဒ် (ခ) အရ၊ အလုပ်ရုံတွင် လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်မရသည့် လူရွယ်သည်၊ အသက်မည်မျှပင်ရှိစေကာမူ၊ ဤအက်ဥပဒေအလို့ငှါ ကလေးဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ကလေးများ အလုပ်လုပ် သည့်အချိန်။

၇၉။ ။(၁) မည်သည့်ကလေးကိုမျှ အလုပ်ရုံ၌—

(က) မည်သည့်ရက်တွင်မျှ ပေါင်းလေးနာရီထက်ပို၍ မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ၊

(ခ) ညနေခြောက်နာရီမှ နံနက်ခြောက်နာရီထိ အချိန်အတွင်းမခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၂) ကလေးအားလုံးတို့၏ အလုပ်လုပ်ချိန် ကာလအပိုင်းအခြားကို အလှည့်ချင်းမထပ်သော အလှည့်နှစ်လှည့်သာ ကန့်သတ်ထားရမည့်အပြင်၊ တလှည့်လှင်လည်း အားလပ်ချိန်ပေးလျှင် တိုအားလပ်ချိန်နှင့်အလုပ်ချိန်ပေါင်းမှာ ငါးနာရီထက်မပိုစေရ။ ကလေးအသီးသီးကို အလှည့်ကျလူစုဟွင်သာ ခိုင်းစေရမည်။ ထို့ပြင် ခိုင်းစေခံရသောကာလးပါဝင် လုပ်သောအလှည့်ကျလူစုကို၊ အင်စပက်ဘော်ချုပ်၏ သဘောတူညီချက်မရရှိဘဲ၊ တလလျှင်တကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

(၃) ပုဒ်မ ၆၀ ရှိ ပြဋ္ဌာန်းချက်သည်၊ ကလေးအလုပ်သမားများနှင့်လည်း သက်ဆိုင်စေရမည်။ ထို့ပြင် ကလေးနှင့်ပတ်သက်၍ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်မှ ကင်းလွှတ်ခွင့်မပြုရ။

(၄) မည်သည့်ကလေးကိုမျှ၊ အလုပ်ရုံတခုနှင့် အလုပ်လုပ်ပြီးဖြစ်သော ရက်တွင်၊ အခြားအလုပ်ရုံတခုနှင့် ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

ကလေးများ အလုပ်လုပ်ရန် ကာလအပိုင်း အခြားဆိုင်ရာ နှိုတစ်စာ။

၈၀။ ။(၁) ကလေးများ အလုပ်လုပ်ရန်ကာလအပိုင်းအခြားဆိုင်ရာ နှိုတ်စာကို နှေစဉ် မည်သည့်ကာလအပိုင်းအခြားတွင် ကလေးများအားအလုပ်လုပ်စေမည်၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်ပြုမည့်အကြောင်း ရှင်းလင်းစွာဖေါ်ပြလျက်၊ ပုဒ်မ ၉၉၊ ပုဒ်မခွဲ(၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကလေးများကို ခိုင်းစေသည့်အလုပ်ရုံအသီးသီးတွင် မြင်သာအောင်ကပ်ထားရမည့်အပြင်၊ မှန်ကန်စွာလည်း ထားရှိရမည်။

(၂) ပုဒ်မခွဲ(၁)အရ၊ လိုအပ်သည့်နှိုတစ်စာတွင် ဖေါ်ပြဆားသည့် ကာလအပိုင်းအခြားများကို ပုဒ်မ ၆၇ တွင်၊ လူကြီးများအတွက်၊ ပြဋ္ဌာန်းထားသည့်နည်းလမ်းနှင့်အညီ ကြိုတင်သတ်မှတ်ရမည့်ပြင်၊ ထိုကာလအပိုင်းအခြားများအတွက် အလုပ်လုပ် နေသည့်ကလေးများသည် ပုဒ်မ ၇၉ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ အလုပ်လုပ်ရာ မရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ပုဒ်မ ၆၇၊ ပုဒ်မခွဲ(၉)နှင့်(၁၀)ရှိ ပြဋ္ဌာန်းချက်များသည်၊ ဤပုဒ်မ၏ပုဒ်မခွဲ(၁)အရ လိုအပ်သည့် နှိုတစ်စာနှင့်လည်း သက်ဆိုင်စေရမည်။

(၄) နိုင်ငံတော်သမတသည် ကလေးများအလုပ်လုပ်ရန် ကာလ အပိုင်းအခြား ဆိုင်ရာ နှိုတစ်စာအတွက် ပုံစံများနှင့် ထိုနှိုတစ်စာကိုထားရှိရမည့်နည်းလမ်းကို ပြဋ္ဌာန်းသည့်နည်းဥပဒေများ ပြုနိုင်သည်။

ကလေး အလုပ် သမားမှတ်ပုံ စာအုပ်။

၈၁။ ။(၁) ကလေးများကို ခိုင်းစေသည့် အလုပ်ရုံ မန်နေဂျာ အသီးသီးသည်—

(က) ကလေးအလုပ်သမား အသီးသီး၏အမည်နှင့် မိဘအမည်၊

(ခ) ထိုကလေးလုပ်သည့် အလုပ်အမျိုးအစား၊

(ဂ) ထိုကလေးပါဝင်သည့် လူစုရှိလျှင်၊ ထိုလူစု၊

(ဃ) ထိုကလေးပါဝင်သည့်လူစုသည်၊ အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုကလေးအား မည်သည့်အလှည့်ကျ လူစုသို့ သတ်မှတ်ချထားကြောင်း၊

(င) ပုဒ်မ ၇၇ အရ ထုတ်ပေးသည့် ထိုကလေး၏အလုပ် လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၏ အမှတ်စဉ်၊ ထို့ပြင်

(စ) ပြဋ္ဌာန်းထားသည့် အခြားအကြောင်းအရာများ

ကို ဖော်ပြသည့် ကလေးအလုပ်သမားမှတ်ပုံစာအုပ်ကို ထားရှိရမည့်အပြင်၊ ထိုမှတ်ပုံစာအုပ်ကို အလုပ်ချိန် အတွင်း အင်စပက်တော်က အချိန်မရွေးကြည့်ရှုနိုင်ရန်ထားရှိရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကလေးအလုပ်သမား မှတ်ပုံစာအုပ်ပုံစံ၊ ထိုမှတ်ပုံစာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံစာအုပ်ကို မပျက်စီးအောင် သိမ်းထားရမည့် ကာလအပိုင်း အခြားကို ပြဋ္ဌာန်းနိုင်သည်။

၀၂။ ။မည်သည့်ကလေးကိုမျှ မြင်သာအောင်ကပ်ထားသည့် ကလေးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နှိုတစ်စာနှင့် ဆန့်ကျင်လျက်ငင်း၊ ထို့ပြင် ကလေးအလုပ်သမား မှတ်ပုံစာအုပ်တွင်၊ ထိုကလေး၏အမည်နှင့်ယှဉ်လျက် ကြိုတင်ရေးသွင်းထားသည့် ရေးသွင်း ချက်များနှင့် ဆန့်ကျင်လျက်ငင်း၊ ခိုင်းစေခြင်းမပြုရ။ အလုပ်လုပ်သည့်အချိန် နာရီများသည်၊ ပုဒ်မ ၀၀ အရ၊ ကပ်ထားရမည့် နှိုတစ်စာနှင့်ငင်း၊ ပုဒ်မ ၀၁ အရ ထားရှိရမည့် မှတ်ပုံစာအုပ်နှင့်ငင်း ညီညွတ်စေခြင်း။

၀၃။ ။(က) အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာ၀န်ခံလက်မှတ်မရှိဘဲ အလုပ်ရုံတွင် အလုပ်လုပ်နေသူသည်၊ လူငယ်ဖြစ်သည်ဟူ၍ သော်ငင်း၊ ဆရာ၀န်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ပြုရန်ဆင့်ဆိုခြင်ခွင့်အာဏာ။

(ခ) အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာ၀န်ခံလက်မှတ်နှင့် အလုပ်ရုံတွင်အလုပ်လုပ်နေသည့် လူငယ်သည်၊ ထိုတာ၀န်ခံ လက်မှတ်တွင် ရေးသား ဖော်ပြထားသည့်အတိုင်း၊ ကလေး၊ သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့် ဆက်လက်အလုပ်လုပ်ရန်မသင့်လျော်တော့ဟူ၍သော်ငင်း၊

အင်စပက်တော်က ထင်မြင်သဘောရရှိလျှင်၊ ထိုအင်စပက်တော်သည် ယင်းသို့သော သူကို တာ၀န်ခံလက်မှတ်ထုတ်ပေးသည့် ဆရာ၀န်ဖြင့် စမ်းသပ်စစ်ဆေးရမည်ဟု ဆင့်ဆိုသည့်နှိုတစ်စာကို အလုပ်ရုံမန်နေဂျာထံပေးနိုင်သည်။ ထို့ပြင် ဤကဲ့သို့စမ်းသပ်စစ်ဆေးခြင်းမပြုရသေးမီ ပုဒ်မ ၇၇ အရ၊ အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာ၀န်ခံလက်မှတ်၊ သို့တည်းမဟုတ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာ၀န်ခံလက်မှတ်သစ် ဆိုင်သင့်ရာရာကိုလည်း ထုတ်ပေးခြင်းမပြုရသေးမီ၊ သို့တည်းမဟုတ် ထိုသူအား စစ်ဆေးသောတာ၀န်ခံလက်မှတ် ထုတ်ပေးသည့်ဆရာ၀န်က ထိုသူသည် လူငယ်မဟုတ်ကြောင်း တာ၀န်ခံလက်မှတ်မပေးသေးမီ ယင်းသို့သောသူကို အလုပ်ရုံတွင်မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့် မပြုရဟု အင်စပက်တော်က ဆင့်ဆိုလျှင်၊ ထိုသို့ဆင့်ဆိုသည့်အတိုင်း မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

၀၄။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအလို့၇၊ နည်းဥပဒေများပြုနိုင်သည်။ နည်းဥပဒေများပြုနိုင်သည့် အာဏာ။

(က) ပုဒ်မ ၇၇ အရ ထုတ်ပေးမည့် အလုပ်လုပ်ရန် သင့်လျော်ကြောင်းတာ၀န်ခံလက်မှတ်များအတွက် ပုံစံများကိုပြဋ္ဌာန်းရန်၊ မူရင်းတာ၀န်ခံ လက်မှတ် ပျောက်ဆုံးသည့်အခါ၊ မိတ္တူများထုတ်ပေးရန်အတွက် ပြဋ္ဌာန်းရန်၊ ထို့ပြင် ယင်းသို့သော တာ၀န်ခံလက်မှတ်များ အသစ်လဲလှယ်ထုတ်ပေးသည့် တာ၀န်ခံ လက်မှတ်များ

နှင့် ယင်းသို့သော မိတ္တူများအတွက်ငင်း၊ ပြဋ္ဌာန်းသည့် အခြားစစ်းသပ်စစ်ဆေးမှုများအတွက်ငင်း၊ တောင်းဆိုပိုင်ခွင့်ရသည့် အခများကိုသတ်မှတ်ရန်။

(ခ) အလုပ်ရုံများတွင် အလုပ်လုပ်သည့် ကလေးများနှင့် လူရွယ်များရောက်ရှိရမည့် ကာယဗလ အဆင့်အတန်းများကို ပြဋ္ဌာန်းရန်။

(ဂ) တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်များက၊ ဤအခန်းအရလိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကိုစည်းမျဉ်းသတ်မှတ်ရန်၊ ထို့ပြင် အလုပ်ရုံများတွင် လူငယ်များအား ခိုင်းစေခြင်းနှင့်စပ်လျဉ်း၍၊ ထိုတာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်တို့က ဆောင်ရွက်ရန်လိုအပ်သည့် အခြားအလုပ်ဝတ်တရားများကို သီးခြားဖေါ်ပြရန်၊ ထိုအလုပ်ဝတ်တရားများအတွက် တောင်းဆိုနိုင်သည့်အခငွေများနှင့် ထိုအခငွေများပေးဆောင်ရမည့်သူများကို ပြဋ္ဌာန်းရန်။

(ဃ) ဤအခန်းရှိ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန် အလို့ငှ်၊ သင့်လျော်သည့် အခြားအကြောင်းအရာဘခုခုကို ပြဋ္ဌာန်းရန်။

အခန်း ၉။

ပြစ်ဒဏ်များနှင့် လိုက်နာဆောင်ရွက်ရန် နည်းလမ်း။

ပြစ်မှုများအတွက်သာမန်ပြစ်ဒဏ်။

၈၅။ ။အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံဖြစ်သည်ဟု ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ကျေညာထားသည့်နေရာတခုခုတွင်သော်ငင်း၊ ထိုအလုပ်ရုံ၊ သို့တည်းမဟုတ် နေရာနှင့်စပ်လျဉ်း၍သော်ငင်း၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများကိုဖြစ်စေ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ စာဖြင့်ရေးသားချမှတ်သည့်အမိန့်ကိုဖြစ်စေ ဆန့်ကျင်လျှင်၊ အလုပ်ရုံမန်နေဂျာနှင့် လုပ်ငန်းပိုင်ရှင်တို့သည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ၊ သုံးလထက်မပိုသော ဆောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ ထို့ပြင် ယင်းသို့ပြစ်ဒဏ် စီရင်ခြင်းခံရပြီးနောက်၊ ဆက်လက်ဆန့်ကျင်ပါက၊ထိုသူအသီးသီးသည် နောက်ထပ်ပြစ်မှုထင်ရှား စီရင်ခြင်းခံရမည်ပြင်၊ ဤကဲ့သို့ ဆက်လက်ဆန့်ကျင်သည့်ရက်များအတွက် တရက်လျှင်၊ခုနစ်ဆယ့်ငါးကျပ်ထက်မပိုသောငွေဒဏ်ကိုလည်း စီရင်ခြင်းခံရမည်။

° [သို့ရာတွင်—

(၁) ပုဒ်မ ၅၉ ၏၊ သို့တည်းမဟုတ် ပုဒ်မ ၆၂ ၏ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်သော အလုပ်ရုံမန်နေဂျာအား၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်အား ငွေဒဏ်စီရင်ရာ၌ တရားရုံးသည်၊ ကျပ်ငါးရာတိတိ ငွေဒဏ်ကိုဖြစ်စေ၊ ပုဒ်မ ၇၃ (၁) တွင်ပြဋ္ဌာန်းထားသည့် အချိန်ပိုလုပ်ခကြေးငွေ၏ နှစ်ဆနှင့်ညီမျှသော ငွေဒဏ်ကိုဖြစ်စေ၊ ထိုငွေဒဏ်နှစ်ရပ်အနက် များရာငွေဒဏ်ကို စီရင်ရမည်။

(၂) အလုပ်ရုံမန်နေဂျာနှင့် လုပ်ငန်းပိုင်ရှင်နှစ်ဦးလုံးသည်ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ဆန့်ကျင်မှု တခုတည်းနှင့် စပ်လျဉ်း၍ စီရင်ခြင်းခံရသည့် ငွေဒဏ်စုစုပေါင်းသည် ဆိုခဲ့သည့်ငွေဒဏ်များထက် မပိုစေရ။]

° ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၄ အရ အစားထည့်သွင်းသည်။

၈၆။ ။ပုဒ်မ ၈၅ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူးသူသည်၊ ယခင်က ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို နောက်ထပ်ဆန့်ကျင်သည့် ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နောက်ထပ်ပြစ်ဒဏ်စီရင်ခြင်းခံရသောအခါ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးနှစ်ရာမှ အများဆုံးတထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။ အထက်က ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသူများကို ပြစ်ဒဏ်တိုး၍ စီရင်ခြင်း။

သို့ရာတွင် ဤပုဒ်မအရ ပြစ်ဒဏ်စီရင်ရန်အလို့ငှါ နှစ်နှစ်ကျော်က ထိုသူအပေါ်တွင် ချမှတ်သည့် ပြစ်ဒဏ်ကို ထည့်သွင်းအရေးမယူရ။

၈၇။ ။(၁) အလုပ်သမားများသို့ တာဝန်ဝတ်တရားများ ချအပ်သည့် ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေတခုခုကို၊ သို့တည်းမဟုတ် အမိန့်တခုခုကိုဖြစ်စေ၊ ခိုင်းစေခံရသူအလုပ်သမားတဦးဦးက ဆန့်ကျင်လျှင်၊ ထိုသူသည် တလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ အလုပ်သမား ကျူးလွန်သည့် ပြစ်မှုများ။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုအတွက် အလုပ်သမားကိုပြစ်ဒဏ်စီရင်လျှင်၊ ထိုဆန့်ကျင်မှုကိုမပြုမိအောင် သင့်လျော်သောဆောင်ရွက်မှုများကို လုပ်ငန်းပိုင်ရှင်က၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာကမပြုကြောင်း ထင်ရှားအောင်မပြနိုင်လျှင်၊ထိုလုပ်ငန်းပိုင်ရှင်ကိုဖြစ်စေ၊မန်နေဂျာကိုဖြစ်စေ ထိုဆန့်ကျင်မှုနှင့်စပ်လျဉ်း၍၊ ပြစ်မှုကျူးလွန်သည်ဟု မမှတ်ယူရ။

၈၈။ ။မည်သူမဆို ဤအက်ဥပဒေအရ အပ်နှင်းထားသည့်အာဏာကို သုံးစွဲနေသောအင်စပက်တော်ကို တမင်ဟန့်တားလျှင်သော်ငင်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့ဘည်းမဟုတ် ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများနှင့်အညီ၊ မိမိထားရှိသည့်မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းများကိုထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ၊ ထုတ်ပြရန်ပျက်ကွက်လျှင်သော်ငင်း၊ အလုပ်ရုံအတွင်းရှိ အလုပ်သမားတဦးဦးကို အင်စပက်တော်ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ်အဆေးခံခြင်းမပြုနိုင်အောင်ဝက်ဘားလျှင်၊ သို့တည်းမဟုတ်တားဆီးလျှင်သော်ငင်း၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ အင်စပက်တော်ကို ဟန့်တားသည့်အတွက် ပြစ်ဒဏ်။

၈၉။ ။(၁) တရားရုံးသည် လုပ်ငန်းပိုင်ရှင်ကို၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာကို ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်စီရင်နိုင်သည့်ပြင်၊ အမိန့်တရပ်လည်း ချမှတ်နိုင်သည်။ ထိုအမိန့်တွင် ကျူးလွန်သည့်ကိစ္စနှင့်စပ်လျဉ်း၍၊ တရားအတိုင်းဖြစ်စေရန် အလို့ငှါ၊ အမိန့်တွင်သီးခြားဖော်ပြထားသည့်ဆောင်ရွက်မှုများကိုထိုအမိန့်တွင်သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွင်း ပြုရမည်ဟု ပါရှိရမည်။ (တရားရုံးသည် ကာလအပိုင်းအခြားကို ထပ်တိုးရန်လျှောက်ထားသည့်အခါ ထိုသို့ထပ်တိုးရန်သင့်သည်ဟု ထင်ပြင်လျှင် အခါအားလျော်စွာထပ်တိုးနိုင်သည်။) အမိန့်ချမှတ်နိုင်သည့် တရားရုံး၏ အာဏာ။

(၂) ပုဒ်မခွဲ (၁) အရအမိန့်ကို ချမှတ်လျှင်၊ လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာသည်၊ တရားရုံးက ခွင့်ပြုသည့် ကာလ အပိုင်းအခြားအတွင်း၊ သို့တည်းမဟုတ် ထပ်တိုးသော ကာလ အပိုင်းအခြားအတွင်း၊ ထိုပြစ်မှုကို ဆက်လက်ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေအရ ပြစ်ဒဏ်မထိုက်သင့်စေရ။ သို့ရာတွင် ထိုခွင့်ပြုသည့်ကာလအပိုင်းအခြား၊ သို့တည်းမဟုတ် ထပ်တိုးသောကာလအပိုင်းအခြားစေ့ကုန်သောအခါ၊ တရားရုံး၏ အမိန့်အတိုင်းအကြောင်းမဲ့လိုက်နာဆောင်ရွက်ခြင်းမရှိသေးလျှင် လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် မန်နေဂျာသည်၊ နောက်ထပ်ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ထိုကာလအပိုင်းအခြားစေ့ကုန်ပြီးနောက် အမိန့်အတိုင်း လိုက်နာရန် စတင်ပျက်ကွက်သည့်နေ့မှစ၍၊ တနေ့လျှင်တရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

သီးခြားဖြစ်သောပြစ်မှုများ။

၉၀။ ။ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက်ငင်း၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်နှင့် ဆန့်ကျင်သျက်ငင်း အလုပ်ရုံတွင် မည်သူကိုမဆို ခိုင်းစေလျင်၊ဤသို့ခိုင်းစေခံရသူ အသီးသီးနှင့် ပတ်သက်၍ သီးခြားဖြစ်သော ပြစ်မှုတခုစီကျူးလွန်သည်ဟုမှတ်ယူရမည်။

အလုပ် လုပ်ရန် သင့်လျော်ကြောင်းမမှန်သည့်တာဝန်ခံလက်မှတ်ကိုအသုံးပြုသည့် အတွက်ပြစ်ဒဏ်။

၉၁။ ။မည်သူမဆို ပုဒ်မ ၇၇ အရ၊ သူတပါးသို့ပေးအပ်သည့် အလုပ်လုပ်ရန်သင့်လျော်ကြောင်းတာဝန်ခံလက်မှတ်ကို၊ ထိုပုဒ်မအရ မိမိသို့ပေးအပ်သည့် တာဝန်ခံလက်မှတ်အဖြစ် လိမ်လည်၍ သိလျက်နှင့် အသုံးပြုလျှင်သော်ငင်း၊ အသုံးပြုရန် အားထုတ်လျှင်သော်ငင်း၊ ထိုပုဒ်မအရ တာဝန်ခံလက်မှတ်ကို ရယူပြီးနောက်၊ သိလျက်နှင့် အခြားသူတဦးတယောက်အား အသုံးပြုခွင့်ပေးလျှင်သော်ငင်း၊ အသုံးပြုရန်အားထုတ်မှုကို ခွင့်ပြုလျှင်သော်ငင်း ထိုသူသည် တလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ကလေးကို တရက်တည်း၌ အလုပ်ရုံနှစ်ရုံတွင်အလုပ်လုပ်ခွင့်ပြုသည့်အတွက်ပြစ်ဒဏ်။

၉၂။ ။ကလေးတယောက်သည် အလုပ်ရုံတခုတွင် အလုပ် လုပ်ပြီးသော ရက်၌ အခြားအလုပ်ရုံတခုတွင်မိဘ၏၊ ထို့တည်းမဟုတ် အုပ်ထိန်းသူ၏၊ သို့တည်းမဟုတ် စောင့်ရှောက်သူ၏၊ သို့တည်းမဟုတ် အုပ်ချုပ်သူ၏၊ သို့တည်းမဟုတ် အခများမှတိုက်ရိုက်အကျိုးခံစားရသူ၏ သဘောတူညီချက်ဖြင့်၊ သို့တည်းမဟုတ် တမင်လျစ်လျူရှုချက်ဖြင့် အလုပ်လုပ်သည်ဟု တရားရုံးက ထင်မြင်လျှင်၊ ကလေး၏မိဘသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် စောင့်ရှောက်သူသည်၊ သို့တည်းမဟုတ် အုပ်ချုပ်သူသည်၊ သို့တည်းမဟုတ်အကျိုးခံစားရသူသည် နှစ်ဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

မည်သူသည် လုပ်ငန်းပိုင်ရှင်ဖြစ်ကြောင်းဆုံးဖြတ်ခြင်း။

၉၃။ ။(၁) လုပ်ငန်းပိုင်ရှင်သည်၊ ဖက်စပ်လုပ်ငန်း၊သို့တည်းမဟုတ် သီးခြား ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဖက်စပ်လုပ်ငန်းတွင် ဖက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ လုပ်ငန်းပိုင်ရှင်အားပြစ်ဒဏ် ပေးနိုင်သည့် ပြစ်မှုတခုခု အတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာ့နိုင်ငံ၌ နေထိုင်သူတဦးဦးကို၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်အဖြစ်အမည်တင်သွင်းခန့်ထားပြီးဖြစ်ကြောင်းဖြင့် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က အင်စပက်တော်အား နှိမ်တစ်စာပေးပို့နိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည်ယင်းသို့ နေထိုင်သမျှ ကာလပတ်လုံး မိမိအား အမည်တင်သွင်းခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နှိမ်တစ်စာကို အင်စပက်တော်ကမရမီသော်ငင်း၊ မိုင်သည် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲဝင်အဖြစ်မှ ရပ်နားခြင်းမပြုမီသော်ငင်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) လုပ်ငန်းပိုင်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ်အနည်းပိုင် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို၊ လုပ်ငန်းပိုင်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှု တခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးဦးကိုသော်ငင်း၊ အနည်းပိုင် ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သည့် အစုပါဝင်သူတဦးဦးကိုသော်ငင်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်အဖြစ် အမည်သွင်းထားပြီးဖြစ်ကြောင်းဖြင့် အင်စပက်တော်အား နှိမ်တစ်စာပေးနိုင်သည်။

ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ လုပ်ငန်းပိုင်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၃) လုပ်ငန်းပိုင်ရှင်သည် အစိုးရသော်၎င်း၊ အစိုးရက ခွဲစည်းတည်ထောင်ထားသည့်အဖွဲ့သော်၎င်း၊ အခြားဒေသန္တရအာဏာပိုင်သော်၎င်းဖြစ်လျှင်၊ သက်ဆိုင်ရာအလုပ်ဌာနကို ကြိုးကြပ်ရန် လုပ်ငန်းပိုင်ရှင်အား တာဝန်ခံရသော ထိုအလုပ်ဌာန၏ အကြီးအကဲအဖြစ်ဖြင့် အစိုးရက၊ သို့တည်းမဟုတ် အဆိုပါအဖွဲ့က၊ သို့တည်းမဟုတ် အဆိုပါအခြား ဒေသန္တရအာဏာပိုင်က ခန့်ထားသော သူအား လုပ်ငန်းပိုင်ရှင်ကို ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် မန်နေဂျာမှာ တာဝန်ကင်းလွတ်ခြင်း။

၉၄။ ။(၁) လုပ်ငန်းပိုင်ရှင်အပေါ်တွင် ဖြစ်စေ၊ အလုပ်ရုံမန်နေဂျာ အပေါ်တွင်ဖြစ်စေ ဤအက်ဥပဒေအရ ပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှုနှင့် တရားစွဲဆိုလျှင်၊ ထိုလုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် မန်နေဂျာသည် ပြစ်မှုကို အခြားသူက ကျူးလွန်ကြောင်းနှင့် ကိုယ်တိုင်နေရာတကျ တိုင်တန်းလျောက်ထား၍၊ ယင်းသို့ တိုင်တန်းလျောက်ထားရန် ကြိုရွယ်ကြောင်းနို့တစ်စာကို သုံးရက် အောက်မနည်း ကြိုတင်၍ တရားလိုဘက်သို့ပေးပို့ပြီးကာလ၊ ထိုသို့ စွပ်စွဲခံရသူကို စွပ်စွဲချက်အတိုင်း ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်အချိန်တွင်၊ တရားရုံးသို့ခေါ်ဆောင်လာစေရန် ပြောဆိုပိုင်ခွင့်ရှိရမည်။ ထို့ပြင် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပြီးနောက်၊ လုပ်ငန်းပိုင်ရှင်ကဖြစ်စေ၊ မန်နေဂျာက ဖြစ်စေ—

(က) ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ကိုယ်တိုင်နေရာတကျလုံလဉ်ပြုကြောင်း၊ ထို့ပြင်

(ခ) မိမိမသိဘဲ၊ သဘောမတူဘဲ၊ တမင်လျစ်လျူရှု၍ နေခြင်းကြောင့်မဟုတ်ဘဲ၊ ထိုစွပ်စွဲခံရသော အခြားသူသည်၊ ပြစ်မှုကို ကျူးလွန်ကြောင်း

တရားရုံးက ကျေနပ်အောင် ထင်ရှားပြသလျှင်၊ ထိုပြစ်မှုအတွက် ထိုအခြားသူကို ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် အခြားသူသည်၊ လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာဖြစ်ဘိသကဲ့သို့ အလားတူ ပြစ်ဒဏ်မျိုးစီရင်ခြင်းခံရမည်။ ထို့ပြင် လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာသည် ထိုပြစ်မှုနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေအရ မည်သည့်တာဝန်မှမဆို ကင်းလွတ်စေရမည်။ ဤအမှုမျိုးတွင် အလုပ်ရုံမန်နေဂျာကဖြစ်စေ၊ လုပ်ငန်းပိုင်ရှင်ကဖြစ်စေ သက်သေခံလျှင်၊ ထိုမန်နေဂျာကို၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ကိုငင်း၊ စွဲချက်ကိုထောက်ခံရန် ထိုသူကပေးသည့်သက်သေများကိုငင်း၊ တရားလိုသက်သေက ပြန်လှန်စစ်ဆေးနိုင်ခွင့်ရှိသည်ပြင်၊ သက်သေထွက်ချက်များကိုလည်း ချေပရန် သက်သေတင်ပြနိုင်သည်။

(၂) အမှုစွဲဆိုခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို—

(က) လုပ်ငန်းပိုင်ရှင်ကဖြစ်စေ၊ အလုပ်ရုံမန်နေဂျာကဖြစ်စေ၊ ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင်နေရာတကျလုံလဉ်ပြုကြောင်း၊

(ခ) ပြစ်မှုကျူးလွန်သူမှာ မည်သူဖြစ်ကြောင်း၊ ထို့ပြင်

(၈) ပြစ်မှုကျူးလွန်သည့်အခါ လုပ်ငန်းပိုင်ရှင်ဖြစ်စေ၊ အလုပ်ရုံမန်နေဂျာဖြစ်စေမသိဘဲ၊ သို့တည်းမဟုတ် သဘောမတူဘဲ၊ သို့တည်းမဟုတ် တမင် လျစ်လျူရှု၍ နေခြင်း မဟုတ်ဘဲ၊ သူ၏အမိန့်ကို ဖီဆန်ကျူးလွန်ကြောင်း

ဖြင့် အင်စပက်တော်ကောနပ်အောင် ထင်ရှားပြသည့်အခါ၊ လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာအပေါ်ကွင်ရှေးဦးစွာတရားစွဲဆိုခြင်းမပြုဘဲ ပြစ်မှုကျူးလွန်သူအမှန်ဖြစ်ကြောင်းမိမိယုံကြည်သူကို အင်စပက်တော်က တရားစွဲဆိုရမည်။ထိုသူမှာလည်းလုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာဖြစ်ဘိသကဲ့သို့ အလားတူအပြစ်ဒဏ်မျိုး စီရင်ခြင်းခံရမည်။

ခိုင်းစေခံရသူဟူ၍မှတ်ယူခြင်း။

၉၅။ ။အစာစားချိန်နှင့် အားလပ်ချိန်များမှလွဲ၍၊ အလုပ်လုပ်နေသည့်အချိန်တွင်ဖြစ်စေ၊ စက်ကိရိယာ လည်နေသည့် အချိန်တွင်ဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို တဦးဦးသောသူကို အလုပ်ရုံ၌တွေ့ရှိလျှင်၊ ထိုသူသည် အလုပ်ရုံတွင် ခိုင်းစေခံရသူမဟုတ်ဟု ထင်ရှားအောင် မပြနိုင်ပါက ထိုသူကို ဤအက်ဥပဒေအလို့ငှါငင်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများအလို့ငှါငင်း၊ အလုပ်ရုံတွင် ထိုအချိန်၌ ခိုင်းစေခံရသူဖြစ်သည်ဟူ၍မှတ်ယူရမည်။

အသက်အရွယ်နှင့်စပ်လျဉ်း၍ ထင်ရှားအောင်ပြရန် တာဝန်။

၉၆။ ။(၁) တဦးဦးသော သူသည်၊ သတ်မှတ်သားသည့် အသက်အောက်ငယ်ပါက ပြုလုပ်မှသည်၊ သို့တည်းမဟုတ် ပျက်ကွက်မှုတခုခုသည်၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြစ်၍ ထိုသူသည် ယင်းသို့ သတ်မှတ်သားသည့် အသက်အောက်ငယ်ကြောင်း ယုတ္တိထင်ရှားသည်ဟု တရားရုံးက ထင်မြင်သဘောရရှိလျှင်၊ ထိုသူသည် ဆိုခဲ့သည့်အသက်အောက်မငယ်ကြောင်း ထင်ရှားအောင် ပြရန်မှာ တရားခံ၏ တာဝန်ဖြစ်ရမည်။

(၂) အလုပ်သမားနှင့် ပတ်သက်၍ တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်၏ထုတ်ဖော်ရေးသားချက်တွင် ထိုအလုပ်သမားကို မိမိကိုယ်တိုင်စမ်းသပ်ကြောင်း၊ ထို့ပြင် ထိုအလုပ်သမားသည် ထုတ်ဖော်ရေးသားချက်တွင် ဖော်ပြထားသည့် အသက်အောက်ငယ်သည်ဟု ယုံကြည်ကြောင်းပါရှိသည်ဖြစ်လျှင်၊ ထိုထုတ်ဖော်ရေးသားချက်ကို ဤအက်ဥပဒေနှင့်တကွ ဤအက်ဥပဒေအရ ပြုထားသည့် နည်းဥပဒေများအလို့ငှါ၊ ထိုအလုပ်သမား၏ အသက်နှင့် စပ်သျဉ်းသည့်သက်သေခံအဖြစ်လက်ခံရမည်။

ပြစ်မှုများကို အရေးယူခြင်း။

၉၇။ ။(၁) အင်စပက်တော်က ဖြစ်စေ၊ အင်စပက်တော်၏ စာဖြင့်ပေးသော အခွင့်အမိန့်ကို ကြိုတင်ရရှိပြီးမှဖြစ်စေ၊ စွဲဆိုသည့်အမှုမှတပါး၊ မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတခုခုကို အရေးမယူရ။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတခုခုကို ပဋမတန်းရာဇဝတ် တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

တရားစွဲဆိုနိုင်သည့်ကာလ အပိုင်းအခြားကို ကန့်သတ်ခြင်း။

၉၈။ ။ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်သည်ဟု အင်စပက်တော်သိရှိသည့်နေ့မှ ခြောက်လအတွင်း တိုင်တန်းလျှောက်ထားခြင်းမရှိလျှင်၊ ထိုပြစ်မှုကိုမည်သည့်တရားရုံးကမျှ အရေးမယူရ။

သို့ရာတွင် ထိုပြစ်မှုသည် အင်စပက်တော် စာဖြင့်ရေးသားချမှတ်သည့် အမိန့်ကို မလိုက်နာသည့် ပြစ်မှုဖြစ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန် ကြောင်းကို ထိုပြစ်မှုကျူးလွန်သည်ဟုဆိုသည့်နေ့မှ ဆယ့်နှစ်လအတွင်းတိုင်တန်းလျှောက်ထားနိုင်သည်။

အခန်း ၁၀။

နှောက်ထပ်ပြဋ္ဌာန်းချက်များ။

နွှိတစ်စာကို မြင်သာအောင် ကပ်ထားခြင်း။

၉၉။ ။(၁) ဤအက်ဥပဒေ အရငင်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများအရ ငင်း၊ အလုပ်ရုံတွင် မြင်သာအောင်ကပ်ထားရန်လိုအပ်သည့် နွှိတစ်စာအပြင်၊ ပြဋ္ဌာန်းသည့်ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၏အကျဉ်းချုပ်များနှင့်တကွ အင်စပက်တော်နှင့် တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏အမည်နှင့် နေရပ်ပါရှိသော နွှိတစ်စာကို အလုပ်သမားတို့နားလည်နိုင်သည့်စာဖြင့်ရေးသား၍ အလုပ်ရုံအသီးသီးတွင် မြင်သာအောင်ကပ်ထားရမည်။

(၂) ဤအက်ဥပဒေအရ၊ အလုပ်ရုံတွင် မြင်သာအောင် ကပ်ထားရန်လိုသည့် နွှိတစ်စာအားလုံးကို ထိုအလုပ်ရုံအဝင်ဝ တံခါးမကြီးနှစ်ခြဖြစ်စေ၊ ထိုတံခါးမကြီးအနီးနှစ်ခြဖြစ်စေ၊ အင်စပက်တော်က ညွှန်ကြားသည့်နေရာတိုင်းနှစ်ခြဖြစ်စေ အလွယ်တကူဖတ်ရှုနိုင်သော ထင်ရှားသည့်နေရာ၌ ကပ်ထားရမည်ပြင်၊ ထိုနွှိတစ်စာများကို သန့်ရှင်းစင်ကြယ်စွာနှင့် ဖတ်ရှုနိုင်အောင်ထားရှိရမည်။

(၃) အင်စပက်တော်ချုပ်သည်၊ မည်သည့် အလုပ်ရုံတွင်မဆို ခိုင်းစေခံရသူတို့၏ကုန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုနှင့် ဆိုင်သည့်အခြားနွှိတစ်စာကို၊ သို့တည်းမဟုတ် ကြော်ငြာစာကိုမြင်သာအောင် ကပ်ထားရမည်ဟု အလုပ်ရုံမန်နေဂျာအား အင်နွှံစာဖြင့် ဆင့်ဆိုနိုင်သည်။

အစီရင်ခံစာရင်း။

၁၀၀။ ။နိုင်ငံတော်သမတသည် ဤအက်ဥပဒေအလို့ငှါ လိုအပ်သည်ဟုမိမိထင်မြင်သော အစီရင်ခံစာရင်းများကို ရံဖန်ရံခါဖြစ်စေ၊ ကာလအပိုင်းအခြားနှင့်ဖြစ်စေ၊ လုပ်ငန်းပိုင်ရှင်က၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာက တင်သွင်းရမည်ဟု ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေများကို ထုတ်ပြန်ခြင်း။

၁၀၁။ ။(၁) ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ အားလုံးသည်ကြိုတင်၍ ထုတ်ပြန်ရမည်ဟူသော စည်းကမ်းချက်များနှင့် မဆန့်ကျင်စေရ။ ထို့ပြင် မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၃)အရ သီးခြားဖေါ်ပြရမည့်နေ့သည်၊ ပြုရန်ကြိုရွယ်သည့် နည်းဥပဒေကြမ်းများကို ထုတ်ပြန်သည့်နေ့မှ သုံးလအောက်မနည်းစေရ။

(၂) ထိုနည်းဥပဒေအားလုံးကို ပြန်တမ်းတွင် ထုတ်ပြန်ရမည့်ပြင်၊ ယင်းသို့ထုတ်ပြန်သည့်နေ့ထက်နောက်မကျသော နေ့ကိုမသတ်မှတ်လျှင်၊ ဤနည်းဥပဒေများသည်၊ ယင်းသို့ထုတ်ပြန်သည့်နေ့မှစ၍ အာဏာတည်ရမည်။

အစိုးရမလုပ်ရုံများ၊ မြို့နယ်ပါယ် အလုပ်ရုံများနှင့် သက်ဆိုင်ခြင်း။

၁၀၂။ ။ဤအက်ဥပဒေသည်၊ အစိုးရ၊ သို့တည်းမဟုတ် မြို့နယ်ပါယ်၊ သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်ကပိုင်သည့်၊ သို့တည်းမဟုတ်လက်ရှိထားသည့် အလုပ်ရုံများနှင့်သက်ဆိုင်ရမည်။

ရိပ်မြို့များကို ကင်းလွတ်စေခွင့်အာဏာ။

၁၀၃။ ။မည်သည့် ရိပ်မြို့တွင်မဆို ပညာရေးအတွက်ဖြစ်စေ၊ လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ ပြုပြင်ရေးအတွက်ဖြစ်စေ ထားရှိသည်လည်းဖြစ်လျက် ပြုလုပ်မှုလုပ်ငန်းစဉ်အရအလုပ်တခုခုကို လုပ်ရာလည်းဖြစ်သော အလုပ်ခန်းသည်၊ သို့တည်းမဟုတ်နေရာသည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုနှင့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်အားလုံးနှင့်သက်ဆိုင်ခြင်းမှ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည် ထင်မြင်သည့် စည်းကမ်းချက်များထားသုံးကာ၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

သို့ရာတွင် ထိုရိပ်မြို့များတွင် ခိုင်းစေခံရသူများအတွက်ငင်း၊ တက်ရောက်ကြသူများအတွက်ငင်း၊ အလုပ်ပိတ်ရက်၊ အစားစားရန် အားလပ်ချိန်နှင့်အလုပ်လုပ်ရန်အချိန် နာရီများကို သတ်မှတ်ထားသည့် စိမံချက်တခုကို ထိုရိပ်မြို့ကို အုပ်ချုပ်သူက နိုင်ငံတော်သမတအား တင်ပြခြင်းပြုလျက် ထိုသို့

တင်ပြသော စီမံချက်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေပါသက်ဆိုင်ရာပြဋ္ဌာန်းချက်များအောက် ယုတ်လျော့သက်အကျိုးသက်ရောက်စေသည်မဟုတ်ဟု နိုင်ငံတော်သမတက ကျေနပ်သဘောရရှိမှသာလျှင် အလုပ်ချိန်နာရီများနှင့် သက်ဆိုင်သည့် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ကိုပြုနိုင်သည်။

အလုပ်သမား၏တာဝန်ဝတ္တရားများ။

၁၀၄။ ။အလုပ်ရုံတွင် ခိုင်းစေခံရသည့် မည်သည့်အလုပ်သမားမျှ—

(က) အလုပ်သမား၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုများအတွက် စီမံထားသည့်ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကို တမင်အနှောင့်အယှက်မပြုရ၊ သို့တည်းမဟုတ် အလွဲအသုံးမပြုရ၊

(ခ) မိမိ ကိုယ် ကို သော်၎င်း၊ အခြား သူ ကို သော်၎င်း၊ ဘေးအန္တရာယ်ဖြစ်ဖွယ်ရာလက္ခဏာရှိသည့်အရာကို အကြောင်းလုံလောက်စွာမရှိဘဲ တမင်မပြုရ၊ ထို့ပြင်

(ဂ) အလုပ်ရုံတွင် အလုပ်လုပ်သည့် အလုပ်သမားများ၏ ကျန်းမာမှု၊ သို့တည်းမဟုတ် ဘေးရန်ကင်းရှင်းမှုအတွက်၊ အလုပ်ရုံတွင် ထားရှိသည့်ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကို အသုံးမပြုခြင်းမှ တမင်မပျက်ကွက်ရ။

နည်းဥပဒေများပြုနိုင်သည့် ယေဘုယျအာဏာ။

၁၀၅။ ။နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအနက်၊ ပြဋ္ဌာန်းချက်အချို့အား ပြဋ္ဌာန်းရာသည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်မည့်၊ သို့တည်းမဟုတ် လိုအပ်သည်ဟု ယူဆနိုင်သည့်၊ မည်သည့်ကိစ္စအတွက်မဆို ပြဋ္ဌာန်းသည့်နည်းဥပဒေများကို ပြုနိုင်သည်။

လျှပ်ကူးမှုအခွင့်အလမ်းများအတွက် အခွင့်မတောင်းဆိုရခြင်း။

၁၀၆။ ။ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ လုပ်ငန်းပိုင်ရှင်က ဆောင်ရွက်ရမည့် အစီအစဉ်များ၊ သို့တည်းမဟုတ် လွယ်ကူမှုအခွင့်အလမ်းများနှင့်ဖြစ်စေ၊ ထုတ်ပေးသည့်အသုံးအဆောင်များ၊ သို့ဘည်းမဟုတ် ကိရိယာများနှင့်ဖြစ်စေ စပ်လျဉ်း၍၊ မည်သည့်အလုပ်သမားထံကမျှ အခွင့်မတောင်းဆိုရ။

အကြောင်းအရာထုတ်ဖော်ပြောဆိုခြင်းကို ကန့်သတ်ခြင်း။

၁၀၇။ ။(၁) မည်သည့် အင်စပက်တာမျှ၊ မိမိ၏ရာထူး ဆိုင်ရာတာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ သိရှိရသည့် ပြုသုပ်မှုလုပ်ငန်း၊ သို့ဘည်းမဟုတ် ကုန်သွယ်မှုလုပ်ငန်းနှင့်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်ဘုံခုနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်အကြောင်းအရာ များကိုရာထူး၌ ထမ်းရွက်နေစဉ်သော်၎င်း၊ ရာထူးမှထွက်ပြီးသည့် နောက်မှသော်၎င်း၊ ဤအက်ဥပဒေအတိုင်း ဆောင်ရွက်ရန်အတွက်၊ သို့တည်းမဟုတ် ဤအက်ဥပဒေကိစ္စများအတွက်မှတပါး ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

(၂) ပုဒ်မခွဲ (၁) ပါမည်သည့်အချက်မျှ၊ ထိုလုပ်ငန်းပိုင်ရှင်၏၊ သို့တည်းမဟုတ် ထိုလုပ်ငန်းစဉ်ပိုင်ရှင်၏ သဘောတူညီကြောင်း ဖော်ပြသည့်စာကို ကြိုတင်ရရှိပြီးမှ အကြောင်းအရာထုတ်ဖော်ပြောဆိုခြင်းနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ဆောင်ရွက်သည့် (အနုညာတစစ်ဆေးစီရင်မှုအပါအဝင်) တရားမှုခင်းကိစ္စများအတွက်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရသော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း စဲ့ဆိုသည့်ရာဇဝတ်မှုကိစ္စများအတွက်၊ သို့ဘည်းမဟုတ် ဆိုခဲ့သည့်အမှုအခင်းများကို အစီရင်ခံရန် ကိစ္စများအတွက် အကြောင်းအရာထုတ်ဖော်ပြောဆိုခြင်းနှင့်ဖြစ်စေ မသက်ဆိုင်စေရ။

(၃) အင်စပက်တော် တဦးဦးသည် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ထိုအင်စပက်တော်သည် ခြောက်လထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငါးထောင်ထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၀၈။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သ၊ည့် သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာပဇာတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေမခွဲဆိုရ။ ဤအက်ဥပဒေအရ ဆောင်ရွက်သူများကို ကာကွယ်ပေးခြင်း။

၁၀၉။ ။အလုပ်ရုံများ အက်ဥပဒေ (၁၉၃၄ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေအမှတ် ၂၅) ကို တည်ဆဲပုဒ်ဆင်ခြက် ဥပဒေများနှင့်တကွ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ရုပ်သိမ်းခြင်းနှင့် ခြွင်းချက်ထားခြင်း။

သို့ရာတွင် ဆိုခဲ့သည့် အက်ဥပဒေများအရ ဆောင်ရွက်သည့် ကိစ္စတခုခုကို၊ ထိုစဉ်အခါက ဤအက်ဥပဒေသာ အာဏာဘည်လျက်ရှိပါက၊ ဤအက်ဥပဒေအရ ဆောင်ရွက်နိုင်မည်ဖြစ်လျှင်၊ ထိုကိစ္စကို ဤအက်ဥပဒေအရ ပြုခဲ့သည်ဟူ၍မှတ်ယူရမည်။

လူမှုဖူလုံရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။] (၁၉၅၆ ခု၊ ဇန္နဝါရီလ ၁ ရက်။)

အလုပ်သမားများအတွက်၊ မမာမကျန်းမှု၊ မီးဖွါးမှု၊ အလုပ်တွင်ဒဏ်ရာရမှုနှင့် သေဆုံးမှုကိစ္စများ ပေါ်ပေါက်လျှင် အချို့သော အကျိုးခံစားခွင့်များကို စီမံထားရှိရန် လိုအပ်သည်လည်းတကြောင်း၊ ထိုကိစ္စများနှင့် စပ်လျဉ်းသည့် အခြားကိစ္စများအတွက် စီမံချက်များပြုလုပ်ရန် လိုအပ်သည်လည်းတကြောင်း၊ ထိုအကြောင်းများကြောင့်၊

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့် နေ့ရက်များ၌ အာဏာတည်ရမည့်အပြင်၊ အရပ်ဒေသများကိုသော်၎င်း၊ အလုပ်ဌာနအမျိုးအစားကိုသော်၎င်း၊ အလုပ်သမားအမျိုးအစားများကိုသော်၎င်း ပိုင်းခြား၍ နေ့ရက်များကို ခွဲခြားသတ်မှတ်နိုင်သည်။[*]

၂။ ။ဤအက်ဥပဒေတွင် ရှေနောက်စကားတို့၏ အဓိပ္ပါယ်နှင့် မဆန့်ကျင်လျှင်—

(၁) "အဖွဲ့" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့် လူမှုဖူလုံရေးအဖွဲ့ကိုဆိုလိုသည်။

(၂) "စက်မှု လက်မှု အလုပ်ဌာန" ဆိုသည်မှာ၊ အဆောက်အဦဆောက်လုပ်မှုကို ချုနှံလှုပ်ရှ်း၊ ဓါတ်အား၊ စက်အား စသည်များကို အသုံးပြုရှ်းဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ၊ ပစ္စည်းထုတ်ယူမှု၊ ပြုပြင်ပြောင်းလဲမှု၊ သို့တည်းမဟုတ် ထုတ်လုပ်မှု လုပ်ငန်းတခုခုကို လုပ်ကိုင်ဆောင်ရွက်သည့် အလုပ်ဌာနကို ဆိုလိုသည်။

---

[*] ဤအက်ဥပဒေသည်၊ ၁၉၅၆ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ (၁) ရန်ကုန်မြို့နှင့်စီပါယ်နယ်နှင့်မိတ်၊ (၂) အင်းစိန်မြို့မကောင်စီနယ်နှင့်မိတ်၊ (၃) မင်္ဂလာဒုံလေယာဉ်ကွင်း နှင့် (၄) ကမာရွတ်၊ သဝိုင်း၊ကန်တဲ့နှင့် သဃ်ိန်းကျွန်းမြို့မကောင်စီနယ်နှိမိတ်များအတွင်းရှိ အရပ်ဒေသများ၌ အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၅ ခု၊ အိုင်း ၁၊ စာမျက်နှာ ၁၃၅၆ တွင်ကြည့်။

(၃) ''အလုပ်ရှင်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရအာမခံထားသည့် အလုပ်သမားနှင့် အလုပ်ပိုင်ရှင်စာချုပ်ကိုဖြစ်စေ၊ အလုပ်သင်ပိုင်ရှင်စာချုပ်ကိုဖြစ်စေ ချုပ်ဆိုသည့်သူကိုသော်၎င်း၊ တရားဝင်လူအစုကိုသော်၎င်း၊ တရားဝင်မဟုတ်သည့် လူအစုကိုသော်၎င်း၊ အလုပ်ရှင်၏ စီမံအုပ်ချုပ်မှုကိုယ်စားလှယ်ကိုသော်၎င်း၊ သေဆုံးသည့်အလုပ်ရှင်၏ တရားဝင် ကိုယ်စားလှယ်ကိုသော်၎င်း ဆိုလိုသည်။

(၄) ''အလုပ်သမား'' ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် အကျုံးဝင်သော သီးခြားဖေါ်ပြထားသည့် စက်မှု လက်မှု အလုပ်ဌာနတွင်၊ သို့တည်းမဟုတ် အခြား အလုပ်ဌာနတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ လုပ်သူကိုဆိုလိုသည်။

(၅) '' အလုပ်တွင် ဒဏ်ရာရရှိမှု'' ဆိုသည်မှာ—

(က) အလုပ်လုပ်ရာမှ ဖြစ်စေ၊ အလုပ်လုပ်နေစဉ်အတွင်းဖြစ်စေ၊ ဖြစ်ပေါ်လာသည့်၊ သို့တည်းမဟုတ် ဆယ်တင်မှု လုပ်ငန်းသော်၎င်း၊ အလုပ်ရှင်၏ အကျိုးငှါဆောင်ရွက်သည့် အခြားလုပ်ငန်းများသော်၎င်း ပါဝင်သည့် အလုပ်နှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းမှဖြစ်ပေါ်လာသည့် စက်မှု လက်မှုဆိုင်ရာ မတော်တဆ ဖြစ်ပွါးမှုများကို ဆိုလိုသည်၊ ထို့ပြင်

(ခ) အာမခံ ထားသူများလုပ်သည့် လုပ်ငန်းမျိုးတွင်ဖြစ်ပွါးလေ့ရှိသည့်၊ထို့ပြင် ထိုအလုပ်သမားလုပ်သည့် စက်မှုလက်မှုလုပ်ငန်းစဉ်ဘွင် အသုံးပြုသည့် သီးခြားဖေါ်ပြရာပါ ဝတ္ထုပစ္စည်းများကြောင့် ဖြစ်ပွါးသည့်ရောဂါသစ်၊ သို့တည်းမဟုတ် ရောဂါဟောင်း၊ သို့တည်းမဟုတ် အဆိပ်သင့်သည့် ရောဂါများ (အလုပ်နှင့် ဆိုင်သည့် ရောဂါများ) ကိုဆိုလိုသည်။

(၆) ''အခကြေးငွေ'' နှင့် ''လစာငွေ'' ဆိုသည်တွင်၊ ခရီးစရိတ်၊ သို့ဘည်းမဟုတ် ခရီးသွားလာခွင့်၏ငွေတန်ဘိုး၊ သို့တည်းမဟုတ် ဆိုင်ရာအလုပ်ရှင်က ပင်ရှင်ရံပုံငွေသို့ ဖြစ်စေ၊ အိုနာစာ ရံပုံငွေသို့ဖြစ်စေ ပေးသွင်းသည့် ထောက်ပံ့ကြေး၊ သို့တည်းမဟုတ် အလုပ်သမားအား၊ အလုပ်သဘော အလျောက် ၎င်းက ကုန်ကျရသည့် အထူးစရိတ်များကိုကာမိစေရန်၊ ပေးသည့်ငွေမှတပါး၊ ငွေဖြင့်တွက်ချက်နိုင်သော မည်သည့်အခွင့်အရေးမဆို၊ သို့တည်းမဟုတ် မည်သည့်အကျိုးခံစားခွင့်မဆို ပါဝင်သည်။

(၇) ''ထည့်ဝင်ကြေး'' ဆိုသည်မှာ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ဤအက်ဥပဒေပါ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ရှင်ကသော်၎င်း၊ အလုပ်သမားကသော်၎င်း၊ နိုင်ငံတော်ကသော်၎င်း အဖွဲ့အား ကာလအပိုင်းအခြားအားဖြင့်ပေးရသည့်ငွေကို ဆိုလိုသည်။

(၈) ''အာမခံထားသူ'' ဆိုသည်မှာ၊သီးခြားရက်သတ္တပတ်တခုခုနှင့် စပ်လျဉ်း၍၊ ဤအက်ဥပဒေအရ အာမခံထားရမည့် တာဝန်ရှိသည့်ပြင်၊ မိဒ္ဓိအတွက် ထည့်ဝင်ကြေးကို မိဒ္ဓိကိုယ်တိုင်ကဝှင်း၊ မိမိအလုပ်ရှင်ကဝင်း ပေးရမည့် အလုပ်သမားကိုဆိုလိုသည်။

(၉) ''နည်းဥပဒေ'' နှင့် ''စည်းမျဉ်းဥပဒေ'' ဆိုသည်မှာ၊ နိုင်ငံတော် သမတက ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန် ပြဋ္ဌာန်းသည့်နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေကိုဆိုလိုသည်။

အခန်း ၁။

အကျုံးဝင်ခြင်း။

၃။ ။ဤအက်ဥပဒေသည်၊ အောက်ပါအလုပ်ဌာနများနှင့် သက်ဆိုင်ရမည်။

(က) ဤအက်ဥပဒေ စတင်အာဏာတည်သည့် နေ့ရက်မှစ၍ အလုပ်သမား အနည်းဆုံး ဆယ်ယောက် လုပ်သည့်၊ သို့တည်းမဟုတ် လုပ်လျက်ရှိသည့် စက်မှု လက်မှု အလုပ်ဌာနများ၊ သို့ရာဘွင် အလုပ်ဌာနတခုမှာ၊ ယခင် ဘဏ္ဍာတော်နှစ်အတွင်း မည်သည့်နေ့ရက်တွင်မျှ အလုပ်သမား လေးယောက်ထက် ပို၍ လုပ်လျက်မရှိလျှင်၊ ထိုအလုပ်ဌာနသည် ဤအက်ဥပဒေတွင် အကျုံးဝင်ခြင်းမှရပ်စဲရမည်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့ လက်အောက်ခံ မီးရထား ဘက်ဆိုင်ရာ။

(ဂ) ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်၏ စက်မှု လက်မှုနှင့် သယ်ယူပို့ဆောင်ရေး အလုပ်ဌာနများ၊ ပြည်ထောင်စုအစိုးရ လက်အောက်ခံဖြစ်သည့်၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် လက်အောက်ခံဖြစ်သည့် စက်မှု လက်မှုနှင့်သယ်ယူပို့ဆောင်ရေးအလုပ်ဌာနများ၊ ပါလီမန်ကပြဋ္ဌာန်းသည့် အက်ဥပဒေဖြင့်သော်၎င်း၊ ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်၏ အမိန့်ဖြင့်သော်၎င်း ဖွဲ့စည်းထားသည့်အဖွဲ့တခု၏၊ သို့တည်းမဟုတ် ထိုအဖွဲ့လက်အောက်ခံဖြစ်သည့်စက်မှု လက်မှုနှင့် သယ်ယူပို့ဆောင်ရေးအလုပ်ဌာနများ။

(ဃ) ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့် ဆိပ်ကမ်းများ အက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့်ဆိပ်ကမ်းများ။

(င) သတ္တုတွင်း အက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့် သတ္တုတွင်းများ။

(စ) ရေနံမြေအက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့် ရေနံမြေများ။

(ဆ) ဆိပ်ကမ်းအလုပ်သမားများ (စံနစ်တကျအမြဲတမ်းအလုပ်ရရှိရေး) အက်ဥပဒေတွင် အကျုံးဝင်သည့် ကုန်တင် ကုန်ချအလုပ်ဌာနများ။

(ဇ) အဖွဲ့ (မိမိ၏အမှုထမ်းများနှင့်ပတ်သက်သမျှ)။

(ဈ) နိုင်ငံတော်သမတ က၊ အခါအားလျော်စွာ ကျေညာသည့် အခြားအလုပ်ဌာနတခု။

၄။ ။ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ရည်ညွှန်းထားသည့် အလုပ်ဌာနများသည်၊ မိမိတို့၏ အလုပ်သမားများအတွက်၊ မမာမကျန်းမှု၊ မီးဖွါးမှုနှင့် သေဆုံးမှု ကိစ္စများဥပဒေ ပေါက်လျှင်၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသည်ထက် ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်မှုကို နိုင်ငံတော်သမတ က ကျေနပ်ဘွယ်ဖြစ်သည်ဟု အသိအမှတ်ပြုထားသည့် အထူးစည်းကမ်း နည်းလမ်းများအရ စီမံထားရှိသမျှကာလပတ်လုံး၊ ထိုအလုပ်ဌာနများအား ဤအက်ဥပဒေပါနောက်တွင် အရပ်ရပ်အာမခံစံနစ်ဟုခေါ်သည့် မမာမကျန်းမှု၊ မီးဖွါးမှုနှင့် သေဆုံးမှုအာမခံစံနစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များမှ တကြိမ်လျှင် တနှစ်သက်မပိုစေဘဲ၊ နိုင်ငံတော်သမတ က ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅။ ။ပုဒ်မ ၃ နှင့်အညီ၊ ဤအက်ဥပဒေနှင့် သက်ဆိုင်သည့်အလုပ်ဌာနတွင်လုပ်သူအား လုံးတိုသည်၊ အခကြေးငွေဖြင့်ဖြစ်စေ၊ လစာငွေဖြင့်ဖြစ်စေ လုပ်သူများဖြစ်စေကာမူ မိမိတို့၏အလုပ်

(အမြဲတန်း၊ သို့တည်းမဟုတ် ယာယီ) မျိုးမည်မရွေး မိမိတို့ဆောင်ရွက်သည့်လုပ်ငန်း (အလုပ်ကြမ်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) အမျိုးအစားမရွေး၊ မိမိတို့ရရှိသောအခကြေးငွေ နည်းများမရွေး၊ အခကြေးငွေရပုံရနည်းမရွေး ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အာမခံထားရမည်။

အခန်း ၂။

အာမခံထားမှုကိစ္စများ။

၆။ ။ဤအက်ဥပဒေသည်၊ အောက်ပါအာမခံထားမှုကိစ္စများနှင့်စပ်လျဉ်း၍အကျိုးခံစားခွင့်များ စီမံထားရှိရန်ပြဋ္ဌာန်းသည်။

(က) အရပ်ရပ်အာမခံစံနှုန်း—

(၁) မမာမကျန်းမှု။

(၂) မီးဖွါးမှု။

(၃) သေဆုံးမှု။

(ခ) အလုပ်တွင်ဒဏ်ရာရမှု အာမခံစံနှုန်း—

(၁) အလုပ်တွင်မတော်တဆဖြစ်ပွါးမှုများ။

(၂) အလုပ်နှင့်ဆိုင်သည့်ရောဂါများ။

အခန်း ၃။

အကျိုးခံစားခွင့်များ။

၇။ ။အာမခံထားသူတို့မှာ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အောက်ပါအကျိုးခံစားခွင့်များရထိုက်ခွင့်ရှိရမည်။

(၁) ဆေးကုမှု။ ။အောက်ပါကိစ္စများပေါ်ပေါက်လျှင် အခမဲ့ဆေးကုမှုကို စီမံထားရှိရမည်—

(က) မည်သည့်အကြောင်းကြောင့်မဆို မမာမကျန်းဖြစ်ခြင်း။

(ခ) ကိုယ်ဝန်ဆောင်ခြင်းနှင့်မီးဖွါးခြင်း။

(ဂ) အလုပ်တွင်ဒဏ်ရာရခြင်း။

(၂) ငွေလက်ငင်းအကျိုးခံစားခွင့်များ—

(က) အလုပ်မလုပ်နိုင်သည့် အတောအတွင်း မမာမကျန်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်။

(ခ) အာမခံထားသည့် မိန်းမများ မီးမွါးမီနှင့် မီးဖွါးပြီးနောက် အလုပ်ခွင်သို့ မလာရောက်ဘဲ နေရသည့်အတောအတွင်း မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်။

(ဂ) ဆေးရုံများ၊ သားဖွါးရုံများ၊ သို့တည်းမဟုတ် အခြားဆေးကုဌာနများတွင် အစားအသောက် အနေအထိုင်အတွက် အခွင့်တော်နေထိုင်ရသည့် အတောအတွင်း၊ ဆေးရုံတက်မှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်။

လူမှုဖူလုံရေး။

(ဃ) မည်သည့်အကြောင်းကြောင့်မဆို သေဆုံးသည့် ကိစ္စအတွက် အသုဘစရိတ်။

(င) အလုပ်တွင် ဒဏ်ရာရမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များ—

(က) ခေတ္တအလုပ် မလုပ်နိုင်သည့်အခါ၊ ခေတ္တမသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်။

(ခ) အလုပ်ကို တစိတ်တဒေသဖြစ်စေ၊ လုံးဝဖြစ်စေ အမြဲတမ်းမလုပ်နိုင်သည့်အခါ၊ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်။

(ဂ) အလုပ်တွင် မတော်တဆဖြစ်ပွါးမှုကြောင့် သေဆုံးခြင်း၊ အလုပ်နှင့်ဆိုင်သည့်ရောဂါကြောင့်သေဆုံးခြင်း သေဆုံးသည့်အတွက် ကျန်ရစ်သူများအားပေးသည့် ပင်ရှင်။

(ဃ) (ခ)နှင့် (ဂ) တွင် ရည်ညွှန်းသည့် ပင်ရှင်အစားပေးသည့်ငွေများ။

အခန်း ၄။

ဆေးကုမှု။

၈။ ။(၁) အာမခံထားသူအား၊ မမာမကျန်းဖြစ်နေသည့်အတောအတွင်း ဆေးကုပေးရမည်။ သို့ရာတွင် ဆေးစတင်ကုသည့်နေ့ရက်မှ ရက်သတ္တပတ် ၁၃ ပတ်ထက်ပို၍ ဆေးကုပေးခြင်းမပြုရ။

(၂) သို့သော် မမာမကျန်းမှုနှင့်သော်၎င်း၊ မီးဖွါးမှုနှင့်သော်၎င်း ဆိုင်သည့်အကျိုးခံစားခွင့်ကို ဆက်လက်ပေးနေစဉ်အတွင်း ဆေးကုမှုကိုရပ်ဆိုင်းမထားရ။

(၃) ထပ်တလဲလဲ ဖြစ်သည့် မမာမကျန်းမှုအတွက်၊ သို့တည်းမဟုတ် အချိန်ကာလအပိုင်းအခြားတခုတည်းအတွင်း တသီးတခြားဖြစ်ပွါးသည့် ရောဂါများအတွက် ဆေးကုရန်အများဆုံးကာလအပိုင်းအခြားကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

(၄) အထွေထွေကျန်းမာရေးအကျိုးကို ထောက်ရှု၍ အထူးအရေးကြီးသည်ဟု ယူဆသည့် မမာမကျန်းမှုအတွက်ဆေးကုရန် အများဆုံးကာလအပိုင်းအခြားကို စည်းမျဉ်းဥပဒေများဖြင့် တိုးပေးနိုင်သည်။

၉။ ။(၁) အာမခံထားသူအား အလုပ်တွင် ဒဏ်ရာရလျှင် အချိန်ကာလ အကန့်အသတ်မရှိဘဲ ဆေးကုပေးရမည်။

(၂) အဆိုပါဆေးကုမှုဘွင် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များအရ၊ ဆိုင်ရာရောဂါဘက်၌ အထူးကျွမ်းကျင်သည့် ဆရာဝန်များဖြင့် ဆေးကုမှုလည်းပါဝင်သည်။

၁၀။ ။အာမခံထားသည့် မိန်းမအတွက် ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွါးမှုကိစ္စပေါ်ပေါက်လျှင် ဆေးကုမှုကိုစည်းမျဉ်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၁၁။ ။(၁) အဖွဲ့မှာ အများပြည်သူ့ကိုယ်စားလှယ် ဌာနများနှင့်ငင်း၊ အကြောင်းထူးကိစ္စများပေါ်ပေါက်လာသည့်အခါ ကိုယ်ပိုင်ကိုယ်စားလှယ် ဌာနများနှင့်ငင်း၊ အာမခံဆားသူများအတွက် အဆိုပါကိုယ်စားလှယ်ဌာနများ၏ ဆေးကုဌာနများမှတဆင့် ဆေးကုမှု စီမံထားရှိပေးရန်၊

သို့တည်းမဟုတ် ပြဋ္ဌာန်းထားသည့် စံနှိုင်းဆေးများပေးသွင်းရန် သဘောတူစာချုပ်များချုပ်ဆိုနိုင်သည့် အာဏာရှိရမည်။

(၂) အဆိုပါသဘောတူစာချုပ်များအရ၊ အာမခံထားသူတို့အတွက် အဆိုပါဌာနများတွင် သတ်မှတ်ထားသည့် ခုတင်၊ အိပ်ရာအရေအတွက်ကို သီးသန့်ထားရန် လိုအပ်လျှင် သီးသန့်ထားရမည်။ ထိုသို့သီးသန့်ထားသည့် ကုန်ကျစရိတ်အတွက်သော်ငှင်း၊ အာမခံထားသူတို့သက်သက် အသုံးပြုရန် ရှိရင်းလွယ်ကူမှုများ ဆက်လက်ပေးရသည့် ကုန်ကျစရိတ်အတွက် သော်ငှင်း အဖွဲ့က ထောက်ပံ့ကြေးပေးရမည်။

၁၂။ ။ဤအက်ဥပဒေအရ၊ ခွင့်ပြုသည့်ဆေးကုမ္ပဏီတပါး၊ အခြားဆေးကုမ္ပဏီများအတွက် အာမခံထားသူများကုန်ကျသည့် စရိတ်များကို ထုတ်မပေးရ။

အခန်း ၅။

မမာမကျန်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်။

၁၃။ ။အာမခံထားသူများသည် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွါးခြင်းကြောင့်မှတပါး၊ သို့တည်းမဟုတ် အလုပ်တွင် မတော်တဆ ဖြစ်ပွါးခြင်းနှင့် အလုပ်နှင့်ဆိုင်သည့် ရောဂါစွဲကပ်ခြင်းကြောင့်မှတပါး အခြားအကြောင်းများကြောင့် မမာမကျန်းဖြစ်သဖြင့် အလုပ်မလုပ်နိုင်၍ ဝင်ငွေရပ်စဲသွားလျှင်၊ ထိုသူတို့အား မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုပေးရမည်။

၁၄။ ။အာမခံထားသူမှာ မသန့်စွမ်း စ၍ဖြစ်သည့်ရက်နှင့် တဆက်တည်း အလျင်းကျသည့် ရက်သတ္တ ၂၆ ပတ်တွင် အနည်းဆုံး ၁၇ ပတ် (အကျိုးခံစားခွင့်ရနိုင်သည့် ကာလအပိုင်းအခြား) ထည့်ဝင်ကြေးရှိမှသာလျှင် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ထိုသူအား ပေးရမည်။

၁၅။ ။အာမခံထားသူသည်၊ အလုပ် မလုပ်နိုင်ကြောင်းဖြင့် အဖွဲ့က ခန့်ထားသည့်၊ သို့တည်းမဟုတ် သဘောတူသည့်ဆရာဝန်က နည်းလမ်းတကျ သက်သေခံလက်မှတ်ရေးထိုးမှသာ ထိုသူမှာ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ရထိုက်ခွင့်ရှိရမည်။

၁၆။ ။(၁) ဤအက်ဥပဒေအရ၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ရထိုက်သောအာမခံထားသူများသည်၊ အဆိုပါအကျိုးခံစားခွင့်ကို အလုပ်မလုပ်သည့်နေ့မှ လေးရက်မြောက်သောနေ့ (စောင့်ဆိုင်းရမည့်ကာလအပိုင်းအခြား) ကစ၍ ရထိုက်ခွင့်ရှိရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ရှင်သည်၊ ထိုအက်ဥပဒေ၏ ပုဒ်မ ၆ နှင့်အညီ၊ ဆေးလက်မှတ်ဖြင့် ခွင့်ရနိုင်သည့် အလုပ်သမားများအား ပဋမသုံးရက်အတွင်း မမာမကျန်းမှုနှင့် ဆိုင်သည့်ခွင့်ကို ထိုအလုပ်သမားများရမြဲလစာငွေ၏၊ သို့တည်းမဟုတ် အခကြေးငွေ၏ထက်ဝက်ဖြင့် ပေးရမည်။

(၃) ပုဒ်မခွဲ (၂)တွင် ရည်ညွှန်းသည့်တာဝန်မှတပါး၊ ဤအက်ဥပဒေတွင် အကျုံးဝင်သည့်အလုပ်ရှင်သည်၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၆ ကြောင့်၊အာမခံထားသည့် မိမိအလုပ်သမားများအား မမာမကျန်းမှုနှင့်ဆိုင်သည့် ခွင့်ပေးရန် အခြားတာဝန်မှကင်းလွတ်ခွင့်ရရှိရမည်။

(၄) မမာမကျန်းဖြစ်သည့်အတွက် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ပေးပြီးနောက်၊ ရက်အနည်းငယ်ခြား၍ ထပ်မံမမာမကျန်းဖြစ်သည့်အခါ၊ ထိုသို့အသစ်တဖန် မမာမကျန်းဖြစ်သည့် ပဋမနေ့ရက်မှစ၍ စောင့်ဆိုင်းရမည့် ကာလအပိုင်းအခြားမရှိဘဲ၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ပေးရမည့် အကြောင်းခြင်းရာများကို စည်းမျဉ်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၁၇။ ။မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၏ ငွေအရေအတွက်ကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၁၈။ ။(၁) တနင်္ဂနွေနေ့များနှင့် အလုပ်ပိတ်ရက်များကို ချန်လှပ်၍၊ အလုပ်မလုပ်နိုင်သည့်ရက်အသီးသီးအတွက် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ရက်သတ္တအပတ်စဉ် အရစ်ကျဖြင့် ရက်သတ္တပတ်ကုန်ဆုံးသည့်အခါ ဖြစ်စေ၊ မမာမကျန်းဖြစ်သည်မှာ ရက်သတ္တတပတ်လုံး မဟုတ်လျှင်၊ နေ့စဉ်အရစ်ကျဖြင့်ဖြစ်စေ ပေးရမည်။

(၂) မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို အလုပ်မလုပ်နိုင်ဘဲ ရှိနေသရွေ့ ကာလပတ်လုံးပေးရမည်။ သို့ရာတွင် ရက်သတ္တ ၁၃ ပတ်ထက်ပို၍ မပေးရ။

၁၉။ ။အာမခံထားသူသည်၊ မိမိမလုပ်နိုင်ကြောင်းဖြင့် သက်သေခံလက်မှတ်ပေးထားသည့်လုပ်ငန်းတွင်ဖြစ်စေ၊ အခကြေးငွေရသည့် အလားတူ အခြားအလုပ်တခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျှင် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို မပေးဘဲ ရပ်ဆိုင်းထားရမည်။

၂၀။ ။အာမခံထားသူသည်၊ တမင်မိမိကိုယ်ကို မိမိမမာမကျန်းဖြစ်အောင် ပြုလျှင်၊ သို့တည်းမဟုတ် ရာဇဝတ်ပြစ်ဒဏ် ထိုက်သည့်ပြုမှုကြောင့် မမာမကျန်းဖြစ်လျှင်၊ သို့တည်းမဟုတ် ဆေးကုခံရန်သော်၎င်း၊ ဆရာဝန်များ၏ ညွှန်ကြားချက်များကို လိုက်နာရန် သော်၎င်း လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်လျှင်၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ မပေးဘဲရပ်ဆိုင်းထားနိုင်သည်။

အခန်း ၆။

မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်။

၂၁။ ။မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို အာမခံထားသော မိန်းမအလုပ်သမားများအား၊ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွါးမှုကိစ္စပေါ်ပေါက်၍ ဝင်ငွေရပ်စဲသွားလျှင်ပေးရမည်။

၂၂။ ။အာမခံထားသည့် မိန်းမအလုပ်သမားများအား၊ မီးမဖွါးမီရက်သတ္တ ၆ ပတ်နှင့် မီးဖွါးပြီးနောက် ရက်သတ္တ ၆ ပတ်မှအလုပ်ခွင်သို့ မလာရောက်ဘဲ နေသည့် အတောအတွင်း၊ မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုပေးရမည်။ သို့ရာတွင် အကျိုးခံစားခွင့်ပေးသည့် ကာလအပိုင်းအခြားသည်၊ မည်သည့်အခါမျှ ဧစုပေါင်းရက်သတ္တ ၁၂ ပတ်ထက်မပိုစေရ။

၂၃။ ။(၁) မိန်းမအလုပ်သမားသည်၊ မီးမဖွါးမီ နောက်ဆုံးရက်သတ္တ ၅၂ ပတ်အတွင်း အနည်းဆုံး ၂၆ ပတ်အတွက် ထည့်ဝင်ကြေးနှင့်ညီမျှသည့် ထည့်ဝင်ကြေးကိုပေးပြီးဖြစ်မှသာလျှင်၊ မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို၊ ထိုမိန်းမ အလုပ်သမားအားပေးရမည်။ သို့ရာတွင် ထိုအကျိုးခံစားခွင့်နှင့်စပ်လျဉ်းသည့် အခြားစည်းကမ်းချက်များကို၊ စည်းမျဉ်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

(၂) အကျိုးခံစားခွင့်ရသူသည်၊ အခကြေးငွေရသည့်အလုပ်တွင် လုပ်ကိုင်ဆောင်ရွက်လျှင်၊ ထိုသို့လုပ်ကိုင်ဆောင်ရွက်နေသည့် ကာလအပိုင်းအခြားအတွင်း၊ မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုမပေးဘဲ ရပ်ဆိုင်းထားရမည်။

၂၄။ ။(၁) မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၏ငွေအရေအတွက်မှာ စည်းမျဉ်းဥပဒေဖြင့်သတ်မှတ်ထားသည့်အတိုင်းဖြစ်ရမည်။

(၂) မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို တနာ်နွေနေ့များနှင့် အလုပ်ပိတ်ရက်များကိုချန်လှပ်၍ အလုပ်ခွင်သို့မလာရောက်သည့် ရက်အသီးသီးအတွက် ရက်သတ္တအပတ်စဉ်အရစ်ကျဖြင့်ဖြစ်စေ၊ အလုပ်ခွင်သို့ မလာရောက်သည်မှာ ရက်သတ္တတပတ်လုံးမဟုတ်လျှင် နေ့စဉ်အရစ်ကျဖြင့်ဖြစ်စေပေးရမည်။

၂၅။ ။ကိုယ်ဝန်ပျက်သည့်ကိစ္စတွင် (ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ကိုယ်ဝန်ပျက်စေခြင်းမပါဝင်ချေ)၊ ထိုသို့ကိုယ်ဝန်ပျက်ပြီးနောက် မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် ပေးရမည့် ကာလအပိုင်းအခြားကို အာမခံထားသည့် မိန်းမအလုပ်သမား အသီးသီးအတွက် အဖွဲ့ကခန့်ထားသည့်၊ သို့တည်းမဟုတ် သဘောတူသည့် ဆရာဝန်က ထိုမိန်းမအလုပ်သမား၏ အခြေအနေအရ အလုပ်ခွင်သို့ မတက်ရောက်ရန်လိုအပ်ကြောင်းဖြင့် အချိန်ကာလသတ်မှတ်၍ထုတ်ပေးသောသက်သေခံလက်မှတ်ပေါ်တွင် အခြေပြုလျက်၊ အများဆုံးရက်သတ္တ ၆ ပတ်ထက်မပိုစေဘဲ သတ်မှတ်ရမည်။

အခန်း ၇။

ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်။

၂၆။ ။(၁) အာမခံထားသူမှာ၊ အနေအထိုင် အစားအသောက် အခလွတ်ရရှိသည့် ဆေးကုဌာနများသို့ တက်ခွင့်ရလျှင် ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့်နှုန်းအတိုင်း ရထိုက်ခွင့်ရှိရမည်။

သို့ရာတွင် အာမခံထားသူမှာ ပုဒ်မ ၄၃ အရ၊ ပြဋ္ဌာန်းထားသည့် မိမိ၏အိမ်ထောင်သားစုတွင် ပါဝင်သူများကို မွေးကျွေးရမည့် တာဝန်ရှိလျှင် ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို စည်းမျဉ်းဥပဒေများဖြင့် တိုးမြှင့်သတ်မှတ်သည့်နှုန်းများအတိုင်း ရထိုက်ခွင့်ရှိရမည်။

(၂) အာမခံထားသူမှာ ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ရရှိနေစဉ်၊ အခြား ငွေလက်ငင်းအကျိုးခံစားခွင့်တခုခုကို ရထိုက်ခွင့်မရှိစေရ။

(၃) ထိုအကျိုးခံစားခွင့်ပေးရမည့် စည်းကမ်းချက်များကိုလည်း၊ စည်းမျဉ်းဥပဒေများဖြင့်အမြဲသတ်မှတ် သတ်မှတ်ရမည်။

အခန်း ၀။

အသုဘစရိတ်ပေးခြင်း။

၂၇။ ။(၁) အကြောင်းတခုခုကြောင့် အာမခံထားသူသေဆုံးလျှင်၊ အသုဘစရိတ်ကို၊ ကျန်ရစ်သည့် အိမ်ထောင်သားစုတွင် ပါဝင်သူများအား သော်၎င်း၊ ထိုသူ၏ အသုဘစရိတ်ကို ကျခံရန်သော အခြားလူများအား သော်၎င်း ပေးရမည်။

(၂) အသုဘ စရိတ်ကို၊ ဇနီးမုဆိုးမအား သော်ငှင်း၊ သေဆုံးသူ၏ သားသမီးများအား သော်ငှင်း ပေးလျှင်၊ ထိုစရိတ်မှာ၊ ငွေ ၂၀၀ ကျပ်ဖြစ်ရမည်။

(၃) အသုဘစရိတ်ကို၊ အကုန် အကျခံသည့် ကျန်ရစ်သော အခြားဆွေမျိုးများအား သော်ငှင်း၊ အခြားသူများအားသော်ငှင်း ပေးလျှင်၊ ထိုသို့ပေးသည့် ငွေအရေအတွက်မှာ၊ အသုဘ ကိစ္စအတွက် အမှန်ကျသည်ဟု နည်းလမ်းတကျ သက်သေခံ လက်မှတ်ရေးထိုးသည့် ငွေနှင့် ညီမျှရမည်။ သို့ရာတွင် ထိုစရိတ်မှာ မည်သည့်အခါမျှ ငွေ ၂၀၀ ကျပ်ထက် မပိုစေရ။

(၄) ထိုစရိတ်ကိုပေးရန်အတွက် စည်းကမ်းချက်များကို စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

အခန်း ၉။

အလုပ်တွင် ဒဏ်ရာရမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်များ။

၂၀။ ။(၁) အလုပ်တွင် ဒဏ်ရာရမှု၊အလုပ်တွင် မတော်တဆဖြစ်ပွါးမှုနှင့် အလုပ်နှင့် ဆိုင်သည့် ရောဂါစွဲကပ်မှုများ ဖြစ်ပေါ်လျှင်၊ အကျိုးခံစားခွင့်များကို ပေးရမည်။

သို့ရာတွင် အဆိုပါရောဂါများသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ ဇယား ၃ (စာရင်း က နှင့် ခ)တွင် သီးခြားဖော်ပြထားသည့် ရောဂါများဖြစ်ရမည်။

(၂) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် ဇယား၌ သီးခြားဖော်ပြပါ ရောဂါများကို အလုပ်နှင့်ဆိုင်သည့် ရောဂါများအဖြစ် ဖြည့်သွင်း၍၊ သို့တည်း မဟုတ် ထုတ်ပယ်၍ ထိုဇယားကို ပြင်ခြင်း၊ အလုပ်နှင့်ဆိုင်သည့် ရောဂါဖြစ်နိုင်သော အန္တရာယ်နှင့် စပ်လျဉ်းသည့် အနည်းဆုံး ကာလအပိုင်းအခြားကို သတ်မှတ်ခြင်း၊ သို့တည်းမဟုတ် အဆိုပါဇယားရှိ စာရင်း (က) တွင် သီးခြားဖော်ပြထားသည့် အလုပ်စာရင်းကို ပြင်ခြင်းပြုနိုင်သည်။

၂၉။ ။စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်စည်းကမ်းချက်များအရ၊ထိုသို့ပြဋ္ဌာန်းသည့် အကန့်အသတ်များအတွင်း အာမခံထားသူများအား ပြည်လည်ထူထောင်ပေးရန်၊ သို့တည်း မဟုတ် ထိုသူတို့ အလုပ်လုပ်ရန် မစွမ်းဆောင်နိုင်သည်ကို စွမ်းဆောင်နိုင်အောင် ပြုလုပ်ပေးရန် လိုအပ်သည့် အတိုင်းချုတ်ယွင်းသည့်ကိုယ်အင်္ဂါများခွဲစိတ်ကုရန် ကိရိယာတန်းဆာများနှင့် ဖြည့်စွက်ကုရန် ကိရိယာတန်းဆာများကို အဖွဲ့က စီမံထားရှိရမည့်အပြင်၊ ထိုကိရိယာတန်းဆာများကို ပြုပြင်ခြင်း၊ သို့တည်း မဟုတ် အသစ်လဲလှယ်ခြင်းလည်းပြုရမည်။

အဖိုင်း ၁။

ယာယီမသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်။

၃၀။ ။အာမခံထားသူတို့သည်၊အလုပ်တွင်ဒဏ်ရာရမှုကြောင့် အလုပ်မလုပ်နိုင်၍ ဝင်ငွေလက်လွတ်ဖြစ်ရလျှင်၊ ယာယီမသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကိုထိုသူတို့အား ပေးရမည်။

၃၁။ ။ပုဒ်မ ၃၀ နှင့် အညီ ယာယီမသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့် ရထိုက်သည့် အာမခံထားသူများမှာ၊ အဆိုပါ အကျိုးခံစားခွင့်ကို အလုပ် မလုပ်နိုင်သည့်နေ့မှ လေးရက်မြောက်သောနေ့ (စောင့်ဆိုင်းရမည့် ကာလအပိုင်းအခြား)က စ၍ ရထိုက်ခွင့်ရှိရမည်။

၃၂။ ။ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၏ ငွေအရေအတွက်ကို၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၃၃။ ။တနင်္ဂနွေနေ့များနှင့်အလုပ်ပိတ်ရက်များကိုချန်လှပ်၍၊အလုပ်မလုပ်နိုင်သည့် ရက်အရေအတွက်၊ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များကို ရက်သတ္တအပတ်စဉ်အရစ်ကျဖြင့် ထိုရက်သတ္တပတ်ကုန်ဆုံးသည့်အခါဖြစ်စေ၊ ထိုသို့အလုပ်မလုပ်နိုင်သည်မှာ၊ ရက်သတ္တပတ်လုံးမဟုတ်လျှင်၊ နေ့စဉ်အရစ်ကျဖြင့် ဖြစ်စေ ပေးရမည်။

၃၄။ ။(၁) ဆေးကုမှုပြီးဆုံးသောအခါ၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ပေးခြင်းကို ရပ်စဲရမည်။ သို့ရာတွင် ရက်သတ္တ ၅၂ ပတ် ကုန်ဆုံးပြီးနောက် ဆေးကုသျက်ပင်ရှိသော်လည်း ရပ်စဲရမည်။

(၂) ရက်သတ္တ ၅၂ ပတ်ကုန်ဆုံးပြီးနောက်ဆက်လက်၍ အလုပ်မလုပ်နိုင်လျှင်၊ ယာယီမသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကို ဤအခန်း၏ အပိုင်း ၂ နှင့်အညီ အမြဲတမ်း မသန်စွမ်းမှုနှင့် ဆိုင်သည့် ပင်ရှင်အဖြစ်သို့ ပြောင်းလဲရမည်။

၃၅။ ။ပုဒ်မ ၁၅၊၁၉၊၂၀ နှင့် ၂၆ ပါ ပြဋ္ဌာန်းချက်များသည်၊ ယာယီ မသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်နှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

အပိုင်း ၂။

အမြဲတမ်းမသန်စွမ်းမှုနှင့် ဆိုင်သည့်ပင်ရှင်။

၃၆။ ။(၁) အာမခံထားသူများသည်၊ အလုပ်တွင် ဒဏ်ရာရမှုကြောင့် အလုပ်လုပ်နိုင်သည့် အင်အား တစိတ်တဒေသ ဆုံးရှုံးခြင်း ခံရလျှင်၎င်း၊ ထိုသို့ ဆုံးရှုံးခြင်းမှာ အမြဲတမ်းဖြစ်နိုင်ဘွယ်ရာအကြောင်းရှိလျှင်၎င်း ထိုသူတို့အား အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင် (အမြဲတမ်း တစိတ်တဒေသ မသန်စွမ်းမှုနှင့် ဆိုင်သည့် ပင်ရှင်) ကိုပေးရမည်၊ သို့တည်းမဟုတ် အခကြေးငွေရသည့် အလုပ်တခုခုကို မလုပ်နိုင်လျှင်၊ အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင် (အမြဲတမ်းလုံးဝ မသန်စွမ်းမှုနှင့် ဆိုင်သည့် ပင်ရှင်) ကိုပေးရမည်။

(၂) ဤမည်သောအလုပ်တွင်ဒဏ်ရာရမှုကြောင့်၊ အမြဲတမ်းတစိတ်တဒေသ မသန်စွမ်းမှုဖြစ်သည်ဟု ယူဆရမည်။ ဤမည်သော အလုပ်တွင် ဒဏ်ရာရမှုကြောင့် အမြဲတမ်းလုံးဝ မသန်စွမ်းမှုဖြစ်သည်ဟု ယူဆရမည်ဟူ၍ အလုပ်တွင် ရသည့်ဒဏ်ရာ အမျိုးအစားများကို မူသေ ခွဲခြားထားခြင်းမရှိစေရ။

(၃) ပင်ရှင်များကို သတ်မှတ်ရာ၌ လွယ်ကူစေရန်နှင့်အလားတူ ကိစ္စများကိုနည်းတမျိုးတည်းဖြင့် ဆောင်ရွက်နိုင်စေရန် အလို့ငှါ၊ အဖွဲ့သည်၊ ဆိုင်သင့်ရာရာ၌ ပင်ရှင်များကို စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် တန်ဘိုးဖြတ် ရာခိုင်နှုန်းပေါ်တွင် အခြေပြု၍ သတ်မှတ်ရမည်။

၃၇။ ။အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့်ပင်ရှင်များကို လစဉ် တလကြိုတင်၍ထုတ်ပေးရမည်။

၃၈။ ။(၁) အောက်ပါအချက်များတွင်အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့်ပင်ရှင်များအစား၊ ငွေလုံးငွေရင်းကို၊ အကျိုးခံစားခွင့်ရှိသူအား တကြိမ်တည်း ထုတ်ပေးနိုင်သည်—

(က) ပင်ရှင်သည်၊ စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ငွေအရေအတွက် အောက်လျော့သည့်အချက်၊ သို့တည်းမဟုတ်

(ခ) အကျိုးခံစားခွင့် ရှိသူက ငွေလုံးငွေရင်းထုတ်ပေးရန် တောင်းဆို၍၊ ငွေလုံးငွေရင်းကို အသုံးပြုခြင်းအားဖြင့် အကျိုးခံစားခွင့်ရှိသူ၌ အကျိုးကျေးဇူးရှိမည်ဟု အဖွဲ့က ကျေနပ်သည့်အချက်။

(၂) ပုဒ်မ (၁)၏ အပိုဒ် (က) နှင့် သက်ဆိုင်သည့် ကိစ္စတွင် မစွမ်းဆောင်နိုင်မှု၏ အခြေအနေမှာ၊ တန်ဘိုးဖြတ် ရာခိုင်နှုန်း ၂၀ အောက်လျော့လျှင်၊ ငွေလုံးငွေရင်းသည် အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်၏ သုံးနှစ်အတွက် အရစ်ကျပေးရမည့် ငွေနှင့်ညီမျှရမည်။

(၃) အခြားကိစ္စအားလုံးတွင် ငွေလုံးငွေရင်းသည်၊တန်ဘိုးဖြတ်ရာခိုင်နှုန်းပေါ်တွင် အခြေပြု၍ တွက်ချက်ရ ပင်ရှင်၏ ငွေလုံးငွေရင်း တန်ဘိုးနှင့်ညီမျှရမည်။

၃၉။ ။(၁) အမြဲတမ်းလုံးဝမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်၏ ငွေအရေအတွက်ကို၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

(၂) မသန်စွမ်းသူသည်၊အခြားသူတဦးတယောက် အမြဲမပြတ်ပြုစုရန်လိုအပ်သည့်အခြေအနေတွင်ရှိလျှင်၊ ပင်ရှင်၏ ၂၅ ရာခိုင်နှုန်းနှင့်ညီမျှသည့်ငွေကို ပင်ရှင်တွင် ထပ်ဖြည့်ရမည်။

၄၀။ ။(၁) အမြဲတမ်းတစိတ်တဒေသမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်နှင့် ပုဒ်မ ၃၉ အရ၊ အမြဲတမ်းလုံးဝ မစွမ်းဆောင်နိုင်သည့်အခါ၌ ပေးရမည့် ပင်ရှင်၏ အချိုးအစားသည်၊ အလုပ်တွင် ဒဏ်ရာရမှုကြောင့် အလုပ်လုပ်နိုင်သည့် အင်အားဆုံးရှုံးမှု၏ အချိုးအစားနှင့်ညီမျှရမည်။

(၂) အမြဲတမ်းတစိတ်တဒေသမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်ရရှိသောအာမခံထားသူသည်၊ အလုပ်တွင် အခြားဒဏ်ရာရမှုတရပ် ဖြစ်ပွါးလျှင်၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များအရ အလုပ်လုပ်နိုင်သည့်အင်အားဆုံးရှုံးမှုတရပ်လုံးကို ထည့်သွင်းစဉ်းစား၍ ၎င်း၏ ပင်ရှင်ကို အသစ်ထပ်မံသတ်မှတ်ရမည်။

၄၁။ ။ပုဒ်မ ၁၅ နှင့် ၂၀ ပါပြဋ္ဌာန်းချက်များသည်၊အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်နှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်ရမည်။

အပိုင်း ၃။

ကျန်ရစ်သူ၏ ပင်ရှင်။

၄၂။ ။အလုပ်တွင်ဒဏ်ရာရမှုကြောင့်အာမခံထားသူသေဆုံးလျှင်၊ထိုသူ၀င်ငွေပေါ်တွင် မှီခိုနေထိုင်သည့် အိမ်ထောင်သားစုဌ် ပါ၀င်သူများအား၊ ကျန်ရစ်သူ၏ ပင်ရှင်ကို စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် စည်းကမ်းချက်များအရ ပေးရမည်။

၄၃။ ။(၁) ကျန်ရစ်သူ၏ပင်ရှင်ရနိုင်ခွင့်ရှိသောအိမ်ထောင်သားစုတွင် ပါ၀င်သူများကိုငင်း၊ ထိုအိမ်ထောင်သားစုတွင် ပါ၀င်သူအသီးသီးအားပေးရမည့် ပင်ရှင်၏ ငွေအရေအတွက်ကိုငင်း နိုင်ငံတော်သမတက၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

(၂) ပုဒ်မ ၃၇ နှင့် ၃၈ ပါပြဋ္ဌာန်းချက်များသည်၊ကျန်ရစ်သူ၏ ပင်ရှင်နှင့်သက်ဆိုင်နိုင်သမျှ သက်ဆိုင်ရမည်။

အပိုင်း ၄။

အလုပ်တွင် အခြားဒဏ်ရာရမှုအတွက် အာမခံစံနှုန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ။

၄၄။ ။အဖွဲ့သည် စည်းမျဉ်း ဥပဒေများဖြင့် ပြဋ္ဌာန်းသည့် စည်းကမ်းချက်များ အရ၊ အောက်ပါ ကိစ္စများကို စီမံနိုင်သည်။

(က) အလုပ်တွင် မတော်တဆ ထိခိုက်ခံရသူများအား ပြန်လည်ထူထောင်ပေးမှုနှင့် အလုပ်ပြန်၍ လုပ်နိုင်စေမှုတွင် လွယ်ကူစေရန်၊ ထိုသူတို့အတွက် အလုပ်နှင့်

ဆိုင်သော အတတ်ပညာ ပြန်လည်သင်ကြားပေးရေးနှင့် ပြန်လည်လေ့ကျင့်ရေးလုပ်ငန်းစဉ်များ (ငွေလက်ငင်း အကျိုးခံစားခွင့် ရရှိသည့်အာမခံထားသူများသည် လုံလောက်သော အကြောင်းမရှိဘဲ၊ အဆိုပါ လုပ်ငန်းစဉ်များတွင် မပါဝင်ဘဲ မနေရ)၊ ထို့ပြင်

(ခ) အလုပ်ရှင်နှင့် အလုပ်သမားများအတွက် စက်မှုလက်မှုနှင့်ဆိုင်သည့် ဘေးအန္တရာယ် ကင်းရှင်းရန် ပညာသင်ကြားရေး လုပ်ငန်းများ (ထိုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဖွဲ့သည် အလုပ်ရုံကြည့်ရှုစစ်ဆေးသည့် ရာထူးမှ မူထမ်းအဖွဲ့နှင့်ငင်း၊ အခြားအကျိုးသက်ဆိုင်သည့် အများပြည်သူ ကိုယ်စားလှယ်ဌာန၊ ကိုယ်ပိုင် ကိုယ်စားလှယ်ဌာန များနှင့်ငင်း၊ အလုပ်တွင် မတော်တဆဖြစ်ပွါးခြင်းမှ ထိုအပြင် အလုပ်နှင့်ဆိုင်သည့် ရောဂါများဖြစ်ပွါးခြင်းမှ ကာကွယ်ရန် စက်မှု လက်မှုနှင့်ဆိုင်သည့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံချက်များထားရှိစေခြင်းငှါ၊ ထိရောက်စွာပူးပေါင်းဆောင်ရွက်ရမည်)။

၄၅။ ။(၁) အလုပ်တွင် မတော်တဆ ဖြစ်ပွါးခြင်းကြောင့်ငင်း၊ အလုပ်နှင့် ဆိုင်သည့် ရောဂါများဖြစ်ပွါးခြင်းကြောင့်ဝင်း၊ တရားမ ဥပဒေနှင့် အလုပ်သမားလျော်ကြေးအက်ဥပဒေမှ ပေါ်ပေါက်လာသည့် အခြားတာဝန်များကို တခုခုဥပဒေနှင့်အညီ ခံယူရခြင်းမှ ဤအက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ရှင်များအား ကင်းလွတ်စေရမည်။

(၂) သို့သော်လည်း ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များသည်၊ အလုပ်ရှင်က ရာဇဝတ်ဖြစ်ဒဏ် ထိုက်လောက်အောင် ပြုသောကြောင့်သော်ငင်း၊ တမင်ပြုသောကြောင့်သော်ငင်း၊ ပြစ်မှုတခုခု ကျူးလွန်သောကြောင့်သော်ငင်း၊ ဖြစ်ရသောအလုပ်တွင် ဒဏ်ရာရမှုနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(၃) ပုဒ်မခွဲ (၂)တွင် ရည်ညွှန်းသည့် အလုပ်တွင်ဒဏ်ရာရမှုနှင့်စပ်လျဉ်း၍ အဖွဲ့က ကုန်ကျသည့် စရိတ်အားလုံးကို ဆိုင်ရာအလုပ်ရှင်က ကျခံရမည်။

(၄) ပုဒ်မခွဲ (၂)၌ ရည်ညွှန်းသည့်အလုပ်တွင် ဒဏ်ရာရမှုဖြစ်ပွါးသော အာမခံထားသူသည်၊ သို့တည်းမဟုတ် ထိုသူကိုမှီခိုနေထိုင်သော ကျန်ရစ်သူများသည် ဤအက်ဥပဒေအရ ၎င်းတို့၏အခွင့်အရေးများကို မထိခိုက်စေဘဲ သာမန်တရားဥပဒေအရ၊ ရထိုက်သည့် လျော်ကြေးအားလုံးကို အလုပ်ရှင်ထံမှ တောင်းဆိုနိုင်သည်။

၄၆။ ။(၁) အလုပ်ရှင်သည် စည်းမျဉ်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသည့်နည်းလမ်းအရ အဆိုပါစည်းမျဉ်းဥပဒေများတွင် ပြင်းထန်သည်ဟု အဓိပ္ပါယ်ဖေါ်ပြထားသော မတော်တဆဖြစ်ပွါးမှုအားလုံးကို အဖွဲ့အား အစီရင်ခံရမည်။

(၂) အလုပ်ခုံ ကြည့်ရှုစစ်ဆေးသည့် ရာထူးမှူထမ်းအဖွဲ့က အလုပ် ဝတ်တရားများကို ဆောင်ရွက်ရာ၌ ဖော်ရွှေသည့်အလုပ်တွင် မတော်တဆ ဖြစ်ပွါးမှုများနှင့် အလုပ်နှင့်ဆိုင်သည့် ရောဂါအားလုံးကို အဖွဲ့အား အစီရင်ခံရမည်။

၄၇။ ။ပျမ်းမျှရ အလုပ်သမားအရေအတွက်အလိုက် သတ်မှတ်သည့်အရွယ်အစားထက်ကြီးသော၊ ဤအက်ဥပဒေဘွင်အကျုံးဝင်သည့် အလုပ်ဌာနများအား အလုပ်တွင် ဒဏ်ရာရမှုကြောင့် ကိုယ်အင်္ဂါပျက်ယွင်း၍ အလုပ် လုပ်နိုင်သည့် အင်အားယုတ်လျော့သွားသူများအတွက် လစ်လပ်သော အလုပ်များကို အနည်းဆုံး မည်ရွေမည်မျှ အချိုးအစားဖြင့် သီးသန့်ထားရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ဆင့်ဆိုနိုင်သည်။

၄၈။ ။အလုပ်တွင် မတော်တဆဖြစ်ပွါးပြီးနောက်သော်၎င်း၊အလုပ်နှင့်ဆိုင်သည့်ရောဂါ ဖြစ်ပွါးပြီးနောက်သော်၎င်း၊ ရက်သတ္တ ၅၂ ပတ်အတွင်း၊ ထိုသို့ဖြစ်ပွါးကြောင်းကို အဖွဲ့အား အစီရင်မခံလျှင်၊ သို့တည်းမဟုတ် ပင်ရှင်ကိုမတောင်းဆိုလျှင်၊ အခြေတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်နှင့် ကျန်ရစ်သူ၏ ပင်ရှင်ရထိုက်သည့် အခွင့်အရေးများသည် ပျက်ပြယ်ရမည်။

အခန်း ၁၀။

အကျိုးခံစားခွင့်အားလုံးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ။

၄၉။ ။အကျိုးခံစားခွင့်များ၏ငွေအရေအတွက် သတ်မှတ်ရန် ပျမ်းမျှရ အမျိုးအစားကို၊ ထည့်ဝင်ကြေး ပေးပြီးဖြစ်သည့် ယခင်ရက်သတ္တ ၁၇ ပတ်အတွင်း မူလအခကြေးငွေ၏ ပျမ်းမျှရနှုန်း အတိုင်း သတ်မှတ်ရမည်။ သို့သော်လည်း အလုပ်တွင် ဒဏ်ရာရမှု အာမခံစံနစ်အရ အကျိုးခံစားခွင့် များနှင့် သက်ဆိုင်သမျှ၊ ထည့်ဝင်ကြေး အမှန်ပေးသွင်းပြီးသည့် ရက်သတ္တအပတ်ပေါင်းမှာ ၁၇ ပတ် အောက်လျော့လျှင် ထိုသို့ပေးသွင်းပြီးသည့် ရက်သတ္တပတ်များအတွင်း မူလအခကြေးငွေ၏ ပျမ်းမျှရ နှုန်းအတိုင်း သတ်မှတ်ရမည်။

၅၀။ ။(၁) အောက်ပါ အကျိုးခံစားခွင့်များကို၊ အာမခံထားသူအား တပြိုင်တည်း မပေးရ—

(က) မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့် မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုး ခံစားခွင့်၊

(ခ) မမာမကျန်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်နှင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင် သည့် အကျိုးခံစားခွင့်၊ သို့တည်းမဟုတ်

(ဂ) မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၊ ယာယီ မသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်။

(၂) အထက်ပါအကျိုးခံစားခွင့်များအနက်အကျိုးခံစားခွင့်နှစ်မျိုးကိုပေးရမည့်ကိစ္စများ တွင်၊ ထိုနှစ်မျိုးမှာ၊ ငွေအရေအတွက်မတူသျှင်၊ အကျိုးခံစားခွင့်ရသူအား၊ ထိုအကျိုးခံစားခွင့်များ၏ ငွေအရေအတွက် နှစ်ရပ်အနက် များရာငွေအရေအတွက်ကို ပေးရမည်။

၅၁။ ။(၁) အလုပ်ရှင်က အလုပ်မှထုတ်ပယ်ခြင်းကြောင့် အာမခံထားသူအဖြစ်မှ ရပ်စဲ သွားသူတို့မှာ၊ အလုပ်သစ်ကို ရှာဖွေမရနိုင်ကြောင်းဖြင့် ထုတ်ပေးသည့် သက်သေခံလက်မှတ်ရရှိသူ များဖြစ်လျှင်၊ ထိုသူတို့အား အလုပ်မှထုတ်ပယ်သည့်အချိန်၌ အာမခံထားမှုကိစ္စဖြစ်ပေါ်ခဲ့သော်၊ရထိုက် ခွင့်ရှိမည့် အကျိုးခံစားခွင့်များကို၊ အလိုအလျောက်မဟုတ်ဘဲ အလုပ်လက်မဲ့ဖြစ်နေသမျှကာလ အတွင်း ရက်သတ္တ ၂၆ ပတ်ထက်မပိုစေဘဲ၊ စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်စည်းကမ်းချက်များ အရ၊ ရထိုက်ခွင့်ရှိရမည်။

(၂) အလိုအလျောက်မဟုတ်ဘဲ အလုပ်ဆုံးရှုံးကြောင်းဖြင့်၎င်း၊ ဆက်လက်၍ အလုပ် လက်မဲ့ဖြစ်နေကြောင်းဖြင့်၎င်း၊ သက်သေခံသည့် လက်မှတ်များကို အလုပ်သမား ဆက်သွယ်ရေး ရုံးက ထုတ်ပေးရမည်။

၅၂။ ။သီးခြားဖေါ်ပြထားသည့် အခြေခံအချိန်ကာလ(လ၊ရက် သတ္တပတ်၊ သို့တည်း မဟုတ် ရက်) အတွက် ပုဒ်မ ၇ (၂) က၊ခ၊ဂ၊ဃ နှင့် ၎(က)၊(ခ)နှင့် (ဂ)တွင် ဖေါ်ပြထား

သည့် အကျိုးခံစားခွင့်များကို၊ တောင်းဆိုသင့်သည့် အချိန်စေ့ရောက်ပြီးနောက် ရက်သတ္တရှစ်ပတ် အတွင်း ခိုင်လုံသောအကြောင်းမရှိဘဲ မတောင်းဆိုလျှင်၊ ထိုအကျိုးခံစားခွင့်များ ရထိုက်သည့် အခွင့် အရေးသည် ပျက်ပြယ်ရမည်။

၅၃။ ။(၁) မမာမကျန်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ကိုသော်၎င်း၊ မီးဖွါးမှုနှင့်ဆိုင် သည့်အကျိုးခံစားခွင့်ကိုသော်၎င်း၊ ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုသော်၎င်း၊ ယာယီ မသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုသော်၎င်း၊၎င်အက်ဥပဒေအရခွင့်ပြုသည့် ဆေးကုမှုကိုသော် ၎င်း၊အာမခံထားသူ ခံယူရရှိနေသည့် ကာလအပိုင်းအခြားအတွင်း၊ ထိုသူ၏အလုပ်ရှင်သည်၊ ထိုသူကို အလုပ်မှထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ထိုသူ၏အခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ လျှော့ ခြင်းမပြုရ။

(၂) ပုဒ်မခွဲ (၁)တွင် သီးခြားဖေါ်ပြထားသော ကာလအပိုင်းအခြားအတွင်း၊ အလုပ် သမားအား အလုပ်မှထုတ်ပယ်ကြောင်းဖြင့်၊ သို့တည်းမဟုတ် အလုပ်မှရပ်စဲကြောင်းဖြင့် ပေးသည့် အကြောင်းကြားစာသည် ခိုင်လုံခြင်းမရှိစေရ။

၅၄။ ။အလုပ်ရှင်က၊ အလုပ်သမားအား၊မမာမကျန်းမှုကြောင့်ဖြစ်စေ၊ မီးဖွါးမှုကြောင့် ဖြစ်စေ၊ အလုပ်တွင်ဒဏ်ရာရမှုကြောင့်ဖြစ်စေ၊ အလုပ် မလုပ်နိုင်သည့်အတွက် လောလောဆယ် ကုန် ကျသည့် စရိတ်များကိုထုတ်ပေးသည့်အချက်တွင်၊ အဖွဲ့က ထိုအလုပ်ရှင်အား ထိုစရိတ်ကို ဆိုင်ရာ အလုပ်သမားရထိုက်ခွင့်ရှိသည့် အကျိုးခံစားခွင့်များထက်မပိုစေဘဲ၊ ပြန်ပေးရမည့် စည်းကမ်းချက် များကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၅၅။ ။(၁)အလုပ်ရှင်သည် မိမိ၏အလုပ်သမားများအား၊မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုဖြစ်စေ၊ မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ဆေးကုမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ရရှိနေသည့် ကာလ အပိုင်းအခြားအတွက်အခကြေးငွေများကိုသော်၎င်း၊ လစာငွေများကိုသော်၎င်း ထုတ်ပေးသည့် အခါ၊ထိုသို့ထုတ်ပေးသည့် အခကြေးငွေများကို၊ သို့တည်းမဟုတ် လစာငွေများကို ပေးရမည့်ငွေလက် ငင်း အကျိုးခံစားခွင့်နှင့်ပေါင်းသော်၊ငွေစုစုပေါင်းမှာ ထိုအလုပ်သမားများအား သာမန်အားဖြင့်ပေး သည့်အခကြေးငွေများထက်ဖြစ်စေ၊ လစာငွေများထက်ဖြစ်စေပိုလျှင်၊ ထိုသို့ထုတ်ပေးသည်ကိုအဖွဲ့အား အကြောင်းကြားရမည်။

(၂) ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းသည့်အတိုင်း ထိုငွေစုစုပေါင်းသည်သာမန်အခကြေးငွေ များထက်၊ သို့တည်းမဟုတ် သာမန်လစာငွေများထက်ပိုလျှင်၊ အဖွဲ့က ထိုသို့ပိုသည့်ငွေကို ပေးရမည့် ငွေလက်ငင်းအကျိုးခံစားခွင့်ထဲမှ နုတ်ယူနိုင်သည်။

၅၆။ ။အလုပ်ရှင်သည်၊၎င်အက်ဥပဒေအရ ထည့်ဝင်ကြေးများပေးရမည့်တာဝန်ကြောင့် မိမိအလုပ်သမားများ၏ အခကြေးငွေများကိုသော်၎င်း၊ လစာငွေများကိုသော်၎င်း လျှော့ခြင်းမပြုရ။

၅၇။ ။(၁)၎င်အက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ရှင်သည်၊၎င်အက်ဥပဒေစတင် အာဏာတည်သည့် နေ့ရက်တွင် မိမိ၏အလုပ်သမားများအတွက်ဖြစ်စေ၊ မိမိ၏အလုပ်သမားများကို မှီခိုနေထိုင်သူများအတွက်ဖြစ်စေ၊ ဆေးရုံများ၊ ဆေးပေးရုံများ၊ မိမိ၏ဆရာဝန်များဖြင့် ဆေးကုပေးမှု စသည်ကဲ့သို့သော လွယ်ကူမှုအခွင့်အလမ်းများကို မိမိ၏ သီးခြား စည်းကမ်း နည်းလမ်းများအရ သော်၎င်း၊ မိမိအလိုအလျောက်သော်၎င်း၊ စီမံထားရှိလျှင် ထိုသို့စီမံထားရှိသော ဆေးကုရေး အစီ အစဉ်များကို အဖွဲ့အား အနည်းဆုံး ၆ လ ကြိုတင်အကြောင်းမကြားဘဲ ရပ်စဲခြင်းမပြုရ။

(၂) အဆိုပါဆေးကုရေးအစီအစဉ်များကို ဤအက်ဥပဒေ၏ အခန်း ၄ တွင် ရည်ညွှန်းသည့်ဆေးကုမှုနှင့် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ရန် စည်းကမ်းချက်များကိုလည်း၊ အဖွဲ့နှင့် အဆိုပါဆေးကုရေးအစီအစဉ်များ စီမံထားရှိသည့် အလုပ်ရှင်တို့ သဘောတူစာချုပ်များချုပ်ဆိုရန် မူများကိုလည်း၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

(၃) ပုဒ်မခွဲ (၂) တွင်ရည်ညွှန်းသည့်သဘောတူစာချုပ်များအရအဖွဲ့သည်၊ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ဆေးကုရန်လွယ်ကူမှုအခွင့်အလမ်းများနှင့် ဆေးကုရေးအစီအစဉ်များ တိုးချဲ့သည့် ကုန်ကျစရိတ်နှင့် တိုးတက်ကောင်းမွန်အောင် ပြုလုပ်သည့်ကုန်ကျစရိတ်အတွက် ထောက်ပံ့ကြေးပေးနိုင်သည်။

၅၈။ ။အာမခံထားသူမှာ၊သို့တည်းမဟုတ်အာမခံထားသူသေဆုံးပြီးနောက် ကျန်ရစ်သူများမှာ၊ မိမိ၏အလုပ်ရှင်က ထည့်ဝင်ကြေးများ မပေးသွင်းဘဲရှိစေကာမူ၊ သို့တည်းမဟုတ် မိမိ၏အခကြေးငွေများမှဖြစ်စေ၊ လစာငွေများမှဖြစ်စေ၊ အလုပ်သမား ထည့်ဝင်ကြေးမနုတ်ယူဘဲရှိစေကာမူ၊ ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် အလုပ်နှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အကျိုးခံစားခွင့်များကိုရထိုက်ခွင့်ရှိရမည်။အလုပ်ရှင်သည် ပုဒ်မ ၆၄ တွင် ရည်ညွှန်းသည့် စည်းကမ်းချက်များအရ ပေးသွင်းရန်ပျက်ကွက်သည့် ထည့်ဝင်ကြေးများကို ကျသင့်သည့်အတိုင်း ပေးရမည်ဖြစ်ပြင်၊အဆိုပါကိစ္စတွင်ပေးရသော အကျိုးခံစားခွင့်များအတွက် ကုန်ကျသည့်စရိတ်အားလုံးကိုလည်း ကျခံရမည်။

၅၉။ ။(၁)ဤအက်ဥပဒေနှင့်အညီ ပေးသည့် အကျိုးခံစားခွင့်များသည် ဝါရမ်းကပ်ခံရခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခံရခြင်းမရှိစေရ။

(၂) အဆိုပါအကျိုးခံစားခွင့်များကို လွှဲပြောင်းနိုင်ခွင့် မရှိစေရ။

(၃) အကျိုးခံစားခွင့်များပေါ်တွင် မည်သည့်အခွန်အကောက်ကိုမျှ မကောက်ခံရ။

၆၀။ ။အကျိုးခံစားခွင့်ရှိသူသည်၊ငွေလက်ငင်း အကျိုးခံစားခွင့် ရထိုက်သည့် ကာလအပိုင်းအခြားအတွင်း သေဆုံးလျှင်၊ ထိုသူသေဆုံးသည့်နေ့ရက်ထိ မပေးရသေးသော အဆိုပါအကျိုးခံစားခွင့်အတွက် ကျသင့်သည့်ငွေကို၊ ထိုသူမသေဆုံးမီက အမည်တင်သွင်းထားသူအား ထုတ်ပေးရမည်။ (အမည်တင်သွင်းခံရသူသည် ကျန်ရစ်သူ၏ ပင်ရှင်ရနိုင်ခွင့်ရှိသူဖြစ်ရမည်။) ထိုသို့အမည်တင်သွင်းထားသူမရှိလျှင် ထိုသူ၏အမွေစားများအား ထုတ်ပေးရမည်။

အခန်း ၁၁။

ထည့်ဝင်ကြေးများနှင့် နိုင်ငံတော်ထောက်ပံ့ငွေ။

၆၁။ ။အဖွဲ့သည် အာမခံထားသူများနှင့်ထိုသူတို့သေဆုံးပြီးနောက်ကျန်ရစ်သူများအား၊ ငွေဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ပေးသည့်အကျိုးခံစားခွင့် များအတွက်၎င်း၊ ဤအက်ဥပဒေအရ ဆောင်ရွက်ရသည့် အခြားလုပ်ငန်းများအတွက်၎င်း၊ စီရင်အုပ်ချုပ်မှုအတွက်၎င်း၊ ကုန်ကျသည့်စရိတ်များကို ကျခံရန်အလို့ငှာ၊ ထည့်ဝင်ကြေးများကို ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံရမည်။

၆၂။ ။ဤအက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ဌာနဌ် လုပ်သောအလုပ်သမား အသီးသီးနှင့် ပတ်သက်၍ ထည့်ဝင်ကြေးများကို အဖွဲ့သို့ပေးသွင်းရမည်။ အလုပ်ရှင်နှင့် အလုပ်သမားများက ပေးရမည့် ထည့်ဝင်ကြေးနှုန်းများကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၆၃။ ။အနည်းဆုံးအခကြေးငွေများကို ၁၉၄၉ ခုနှစ်၊ အနည်းဆုံးအခကြေးငွေအက်ဥပဒေအရဖြစ်စေ၊ အခြားတရားဥပဒေပြဋ္ဌာန်းချက်များအရဖြစ်စေ၊ သတ်မှတ်ထားလျှင်၊ ထည့်ဝင်ကြေး သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားသည့်အခကြေးငွေများသည် တည်ဆဲအနည်းဆုံး အခကြေးငွေ နှုန်းများအောက် မသေးစေရ။

၆၄။ ။(၁) အလုပ်ရှင်သည်ထည့်ဝင်ကြေးများကိုအချိန်စေ့ရောက်သည့် အခါပေးရန် ပျက်ကွက်လျှင် ထိုထည့်ဝင်ကြေးအပြင်၊ ထည့်ဝင်ကြေး၏ ၁၀ ရာခိုင်နှုန်းကိုလည်း နောက်ထပ်ပေးရမည်။

(၂) ထည့်ဝင်ကြေးမပေးဘဲနေသည့်အတွက် ပုဒ်မ ၉၈ တွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်များစီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့မပေးဘဲနေသည့် နေ့အသီးသီးအတွက်လည်း စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်းအတိုးပေးရမည်။

၆၅။ ။အလုပ်ရှင်မှာ၊မိမိ၏အလုပ်သမားများအတွက်တည်ထောင်ထားသည့်၊သို့တည်းမဟုတ် နောင်အခါ တည်ထောင်မည့်ငွေစုငွေချေး ရံပုံငွေ၊ပင်ရှင် ရံပုံငွေ၊ အိုနာစာရံပုံငွေ၊ သို့တည်းမဟုတ် အခြားရံပုံငွေ တရပ်ရပ်သို့ ထောက်ပံ့ကြေး ပေးလျှင်၊ သို့တည်းမဟုတ် မိမိ၏ အလုပ်သမားများအတွက် ဆေးကုရေး အစီအစဉ်များကို စီမံထားရှိလျှင်၊ အဆိုပါ ထောက်ပံ့ကြေးများကို၊ သို့တည်းမဟုတ် စရိတ်များကို၊ ဤအက်ဥပဒေအရ ပေးရမည့်ထည့်ဝင်ကြေးများထဲမှ နုတ်ယူနိုင်ခွင့် မရှိစေရ။

၆၆။ ။ရက်သတ္တတပတ်သည်၊ သာမန်အားဖြင့် ထည့်ဝင်ကြေးကောက်ခံရန်အတွက်အခြေခံကာလအဖိုင်းအခြားဖြစ်ရမည်။

၆၇။ ။(၁) ထည့်ဝင်ကြေးများကိုလစဉ်အရစ်ကျဖြင့်ဆိုင်ရာလကုန်ဆုံးပြီးနောက် ၁၀ ရက်ထက်နောက်မကျစေဘဲ ပေးရမည်။

(၂) လစဉ်အရစ်ကျဖြင့်ထည့်ဝင်ကြေးပေးရမည့်ရက်သတ္တအပတ်စဉ်အရေအတွက်သည်၊ ဆိုင်ရာလ အသီးသီးတွင်ပါဝင်သည့် စနေနေ့အရေအတွက်နှင့် ညီမျှရမည်။

၆၈။ ။ထည့်ဝင်ကြေးများမှာ အောက်ပါအတိုင်း နှစ်မျိုးနှစ်စားရှိရမည်—

(က) နောက်တွင် ''အထွေထွေအာမခံစံနစ်ထည့်ဝင်ကြေး''ဟု ခေါ်သည့် မမာမကျန်းမှုအာမခံစံနစ်၊ မီးဖွါးမှုအာမခံစံနစ်နှင့် သေဆုံးမှုအာမခံစံနစ် (အသုဘစရိတ်) အတွက် ထည့်ဝင်ကြေး။

(ခ) အလုပ်တွင် ဒဏ်ရာရမှု အာမခံစံနစ်အရ ငွေလက်ငင်းအကျိုး ခံစားခွင့်များအတွက် ထည့်ဝင်ကြေး။

၆၉။ ။ဤအက်ဥပဒေအရပေးရမည့်ထည့်ဝင်ကြေးများကိုမြေခွန်တော်မပြေကျန်ငွေများဖြစ်ဘိသကဲ့သို့ အရတောင်းခံနိုင်ရမည်။

၇၀။ ။(၁) ထည့်ဝင်ကြေးများကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီပေးလျက်ရှိ မရှိဆုံးဖြတ်ရန်အလို့ငှါငင်း၊ ထိုထည့်ဝင်ကြေး အရေအတွက်ကို သတ်မှတ်ရန်အလို့ငှါငင်း၊ အကျိုးခံစားခွင့်ရနိုင်သည် မရနိုင်သည်ကို ဆုံးဖြတ်ရန်နှင့် အကျိုးခံစားခွင့်များ၏ ငွေအရေအတွက်ကို သတ်မှတ်ရန်အလို့ငှါငင်း၊ အခြားကိစ္စများအလို့ငှါငင်း အဖွဲ့ကအလုပ်ရှင်များအားဖြစ်စေ၊အခြားသူများအားဖြစ်စေ၊ အခြားအာဏာပိုင်များအားဖြစ်စေ မှတ်တမ်းများ၊ ငွေစာရင်းများနှင့် အစီရင်ခံစာများကို၊ စည်းမျဉ်းဥပဒေများအရ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထားသည့် အချိန်အကန့်အသတ်များအတွင်း စီမံထားရှိ၍ အဖွဲ့ထံတင်သွင်းရန်ဆင့်ဆိုနိုင်သည်။

(၂) အလုပ်ရှင်သည် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များအတိုင်းလိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ပုဒ်မ ၉၀ အရ ပြစ်ဒဏ်များကို မထိခိုက်စေဘဲ၊ အဖွဲ့ကမိမိသင့်သည် ထင်မြင်သည့် အတိုင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အလုပ်ရှင်ထံမှ တောင်းခံသင့်သည့် ထည့်ဝင်ကြေး၏ ငွေအရေအတွက်ကို သတ်မှတ်နိုင်သည်။ သို့တည်းမဟုတ် အလုပ်ရှင်က ပြုလုပ်ထားသည့် အစီရင်ခံစာရင်းများနှင့် ထုတ်ဖော်ဝန်ခံချက်များကို ပြင်နိုင်သည်။

၇၁။ ။ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်အလုပ်ရှင်များ လူမဲ့အဖြစ်ခံယူသည့်အခါ၊ အဖွဲ့အား ပေးရန်ရှိသည့် ငြီထည့်ဝင်ကြေးများကို၊ အခြားအာမခံမရှိသည့် ကြေးမြီများထက် ရှေးဦးရထိုက်ခွင့်ရှိစေရမည်။

အဝိုင်း ၁။

အထွေထွေအာမခံစံနှုန်းထည့်ဝင်ကြေးများနှင့်နိုင်ငံတော်ထောက်ပံ့ငွေ။

၇၂။ ။အထွေထွေ အာမခံစံနှုန်းထည့်ဝင်ကြေးတွင် အောက်ပါ ထည့်ဝင်ကြေးများ ပါဝင်ရမည်—

(က) အလုပ်ရှင်က ပေးရမည့် ထည့်ဝင်ကြေး (နောက်တွင် ''အလုပ်ရှင်ထည့်ဝင်ကြေး'' ဟု ရည်ညွှန်းထားသည်)။

(ခ) အာမခံထားသူက ပေးရမည့် ထည့်ဝင်ကြေး (နောက်တွင် ''အလုပ်သမားထည့်ဝင်ကြေး'' ဟု ရည်ညွှန်းထားသည်)။

(ဂ) နိုင်ငံတော်ထည့်ဝင်ကြေး။

၇၃။ ။အထွေထွေအာမခံစံနှုန်းအတွက် ပုဒ်မ ၇၂ တွင် ရည်ညွှန်းထားသည့်အလုပ်ရှင်ထည့်ဝင်ကြေးကိုငင်း၊ အလုပ်သမားထည့်ဝင်ကြေးကိုငင်း၊ နိုင်ငံတော်ထည့်ဝင်ကြေးကိုငင်း ပေးရမည့် အချိုးအစားသည် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်းဖြစ်ရမည်။

၇၄။ ။(၁) အလုပ်ရှင်သည်၊အလုပ်သမားထည့်ဝင်ကြေးကို မိမိအလုပ်သမားများ၏ အခကြေးငွေနှင့်လစာငွေများထဲမှ နှုတ်ယူပြီးလျှင်၊ မိမိ၏ထည့်ဝင်ကြေးနှင့်ပေါင်း၍ အဖွဲ့သို့ပေးရမည်။

(၂) အထက်ဘွင် ရည်ညွှန်းသည့် ထည့်ဝင်ကြေး နှစ်မျိုးလုံး ကောက်ခံ ပေးပို့ ရသည့် အတွက် စရိတ်အားလုံးကို အလုပ်ရှင်က ကျခံရမည်။

(၃) ဤပုဒ်မအရ အလုပ်ရှင်ကနုတ်ယူသည့်ငွေအားလုံးကို မိမိ၏အလုပ်သမားများက မိမိအား အဖွဲ့သို့ ထည့်ဝင်ကြေးပေးရန်အတွက် သက်သက် အပ်နှံထားသည့်ငွေများဟု မှတ်ယူရမည်။

၇၅။ ။ပြည်ထောင်စုအစိုးရသည်၊ နိုင်ငံတော်ထည့်ဝင်ကြေးများကို ဤကိစ္စအလို့ငှါ ပြုသည့်စည်းမျဉ်းဥပဒေများနှင့်အညီ အဖွဲ့အားနှစ်စဉ်ပေးရမည်။

အဝိုင်း ၂။

အလုပ်တွင်ဒဏ်ရာရမှုနှင့်ဆိုင်သည့်ထည့်ဝင်ကြေး။

၇၆။ ။အလုပ်တွင် ဒဏ်ရာရမှုအာမခံစံနှုန်းအရ၊ ငွေလက်ငင်း အကျိုးခံစားခွင့်ပေးရန် ထည့်ဝင်ကြေးများကို အလုပ်ရှင်ကသာပေးရမည်။

၇၇။ ။အလုပ်တွင် ဒဏ်ရာရမှုနှင့် ဆိုင်သည့် ထည့်ဝင်ကြေးနှုန်းသည်၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်းဖြစ်ရမည်။

အခန်း ၁၂။

အခြားဘဏ္ဍာရေးပြဋ္ဌာန်းချက်များ။

၇၈။ ။အဖွဲ့အား၊ မိမိ၏အာဏာများနှင့်အလုပ် ဝတ်တရားများကိုသုံးစွဲဆောင်ရွက်နိုင်စေရန်၊ ပြည်ထောင်စု အစိုးရက သင့်လျော်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ငွေထုတ်ချေးနိုင်သည်။

၇၉။ ။အဖွဲ့သည်၊ ''ထောက်ပံ့မှုအာမခံရံပုံငွေ'' ဟုခေါ်ရမည့်ရံပုံငွေကိုစီမံထားရှိရမည့်ပြင်၊ ထိုရံပုံငွေသို့၊ ဤအက်ဥပဒေအရ အဖွဲ့ကရရှိသည့်ငွေအားလုံးကိုလည်းထည့်ရမည်။

၈၀။ ။(၁) ထောက်ပံ့မှု အာမခံရံပုံငွေကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ အဖွဲ့ကစီမံအုပ်ချုပ်ရမည်။

(၂) အဖွဲ့သည်၊လောလောဆယ်အသုံးမလိုသည့်ထောက်ပံ့မှုအာမခံရံပုံငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်တွင် အပ်နှံထားရမည်။

၈၁။ ။ထောက်ပံ့မှု အာမခံ ရံပုံငွေ၏ ဝင်ငွေတွင်၊ ထည့်ဝင်ကြေးများနှင့် နိုင်ငံတော်ထောက်ပံ့ငွေအပြင်၊ အောက်ပါငွေများလည်း ပါဝင်ရမည်—

(၁) ရံပုံငွေထဲမှ အပ်နှံငွေများနှင့် ရင်းနှီးငွေများအတွက် အတိုးငွေ။

(၂) ပုဒ်မ ၉၇၊၉၈၊သို့တည်းမဟုတ် ၉၉ အရဒဏ်ကြေးပေးဆောင်သည့်ငွေများ။

(၃) ဤအက်ဥပဒေပါ ကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတရပ်ရပ်အတွက်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရကသော်၎င်း၊ ပြည်နယ်အစိုးရကသော်၎င်း၊ ဒေသန္တရအာဏာပိုင်များကသော်၎င်း၊ပြည်သူ့ကောပိုရေးရှင်းအဖွဲ့များကသော်၎င်း၊ သီးခြားပုဂ္ဂိုလ်တဦးတယောက်ကသော်၎င်း၊ လူအစုကသော်၎င်းပေးသည့် ထောက်ပံ့ငွေများ၊ အလှူငွေများနှင့်ကူငွေများ။

၈၂။ ။အဖွဲ့သည်၊နည်းဥပဒေများဖြင့်သတ်မှတ်သည့်စည်းကမ်းချက်များအရ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုသော်၎င်း၊မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကိုသော်၎င်းရယူရောင်းချနိုင်သည်။

၈၃။ ။(၁) အဖွဲ့သည်၊ ထောက်ပံ့မှုအာမခံရံပုံငွေတွင် ငွေစာရင်းသုံးမျိုးကိုသီးခြားထားရှိရမည်—

(က) အထွေထွေ အာမခံစံနှုန်း ငွေစာရင်း (မမာမကျန်းမှု၊ မီးဖွါးမှုနှင့် သေဆုံးမှုအာမခံစံနှုန်း)။

(ခ) အလုပ်တွင် ဒဏ်ရာရမှုအာမခံစံနှုန်းငွေစာရင်း။

(ဂ) စီရင်အုပ်ချုပ်မှုစရိတ်ငွေစာရင်း။

(၂) အများဆုံး ကုန်ကျရမည့်စီရင်အုပ်ချုပ်မှုစရိတ်ကိုဂုဏ်၊ထိုစရိတ်ကိုပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် ငွေစာရင်း (က) နှင့် (ခ) မှ ငွေစာရင်း (ဂ) သို့ တဆင့်လွှဲပြောင်း၍ ပေးရမည့် အချိုးအစားကိုဂုဏ် နည်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၈၄။ ။(၁) အဖွဲ့သည်၊ နောက်လာမည့်နှစ်အတွင်းခန့်မှန်းသည့်ရငွေနှင့်မိမိကုန်ကျရန်ရည်ရွယ်သည့်စရိတ်ကို ဖော်ပြလျက်၊ ရ-သုံးမှန်းခြေငွေစာရင်းပြုလုပ်ရမည်။

(၂) အဆိုပါရ-သုံးမှန်းခြေငွေစာရင်းအတွက်နိုင်ငံတော်သမတ၏သဘောတူညီချက်ကို ရယူရမည်။

၈၅။ ။(၁) ဘဏ္ဍာတော်နှစ်ကုန်ဆုံးသည့်အခါတိုင်း၊အဖွဲ့သည်၊ အသေးစိတ်နှစ်စဉ် အစီရင်ခံစာကို နိုင်ငံတော် သမတထံ သဘောတူညီချက်ရရန် တင်သွင်းရမည်။ ထိုအစီရင်ခံစာတွင် စံနစ်တကျ အကျဉ်းချုပ်ရေးသားထားသည့် အဖွဲ့၏လုပ်ကိုင်ဆောင်ရွက်မှုများ၊ အဖွဲ့၏ ဝါဒစည်းမျဉ်း အကြောင်းအရာများနှင့် အက်ဥပဒေ၏ အကျိုးသက်ရောက်ပုံသည်တိုင်း၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ စာရင်းစစ်အစီရင်ခံစာနှင့် ပူးတွဲထားသော အဖွဲ့၏ဝင်ငွေနှင့် အသုံးစာရိတ်စရင်းများသည်၎င်း ပါရှိစေရမည်။

(၂) အဖွဲ့မှာ မည်သည့် အခွန်မျိုးကိုမျှ မည်သို့ပင်စည်းကြပ် စေကာမူ၊ ပေးဆောင်ရန် တာဝန်မရှိစေရ။

၈၆။ ။(၁) အဖွဲ့သည်၊ နည်းဥပဒေများဖြင့်သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ထိုသို့သတ်မှတ်သည့်ကိစ္စများအတွက် အထွေထွေအာမခံစံနစ်ငွေစာရင်းတွင် အထူးသီးသန့်ရံပုံငွေကို တည်ထောင်ထားရှိရမည်။

(၂) အဖွဲ့သည်၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များ အရ၊ ထိုသို့သတ်မှတ်သည့်ကိစ္စများအတွက် အလုပ်တွင်ဒဏ်ရာရမှုအာမခံစံနစ်ငွေစာရင်းတွင်အထူးသီးသန့်ရံပုံငွေကိုလည်းတည်ထောင်ထားရှိရမည်။ထိုရံပုံငွေသည်၊ ဘဏ္ဍာတော်နှစ်အသီးသီးမကုန်ဆုံးမီဖြစ်ပွါးသည့် အလုပ်တွင် ဒဏ်ရာရမှုကြောင့်ပေးရသည့် အကျိုးခံစားခွင့်အားလုံး၏ မှန်းခြေတန်ဘိုးနှင့်ညီမျှရမည်။

၈၇။ ။(၁) အဖွဲ့၏ ငွေစာရင်းအားလုံးကိုနည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်စည်းကမ်းချက်များအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်။

(၂) နိုင်ငံတော် စာရင်းစစ်ချုပ်မှာ၊ အဖွဲ့၏စာရင်းစာအုပ်နှင့်စာတမ်း အမှတ်အသားအားလုံးကို ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိရမည့်ပြင်၊ မိမိ၏တာဝန်ဝတ်တရားများ ဆောင်ရွက်ရန် လိုအပ်သည် ထင်မြင်သည့် အကြောင်းအရာများကိုလည်းအဖွဲ့ထံမှတောင်းယူနိုင်ခွင့်ရှိရမည်။

အခန်း ၁၃။

စီရင်အုပ်ချုပ်မှု။

၈၈။ ။(၁) ဤအက်ဥပဒေအရ စီမံဆောင်ရွက်ရန် အလို့ငှါ၊ တရားဝင်အဖွဲ့တခုကို "လူမှုဖူလုံရေးအဖွဲ့"ဟူသောအမည်ဖြင့် ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ လူမှုဖူလုံရေးအဖွဲ့အဖြစ်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်း ကိုလည်း ခံနိုင်ရမည်။

၈၉။ ။(၁) အဖွဲ့တွင် အောက်ပါအဖွဲ့ဝင်လူကြီးများပါဝင်ရမည်—

(က) အလုပ်သမားဆိုင်ရာဝန်ကြီး၊ရာထူးအလျောက် ဥက္ကဋ္ဌ။

(ခ) အလုပ်သမား ညွှန်ကြားရေးဝန်၊ သို့တည် းမဟုတ် ၎င်းက ရွေးချယ်ခန့်ထားသည့် ဒုတိယညွှန်ကြားရေးဝန်၊ ရာထူးအလျောက် အဖွဲ့ဝင်လူကြီး။

(ဂ) အလုပ်ရုံ အင်စပက်တော်ချုပ်၊ သို့တည်းမဟုတ် ၎င်းကရွေးချယ်ခန့်ထားသည့် ဒုတိယအလုပ်ရုံ အင်စပက်တော်ချုပ်၊ ရာထူးအလျောက် အဖွဲ့ဝင်လူကြီး။

(ဃ) ဆေးဘက်ဆိုင်ရာနှင့် ကုန်းမာရေးဌာန ညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်းက ရွေးချယ်ခန့်ထားသည့် ဒုတိယ ညွှန်ကြားရေးဝန်၊ ရာထူးအလျောက် အဖွဲ့ဝင်လူကြီး။

(ဂ) ပြည်ထောင်စု အာမခံစံနစ်အဖွဲ့အုပ်ချုပ်ရေးမှူး၊ သို့တည်းမဟုတ် ဝင်းကရွေး ချယ်ခန့်ထားသည့် ဒုတိယ အုပ်ချုပ်ရေးမှူး၊ရာထူးအလျောက်အဖွဲ့ဝင်လူကြီး။

(စ) အလုပ်သမား အစည်းအရုံးများ အဖွဲ့ချုပ် (ဗမာနိုင်ငံ)က တင်သွင်းသည့် စာရင်းမှ နိုင်ငံတော် သမတက ရွေးချယ်ခန့်ထားသည့် အလုပ်သမားကိုယ် စားလှယ် ခြောက်ဦး၊ ထိုစာရင်းသည် သင့်လျော်သော ပုဂ္ဂိုလ်ခြောက်ဦး ရွေးချယ်နိုင်အောင် ကျယ်ဝန်းရမည်။

(ဆ) နိုင်ငံတော် သမတက ခန့်ထားသည့် အလုပ်ရှင် ကိုယ်စားလှယ် ခြောက်ဦး၊ ထိုခြောက်ဦးအနက် သုံးဦးမှာ အစိုးရလုပ်ငန်းကိုယ်စားလှယ်များ ဖြစ်ရမည်။ ကျန်သုံးဦးမှာ ကိုယ်ပိုင်လုပ်ငန်းကိုယ်စားလှယ်များဖြစ်ရမည်။

(ဇ) မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ကောင်စီ ကိုယ်စားလှယ်တဦး၊ ထိုကိုယ်စား လှယ်သည်၊ ကိုယ်ပိုင်အလုပ်လုပ်သည့် ဆရာဝန်ဖြစ်ရမည်။

(၂) အုပ်ချုပ်ရေးမှူးသည်၊ အဖွဲ့၏ အတွင်းရေးမှူး ဖြစ်ရမည်။ ထိုအုပ်ချုပ်ရေးမှူးကို အဖွဲ့က နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ဖြင့် ခန့်ထားရမည်။

၉၀။ ။(၁) အဖွဲ့က လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် နည်းလမ်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

(၂) ရာထူးအလျောက်၊ အဖွဲ့ဝင် လူကြီးများမှတပါး၊ အခြားအဖွဲ့ဝင် လူကြီးများ၏ ရာထူးသက်တမ်းသည် သုံးနှစ်ဖြစ်ရမည်။

(၃) အဖွဲ့၏ အမိန့်များနှင့် ဆုံးဖြတ်ချက်များ အမှန်ဖြစ်ကြောင်းကို မည်သည့် ကိစ္စမျိုး တွင် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးရမည်ဟု နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၉၁။ ။အဖွဲ့၏အမြဲတမ်း ကော်မိတီကို နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်း ချက်များအရ ဖွဲ့စည်းရမည်။ ထိုကော်မိတီတွင် အဖွဲ့က ရွေးချယ်ခန့်ထားရမည့် အဖွဲ့ဝင်လူကြီး ခုနစ်ဦး ပါဝင်ရမည်။

၉၂။ ။(၁)၊ အမြဲတမ်း ကော်မိတီသည်၊ အဖွဲ့၏ ယေဘုယျ ကြီးကြပ် အုပ်ချုပ်မှုကို နာခံ၍ အဖွဲ့၏ လက်ရှိအလုပ်ကိစ္စများကို စီမံဆောင်ရွက်ရမည်။

(၂) ထိုကော်မိတီသည်၊ အစည်းအဝေးကို တလလျှင် အနည်းဆုံး တကြိမ်ကျ ကျင်းပ ရမည်။

၉၃။ ။အထူးကောင်စီများကို ဖွဲ့စည်းနိုင်၍၊ ကောင်စီဖွဲ့စည်းပုံနှင့် ကောင်စီ၏ အလုပ် ဝတ်တရားများကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

၉၄။ ။(၁) အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ ယေဘုယျကြီးကြပ်အုပ်ချုပ်မှုကိုနာခံ၍၊ မိမိ၏တာဝန်ဝတ်တရားများနှင့် အာဏာများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရာထမ်း မှုထမ်းများကို ခန့်ထားနိုင်သည်။

သို့ရာတွင် ဤအက်ဥပဒေအရ အဖွဲ့ကို နည်းလမ်းတကျ ဖွဲ့စည်းခြင်းမပြုမီ နိုင်ငံတော် သမတသည်၊မိမိသင့်သည်ထင်မြင်သည့် ရာထမ်းမှုထမ်းများကို ခန့်ထားနိုင်သည်။

(၂) အဖွဲ့ ရာထမ်း မှုထမ်းများ၏ လစာငွေ၊ စရိတ်ကြေးငွေနှင့် အခြားအမှုထမ်းစည်း ကမ်းများသည်၊ အဖွဲ့က နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသည့် အတိုင်း ဖြစ်ရမည်။

အခန်း ၁၄။

အငြင်းပွါးမှုများကို စီရင်ဆုံးဖြတ်ခြင်း။

၉၅။ ။ဤအက်ဥပဒေအရ၊ လုပ်ကိုင်ဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသည့် အငြင်းပွါးမှုအားလုံးကို၊ တရားမရုံးများက စီရင်ပိုင်ခွင့်မရှိစေရ။

၉၆။ ။(၁) ဤအက်ဥပဒေအရ၊ လုပ်ကိုင် ဆောင်ရွက်ရာတွင်၊အဖွဲ့နှင့် အာမခံထားသူများ၊ သို့တည်းမဟုတ် ၎င်းတို့ကို မှီခိုနေထိုင်သူများ အငြင်းပွါးမှုဖြစ်ပေါ်လာသော်၊ ထိုအငြင်းပွါးမှုအားလုံးကို စီရင်ဆုံးဖြတ်စေရန်အလို့ငှါ၊ နိုင်ငံတော် သမတ က နည်းဥပဒေများနှင့်အညီ အယူခံခုံရုံးများကို ဖွဲ့စည်းရမည်။

(၂) အဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်ကို၊ အာမခံထားသူတို့က၊ သို့တည်းမဟုတ် ၎င်းတို့ကို မှီခိုနေထိုင်သူတို့က အယူခံလိုလျှင်၊ မိမိတို့၏ အယူခံလွှာများကို၊ အယူခံသော ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားစာ ရရှိပြီးနောက်၊ ရက်ပေါင်းခြောက်ဆယ်အတွင်း အယူခံခုံရုံးသို့ တင်သွင်းရမည်။

(၃) အယူခံခုံရုံး၏ စရိတ်အားလုံးကို၊ အဖွဲ့က ကျခံရမည်။

အခန်း ၁၅။

ပြစ်ဒဏ်များ။

၉၇။ ။မည်သူမဆို၊ဤအက်ဥပဒေအရ ခွင့်မပြုသည့်အချက်များတွင်ဖြစ်စေ၊ မိမိမရထိုက်သော ငွေအရေအတွက်ဖြင့်ဖြစ်စေ မိမိအတွက်သော်၎င်း၊ အခြားသူတဦးတယောက် အတွက်သော်၎င်း အကျိုးခံစားခွင့် ရရှိရန်အလို့ငှါ၊ တမင် မဟုတ်မမှန် ထွက်ဆိုလျှင်၊ သို့တည်းမဟုတ် တမင် မဟုတ်မမှန်ပြောဆိုလျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဈေးထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၉၈။ ။မည်သည့်အလုပ်ရှင်မဆို၊ ဤအက်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းဥပဒေအရဖြစ်စေ ပေးရန်တာဝန်ရှိသည့် ထည့်ဝင်ကြေးကို မပေးလျှင်၊ သို့တည်းမဟုတ် မိမိပေးရမည့် ထည့်ဝင်ကြေးကို သော်၎င်း၊ မိမိပေးရမည့် ထည့်ဝင်ကြေး အချို့အဝက်ကိုသော်၎င်း မိမိအလုပ်သမားများ၏ အခကြေးငွေထဲမှဖြစ်စေ၊ လစာငွေထဲမှဖြစ်စေ၊ နုတ်ယူလျှင်၊ သို့တည်းမဟုတ် မိမိနုတ်ယူထားသည့် အလုပ်သမား ထည့်ဝင်ကြေးများကို အဖွဲ့သို့ ပေးပို့ရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းဥပဒေအရဖြစ်စေ လိုအပ်သော အစီရင်ခံစာကိုသော်၎င်း၊ လိုအပ်သောအကြောင်းအရာကိုသော်၎င်း တင်သွင်းရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း၊ စည်းမျဉ်းဥပဒေပါ အခြားပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း လိုက်နာရန် ပျက်ကွက်လျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၉၉။ ။(၁) ပုဒ်မ ၉၇ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၉၈ အရ၊ အမှုများကို အဖွဲ့အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရန် ဧတောင်းဆိုမှသာ တရားစွဲဆိုရမည်။

(၂) ပုဒ်မ ၉၇ နှင့် ၉၈ အရ၊ တပ်ရိုက်သည့် ဒဏ်ငွေများကို၊ ထောက်ပံ့မှု အာမခံရံပုံငွေသို့ ပေးသွင်းရမည်။

အခန်း ၁၆။

အထွေထွေ ပြဋ္ဌာန်းချက်များ။

၁၀၀။ ။ဤအက်ဥပဒေနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့် ရရှိရန်အတွက် သော်၎င်း၊ အခြားကိစ္စ တရပ်ရပ်အတွက်သော်၎င်း၊ အာမခံထားသူတို့က၊ သို့တည်းမဟုတ် ၎င်းတို့ကို မှီခိုနေထိုင်သူတို့ကတင်သွင်းသည့် သက်သေခံလက်မှတ်များကို၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားများကို အခွန်အခနှင့် တံဆိပ်တော်ခွန်အားလုံးမှ ကင်းလွတ်စေရမည်။

၁၀၁။ ။ဤအက်ဥပဒေ စတင်အာဏာ မတည်မီက ပေါ်ပေါက်ခဲ့သော အလုပ်တွင်မတော်တဆ ဖြစ်ပွါးမှုများသည်၎င်း၊ အလုပ်နှင့်ဆိုင်သည့် ရောဂါများသည်၎င်း၊ (ထိုဖြစ်ပွါးမှုကြောင့်၊ သို့တည်းဟုတ် ထိုရောဂါကြောင့် ခံရသူတို့၏ ကိုယ်ခန္ဓာ အခြေအနေဆိုးဝါးသွားသဖြင့် ထိုသူတို့၏ အကျိုးခံစားခွင့်များကို ပြန်လည်စစ်ဆေးရန် ကိစ္စများ ပါဝင်သည်။) အလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် ဆက်လက်သက်ဆိုင်ရမည်။

၁၀၂။ ။နိုင်ငံတော်သမတ သည်၊ မည်သည့် အလုပ်ဌာနကိုမဆို၊ သို့တည်းမဟုတ် မည်သူကိုမဆို၊ သို့တည်းမဟုတ် မည်သည့် လူအမျိုးအစားကိုမဆို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးမှသော်၎င်း၊ ပြဋ္ဌာန်းချက်တရပ်ရပ်မှသော်၎င်း ကင်းလွတ်စေနိုင်သည်။

၁၀၃။ ။ဤအက်ဥပဒေအရ၊ အကျိုးခံစားခွင့်ရရှိရန် လိုအပ်သည့်ကာလအပိုင်းအခြားနှင့် ပြည့်စုံစေရန် အလို့ငှါ၊ ဤအက်ဥပဒေအရ အာမခံထားသူတို့အတွက် အက်ဥပဒေ စတင်အာဏာမတည်မီက လုပ်ခဲ့သည့်အလုပ်သက် ကာလအပိုင်းအခြားများကို ဤအက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်သက်များ ဖြစ်ဘိသကဲ့သို့ ထည့်သွင်းစဉ်းစားရမည်။

၁၀၄။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(၂) အဆိုပါ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းခြင်းမပြုမီ ကြိုတင်ထုတ်ပြန်ကျေညာရမည်။

၁၀၅။ ။ဤအက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ရှင်သည်၊ အဖွဲ့က ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ၊ မိမိအလုပ်သမားများ၏ အခကြေးငွေမှတ်ပုံစာရင်းကိုစိမ်ထားရှိရမည်။

၁၀၆။ ။အခြားတည်ဆဲတရားဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်ရမည်။

INDEX TO VOLUME V

အတွဲ ၅ ၏ အညွှန်း။

	Part.	Page.
Apprentices Act	VI-I	180
Basket Standardization Act, Measuring	VI-G	37
Boilers Act	VI-H	92
Burma Merchandise Marks Act	VI-G	27
Burma Ruby Regulation, Upper	VI-G	41
Cess Act, Lac	VI-G	25
Children (Pledging of Labour) Act	VI-I	186
Compensation Act, Workmen's	VI-I	232
Cotton Cess Act	VI-G	14
Cotton Industry Statistics Act	VI-G	23
Cotton Transport Act	VI-G	20
Disputes Act, Trade	VI-I	278
Dock Labourers Act	VI-I	187
Dock Workers (Regulation of Employment) Act	VI-I	292
Electricity Act	VI-H	102
Emigration Act	VI-I	258
Explosives Act	VI-H	154
Geneva Convention Implementing Act	VI-G	34
Industries Act, State Aid to	VI-G	1
Labour Act, Pledging of, Children	VI-I	186
Labourers Act, Dock	VI-I	187
Lac Cess Act	VI-G	25
Length Act, Measures of	VI-G	40
Loans Act, Weavers'	VI-G	14
Measures of Capacity Act, Weights and	VI-G	34
Measures of Length Act	VI-G	40
Measuring Basket Standardization Act	VI-G	37
Merchandise Marks Act, Burma	VI-G	27
Mines Act	VI-I	191
Oilfields Act	VI-I	215
Payment of Wages Act	VI-I	221
Petroleum Act	VI-H	144
Pledging of Labour Act, Children	VI-I	186
Regulation, Upper Burma Ruby	VI-G	41
Ruby Regulation, Upper Burma	VI-G	41
State Aid to Industries Act	VI-G	1
Statistics Act, Cotton Industry	VI-G	23
Sugar Cane Act	VI-G	26
Trade Disputes Act...	VI-I	278
Trade Unions Act	VI-I	267
Transport Act, Cotton	VI-G	20
Unions Act, Trade	VI-I	267
Upper Burma Ruby Regulation	VI-G	41
Wages Act, Payment of	VI-I	221
Water Power Act	VI-H	143
Weavers' Loans Act	VI-G	14
Weights and Measures of Capacity Act	VI-G	34
Workmen's Compensation Act	VI-I	232

အတွဲ ၅ ၏ အညွှန်း။

အဝိုင်း။ စာမျက်နှာ။

ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ	၆-ဈ	၃၅၇
ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့အက်ဥပဒေ	၆-ဆ	၄၀
စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အက်ဥပဒေ	၆-ဆ	၇၂
စာရင်းစစ်တန်းယူခြင်း အက်ဥပဒေ၊ အလုပ်အကိုင်ဆိုင်ရာ	၆-ဈ	၂၉၀
ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ	၆-ဈ	၃၆၅
ဇေယျဝတီ သကြားစက်ကုမ္ပဏီလိမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ	၆-ဆ	၉၀
တွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖေါ်လုပ်ကိုင်နိုင်သော အခွင့်အရေး ပေးရန်(ခွင့်ပြုသည်)အက်ဥပဒေ၊ပြည်ထောင်စုနိုင်ငံ	၆-ဆ	၄၆
ဒိုင်ယာမိကင်(မြန်မာနိုင်ငံ)လီမိတက်၏ မြစ်ရည်နှင့် အရက်ချက်လုပ်ငန်းကိုပြည် သူပိုင်လုပ်ခြင်း အက်ဥပဒေ	၆-ဆ	၀၇
ဓါတ်သတ္တုပြင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေးကော်ပိုရေးရှင်း အက်ဥပဒေ	၆-ဆ	၇၀
နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ	၆-ဆ	၆၁
ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်ရင်း အခြေအမြစ်များကို ထုတ်ဖေါ်လုပ်ကိုင်နိုင် သောအခွင့်အရေးပေးရန်(ခွင့်ပြုသည်)အက်ဥပဒေ	၆-ဆ	၄၆
ပြည်ထောင်စုနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာဒေသများ လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရေးအက်ဥပဒေ	၆-ဆ	၈၉
ဗဟိုစာရင်းစစ်တန်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေ	၆-ဆ	၆၀
ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ၊ သရက်မြို့ရှိ	၆-ဆ	၀၅
ရေနံမြေ(အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ	၆-ဈ	၃၂၄
လူမှုဖူလုံရေးအက်ဥပဒေ	၆-ဈ	၄၃၁
လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေ အက်ဥပဒေ	၆-ဈ	၂၉၅
လျှပ်စစ်ဓါတ်အားပေးရေး အက်ဥပဒေ	၆-ဇ	၁၅၀
သရက်မြို့ရှိ ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ	၆-ဆ	၀၅
သကြားစက်ကုမ္ပဏီလိမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ၊ ဇေယျဝတီ သင်ကြား လေ့ကျင့်ရေး အက်ဥပဒေ၊ အလုပ်အကိုင်နှင့်	၆-ဆ	၉၀
သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ၊ နိုင်ငံတော်	၆-ဈ	၃၁၉
အနည်းဆုံးအခကြေးငွေအက်ဥပဒေ	၆-ဆ	၆၁
အနည်းဆုံးအခကြေးငွေ အက်ဥပဒေ၊ လယ်ယာအလုပ်သမား	၆-ဈ	၃၀၁
အလုပ်ရုံများ အက်ဥပဒေ	၆-ဈ	၂၅၅
အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေး အက်ဥပဒေ	၆-ဈ	၃၁၉
အလုပ်အကိုင်ဆိုင်ရာစာရင်းစစ်တန်းယူခြင်းအက်ဥပဒေ....	၆-ဈ	၂၉၀
အရက်ချက်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေ၊ ဒိုင်ယာမိကင် (မြန်မာ နိုင်ငံ)လီမိတက်၏ မြစ်ရည်နှင့်	၆-ဆ	၀၇

ပ၊မ၊ဗ၊စ၊—အမှတ် ၂၅၁၊ တရားရေးဝန်ကြီးဌာန၊ ၂၀-၅-၅၇—၅,၀၀၀—စ။

CORRIGENDA

Page 3.—Contents, against section 38 *for* "Termitination" *read* "Termination"; and against section 40 *for* "Recover" *read* "Recovery".

Page 4.—Section 2, clause (v), *for* "Commissioner of Division" *read* "Commissioner of a Division".

Page 8.—Section 17, marginal caption *for* "tate" *read* "State". In footnote 1, *for* "(Adaptation of Law) Orders" *read* "(Adaptation of Laws) Order".

Page 9.—Section 25, marginal caption, *for* "Penalty default" *read* "Penalty for default in".

Page 15.—Section 7, sub-section (*1*), third line, *for* "elates" *read* "relates".

Page 16.—Section 7, sub-section (*2*), proviso, third line, *for* "to which" *read* "at which".

Page 18.—Section 15, sub-section (*2*), clause (*k*), first line, *for* "providen" *read* "provident".

Page 23.—Section 4, marginal caption, *for* "copie" *read* "copies".

Page 39.—Section 12, sub-section (*3*), second line, *for* "consdier" *read* "consider".

Page 41.—Section 2, marginal caption, *for* "Defiintions" *read* "Definitions".

Page 44.—Section 9, sub-section (*2*), clause (*b*), third and fourth lines, *for* "gulity" *read* "guilty", and *for* "preson" *read* "person".

Page 94.—Section 5, sub-section (*1*), fourth line, *for* "mposed" *read* "imposed".

Page 101.—Section 31, sub-section (*1*), first line, *for* "section" *read* "sections".

Page 112.—Section 12, sub-section (*2*), second proviso, first line, *for* "if any time" *read* "if at any time".

Page 114.—Section 13, sub-section (*2*), third line, *for* "hereof" *read* "thereof".

Page 123.—Section 26, sub-section (*7*), second proviso, third line, *for* "agreemen" *read* "agreement".

Page 126.—Section 30, sub-section (*1*), second proviso, third line, *for* "provisions" *read* "provision".

Page 131.—Section 43, second line, *for* "requried" *read* "required".

Section 44, clause (*c*), second line, *for* "referred in" *read* "referred to in".

Page 136.—Clause V (1) (*a*), second line, *for* " then " *read* " than ".

Page 143.—Footnote, *for* " Part " *read* " Part I ".

Page 147.—Section 4, clause (*j*), first line, *for* " o " *read* " of ".

Page 148.—Section 8, sub-section (*2*), second line, *for* " stopped " *read* " stoppered ".

Page 157.—Section 13, last line, *for* " a soon s " *read* " as soon as ".

Page 183.—Section 18, marginal caption, *for* " maste s " *read* " master ".

Page 195.—Section 3, clause (*l*), second line, *for* " suceeding " *read* " succeeding ".

Page 201.—Section 20, sub-section (*3*), first line, *for* " r ferred " *read* " referred ".

Page 211.—Section 32, sub-section (*4*), clause (*e*), third and fourth lines, *for* " publisehd " *read* " published ".

Page 214.—Section 45, third line, *delete* the comma *after* " shall ".

Section 46, first line, *insert* a comma *after* " Gazette ".

Page 226.—Section 11, third line, *for* " am nity " *read* " amenity ".

Page 227.—Section 13A, marginal caption, *for* " Lliving " *read* " Living " and *for* " alowance " *read* "allowance ".

Page 235.—Section 2, sub-section (*1*), clause (*d*), sub-clause (ii), third line, *for* " of child " *read* " of the child ".

Page 237.—Section 3, marginal caption, *for* " iability " *read* " liability ".

Page 241.—Section 8, sub-section (*4*), fourth line, *for* " to person " *read* " to the person ".

Page 246.—Section 12, sub-section (2), fifth line, *for* " indemnity " *read* " indemnify ".

Page 249.—Section 18, first line, *for* " arises to " *read* " arises as to ".

Page 251.—Section 22A, marginal caption, *for* " case " *read* " cases ".

Page 252.—Section 27, second line, *for* " Hight Court " *read* " High Court ".

Page 255.—Schedule I, second column. *Place* a dagger against the figures " 15 " in two places, and *insert* as footnote : " † Substituted by Act LII, 1951 ".

Page 256.—Schedule III, *Place* a figure " 1 " against the heading " Schedule III ", and *insert* as footnote " [1] Substituted by Act LII, 1951 "

Page 267.—Section 28, proviso, first line, *for* " complaints " *read* " complaint ".

Page 275.—Section 21, third line, *for* " aforesid " *read* " aforesaid. "

Page 277.—Section 28, sub-section (*3*), *for* "Copy" *read* "copy".

Page 288.—Section 23, sub-section (*1*), fourth line, *for* "this" *read* "his".

Page 291.—Section 27A, sub-section (*4*), in the second line, *for* "soon a" *read* "soon as", and in the last line, *for* "reason" *read* "reasons".

Page 293.—Section 3, sub-section (*1*), *insert* a semi-colon at the end of clause (*a*).

Section 3, sub-section (*2*), clause (*a*), second line, *for* "obligationf" *read* "obligations"; and in third line, *for* "os" *read* "of".

Section 3, sub-section (*2*), in clause (*c*), first line, *for* "rates for" *read* "rates of".

Page 294.—Section 3, sub-section (*2*), in clause (*e*), first line, *for* "whoms" *read* "whom," and in second line *for* "receipt" *read* "receipts".

အမှားပြင်ချက်များ

စာမျက်နှာ ၅၃။ ။ပုဒ်မ ၁၉၊ အနားရေးခေါင်းစဉ်တွင်၊ ''အမျာရာရှိး'' အစား၊ ''အရာရှိများ''ဟု ဘတ်ပါ။

စာမျက်နှာ ၅၄။ ။ပုဒ်မ ၂၀၊ စာကြောင်းရေ ၁ နှင့် ၂ တွင်၊ ''သုံးလထက်မ၊သော'' အစား၊ ''သုံးလထက်မပိုသော''ဟု ဘတ်ပါ။ ပုဒ်မ ၂၁၊ စာကြောင်းရေ ၂ တွင်၊ ''လကား'' အစား၊ ''လက်ကား''ဟု ဘတ်ပါ။

စာမျက်နှာ ၅၈။ ။ပုဒ်မ ၂၈၊ ပုဒ်မခွဲ၂(၁)၊ စာကြောင်းရေ ၃ တွင်၊ ''အကအဖွဲခါအား'' အစား၊ ''အဖွဲကအခါအား''ဟု ဘတ်ပါ။ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၄)၊ စာကြောင်းရေ ၃ တွင် ''အကဖွဲ'' အစား၊ ''အဖွဲက''ဟု ဘတ်ပါ။

စာမျက်နှာ ၆၁။ ။ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၊ စာကြောင်းရေ ၁ တွင်၊ ''ပစ္စည်များ'' အစား၊ ''ပစ္စည်းများ''ဟု ဘတ်ပါ။

စာမျက်နှာ ၇၂။ ။ပုဒ်မ ၁၊ ပုဒ်မခွဲ(၁)တွင်၊ ''ကော်ပိုရေးရှင်းဟူ၍''အစား၊''ကော်ပိုရေးရှင်းအက်ဥပဒေဟူ၍''ဟု ဘတ်ပါ။

စာမျက်နှာ ၁၅၉။ ။ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(၄)၊ စာကြောင်းရေ ၇ နှင့် ၀ တွင်၊ ''တန်ဆာပလာ'' အစား၊ ''တန်းဆာပလာ''ဟု ဘတ်ပါ။

စာမျက်နှာ ၁၆၀။ ။ပုဒ်မ ၅၊ ပုဒ်မခွဲ(၂)၊ စာကြောင်းရေ ၂ တွင်၊ ''ဆောင်ရွက်ချက်များ'' အစား၊ ဆောင်ရွက်ချက်များ''ဟု ဘတ်ပါ။

စာမျက်နှာ ၁၆၂။ ။ပုဒ်မ ၁၄၊ အနားရေးခေါင်းစဉ်တင်၊ ''အဇ်အာဏာ'' အစား၊ ''အဖွဲ့ဇ်အာဏာ''ဟု ဘတ်ပါ။

စာမျက်နှာ ၁၆၅။ ။ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(က)၊ စာကြောင်းရေ ၄ တွင်၊ ‘‘ အဝ်နှင် ’’ အစား၊ ‘‘ အဝ်နှင်း ’’ဟု ဘတ်ပါ။

စာမျက်နှာ ၁၇၂။ ။ပုဒ်မ ၃၇၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)၊ စာကြောင်းရေ ၁ တွင်၊ ‘‘ ကြွေးမြီး ’’ အစား၊ ‘‘ ကြွေးမြိ ’’ဟု ဘတ်ပါ။

စာမျက်နှာ ၁၇၃။ ။ပုဒ်မ ၄၀၊ စာကြောင်းရေ ၂ တွင်၊ ‘‘ တရားဆိုစွဲ ’’ အစား၊ ‘‘ တရားစွဲဆို ’’ဟု ဘတ်ပါ။

စာမျက်နှာ ၁၇၈။ ။ပုဒ်မ ၅၆၊ စာကြောင်းရေ ၁ တွင်၊ ‘‘ လွန်ခဲ့သည့် ’’ အစား၊ ‘‘ လွန်ကဲသည့် ’’ဟု ဘတ်ပါ။

စာမျက်နှာ ၂၉၈။ ။ပုဒ်မ ၂၊ စာကြောင်းရေ ၁ တွင်၊ ‘‘ ဤဥပဒေတွင် ’’ အစား၊ ‘‘ ဤအက်ဥပဒေတွင် ’’ဟု ဘတ်ပါ။

စာမျက်နှာ ၂၉၉။ ။ပုဒ်မ ၃၊ နောက်ဆုံး စာကြောင်းတွင်၊ ‘‘ သက်ဆိုင်မည် ’’အစား၊ ‘‘ သက်ဆိုင်ရမည် ’’ဟု ဘတ်ပါ။

စာမျက်နှာ ၃၀၀။ ။ပုဒ်မ ၁၀၊ နောက်ဆုံး စာကြောင်းတွင်၊ ‘‘ ပြုလုပ်ရ ’’ အစား၊ ‘‘ မပြုလုပ်ရ ’’ဟု ဘတ်ပါ။

စာမျက်နှာ ၃၀၁။ ။အနည်းဆုံးအခကြေးငွေ အက်ဥပဒေ၏ စကားချီး၊ စာကြောင်းရေ ၂ တွင်၊ ‘‘ များအား ’’ အစား၊ ‘‘ များအား ’’ ဟု ဘတ်ပါ။ စာကြောင်းရေ ၃ တွင်၊ ‘‘ သင့်တ် ’’ အစား၊ ‘‘ သင့်မြတ် ’’၊ ‘‘ စည်ကမ်း ’’ အစား၊ ‘‘ စည်းကမ်း ’’ ဟု ဘတ်ပါ။

စာမျက်နှာ ၃၀၂။ ။ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)၊ စာကြောင်းရေ ၁ တွင်၊ ‘‘ ဖြစ်စေ ’’ အစား၊ ‘‘ ဖြစ်စေ ’’ ဟု ဘတ်ပါ။ ပုဒ်မ ၂၊ ပုဒ်မခွဲ(၂)၊ စာကြောင်းရေ ၂ တွင်၊ ‘‘ ညော ’’ အစား၊ ‘‘ ကျေညာ ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၀၃။ ။ပုဒ်မ ၄၊ နောက်ဆုံးစာကြောင်းတွင်၊ ‘‘ ကော်မရှင်အ ’’ အစား၊ ‘‘ ကော်မရှင်အဖွဲ့ ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၀၄။ ။ပုဒ်မ ၅၊ ပုဒ်မခွဲ(၆)၊ စာကြောင်းရေ ၃ တွင်၊ ‘‘ မရှိသည်ကိုငင်း ’’ အစား၊ ‘‘ မရှိသည်ကိုသော်ငင်း ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၁၇။ ။ပဋမဇယား၊ အပိုဒ် ၆၊ စာကြောင်းရေ ၁ တွင်၊ ‘‘ အကြံပေးချက်များ ’’ အစား၊ ‘‘ အကြံပေးချက်များ ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၁၈။ ။ဒုတိယဇယား၊ အပိုဒ် ၃၊ စာကြောင်းရေ ၂ တွင်၊ ‘‘ ခန့်ထားသော အရေအတွက် ’’ အစား၊ ‘‘ ခန့်ထားသောသူအရေအတွက် ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၂၀။ ။ပုဒ်မ ၄၊ ပုဒ်မခွဲ(၃)၊ နောက်ဆုံးစာကြောင်းတွင်၊ ‘‘ စပ်လျဉ် ’’ အစား၊ ‘‘ စပ်လျဉ်း ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၂၁။ ။ပုဒ်မ ၅၊ ပုဒ်မခွဲ(၃)၊ စာကြောင်းရေ ၄ တွင်၊ ‘‘ လုဒ် ’’ အစား၊ ‘‘ လုပ် ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၄၁။ ။ပုဒ်မ ၃၀၊ ဒုတိယစာပိုဒ်၊ စာကြောင်းရေ ၂ တွင်၊ ‘‘ရက်သတ္တပတ်’’ အစား၊ ‘‘ရက်သတ္တတပတ် ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၅၆။ ။ပုဒ်မ ၈၀၊ စာကြောင်းရေ ၁ တွင်၊ ‘‘ကြော်ငြာထားသည့် ’’ဆိုသည့် စကားရပ်ရှေ့ရှိ ‘‘၁ ’’ ဂဏန်းကိုပယ်ဖျက်ပါ။

စာမျက်နှာ ၃၅၇။ ။ပုဒ်မ ၁၊ ပုဒ်မခွဲ (၂)၊ စာကြောင်းရေ ၃ တွင်၊ ‘‘ဖြစေ ’’ အစား ‘‘ဖြစ်စေ ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၇၇။ ။မာတိကာ၊ ပုဒ်မ ၂၄၊ စာကြောင်းအစတွင်၊ ‘‘နေသော ’’ အစား၊ ‘‘လည်နေသော ’’ ဟုဘတ်ပါ။ ပုဒ်မ ၃၁ တွင်၊ ‘‘ပင့်မြောစက် ’’အစား၊ ‘‘ပင့်မြောက်စက် ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၈၂။ ။ပုဒ်မ ၂၊ အပိုဒ် (၃)၊ အပိုဒ်ငယ် (ဃဃ)၊ စာကြောင်းရေ ၄ တွင်၊ ‘‘အကြောင် ’’ အစား၊ ‘‘အကြောင်း ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၉၅။ ။ပုဒ်မ ၂၄၊ ပုဒ်မခွဲ (၁)၊ စာကြောင်းရေ ၇ တွင်၊ ‘‘လွှိအင့်ါ ’’ အစား၊ ‘‘အလွှိင့်ါ ’’ ဟုဘတ်ပါ။

စာမျက်နှာ ၃၉၇။ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၂)၊ စာကြောင်းရေ ၄ တွင် ‘‘ဝါးရမ်း’’ အစား၊ ‘‘ငှါးရမ်း’’ဟု ဘတ်ပါ။ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၃)၊ စာကြောင်းရေ ၁ တွင် ‘‘အမျိုးအစာ’’အစား၊ ‘‘ အမျိုးအစား ’’ဟု ဘတ်ပါ။

စာမျက်နှာ ၃၉၉။ ။ပုဒ်မ ၃၁၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ အပိုဒ်ငယ် (ကက) တွင်၊ ‘‘ဘောင့်တင်း ’’ အစား၊ ‘‘ တောင့်တင်း ’’ ဟု ဘတ်ပါ။

စာမျက်နှာ ၄၀၇။ ။ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၂)၊ စာကြောင်းရေ ၁ တွင်၊ ‘‘သို့တည်မဟုတ် ’’ အစား၊ ‘‘ သို့တည်းမဟုတ် ’’ဟု ဘတ်ပါ။

စာမျက်နှာ ၄၁၂။ ။ပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁)၊ စာကြောင်းရေ ၁၁ တွင်၊ ‘‘ဌာနနှင့်လည် ’’ အစား၊ ‘‘ ဌာနနှင့်လည်း ’’ ဟု ဘတ်ပါ။

စာမျက်နှာ ၄၁၇။ ။ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁)၊ စာကြောင်းရေ ၁ တွင်၊ ‘‘ကြိုးကြပ်ရွှကြည့် ’’ အစား၊ ‘‘ ကြိုးကြပ်ကြည့်ရွှ ’’ဟု ဘတ်ဝါ။ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ဂ)၊ စာကြောင်းရေ ၃ တွင်၊ ‘‘ အာလဝ်ချိန် ’’ အစား၊ ‘‘ အားလဝ်ချိန် ’’ ဟု ဘတ်ပါ။

စာမျက်နှာ ၄၂၇။ ။ပုဒ် ၉၄၊ အနားရေးခေါင်းစဉ်တွင်၊ ‘‘ လုဝ်ငန်းပိုင်ရှင်း ’’ အစား၊ ‘‘ လုဝ်ငန်းပိုင်ရှင် ’’ဟု ဘတ်ပါ။

စာမျက်နှာ ၄၂၉။ ။ပုဒ်မ ၁၀၂၊ အနားရေးခေါင်းစဉ်တွင်၊ ‘‘ အလုဝ်ရုံများန့ ’’ အစား၊ ‘‘ အလုဝ်ရုံများန့်် ’’ဟု ဘတ်ပါ။

စာမျက်နှာ ၄၃၁။ ။ပုဒ်မ ၁၀၈၊ စာကြောင်းရေ ၁ တွင်၊ ‘‘ ဆောင်ရွက်သ၊ည်’’ အစား၊ ‘‘ ဆောင်ရွက်သည်၊ ’’ ဟု ဘတ်ပါ။ စာကြောင်းရေ ၂ တွင်၊ ‘‘ ရာဝဇတ်မှုဖြစ်စ ’’ အစား၊ ‘‘ ရာဇဝတ်မှုဖြစ်စေ ’’ဟု ဘတ်ပါ။ အောက်ချေမှတ်ချက်၊ စာကြောင်းရေ ၄ တွင်၊ ‘‘ စာမျက်နှာ ၁၃၅၆ ’’ အစား၊ ‘‘ စာမျက်နှာ ၁၆၃၅ ’’ ဟု ဘတ်ပါ။

စာမျက်နှာ ၄၃၆။ ။ပုဒ်မ ၁၃၊ စာကြောင်းရေ ၂ တွင်၊ “ စွဲကပ်ခြင် ” အစား၊ “ စွဲကပ်ခြင်း ”ဟု ဘတ်ပါ။ ပုဒ်မ ၁၄၊ စာကြောင်းရေ ၁ တွင်၊ “ အလျင်း ” အစား၊ “ အလျင် ” ဟု ဘတ်ပါ။

စာမျက်နှာ ၄၄၁။ ။ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၂)၊စာကြောင်းရေ ၁ တွင်၊ “ ပုဒ်မ (၁) ၏ ” အစား၊ “ ပုဒ်မခွဲ (၁) ၏ ”ဟု ဘတ်ပါ။

စာမျက်နှာ ၄၄၉။ ။ပုဒ်မ ၈၅၊ ပုဒ်မခွဲ (၁)၊ စာကြောင်းရေ ၅ တွင်၊ “ အသုံးစာရိတ်စရင်း ” အစား၊ “ အသုံးစရိတ်စာရင်း ”ဟု ဘတ်ပါ။